သည်။ ဟောတိ၊ ၏။ ဣတိဝစနတော၊ ဤသို့ဟောတော်မူခြင်းကြောင့်။ သမာနာရမ္မဏာဝဇ္ဇနရဟိတတ္တာ၊ တူသော အာရုံရှိသော အာဝဇ္ဇန်းမှ ကင်းသည်၏ အဖြစ်ကြောင့်။ မဂ္ဂါနန္တရာနိ ဖလစိတ္တာနီတိ ဝေ၊ မဂ္ဂါ ။ပ။ စိတ္တာနိ-ဟူသော ဤစကားဖြင့် (န ဝဇ္ဇေတဗ္ဗာနိ-မှာ စပ်)။ ဖလသမာပတ္တိစိတ္တာနိ၊ အနုလုံ၏ အခြားမဲ့၌ ဖြစ်ကုန်သော ဖိုလ်စိတ်တို့ကို။ န ဝဇ္ဇေတဗ္ဗာနိ၊ မကြဉ်သင့်ကုန်သည်။ သိယုံ၊ ဖြစ်ကုန်ရာ၏။ ဂေါတြဘုဝေါဒါနာနိ ပန၊ တို့သည်ကား။ နိဗ္ဗာနေ၊ နိဗ္ဗာန်၌။ စိတ္တာနိ၊ လေ့ကျက်အပ်ကုန်သည်၊ ဝါ၊ အာဝဇ္ဇန်းနှင့်ကင်း၍ များစွာဖြစ်ဖူးကုန်သည်။ ယဒိပိ ဟောန္တိ၊ အကယ်၍ကား ဖြစ်ကုန်၏ရှင့်။ သမုဒါစိတာနိ စ၊ ဆည်းပူးအပ်ကုန်သည်ကား၊ ငါ၊ အကြိမ်များစွာ ဖြစ်ဖူးကုန်သည်ကား။ န ဟောန္တိ၊ မဖြစ်ကုန်။ အာရမ္မဏန္တရေ၊ နိဗ္ဗာန်မှ တပါးသောအာရုံ၌။ စိဏ္ဏသမုဒါ-စိတာနေဝ၊ လေ့ကျက်အပ်, ဆည်းပူးအပ်ကုန်သည်သာလျှင်။ ဟောန္တိ၊ ကုန်၏။ ဖလသမာပတ္တိစိတ္တာနိ စ၊ တို့သည်ကား။ မဂ္ဂဝီထိတော၊ မဂ္ဂဝီထိမှ။ ဥဒ္ဓံ၊ အထက်၌။ တဒတ္ထပရိကမ္မသမ္ဘဝါ[၁]၊ ထိုဖလသမာပတ္တိအကျိုးငှါ ပရိကံ၏ ဖြစ်သင့်သော ကြောင့်။ နိဗ္ဗာနေ၊ ၌။ စိဏ္ဏသမုဒါစိတာနေဝ၊ ကုန်သည်သာလျှင်။ ဟောန္တိ၊ ၏။ ဣတိ၊ ထိုကြောင့်။ တေသံ၊ ထိုဂေါတြဘူ, ဝေါဒါန်, ဖလသမာပတ္တိ စိတ်တို့ကို။ ဂဟဏံ၊ ယူခြင်းကို။ န ကတံ၊ မပြုအပ်။ အနုလောမာနန္တရဥ္စ၊ အနုလုံ၏ အခြားမဲ့၌ ဖြစ်သည်လည်းဖြစ်သော။ ဖလသမာပတ္တိစိတ္တံ၊ ဖလသမာပတ္တိစိတ်ကို။ စိဏ္ဏံ၊ လေ့ကျက်အပ်၏။ သမုဒါစိတံ၊ ဆည်းပူးအပ်၏။ နေဝသညာနာသညာယတ-နာနန္တရံ၊ နေဝသညာနာသညာယတနစိတ်၏ အခြားမဲ့၌။ မဂ္ဂါနန္တရဿ ဝိယ၊ မဂ်၏ အခြားမဲ့ဖြစ်သော ဖိုလ်၏ကဲ့သို့။ တဒတ္ထပရိကမ္မာဘာဝါ၊ ထိုနိရောဓသမာပတ်၏ အခြားမဲ့၌ဖြစ်သော ဖိုလ်အကျိုးငှါ ပရိကံ၏ မရှိခြင်းကြောင့်။ န စိဏ္ဏံ၊ အပ်။ န သမုဒါစိတံ၊ အပ်။ ဣတိ၊ ထိုကြောင့်။ နိရောဓာ ဝုဋ္ဌဟန္တဿာတိ၊ နိ ။ပ။ န္တဿ အစရှိသော စကားဖြင့်။ တဥ္စ၊ ထိုနိရောဓသမာပတ်၏ အခြားမဲ့၌ ဖြစ်သောဖိုလ်ကိုလည်း။ နိဒဿိတံ၊ နိဒဿနနည်းအားဖြင့် ပြအပ်၏။ ဣတိ အယံ၊ ကား။ အဓိပ္ပါယော၊ တည်း။

၄၆၇။ ကိမဿာရမ္မဏန္တိ၊ ဟူ၍။ ဝတွာ၊ ဆိုပြီး၍။ နိရာဝဇ္ဇနဘာဝံ ဝိယ၊ အာဝဇ္ဇန်း မှ ကင်းသည်၏ အဖြစ်ကဲ့သို့။ အနာရမ္မဏဘာဝမ္ပိ၊ အာရုံမရှိသည်၏ အဖြစ်ကိုလည်း။ ဝဒေယျ၊ ဆိုရာ၏။ ဣတိ၊ ကြောင့်။ တဗ္ဘာဝဒဿနေန၊ ထိုအာရုံ၏ ထင်ရှားရှိသည်၏ အဖြစ်ကို ပြသဖြင့်။ အတ္တနော၊ မိမိ၏။ ဝစနံ၊ စကားကို။ သာဓေန္တော၊ ပြီးစေလိုသော အရှင်ဗုဒ္ဓဒတ္တမထေရ်သည်။ ဝိနာ အာရမ္မဏေ-နာတိအာဒိ၊ ကို။ အာဟ၊ ပြီ။ ယံ ကိဉ္စိတိ၊ ကား။ ပရိစိတပုဗ္ဗံ၊ လေ့ကျက်ဖူးသော။ ယံ ကိဉ္စိ အာရမ္မဏံ၊ အလုံးစုံသော အာရုံကို။ အာရဗ္ဘ၊ အာရုံပြု၍။

စ စောဒေမိ၊ အံ့။ တဒါရမ္မဏကံ သိယာတိ၊ တဒါရမ္မဏကံ သိယာဟူ၍။ ဝုတ္တံ နနု၊ ဆိုအပ်သည် မဟုတ်လော။ တဒါရမ္မဏ္ဍ၊ တဒါရုံသည်လည်း။ ဇဝနာရမ္မဏမေဝ၊ ဇော၏အာရုံကိုသာလျှင်။ ဂဏှာတိ၊ ယူ၏။ ကသ္မာ၊ မူကား။ ဣတရထာ၊ ဤမှ တပါးသော အခြင်းအရာအားဖြင့်။ တဒါရမ္မဏဘာဝါယောဂတော၊ တဒါရုံ အဖြစ်နှင့် မယှဉ်ခြင်း၊ ဝါ၊ အဖြစ်၏ မသင့်ခြင်းကြောင့်တည်း။ ဣတိ၊ ကြောင့်။ အဿာ၊ ထိုဥပေက္ခာသဟဂုတ် အဟိတ်မနောဝိညာဏဓာတ်၏။ ပရိတ္တာရမ္မဏံ၊ ကာမအာရုံသည်။ ကထံ ဟောတိ၊ အဘယ်သို့ဖြစ်နိုင်အံ့နည်း။ ဣတိ အယံ၊ ကား။ စောဒနာ၊ တည်း။ သစ္စံ၊ မှန်၏။ ကာမာဝစရဝိပါကစိတ္တာနံ၊ ကာမာဝစရဝိပါက်စိတ်တို့၏။ ဧကန္တပရိတ္တာရမ္မဏတ္တာ၊ စင်စစ် ကာမအာရုံလျှင် အာရုံရှိသည်၏ အဖြစ်ကြောင့်။ အဿာ၊ ထိုဥပေက္ခာသဟဂုတ် အဟိတ်မနောဝိညာဏဓာတ်၏။ မဟဂ္ဂတာရမ္မဏဘာဝေါ၊ မဟဂ္ဂုတ်အာရုံလျှင် အာရုံရှိသည်၏အဖြစ်သည်။ န ယုတ္တော၊ မသင့်။ တဒါရမ္မဏန္တိ စ၊ တဒါရမ္မဏံဟူသော စကားကိုလည်း။ တဒါရမ္မဏဋ္ဌာနေ၊ တဒါရုံ၏ အရာ၌။ ဥပ္ပတ္တိံ၊ ဖြစ်ခြင်းကို။ ဂဟေတွာ၊ ယူ၍။ ဝုတ္တံ၊ မိန့်ဆိုအပ်၏။ တဿာ၊ ထိုဥပေက္ခာသဟဂုတ် အဟိတ်မနောဝိညာဏဓာတ်၏။ တဒါရမ္မဏကိစ္စသမ္ဘဝတော၊ တဒါရုံကိစ္စ၏ ဖြစ်သင့်သောကြောင့်။ န ဝုတ္တံ၊ ဆိုအပ်သည် မဟုတ်။ စရဟိ၊ စင်စစ်သော်ကား။ အယံ၊ ဤဥပေက္ခာ ။ပ။ ဓာတ်သည်။ ကေန ကိစ္စေန၊ အဘယ်ကိစ္စဖြင့်။ ဥပ္ပဇ္ဇတိ၊ ဖြစ်သနည်း။ ဣတိ အယံ၊ ကား။ စောဒနာ၊ တည်း။ ပရိဟာရော၊ ကို။ မယာ၊ သည်။ ဝုစ္စတေ၊ အံ့။ တာဝ၊ ရှေးဦးစွာ။ တဒါရမ္မဏကိစ္စံ၊ တဒါရုံကိစ္စသည်။ ယထာဝုတ္တကာရဏတော၀၊ အကြင်အကြင်ဆိုအပ်ပြီးသော အကြောင်းကြောင့်သာလျှင်။ နတ္ထိ၊ မရှိ။ သန္တီရဏကိစ္စံ၊ သန္တီရဏကိစ္စသည်။ နာပိ အတ္ထိ၊ ရှိလည်းမရှိ။ ကသ္မာ၊ မူကား။ တထာ၊ ထိုကဲ့သို့အာရုံကို စုံစမ်းသော အခြင်းအရာအားဖြင့်။ အပ္ပဝတ္တနတော၊ မဖြစ်ခြင်းကြောင့်တည်း။ ပဋိသန္ဓိစုတိသု၊ ပဋိသန္ဓေကိစ္စ, စုတိကိစ္စတို့၌။ ဝတ္တဗ္ဗမေဝ၊ ဆိုဖွယ်သည်သာလျှင်။ နတ္ထိ၊ မရှိ။ ပါရိသေသတော ပန၊ ပါရိသေသနည်းအားဖြင့်ကား။ ဘဝဿ၊ ဥပပတ္တိဘဝ၏။ အင်္ဂဘာဝတော၊ အကြောင်း၏ အဖြစ်ကြောင့်။ ဘဝင်္ဂကိစ္စံ၊ ဘဝင်ကိစ္စသည်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့။ ဝတ္တုံ၊ ဆိုခြင်းငှါ။ ယုတ္တံ၊ သင့်သည်။ သိယာ၊ ဖြစ်ရာ၏။ ပဋိသန္ဓိဘူတမေဝ၊ ပဋိသန္ဓေ ဖြစ်၍သာလျှင် ဖြစ်သော။ စိတ္တံ၊ စိတ်သည်။ ဘဝင်္ဂံ၊ ဘဝင်သည်။ ဟောတိ၊ ၏။ ဣတိ ဣဒံ၊ ဤစကားကို။ ယေဘုယျဝသေန၊ ယေဘုယျနည်း၏ အစွမ်းအားဖြင့်။ ဝုစ္စတိ၊ ဆိုအပ်၏။ ဟိ သစ္စံ၊ ၏။ အာစရိယဓမ္မပါလတ္ထေရေနာပိ၊ ဆရာဖြစ်သော အရှင်ဓမ္မပါလမထေရ်သည်လည်း။ အယမတ္ထော၊ ဤအနက်ကို။ ဒဿိတော၀၊ ပြတော်မူအပ်သည်သာလျှင်။ ဟောတိ၊ ၏။

၄၆ဂ-၇၃။ ကာရကော၊ ပြုစေတတ်သော သူသည်။ အဝိဇ္ဇမာနေ၊ ထင်ရှားမရှိခဲ့သော်၊ ဝါ၊ ထင်ရှားမရှိပဲ။ ကဿစိ၊ အချို့သော စိတ်၏။ နိရာဝဇ္ဇနပ္ပဝတ္တိ၊ အာဝဇ္ဇန်းကင်း၍ဖြစ်ခြင်းသည်။ ကဿစိ[1]၊ အချို့သော စိတ်၏။ သာဝဇ္ဇနဘာဝေန၊ အာဝဇ္ဇန်းရှိသည်၏ အဖြစ်ဖြင့်။ ပဝတ္တိ၊ ဖြစ်ခြင်းသည် (ထည့်)။ ကထံ ဟောတိ၊ အဘယ်သို့ ဖြစ်သနည်း။ ဣတိ၊ ဤသို့။ စောဒနံ၊ စောဒနာခြင်းကို။ သန္ဓာယ၊ ရည်ရွယ်၍။ ဧတံ၊ ဤသို့ ဖြစ်ခြင်းသည်။ စိတ္တနိယာမနိဗ္ဗတ္တံ၊ စိတ္တနိယာမဖြင့် ဖြစ်၏။ ဣတိ၊ ဤသို့။ ဒဿေတုံ၊ ပြခြင်းငှါ။ ဥတုဗီဇနိယာမော စာတိ-အာဒိ၊ ဥတုဗီဇနိယာမော စ ဤသို့ အစရှိသော စကားကို။ ဝုတ္တံ၊ မိန့်ဆိုအပ်ပြီ။

ဥတုဗီဇနိယာမော စာတိ၊ ကား။ ဥတုနိယာမော စေဝ၊ ဥတုနိယာမလည်းကောင်း။ ဗီဇနိယာမော စ၊ ဗီဇနိယာမလည်းကောင်း။ ဥတုသဘာဝနိယာမော စ၊ ဥတုသဘော၏ အမြဲဖြစ်ခြင်းလည်းကောင်း။ ဗီဇသဘာဝနိယာမော စ၊ မျိုးစေ့သဘော၏ အမြဲဖြစ်ခြင်းလည်းကောင်း။ ဣတိ၊ ဤသို့။ ဝုတ္တံ ဝုတ္တော၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။ ကမ္မဓမ္မာနံ၊ ကမ္မ, ဓမ္မတို့၏။ နိယာမော ဧဝ၊ နိယာမသည်ပင်လျှင်။ ကမ္မဓမ္မနိယာမတာ၊ ကမ္မဓမ္မနိယာမတာမည်၏။ ကေပ္ပဟာရေနာတိ၊ ကား။ တံ တံ ဥတုသမယံ၊ ထိုထို ဥတုအခါသမယကို။ အနတိက္ကမိတွာ၊ မလွန်မူ၍။ ကေသ္မိံ ယေဝ ကာလေ၊ တပြိုင်နက်သော ခဏ၌သာလျှင်။ ဖလပုပ္ဖါဒီတိ ဧတ္ထ၊ ဖလပုပ္ဖါဒိ-ဟူသော ဤပါဋ္ဌ၌။ အာဒိ-သဒ္ဒေန၊ အာဒိ-သဒ္ဒါဖြင့်။ ပလ္လဝါဒီနံ၊ ရွက်နုစသည်တို့ကို။ သင်္ဂဟော၊ သိမ်းသွင်း ရေတွက်ခြင်းသည်။ ဟောတိ၊ ၏။ သဇ္ဇသန္တိ၊ ကား။ တသ္မိံ သမယေ၊ ထိုအချိန်ကာလ၌။ ဖလာဒိနိဗ္ဗတ္တနကာနံ၊ အသီးစသည်ကို ဖြစ်စေတတ်ကုန်သော။ သဇ္ဇသံ၊ ခပ်သိမ်းကုန်သော (ရုက္ခာနံ-မှာ စပ်)။ တံတံတုလျဖလုဗ္ဘဝေါတိ၊ ကား။ တေဟိ တေဟိ ဗီဇေဟိ၊ ထိုထိုမျိုးစေ့တို့နှင့်။ သဒိသာနံ၊ တူကုန်သော။ ဖလာနံ၊ အသီးတို့၏။ နိဗ္ဗတ္တိ၊ ဖြစ်ခြင်တည်း။ တေသံ တေသံ ဗီဇာနံ၊ ထိုထို မျိုးစေ့တို့အား။ အနုရူပဖလနိဗ္ဗတ္တိ၊ လျော်သော အသီးတို့၏ ဖြစ်ခြင်းတည်း။ ဣတိ အယံ၊ ကား။ အတ္ထော၊ တည်း။

ကုလတ္တဂစ္ဆသာ[2]၊ ပဲပိစပ်ချုံ၏။ ဥတ္တရဂ္ဂဘာဝေါ၊ မြောက်အရပ်သို့ အညွန့်လှည့်သည်၏ အဖြစ်လည်းကောင်း။ ဒက္ခိဏဝလ္လိယာ၊ လက်ယာဘက်မှ လှည့်၍ သစ်ပင်ကို ရံတတ် ရံတတ် ပတ်ဘတ်သော နွယ်၏။ ဒက္ခိဏတော၊ လက်ယာ

၁။ ဤ၌ အလုံးစုံစာများမှာ စိ-အက္ခရာမပါပဲ ကဿ-ဟု ပါဌ်ပျက်လျက်ချွင်းသား ရှေ့ နိရာဝဇ္ဇနပ္ပဝတ္တိပုဒ်နှင့် ရောယှက်၍ တည်ရှိတတ်ကြသည်၊ သတိရှိစေ။ စိ-အက္ခရာနှင့်တကွ ကဿစိ-ဟု ရှေ့ နိရာဝဇ္ဇနပ္ပဝတ္တိပုဒ်နှင့် မရော မယှက်စေပဲ သီးသန့်ခြားနားစွာ တည်ရှိစေရမည်။

၂။ မြန်မာရှေးနိဿျများ၌ ကုလတ္ထကို ကုလားပဲဟု အနက်ပြန်ဆိုကြ၏။

ဘက်မှု။ ရုက္ခပရိဟာရဏံ၊ သစ်ပင်ကို ရံခြင်း ရံခြင်း ပတ်ခြင်းလည်းကောင်း။ သုရိယာဝတ္တပုပ္ဖါနံ၊ နေကြာပန်းတို့၏၊ ဝါ၊ ဆူးလေပွင့်တို့၏။ သုရိယာဘိမုခဘာဝေါ၊ နေသို့ ရှေးရှုသည်၏ အဖြစ်လည်းကောင်း။ မာလုပါလတာယ၊ မာလော နွယ်၏၊ ဝါ၊ ကြိမ်နွယ်၏။ ရုက္ခာဘိမုခဂမနံ၊ သစ်ပင်သို့ ရှေးရှုသွားခြင်း လည်းကောင်း။ ဣတိ ဧဝမာဒီနိပိ၊ ဤသို့အစရှိသည်တို့သည်လည်း။ ဧတ္ထေဝ၊ ဤ ဗီဇနိယာမ၌ပင်လျှင်။ သမောဓာနံ၊ ပေါင်းခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။

ဆိဒ္ဒတ္တန္တိ၊ ကား။ ဆိဒ္ဒဝန္တဘာဝေါ၊ အပေါက်ရှိသည်၏အဖြစ်တည်း။ ဝါ၊ တနည်းကား။ ဆိဒ္ဒံယေဝ၊ အပေါက်သာလျှင်တည်း။ ဗီဇဇာတိ၊ ကား။ ဗီဇသမ္ဘဝေါ၊ မျိုးစေ့ကြောင့်ဖြစ်သော။ နိယာမော၊ ဗီဇနိယာမတည်း။ ယတော ဒေတီတိ၊ ကား။ ယတော ပစ္စယဘာဝနိယာမတော၊ အကြင်အကြင်အကြောင်း၏အဖြစ်ဟုဆိုအပ်သော နိယာမကြောင့်၊ ဝါ၊ အကြင် အကြင်အကြောင်းအဖြစ်၏ မြဲခြင်းကြောင့်။ ဒေတိ၊ ပေး၏။ အယန္တိ၊ ကား။ အတ္တနော၊ မိမိအား။ အနုရူပတော[1]၊ လျော်သော။ သဒိသဿ စ၊ တူသည်လည်းဖြစ်သော။ ဝိသဒိသဿ စ၊ မတူသည်လည်းဖြစ်သော။ ဖလဿ၊ အကျိုးကို။ နိဗ္ဗတ္တနေ၊ ဖြစ်စေခြင်း၌။ အယံ နိယာမော၊ ဤနိယာမသည်။ ကမ္မနိယာမတာ၊ ကမ္မနိယာမမည်၏။

အပိ စ၊ တနည်းသော်ကား—

အန္တလိက္ခေ၊ ကောင်းကင်ပြင်၌။ ဌိတော၊ တည်သောသူသည်။ ပါပကမ္မာ၊ မကောင်းမှုကံမှ။ န မုစ္စေယျ[2]၊ မလွတ်နိုင်ရာ။ သမုဒ္ဒမဇ္ဈေ၊ သမုဒ္ဒရာအလယ်၌။ ဌိတော၊ သည်။ ပါပကမ္မာ၊ မှ။ န မုစ္စေယျ၊ ရာ။ ပဗ္ဗတာနံ၊ တောင်တို့၏။ ဝိဝရံ၊ အခေါင်းအပေါက်သို့။ ပဝိဿ၊ ဝင်၍။ ဌိတော၊ သည်။ ပါပကမ္မာ၊ မှ။ န မုစ္စေယျ၊ ရာ။ ယတ္ထ၊ အကြင်လောက အရပ်၌။ ဌိတော၊ သည်။ ပါပကမ္မာ၊ မှ။ မုစ္စေယျ၊ လွတ်ရာ၏။ သော ဇဂတိပ္ပဒေသော၊ ထိုလောကအရပ်သည်။ န ဝိဇ္ဇတိ၊ မရှိ။

ဣတိ ဣမိဿာ ဂါထာယ၊ ဤဓမ္မပဒပါဠိတော် ဂါထာ၏။ အဋ္ဌုပ္ပတ္တိယံ[3]၊ အကြောင်းဖြစ်ခြင်း၌။ အာဂတံ၊ လာသော (ပဋိမုစ္စနံ စသည်မှာ စပ်)။ တိဏကလာပဿ၊ မြက်စည်းကို၊ ဝါ၊ မြက်ကရွတ်ကို။ ဂဟိတအဂ္ဂိနော၊ လောင်သော မီး၏။ ဥဋ္ဌဟိတွာ၊ အထက်သို့ လွင့်တက်၍။ အာကာသေ၊ ကောင်းကင်ပြင်၌။ ဂစ္ဆတော၊ ပျံသွားသော။ ကာကဿ၊ ကျီးငှက်၏။ ဂီဝါယ၊ လည်ပင်း၌။ ပဋိမုစ္စနံ၊ စွပ်မိခြင်းလည်းကောင်း။ နာဝိကဿ၊ လှေသူကြီး၏။ ဘရိယာယ၊

၁။ (အနုရူပဿ-ဆဋ္ဌမူ)။ ၂။ (မုစ္စေယျ-ဆဋ္ဌမူ)။
၃။ ဤ၌ အဋ္ဌသဒ္ဒါ ကာရဏတ္ထ၊ ဒန္တဇကို မုဒ္ဓဇပြန်သည်။

မယာ၏။ ဝါလုကာဿဋ္ဌံ[1]၊ သဲအိုးကို။ ကဉ္စော၊ လည်ပင်း၌။ ဗန္ဓိတွာ။ ဖွဲ့ချည်၍။ သမုဒ္ဒေ၊ သမုဒ္ဒရာရေ၌။ ပက္ခိပနံ၊ ပစ်ချခြင်းလည်းကောင်း။ ပဗ္ဗတကူဋေသု၊ တောင်ထွတ်၏။ ပတိတွာ၊ ပဲ့ကျ၍။ လေဏော၊ လိုဏ်ခေါင်း၌။ ဝသန္တာနံ၊ သီတင်းသုံးနေကြကုန်သော။ ဘိက္ခူနံ၊ ရဟန်းတော်တို့အား။ ဒွါရပိဒဟနံ၊ တံခါးပိတ်ဆို့ခြင်းလည်းကောင်း။ ဣတိ၊ ဤသို့။ တံတံကမ္မသရိက္ခကဝိပါကနိဗ္ဗတ္တနမ္ပိ၊ ထိုထိုအကြောင်းကံနှင့်တူသော အကျိုးဝိပါက်ကို ဖြစ်စေခြင်းသည်လည်း။ ကမ္မနိယာ-မောယေဝ၊ ကမ္မနိယာမသာလျှင် မည်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ဇာတိယန္တိ၊ ကား။ ပဋိသန္ဓိဂ္ဂဟဏေ စေဝ၊ ပဋိသန္ဓေယူတော်မူသော အခါ၌လည်းကောင်း။ မာတုကုစ္ဆိတော၊ မယ်တော်ဝမ်းတိုက်မှ။ နိက္ခမနေ စ၊ ထွက်မြောက်ဖွားမြင်တော်မူသော အခါ၌လည်းကောင်း (မေဒိနီကမ္ပနာဒိကံမှာ စပ်)။ စ၊ ဆက်၍ဆိုဦးအံ့ တော်၊ ဤစကားသည်။ နိဒဿနမတ္တံ၊ နိဒဿနနည်းမျှသာတည်း။ ကသ္မာ၊ မူကား။ အဘိသမ္ဗောဓိဓမ္မစက္ကပ္ပဝတ္တနာဒီသုပိ၊ သစ္စာလေးပါးတရားကို ထိုးထွင်း၍ သိတော်မူသောအခါ, ဓမ္မစကြာတရားကို ဟောတော်မူသောအခါ စသည်တို့၌လည်း။ မေဒိနီကမ္ပနာဒိကဿ[2]၊ မြေတုန်လှုပ်ခြင်း အစရှိသည်၏။ သမ္ဘဝတော၊ ဖြစ်သင့်သောကြောင့်တည်း။ ဗောဓိသတ္တဿာတိ၊ ကား။ ပစ္ဆိမ-ဘဝိကဗောဓိသတ္တဿ၊ ပစ္ဆိမဘဝိကဖြစ်တော်မူသော ဘုရားအလောင်း၏ (ဇာတိယံမှာ စပ်)။ မေဒိနီကမ္ပနာဒိကန္တိ၊ ကား။ ပဌဝီကမ္ပနာဒိကံ၊ မြေတုန်လှုပ်ခြင်း အစရှိသော။ ဒွတ္တိံသပုဗ္ဗနိမိတ္တံ၊ သုံးဆယ့်နှစ်ပါးသော ပုဗ္ဗနိမိတ်တည်း။ ဝိသေသတ္တမနေကမ္ပိတိ၊ ကား။ ပုဗ္ဗနိမိတ္တတော၊ သုံးဆယ့်နှစ်ပါးသောပုဗ္ဗနိမိတ်မှ။ အညံ၊ အခြားတပါးသော။ တဒါ၊ ထိုသို့ မယ်တော်ဝမ်းတိုက်မှ ထွက်မြောက်ဖွားမြင်တော်မူခြင်းစသော အခါ၌။ ပါတုဘူတံ၊ ထင်ရှားဖြစ်၍ ဖြစ်သော။ သဗ္ဗံ၊ အလုံးစုံသော။ အစ္ဆရိယံ၊ အထူးအဆန်း အံ့ဩဖွယ်တည်း။ ဥပ္ပတ္တာဝဇ္ဇနာဒီနန္တိ၊ ကား။ တုံ၊ သင်သည်။ အာဝဇ္ဇနံ၊ အာဝဇ္ဇန်းသည်။ ဟောဟိ၊ ဖြစ်လော့။ တုံ၊ သင်သည်။ ဒဿနံ၊ စက္ခုဝိညာဉ်သည်။ ဟောဟိ၊ ဖြစ်လော့။ ဣတိ အာဒိနာ၊ ဤသို့ အစရှိသည်ဖြင့်၊ နိယုဉ္ဇကဿ၊ တိုက်တွန်းစေခိုင်းတတ်သောသူ၏။ အဘာဝေပိ၊ မရှိသော်လည်း။ တံတံကိစ္စဝသေန၊ ထိုထိုကိစ္စ၏ အစွမ်းအားဖြင့်။ တေသံ တေသံ၊ ထိုထိုအာဝဇ္ဇန်းစသော စိတ်တို့၏။ ဥပ္ပတ္တိ၊ ဖြစ်ခြင်းတည်း။

၄၇၄။ ဟဒယေ၊ စိတ်နှလုံး၌။ အန္ဓကာရေ ဝိယ၊ အမိုက်တိုက်နှင့် တူသည်တည်း။ ဣတိ၊ ထိုကြောင့်။ ဟဒယန္ဓကာရော၊ ဟဒယန္ဓကာရမည်၏။ သမ္မော-ဟော၊ ပြင်းစွာတွေဝေခြင်းတည်း။ ဣတိ အယံ၊ ကား။ အတ္ထော၊ တည်း။

---

၁။ အချို့စာ၌ ဝါလိကာဟု ရှိ၏၊ အနက်အတူပင်။ ၂။ (မေဒနီ....ဆင့္ဓမှု)။

တဿ၊ ထိုပြင်းစွာတွေ့ဝေခြင်းကို။ ဝိဒ္ဓံသနံ ပဟာနကရဏံ၊ ပယ်ဖျောက်ခြင်းကို ပြုတတ်၏။ ဣတိ၊ ကြောင့်။ ဟဒယန္ဓကာရဝိဒ္ဓံသနံ၊ ဟဒယန္ဓကာရဝိဒ္ဓံသနမည် ၏။ ပယတ္တောတိ[၁]၊ ကား။ အနုပါဒါပရိနိဗ္ဗာနံ၊ အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုရခြင်းသို့။ အပ္ပတွာ၊ မရောက်သေးပဲ။ အနောသက္ကမာနေန၊ တွန့်တိုဆုတ်နစ်ခြင်း မရှိသော။ ဝီရိယေန၊ လုံ့လဝီရိယဖြင့်။ ဝီရိယဝါ၊ လုံ့လအားထုတ်ခြင်းရှိသည်ဖြစ်၍(သတတံ သိက္ခေထ-မှာ စပ်)။ မောဟန္ဓကာရပဂမန္တိ ဣမိနာ၊ မောဟန္ဓကာရပဂမံ—ဟူသော ဤပါဌ်ဖြင့်။ အရဟတ္တံ၊ အရဟတ္တဖိုလ်ကို။ အာဟ၊ မိန့်ဆိုတော်မူ၏။

ဣတိ ဣမိနာ အနုက္ကမေန၊ ဖြင့်။ အဘိဓမ္မတ္ထဝိကာသိနိယာ
နာမ၊ သော။ အဘိဓမ္မာဝတာရသံဝဏ္ဏနာယ၊
၌၊ ဝါ၊ ၏။ သတ္တမပရိစ္ဆေဒဝဏ္ဏနာ[၂]၊
သတ္တမပိုင်း အဖွင့်သည်။ နိဋ္ဌိတာ၊
ပြီးလေပြီ။

---

၁။ (ပယုတ္တော-ဆဋ္ဌမူ)။ ၂။ (ဝိပါကစိတ္တပ္ပဝတ္တိနိဒ္ဒေသဝဏ္ဏနာ -ဆဋ္ဌမူ)။

# ၈-အဋ္ဌမပရိစ္ဆေဒ

## ပကိဏ္ဏကနိဒ္ဒေသအဖွင့်

၄၇၅-၆။ ဣဒါနိ၊ ယခုအခါ၌။ ယထာဝုတ္တာနံ၊ အကြင်အကြင်ဆိုအပ်ခဲ့ကုန်ပြီးသော။ သဗ္ဗေသမ္ပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ စိတ္တာနံ၊ စိတ်တို့၏။ ပါကဋ္ဌဘာဝတ္ထံ၊ ထင်စွာဖြစ်ရန်အကျိုးငှါ (ဒဿေတုံမှာ စပ်)—

> သုတ္တံ၊ ပင့်ကူချည်မျှင် ဥပမာလည်းကောင်း။ ဒေါဝါရိကော စေဝ၊ တံခါးစောင့် ဥပမာလည်းကောင်း။ ဂါမိလ္လော၊ ရွာသားသူငယ်တို့ ဥပမာလည်းကောင်း။ ဂေါဋ္ဌိယကေန၊ တင်လဲအကျိုးရှိသော၊ ဝါ၊ တင်လဲ၌ယှဉ်သော ကြံညှစ်ယန္တရားရှင် ဥပမာနှင့်တကွ (မူလဋီကာ, အဋ္ဌသာလိနီယောဇနာတို့နှင့် အညီ အနက်)။ အမ္ဗော စ၊ သရက်သီး ဥပမာလည်းကောင်း။ ဇစ္စန္ဓော စ၊ သူကန်းဥပမာလည်းကောင်း။ ပီဌသပ္ပီ စ၊ သူဆွံ့သူကျိုးဥပမာလည်းကောင်း။ ဥပနိဿယမတ္တသော၊ စက္ခုပသာဒစသော အားကြီးသောမှီရာအကြောင်း, မြင်ခြင်းစသော အကျိုးနှင့် တကွဖြစ်သော။ ဝိသယဂ္ဂါဟော စ၊ အာရုံကိုယူခြင်းလည်းကောင်း။ ဣတိ၊ ဤသို့—

အဋ္ဌကထာယ၊ အဋ္ဌကထာ၌။ အာဂတမာတိကာယ၊ လာသောမာတိကာ၏။ ဝသေန၊ အစွမ်းအားဖြင့်။ ပကိဏ္ဏကနယံ၊ ပြိုးပြွမ်း၍ဖြစ်သောနည်းကို။ ဒဿေတုံ၊ ငှါ။ ဣဒါနိ ပနာတိအာဒိ၊ ဣဒါနိ ပန ဤသို့အစရှိသော စကားကို။ အာရဒ္ဓံ၊ အားထုတ်တော်မူအပ်ပြီ။

တတ္ထ ဝစနေ၊ ထိုစကားရပ်၌။ မနသန္တိ၊ မနသံဟူသည်ကား။ စိတ္တာနံ၊ စိတ်တို့၏။ မာနသန္တိပိ၊ (မ-မှာ အာဒီဃနှင့်) မာနသံ-ဟူ၍လည်း။ ပဌန္တိ၊ ရွတ်ဖတ်ကြကုန်၏။ တံ၊ ထိုသို့ရွတ်ဖတ်သောပါဌ်သည်။ န သုန္ဒရံ၊ မကောင်း။ ပန္ထမက္ကဋကောတိ၊ ကား။ ပါဏကပဋင်္ဂါဒီနံ၊ ပိုးကောင်, ပိုးနှံကောင်စသည်တို့၏။ သဉ္စရဏဌာနေ၊ သွားလာလှည့်လည်ရာအရပ်၌။ ဇာလံ၊ ပင့်ကူကွန်ရက်ကို။ ပသာရေတွာ၊ ဖြန့်ခင်း၍။ တေသံ၊ ထိုပိုးကောင်, ပိုးနှံကောင်စသည်တို့၏။ မဂ္ဂရက္ခနတော[၁]၊ သွားလာရာလမ်းခရီးကို စောင့်တတ်သောကြောင့်။ ပန္ထမက္ကဋ-

၁။ (မဂ္ဂရက္ခဏတော-ဆဋ္ဌမှု)။

ကောတိ၊ပန္တမက္ကဋကဟူ၍။ လဒ္ဓနာမာ[၁]၊ ရအပ်သောအမည်ရှိသော။ ဥဏ္ဏနာဘိ၊ ပင့်ကူတည်း။ ဒိသာသု ပန ပဥ္စသုတိ ဣဒံ၊ ဒိသာသု ပန ပဥ္စသု-ဟူသော ဤစကားကို။ ဥပမေတဗ္ဗာနံ၊ ဥပမာနှိုင်းခိုင်းအပ်ကုန်သော။ ပဥ္စပသာဒါနံ၊ငါးပါးသောပသာဒတို့၏။ ဝသေန၊ အစွမ်းအားဖြင့်။ ဝုတ္တံ၊ မိန့်ဆိုအပ်၏။ တတ္ထာတိ၊ ကား။ မဂ္ဂေ၊လမ်းခရီး၌။ ဝါ၊ တနည်းကား။ တတ္ထ ဇာလမဇ္ဈေ၊ ထိုပင့်ကူကွန်ရက်အလယ်၌။ ဣတိ အယံ၊ ကား။ သမ္ဗန္ဓော၊ တည်း။ သုတ္တံ ပသာရေတွာတိ ဣမိနာ၊ သုတ္တံ ပသာရေတွာ-ဟူသော ဤပါဌ်ဖြင့်။ ဇာလဗန္ဓနံ၊ ပင့်ကူကွန်ရက်ဖွဲ့လုပ်ခြင်းကို။ အာဟ၊ ပြီ။

၄၇၈–၈၀။ သုတ္တာနုသာရေနာတိ၊ ကား။ စလိတသုတ္တာနုသာရေန၊ တုန်လှုပ်သော ပင့်ကူချည်မျှင်ကို အစဉ်လျှောက်သဖြင့် (ဂန္ဓာမှာ စပ်)။ ယူသန္တိ ဣမိနာ၊ ယူသံ-ဟူသော ဤပါဌ်ဖြင့်။ ရုမိရံ၊ သွေးကို။ အာဟ၊ ပြီ။ ဒုတိယာဒိသု။ ဒုတိယအစရှိကုန်သော။ ဒိသာသု၊ အရပ်မျက်နှာတို့၌။ သုတ္တေ၊ ပင့်ကူချည်မျှင်ကို ။ပ။ ဃဋ္ဋိတေ၊ ထိခိုက်အပ်သည်ရှိသော်။ ဣတိ အယံ၊ ကား။ သမ္ဗန္ဓော၊ တည်း။ ပသာဒါ ပဥ္စ ဒဋ္ဌဗ္ဗာတိအာဒိ၊ ပသာဒါ ပဥ္စ ဒဋ္ဌဗ္ဗာ ဤသို့အစရှိသော စကားသည်။ ဥပမာသံသန္ဒနံ၊ ဥပမာနှိုးနှောသော စကားတည်း။ စိတ္တံ ။ပ။ ဝိယာတိ၊ ကား။ ဟဒယဝတ္ထုံ၊ ဟဒယဝတ္ထုကို။ နိဿာယ၊ မှီ၍။ ပဝတ္တမာနစိတ္တံ၊ ဖြစ်သောစိတ်ကို။ ဇာလမဇ္ဈေ၊ ပင့်ကူကွန်ရက်အလယ်၌။ နိပန္နမက္ကဋကော ဝိယ၊ အိပ်သော ပင့်ကူကဲ့သို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

၄၈၂-၅။ ပသာဒဃဋ္ဋနန္တိ၊ ကား။ ပသာဒေ၊ ပသာဒ၌။ ဃဋ္ဋိတံ၊ ထိခိုက်သော (အာရမ္မဏံမှာ စပ်)။ ဘဝင်္ဂါဝဋ္ဋနန္တိ၊ ကား။ ဘဝင်္ဂံ၊ ဘဝင်ကို။ အာဝဋ္ဋေန္တံ၊ လည်စေတတ်၏ဟူ၍။ မတံ၊ သိအပ်၏။ ဓမ္မတော၊ ပရမတ္ထသဘောတရားမှ။ အညာ၊ အခြားတပါးသော။ ကာစိ၊ တစုံတခုသော။ ကိရိယာ နာမ၊ အမူအရာမည်သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ကြောင့်။ ဓမ္မမေဝ၊ တရားကိုသာလျှင်။ စလနေန၊ တုန်လှုပ်ခြင်းနှင့်။ သဟ၊ တကွ။ ဥပမေတိ၊ ဥပမာနှိုင်းခိုင်း၏။ သုတ္တာနုသာရံဝါတိ၊ ကား။ သုတ္တာနုသာရေန၊ ပင့်ကူချည်မျှင်သို့ အစဉ်လျှောက်သဖြင့်။ ဂမနံ ဝိယ၊ သွားခြင်းကဲ့သို့။ ဇဝနဿ၊ ဇော၏။ အာရမ္မဏရသာနုဘဝနတော၊ အာရုံ၏ အရသာကို ခံစားတတ်သောကြောင့်။ တဿ၊ ထိုဇော၏။ ပဝတ္တိ၊ ဖြစ်ခြင်းကို။ ယူသပါနေန၊ သွေးကို သောက်စုပ်ခြင်းနှင့်။ သဒ္ဓိံ၊ တကွ။ ဥပမေတွာ၊ ဥပမာနှိုင်းခိုင်း၍။ ဝုတ္တာ၊ ဆိုအပ်၏။

၁။ ဤ၌ ဥဏ္ဏနာဘိ-သဒ္ဒါ အဘိဓာန်ကျမ်းများ၌ ပုလ္လိင်ဟုပင် ဆိုသော်လည်း ဤစာကိုယ်ဆရာအလိုအားဖြင့် ဤအဘိဓမ္မာဝတာရကျမ်း၌ ဣတ္ထိလိင်အဖြစ် ထင်ရှားသည်။ ထို့ကြောင့် ၎င်း၏ ဝိသေသန လဒ္ဓနာမာ-ပုဒ်၌ ဣတ္ထိလိင်နှင့်ပင် ပါဌ်ရှိစေရမည်။

ဝတ္ထုံယေဝါတိ ဣမိနာ၊ ဝတ္ထုံယေဝ ဟူသော ဤပါဌ်ဖြင့် (ဒီပေတိ-မှာ စပ်)။ ပုရိမစိတ္တာနိ၊ ရှေး၌ဖြစ်ကုန်သော စိတ်တို့သည်။ ဟဒယဝတ္ထုသန္နိဿိတာနိ၊ ဟဒယဝတ္ထုကို မှီကုန်သည်ဖြစ်၍။ ပသာဒဝတ္ထုံ၊ ပသာဒဟူသော ဝတ္ထုသို့။ အနုဂတာနိ၊ အစဉ်လိုက်ကုန်သည်ဖြစ်၍။ အညာရမ္မဏာနိ စ၊ အခြားတပါးသော အာရုံရှိကုန်သည်လည်း။ ဟောန္တိ ယထာ၊ ဖြစ်ကုန်သကဲ့သို့။ ဧဝံ တထာ၊ ထိုအတူ။ ဘဝင်္ဂ ၊ ဘဝင်သည်။ န ဟောတိ၊ မဖြစ်။ တံ ပန၊ ထို ဘဝင်သည်ကား။ ဝတ္ထာရမ္မဏန္တရရဟိတံ၊ ဝတ္ထုတပါး, အာရုံတပါးမှ ကင်းသည် ဖြစ်၍။ ကေဝလံ၊ သက်သက်။ ဟဒယဝတ္ထုမေဝ၊ ကိုသာလျှင်။ နိဿာယ၊ ၍၊ ပဝတ္တတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဒီပေတိ၊ ပြ၏။ ပရိဝတ္တနန္တိ၊ ကား။ ပုန၊ တဖန်၊ ဘဝင်္ဂဘာဝေန၊ ဘဝင်၏ အဖြစ်ဖြင့်။ ပရိဝတ္တနံ၊ လည်၍ဖြစ်ခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ဘဝင်္ဂါဝဇ္ဇနာဒီနံ၊ ဘဝင်နှင့် အာဝဇ္ဇန်း စသည်တို့၏။ ဓမ္မတော၊ ပရမတ္ထသဘောတရားအားဖြင့်။ ဘေဒေပိ၊ ထူးပြားသော်လည်း။ သန္တတိဝသေန၊ အစဉ်၏ အစွမ်းအားဖြင့်။ ဧကတ္တံ၊ တခုတည်း၏ အဖြစ်ကို။ ဂဟေတွာ၊ ယူ၍။ ဧကေနေဝ၊ တကောင်သာလျှင်ဖြစ်သော။ မက္ကဋကေန၊ ပင့်ကူနှင့်။ ဥပမာသံသန္ဒနံ၊ ဥပမာနှီးနှောခြင်းကို။ ဝုတ္တံ၊ ၏။

၄၇၆-၉၀။ ဥပမာ ဝေ၊ ဥပမာသည်ပင်လျှင်။ ဩပမ္မံ၊ ဩပမ္မမည်၏။ ပသာဒဝတ္ထုတော၊ ပသာဒလျှင် မှီရာ ရှိသော။ တတော စိတ္တာ၊ ထိုစိတ်မှ။ ဣတိ အယံ၊ ကား။ သမ္ဗန္ဓော၊ တည်း။ ဣမိနာ ဩပမ္မေန ဤဥပမာဖြင့်။ ဒီပိတံ ပြအပ်၏။ ဧကေကာရမ္မဏန္တိ၊ ကား။ ရူပါဒီသု၊ ရူပါရုံအစရှိကုန်သော။ ပဉ္စသု၊ ငါးပါးသော အာရုံတို့တွင်။ ဧကေကံ၊ တပါးတပါးသော။ အာရမ္မဏံ၊ သည် (အာပါတံ အာဂစ္ဆတိ-မှာ စပ်)။ သဗ္ဗသောတိ၊ ကား။ သဗ္ဗေသု၊ ကုန်သော။ စက္ခာဒီသု၊ စက္ခုပသာဒ စသည်တို့၌။ ယတ္ထ ကတ္ထစိ၊ အမှတ်မရှိ တစုံတခုသော ပသာဒ၌။ ဣတိ အယံ၊ ကား။ အတ္ထော၊ တည်း။

ဣဒါနိ၊ ၌။ ဧကေကာရမ္မဏဿ၊ တပါးတပါးသော အာရုံ၏။ ဒွိသု ဒွိသု၊ နှစ်ပါး နှစ်ပါးသော ပသာဒတို့၌။ အာပါတဂမနံ၊ ထင်ခြင်းသို့ ရောက်ခြင်းကို။ ပကာသေတုံ၊ ထင်ရှားပြခြင်းငှါ၊ ရူပံ စက္ခုပသာဒမှိတိအာဒိ၊ ကို။ ဝုတ္တံ၊ ပြီ။ ခေ အာကာသေ၊ ကောင်းကင်၌။ ဂစ္ဆတိ၊ သွားတတ်၏။ ဣတိ၊ ကြောင့်။ ခဂေါ၊ ခဂမည်၏။ ပက္ခီ၊ ငှက်ကို။ လဗ္ဘတိ၊ ရအပ်၏။ သာခိနောတိ၊ ကား။ ရုက္ခဿ၊ သစ်ပင်၏ (သာခံ-မှာ စပ်)။

၄၉၂-၃။ ရူပဿာတိ ဝွေ၊ ၌။ သမ္ဗန္ဓော၊ သမ္ဗန်အနက်၌။ သာမိဝစနံ၊ ဆဋ္ဌီဝိဘတ်တည်း။ တဿ ပန၊ ထိုပုဒ်၏ကား။ ဃဋ္ဋနံ စ၊ ထိခိုက်ခြင်းသည်

လည်းကောင်း။ အာပါတဂမနမ္ပိ စ၊ထင်ခြင်းသို့ ရောက်ခြင်းသည်လည်းကောင်း။ ဂ္ဂတိ၊ ဤသို့။ ဒွိဟိ၊ နှစ်ပုဒ်တို့နှင့်။ သဟ၊ တကွ။ သမ္ဗန္ဓော၊ စပ်ခြင်းကို။ ကာတဗ္ဗော၊ ပြုအပ်၏။ ပဿဒဿာတိ ဧတ္ထ၊ ပဿဒဿ-ဟူသော ဤပါဌ်၌။ ကမ္မတ္ထေ၊ ကံအနက်၌။ သာမိဝစနံ၊ ဆဋ္ဌီဝိဘတ်တည်း။ အတ္တတော၊ ဧရမတ္ထ သဘောအားဖြင့်။ အာပါတဂမနမ္ပိ စ၊ သည်လည်း။ ဟောတိ၊ ၏။ ဂ္ဂတိ အယံ၊ ကား။ သမ္ဗန္ဓော၊ တည်း။ အာရမ္မဏဝသေန၊ အားဖြင့်။ အာပါတံ၊ ထင်ခြင်းသို့။ ဂစ္ဆန္တဿပိ[၁]၊ ရောက်သည်လည်းဖြစ်သော။ ပဿဒဿန္တနေန စ၊ ပဿဒ၌ ထိခိုက်ခြင်းဖြင့်လည်း။ ဘဝင်္ဂစလနဿ၊ ဘဝင်လှုပ်ခြင်း၏။ ပစ္စယဘာဝေန၊ အကြောင်း၏အဖြစ်ဖြင့်။ အာပါတံ ဝိယ၊ ထင်ခြင်းကဲ့သို့။ ဥပဂမနံ၊ကပ်ရောက်ခြင်းသည်။ ဟောတိ၊ ၏။ ဂ္ဂတိ အယံ၊ ကား။ အတ္ထော၊ တည်း။

၄၉၄-၅။ **တတောတိ၊** ကား။ ဘဝင်္ဂစလနတော၊ ဘဝင်လှုပ်ပြီးသည်မှ။ ပရံ၊ နောက်၌(ဘဝင်္ဂ ဆိန္ဒိတွာ-မှာ စပ်)။ **ကုသလံ ဇဝနံ စိတ္တန္တိ၊** ကား။ ကာမာဝစရကုသလဇဝနစိတ္တံ၊ ကာမာဝစရကုသိုလ်ဇောစိတ်သည်။ ဇဝတိ၊ ဇော၏။ **အကုသလမေဝ ဝါ တိ ဧတ္ထ၊** ၌။ **ဝါ-**သဒ္ဒေန၊ **ဝါ-**သဒ္ဒါဖြင့်။ ကိရိယာဗျာကတစိတ္တမ္ပိ၊ ကြိယာအဗျာကတစိတ်ကိုလည်း။ သင်္ဂဏှာတိ၊ သိမ်းသွင်းရေတွက်၏။

ဧတ္ထ၊ ဤအရာ၌။ ဥတွာ၊ တန့်ရပ်၍။ **ကဿစိ၊** တစုံတယောက်သော။ **စောဒကဿ၊** စောဒကဆရာ၏။ **စောဒနာ၊** စောဒနာခြင်းသည်။ သိယာ၊ဖြစ်ရာ၏။ **ကော ပန၊** အဘယ်အရာသည်ကား။ ဧတံ ဇဝနံ၊ ဤဇောကို။ ကုသလတာယ ဝါ၊ ကုသိုလ်ဖြစ်ခြင်းငှါ လည်းကောင်း။ အကုသလတာယ ဝါ၊ အကုသိုလ် ဖြစ်ခြင်းငှါ လည်းကောင်း။ နိယာမေတိ၊ မှတ်သနည်း။ ဂ္ဂတိ အယံ၊ ကား။ **စောဒနာ၊** တည်း။ ယောနိသောမနသိကာရော စေဝ၊ အသင့်အတင့်အားဖြင့် နှလုံးသွင်းခြင်းသည်လည်းကောင်း။ အယောနိသောမနသိကာရော စ၊ မသင့်မတင့်အားဖြင့် နှလုံးသွင်းခြင်းသည်လည်းကောင်း။ နိယာမေတိ၊ မှတ်၏။ ဟိ ဝိတ္ထာရေမိ၊ အံ့။ ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ စတုစက္ကသမ္ပဒါဝသေန၊ လေးပါးသော သမ္ပတ္တိစက်၏ အစွမ်းအားဖြင့်၊ ဝါ၊ စက် ၄-ပါးနှင့် ပြည့်စုံခြင်း၏ အစွမ်းအားဖြင့်။ ယောနိသောမနသိကာရော၊ သည်။ ပဝတ္တတိ၊ ဖြစ်၏။ အာဝဇ္ဇနံ စ၊ သည်လည်းကောင်း။ ဝေါဋ္ဌပနဥ္စ၊ သည်လည်းကောင်း။ ယောနိသောဝ၊ အသင့်အတင့်အားဖြင့်သာလျှင်။ အာဝဇ္ဇေတိ စ၊ လည်လည်း လည်စေ၏။ ဝဝတ္ထပေတိ စ၊ သီးသန့်ပိုင်းခြား မှတ်သားခြင်းကိုလည်း ပြုတတ်၏။ တဿ၊ ထိုပုဂ္ဂိုလ်အား။ အကုသလဇဝနုပ္ပတ္တိ၊ အကုသိုလ်ဇော၏ ဖြစ်ခြင်းသည်။ နတ္ထိ၊ မရှိ။ ယဿ ပန၊ အကြင်ပုဂ္ဂိုလ်အားကား။ ဝုတ္တဝိပရိယာယေန၊ ဆိုအပ်ခဲ့ပြီး

၁။ (အာဂစ္ဆန္တဿပိ-ဆဋ္ဌမူ။)

သည်မှ ပြန်သောအားဖြင့်။ အယောနိသောမနသိကာရော စ၊ သည်လည်း။ ဟောတိ၊၏။အာဝဇ္ဇနံ စ၊သည်လည်းကောင်း။ ဝေါတ္ထပနဉ္စ၊သည်လည်းကောင်း။ အယောနိသော၀၊ မသင့်မတင့်အားဖြင့်သာလျှင်။ အာဝဇ္ဇေတိ စ၊ ၏။ ဝဝတ္ထ-ပေတိ စ၊ ၏။ တဿ၊ ထိုပုဂ္ဂိုလ်အား။ ကုသလဇဝနုပ္ပတ္တိ၊ ကုသိုလ်ဇော၏ ဖြစ်ခြင်းသည်။ နတ္ထိ၊ မရှိ။ တသ္မာ၊ ကြောင့်။ ယောနိသောမနသိကာရော၊ သည်။ ကုသလတာယ၊ ကုသိုလ်ဖြစ်ခြင်းငှါ။ နိယာမေတိ၊ မှတ်၏။ အယောနိ-သောမနသိကာရော၊ သည်။ အကုသလတာယ စ၊ အကုသိုလ်ဖြစ်ခြင်းငှါလည်း။ နိယာမေတိ၊ မှတ်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ ၏။

ကိရိယာဇဝနံ ပန၊ ကြိယာဇောကိုကား။ အရဟတ္တမေဝ၊ အရဟတ္တဖိုလ်သည် သာလျှင်။ နိယာမေတိ၊ မှတ်၏။ ကေစိ ပန၊ အချို့သောဆရာတို့သည်ကား။ ကိရိယာဇဝနမ္ပိ၊ ကိုလည်း။ မနသိကာရော၀၊ သည်သာလျှင်။ နိယာမေတိ၊ ၏။ ဟိ၊ ထိုစကားကို ထင်ရှားပြဦးအံ့။ အာဝဇ္ဇနံ၊ သည်။ ကုသလာကုသလာနံ၊ တို့အား။ ဝိသုံ ဝိသုံ၊ အသီးအသီး။ ပစ္စယော၊ အကြောင်းသည်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ ဧဝံ တထာ၊ ထိုအတူ။ ကိရိယာဇဝနဿာပိ၊ ကြိယာဇော ၏လည်း။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့၊ ဝဒန္တိ၊ ဆိုကြကုန်၏။

၄၉၇။ **ဒေါဝါရိကောပမာဒီနီတိ** ဧတ္ထ၊ ဒေါဝါရိကောပမာဒီနိ-ဟူသော ဤ ပါဌ်၌။ ဧကော၊ တယောက်သော။ ရာဇာ၊ မင်းသည်။ သယနဂတော၊ အိပ်ရာ၌ တည်သည်ဖြစ်၍။ နိဒ္ဒါယတိ၊ အိပ်၏။ တဿ၊ ထိုမင်း၏။ ပရိစာရကော၊ အလုပ် အကျွေးဖြစ်သော သူခစားသည်။ ပါဒေ၊ ခြေတို့ကို။ ပရိမဇ္ဇန္တော၊ ပွတ်တိုက် လျက်။ နိသီဒိ၊ ထိုင်နေပြီ။ ဗဓိရဒေါဝါရိကော၊ နားထိုင်းတံခါးစောင့်သည်။ ဒွါရေ၊ တံခါး၌။ ဌိတော၊ ရပ်တည်၏။ တယော၊ သုံးယောက်ကုန်သော။ ပဋိ-ဟာရာ၊ တံခါးစောင့်တို့သည်။ သယနဿ စ၊ မင်းအိပ်ရာ၏လည်းကောင်း။ ဒွါရဿ စ၊ တံခါး၏လည်းကောင်း။ မဇ္ဈေ၊ အလယ်၌။ ပဋိပါဋိယာ၊ အစဉ် အတိုင်း။ ဌိတာ၊ ရပ်တည်ကုန်၏။ အထ၊ ထိုအခါ၌။ ဧကော၊ တယောက်သော။ ပစ္စန္တဝါသီ၊ ပစ္စန္တရစ်ရွာသားဖြစ်သော။ မနုဿော၊ လူသည်။ ပဏ္ဏာကာရံ၊ ဆက်သရန် လက်ဆောင်ပဏ္ဏာကို။ အာဒါယ၊ ယူဆောင်ခဲ့၍။ ဒွါရံ၊ တံခါးကို။ အာကောဋ္ဋေသိ၊ တီးခေါက်၏။ ဗဓိရဒေါဝါရိကော၊ သည်။ သဒ္ဒံ၊ အသံကို။ န သုဏာတိ၊ မကြား။ ပါဒပရိမဇ္ဇကော၊ ခြေကိုပွတ်တိုက်သော သူသည်။ သညံ၊ အမှတ်ကို။ အဒါသိ၊ ပေးပြီ။ တာယ သညာယ၊ ထိုအမှတ်သညာဖြင့်။ ဒွါရံ၊ ကို။ ဝိဝရိတွာ၊ ဖွင့်လှစ်၍။ ပဿိ၊ ကြည့်ရှုပြီ။ ပဌမပဋိဟာရော၊ ပဌမတံခါးစောင့် သည်။ ပဏ္ဏာကာရံ၊ ကို။ ဂဟေတွာ၊ ယူ၍။ ဒုတိယဿ၊ ဒုတိယတံခါးစောင့် အား။ အဒါသိ၊ ပေး၏။ ဒုတိယော၊ ဒုတိယတံခါးစောင့်သည်။ တတိယဿ၊ တတိယတံခါးစောင့်အား။ အဒါသိ၊ ၏။ တတိယော၊ တတိယတံခါးစောင့်သည်။

ရဉော၊ မင်းအား။ အဒါသိ၊ ဆက်သ၏။ ရာဇာ၊ မင်းသည်။ ပရိဘုဉ္ဇိ၊သုံးဆောင်ပြီ။

တတ္ထ၊ ထိုဥပမာ၌။ ဇဝနံ၊ ဇောကို။ ရာဇာ ဝိယ၊ မင်းကဲ့သို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ အာဝဇ္ဇနံ၊ ကို။ ပါဒပရိမဇ္ဇကော ဝိယ၊ ကဲ့သို့။ ဒဋ္ဌဗ္ဗံ၊ ၏။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဉ်ကို။ ဗဓိရဒေါဝါရိကော ဝိယ၊ ကဲ့သို့။ ဒဋ္ဌဗ္ဗံ၊ ၏။ သမ္ပဋိစ္ဆနာဒီနိ၊ သမ္ပဋိစ္ဆိုင်း အစရှိကုန်သော။ တီဏိ၊ ကုန်သော။ ဝီထိစိတ္တာနိ၊ ဝီထိစိတ်တို့ကို။ တယော၊ ကုန်သော။ ပဋိဟာရာ ဝိယ၊ တို့ကဲ့သို့။ ဒဋ္ဌဗ္ဗာနိ၊ ကုန်၏။ အာရမ္မဏဿ၊ အာရုံ၏။ ပသာဒဃဋ္ဋနံ၊ ပသာဒ၌ ထိခိုက်ခြင်းကို။ ပစ္စန္တဝါသိနော၊ ပစ္စန္တရစ်ရွာသား၏။ ပဏ္ဏာကာရံ၊ ကို။ အာဒါယ၊ ၍။ ဒွါရာကောဋ္ဋနံ ဝိယ၊ တံခါးကို တီးခေါက်ခြင်းကဲ့သို့။ ဒဋ္ဌဗ္ဗံ၊ ၏။ ကိရိယာမနောဓာတုယာ၊ ကြိယာမနောဓာတ်၏။ ဘဝင်္ဂဿ၊ ဘဝင်ကို။ အာဝဋ္ဋိတကာလော၊ လည်စေသောအခါကို။ ပါဒပရိမဇ္ဇကေန၊ သည်။ သညာယ၊ အမှတ်သညာကို။ ဒိန္နကာလော ဝိယ၊ ပေးသောအခါကဲ့သို့။ ဒဋ္ဌဗ္ဗော၊ ၏။ စက္ခုဝိညာဏဿ၊ ၏။ အာရမ္မဏေ၊ ၌။ ဒဿနကိစ္စသာဓနကာလော၊ မြင်ခြင်းကိစ္စကို ပြီးစေသောအခါကို။ တေန၊ ထိုခြေကိုပွတ်တိုက်သောသူသည်။ ဒိန္နသညာယ၊ ပေးအပ်သော အမှတ်သညာဖြင့်။ ဗဓိရဒေါဝါရိကဿ၊ ၏။ ဒွါရဝိဝရဏကာလော ဝိယ၊ တံခါးကို ဖွင့်လှစ်သောအခါကဲ့သို့။ ဒဋ္ဌဗ္ဗော၊ ၏။ ဝိပါကမနောဓာတုယာ၊ ၏။ အာရမ္မဏဿ၊ ကို။ သမ္ပဋိစ္ဆိတကာလော၊ ခံယူသောအခါကို။ ပဌမပဋိဟာရေန၊ သည်။ ပဏ္ဏာကာရဿ၊ ကို။ ဂဟိတကာလော ဝိယ၊ ယူသောအခါကဲ့သို့။ ဒဋ္ဌဗ္ဗော၊ ၏။ ဝိပါကမနောဝိညာဏဓာတုယာ၊ ၏။ အာရမ္မဏဿ၊ ကို။ သန္တီရိတကာလော၊ စုံစမ်းသောအခါကို။ ပဌမေန၊ ပဌမတံခါးစောင့်သည်။ ဒုတိယဿ၊ ဒုတိယတံခါးစောင့်အား။ ဒိန္နကာလော ဝိယ၊ ပေးအပ်သော အခါကဲ့သို့။ ဒဋ္ဌဗ္ဗော၊ ၏။ ကိရိယာမနောဝိညာဏဓာတုယာ၊ ၏။ အာရမ္မဏဿ၊ ကို။ ဝဝတ္ထာပိတကာလော၊ သီးသန့်ပိုင်းခြားမှတ်သားသောအခါကို။ ဒုတိယေန၊ သည်။ တတိယဿ၊ အား။ ဒိန္နကာလော ဝိယ၊ ကဲ့သို့။ ဒဋ္ဌဗ္ဗော၊ ၏။ ဝေါတ္ထပနေန၊ သည်။ ဇဝနဿ၊ အား။ နိယျာတိတကာလော၊ အပ်နှင်းသောအခါကို။ တတိယေန၊ တတိယတံခါးစောင့်သည်။ ရညော၊ မင်းအား။ ဒိန္နကာလော ဝိယ၊ ဆက်သသောအခါကဲ့သို့၊ ဒဋ္ဌဗ္ဗော၊ ၏။ ဇဝနဿ၊ ၏။ အာရမ္မဏရသာနုဘဝနကာလော၊ အာရုံ၏အရသာကို ခံစားသော အခါကို။ ရညော၊ မင်း၏။ ပရိဘောဂကာလော ဝိယ၊ သုံးဆောင်သောအခါကဲ့သို့။ ဒဋ္ဌဗ္ဗော၊ ၏။ ဣတိ အယံ၊ ဤဥပမာကား။ ဒေါဝါရိကောပမာ၊ တံခါးစောင့်ဥပမာတည်း။

ဣဒံ ပန ဩပမ္မံ၊ ဤ ဥပမာသည်ကား။ ကိံ၊ အဘယ်သို့သော အနက်အဓိပ္ပါယ်ကို။ ဒီပေတိ၊ ပြသနည်း။ ဣတိ အာဒိ၊ ဤသို့အစရှိသည်တို့ကို။

ဥစ္စုယန္တုပမာယ၊ ကြံညစ်ယန္တရား ဥပမာ၌။ ဝုတ္တနယေန၊ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

သမ္ဗဟုလာ[၁]၊ များစွာကုန်သော။ ဂါမဒါရကာ၊ ရွာသားသူငယ်တို့သည်။ အန္တရဝီထိယံ၊ ရွာတွင်းလမ်းခရီး၌။ ပံသုကီဠ[၂]၊ မြေမှုန့်ကစားခြင်းကို။ ကီဠန္တိ၊ ကစားကြကုန်၏။ တတ္ထ၊ ထိုကစားရာအရပ်၌၊ ဝါ၊ ထိုရွာသားသူငယ်တို့တွင်။ ဧကော၊ တယောက်သောသူငယ်၏။ ဟတ္ထေ၊ လက်၌။ ကဟာပဏော၊ အသပြာသည်။ ပဋိဟညိ၊ ထိခိုက်ပြီ။ သော၊ ထိုသူငယ်သည်။ မယှံ၊ ငါ၏။ ဟတ္ထေ၊ လက်၌။ ပဋိဟတံ၊ ထိခိုက်၏။ ေတံ၊ ဤအရာဝတ္ထုကား။ ကိံ နု ခေါ၊ အဘယ်အရာဝတ္ထုပါနည်း။ ဣတိ၊ ဤသို့။ အာဟ၊ ဆိုပြီ။ အထ၊ ထိုအခါ၌။ ဧကော၊ တယောက်သောသူငယ်သည်။ ေတံ၊ ဤအရာဝတ္ထုကား။ ပဏ္ဍရံ၊ အဖြူတည်း။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။ အပရော၊ အခြားတယောက်သော သူငယ်သည်။ သဟ ပံသုနာ၊ မြေမှုန့်နှင့်တကွ။ ဂါဠံ၊ မြဲမြံကျပ်တည်းစွာ။ ဂဏှိ၊ ကောက်ယူ၏။ အညော၊ အခြားတယောက်သော သူငယ်သည်။ ေတံ၊ ဤအရာဝတ္ထုကား။ ပုထုလံ၊ အလုံးတည်း။ စတုရဿံ၊ လေးထောင့်တည်း။ ဣတိ၊ ဤသို့။ အာဟ၊ ပြောဆို၏။ အပရော၊ အခြားတယောက်သောသူငယ်သည်။ ေသော၊ ဤအရာဝတ္ထုကား။ ကဟာပဏော၊ အသပြာတည်း။ ဣတိ၊ ဤသို့။ အာဟ၊ ၏။ အထ၊ ထိုနောင်မှ။ အာဟရိတွာ၊ ဆောင်ယူကြ၍။ မာတု၊ အမိအား။ အဒံသု၊ ပေးကြကုန်ပြီ။ သာ၊ ထိုအမိသည်။ ကမ္မေ၊ သုံးစွဲခြင်းအမှု၌။ ဥပနေသိ၊ ဆောင်ပြီ။

တတ္ထ၊ ထိုဥပမာ၌။ သမ္ဗဟုလာနံ၊ ကုန်သော။ ဒါရကာနံ၊ တို့၏။ အန္တရဝီထိယံ၊ ၌။ ကီဠန္တာနံ၊ ကစားကြကုန်လျက်။ သန္နိသိန္နကာလော ဝိယ၊ စုဝေးထိုင်နေကြသောအခါကဲ့သို့။ စိတ္တပ္ပဝတ္တိ၊ စိတ်ဖြစ်ခြင်းကို။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်၏။ ကဟာပဏဿ၊ ၏။ ဟတ္ထေ၊ ၌။ ပဋိဟတကာလော ဝိယ၊ ထိခိုက်သောကာလကဲ့သို့။ အာရမ္မဏေန၊ နှင့်။ ပသာဒဿ၊ ၏။ ဃဋ္ဋိတကာလော၊ ထိခိုက်သောအခါကို။ ဒဋ္ဌဗ္ဗော၊ ၏။ ကိံ နု ခေါ တေန္တိ၊ ကိံ နု ခေါ ေတံ-ဟူ၍။ ဝုတ္တကာလော ဝိယ၊ ပြောဆိုသောအခါကဲ့သို့။ တံ အာရမ္မဏံ၊ ထိုအာရုံကို။ ဂဟေတွာ၊ ယူ၍။ ကိရိယာမနောဓာတုယာ၊ ၏။ ဘဝင်္ဂဿ၊ ကို။ အာဝဋ္ဋိတကာလော၊ လည်စေသောအခါကို။ ဒဋ္ဌဗ္ဗော၊ ၏။ ပဏ္ဍရံ တေန္တိ၊ ဟူ၍။ ဝုတ္တကာလော ဝိယ၊ ကဲ့သို့။ စက္ခုဝိညာဏေန၊ သည်။ ဒဿနကိစ္စဿ၊ မြင်ခြင်းကိစ္စကို။ သာဓိတကာလော၊ ပြီးစေသော အခါကို။ ဒဋ္ဌဗ္ဗော၊ ၏။ သဟ ပံသုနာ၊ မြေမှုန့်နှင့်တကွ။ ဂါဠံ၊ စွာ။ ဂဟိတကာလော ဝိယ၊ ကောက်

ယူသော အခါကဲ့သို့။ ဝိပါကမနောဓာတုယာ၊ ၏။ အာရမ္မဏာယ၊ ကို။ သမ္ပ-ဋိစ္ဆိတကာလော၊ ခံယူသောအခါကို။ ဒဋ္ဌဗ္ဗော၊ ၏။ ပုထုလံ စတုရသံ တေန္တိ၊ ဟူ၍။ ဝုတ္တကာလော ဝိယ၊ ကဲ့သို့။ ဝိပါကမနောဝိညာဏဓာတုယာ၊ ၏။ အာရမ္မဏာယ၊ ကို။ သန္တီရိတကာလော၊ စုံစမ်းသောအခါကို။ ဒဋ္ဌဗ္ဗော၊ ၏။ ကဟာပဏော သေောတိ၊ ဟူ၍။ ဝုတ္တကာလော ဝိယ၊ ကဲ့သို့။ ကိရိယာမနော-ဝိညာဏဓာတုယာ၊ ၏။ အာရမ္မဏာယ၊ ကို။ ဝဝတ္ထာပိတကာလော၊ သီးသန့်ပိုင်းခြား မှတ်သားသောအခါကို။ ဒဋ္ဌဗ္ဗော၊ ၏။ မာတရာ၊ အမိသည်။ ကမ္မေ၊ သုံးစွဲခြင်းအမှု၌။ ဥပနီတကာလော ဝိယ၊ ဆောင်သောအခါကဲ့သို့။ ဇဝနဿ၊ ၏။ အာရမ္မဏရသာနုဘဝနံ၊ အာရုံ၏ အရသာကို ခံစားခြင်းကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ဣတိ အယံ၊ ဤ ဥပမာကား။ ဂါမဒါရကောပမာ၊ ရွာသားသူငယ်တို့ ဥပမာတည်း။

ဣဒံ သြပမ္မံ၊ ဤဥပမာသည်။ ကိံ၊ အဘယ်သို့သော အနက်အဓိပ္ပါယ်ကို။ ဒီပေတိ၊ ပြသနည်း။ ကိရိယာမနောဓာတု၊ ကိရိယာမနောဓာတ်သည်။ အဒိ-သွာဝ၊ မမြင်ပဲသာလျှင်။ ဘဝင်ံ၊ ကို။ အာဝဋ္ဋေတိ၊ လည်စေ၏။ ဝိပါက-မနောဓာတု၊ သည်။ အဒိသွာဝ၊ သာလျှင်။ သမ္ပဋိစ္ဆတိ၊ ခံယူ၏။ ဝိပါကမနော-ဝိညာဏဓာတု၊ သည်။ အဒိသွာဝ၊ သာလျှင်။ သန္တီရေတိ၊ စုံစမ်း၏။ ကိရိယာ-မနောဝိညာဏဓာတု၊ သည်။ အဒိသွာဝ၊ သာလျှင်။ ဝဝတ္ထာပေတိ၊ သီးသန့်ပိုင်းခြားမှတ်သား၏။ ဇဝနံ၊ ဇောသည်။ အဒိသွာဝ၊ သာလျှင်။ အာရမ္မဏ-ရသံ၊ အာရုံ၏အရသာကို။ အနုဘဝတိ၊ ခံစား၏။ ကေဝ္လေန ပန၊ စင်စစ်အားဖြင့်ကား။ စက္ခုဝိညာဏမေဝ၊ စက္ခုဝိညာဉ်သည်သာလျှင်။ ဒဿနကိစ္စံ၊ မြင်ခြင်းကိစ္စကို။ သာဓေတိ၊ ပြီးစေ၏။ ဣတိ၊ ဤသို့သော အနက်အဓိပ္ပါယ်ကို။ ဒီပေတိ၊ ပြ၏။

ဇစ္စန္ဓပီဌသပ္ပိဥပမာ၊ သူကန်း, သူဆွံ့သူကျိုးတို့၏ ဥပမာသည်။ ဥပရိ၊ အထက်၌။ အာဂမိဿတိ၊ လာလတ္တံ့။

၄၉၇–၅၀၉။ ဧတ္တကာ၊ ဤမျှလောက်ကုန်သော။ ဥပမာ၊ ဥပမာတို့ကို။ သင်္ဂဟေတွာ၊ အကျဉ်းပေါင်း၍။ ဒေါဝါရိကောပမာဒီနီတိ၊ ဒေါဝါရိကောပမာ-ဒီနိဟူ၍။ ဝတွာ၊ ဆိုပြီး၍၊ ဥပနိဿယမတ္တသောတိ ဧတ္ထ။ ဥပနိဿယမတ္တသော ဟူသော ဤပါဌ်၌။ ဥပနိဿယဘာဝံ၊ အားကြီးသော မှီရာအကြောင်း၏ အဖြစ်ကို။ ပကာသေတုံ၊ ထင်ရှားပြခြင်းငှါ။ အသမ္ဘေဒေနာတိ အာဒိံ၊ အသမ္ဘေဒေန ဤသို့အစရှိသည်ကို။ အာဟ၊ ပြီ။

အသမ္ဘေဒေနာတိ၊ ကား။ အဝိနဋ္ဌဘာဝေန စ၊ မပျက်စီးသည်၏အဖြစ်ဖြင့်လည်းကောင်း။ ဝါတပိတ္တာဒီဟိ၊ လေ,သည်းခြေ စသည်တို့သည်။ အနုပဟတ-

ဘာဝေန စ၊ ကပ်၍ မနှိပ်စက်မဖျက်ဆီးအပ်သည်၏ အဖြစ်ဖြင့်လည်းကောင်း။ဟိ
သစ္စံ၊ ၏။ ဝါတပိတ္တာဒိဥပဟာတမ္ပိ၊ လေ, သည်းခြေစသည်တို့သည် ကပ်၍နှိပ်စက်
ဖျက်အပ်သော ကျေပြသာဒသည်လည်း။ စက္ခုဝိညာဏဿ၊ ၏။ ပစ္စယဘာဝါနု-
ပဂမနတော၊ အကြောင်း၏အဖြစ်သို့ မရောက်ခြင်းကြောင့်။ သမ္ဘိန္နမေဝ နာမ၊
ပျက်စီးသည်သာလျှင်မည်သည်။ ဟောတိ၊ ၏။ ပဋိုန္ဒြိယာနံ၊ ငါးပါးသော
ဣန္ဒြေတို့၏။ အတ္တိက္ခဏေယေဝ၊ ထင်ရှားရှိသောခဏ၌သာလျှင်။ နိဿယဘာဝူ-
ပဂမနတော၊ မှီရာ၏အဖြစ်သို့ ကပ်ရောက်ခြင်းကြောင့်။ ခဏငသေန၊ ခဏ၏
အစွမ်းအားဖြင့်။ အသမ္ဘေဒေါပိ၊ မပျက်စီးခြင်းသည်လည်း။ ယုဇ္ဇတိ၊ သင့်၏။
သောတပသာဒါဒီသုပိ၊ သောတပသာဒ စသည်တို့၌လည်း။ သေ ခေသာ
နယော၊ ဤနည်းကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ရူပါပါတဂမေနာတိ၊ ကား။
ဒူရေ၊ အဝေး၌။ ဌိတဿ၊ တည်သော ပုဂ္ဂိုလ်အားလည်းကောင်း။ ဖလိကာဒီဟိ၊
ဖန်စသည်တို့ဖြင့်။ အန္တရိတဿ၊ ကာကွယ်ခြားဆီးသောအရပ်၌ တည်သော
ပုဂ္ဂိုလ်အားလည်းကောင်း။ စက္ခုဝိညာဏုပ္ပတ္တိယာ၊ စက္ခုဝိညာဉ်ဖြစ်ခြင်း၏။
ပစ္စယော၊ အကြောင်းသည်။ ဘဝိတုံ၊ ဖြစ်ခြင်းငှါ။ ယောဂျဒေသေ၊ လျှောက်
ပတ်သောအရပ်၌။ အဝဋ္ဌိတဝသေန၊ တည်သည်၏အစွမ်းအားဖြင့်။ ရူပဿ၊ ရူပါရုံ
၏။ အာပါတဂမနေန၊ ရှေ့ရှုကျခြင်း၊ ဝါ၊ ထင်ခြင်းသို့ရောက်ခြင်းဖြင့် (ဧတေဟိ
ပစ္စယေဟိ-မှာ စပ်)။ ဧဝ္ဓ ကတ္ထာ၊ ဤသို့သော အကြောင်းကြောင့်။ ဒူရေ၊
အဝေး၌။ ဌိတံ၊ တည်သော ရူပါရုံသည်လည်းကောင်း။ ပရမ္ဗုခေ၊ မျက်ကွယ်၌။
ဌိတမ္ပိ၊ တည်သော ရူပါရုံသည်လည်းကောင်း။ ဒိဗ္ဗစက္ခုဿ၊ ဒိဗ္ဗစက္ခုအား။
အာပါတဂတမေဝ နာမ၊ ရှေ့ရှုကျခြင်း၊ ဝါ၊ ထင်ခြင်းသို့ ရောက်သည်သာလျှင်
မည်သည်။ ဟောတိ၊ ၏။ အာလောကနိဿယေနာပီတိ၊ ကား။ ရူပါဝဘာသန-
သမတ္ထအာလောကသင်္ခါတနိဿယေန၊ ရူပါရုံကို ထင်စွာပြခြင်းငှါ စွမ်းနိုင်သော
အရောင်အလင်းဟု ဆိုအပ်သော မှီရာဖြင့်၊ စ၊ ဆက်၍ဆိုဦးအံ့။ ဧတ္ထ၊ ဤအရာ၌။
အာလောကေ၊ အရောင်အလင်းသည်။ သတိ၊ ရှိလတ်သော်။ သမ္ဘဝေါ၊
စက္ခုဝိညာဉ်၏ ဖြစ်သင့်ခြင်းသည်။ အာလောကနိဿယတာ၊ အရောင်အလင်း
တည်းဟူသော မှီရာ၏အဖြစ်သည်။ ဟောတိ၊ ၏။ အာလောကဿ၊ အရောင်
အလင်း၏။ နိဿယပစ္စယတ္တာ၊ နိဿယပစ္စည်း တပ်သည်၏အဖြစ်ကြောင့်။ န
အာလောကနိဿယတာ၊ အရောင်အလင်းတည်းဟူသော မှီရာ၏အဖြစ်မဟုတ်။

မနက္ကာရောဝ၊ နှလုံးသွင်းခြင်းသည်သာလျှင်။ ဟေတု၊ အကြောင်းတည်း။
မနက္ကာရဟေတု၊ နှလုံးသွင်းခြင်းသည်သာလျှင်အကြောင်း။ တေန၊ ထိုနှလုံး
သွင်းခြင်းတည်းဟူသော မနသိကာရအကြောင်းနှင့်။ သဟ၊ တကွ။ ဝတ္တတိ၊
ဖြစ်တတ်၏။ ဣတိ၊ ကြောင့်။ သမနက္ကာရဟေတု၊ သမနက္ကာရဟေတုမည်၏။
တေန၊ ထိုပါဌ်ဖြင့်၊ ဝါ၊ ထိုနှလုံးသွင်းခြင်းတည်းဟူသော မနသိကာရအကြောင်း

နှင့်တကွ ဖြစ်ခြင်းဖြင့်။ အာလောကနိဿိတံ၊ အရောင်အလင်းကို မှီသည်ကို။ ဒဿေတိ၊ ပြ၏။ သမေတေဟီတိ၊ ကား။ သံယုတ္တေဟိ၊ တကွယှဉ်ကုန်သော။ ဧကီဘူတေဟိ၊ တပေါင်းတည်းဖြစ်၍ ဖြစ်ကုန်သော (စပ်မြဲ)။ ဧကာဿပိ၊ တခုသောအကြောင်း၏လည်း။ ဝိရဟေန၊ ကင်းခြင်းဖြင့်။ န ဟောတိ၊ မဖြစ်။ ဣတိ အယံ၊ ကား။ အတ္ထော၊ သမေတေဟိ-ဟူသောပုဒ်၏ အနက်တည်း။

**အာကာသနိဿယေနာတိ**၊ ကား။ ကဏ္ဏစ္ဆိဒ္ဒသင်္ခါတအာကာသနိဿယေန၊ နားပေါက်ဟုဆိုအပ်သော အာကာသဓာတ်တည်းဟူသော မှီရာဖြင့်။ဟိ သစ္စံ၊၏။ တေနေဝ၊ ထိုကြောင့်သာလျှင်။ အဋ္ဌကထာယံ၊ ၌။ န ဟိ ပိဟိတ ။ပ ။ ပဝတ္တတီတိ၊ ဟူ၍။ ဝုတ္တံ၊ မိန့်ဆိုအပ်ပြီ။ (ဟိ သစ္စံ၊ ၏။ ပိဟိတကဏ္ဏစ္ဆိဒ္ဒဿ၊ ပိတ်အပ်သော နားပေါက်ရှိသောပုဂ္ဂိုလ်အား။ သောတဝိညာဏံ၊ သောတဝိညာဉ်သည်။ န ပဝတ္တတိ၊ မဖြစ်။) ပန၊ ယင်းသို့ပင်ဆိုအပ်သော်လည်း။ ဗာဟိရာကာသမ္ပိ၊ အပဉ္စဖြစ်သော အာကာသကိုလည်း။ ဣစ္ဆိတဗ္ဗမေဝ၊ အလိုရှိအပ်သည်သာလျှင်တည်း။ တထာ ဟိ=တတော ဝေ၊ ထိုကြောင့်သာလျှင်။ အဝိဝရေ၊ အပေါက်မရှိသော။ ဂဟေ၊ အိမ်၌။ နိသိဒိတွာ၊ ထိုင်နေ၍။ ဝုစ္စမာနာနံ၊ ပြောဆိုကုန်သော ပုဂ္ဂိုလ်တို့၏။ သဒ္ဒံ၊ အသံကို (ထည့်)။ ဗဟိ၊ အပဉ္စ။ ဌိတာ၊ တည်နေကုန်သောသူတို့သည်။ န သုဏန္တိ၊ မကြားကုန်။ **ဝါယောသန္နိဿယေနာတိ**၊ **ကား**။ နာသိကစ္ဆိဒ္ဒပဝိသနဝါယုသန္နိဿယေန၊ နှာခေါင်းပေါက်သို့ ဝင်သော လေဟုဆိုအပ်သော ဝါယောဓာတ်တည်းဟူသော မှီရာဖြင့်။ **အာပေါသန္နိဿယေနာတိ**၊ ကား။ ခေဠသင်္ခါတအာပေါသန္နိဿယေန၊ တံတွေးဟုဆိုအပ်သော အာပေါဓာတ်တည်းဟူသော မှီရာဖြင့်။ **ပဌဝီသန္နိဿယေနာတိ**[၁]၊ ကား။ ကာယပသာဒဝတ္ထုပဌဝီဓာတုသန္နိဿယေန[၂]၊ ကာယပသာဒ၏ မှီရာအကြောင်းဖြစ်သော ပထဝီဓာတ်တည်းဟူသော မှီရာဖြင့်။ မနောဝိညာဏန္တိ၊ ကား။ ဇဝနမနောဝိညာဏံ၊ ဇောဟူသော မနောဝိညာဉ်သည်။ ဇာယတေ၊ ဖြစ်၏။

၅၁၀-၁၁။ မနော။ ပ ။ **ဝေဒိတဗ္ဗန္တိ**၊ ကား။ အသမ္ဘေဒါ မနဿာတိ ဧတ္ထ၊ အသမ္ဘေဒါ မနဿ-ဟူသော ဤပါဌ်၌။ ဝုတ္တံ၊ဆိုအပ်သော။ ဘဝင်္ဂစိတ္တံ၊ ဘဝင်စိတ်သည်။မနော၊ မနမည်၏။ ဣတိ၊ ဤသို့။ဝေဒိတဗ္ဗံ၊၏။ တံ ပန၊ထိုဘဝင်စိတ်သည် ကား။စုတိဝသေန၊ စုတိ၏အစွမ်းအားဖြင့်။ နိရုဒ္ဓမ္ပိ၊ ချုပ်သော်လည်းကောင်း

---

၁။ (ပထဝီ....ဆဋ္ဌမူ၊ ဝေဒ့ပရိပိ)။

၂။ ဤ၌ "ကာယပသာဒဝတ္ထုဿ ပဌဝီ" စသည်ဖြင့် ဝိဘာတျန္တပုဒ်နှင့် အချို့ပါဌ်ရှိကြ၏။ အဋ္ဌသာလိနီ ပါဌ်နေကိုထောက်၍ ထိုကဲ့သို့ ပါဌ်မရှိစေပဲ ဝတ္ထုပဌဝီ စသည်ဖြင့် တသမတ်တည်း ရှိစေရမည်။

(သမ္ဘိန္နမေဝ-မှာ စပ်)။ ကိရိယစိတ္တဿ[1]၊ မနောဒွါရာဝဇ္ဇန်းဟူသော ကြိယာစိတ်၏။ ပစ္စယဘာဝံ၊ အကြောင်း၏အဖြစ်သို့။ အနုပဂန္တွာ၊ မကပ်ရောက်မူ၍။ ကေဝလံ၊ သက်သက်။ ဘဝင်္ဂပဝတ္တိဝသေန၊ ဘဝင်ဖြစ်ခြင်း၏အစွမ်းအားဖြင့်။ မန္ဒထာမဂတံ၊ နုံ့နွေးသောအစွမ်းသတ္တိရှိသည်။ ဟုတွာ၊ ဖြစ်၍။ ပဝတ္တမာနမ္ပိ၊ ဖြစ်သော်လည်းကောင်း။ သမ္ဘိန္နမေဝ၊ ပျက်စီးသည်သာလျှင်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ ၏။ စတုဝေါကာရေ၊ စတုဝေါကာရဘုံ၌။ အလဗ္ဘနတော၊ မရအပ်သော ကြောင့်။ အယံ၊ ဤ ဝတ္ထုသန္နိဿယေန-ဟူသောပါဌ်သည်။ သဗ္ဗတ္ထ၊ အလုံးစုံသော ဘုံတို့၌၊ ဝါ၊ တို့သို့။ န ဂစ္ဆတိ၊ မရောက်။ တေန၊ ထိုကြောင့်။ ဘဝံ တု ပဉ္စဝေါကာ-ရန္တိအာဒိ၊ ကို။ အာဟ၊ ပြီ။ တတ္ထ၊ ထိုပဉ္စဝေါကာရဟူသောပုဒ်၌။ ဝစနတ္ထော၊ ဝစနတ္ထကို။ ဧဝံ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏(ထည့်)။ ဧတ္ထ၊ ဤဘုံ၌။ ပဉ္စန္နံ၊ ငါးပါးကုန်သော။ ခန္ဓာနံ၊ ခန္ဓာတို့၏။ ဝေါကာရော၊ ပြိုးပြွမ်းဖြစ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ကြောင့်။ ပဉ္စဝေါကာရော၊ ပဉ္စဝေါကာရမည်၏။ ဟိ သစ္စံ၊ ၏။ ဘိန္နာဓိကရဏံ၊ မတူသော အနက်ရှိသော။ အညပဒတ္ထသမာသောပိ၊ ဗဟုဗ္ဗီဟိသမာသ်သည်လည်း။ ဟောတိ၊ ဖြစ်သေး ရှိသေး၏။ ယထာ၊ အဘယ် ဥဒါဟရုဏ်ကဲ့သို့နည်းဟူမူကား။ ဥရသိလောမောတိ ယထာ၊ ဥရသိလောမော-ဟူသော ဥဒါဟရုဏ်ကဲ့သို့တည်း။ အထ ဝါ၊ တနည်းသော်ကား။ ယထာပစ္စယံ၊ အကြောင်းအားလျော်စွာ။ ပဉ္စဟိ၊ ငါးပါးကုန်သော။ ခန္ဓေဟိ၊ ခန္ဓာတို့သည်။ ဝေါကရီယတိ၊ ရောယှက်အပ်၏။ ဣတိ၊ ကြောင့်။ ပဉ္စဝေါကာရော၊ မည်၏။ အတ္ထသောတိ ဧဝမာဒိကံ၊ အတ္ထသော ဤသို့အစရှိသော။ ပဒံ၊ ပုဒ်ကို။ စက္ခာ-ဒီနိ၊ စက္ခုဝိညာဉ်စသည်တို့သည်။ ဒဿနာဒိကိစ္စာနိ၊ မြင်ခြင်းစသော ကိစ္စရှိကုန်၏။ ဣတိ ဧတ္တကမေဝ၊ ဤမျှလောက်ကိုသာလျှင်။ သန္ဓာယ၊ ရည်ရွယ်၍။ ဝုတ္တံ၊ ၏။ အညံ၊ အခြားတပါးသော။ ကဉ္စိ ဝိသေသံ၊ တစုံတခုသောအထူးကို။ သန္ဓာယ၊ ၍။ န ဝုတ္တံ၊ ဆိုအပ်သည်မဟုတ်။ ဣတိ၊ ကြောင့်။ တတ္ထ၊ ထိုအတ္ထ-သော စသောပုဒ်၌။ ဝိနိစ္ဆယော၊ အဆုံးအဖြတ်ကို။ န ဝုတ္တော၊ ငါမဆိုအပ်ပြီ။

၅၁၂-၄။ သဗ္ဗာနီတိ၊ ကား။ ကာမာဝစရာဒိဘေဒံ၊ ကာမာဝစရ စသော အပြားကို။ အနာမသိတွာ၊ မသုံးသပ်မူ၍။ သဗ္ဗာနိ၊ အလုံးစုံကုန်သော (ပဋိ-သန္ဓာဒိစိတ္တာနိ မှာ စပ်)။ ကမ္မန္တိ၊ ကား။ ပဋိသန္ဓိနိဗ္ဗတ္တိကာ၊ ပဋိသန္ဓေကို ဖြစ်စေတတ်သော။ ဥပပဇ္ဇဝေဒနီယဘူတာ ဝါ၊ ဥပပဇ္ဇဝေဒနီယကံ ဖြစ်၍လည်း ဖြစ်သော။ အပရာပရိယဝေဒနီယဘူတာ ဝါ၊ အပရာပရိယဝေဒနီယကံ ဖြစ်၍လည်း ဖြစ်သော။ စေတနာ၊ စေတနာတည်း။ ကမ္မနိမိတ္တန္တိ၊ ကား။ ယံ ဝတ္ထုံ၊ အကြင်ဝတ္ထုကို။ အာရမ္မဏံ ကတွာ၊ အာရုံပြု၍။ အာယူဟနကာလေ၊ အားထုတ်သော

---

၁။ ဤ၌ ကိရိယာနောင် မယပစ္စည်းနှင့် ကိရိယာမယစိတ္တဿ-ဟု ဤဋီကာပါဌ်များ ရှိကြ၏။ မူလဋီကာနှင့်မညီ၍ မသင့်။

အခါ၌။ ကမ္မံ၊ ကံကို။ အာယူဟတိ၊ အားထုတ်၏။ ဒါနောပကရဏာဒိကံ[၁] စ၊
ဒါန၏ အကြောင်းအဆောက်အဦအစရှိသည်လည်းဖြစ်သော။ ပါဏဃာတော-
ပကရဏာဒိကဉ္စ၊ သတ္တဝါသတ်ဖြတ်ခြင်း၏ အကြောင်းအဆောက်အဦ အစရှိ
သည်လည်းဖြစ်သော။ တံ၊ ထိုကံ၏အကြောင်းဖြစ်သော ဝတ္ထုသည်။ ဟောတိ၊
၏။ ဂတိနိမိတ္တန္တိ၊ ကား။ အနန္တရံ[၂]၊ အခြားမဲ့၌။ ဥပပဇ္ဇိတဗ္ဗဘဝပရိယာပန္န-
ဝဏ္ဏာယတနံ၊ ကပ်၍ဖြစ်လတ္တံ့သောဘဝ၌ တွက်ကျုံးဝင်သော ရူပါရုံတည်း။
ပန၊ ဆက်၍ဆိုဦးအံ့။ တံ၊ ထိုဂတိနိမိတ်ရူပါရုံကို (ဒဋ္ဌဗ္ဗံမှာ စပ်)။ သုဂတိယံ၊
သုဂတိဘုံ၌။ မနုဿလောကေ၊ လူ့ပြည်၌။ နိဗ္ဗတ္တန္တဿ၊ ဖြစ်လတ္တံ့သောပုဂ္ဂိုလ်
အား။ ရတ္တကမ္ဗလ[၃] သဒိသမာတုကုစ္ဆိဝဏ္ဏဝသေန စ၊ ကမ္ဗလာနီနှင့်တူသော
အမိဝမ်းရေအဆင်း၏ အစွမ်းအားဖြင့်လည်းကောင်း။ ဒေဝလောကေ၊ နတ်
ပြည်၌။ နိဗ္ဗတ္တန္တဿ၊ ဖြစ်လတ္တံ့သောပုဂ္ဂိုလ်အား။ ဥယျာနကပ္ပရုက္ခဝဏ္ဏဝသေန
စ၊ ဥယျာဉ်, ပဒေသာပင်အဆင်း၏ အစွမ်းအားဖြင့်လည်းကောင်း။ ဒုဂ္ဂတိယံ၊
ဒုဂ္ဂတိဘုံ၌။ နိရယေ[၄]၊ ငရဲ၌။ နိဗ္ဗတ္တန္တဿ၊ အား။ အဂ္ဂိဇာလာဒိဝဏ္ဏဝသေန
စ၊ ငရဲမီးလျှံ စသောအဆင်း၏ အစွမ်းအားဖြင့်လည်းကောင်း။ ပေတတိရစ္ဆာ-
နယောနိသု၊ ပြိတ္တာဘုံ, တိရစ္ဆာန်ဘုံတို့၌။ နိဗ္ဗတ္တန္တဿ၊ အား (လိုက်)။ ပေတ-
တိရစ္ဆာနာနံ၊ ပြိတ္တာ, တိရစ္ဆာန်တို့၏။ နိဗဒ္ဓသဉ္စရဏဋ္ဌာနပရိယာပန္နဝဏ္ဏဝသေန
စ၊ အမြဲလှည့်လည်သွားလာရာဖြစ်သောအရပ်၌ တွက်ကျုံးဝင်သော အဆင်း၏
အစွမ်းအားဖြင့်လည်းကောင်း။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

**တိဝိဓန္တိ** ဣဒံ၊ တိဝိဓံ-ဟူသော ဤစကားကို။ ယထာသမ္ဘဝဝသေန၊ ဖြစ်
သင့်သည်အားလျော်သည်၏ အစွမ်းအားဖြင့်။ ဝုတ္တံ၊ ၏။ ပန၊ ယင်းသို့ပင်
ဆိုအပ်သော်လည်း။ ရူပါရူပသမ္မူဠှီနံ၊ ရုပ်, နာမ်နှင့်စပ်သော ပဋိသန္ဓေစိတ်တို့၏။
ကမ္မနိမိတ္တမေဝ၊ ကမ္မနိမိတ်သည်ပင်လျှင်။ အာရမ္မဏံ၊ အာရုံသည်။ ဟောတိ၊
၏။ တထာ ဟိ=တတော ဧဝ၊ ထိုကြောင့်သာလျှင်။ မဟဂ္ဂတဝိပါကာနိ၊
မဟဂ္ဂုတ်ဝိပါက်စိတ်တို့ကို။ ဧကန္တေန၊ စင်စစ်အားဖြင့်။ ကမ္မသဒိသာလမ္ဗနာနိ၊
ကံနှင့်တူသော အာရုံရှိကုန်၏ဟူ၍။ ဝုတ္တာနိ၊ ဆိုအပ်ကုန်၏။

**ပစ္စုပ္ပန္နမတီတံ ဝါတိ**၊ ကား။ ခဏဝသေန၊ ခဏ၏အစွမ်းအားဖြင့်။ ပစ္စုပ္ပန္နံ
ဝါ၊ ပစ္စုပ္ပန်အာရုံသည်လည်းကောင်း။ အတီတံ ဝါ၊ အတိတ်အာရုံသည်လည်း
ကောင်း။ ဟောတိ၊ ၏။ တတ္ထ ဝစနေ၊ ၌။ ဂတိနိမိတ္တံ၊ ဂတိနိမိတ်အာရုံသည်။

---

၁။ (ဒါနူပကရဏာဒိကံ-ဆဋ္ဌမူ)။
၂။ ဤ၌ ဘဝဘပါးဟော ဘဝန္တရပုဒ်နှင့် ပါဠိရှိကြ၏။ မသင့်။ အခြားမဲ့ဟော
အနန္တရပုဒ်နှင့်သာ ပါဠိရှိစေရမည်။
၃။ (ကမ္ဗလ............ဆဋ္ဌမူ)။
၄။ ဤ၌ စာများမှာ ဒုဂ္ဂတိယံ-နောင် နိရယေ-ပုဒ် မရှိကြ။ ရှိမှ သင့်မည်။

ကေန္တေန၊ အားဖြင့်။ ပစ္စုပ္ပန္နမေဝ၊ ပစ္စုပ္ပန်သည်သာလျှင်။ ဟောတိ၊ ၏။ ကမ္မနိ-မိတ္တံ၊ ကမ္မနိမိတ်အာရုံသည်။ပစ္စုပ္ပန္နံ ဝါ၊ သည်လည်းကောင်း။ အတီတံ ဝါ၊ သည်လည်းကောင်း။ ဟောတိ၊ ၏။ ကမ္မံ ပန၊ ကံအာရုံသည်ကား။ အတီတမေဝ၊ အတိတ်သာလျှင်။ ဟောတိ၊ ၏။ အနာဂတာရမ္မဏံ ပန၊ အနာဂတ်အာရုံသည် ကား။ ပစ္စုပ္ပန္နကမ္မနိမိတ္တဂတိနိမိတ္တံ ဝိယ၊ပစ္စုပ္ပန်ဖြစ်သော ကမ္မနိမိတ် ဂတိနိမိတ် ကဲ့သို့။ အနာပါတဂတတ္တာ စ၊ ထင်ခြင်းသို့ မရောက်သည်၏ အဖြစ်ကြောင့်လည်း ကောင်း။ အတီတကမ္မကမ္မနိမိတ္တံ ဝိယ၊ အတိတ်ဖြစ်သော ကံ, ကမ္မနိမိတ်ကဲ့သို့။ အနနုဘူတတ္တာ စ၊ မခံစားဖူးသည်၏၊ ဝါ၊ ရှေး၌ မဖြစ်ဖူးသည်၏ အဖြစ် ကြောင့်လည်းကောင်း။ ဝိဘူတံ၊ ထင်ရှားသည်။ ဟုတ္វာ၊ ဖြစ်၍။ နောပတိ-ဋ္ဌာတိ၊ မတည်၊ ဝါ၊ မထင်။ ဣတိ၊ ကြောင့်။ အတီသန္တဘာဝေန၊ အလွန် ငြိမ်သက်သည်၏အဖြစ်ဖြင့်။ ပဝတ္တမာနာ၊ ဖြစ်သော။ ပဋိသန္ဓိ၊ ပဋိသန္ဓေသည်။ တံ၊ ထိုအနာဂတ်အာရုံကို။ အာရဗ္ဘ၊ အာရုံပြု၍။ ပဝတ္တိတုံ၊ ဖြစ်ခြင်းငှါ။ န သက္ကောတိ၊ မစွမ်းနိုင်။ ဣတိ၊ ကြောင့်။ နတ္ထိ အနာဂတာရမ္မဏာ၊ ဟူ၍။ ဝုတ္တံ၊ ပြီ။ မဟဂ္ဂတပဋိသန္ဓီနံ၊ မဟဂ္ဂုတ် ပဋိသန္ဓေတို့၏။ ဧကန္တေန၊ အားဖြင့်။ ကမ္မသဒိသာရမ္မဏာဘာဝေန၊ ကံနှင့်တူသော အာရုံရှိသည်၏ အဖြစ်ဖြင့်။ ကမ္မဿ ဝိယ၊ ကံ၏ကဲ့သို့။ အတီတနဝတ္တဗ္ဗာရမ္မဏတ္တာ၊ အတိတ်နှင့်ပညတ်လျှင် အာရုံရှိသည်၏ အဖြစ်ကြောင့်။ တာသံ၊ ထိုမဟဂ္ဂုတ်ပဋိသန္ဓေတို့အား၊ဝါ၊ တို့၏။ ဝိသုံ၊ အသီးအခြား။ အာရမ္မဏံ၊ အာရုံကို။ န ဥဒ္ဓဋံ၊ မထုတ်အပ်။ တတ္ထ၊ ထိုမဟဂ္ဂုတ်ပဋိသန္ဓေတို့တွင်။ ဒုတိယစတုတ္ထာရုပ္ပပဋိသန္ဓီနံ၊ ဒုတိယာရုပ္ပ ပဋိသန္ဓေ, စတုတ္ထာရုပ္ပပဋိသန္ဓေတို့၏။ အတီတမေဝ၊ အတိတ်သာလျှင်ဖြစ် သော။ အာရမ္မဏံ၊ အာရုံသည်။ ဟောတိ၊ ၏။ ဣတရာသံ၊ ကြွင်းသော မဟဂ္ဂုတ်ပဋိသန္ဓေတို့၏။ နဝတ္တဗ္ဗံ၊ ပညတ်အာရုံသည်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

၅၁၇–၂၀။ မဟာဝိပါကာနံ၊ မဟာဝိပါက်စိတ်တို့၏။ ပဋိသန္ဓာဒိစတုကိစ္စ-ဝသေန၊ ပဋိသန္ဓေစသော လေးပါးသောကိစ္စတို့၏ အစွမ်းအားဖြင့်။ ပဝတ္တန-တော၊ ဖြစ်ခြင်းကြောင့်။ ရူပါရူပဘဝေ၊ ရူပဘုံ, အရူပဘုံ၌။ ပဋိသန္ဓိဘဝင်-စုတိဝသေန၊ ပဋိသန္ဓေ, ဘဝင်, စုတိတို့၏အစွမ်းအားဖြင့်။ တံတံဝိပါကသောဝ၊ ထိုထိုဝိပါက်၏သာလျှင်။ ပဝတ္တိတော၊ ဖြစ်ခြင်းကြောင့်။ တဒါရမ္မဏဿ စ၊ တဒါရုံ၏လည်း။ အဘာဝေန၊ မရှိခြင်းဖြင့်။ တတ္ထ၊ ထိုရူပဘုံ, အရူပဘုံတို့၌။ န လဗ္ဘတိ၊ မရအပ်။ ဣတိ၊ ကြောင့်။ မဟာပါကာ ။ပ။ ဒွယေတိ၊ ဟူ၍။ အာဟ၊ ပြီ။

အနိဋ္ဌရူပါနံ၊ အနိဋ္ဌဖြစ်သော ရူပါရုံတို့၏။ ဗြဟ္မလောကေ၊ ဗြဟ္မာ့ဘုံ၌။ အသမ္ဘဝေပိ၊ မဖြစ်သင့်သော်လည်း။ တတ္ထ၊ ထိုဗြဟ္မာ့ဘုံ၌။ ဌတွာ၊ တည်နေ၍။

ဠမ၊ ဤလူ့ဘုံ၌။ အနိဋ္ဌာရမ္မဏံ၊ အနိဋ္ဌဖြစ်သော ရူပါရုံကို။ ပဿန္တာနံ၊ ရှုမြင်ရကုန်သော ဗြဟ္မာတို့အား။ အကုသလဝိပါကာနိ၊ အကုသလဝိပါက်စိတ်တို့သည်။ န ဥပ္ပဇ္ဇန္တိ၊ မဖြစ်ကုန်။ ဣတိ၊ ဤသို့။ န ဝတ္တဗ္ဗံ၊ မဆိုသင့် မဆိုထိုက်။ ဣတိ၊ ကြောင့်။ ရူပဘဝေပိ၊ ရူပဘုံ၌လည်း။ သန္တီရဏတ္တယံ၊ သန္တီရဏသုံးခု အပေါင်းကို။ ဝုတ္တံ၊ ဆိုအပ်၏။ ဟိ သစ္စံ၊ ၏။ အဘိဓမ္မတ္ထသင်္ဂဟာသစ္စသင်္ခေပါ-ဒီသုပိ၊ အဘိဓမ္မတ္ထသင်္ဂဟကျမ်း, သစ္စသံခိပ်ကျမ်း စသည်တို့၌လည်း။ ဣမိနာဝ အဓိပ္ပါယေန၊ ဤဆိုအပ်ခဲ့ပြီးသော အလိုအားဖြင့်သာလျှင်။ ရူပလောကေ၌။ အကုသလဝိပါကပ္ပဝတ္တိ၊ အကုသလဝိပါက်ဖြစ်ခြင်းကို။ ဒဿိတာ၊ ပြအပ်၏။ အပရေ ပန၊ တပါးသောဆရာတို့သည်ကား။ ကာမဘဝေ၊ ကာမဘုံ၌။ သန္တီရဏတ္တယံ၊ သည်။ ဟောတိ၊ ၏။ ရူပဘဝေ၊ ၌။ သန္တီရဏဒွယံ၊ သန္တီရဏနှစ်ခု အပေါင်းသည်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့။ ယထာလာဘဝသေန၊ ရအပ်ရထိုက် ရသင့်သည်အားလျော်သည်၏ အစွမ်းအားဖြင့်။ ယောဇေတဗ္ဗံ၊ ယှဉ်အပ်၏။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ဆိုကြကုန်၏။

ကဒါစိပီတိ၊ ကား။ ပရိတ္တာရမ္မဏေသု၊ ကာမအာရုံတို့၌။ ပရိတ္တဇဝနာနံ၊ ကာမဇောတို့၏။ ဥပ္ပါဒေပိ၊ ဖြစ်ခြင်း၌လည်း (နပတ္တတိ-မှာ စပ်)။ ဗီဇဿာ-ဘာဝတောတိ ဣမိနာ၊ ဗီဇဿာဘာဝတော ဟူသော ဤပါဌ်ဖြင့်။ ရူပါရူပဘဝ-ဒွယေ၊ရူပ,အရူပဘုံ နှစ်ခုအပေါင်း၌။ တဒါရမ္မဏာဘာဝဿ၊ တဒါရုံမရှိခြင်း၏။ ကာရဏံ၊ အကြောင်းကို။ ဝတွာ၊ ဆို၍။ တမေဝ၊ ထိုအကြောင်းကိုပင်လျှင်။ ပကာသေတုံ၊ ထင်ရှားပြခြင်းငှါ။ ပဋိသန္ဓိဗီဇန္တိအာဒိ၊ ကို။ ဝုတ္တံ၊ ပြီ။ ပဋိသန္ဓိ-ယေဝ၊ ပဋိသန္ဓေသည်သာလျှင်။ ဗီဇဘူတံ၊ မျိုးစေ့ဖြစ်၍ဖြစ်သည်တည်း။ ဣတိ၊ ကြောင့်။ ပဋိသန္ဓိဗီဇံ၊ ပဋိသန္ဓိဗီဇမည်၏။ တဿာတိ၊ ကား။ တဒါရမ္မ-ဏဿ၊ တဒါရုံကို (ဇနကံ-မှာ စပ်)။

၅၂၁။ ယဒိ ဧဝံ၊ ယင်းသို့ဖြစ်သည်ရှိသော်။ စက္ခုဝိညာဏာဒီနမ္ပိ၊ တို့၏လည်း။ ကာမာဝစရပဋိသန္ဓိဗီဇတ္တာ၊ ကာမာဝစရပဋိသန္ဓေမျိုးစေ့ရှိသည်၏ အဖြစ်ကြောင့်။ တတ္ထ၊ ထိုရူပဘုံ၌။ အဘာဝေါ၊ မရှိခြင်းသည်။ အာပဇ္ဇတိ၊ ဖြစ်၏။ ဣတိ စောဒေန္တော၊ ဤသို့စောဒနာလိုသည်ဖြစ်၍။ စက္ခုဝိညာဏာဒီ-နန္တိအာဒိ၊ ကို။ အာဟ၊ ပြီ။

ဣန္ဒြိယာနန္တိ၊ ကား။ စက္ခုဝိညာဏာဒီနံ၊ တို့၏။ ဝတ္ထုဒွါရဘူတာနံ၊ ဝတ္ထုဒွါရဖြစ်၍ဖြစ်ကုန်သော။ စက္ခာဒီနံ၊ စက္ခုအစရှိကုန်သော။ ဣန္ဒြိယာနံ၊ ဣန္ဒြေတို့၏။ ပဝတ္တာနုဘာဝတောတိ၊ ကား။ တေသံ၊ ထိုစက္ခုစသော ဣန္ဒြေတို့၏။ တတ္ထ၊ ထိုရူပဘုံ၌။ အတ္ထိတာနုဘာဝတော၊ ရှိသောအဖြစ်၏၊ဝါ၊ ရှိသော

အဖြစ်ဟုဆိုအပ်သော အာနုဘော်ကြောင့်။ ဟိ သစ္စံ၊ ၏။ အယံ၊ ဤဆိုလတ္တံ့သည်ကား။ ဧတ္ထ၊ ဤအရာ၌။ အဓိပ္ပါယော၊ အဓိပ္ပါယ်တည်း–စက္ခုသောတဝိညာဏာနံ၊ စက္ခုဝိညာဉ်, သောတဝိညာဉ်တို့၏။ ဝတ္ထုဘူတာနိ၊ ဝတ္ထုဖြစ်၍ဖြစ်ကုန်သော။ စက္ခုသောတိန္ဒြိယာနိ၊ စက္ခုန္ဒြေ, သောတိန္ဒြေ တို့သည်။ တတ္ထ၊ ထိုရူပဘုံ၌။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ကြောင့်။ တေသံ၊ ထိုစက္ခုန္ဒြေ,သောတိန္ဒြေတို့၏။ ပဝတ္တိအာနုဘာဝတော၊ ဖြစ်ခြင်း၏ အာနုဘော်ကြောင့်။ စက္ခုသောတဝိညာဏာနိ၊ တို့သည်။ ပဝတ္တန္တိ၊ ကုန်၏။ တေသံ၊ ထိုစက္ခုဝိညာဉ်, သောတဝိညာဉ်တို့၏။ ပဝတ္တိယံ၊ ဖြစ်ခြင်းသည်။ သတိ စ၊ ရှိသော်ကား။ ဝီထိစိတ္တုပ္ပါဒေါ၊ ဝီထိစိတ်၏ဖြစ်ခြင်းသည်။ နိယတော၊ မြဲ၏။ ဣတိ၊ ကြောင့်။ စက္ခုဝိညာဏာဒီနံ ဝိယ၊ တို့၏ကဲ့သို့။ သမ္ပဋိစ္ဆနသန္တီရဏာနမ္ပိ၊ တို့၏လည်း။ တတ္ထ၊ ထိုရူပဘုံ၌။ သမ္ဘဝေါ၊ ဖြစ်သင့်ခြင်းသည်။ သိဒ္ဓေါ၊ ပြီး၏။ ဣတိ အယံ၊ ကား။ အဓိပ္ပါယော၊ တည်း။

၅၂၃–၄။ အကာမာဝစရဓမ္မေတိ၊ ကား။ ကာမာဝစရဓမ္မတော၊ ကာမာဝစရတရားမှ။ အညေ၊ အခြားတပါးကုန်သော။ မဟဂ္ဂတလောကုတ္တရဓမ္မေ၊ မဟဂ္ဂုတ်, လောကုတ္တရာတရားတို့သို့။ နာနုဗန္ဓတီတိ၊ ကား။ နာနုဝတ္တတိ၊ အစဉ်မလိုက်။ ဇနကံ ။ပ။ အနုဗန္ဓတီတိ၊ ကား။ ဂေဟတော၊ အိမ်မှ။ နိက္ခမိတွာ၊ ထွက်၍။ ဗဟိဂန္တုကာမော၊ အပသို့သွားလိုသော။ တရုဏဒါရကော၊ သူငယ်ကလေးသည်။ အတ္တနော၊ မိမိ၏။ ဇနကံ ပိတရံ ဝါ၊ အဖရင်းကိုသော်လည်းကောင်း။ အညံ၊ အခြားတပါးသော။ ပိတုသဒိသံ ဝါ၊ အဖနှင့်တူသောသူကိုသော်လည်းကောင်း။ ဟိတကာမံ၊ အစီးအပွါးကို လိုလားသော။ ဉာတိံ ဝါ၊ ဆွေမျိုးကိုသော်လည်းကောင်း။ အင်္ဂုလိယံ၊ လက်ချောင်း၌။ ဂဟေတွာ၊ ဆွဲကိုင်၍။ အနုဗန္ဓတိ ယထာ၊ အစဉ်လိုက်သကဲ့သို့။ အညံ၊ သော။ ရာဇပုရိသာဒိံ၊ မင်းချင်းယောကျ်ားစသော သူနောက်သို့။ န အနုဗန္ဓတိ ယထာ၊ အစဉ်မလိုက်သကဲ့သို့။ တထာ၊ ထိုအတူ။ ဧတမ္ပိ၊ ဤတဒါရုံစိတ်သည်လည်း (အနုဗန္ဓတိမှာ စပ်)။ ဘဝင်္ဂါရမ္မဏတော၊ ဘဝင်၏အာရုံမှ။ ဗဟိ၊ အပသို့။ နိက္ခမိတုကာမံ၊ ထွက်လိုသည်ရှိသော်။ သဘာဂတာယ၊ သဘောတူသည့်၏ အဖြစ်ကြောင့်။ အတ္တနော၊ မိမိကို။ ဇနကံ၊ ဖြစ်စေတတ်သော။ ပဌမကုသလာဒိကံ ဝါ၊ ပဌမကုသိုလ်အစရှိသည်လည်းဖြစ်သော။ သဒိသံ၊ ပဌမကုသိုလ်စသည်နှင့်တူသော။ ဒုတိယကုသလာဒိံ ဝါ၊ ဒုတိယကုသိုလ်အစရှိသည်လည်းဖြစ်သော။ ကာမာဝစရဇဝနမေဝ၊ ကာမာဝစရဇောနောက်သို့သာလျှင်။ အနုဗန္ဓတိ၊ အစဉ်လိုက်၏။ အညံ၊ သော။ မဟဂ္ဂတလောကုတ္တရံ၊ မဟဂ္ဂုတ်ဇော, လောကုတ္တရာဇော နောက်သို့။ န အနုဗန္ဓတိ၊ အစဉ်မလိုက်။ ဣတိ အယံ၊ ကား။ ဧတ္ထ၊ ဤအရာ၌။ အတ္ထော၊ အနက်တည်း။

ကုသလာကုသလာဒိန္တိ စတွေ၊ ၌။ အာဒိ-ဂ္ဂဟဏေန၊ အာဒိ-သဒ္ဒါဖြင့်။ ကိရိ-ယာဗျာကတံ၊ ကြိယာ အဗျာကတဇောကို။ သင်္ဂဏှာတိ၊ သိမ်းသွင်း ရေတွက်၏။ အာနန္တရာစရိယော ပန၊ အရှင်အာနန္ဒာဆရာသည်ကား (န ဣစ္ဆတိ မှာစပ်)။ ပဋ္ဌာနေ၊ ပဋ္ဌာန်းပါဠိတော်၌။ ကုသလာကုသလေ၊ ကုသိုလ် အကုသိုလ်သည်။ နိရုဒ္ဓေ၊ ချုပ်ပြီးသည်ရှိသော်။ ဝိပါကော၊ ဝိပါက်သည်။ တဒါရမ္မဏတာ=တဒါရမ္မဏတာယ၊ တဒါရုံ၏ အဖြစ်ဖြင့်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝိပါက-ဓမ္မဓမ္မာနမေဝ၊ အကျိုးပေးခြင်းသဘောရှိသော ကုသိုလ် အကုသိုလ်ဇောတို့၏သာလျှင်။ အနန္တရံ၊ အခြားမဲ့၌။ တဒါရမ္မဏံ၊ ကို။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ဟိ သစ္စံ၊ ၏။ ဝိပ္ပါရဝန္တံ၊ ပျံ့နှံ့ခြင်းရှိသော။ ဇဝနံ၊ ဇောနောက်သို့ (အနုဗန္ဓတိ မှာစပ်)။ နဒီသောတော၊ မြစ်ရေအယဉ်သည်။ နာဝံ၊ လှေသို့။ အနုဗန္ဓတိ ဝိယ၊ အစဉ်လိုက်သကဲ့သို့။ ဘဝင်္ဂ၊ ဘဝင်သည်။ အနုဗန္ဓတိ၊ အစဉ်လိုက်၏။ ဆဋ္ဌင်္ဂု-ပေက္ခာဝတော၊ ဆဋ္ဌင်္ဂုပေက္ခာနှင့် ပြည့်စုံသော ရဟန္တာပုဂ္ဂိုလ်၏။ သန္တဝုတ္တိ ¹၊ ငြိမ်သက်သောဖြစ်ခြင်းရှိသော။ ကိရိယာဇဝနံ၊ ကြိယာဇောနောက်သို့။ ဘဝင်္ဂ၊ သည်။ န ပန အနုဗန္ဓတိ၊ အစဉ်မလိုက်။ ကိမိဝ၊ ဥပမာ အဘယ်ကဲ့သို့နည်း ဟူမူကား။ နဒီသောတော၊ သည်။ ပဏ္ဏပုဋံ၊ သစ်ရွက်ထုပ်သို့။ န အနုဗန္ဓတိ ဝိယ၊ အစဉ်မလိုက်သကဲ့သို့တည်း။ ဣတိ၊ ကြောင့်။ ကိရိယာဇဝနာနန္တရံ၊ ကြိယာဇော၏ အခြားမဲ့၌။ တဒါရမ္မဏံ၊ ကို။ န ဣစ္ဆတိ၊ အလိုရှိတော်မမူ။ အာစရိယဇောတိ-ပါလတ္ထေရာဒယော ပန၊ ဆရာဖြစ်သော ဇောတိပါလမထေရ် စသော ပုဂ္ဂိုလ်တို့သည်ကား။ လဒ္ဓမာနသာပိ၊ ရအပ်ရထိုက်သော တရားကိုလည်း။ ကေနစိ အဓိပ္ပါယေန၊ တစုံတခုသော အလိုတော်ဖြင့်။ ကတ္ထစိ၊ အချို့သောအရာ၌။ အဝစနံ၊ ဟောတော်မမူခြင်းသည်၊ ဝါ၊ ကို။ ဒိဿတိ၊ ထင်၏၊ ဝါ၊ တွေ့မြင်အပ်၏။ ယထာ တံ၊ ဥပမာ အဘယ်ကဲ့သို့နည်း ဟူမူကား။ ဓမ္မသင်္ဂဟေ၊ ဓမ္မ-သင်္ဂဏီပါဠိတော်၌။ အကုသလနိဒ္ဒေသေ၊ အကုသလနိဒ္ဒေသ၌။ လဗ္ဘမာနောပိ၊ ရအပ်ရထိုက်သည်လည်းဖြစ်သော။ အဓိပတိ၊ အဓိပတိကို။ န ဝုတ္တော၊ ဟော တော်မမူအပ်။ တသ္မာ၊ ကြောင့်။ အဗျာကတာနန္တရမ္ပိ၊ အဗျာကတ၏ အခြားမဲ့၌လည်း။ တဒါရမ္မဏံ၊ ကို။ ယဒိ ဝုစ္စေယျ၊ အကယ်၍ဟောအပ်ငြားအံ့။ တဒါ၊ ထိုအခါ၌။ ဝေါဋ္ဌပနာနန္တရမ္ပိ၊ ဝုဋ္ဌော၏အခြားမဲ့၌လည်း။ တဿ၊ ထိုတဒါရုံ၏၊ ပဝတ္တိ ¹၊ ဖြစ်ခြင်းကို။ မဉ္ဇေယျုံ၊ မှတ်ထင်ကုန်ရာ၏။ ဣတိ၊ ကြောင့်။ ကိရိယာ-ဇဝနာနန္တရံ၊ ၌။ တဒါရမ္မဏံ၊ ကို။ န ဝုတ္တံ၊ ဟောတော်မမူအပ်။ အလဗ္ဘမာန-တော၊ မရအပ်သောကြောင့်။ န ပန န ဝုတ္တံ၊ ဟောတော်မမူအပ်သည်ကား မဟုတ်။ စ၊ ဆက်၍ ဆိုဦးအံ့။ စတွေ၊ ဤအရာ၌။ ယံ ပဏ္ဏပုဋံ၊ အကြင်သစ်ရွက်

---

၁။ ဤ၌ သန္တဝုတ္တိကိရိယာဇဝနံ-ဟု တသမတ်ဘည်း ပါဌ်ရှိကြ၏။ မူလဋီကာနှင့်မညီ၍ ထိုကဲ့သို့ ပါဌ်မရှိသင့်။

ထုပ်ကို။ နိဒဿိတံ၊ ဥပမာနအဖြစ်ဖြင့် ညွှန်းပြအပ်၏။ တံ၊ ထိုသို့ ဥပမာနအဖြစ်ဖြင့် ညွှန်းပြအပ်သော သစ်ရွက်ထုပ်သည်။ နိဒဿိတဗ္ဗေန၊ ညွှန်းပြအပ်သော ဥပမေယျဖြစ်သော ဇောနှင့်။ သမာနံ၊ တူသည်။ န ဟောတိ၊ မဖြစ်။ ဟိ သစ္စံ၊ ၏။ နာဝါပဏ္ဏပုဋ္ဌာနံ၊ လှေ, သစ်ရွက်ထုပ်တို့ကို၊ ဝါ၊ တို့သို့။ နဒီသောတသာ၊ မြစ်ရေအယဉ်၏။ အာဝဋ္ဋနံ စ၊ လည်ခြင်းသည်လည်းကောင်း။ ဂတိ စ၊ လိုက်ခြင်းသည် လည်းကောင်း။ ဝိသဒိသီ၊ မတူ။ ဣတိ၊ ကြောင့်။ နာဝါယ၊ လှေသို့၊ ဝါ၊ ကို။ နဒီသောတသာ၊ ၏။ အနုဗန္ဓနံ စ၊ အစဉ်လိုက်ခြင်းသည်လည်းကောင်း၊ ဝါ၊ အစဉ်ဖွဲ့ခြင်းသည်လည်းကောင်း။ ပဏ္ဏပုဋ္ဌဿ၊ သို့၊ ဝါ၊ ကို။ အနနုဗန္ဓနဉ္စ၊ အစဉ်မလိုက်ခြင်းသည် လည်းကောင်း၊ ဝါ၊ အစဉ်မဖွဲ့ခြင်းသည် လည်းကောင်း။ ယုဇ္ဇတိ၊ သင့်၏။ ဣဓ ပန၊ ဤအရာ၌ကား။ ကိရိယာဇဝနေတရဇဝနာနံ၊ ကြိယာဇော, ဤကြိယာဇောမှ တပါးသော ဇောတို့ကို၊ ဝါ၊ တို့သို့။ ဘဝင်္ဂသောတသာ၊ ဘဝင်အယဉ်၏။ အာဝဋ္ဋနံ စ၊ လည်ခြင်းသည်လည်းကောင်း။ ဂတိ စ၊ လိုက်ခြင်းသည် လည်းကောင်း၊ သဒိသီ၊ တူ၏။ ဣတိ၊ ကြောင့်။ ဇေတဿ၊ ဤကြိယာဇောသို့၊ ဝါ၊ ကို။ အနနုဗန္ဓနဉ္စ၊ အစဉ်မလိုက်ခြင်းသည် လည်းကောင်း၊ ဝါ၊ အစဉ်မဖွဲ့ခြင်းသည် လည်းကောင်း။ ဣတရဿ၊ ဤကြိယာဇောမှတပါးသော ကုသိုလ် အကုသိုလ်ဇောသို့၊ ဝါ၊ ကို။ အနုဗန္ဓနဉ္စ၊ အစဉ်လိုက်ခြင်းသည်လည်းကောင်း၊ ဝါ၊ အစဉ်ဖွဲ့ခြင်းသည် လည်းကောင်း။ န ယုဇ္ဇတိ၊ မသင့်။ တသ္မာ၊ ကြောင့်။ ဇေတံ၊ ဤမူလဋီကာဆရာ၏ စကားကို။ ဝိစာရေတဗ္ဗမေဝ၊ စူးစမ်း ဆင်ခြင်အပ်သည်သာလျှင်တည်း။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ဆိုကြကုန်၏။

၅၂၅-၆။ စ၊ ဆက်၍ဆိုဦးအံ့။ ဇေတံ၊ ဤတဒါရုံသည်။ မဟဂ္ဂတလောကုတ္တရဓမ္မေ၊ မဟဂ္ဂုတ်, လောကုတ္တရာတရားတို့သို့။ နာနုဝတ္တတိ ယထာ၊ မလိုက်သကဲ့သို့။ တထာ၊ ထိုအတူ။ ယဒါ၊ အကြင်အခါ၌။ ဧတေ ကာမာဝစရဓမ္မာပိ၊ ဤ ကာမာဝစရ တရားတို့သည်လည်း။ မဟဂ္ဂတာနုတ္တရဓမ္မာရမ္မဏာ၊ မဟဂ္ဂုတ်, လောကုတ္တရာတရားလျှင် အာရုံရှိကုန်သည်။ ဟုတွာ၊ ဖြစ်ကုန်၍။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ တဒါ၊ ထိုအခါ၌။ တေပိ၊ ထို ကာမာဝစရတရားတို့သို့လည်း။ နာနုဗန္ဓတိ၊ အစဉ်မလိုက်။ ဣတိ၊ ကြောင့်။ **ကာမာဝစရဓမ္မာပိတိအာဒိ၊** ကို။ အာဟ၊ ပြီ။

စ၊ ဆက်၍ဆိုဦးအံ့။ ဧတ္ထ၊ ဤအရာ၌။ မဟဂ္ဂတာဂ္ဂဟဏေန၊ မဟဂ္ဂတ-သဒ္ဒါဖြင့်။ လောကုတ္တရနမ္ပိ၊ လောကုတ္တရာတရားတို့ကိုလည်း။ သင်္ဂဟော၊ သိမ်းသွင်းရေတွက်ခြင်းကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ **တေ စာပီတိ** ဧတ္ထ၊ ၌။ စ-သဒ္ဒေန၊ စ-သဒ္ဒါဖြင့်။ လောကုတ္တရာရမ္မဏာနံ၊ လောကုတ္တရာ အာရုံတို့ကို။ ဂဟဏံ၊ ယူခြင်းသည်။ ဟောတိ၊ ၏။ ကသ္မာ၊ အဘယ်ကြောင့်။ နာနုဗန္ဓတိ။ အစဉ်မလိုက်

သနည်း။ ဣတိ စေဒိတပ္ပတော၊ ဤသို့ စောဒနာဖွယ်ရှိသောကြောင့်။ ပရိတ္တာရမ္မဏတ္တာတိအာဒိ၊ ကို။ အာဟ၊ ပြီ။ ပရိတ္တာရမ္မဏတ္တာတိ၊ ကား။ ဟေတ္ထ၊ အောက်၌။ ဝုတ္တနယေန၊ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ ကာမာဝစရ-ဝိပါကာနံ၊ ကာမာဝစရဝိပါက်စိတ်တို့၏။ ကေဠဿန၊ စင်စစ်အားဖြင့်။ ပရိတ္တာ-ရမ္မဏတ္တာ၊ ကာမအာရုံလျှင် အာရုံရှိသည်၏ အဖြစ်ကြောင့်။ တထာပရိစိတတ္တာ-တိ၊ ကား။ ဇဝနံ၊ ဇောသည်။ ပရိစိတံ ယထာ၊ လေ့ကျက်သကဲ့သို့။ ဧဝံ တထာ၊ ထိုအတူ။ အပရိစိတတ္တာ၊ အလေ့အကျက်မရှိသည်၏ အဖြစ်ကြောင့်။ ဣဒံ အယံ အမိပ္ပါယော၊ ဤသို့သော အဓိပ္ပါယ်ကို။ ဝုတ္တံ ဝုတ္တော၊ ဆိုလိုသည်။ ဟောတိ၊ ၏။ ဟိ၊ ထိုစကားကို ပမာအားဖြင့် ထင်ရှားပြဦးအံ့။ ပိတရံ ဝါ၊ အဖရင်းလည်းဖြစ်သော။ ပိတုသဒိသံ ဝါ၊ အဖရင်းနှင့်တူသည်လည်းဖြစ်သော။ ကဥ္စိ၊ တစုံတယောက်သော သူနောက်သို့။ အနုဗန္ဓန္တော၊ အစဉ်လိုက်သော။ သော တရုဏဒါရကော၊ ထိုသူငယ်ကလေးသည်။ ဃရဒွါရန္တရဝီထိစတုက္ကာဒိမှ၊ အိမ်တံခါး၊ ရွာတွင်းလမ်းခရီး၊ ခရီးလေးဆုံ အစရှိသော။ ပရိစိတေယေဝ၊ လေ့ကျက်အပ်သည်သာလျှင် ဖြစ်သော။ ဒေသေ၊ အရပ်ဒေသ၌။ အနုဂစ္ဆတိ ယထာ၊ အစဉ်လိုက်သကဲ့သို့။ အရညံ ဝါ၊ တောသို့သော်လည်းကောင်း။ ရဏ္ဍသ-ဘူမိံ ဝါ၊ ရက်ခွဲ့သဘီလူးတို့နေရာအရပ်သို့ သော်လည်းကောင်း။ ဂစ္ဆန္တံ၊ သွားသော အဖ စသောသူနောက်သို့။ န အနုဂစ္ဆတိ ယထာ၊ အစဉ်မလိုက်သကဲ့သို့ လည်းကောင်း။ ဧဝံ တထာ၊ ထိုအတူ။ ကာမာဝစရမေဝ၊ တို့သို့။ အနုဗန္ဓမ္ပိ၊ အစဉ်လိုက်သော တဒါရုံသည်လည်း။ ပရိတ္တမ္ပိ၊ ကာမဘုံဖြစ်သော။ ပရိစိတေ-ယေဝ၊ လေ့ကျက်အပ်သည်သာလျှင်ဖြစ်သော။ ဒေသေ၊အရပ်၌။ ပဝတ္တမာနေ၊ ဖြစ်ကုန်သော။ တေ မမေဝ၊ ထိုကာမာဝစရတရားတို့သို့။ အနုဗန္ဓတိ၊ အစဉ် လိုက်၏။ မဟဂ္ဂတလောကုတ္တရမေဝ၊ မဟဂ္ဂုတ်, လောကုတ္တရာတရားတို့ကို။ အာရဗ္ဘ၊ အာရုံပြု၍။ ပဝတ္တမာနေ၊ ဖြစ်သော ကာမာဝစရတရားတို့သို့။ န အနု-ဗန္ဓတိ၊ အစဉ်မလိုက်။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ ၏။

၅၂၇-၃၂။ ဣဒါနိ၊ ယခုအခါ၌။ ဣမာယ ယုတ္တိကထာယ၊ ဤအသင့်ယုတ္တိကို ဆိုသောစကားဖြင့်။ ကိံ၊ အဘယ်အကျိုးရှိအံ့နည်း။ အဋ္ဌကထာပမာဏ-တော စ၊ အဋ္ဌကထာကို ပမာဏမူသောအားဖြင့်ကား။ တေံ၊ ဤတဒါရုံနှင့် စပ်သော အဆုံးအဖြတ်ကို။ ဂဟေတဗ္ဗံ၊ ယူအပ်၏။ ဣတိ၊ ဤသို့။ ဒဿေန္တော၊ ပြတော်မူလိုသော အရှင်ဗုဒ္ဓဒတ္တဆရာသည်။ ကိံ တေနာတိအာဒိ၊ ကို။ အာဟ၊ ပြီ။ ဇဝနေတိ၊ ကား။ ကာမာဝစရဇဝနေ၊ ကာမာဝစရဇောသည်။ ဇဝိတေပိ စ၊ ဇောသော်လည်း။ တဒါရမ္မဏစိတ္တာနိ၊ တဒါရုံစိတ်တို့သည်။ တဒါရမ္မဏန္တိလဒ္ဓနာ-မာနိ၊ တဒါရမ္မဏဟူ၍ ရအပ်သော အမည်ရှိကုန်သော။ စိတ္တာနိ၊ စိတ်တို့သည်။ တဒါရမ္မဏဘာဝံ၊တဒါရုံ၏ အဖြစ်ကို။ န ဂဏှန္တိ၊ မယူကုန်။ တဒါရမ္မဏဘာဝေန၊

တဒါရုံ၏ အဖြစ်ဖြင့်။ န ပဝတ္တန္တိ၊ မဖြစ်ကုန်။ ဣတိ အယံ၊ ကား။ အတ္ထော၊ တည်း။ အထ ဝါ၊ တနည်းသော်ကား။ နာမဂေါတ္တံ၊ အမည်အနွယ်ကို။ အာရဗ္ဘ၊ အာရုံပြု၍။ ဇဝနေ၊ ဇောသည်။ ဇဝိတေ၊ စောသည်ရှိသော်။ တဒါရမ္မဏံ၊ ထိုဇော၏ အာရုံကို။ တဿ ဇဝနဿ၊ ထိုဇော၏။ အာရမ္မဏံ၊ အာရုံကို။ န ဂဏှန္တိ၊ တဒါရုံစိတ်တို့ မယူကုန်။ န လဘန္တိ၊ တဒါရုံစိတ်တို့ မရကုန်။ ဣတိ အယံ၊ ကား။ အတ္ထော၊ တည်း။ ရူပါရူပဘာဝေသု ဝါတိ ဧတ္ထ၊ ရူပါရူပဘာဝေသု ဝါ- ဟူသော ဤပါဌ်၌။ ဝါ-သဒ္ဒေန၊ ဝါ-သဒ္ဒါဖြင့်။ ဇဝနေ၊ ဇောသည်။ ဇဝတေပိ၊ စောသော်လည်း။ တဒါရမ္မဏံ၊ ထိုဇော၏အာရုံကို။ န ဂဏှန္တိ၊ မယူကုန်။ ဣတိ အတ္ထံ၊ ဤသို့သော အနက်ကို။ အာကဍ္ဎတိ၊ ငင်၏။ ပဏ္ဏတ္တိံ အာရဗ္ဘာတိ၊ ကား။ ကာမဘာဝေပိ၊ ကာမဘုံ၌လည်း။ ပဏ္ဏတ္တိံ၊ ပညတ်ကို။ အာရဗ္ဘ၊ အာရုံပြု၍ (ဇဝနေ ဇဝိတေမှာ စပ်)။ လဒ္ဓာဏာရမ္မဏာယာတိ၊ ကား။ အနိဋ္ဌာဒိလဒ္ဓာဏတ္တယာရမ္မဏာယ၊ အနိဋ္ဌ စသော လဒ္ဓဏာရေးသုံးပါးလျှင် အာရုံရှိသော။ ဗလဝဝိပဿနာယ၊ အားကြီးသော ဝိပဿနာဇော၌။ ဣတိ အယံ၊ ကား။ အတ္ထော၊ တည်း။ တီဏိ လဒ္ဓဏာနိ စ၊ လဒ္ဓဏာရေးသုံးပါးတို့ကို လည်းကောင်း။ တိဿော ပညတ္တိယော စ၊ သုံးပါးသောပညတ်တို့ကိုလည်း ကောင်း။ ကုသလတ္တိကေ၊ ကုသလတိက်၌။ န လဗ္ဘန္တိ၊ မရအပ်ကုန်။ ဣတိ၊ ဤသို့၊ အဋ္ဌကထာယ၊ အဋ္ဌကထာ၌။ ဝုတ္တတ္တာ၊ ဆိုအပ်သည်၏ အဖြစ်ကြောင့်။ တိဏ္ဏံ လဒ္ဓဏာနံ၊ သုံးပါးသော လဒ္ဓဏာတို့၏။ ဓမ္မတော၊ ပရမတ္ထသဘော အားဖြင့်။ အဘာဝေန၊ မရှိခြင်းကြောင့်။ တံ၊ ထို လဒ္ဓဏာရေးသုံးပါးကို။ အာရဗ္ဘ၊ ၍။ ပဝတ္တာယ၊ ဖြစ်သော။ ဝိပဿနာယ၊ ဝိပဿနာဇော၌။ တဒါ-ရမ္မဏာနိ၊ တဒါရုံစိတ်တို့ကို။ န လဗ္ဘန္တိ၊ မရအပ်ကုန်။ ပန၊ ယင်းသို့ပင်မရအပ်ကုန်သော်လည်း။ ပဋ္ဌာနေ၊ ပဋ္ဌာန်းပါဠိတော်၌။ "သေက္ခာ ဝါ၊ သေက္ခပုဂ္ဂိုလ်တို့သည်လည်းကောင်း။ ပုထုဇ္ဇနာ ဝါ၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်လည်းကောင်း။ ကုသလံ၊ ကုသိုလ်ကို။ အနိစ္စတော၊ အနိစ္စအားဖြင့်လည်းကောင်း။ ဒုက္ခတော၊ ဒုက္ခအားဖြင့်လည်းကောင်း။ အနတ္တတော၊ အနတ္တအားဖြင့်လည်းကောင်း။ ဝိပဿန္တိ၊ ဝိပဿနာရှုကုန်၏။ ကုသလာကုသလေ၊ သည်။ နိရုဒ္ဓေ၊ သော်။ ဝိပါကော၊ သည်။ တဒါရမ္မဏတာ=တဒါရမ္မဏတာယ၊ ဖြင့်။ ဥပ္ပဇ္ဇတိ၊ ၏" ဣတိ ဝစနတော၊ ဤသို့ဟောတော်မူသောကြောင့်။ ခန္ဓာရမ္မဏိကဝိပဿနာယ၊ ခန္ဓာလျှင် အာရုံရှိသော ဝိပဿနာဇော၌။ တဒါရမ္မဏံ၊ ကို။ လဗ္ဘတိ၊ ရအပ်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ မိစ္ဆတ္တနိယတေသူတိ ဧတ္ထ၊ မိစ္ဆတ္တနိယတေသု- ဟူသော ဤပါဌ်၌။ ကတမေ ဓမ္မာ၊ အဘယ်တရားတို့သည်။ မိစ္ဆတ္တနိယတာ၊ မိစ္ဆတ္တနိယတမည်ကုန်သနည်း။ စတ္တာရော၊ ကုန်သော။ ဒိဋ္ဌိဂတသမ္ပယုတ္တစိတ္တုပ္ပါဒါ၊ ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်တို့သည်။ မိစ္ဆတ္တနိယတာ၊ မည်ကုန်၏။ ဣတိ ဝံ၊ ဤသို့။ အာဂတေသု၊ လာကုန်သော။ မိစ္ဆာဂါဟဝသေန၊ မိစ္ဆာအယူ၏

အစွမ်းအားဖြင့်။ ပဝတ္တေသု၊ ဖြစ်ကုန်သော။ ဓမ္မေသု၊ တရားတို့သည်။ ဇဝနံ၊ ဇောသည်။ ဟုတွာ၊ ဖြစ်၍။ ဇဝိတေသု၊ ဇောကုန်သည်ရှိသော်။ ပန၊ ဇောဒနာ ဦးအံ့။ ကသ္မာ၊ အဘယ်ကြောင့်။ တေသု၊ ထိုမိစ္ဆာဂါဟ၏ အစွမ်းအားဖြင့် ဖြစ်သော ဇောတို့သည်။ ဇဝိတေသု၊ ဇောကုန်သည်ရှိသော်။ တဒါရမ္မဏံ၊ ကို။ န လဗ္ဘတိ၊ မရအပ်သနည်း။ ဣတိ အယံ၊ ကား။ ဇောဒနာ၊ တည်း။ ဟိ သစ္စံ၊ ၏။ ကာမာဝစရဝိပါကာနံ၊ ကာမာဝစရဝိပါက်စိတ်တို့အား။ နိယတ-မိစ္ဆာဒိဋ္ဌိ ဝိယ၊ နိယတမိစ္ဆာဒိဋ္ဌိကဲ့သို့။ အတ္တာ၊ အတ္တသည်။ ဩဿဋ္ဌတိ၊ပြတ်၏။ ဣတိ အာဒိနာ၊ ဤသို့ အစရှိသည်ဖြင့်။ အတ္တပရိကပ္ပနာဝသေန၊ အတ္တကို ကြံဆသည်၏ အစွမ်းအားဖြင့်။ အပ္ပဝတ္တနတော၊ မဖြစ်ခြင်းကြောင့်။ နိယတမိစ္ဆာဒိဋ္ဌိဝသပ္ပဝတ္တေသု၊ နိယတမိစ္ဆာဒိဋ္ဌိ၏ အစွမ်းအားဖြင့်ဖြစ်ကုန်သာ။ တေသု၊ ထိုမိစ္ဆာဂါဟ၏ အစွမ်းအားဖြင့်ဖြစ်သော ဇောတို့သည်။ ဇဝိတေသု၊ ဇောကုန်သည်ရှိသော်။ တဒနန္တရံ၊ ထိုဇော၏အခြားမဲ့၌။ တဒါရမ္မဏာနိ၊ တို့သည်။ န ဥပ္ပဇ္ဇန္တိ၊ မဖြစ်ကုန်။ အနိယတမိစ္ဆာဒိဋ္ဌိဝသပ္ပဝတ္တေသု၊ အနိယတ-မိစ္ဆာဒိဋ္ဌိ၏ အစွမ်းအားဖြင့် ဖြစ်ကုန်သော ဇောတို့၌။ တဒါရမ္မဏံ၊ သည်။ နုပ္ပဇ္ဇတိ၊ မဖြစ်။ ဣတိ ဧတံ၊ ဤသို့သောအကြောင်းသည်။ နတ္ထိ၊ မရှိ။ အထ ဝါ၊ တနည်းသော်ကား။ မိစ္ဆတ္တနိယတေသူတိ၊ ကား။ မိစ္ဆာဘာဝနိယ-တသဘာဝေသု၊ မိစ္ဆာ၏အဖြစ်ဖြင့် မြဲသောသဘောရှိသော တရားတို့၌။ တံဝိသယေသု၊ ထိုမိစ္ဆာဘာဝနိယတလျှင်အရာရှိသော တရားတို့၌။ ဣတိ အယံ၊ ကား။ အတ္ထော၊ တည်း။ မိစ္ဆတ္တနိယတဓမ္မာနံ၊ မိစ္ဆတ္တနိယတတရားတို့၏။ ဓမ္မသဘာဝံ၊ ပရမတ္ထသဘောကို။ အဂ္ဂဟေတွာ၊ မယူမူ၍။ မိစ္ဆတ္တနိယတသဘာ-ဝဿေဝ၊ မိစ္ဆတ္တနိယတသဘောကိုသာလျှင်။ ဂဟဏတော စ၊ ယူခြင်းကြောင့် လည်းကောင်း။ တဿ၊ ထိုမိစ္ဆတ္တနိယတသဘော၏။ ဝိပါကာနံ၊ ဝိပါက်စိတ်တို့ အား။ အဝိဘူတတ္တာ စ၊ထင်ရှားစွာမဖြစ်သည်၏ အဖြစ်ကြောင့်လည်းကောင်း။ မိစ္ဆတ္တနိယတသဘာဝေ၊ မိစ္ဆတ္တနိယတသဘောရှိသော တရားတို့ကို။ အာရဗ္ဘ၊ ၍။ တဒါရမ္မဏာ၊ တို့ကို။ န လဗ္ဘန္တိ၊ မရအပ်ကုန်။

ပိ-သဒ္ဒေန၊ ပိ-သဒ္ဒါဖြင့်။ သမ္မတ္တနိယတေသုပိ၊ သမ္မတ္တနိယတတရားတို့၌ လည်း။ ဣတိ အတ္ထံ၊ ဤသို့သော အနက်ကို။ သမ္ပိဏ္ဍေတိ၊ ပေါင်း၏။ ဝါ၊တနည်း ကား။ လောကုတ္တရဓမ္မေ အာရဗ္ဘာတိ ဣမိနာ၊ လောကုတ္တရဓမ္မေ အာရဗ္ဘ ဟူသော ဤပါဠိဖြင့်။ တေဒေဝ၊ ထိုအနက်ကိုပင်လျှင်။ သမ္ပိဏ္ဍေတိ၊ ပေါင်း၏။ ဣတိ၊ ထိုကြောင့်။ တေသံ၊ ထိုသမ္မတ္တနိယတ တရားတို့ကို။ ဝိသုံ၊ အသီးအခြား။ ဥဒ္ဒရဏံ၊ ထုတ်ဆောင်ခြင်းကို။ န ကတံ၊ မပြုအပ်။

အဋ္ဌကထာယံ ပန၊ ၌ကား။ မိစ္ဆတ္တနိယတသမ္မတ္တနိယတာနံ၊ မိစ္ဆတ္တနိယတ, သမ္မတ္တနိယတတရားတို့၏။ အညမညပဋိပက္ခဘာဝေန၊ အချင်းချင်း ဆန့်ကျင်

၅၄၆-၇။ န **ဂန္တဗ္ဗော**တိ၊ ကား။ န ပစ္စေတဗ္ဗော၊ မယုံကြည်အပ်။ ဣဒံ အယံ အဓိပ္ပါယော၊ ကို။ ဝုတ္တံ ဝုတ္တော၊ သည်။ ဟောတိ၊ ၏။ ကုသလာဒိ-ဟေတုယော၊ ကုသိုလ်စသော ဟိတ်တို့သည်။ အတ္တနော ဝိယ၊ မိမိ၏ကဲ့သို့။ အတ္တဟေတုကာနံ၊ မိမိလျှင် အကြောင်းရှိကုန်သော။ ဓမ္မာနံ၊ တရားတို့၏။ ကုသလာဒိဘာဝံ၊ ကို။ ယဒိ သာဓေန္တိ၊ အကယ်၍ ပြီးစေနိုင်ကုန်ငြားအံ့။ ကုသ-လာကုသလဟေတုပစ္စယသမ္ဘူတာ၊ ကုသိုလ်, အကုသိုလ်ဖြစ်သော ဟေတုပစ္စည်းကြောင့် ကောင်းစွာဖြစ်ကုန်သော။ ရူပဓမ္မာပိ၊ ရုပ်တရားတို့သည်လည်း။ တေ ဝိယ၊ ထိုအကြောင်းတရားတို့ကဲ့သို့။ ကုသလာဒယော၊ ကုသိုလ်စသည်တို့သည်။ သိယုံ၊ ဖြစ်ကုန်ရာ၏။ ဝါ၊ တနည်းကား။ ဟေတုယော၊ ဟိတ်တို့သည်။ ရူပါနံ၊ ရုပ်တို့အား။ ပစ္စယာ၊ ကုန်သည်။ န သိယုံ၊ မဖြစ်ကုန်ရာ။ ပန၊ စင်စစ်အားဖြင့်။ တေ ဥဘယမ္ပိ၊ ဤနှစ်ပါးစုံသည်လည်း။ န စ အတ္ထိ၊ မရှိသည်သာလျှင်တည်း။ တသ္မာ၊ ကြောင့်။ ကုသလာဒီနံ၊ တို့၏။ ကုသလာဒိဘာဝသာဓကော၊ ကုသိုလ်စသည်၏ အဖြစ်ကို ပြီးစေတတ်သော အနက်သည်။ မူလဋ္ဌော၊ မူလဋ္ဌမည်၏။ ဣတိ၊ ဤသို့။ န ဝိညာတဗ္ဗံ၊ မသိအပ်။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ ၏။ အပိ စ၊ တနည်းသော်ကား။ ကုသလာဒိ-ဘာဝေါ၊ ကုသိုလ်စသည်၏ အဖြစ်သည်။ ယဒိ ဟေတုပဋိဗဒ္ဓေါ၊ အကယ်၍ ဟိတ်နှင့် စပ်သည် ဖြစ်အံ့။ တဒါ၊ ထိုသို့ဖြစ်သည်ရှိသော်။ အဗျာကတဘာ-ဝေါပိ၊ အဗျာကတ၏အဖြစ်သည်လည်း။ ဟေတုပဋိဗဒ္ဓေါ၊ ထိုဟိတ်နှင့် စပ်သည်။ သိယာ၊ ဖြစ်ရာ၏။ အဟေတုကာနံ၊ ဟိတ်မရှိသော တရားတို့၏။ အဗျာကတ-ဘာဝေါ၊ သည်။ န သိဇ္ဈတိ၊ မပြီး။ ကုသလာဒိဘာဝေါ၊ သည်။ ယဒိ စ ဟေတုပဋိဗဒ္ဓေါ၊ အကယ်၍လည်း ဟိတ်နှင့် စပ်သည်ဖြစ်အံ့။ ဟေတူနမ္ပိ၊ ဟိတ်တို့၏လည်း။ ကုသလာဒိဘာဝေါ၊ သည်။ အပဋိဗဒ္ဓေါ၊ မစပ်သည်။ သိယာ၊ ၏။ တေသမ္ပိ၊ ထိုဟိတ်တို့၏လည်း။ ကုသလာဒိဘာဝေါ၊ သည်(လိုက်)။ သေသ-ဟေတုပဋိဗဒ္ဓေါ၊ ကြွင်းသောဟိတ်နှင့် စပ်သည်။ အထ သိယာ၊ အကယ်၍ ဖြစ်ငြားအံ့။ ဝေမ္ပိ၊ ဤသို့ဖြစ်သော်လည်း။ မောမူဟာစိတ္တသမ္ပယုတ္တာသ၊ မော-ဟမူစိတ်နှင့် ယှဉ်သော။ ဟေတုနော၊ ဟိတ်၏။ အကုသလဘာဝေါ၊ အကုသိုလ်၏ အဖြစ်သည်။ န သိဇ္ဈေယျ၊ မပြီးနိုင်ရာ၊ တဿ၊ ထိုမောဟမူစိတ်နှင့် ယှဉ်သော ဟိတ်၏။ သော၊ ထိုအကုသိုလ်၏ အဖြစ်သည်။ အညဟေတုကော၊ တပါးသော အကြောင်းရှိသည်။ အထ သိယာ၊ အကယ်၍ ဖြစ်ငြားအံ့။ ဧဝံ သတိ၊ ဤသို့ဖြစ်သည်ရှိသော်။ သေသဟေတူနမ္ပိ၊ ကြွင်းသောဟိတ်တို့၏လည်း။

ကုသလာဒိဘာဝေါ၊ သည်။ တံဟေတုကော၀၊ ထို တခြား တပါးသော အကြောင်း ရှိသည်သာလျှင်။ သိယာ၊ ဖြစ်ရာ၏။ သေသဟေတူနံ၊ တို့အား။ အညဟေတုကော၊ သည်(လိုက်)။ ဟောတိ ယထာ စ၊ ဖြစ်သကဲ့သို့လည်း။ ဧဝံ တထာ၊ ထိုအတူ။ အဝသေသသမ္ပယုတ္တဓမ္မာနမ္ပိ၊ ကြွင်းသော သမ္ပယုတ်တရားတို့အားလည်း။ တံဟေတုကော၀၊ ထိုတပါးသော အကြောင်းသည်သာလျှင်။ သိယာ၊ ဖြစ်ရာ၏၊ဟေတူနံ၊ဟိတ်တို့၏။ သဘာဝတော၀၊ သဘောအားဖြင့်သာလျှင်။ ကုသလာဒိဘာဝေါ၊ သည်၊ ဟောတိ၊ ၏။ သမ္ပယုတ္တာနံ ပန၊တို့၏ကား။ ကုသလာဒိဘာဝေါ၊ သည်။ ဟေတုပဋိဗဒ္ဓေါ၊ ဟိတ်နှင့်စပ်၏။ ဣတိ၊ ဤသို့သော အယူသည်။ အထ သိယာ၊ အကယ်၍ ဖြစ်ငြားအံ့။ ဧဝံ သတိ၊ ဤသို့ဖြစ်သည်ရှိသော်။ အလောဘော၊ အလောဘသည်။ ကုသလော ဝါ၊ ကုသိုလ်သည်လည်းကောင်း။အဗျာကတော ဝါ၊အဗျာကတသည်လည်းကောင်း။ သိယာ၊ ဖြစ်ရာ၏။ ဟိ သစ္စံ၊ ၏။ သော၊ ထိုအလောဘသည်။ သဘာဝတော၊ သဘောအားဖြင့်။ ကုသလော၊ သည်။ ယဒိ သိယာ၊ အံ့။ တံသဘာဝတ္တာ၊ ထိုကုသိုလ်သဘောရှိသည်၏ အဖြစ်ကြောင့်။ အဗျာကတော၊ သည်။ န သိယာ၊ မဖြစ်ရာ။ အဗျာကတော၊ သည်။ အထ သိယာ၊ အံ့။ တံ သဘာဝတ္တာ၊ ထို အဗျာကတသဘောရှိသည်၏ အဖြစ်ကြောင့်။ ကုသလော၊ သည်။ န သိယာ၊ မဖြစ်ရာ။ ကော ဝိယ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ အလောဘသဘာဝဿ၊ အလောဘသဘောရှိသော တရား၏။ အဒေါသတ္တာဘာဝေါ ဝိယ၊ အဒေါသ၏ အဖြစ်မရှိခြင်းကဲ့သို့တည်း။ ယသ္မာ ပန၊ အကြင်ကြောင့်ကား။ ဥဘယထာပိ၊ ကုသိုလ်,အဗျာကတ နှစ်ပါးသောအခြင်းအရာအားဖြင့်လည်း။ ဟောတိ၊ ၏။ တသ္မာ၊ ကြောင့်။ ဥဘယထာ၊ ကုသိုလ်,အဗျာကတ နှစ်ပါးသောအခြင်းအရာအားဖြင့်။ ဟောန္တေသု၊ ဖြစ်ကုန်သော။ သဒ္ဓါဒီသု၊ သဒ္ဓါအစရှိကုန်သော။ သမ္ပယုတ္တေသု၊ သမ္ပယုတ်တရားတို့၌။ ဟေတုပဋိဗဒ္ဓံ၊ဟိတ်နှင့်စပ်သော။ကုသလာဒိဘာဝံ၊ ကို။ တုမှေ၊ သင်တို့သည် (ထည့်)။ ပရိယေသထ ယထာ၊ ရှာမှီးကုန်သကဲ့သို့။ သဘာဝတော၊ အားဖြင့်။ န ပရိယေသထ ယထာ၊ မရှာမှီးကုန်သကဲ့သို့။ ဧဝံ တထာ၊ ထိုအတူ။ ဟေတူသုပိ၊ ဟိတ်တရားတို့၌လည်း။ အညပဋိဗဒ္ဓါ၊ အကြောင်းတပါးနှင့်စပ်သော။ ကုသလာဒိတာ၊ ကုသိုလ်စသည်၏အဖြစ်ကို။ ပရိယေသိတဗ္ဗာ၊ ရှာမှီးအပ်၏။ သဘာဝတော၊ အားဖြင့်။ န ပရိယေသိတဗ္ဗာ၊ မရှာမှီးအပ်။ ပရိယေသိယမာနာ၊ ရှာမှီးအပ်သော။ သာ ပန၊ ထိုကုသိုလ်စသည်၏ အဖြစ်သည်ကား။ ယောနိသောမနသိကာရာဒိပဋိဗဒ္ဓါ၊ ယောနိသောမနသိကာရစသည်နှင့် စပ်သည်။ ဟောတိ၊ ၏။ ဣတိ၊ ထိုကြောင့်။ ဟေတူသု ဝိယ၊ တို့၌ကဲ့သို့။ ဟေတုသမ္ပယုတ္တကေသုပိ၊ တို့၌လည်း။ ကုသလာဒိဘာဝေါ၊ သည်။ ယောနိသောမနသိကာရာဒိပဋိဗဒ္ဓေါ၊ သည်။ ဟောတိ၊ ၏။ ဟေတုပဋိဗဒ္ဓေါ၊ သည်။ န ဟောတိ၊ မဖြစ်။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ ၏။

တေနေဝ၊ ထိုကြောင့်သာလျှင်။ ယောနိသော ဘိက္ခဝေ ။ပ။ အဘိဝဍ္ဎန္တီတိ- အာဒိ၊ ကို။ အာဟ၊ ဟောတော်မူပြီ။

(ဘိက္ခဝေ၊ ရဟန်းတို့။ ယောနိသော၊ အသင့်အားဖြင့်။ မနသိ- ကရောတော၊ နှလုံးသွင်းသော ပုဂ္ဂိုလ်အား။ အနုပ္ပန္နာ၊ မဖြစ်ကုန် သေးသော။ ကုသလာ စေဝ ဓမ္မာ၊ ကုသိုလ်တရားတို့သည်လည်း။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ ဥပ္ပန္နာ၊ ဖြစ်ကုန်ပြီးသော။ ကုသလာ စ ဓမ္မာ၊ တို့သည် လည်း။ အဘိဝဍ္ဎန္တိ၊ လွန်စွာတိုးပွါးကုန်၏။)

သမယညုနာတိ၊ ကား။ အာဘိဓမ္မိကမတေဒေနာ၊ အဘိဓမ္မာဆောင် ပုဂ္ဂိုလ်တို့၏ အယူကိုသိတတ်သော (ငိညုနာ-မှာ စပ်)။ သုပ္ပတိဋ္ဌိတဘာဝဿ သာဓနေနာတိ၊ ကား။ အတ္တဟေတုကာနံ၊ မိမိလျှင် အကြောင်းရှိကုန်သော။ ဓမ္မာနံ၊ တို့၏။ သမ္မာပတိဋ္ဌိတဘာဝဿ၊ ကောင်းစွာတည်ရာ၏အဖြစ်ကို။ ထိရ- ဘာဝဿ၊ မြဲမြံသည်၏အဖြစ်ကို။ သာဓနေန၊ ပြီးစေခြင်းဖြင့်။ ဟိ သစ္စံ၊ ၏၊ လဒ္ဓဟေတုပစ္စယာ။ ရအပ်သော ဟေတုပစ္စည်းရှိကုန်သော။ ဓမ္မာ၊ တရားတို့ သည်။ ဝိရူဠ္ဟမူလာ၊ စည်ပင်ပြန့်ပွါးသော အမြစ်ရှိကုန်သော။ ပါဒပါ၊သစ်ပင်တို့ သည်။ ထိရာ၊ မြဲမြံကုန်သည်။ ဟောန္တိ ဝိယ၊ ဖြစ်ကုန်သကဲ့သို့။ သုပ္ပတိဋ္ဌိတာ၊ ကောင်းစွာတည်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ အဟေတုကာ၊ အဟိတ်တရား တို့သည်။ တိလဗီဇာဒိသေဝါလာ ဝိယ၊ နှမ်းစေ့ခန့် စသည်ရှိကုန်သော မှော်တို့ကဲ့သို့။ သုပ္ပတိဋ္ဌိတာ၊ ကုန်သည်။ န ဟောန္တိ၊ မဖြစ်ကုန်။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။

၅၄၇-၅၁။ သဗ္ဗသောတိ၊ ကား။ ကာမာဝစရာဒိသဗ္ဗဘာဂေန၊ ကာမာဝစရ စသော ခပ်သိမ်းသော အဖို့အားဖြင့် (ယာ တာ-မှာ စပ်)။ ပဋိသန္ဓိက္ခဏေ၊ ပဋိသန္ဓေခဏ၌။ စိတ္တသမုဋ္ဌာနာနံ ရူပါနံ၊ ငိတ္တဇရုပ်တို့၏။ အဘာဝတော၊ ကြောင့်။ အတ္တနာ၊ နှင့်။ သမ္ပယုတ္တာနံ၊ ယှဉ်ကုန်သော။ ကဋတ္တာရူပါနမေဝ ၏၊ ကမ္မဇရုပ်တို့၏ သာလျှင်လည်း။ ပစ္စယဘာဝေါ၊ အကြောင်း၏အဖြစ်သည်။ ဟောတိ၊ ၏။ ဣတိ၊ ထိုကြောင့်။ အတ္တနာ ။ပ။ ဇာတာနန္တိ၊ ဟူ၍။ အာဟ၊ ပြီ။ ကမ္မဿ၊ ကံကို။ ကဋတ္တာ ဝေ စ၊ ပြုအပ်ပြီးသည်၏အဖြစ်ကြောင့်သာလျှင် လည်းကောင်း။ ဥပစိတတ္တာ စ၊ ဆည်းပူးအပ်ပြီးသည်၏ အဖြစ်ကြောင့်လည်း ကောင်း။ သမ္ဘူတာနိ၊ ကောင်းစွာ ဖြစ်ကုန်သော။ ဣဿရာဒိဟေတုတော၊ အစိုးရသောသူ၊ ဝါ၊ မဟာဒေဝနတ်စသော အကြောင်းကြောင့်။ န သမ္ဘူ- တာနိ၊ ကောင်းစွာမဖြစ်ကုန်သော။ ရူပါနိ၊ရုပ်တို့သည်။ ကဋတ္တာရူပါနိ၊ကဋတ္တာ ရုပ်တို့မည်ကုန်၏။ ကမ္မသမုဋ္ဌာနရူပါနိ၊ ကံကြောင့်ဖြစ်ကုန်သော ရုပ်တို့တည်း။

---

၁။ (ဣဿရာဒိဟေတုနော- ဆဋ္ဌမူ)

ဣတိ အယံ၊ ကား။ အတ္ထော၊ တည်း။ ကဋတ္တာရူပါနေဝ၊ ကဋတ္တာရုပ်တို့သည်သာ လျှင်။ ဇာတာနိ ဘူတာနိ နိဗ္ဗတ္တာနိ၊ ဖြစ်ကုန်သည်တို့တည်း။ ဣတိ၊ ကြောင့်။ ကဋတ္တာရူပဇာတာနိ၊ ကဋတ္တာရူပဇာတမည်ကုန်၏။ တထေဝါတိ၊ ကား၊ ပဋိသန္ဓိယံ၊ ပဋိသန္ဓေအခါ၌။ ကဋတ္တာရူပါနံ၊ ကမ္မဇရုပ်တို့၏။ ဟေတုပစ္စယတံ၊ ဟေတုပစ္စည်း၏အဖြစ်သို့။ ဂတာ ယထာ၊ ရောက်ကုန်သကဲ့သို့။ ဧဝံ တထာ၊ ထိုအတူ (သံဝဏ္ဏေတဗ္ဗဆောင်၍ ပေးလေ)။ ဣတိ အယံ၊ ကား။ အတ္ထော၊ တည်း။ စိတ္တဇာနဉ္စာတိ ဧတ္ထ၊ စိတ္တဇာနဉ္စ-ဟူသော ဤပုဒ်၌။ စ-သဒ္ဒေန၊ စသဒ္ဒါဖြင့်။ ဧတ္တနာ၊ နှင့်။ သမ္ပယုတ္တာနံ၊ သမ္ပယုတ်ဖြစ်ကုန်သော တရားတို့အား။ ဣတိ အတ္ထံ၊ ဤသို့သောအနက်ကို၊ အာကဍ္ဎတိ၊ ငင်၏။

၅၅၃။ လောကုတ္တရဝိပါကာနံ၊ တို့၏။ ပဋိသန္ဓိဝသေန၊ အားဖြင့်။ အပ္ပဝတ္တနတော၊ မဖြစ်ခြင်းကြောင့်။ ကမ္မသမုဋ္ဌာနဿ၊ ကမ္မဇရုပ်၏။ ပစ္စယဘာဝေါ၊ ပစ္စည်း၏ အဖြစ်သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ကြောင့်။ စိတ္တဇာနန္တိအာဒိ၊ ကို။ အာဟ၊ ပြီ။

၅၅၅။ ဟေတုပစ္စယသမ္ဘဝေါတိ၊ ကား။ ဟေတုပစ္စယသမ္ဘူတဓမ္မော၊ ဟေတုပစ္စည်းကြောင့်ဖြစ်သော ပစ္စယုပ္ပန်တရားကို။ ဝါ၊ တနည်းကား။ ဟေတုပစ္စယတော၊ ကြောင့်။ ပစ္စယုပ္ပန္နဓမ္မာနံ[၁]၊ ပစ္စယုပ္ပန်တရားတို့၏။ သမ္ဘဝါကာရော၊ ဖြစ်ပုံအခြင်းအရာကို (ဝိညေယျော-မှာ စပ်)။ သဥ္စာတသုခဟေတုနာတိ၊ ကား။ သဥ္စာတဉာဏေန၊ ကောင်းစွာဖြစ်သော ဉာဏ်ပညာရှိသော ပုဂ္ဂိုလ်သည်။ သမ္ပဇညေန၊ ကောင်းစွာဆင်ခြင်တတ်သော ဉာဏ်ပညာရှိသော ပုဂ္ဂိုလ်သည်။ ဣတိ အယံ၊ ကား။ အတ္ထော၊ တည်း။ ဟိ သစ္စံ၊ ၏။ ဉာဏံ၊ ဉာဏ်ကို (ဝုစ္စတိ-မှာ စပ်)။ သုခိနော၊ ချမ်းသာခြင်းရှိသော ပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်သည်။ သမာဓိယတိ၊ တည်ကြည်၏။ သမာဟိတော၊ တည်ကြည်သော ပုဂ္ဂိုလ်သည်။ ယထာဘူတံ၊ မဖောက်မပြန် ဟုတ်မှန်သည့်အတိုင်း။ ပဇာနာတိ၊ သိ၏။ ဣတိ အာဒိဝစနတော၊ ဤသို့အစရှိသည်ကို ဟောတော်မူခြင်းကြောင့်။ တဿ၊ ထိုဉာဏ်ပညာအား၊ ဝါ၊ ၏။ သုခံ၊ သုခဟု ဆိုအပ်သော။ ဟေတု၊ အကြောင်းသည်။ အတ္ထိ၊ ရှိ၏။ ဣတိ ဝါ၊ ထိုကြောင့်လည်းကောင်း။ ဒိဋ္ဌေ ဓမ္မေ၊ မျက်မှောက် ပစ္စုပ္ပန် အတ္တဘော၌။ ယော စ အတ္ထော၊ အကြင်အကျိုးသည်လည်းကောင်း။ သမ္ပရာယိကော၊ တမလွန်လောက၌ဖြစ်သော။ ယော စ အတ္ထော၊ သည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ အတ္ထာဘိသမယာ၊ ဒေ အကျိုးနှစ်ပါးကို သိတတ်ရတတ်သောကြောင့်။ ဓီရော၊ ပညာရှိကို။ ပဏ္ဍိတောတိ၊ ပဏ္ဍိတဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။ ဣတိအာဒိဝစနတော၊ ဤသို့ အစရှိသည်ကို ဟောတော်မူခြင်း

၁။ ပစ္စယယုတ္တဓမ္မာနံ-ဟု အချို့ပါဌ်ရှိ၏၊ ဆင်ခြင်။

ကြောင့်။ သုခဿ၊ ချမ်းသာခြင်း၏။ ဟေတု၊ အကြောင်းတည်း။ ဣတိ ဝါ၊ ကြောင့် လည်းကောင်း။ သုခဟေတု၊ သုခဟေတု မည်၏။ ဣတိ၊ ဤသို့။ ဝုစ္စတိ၊ ဆိုအပ်၏။

၁၅၆-၉။ လောကဿ၊ လောကကို၊ ဝါ၊ ၏။ အဓိပတိ၊ အစိုးရသည်တည်း၊ ဝါ၊ အကြီးအမှူးတည်း။ လောကာဓိပတိ၊ လောကကို အစိုးရသည်၊ ဝါ၊ လောက၏ အကြီးအမှူး။ သကလလောကနာယကေန၊ အလုံးစုံသော သတ္တလောက၏ အကြီးအမှူးဖြစ်တော်မူသော(သတ္တုနာ-မှာ စပ်)။ ဣတိ အယံ၊ ကား။ အတ္တော၊ တည်း။ အတ္တာဓိနာနံ၊ မိမိနှင့်စပ်၍ ဖြစ်ခြင်းရှိကုန်သော တရားတို့၏။ ပတိနော၊ အကြီးအမှူးတို့တည်း။ ဣတိ၊ ကြောင့်။ အဓိပတိ၊ အဓိပတိတို့မည်ကုန်၏။

ဆန္ဒံ တု ဇေဋ္ဌကံ ကတွာတိ၊ ကား။ ဆန္ဒဝတော၊ ဆန္ဒနှင့် ပြည့်စုံသော ငါ့အား။ကိံ နာမ န သိဇ္ဈတိ၊အဘယ်မှာ မပြီးနိုင်ပဲရှိအံ့နည်း။ဣတိအာဒိကံ၊ဤသို့ အစရှိသော။ ပုရိမာဘိသင်္ခါရုပနိဿယံ၊ ရှေး၌ဖြစ်သော အဘိသင်္ခါရတည်း ဟူသော အားကြီးသောမှီရာအကြောင်းကို။ လဘိတွာ၊ ရ၍။ ဥပ္ပဇ္ဇမာနေ၊ ဖြစ်သော။ စိတ္တုပ္ပါဒေ၊ စိတ္တုပ္ပါဒ်၌။ ဇေဋ္ဌကဘူတော၊ အကြီးအမှူးဖြစ်၍ ဖြစ်သော။ ဆန္ဒော၊ ဆန္ဒသည်။ သမ္ပယုတ္တဓမ္မေ၊ တို့ကို။ ဝသေ၊ မိမိအလို၌။ ပဝတ္တယမာနော၊ ဖြစ်စေသည်။ ဟုတွာ၊ ဖြစ်၍။ ပဝတ္တတိ၊ ဖြစ်တတ်၏။ သမ္ပ-ယုတ္တဓမ္မာ စ၊ တို့သည်လည်း။ တဿ၊ ထိုဆန္ဒ၏။ ဝသေ၊ အလို၌။ ပဝတ္တန္တိ၊ ဖြစ်တတ်ကုန်၏။ ကသ္မာ၊ မူကား။ ဟီနာဒိဘာဝေန၊ အယုတ်အညံ့စသည်၏ အဖြစ်ဖြင့်။ တဒနုဝတ္တနတော၊ ထိုဆန္ဒသို့ လိုက်၍ ဖြစ်တတ်သောကြောင့်တည်း။ ဣတိ၊ ကြောင့်။ ဆန္ဒံ တု ဇေဋ္ဌကံ ကတွာတိအာဒိ၊ ကို။ အာဟ၊ ပြီ။

ကတွာ ဓုရန္တိ၊ ကား။ သဟဇာတပုဗ္ဗင်္ဂမဝသေန၊ သဟဇာတပုဗ္ဗင်္ဂမ၏ အစွမ်းအားဖြင့်။ ပုဗ္ဗင်္ဂမံ ကတွာ၊ ရှေ့သွားပြု၍ (ဥပ္ပတ္တိကာလသ္မိံ မှာ စပ်)။ ဆန္ဒာဓိပတိ နာမ သောတိ၊ ကား။ သော ဆန္ဒော၊ ထိုဆန္ဒသည်။ အဓိပတိ နာမ၊ အဓိပတိမည်၏။ ဝါ၊ တနည်းကား။ သော စိတ္တုပ္ပါဒေါ၊ ထိုစိတ္တုပ္ပါဒ်သည်။ ဣမဿ၊ ဤစိတ္တုပ္ပါဒ်အား၊ ဝါ၊ ၏။ ဆန္ဒော၊ ဆန္ဒဟု ဆိုအပ်သော။ အဓိပတိ၊ အကြီးအမှူးသည်။ အတ္ထိ၊ ရှိ၏။ ဣတိ ကတွာ ဣမိနာ ဝစနတ္ထေန၊ ဤသို့သော ဝစနတ္ထဖြင့်၊ ဝါ၊ ကြောင့်။ ဆန္ဒာဓိပတိ နာမ၊ ဆန္ဒာဓိပတိမည်၏။

ဓေသဝါတိ၊ ကား။ စိတ္တံ၊ စိတ်ကို။ ဓုရံ ကတွာ၊ အကြီးအမှူးပြု၍ ။ပ။ ကာလသ္မိံ၊ ဖြစ်သောကာလ၌။ စိတ္တာဓိပတိ နာမ၊ စိတ္တာဓိပတိမည်၏။ ဣတိ-အာဒိနာ၊ ဤသို့ အစရှိသည်ဖြင့်။ ယထာဝုတ္တော၊ အကြင်အကြင် ဆိုအပ်ပြီး သည်သာလျှင် ဖြစ်သော။ နယော၊ နည်းကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ သေသေသူတိ၊ ကား။ စိတ္တာဒီသု၊ စိတ္တာဓိပတိစသည်တို့၌ (ဧဝ ယေျာမှာ စပ်)။ စ၊ ဆက်၍ ဆိုဦးအံ့။ တွေ၊ ဤအရာ၌။ ဆန္ဒံ၊ ဆန္ဒကို ။ပ။ ကာလသ္မိံ၊ ဖြစ်သော

ကာလဉ္စ။ ဣတိအာဒိနာ၊ ဤသို့ စသည်ဖြင့်။ ကာလဿ၊ကာလကို။ နိယမိတတ္တာ၊ မှတ်အပ်သည်၏အဖြစ်ကြောင့်။စတ္တာရောပိ၊လေးပါးလည်းဖြစ်ကုန်သော။ဧတေ၊ ဤအဓိပတိတို့သည်။ ဧကက္ခဏေ၊ တပြိုင်နက်သောခဏ၌။ အဓိပတိ၊ အဓိပတိကိစ္စတပ်ကုန်သည်။ န ဟောန္တိ၊မဖြစ်ကုန်။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ဝေဠု ကတ္ထ၊ ဤသို့သော အကြောင်းကြောင့်။ ပဋ္ဌာနေ၊ ပဋ္ဌာန်းပါဠိတော်၌။ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယောတိအာဒိနာ၊ ဆန္ဒာဓိပတိ။ပ။ပစ္စယော ဤသို့ အစရှိသည်ဖြင့်။ စတုန္နမ္ပိ၊ လေးပါးလည်းဖြစ်ကုန်သော။ အဓိပတီနံ၊တို့၏။ ပစ္စယဘာဝေါ၊ ပစ္စည်း၏ အဖြစ်ကို။ ဝိသုံ ဝိသုံယေဝ၊ အသီးအသီးသာလျှင်။ ဥဒ္ဒိဋ္ဌော၊ထုတ်တော်မူအပ်၏။ ဟိ သစ္စံ၊ ၏။ တေ၊ ထိုဆန္ဒစသော လေးပါးသော တရားတို့သည်။ ဧကက္ခဏေယေဝ၊ ၌သာလျှင်။ အဓိပတိပစ္စယာ၊ တို့သည်။ ယဒိ သိယုံ၊ အကယ်၍ ဖြစ်ကုန်ငြားအံ့။ တဒါ၊ ထိုအခါ၌။ ဟေတုပစ္စယနိဒ္ဒေသေ၊ ဟေတုပစ္စယနိဒ္ဒေသ၌။ ဟေတူ ဟေတုသမ္ပယုတ္တကာနန္တိအာဒိနာ၊ ဟေတူ ။ပ။ ကာနံ ဤသို့ စသည်ဖြင့်၊ အဓိသေသေန၊ သာမညအားဖြင့်။ ဝုတ္တံ ယထာ၊ ဟောတော်မူအပ်သကဲ့သို့။ ကသ္မာ၊ မူကား။ မူလဋ္ဌေန၊ တည်ရာ၏ အဖြစ်ဖြင့်။ ဥပကာရကဘာဝဿ၊ ကျေးဇူးပြုတတ်သည်၏ အဖြစ်၏။ အဝိဇ္ဇမာနေန၊ ထင်ရှား မရှိခြင်းကြောင့်။ ဒွိန္နမ္ပိ၊ နှစ်ပါး လည်း ဖြစ်ကုန်သော။ တိဏ္ဏမ္ပိ၊ ကုန်သော။ ဟေတူနံ၊ တို့၏။ ဧကက္ခဏေ၊ ၌။ ပစ္စယဘာဝူပဂမနတော၊ ပစ္စည်း၏ အဖြစ်သို့ ရောက်နိုင်ခြင်းကြောင့်တည်း။ ဧဝံ တထာ၊ ထိုအဘူ။ ဧကက္ခဏေယေဝ၊ ၌သာလျှင်။ ဗဟူနံ၊ များစွာသော တရားတို့၏။ ဇေဋ္ဌကဘာဝေ၊ အကြီးအမှူး၏ အဖြစ်သည်။ သတိ၊ ရှိသော်။ အဓိပတိပစ္စယနိဒ္ဒေသေပိ၊ ၌လည်း။ အဓိပတိ အဓိပတိသမ္ပယုတ္တကာနန္တိအာဒိနာ၊ အဓိပတိ ။ပ။ ကာနံ ဤသို့ စသည်ဖြင့်။ ဝတ္တဗ္ဗံ၊ ဟောသင့်သည်။ သိယာ၊ဖြစ်ရာ၏။ ယသ္မာ ပန၊အကြင်ကြောင့်ကား။ ဧဝံ၊ ဤသို့။အဝတ္ထာ၊ဟောတော်မမူပဲ။ ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနန္တိအာဒိနာ၊ ဆန္ဒာဓိပတိ ။ပ။ ကာနံ ဤသို့ စသည်ဖြင့်။ စတ္တာရောဝ၊ ဆန္ဒစသော တရားလေးပါးတို့ကိုသာလျှင်။ ဝိသေသေတွာ၊ အထူးပြု၍။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။ တသ္မာ၊ ထိုကြောင့်။ ဧကေကမေဝ- ယေဝ၊ တပါးတပါးသော တရားသည်သာလျှင်။ ဧကက္ခဏေ၊ ၌။ အဓိပတိပစ္စယော၊ သည်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ဇေဋ္ဌဋ္ဌေနာတိ ကား။ ပမုခဘာဝေန၊ အကြီးအမှူး၏ အဖြစ်ဖြင့် (ဥပကာရကော-မှာ စပ်)။

သောဘနာ၊ တင့်တယ်ကောင်းမြတ်သော။ မတိ၊ အယူတည်း၊ ဝါ၊ ဉာဏ် ပညာတည်း။ ဝါ၊ တနည်းကား။ ဧတေသံ၊ ထိုပုဂ္ဂိုလ်တို့အား၊ ဝါ၊ တို့၏။ သောဘနံ၊သော။မတံ၊သည်၊ဝါ၊ သည်။အတ္ထိ၊ရှိ၏။ ဣတိ၊ ကြောင့်။ သုမတိနော၊ သုမတိတို့မည်ကုန်၏။ သမ္မာဒိဋ္ဌိကာ၊ သမ္မာဒိဋ္ဌိအယူရှိသော ပုဂ္ဂိုလ်တို့တည်း။

ဣတိ အယံ၊ ကား။ အတ္ထော၊ တည်း။ တေသံ၊ ထိုသမ္မာဒိဋ္ဌိအယူရှိသော ပုဂ္ဂိုလ်တို့၏။ မတိံ၊ ကို၊ ဝါ၊ ကို။ ဝိဗောဓေတိ ပဗောဓေတိ၊ ပွင့်လင်းစေတတ်၏။ ဣတိ၊ ထိုကြောင့်။ သုမတိမတ်ဝိဗောဓနံ၊ သုမတိမတိဝိဗောဓနမည်၏။ ကုစ္ဆိတာ၊ စက်ဆုပ်အပ်သော။ မတိ၊ တည်း၊ ဝါ၊ တည်း။ ဝါ၊ တနည်းကား။ တေသံ၊ ထိုပုဂ္ဂိုလ်တို့အား၊ ဝါ၊ တို့၏။ ကုစ္ဆိတံ၊ သော။ မတံ၊ သည်၊ ဝါ၊ သည်။ အတ္ထိ၊ ၏။ ဣတိ၊ ကြောင့်။ ကုမတီနော၊ ကုမတိတို့မည်ကုန်၏။ မိစ္ဆာဒိဋ္ဌိကာ၊ မိစ္ဆာဒိဋ္ဌိအယူရှိသော ပုဂ္ဂိုလ်တို့ကို။ လဒ္ဓန္တိ၊ ရအပ်ကုန်။ တေသံ၊ ထိုမိစ္ဆာဒိဋ္ဌိအယူရှိသော ပုဂ္ဂိုလ်တို့၏။ မတိဘာဝေန၊ ဉာဏ်ပညာ၏၊ ဝါ၊ အယူ၏အဖြစ်ဖြင့်။ ပရိကပ္ပိ-တတ္တာ၊ ကြံဆအပ်သည်၏ အဖြစ်ကြောင့်။ မတိဘူတာ၊ မတိ-ဖြစ်၍ ဖြစ်၏။ ဣတိ၊ ကြောင့်။ ကုမတိမတိ၊ ကုမတိမတိမည်၏။ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာအယူကို။ လဒ္ဓတိ၊ ရအပ်၏။ သာယေဝ၊ ထိုမိစ္ဆာအယူသည်ပင်လျှင်။ ဣန္ဓနသဒိသတာယ၊ လောင်စာနှင့် တူသည်၏ အဖြစ်ကြောင့်။ ဣန္ဓနံ၊ လောင်စာတည်း။ တဿ၊ ထို မိစ္ဆာအယူတည်းဟူသော လောင်စာ၏။ ပါဝကံ အဂ္ဂိ ဝိယ၊ မီးသဖွယ်ဖြစ်၏။ ဣတိ၊ ထိုကြောင့်။ ကုမတိ ။ပ။ ပါဝကံ၊ ကုမတိ ။ပ။ ပါဝကမည်၏။ အတိမဓုရန္တိ၊ ကား။ နိပုဏဂမ္ဘီရေန၊ သိမ်လည်းသိမ်မွေ့ နက်လည်းနက်နဲသော။ အတ္ထရသေန စ၊ အနက်တည်းဟူသော အရသာအားဖြင့်လည်းကောင်း။ သုဝိမလသခိ-လေန၊ ကောင်းစွာ အညစ်အကြေးမှလည်းကင်း ပြေလည်း ပြေပြစ်သော။ ဗျဉ္ဇနရသေန စ၊ သဒ္ဒါတည်းဟူသော အရသာအားဖြင့်လည်းကောင်း။ မဓုရံ၊ ကောင်းသော (ဣမံ မှာ စပ်)။ အဝေဒီတိ။ ကား။ ဩဂါဟေတွာ၊ သက်ဝင်၍။ ဇာနာတိ၊ သိ၏။ ယော ယောတိ၊ ကား။ ထေရနဝမဇ္ဈိမေသု၊ ထေရ, နဝ, မဇ္ဈိမ ဖြစ်ကုန်သော ပုဂ္ဂိုလ်တို့တွင်။ ယော ယော ကောစိ[1]၊ အကြင်တစုံတယောက်သော ပုဂ္ဂိုလ်သည်။ ဇိနဝစနံ သကလံ အဝေဒီတိ၊ ကား။ တေပိဋကဿပိ၊ ပိဋကတ်သုံးပုံလည်းဖြစ်သော။ သကလဇိနဝစနဿ၊ အလုံးစုံသော မြတ်စွာဘုရားသခင်၏ ပါဠိတော်ကို။ ဂဟဏသမတ္ထတာ၊ သင်ယူခြင်းငှါ စွမ်းနိုင်သည်၏ အဖြစ်ကို။ ပဋိလာဘေန၊ ရခြင်းဖြင့်၊ ဝါ၊ ကြောင့်။ တံ၊ ထိုအလုံးစုံသော မြတ်စွာဘုရားသခင်၏ ပါဠိတော်ကို။ အဝဂစ္ဆတိ။ သိ၏။

ဣတိ ဣမိနာ အနုက္ကမေန၊ ဖြင့်။ အဘိဓမ္မတ္ထဝိဘာဝနိယာ နာမ၊ သော။
အဘိဓမ္မာဝတာရသံဝဏ္ဏနာယ၊ ၌၊ ဝါ၊ ၏။ အဋ္ဌမပရိစ္ဆေဒဝဏ္ဏနာ[2]၊
အဋ္ဌမပိုင်းအဖွင့်သည်။ နိဋ္ဌိတာ၊ ပြီးပြီ။

---

၁။ (ယော ကောစိ-ဆဋ္ဌမူ) ၂။ (ပကိဏ္ဏကနိဒ္ဒေသဝဏ္ဏနာ-ဆဋ္ဌမူ)

# ၉-နဝမပရိစ္ဆေဒ

## ပုညဝိပါကပစ္စယနိဒ္ဒေသအဖွင့်

၂၆၀—၁။ ဝဋ္ဋကထာယ၊ ဝဋ္ဋကထာ၌။ လောကုတ္တရဝိပါကာနံ၊ လောကုတ္တရာဝိပါက်တို့ကို။ အလဗ္ဘနတော၊ မရခြင်းကြောင့်။ လောကိကာနေ-ဝါတိ၊ လောကိကာနေဝ-ဟူ၍။ ဝုတ္တံ၊ မိန့်ဆိုအပ်ပြီ။ ပုညာပုညာဒိသင်္ခါရာတိ၊ ကား။ ပုညာဘိသင်္ခါရော၊ ပုညာဘိသင်္ခါရလည်းကောင်း။ အပုညာဘိသင်္ခါရော၊ အပုညာဘိသင်္ခါရလည်းကောင်း။ အာနေဉ္ဇာဘိသင်္ခါရော၊ အာနေဉ္ဇာဘိသင်္ခါရလည်းကောင်း။ ဣတိ၊ ဤသို့။ တယော၊ သုံးပါးကုန်သော။ သင်္ခါရာ၊ သင်္ခါရတို့သည်။ ဟောန္တိ၊ ကုန်၏။ တတ္ထ ဝစနေ၊ ထိုစကားရပ်၌။ ဝစနတ္ထော၊ ဝစနတ္ထကို။ ဧဝံ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။ အတ္တနော၊ မိမိ၏။ သန္တာနံ၊ အစဉ်သန္တာန်ကို။ အပုညဖလတော စ၊ အကုသိုလ်အကျိုးမှလည်းကောင်း။ ဒုက္ခသံကိလေသတော စ၊ ဆင်းရဲခြင်း, ပူပန်ညစ်နွမ်းခြင်းမှလည်းကောင်း။ ပုနာတိ သောဓေတိ၊ သုတ်သင်တတ်၏။ ဝါ၊ တနည်းကား။ ပုဇ္ဇာဘဝဖလံ[1]၊ ပူဇော်အပ် မြတ်သော ဘဝအကျိုးကို။ နိဗ္ဗတ္တေတိ၊ ဖြစ်စေတတ်၏။ ဣတိ၊ ထိုကြောင့်။ ပုညော[2] စ၊ ပုညလည်းဟုတ်၏။ အတ္တနော၊ မိမိ၏။ ဖလဿ၊ အကျိုးကို။ အဘိသင်္ခရဏဋ္ဌေန၊ ပြုပြင်စီရင်တတ်သော အနက်သဘော ကြောင့်။ အဘိသင်္ခါရော စ၊ အဘိသင်္ခါရလည်း ဟုတ်၏။ ဣတိ၊ ထိုနှစ်ပါး သောသတ္တိကြောင့်။ ပုညာဘိသင်္ခါရော၊ ပုညာဘိသင်္ခါရမည်၏။ ပုညပဋိပက္ခ-တော၊ ကုသိုလ်၏ ဆန့်ကျင်ဘက် ဖြစ်ခြင်းကြောင့်။ အပုညော စ၊ အပုည လည်းဟုတ်၏။ ဝုတ္တနယေန၊ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ အဘိသင်္ခါရော စ၊ အဘိသင်္ခါရလည်း ဟုတ်၏။ ဣတိ၊ ထိုနှစ်ပါးသော သတ္တိကြောင့်။ အပုညာ-ဘိသင်္ခါရော၊ အပုညာဘိသင်္ခါရ မည်၏။ သမာဓိပစ္စနီကာနံ၊ သမာဓိ၏ဆန့်ကျင် ဘက်ဖြစ်ကုန်သော တရားတို့၏၊ ဝါ၊ တို့မှ။ အတိဒူရတာယ၊ အလွန်ဝေးသည်၏ အဖြစ်ကြောင့်။ န ဣဉ္ဇတိ န ကမ္ပတိ၊ မတုန်လှုပ်တတ်။ ဣတိ၊ ကြောင့်။ အာနေဉ္ဇံ၊ အာနေဉ္ဇမည်၏။ တံ၊ ထို အာနေဉ္ဇမည်သော အရူပါဝစရသမာဓိကို။ အဘိသင်္ခရောတိ၊ ပြုပြင်စီရင်တတ်၏။ ဣတိ၊ ကြောင့်။ အာနေဉ္ဇာဘိသင်္ခါရော၊ အာနေဉ္ဇာဘိသင်္ခါရမည်၏။

တတ္ထ၊ ထိုသုံးပါးသော သင်္ခါရတို့တွင်။ ဒါနသီလာဒိဝသေန၊ ဒါန, သီလ စသည်တို့၏ အစွမ်းအားဖြင့်။ ပဝတ္တာ၊ ဖြစ်ကုန်သော။ အဋ္ဌ၊ ရှစ်ပါးကုန်သော။

၁။ (ပုဇ္ဇံ ဘဝဖလံ—ဆင့္ဂမှု)　　၂။ (ပုညံ—ဆင့္ဂမှု)

ကာမာဝစရကုသလစေတနာ၊ ကာမာဝစရ ကုသိုလ်စေတနာတို့လည်းကောင်း။ ဘာဝနာဝသေနေဝ၊ ဘာဝနာ၏ အစွမ်းအားဖြင့်သာလျှင်။ ပဝတ္တာ၊ ဖြစ်ကုန်သော။ ပဥ္စ၁၊ ငါးပါးကုန်သော။ ရူပါဝစရကုသလစေတနာ စ၊ ရူပါဝစရကုသိုလ်စေတနာတို့လည်းကောင်း။ ဣတိ၊ ဤသို့။ တေရသ၊ တဆယ့်သုံးပါးကုန်သော။ စေတနာ၊ စေတနာတို့သည်။ ပုညာဘိသင်္ခါရော နာမ၊ ပုညာဘိသင်္ခါရမည်၏။ ပါဏာတိပါတာဒိဝသေန၊ ပါဏာတိပါတစသည်တို့၏ အစွမ်းအားဖြင့်။ ပဝတ္တာ၊ ဖြစ်ကုန်သော။ ဒွါဒသ၊ တဆယ့်နှစ်ပါးကုန်သော။ အကုသလစေတနာ၊ အကုသိုလ်စေတနာတို့သည်။ အပုညာဘိသင်္ခါရော နာမ၊ အပုညာဘိသင်္ခါရမည်၏။ ဘာဝနာဝသေနေဝ၊ ဖြင့်သာလျှင်။ ပဝတ္တာ၊ ဖြစ်ကုန်သော။ စတဿော၊ လေးပါးကုန်သော။ အရူပါဝစရကုသလစေတနာ၊ အရူပါဝစရကုသိုလ်စေတနာတို့သည်။ အာနေဉ္ဇာဘိသင်္ခါရော နာမ၊ အာနေဉ္ဇာဘိသင်္ခါရမည်၏။

ဘဝါဒီသု၊ ဘဝစသည်တို့၌။ ယထာ၊ အကြင်သို့သော အခြင်းအရာအပြားအားဖြင့်။ ပစ္စယာ၊ ကျေးဇူးပြုတတ်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ တထာ၊ ထိုသို့သော အခြင်းအရာအပြားအားဖြင့်။ ယေသဉ္စ ဝိပါကာနံ၊ အကြင်ဝိပါက်စိတ်တို့အားလည်း။ ပစ္စယာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။ တေပိ၊ ထိုဝိပါက်စိတ်နှင့်ပစ္စည်းဖြစ်သော သင်္ခါရတို့ကိုလည်း။ ဝိညာတဗ္ဗာ၊ သိအပ်ကုန်၏။ ဣတိ အယံ၊ ကား။ သမ္ဗန္ဓော၊ စပ်ပုံ။ ကေစိ ပန၊ အချို့သောဆရာတို့သည်ကား။ တေပီတိ ဣမိနာ၊ တေပိ-ဟူသော ဤပါဠ်ဖြင့်။ သင်္ခါရာနံ၊ သင်္ခါရတို့ကို။ ဂဟဏံ၊ စွဲယူခြင်းသည်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ဆိုကြကုန်၏။ တံ၊ ထိုကေစိဆရာတို့ဆိုသောစကားသည်။ န ယုတ္တံ၊ မသင့်။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ ဧဝံ သတိ၊ ဤသို့ယူသည်ရှိသော်။ ယေသံ္တိ အနိယမနိဒ္ဒေသဿ၊ ယေသံ-ဟူသော အနိယမနိဒ္ဒေသ၏၊ ဝါ၊ ကို။ နိယမကဝစနာဘာဝတော၊ မြဲသော၊ ဝါ၊ မှတ်ကြောင်းဖြစ်သော နိယတ်သဒ္ဒါ၏ မရှိခြင်းကြောင့်တည်း။

၅၄၂။ တေ ဘဝါဒယော၊ ထိုဘဝစသည်တို့သည်။ ကတမေ ပန၊ အဘယ်သည်တို့နည်းဟူမူကား။ ဣတိ စောဒိတဗ္ဗတော၊ ဤသို့ စောဒနာဖွယ်ရှိသောကြောင့်။ တယော ဘဝါတိအာဒိ၊ ၀ယော ဘဝါ ဤသို့အစရှိသည်ကို။ အာဟ၊ မိန့်ဆိုတော်မူပြီ။ တတ္ထ ဝစနေ၊ ၌။ ကာမရူပါရူပဝသေန၊ ကာမ, ရူပ, အရူပတို့၏ အစွမ်းအားဖြင့်။ တယော၊ သုံးပါးကုန်သော။ ဘဝါ၊ ဘဝတို့သည်။ ဟောန္တိ၊ ကုန်၏။ ပန၊ အထူးကိုဆိုဦးအံ့။ သညီဘဝအသညီဘဝနေဝသညီနာသညီဘဝဝ-သေန စ၊ သညီဘဝ, အသညီဘဝ, နေဝသညီနာသညီဘဝတို့၏ အစွမ်းအားဖြင့်

၁။ ဤ၌ အလုံးစုံစာချွေးမှာ ပဥ္စ-ပုဒ်ကျလျက်ချည်း ရှိကြသည်။ သတိရှိစေ။

လည်းကောင်း။ **ကေဝါကာရဘဝ**စတုဝေါကာရဘဝပဉ္စဝေါကာရဘဝဝသေန စ၊ ဧကဝေါကာရဘဝ, စတုဝေါကာရဘဝ, ပဉ္စဝေါကာရဘဝတို့၏ အစွမ်းအားဖြင့် လည်းကောင်း။ တယော၊ ကုန်သော။ ဘဝါ၊ ဘဝတို့သည်။ ဧတ္ထေဝ၊ ဤကာမ, ရူပ, အရူပဘဝတို့၌သာလျှင်။ သမောဓာနံ၊ ပေါင်းခြင်းသို့။ ဂစ္ဆန္တိ၊ ရောက် ကုန်၏။

**စတဿော ယောနိယောတိ**၊ ကား။ အဏ္ဍဇဇလာဗုဇသံသေဒဇဩပပါတိက-ဝသေန၊ အဏ္ဍဇ, ဇလာဗုဇ, သံသေဒဇ, ဩပပါတိကတို့၏ အစွမ်းအားဖြင့်။ **စတ္တာရော**၊ လေးပါးကုန်သော။ သတ္တနိကာယာ၊ သတ္တဝါအပေါင်းတို့သည်။ ယောန္တိ၊ ကုန်၏။ တတ္ထ၊ ထိုလေးပါးသော သတ္တနိကာယတို့တွင်။ ဗီဇကပါလေ၊ ဥခွံ၌။ နိဗ္ဗတ္တော၊ ဖြစ်သော။ သတ္တနိကာယော၊ သတ္တဝါအပေါင်းသည်။ **အဏ္ဍဇယောနိ** နာမ၊ အဏ္ဍဇယောနိမည်၏။ မာတုဂဗ္ဘေ ဇလာဗုဇာယံ၊ သား အိမ်၌။နိဗ္ဗတ္တသတ္တနိကာယော၊ဖြစ်သောသတ္တဝါအပေါင်းသည်။**ဇလာဗုဇယောနိ** နာမ၊ ဇလာဗုဇယောနိမည်၏။ ပဒုမဂဗ္ဘမာနုဿကဂဗ္ဘမလာဒိသံသေဒူပနိဿာ-ယေန၊ ပဒုမ္မာကြာတိုက်, လူ၌ဖြစ်သော ကိုယ်ဝန်အညစ်အကြေးစသော အညှိကို စွဲမှီသဖြင့်။ ဥပ္ပဇ္ဇနကသတ္တနိကာယော၊ ဖြစ်သောသတ္တဝါအပေါင်းသည်။ **သံသေ-ဒဇယောနိ** နာမ၊ သံသေဒဇယောနိမည်၏။ ကုတော စိ၊ တစုံတခုသော ဥခွံစသည် မှ၊ ဝါ၊ ၌။ **အနုပ္ပဇ္ဇိတွာ**၊ မဖြစ်မူ၍။ ကေဝလံ၊ သက်သက်။ တတ္ထ တတ္ထ၊ ထိုထို ဘဝဂတိတို့၌။ ပရိပုဏ္ဏင်္ဂပစ္စင်္ဂေါ၊ ပြည့်စုံသော ကိုယ်အင်္ဂါကြီးငယ်ရှိသည်။ ဟုတွာ၊ ဖြစ်၍။ ဥပ္ပဇ္ဇနကသတ္တနိကာယော၊ သည်။ **ဩပပါတိကယောနိ** နာမ၊ ဩပပါတိကယောနိမည်၏။

**ဂတိပဉ္စကံ**၊ ဂတိငါးပါး အပေါင်းကို။ ဟေတွာ၊ **အောက်၌**။ ဝိဘာဝိတမေဝ၊ ထင်စွာပြအပ်ခဲ့ပြီးသည်သာလျှင်**တည်း**။ စ၊ အဖို့တပါးကို ဆိုဦးအံ့။ ပဋိသန္ဓိ-ဝိညာဏာသံ၊ ပဋိသန္ဓေဝိညာဉ်၏။ ဝတ္တုဘူတာ၊ တည်ရာဖြစ်၍ဖြစ်ကုန်သော။ ဝိညာဏက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာတို့သည်။ ဆ၊ ခြောက်ပါးကုန်သော။ ဝိညာဏ-ဋ္ဌိတိယော နာမ၊ ဝိညာဏဋ္ဌိတိတို့မည်ကုန်၏။ **တေ ပန**၊ ထိုဝိညာဏဋ္ဌိတိတို့**သည်** **ကား**။ နာနတ္တကာယာဒိဝသေန၊ နာနတ္တကာယစသည်တို့၏ အစွမ်းအား**ဖြင့်**။ သတ္တဝိဓာ၊ ခုနစ်ပါးအပြားရှိကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဣတိ၊ ထိုကြောင့်။ **ဝိညာဏဋ္ဌိတိယော သတ္တာတိ**၊ ဝိညာဏဋ္ဌိတိယော သတ္တ-ဟူ၍၊ အာဟ၊ ပြီ။ ဟိ သစ္စံ၊ ထိုစကားသည်မှန်၏။ သတ္တိမာ ဘိက္ခဝေ။ပ။ အယံ သတ္တမီ ဝိညာဏဋ္ဌိတီတိ၊ သတ္တိမာ ဘိက္ခဝေ။ပ။ အယံ **သတ္တမီ** ဝိညာဏဋ္ဌိတီတိ-ဟူသော။ ဧတံ၊ ဤစကားကို။ ဝုတ္တံ၊ သတ္တကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်၌ ဘုရားဟောတော်မူအပ်ပြီ။

---

၁။ (ဇလာဗုဇေ-ဆဋ္ဌမူ)

(ဘိက္ခဝေ၊ ရဟန်းတို့။ ဝိညာဏဋ္ဌိတိယော၊ ဝိညာဏဋ္ဌိတိတို့သည်။ ဣမာ သတ္တ၊ ဤခုနစ်ပါးတို့တည်း။ ကတမာ သတ္တ၊ အဘယ်ခုနစ်ပါး တို့နည်းဟူမူကား။ ဘိက္ခဝေ၊ တို့။ နာနတ္တကာယာ၊ အထူးထူးသော ကိုယ်သဏ္ဌာန်ရှိကုန်သော။ နာနတ္တသညိနော၊ အထူးထူးသော ပဋိသန္ဓေ သညာရှိကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ သန္တိ၊ ရှိကုန်၏။ သေယျ-ထာပိ၊ အဘယ်သတ္တဝါတို့ကဲ့သို့ နည်းဟူမူကား။ မနုဿာ သေယျထာပိ၊ လူတို့ကဲ့သို့လည်းကောင်း။ စေကစ္စေ၊ အချို့ကုန်သော။ ဒေဝါ သေယျ-ထာပိ စ၊ နတ်တို့ကဲ့သို့လည်းကောင်း။ ဧကစ္စေ၊ ကုန်သော။ ဝိနိပါတိကာ သေယျထာပိ စ၊ ဝိနိပါတိက အသူရကာယ်တို့ကဲ့သို့လည်းကောင်း တည်း။ အယံ၊ ဤဝိညာဏဋ္ဌိတိသည်။ ပဌမာ၊ ရှေးဦးစွာသော၊ ဝိညာ-ဏဋ္ဌိတိ၊ နာနတ္တကာယ နာနတ္တသညီ ဝိညာဏဋ္ဌိတိမည်၏။

ဘိက္ခဝေ၊ တို့။ နာနတ္တကာယာ၊ ကုန်သော။ ဧကတ္တသညိနော၊ တူသော ပဋိသန္ဓေသညာရှိကုန်သော။ သတ္တာ၊ တို့သည်။ သန္တိ၊ ရှိကုန် ၏။ သေယျထာပိ၊ ဟူမူကား။ ပဌမာဘိနိဗ္ဗတ္တာ၊ ပဌမစျာန်ဖြင့်၊ ဝါ၊ ကြောင့်ဖြစ်ကုန်သော။ ဒေဝါ ဗြဟ္မကာယိကာ သေယျထာပိ၊ ပဌမစျာန် ဘုံသားဗြဟ္မာတို့ကဲ့သို့တည်း။ အယံ၊ သည်။ ဒုတိယာ၊ နှစ်ခုမြောက် သော။ ဝိညာဏဋ္ဌိတိ၊ နာနတ္တကာယ ဧကတ္တသညီ ဝိညာဏဋ္ဌိတိမည်၏။

ဘိက္ခဝေ၊ တို့။ ဧကတ္တကာယာ၊ တူသော ကိုယ်သဏ္ဌာန်ရှိကုန်သော။ နာနတ္တသညိနော၊ ကုန်သော။ သတ္တာ၊ တို့သည်။ သန္တိ၊ ကုန်၏။ သေယျထာပိ၊ ဟူမူကား။ ဒေဝါ အာဘဿရာ သေယျထာပိ၊ အာဘ-ဿရာဘုံသား ဗြဟ္မာတို့ကဲ့သို့တည်း။ အယံ၊ သည်။ တတိယာ၊ သုံးခု မြောက်သော။ ဝိညာဏဋ္ဌိတိ၊ ဧကတ္တကာယ နာနတ္တသညီ ဝိညာဏ-ဋ္ဌိတိမည်၏။

ဘိက္ခဝေ၊ တို့။ ဧကတ္တကာယာ၊ ကုန်သော။ ဧကတ္တသညိနော၊ ကုန်သော။ သတ္တာ၊ တို့သည်။ သန္တိ၊ ကုန်၏။ သေယျထာပိ၊ ဟူမူကား။ ဒေဝါ သုဘကိဏှာ သေယျထာပိ၊ သုဘကိဏှာဘုံသား ဗြဟ္မာတို့ကဲ့သို့ တည်း။ အယံ၊ သည်။ စတုတ္ထီ၊ လေးခုမြောက်သော။ ဝိညာဏဋ္ဌိတိ၊ ဧကတ္တကာယ ဧကတ္တသညီ ဝိညာဏဋ္ဌိတိမည်၏။

ဘိက္ခဝေ၊ တို့။ သဗ္ဗသော၊ အချင်းခပ်သိမ်း။ ရူပသညာနံ၊ ရူပသညာ တို့ကို။ သမတိက္ကမ္မ၊ ကောင်းစွာလွန်မြောက်၍။ ပဋိဃသညာနံ၊ ပဉ္စ-ဝိညာဉ်သညာတို့၏။ အတ္ထင်္ဂမာ၊ ချုပ်ခြင်းကြောင့်။ နာနတ္တသညာနံ၊ ပဉ္စဝိညာဉ်သညာမှကြွင်းသော အထူးထူးသော ကာမာဝစရသညာ တို့ကို။ အမနသိကာရာ၊ နှလုံးမသွင်းခြင်းကြောင့်။ အနန္တော အာကာ-

သောတိ၊ အနန္တော အာကာသော-ဟု ပရိကံပြု၍။ အာကာသာနဉ္စာယ-တနုပဂါ၊ အာကာသာနဉ္စာယတနဘုံသို့ကပ်၍ ဖြစ်ကုန်သော။ သတ္တာ၊ တို့သည်။ သန္တိ၊ ကုန်၏။ အယံ၊ သည်။ ပဉ္စမီ၊ ငါးခုမြောက်သော။ ဝိညာဏဋ္ဌိတိ၊ အာကာသာနဉ္စာယတနဝိညာဏဋ္ဌိတိမည်၏။

ဘိက္ခဝေ၊ တို့။ သဗ္ဗသော၊ အချင်းခပ်သိမ်း။ အာကာသာနဉ္စာ-ယတနံ၊ အာကာသာနဉ္စာယတနစျာန်ကို။ သမတိက္ကမ္မ၊ ၍။ အနန္တံ ဝိညာဏန္တိ၊ အနန္တံ ဝိညာဏံ-ဟု ပရိကံပြု၍။ ဝိညာဏဉ္စာယတနုပဂါ၊ ဝိညာဏဉ္စာယတနဘုံသို့ကပ်၍ ဖြစ်တတ်ကုန်သော။ သတ္တာ၊ တို့သည်။ သန္တိ၊ ကုန်၏။ အယံ၊ သည်။ ဆဋ္ဌီ၊ ခြောက်ခုမြောက်သော။ ဝိညာဏ-ဋ္ဌိတိ၊ ဝိညာဏဉ္စာယတနဝိညာဏဋ္ဌိတိမည်၏။

ဘိက္ခဝေ၊ တို့။ သဗ္ဗသော၊ အချင်းခပ်သိမ်း။ ဝိညာဏဉ္စာယတနံ၊ ဝိညာဏဉ္စာယတနစျာန်ကို။ သမတိက္ကမ္မ၊ ၍။ နတ္ထိ ကိဉ္စီတိ၊ နတ္ထိ ကိဉ္စိ-ဟု ပရိကံပြု၍။ အာကိဉ္စညာယတနုပဂါ၊ အာကိဉ္စညာယတနဘုံသို့ ကပ်၍ ဖြစ်တတ်ကုန်သော။ သတ္တာ၊ တို့သည်၊ သန္တိ၊ ကုန်၏။ အယံ၊ သည်။ သတ္တမီ၊ ခုနစ်ခုမြောက်သော။ ဝိညာဏဋ္ဌိတိ၊ အာကိဉ္စညာယတန ဝိညာဏဋ္ဌိတိမည်၏။)

ဟိ ဝိတ္ထာရေမိ၊ ထိုစကားကို အကျယ်ချဲ့၍ ဆိုဦးအံ့။ ဣတ္ထေ၊ ဤခုနစ်ပါးသော ဝိညာဏဋ္ဌိတိတို့တွင် (နာနတ္တကာယနာနတ္တသညိနော နာမ စသည်မှာ စပ်)။ အပရိမာဏစက္ကဝါဠဝါသိနော၊ အတိုင်းအရှည်မရှိသော စကြဝဠာ၌ နေလေ့ရှိကုန်သော။ မနုဿာ စ၊ လူတို့လည်းကောင်း။ ကာမာဝစရဒေဝါ စ၊ ကာမာဝစရ နတ်တို့လည်းကောင်း။ ပုနဗ္ဗသုမာတုပိယင်္ကရမာတာဒယော၊ ပုနဗ္ဗသု၏ အမိ, ပိယင်္ကရ၏ အမိ အစရှိကုန်သော။ ဝိနိပါတိကာသုရာ စ၊ ဝိနိပါတိက အသူ-ရကာယ်တို့ လည်းကောင်း။ ကုသလဝိပါကပဋိသန္ဓိကာ၊ ကုသလဝိပါက် ပဋိသန္ဓေရှိကုန်သော။ ဝေမာနိကပေတာ[၁] စ၊ ဘုံဗိမာန်ရှိကုန်သော၊ ဝါ၊ ဘုံဗိမာန်၌ နေကုန်သော ပြိတ္တာတို့လည်းကောင်း။ ဣတိ ဣမေ၊ ဤဆိုအပ်ခဲ့ပြီးသော သတ္တဝါတို့သည်။ ဒီဃရဿကိသထူလကာဠသြဒါတာဒိဝဏ္ဏသဏ္ဌာန-ဝသေန၊ အမြင့်, အနိမ့်, အကြုံ, အဆူ, အမည်း, အဖြူစသော အဆင်း, သဏ္ဌာန် တို့၏အစွမ်းအားဖြင့်။ ရူပကာယဿ စ၊ ရူပကာယ၏ လည်းကောင်း။ အဟေတု-ဒုဟေတုတိဟေတုဝသေန၊ အဟိတ်, ဒွိဟိတ်, တိဟိတ်တို့၏ အစွမ်းအားဖြင့်။

---

၁။ ဤ၌ ဒန္တဇ ပဌမက္ခရာ တ-နှင့် "ဝေမာတိကပေတာ" ဟု စာအများ ရှိတတ်ကြသည်။ မရှိစေရ။ ဒန္တဇ ပဥ္စမက္ခရာ န-နှင့် "ဝေမာနိကပေတာ" ဟုသာ ပါဌ်မှန်ရှိစေရမည်။ အကြောင်းကား — ဘုံဗိမာန်ဟော ဝိမာန-သဒ္ဒါနောင် ဏိက-ပစ္စည်းသက်၍ ပြီးသောပုဒ်မျိုး ဖြစ်ခြင်းကြောင့်တည်း။

ပဋိသန္ဓိသညာဃ စ၊ ပဋိသန္ဓေသညာ၏ လည်းကောင်း။ နာနာဘာဝတော၊ အထူးထူး၏ အဖြစ်ကြောင့်။ နာနက္ခဏကာယနာနက္ခသညီနော နာမ၊ နာနတ္တ-ကာယနာနတ္တသညီတို့မည်ကုန်၏။ အယံ၊ ဤသည်ကား။ ပဌမာ၊ သော။ ဝိညာဏဋ္ဌိတိ၊ နာနတ္တကာယနာနတ္တသညီ ဝိညာဏဋ္ဌိတိတည်း။

ပန၊ အဖွိုတပါးကို ဆိုဦးအံ့။ ပဌမဈာနတလဝါသိနော၊ ပဌမဈာန်ဘုံ အပြင်၌ နေကုန်သော။ တယော၊ သုံးမျိုးကုန်သော။ ဒေဝါ၊ ဗြဟ္မာတို့သည်။ ဥပရူပရိဝါသီနံ၊ အထက်အထက်၌ နေကုန်သော ဗြဟ္မာတို့၏။ ဝဏ္ဏာဒိကံ၊ အဆင်း စသည်ကို။ အပေက္ခိတွာ၊ ငဲ့ညှာ၍၊ ဝါ၊ ထောက်စာ၍။ အပ္ပနော၊ မိမိတို့၏။ ဝဏ္ဏာဒီနံ၊ အဆင်းစသည်တို့၏။ နိဟီနတာယ၊ ယုတ်ညံ့သည်၏ အဖြစ်ကြောင့်။ ရူပကာယဿ၊ ၏။ နာနာဘာဝတော စ၊ အထူးထူး၏ အဖြစ်ကြောင့် လည်းကောင်း။ ပဌမဈာနဝိပါကဝိညာဏဝသေန၊ ပဌမဈာန်ဝိပါက်ဝိညာဉ်၏ အစွမ်းအားဖြင့်၊ သမာနသညိတာယ စ၊ တူသော ပဋိသန္ဓေသညာရှိသည်၏ အဖြစ်ကြောင့် လည်းကောင်း။ နာနတ္တကာယဧကတ္တသညိနော နာမ၊ နာနတ္တကာယ ဧကတ္တသညီတို့ မည်ကုန်၏။ အယံ၊ ကား။ ဒုတိယာ၊ သော။ ဝိညာဏဋ္ဌိတိ၊ နာနတ္တကာယဧကတ္တသညီ ဝိညာဏဋ္ဌိတိတည်း။

စတုရာပါယဝါသိနော ပိ၊ အပါယ်လေးဘုံ၌ နေကုန်သော သတ္တဝါတို့ သည်လည်း။ ဝဏ္ဏသဏ္ဌာနဝသေန၊ အဆင်း, သဏ္ဌာန်၏ အစွမ်းအားဖြင့်။ ရူပ-ကာယဿ၊ ၏။ နာနာသဘာဝတ္တာ စ၊ အထူးထူးသော သဘောရှိသည်၏ အဖြစ် ကြောင့် လည်းကောင်း။ အကုသလဝိပါကသညာဝသေန၊ အကုသလဝိပါက် သညာ၏ အစွမ်းအားဖြင့်။ သညာယ၊ ပဋိသန္ဓေသညာ၏။ ဧကသဘာဝတ္တာ စ၊ တူသောသဘောရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း။ ဒုတိယဝိညာဏဋ္ဌိ-တိယံယေဝ၊ နာနတ္တကာယ ဧကတ္တသညီဖြစ်သော ဒုတိယ ဝိညာဏဋ္ဌိတိ၌ သာလျှင်။ သမောဓာနံ၊ ပေါင်းခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ဒုတိယဈာနတလဝါသိနော၊ ဒုတိယဈာန်ဘုံအပြင်၌ နေကုန်သော။ တယော၊ ကုန်သော။ ဒေဝါ၊ ဗြဟ္မာတို့သည်။ ဝဏ္ဏသဏ္ဌာနာဒိဝသေန၊ အဆင်း, သဏ္ဌာန် စသည်တို့၏ အစွမ်းအားဖြင့်။ သမာနတ္တာ၊ တူသည်၏အဖြစ်ကြောင့်။ ရူပ-ကာယဿ၊ ၏။ ဝိသေသာဘာဝတော၊ အထူး၏ မရှိခြင်းကြောင့်။ ပဉ္စကနယေ၊ ပဉ္စကနည်း၌။ ဒုတိယ တတိယဈာနသညာဝသေန၊ ဒုတိယဈာနသညာ, တတိယ ဈာနသညာတို့၏ အစွမ်းအားဖြင့်။ ပဋိသန္ဓိသညာယ၊ ၏။ နာနာဘာဝတော၊ ကြောင့်။ ဧကတ္တကာယနာနတ္တသညိနော နာမ၊ ဧကတ္တကာယနာနတ္တသညီတို့ မည်ကုန်၏။ အယံ၊ ကား။ တတိယာ၊ သော။ ဝိညာဏဋ္ဌိတိ၊ ဧကတ္တကာယ နာနတ္တသညီ ဝိညာဏဋ္ဌိတိတည်း။

ပန၊ **အဖို့တပါးကို** ဆိုဦးအံ့။ တတိယဇ္ဈာနတလဝါသိနော၊ တတိယဈာန်ဘုံ အပြင်၌ နေကုန်သော။ တယော။ ကုန်သော။ ဒေဝါ၊ ပြဟ္မာတို့သည်။ ရူပ- ကာယဝသေန၊ ရူပကာယ**၏** အစွမ်းအားဖြင့်။ **သမာနတ္တာ** **စ**၊ ကြောင့် လည်းကောင်း။ ပဌမကနယေ၊ ၌။ **စတုတ္ထဇ္ဈာနဝိပါကသညာဝသေန**၊ **စတုတ္ထ** ဈာန် ဝိပါက်**သညာ၏** အစွမ်းအားဖြင့်။ ပဋိသန္ဓိသညာယ၊ ၏။ ဧကတ္တာ စ၊ တူသည်၏ အဖြစ်ကြောင့် လည်းကောင်း။ **ဧကတ္တကာယဧကတ္တသညိနော** နာမ၊ ဧကတ္တ**ကာယ** ဧကတ္တသညီတို့မည်ကုန်၏။ အယံ၊ ကား။ **စတုတ္ထီ၊ သော။** ဝိညာဏဋ္ဌိတိ၊ **ဧကတ္တကာယဧကတ္တသညီ** ဝိညာဏဋ္ဌိတိ တည်း။

ဝေဟပ္ဖလဝါသိနော စေဝ၊ ဝေဟပ္ဖိုလ်ဘုံ၌ နေကုန်သော ပြဟ္မာတို့သည် **လည်းကောင်း။** ပဉ္စသုဒ္ဓါဝါသဝါသိနော စ၊ သုဒ္ဓါဝါသ ငါးဘုံ၌ နေကုန်သော ပြဟ္မာတို့သည် လည်းကောင်း။ ဝဏ္ဏသဏ္ဌာနဝသေန၊ **အား**ဖြင့်။ ရူပကာ- ယဿ စ၊ ၏ လည်းကောင်း။ ပဉ္စမဇ္ဈာနဝိပါကသညာဝသေန၊ **ပဉ္စမ**ဈာန် ဝိပါက်သညာ၏ အ**စွ**မ်းအားဖြင့်။ ပဋိသန္ဓိ**သညာယ** စ၊ **၏**လည်းကောင်း။ သမာနတ္တာ၊ ကြောင့်။ စတုတ္ထိဝိညာဏဋ္ဌိတိမေဝ၊ **ဧကတ္တကာယ ဧကတ္တ သညီ**ဖြစ်သော **စတုတ္ထိ**ဝိညာဏဋ္ဌိတိသို့သာလျှင်။ ဘဇန္တိ၊ သက်ဝင်ကုန်၏။

အာကာသာနဉ္စာယတနာဒယော၊ အာကာသာနဉ္စာယတန အစရှိကုန်သော။ တိဿော၊ သုံးပါးကုန်သော။ ဝိညာဏဋ္ဌိတိယော၊ ဝိညာဏဋ္ဌိတိ တို့သည်။ ပါဠိဝသေနေဝ၊ ပါဠိတော်၏ အစွမ်းအားဖြင့်သာလျှင်။ ပါကဋ္ဌာ၊ ထင်ရှား **ကုန်၏**။

ပန၊ အထူးကို ဆိုဦးအံ့။ ဝိညာဏာဘာဝေန၊ ဝိညာဉ်၏မရှိခြင်းဖြင့်။ အသည- **သတ္တာ** စ၊ အသညသတ် ပြဟ္မာတို့ကိုလည်းကောင်း။ သညာယ ဝိယ၊ သညာ၏ ကဲ့သို့။ ဝိညာဏဿပိ၊ ဝိညာဉ်၏လည်း။ သုခုမဘာဝေန၊ သိမ်မွေ့သည်၏ အဖြစ်ဖြင့်။ နေဝသညာ**နာသညာ**ယ**တန**ဝါသိနော စ၊ နေဝသညာနာသညာ- **ယတန**ဘုံ၌ နေကုန်သော ပြဟ္မာတို့ကိုလည်းကောင်း။ ဝိညာဏဋ္ဌိတိသု၊ ဝိညာဏဋ္ဌိတိ ၇-ပါးတို့၌။ န ဂဟိတာ၊ မယူအပ်ကုန်။

**ပန**၊ ယူ**အပ်**သည်ကို ဆိုဦးအံ့။ **သ**တ္တာဝါသနိဝါသိ**တာ**ယ[၁]၊ **သ**တ္တဝါတို့၏ **နေ**ရာဘုံ၌ တည်နေလေ့ရှိ**သည်၏**အဖြစ်ကြောင့်။ **သ**တ္တာဝါသ ဣတိ၊သတ္တာဝါသတို့ ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။ **ဝေဋ္ဌ ကတွာ**၊ ဤသို့သောအကြောင်းကြောင့်။ တေဟိ၊ **ထို**အသညသတ် ပြဟ္မာ, နေဝသညာနာသညာယတနဘုံ၌ နေကုန်သော ပြဟ္မာတို့နှင့်တကွ။ သတ္တ ဝိညာဏဋ္ဌိတိ**ယော**၊ ၇-ပါးသော ဝိညာဏဋ္ဌိတိတို့ကို။

၁။ (သတ္တာနံ နိဝါသတာယ-ဆဋ္ဌမူ)

သမောဓာနေတွာ၊ ပေါင်း၍။ နဝ၊ ကိုးပါးကုန်သော။ သတ္တာဝါသာ၊ သတ္တာ-ဝါသတို့ကို။ ဝုတ္တာ၊ ဆိုအပ်ကုန်၏။

၅၆၃ ၄။ ဣဒါနိ၊ ယခုအခါ၌။ ဝေ၊ ဤသို့။ ဝုတ္တေသု၊ ဆိုအပ်ခဲ့ကုန်ပြီးသော။ ဘဝါဒီသု၊ ဘဝ စသည်တို့၌။ ဒွတ္တိံသဝိပါကာနံ၊ သုံးဆယ့်နှစ်ပါးသော ဝိပါက်စိတ်တို့အား။ တိဏ္ဏံ၊ သုံးပါးကုန်သော။ အဘိသင်္ခါရာနံ၊ အဘိ-သင်္ခါရတို့၏။ ပစ္စယဘာဝံ၊ ကျေးဇူးပြုသည်၏အဖြစ်ကို။ ဒဿေတုံ၊ ပြခြင်းငှါ။ **ကာမေ ပုညာဘိသင်္ခါရသညိတာတိအာဒိ၊ ကာမေ** ။ပ။ သညိတာ ဤသို့ အစရှိသည်ကို။ အာရဒ္ဓံ၊ အားထုတ်တော်မူအပ်ပြီ။

**နဝန္နံ ပါကစိတ္တာနန္တိ၊** ကား။ **သဟေတုကာဟေတုကဝသေန၊**သဟိတ်၊ အဟိတ်တို့၏ အစွမ်းအားဖြင့်။ နဝန္နံ၊ ကိုးပါးကုန်သော။ သုဂတိပဋိသန္ဓိဝိပါကစိတ္တာနံ၊ သုဂတိပဋိသန္ဓေဝိပါက်စိတ်တို့အား။ **နာနာက္ခဏိက** ။ပ။ **ပစ္စယေဟိ စာတိ၊ ကား**။ အတီတဘာဝေ၊အတိတ်သာလျှင်ဖြစ်သော။ ကုသလာကုသလကမ္မဿ၊ကုသိုလ်ကံ, အကုသိုလ်ကံ၏။ အတ္တနာ၊ မိမိတို့သည် (ဝင်းကား နိပါတ်ပုဒ်တည်း)။ ဇနေ-တဗ္ဗဝိပါကာနံ၊ ဖြစ်စေအပ်သော ဝိပါက်စိတ်တို့အား။ ပစ္စယဘာဝတော၊ ကျေးဇူးပြုတတ်သည်၏ အဖြစ်ကြောင့်။ နာနာက္ခဏိကကမ္မပစ္စယေန စ၊ နာနာက္ခဏိက-ကမ္မပစ္စည်းဖြင့် လည်းကောင်း။ တေသမေဝ၊ ထိုဝိပါက်စိတ်တို့အားသာလျှင်။ ဗလဝကာရဏဘာဝတော၊ အားကြီးသောအကြောင်း၏ အဖြစ်ကြောင့်။ ဥပ-နိဿယပစ္စယေန စ၊ ဥပနိဿယပစ္စည်းဖြင့်လည်းကောင်း (ပစ္စယာ ဘဝန္တိ-မှာ စပ်)။ ဟိ သစ္စံ၊ ၏။ တဿ၊ ထိုအားကြီးသော ကံ၏။ ဥပနိဿယတ္တံ၊ ဥပနိဿယပစ္စည်း၏အဖြစ်ကို။ ကုသလာကုသလံ ကမ္မံ ဝိပါကဿ ဥပနိဿယ-ပစ္စယေန ပစ္စယောတိ၊ ကုသလာ ။ပ။ ပစ္စယော-ဟူသောပါဠိဖြင့်။ ဝုတ္တံ၊ ဟောတော်မူအပ်ပြီ။

(ကုသလာကုသလံ၊ အားကြီးသော ကုသိုလ် အကုသိုလ်ဖြစ်သော။ ကမ္မံ၊ ကံသည်။ ဝိပါကဿ၊ ဝိပါက်အား။ ဥပနိဿယပစ္စယေန၊ ဥပ-နိဿယပစ္စယသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊၏။)

သဗ္ဗတ္ထ၊ အလုံးစုံသော အရာတို့၌။ ဥပနိဿယဘာဝေါ၊ ဥပနိဿယပစ္စည်း၏ အဖြစ်ကို။ ဗလဝကမ္မဝသေန၊ အားကြီးသော ကံ၏အစွမ်းအားဖြင့်။ ယောဇေ-တဗ္ဗော၊ ယှဉ်အပ်၏။ ဟိ သစ္စံ၊ ၏။ ဒုဗ္ဗလံ၊ အားနည်းသော။ ကမ္မံ၊ ကံသည်။ ဥပနိဿယော၊ ဥပနိဿယပစ္စည်းသည်။ န ဟောတိ၊ မဖြစ်။ ဣတိ ဧတံ၊ ဤအကြောင်းကို။ ပဋ္ဌာနဝဏ္ဏနာယံ၊ ပဋ္ဌာန်းအဋ္ဌကထာ၌။ ဒဿိတံ၊ ပြတော်မူအပ်ပြီ။

၅၆၆-၈။ ပဥ္စန္နန္တိ၊ ကား။ ကုသလဝိပါကစက္ခုသောတဝိညာဏသမ္ပဋိစ္ဆန- သန္တီရဏဒွယဝသေန၊ ကုသလဝိပါက် စက္ခုဝိညာဉ်, သောတဝိညာဉ်, သမ္ပ- ဋိစ္ဆိုင်း, သန္တီရဏဒွေတို့၏ အစွမ်းအားဖြင့်။ ပဉ္စန္နံ၊ ငါးပါးကုန်သော (ပါက- စိတ္တာနံ-မှာ စပ်)။ ဒုဂ္ဂတိယံ၊ ဒုဂ္ဂတိဘုံ၌။ ကုသလဝိပါကပဋိသန္ဓိယာ၊ ကုသလ ဝိပါက်ပဋိသန္ဓေ၏။ အဘာဝတော၊ မရှိခြင်းကြောင့်။ န ဟောန္တိ ပဋိသန္ဓိယန္တိ၊ န ဟောန္တိ ပဋိသန္ဓိယံ-ဟူ၍။ အာဟ၊ ပြီ။

ဧဝံ၊ ဤသို့။ ပဋိသန္ဓိပဝတ္တီနံ၊ ပဋိသန္ဓေနှင့် ပဝတ္တိတို့၏။ အသင်္ကရဝသေန၊ မရောမယှက်သည်၏ အစွမ်းအားဖြင့်။ ပစ္စယဝိဓိံ၊ ပစ္စည်းတပ်ပုံအစီအရင်ကို။ ဒဿေတွာ၊ ပြပြီး၍။ ဣဒါနိ၊ ယခုအခါ၌။ သမောဓာနေတွာ၊ ပေါင်း၍။ ဒဿေတုံ၊ ပြခြင်းငှါ။ ဟောန္တီတိအာဒိ၊ ဟောန္တိ ဤသို့အစရှိသည်ကို။ ဝုတ္တံ၊ မိန့်ဆိုအပ်ပြီ။ ပဝတ္တေ၊ ပဝတ္တိအခါ၌။ သောဠသန္နံ၊ တဆယ့်ခြောက်ပါး ကုန်သော ဝိပါက်စိတ်တို့အား။ ပဋိသန္ဓိယံ၊ ပဋိသန္ဓေအခါ၌။ နဝန္နံ၊ ကိုးပါး ကုန်သော ဝိပါက်စိတ်တို့အား၊ ဣတိ၊ ဤသို့။ ယထာလာဘဝသေန၊ ရသင့် သည်အား လျော်သည်၏ အစွမ်းအားဖြင့်။ ယောဇေတဗ္ဗံ၊ ယှဉ်အပ်၏။

၅၆၉-၇၄။ ရူပေ ပုညာဘိသင်္ခါရတိ၊ ကား။ အဘိညာဝဇ္ဇိတာ၊ အဘိညာဉ် စေတနာသည် ကြဉ်အပ်ကုန်သော။ ပဥ္စ၊ ငါးပါးကုန်သော။ ရူပါဝစရပုညာဘိ- သင်္ခါရာ၊ ရူပါဝစရပုညာဘိသင်္ခါရတို့သည်။ ပန၊ စောဒနာဦးအံ့။ ကသ္မာ၊ အဘယ်ကြောင့်။ အဘိညာယ၊ အဘိညာဉ်စေတနာကို။ ပရိဝဇ္ဇနံ၊ ကြဉ်ခြင်း သည်။ ဟောတိ၊ ဖြစ်သနည်း။ ဣတိ အယံ၊ ဤသည်ကား။ စောဒနာ၊ စောဒနာခြင်းတည်း။ ဝိပါကဒါနာဘာဝတော၊ အကျိုးပေးခြင်း၏ မရှိခြင်း ကြောင့်။ ပရိဝဇ္ဇနံ၊ သည်။ ဟောတိ၊ ၏။ တဥ္စ ခေါ ပန၊ ထိုသို့အကျိုး ပေးခြင်း၏ မရှိခြင်းသည်ကား၊ အဿာ၊ ထိုအဘိညာဉ်၏။ ဝိပါကဿ၊ အကျိုး ဝိပါက်ကို။ အသမ္ဘဝတော၊ မဖြစ်စေတတ်သောကြောင့်။ ဟောတိ၊ ၏။ ဝိပါ- ကုပ္ပါဒနသဘာဝါဘာဝတော ပန၊ အကျိုးဝိပါက်ကိုဖြစ်စေတတ်သောသဘော၏ မရှိခြင်းကြောင့်ကား။ န ဟောတိ၊ မဖြစ်။ ဟိ သစ္စံ၊ ၏။ အဘိညာစေတနာ၊ အဘိညာဉ်စေတနာသည်။ ဝိပါကံ၊ အကျိုးဝိပါက်ကို။ ယဒိ ဥပ္ပါဒေယျ၊ အကယ်၍ ဖြစ်စေငြားအံ့။ ဧဝံ သတိ၊ ဤသို့ဖြစ်စေသည်ရှိသော် (ထည့်)။ အညဘူမိကကမ္မဿ၊ တပါးသောဘုံ၌ ဖြစ်သောကံ၏။ အညဘူမိကဝိပါ- ကုပ္ပါဒနာယောဂတော၊ တပါးသောဘုံ၌ဖြစ်သော အကျိုးဝိပါက်ကို ဖြစ်စေ ခြင်း၏ မသင့်သောကြောင့်။ သဘူမိကမေဝ၊ မိမိဘုံ၌ ဖြစ်သော၊ ဝါ၊ ဘုံတူ ဖြစ်သော အကျိုးဝိပါက်ကိုသာလျှင်။ ဥပ္ပါဒေယျ၊ ဖြစ်စေရာ၏။ နဝတ္တဗ္ဗာ- ရမ္မဏံ၊ နဝတ္တဗ္ဗလျှင် အာရုံရှိသော။ တံ ဝါ၊ ထိုသဘူမိကဝိပါက်ကိုမူလည်း။ ဥပ္ပါဒေယျ ကိံ၊ ဖြစ်စေရာသလော။ ပရိတ္တာဒိအာရမ္မဏံ၊ ပရိတ္တ စသည်လျှင်

အာရုံရှိသော။ တံ ဝါ၊ ထိုသဘူမိကဝိပါက်ကိုမူလည်း။ ဥပ္ပါဒေယျ ကိံ၊ ဖြစ်စေရာသလော။ ထွေ၊ ဤအရာ၌။ ကိဥ္စိ၊ စိုးစဉ်းဆိုဖွယ်ရှိသေး၏။ တာ၊ ရှေးဦးစွာ။ နဝတ္တဗ္ဗာရမ္မဏံ၊ နဝတ္တဗ္ဗလျှင် အာရုံရှိသော အကျိုးဝိပါက်ကို။ ယဒိ ဥပ္ပါဒေတိ၊ အကယ်၍ ဖြစ်စေငြားအံ့။ တံ၊ ထိုသို့ဖြစ်စေခြင်းသည်။ န ယုတ္တံ၊ မသင့်။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ ရူပါဝစရဝိပါကာနံ၊ ရူပါဝစရဝိပါက်တို့၏။ ကေဝန္တေန၊ စင်စစ်အားဖြင့်။ ကမ္မသမာနာရမ္မဏတာယ၊ ကံနှင့်တူသော အာရုံရှိသည်၏ ဒ။ဖြစ်ကို။ ဒဿိတတ္တာ စ၊ ပြအပ်သည်၏ အဖြစ်ကြောင့် လည်းကောင်း။ အဘိညာစေတနာယ၊ ၏။ သယံ၊ မိမိ၏။ ပရိတ္တာဒိအာရမ္မဏတ္တာ စ၊ ပရိတ္တ စသည်လျှင် အာရုံရှိသည်၏ အဖြစ်ကြောင့် လည်းကောင်းတည်း။ ပရိတ္တာဒိအာရမ္မဏံ၊ ပရိတ္တ စသည်လျှင် အာရုံရှိသော အကျိုးဝိပါက်ကို။ ဒ ထ ဥပ္ပါဒေတိ၊ အကယ်၍ ဖြစ်စေငြားအံ့။ တမ္ပိ၊ ထိုသို့ ဖြစ်စေခြင်းသည်လည်း။ န ယုဇ္ဇတိ၊ မသင့်။ ကသ္မာ၊ မူကား။ ရူပါဝစရဝိပါကာနံ၊ တို့၏။ ကေဝန္တေနေဝ၊ ဖြင့်သာလျှင်။ နဝတ္တဗ္ဗာရမ္မဏဘာဝတော၊ နဝတ္တဗ္ဗလျှင် အာရုံရှိသည်၏ အဖြစ်ကြောင့်တည်း။ တထာ တံ ဝစနံ၊ ထိုစကားသည်။ ဟိ သစ္စံ၊ ၏။ စိတ္တုပ္ပါဒကဏ္ဍေ၊ စိတ္တုပ္ပါဒကဏ္ဍပါဠိတော်၌။ "ကုသလတော စ၊ ကုသိုလ်မှလည်းကောင်း။ ဝိပါကတော စ၊ ဝိပါက်မှလည်းကောင်း။ ကိရိယာတော စ၊ ကြိယာမှ လည်းကောင်း။ ရူပါဝစရတိကစတုက္ကဇ္ဈာနာနိ[၁]၊ ရူပါဝစရတိက-စတုက္ကစျာန်တို့လည်းကောင်း။ စတုတ္ထဇ္ဈာနသ၊ စတုတ္ထစျာန်၏။ ဝိပါကော၊ အကျိုးဖြစ်သော။ အာကာသာနဉ္စာယတနံ၊ အာကာသာနဉ္စာယတနစျာန်လည်းကောင်း။ အာကိဉ္စညာယတနံ၊ အာကိဉ္စညာယတနစျာန်လည်းကောင်း။ ဣမေ ဓမ္မာ၊ ဤတရားတို့ကို။ ပရိတ္တာရမ္မဏာတိပိ၊ ကာမလျှင် အာရုံရှိသော တရားတို့ဟူ၍ လည်းကောင်း။ မဟဂ္ဂတာရမ္မဏာတိပိ၊ မဟဂ္ဂုတ်လျှင် အာရုံရှိသောတရားတို့ဟူ၍ လည်းကောင်း။ အပ္ပမာဏာရမ္မဏာတိပိ၊ အပ္ပမာဏဖြစ်သော လောကုတ္တရာလျှင်အာရုံရှိသောတရားတို့ဟူ၍ လည်းကောင်း။ န ဝတ္တဗ္ဗာ၊ မဆိုအပ်ကုန်" ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဟောတော်မူအပ်ပြီ။

အပိ စ၊ တနည်းသော်ကား။ သမာဓိဝိဇမ္ဘနဘူတာ[၂]၊ သမာဓိ၏ တင့်တယ်စံပယ်ခြင်းဖြစ်၍ဖြစ်သော။ အဘိညာ၊ အဘိညာဉ်သည်။ သမာဓိဿ၊ သမာဓိ၏။ အာနိသံသမတ္တံ၊ အကျိုးဆက်မျှသာဖြစ်၏။ သမာဓိဖလသဒိသာ၊ သမာဓိ၏ အကျိုးနှင့်တူ၏။ ဟိ သစ္စံ၊ ၏။ ဒ ဘိညာစေတနာ၊ သည်။ တဿ တဿ အဓိဋ္ဌာနဝိကုဗ္ဗဏဒိဗ္ဗသဒ္ဒသဝဏာဒိကဿ[၃]၊ ထိုထို အဓိဋ္ဌာန်ခြင်း, တန်ခိုးဖန်

၁။ ဤ၌ စာများ၌ အများအားဖြင့် ဈာနာဒီသု-ဟု ပါဌ်ရှိကြ၏၊ ပါဠိတော်နှင့် မညီသောကြောင့် မသင့်သည်သာ။

၂။ (သမာဓိဝိဇ္ဇာသမ္ဘာရဘူတာ-ဆဋ္ဌမူ)။　　၃။ (....ဝိကုဗ္ဗန... သဝန....ဆဋ္ဌမူ)။

ဆင်းခြင်း, နတ်၌ဖြစ်သောနားကဲ့သို့ အသံကိုကြားနာခြင်း အစရှိသော။ ယထိ- စ္ဆိတဿ၊ အကြင်အကြင် အလိုရှိအပ်သော။ ကိစ္စဿ၊ ကိစ္စကို။ နိပ္ဖါဒနမတ္တ- ဖလာ၊ ဖြစ်စေခြင်းမျှသာ အကျိုးရှိ၏။ တေန၊ ထိုကြောင့်။ သောဝေ သမာ- ဟိတေ စိတ္တေတိအာဒိ၊ သော ဝေ သမာဟိတေ စိတ္တေ ဤသို့အစရှိသည်ကို။ အာဟ၊ ပြီ။ တဿ၊ ထိုကြောင့်။ သမာဓိဿ၊ သမာဓိ၏။ ဖလသဒိသာ၊ အကျိုးနှင့်တူသော။ အဘိညာစေတနာ၊ သည်။ ဖလံ၊ အကျိုးကို။ န စ ဒေတိ၊ မပေးသည်သာလျှင်တည်း။ ဒါနသီလာနိသံသဘူတော၊ ဒါနသီလတို့၏ အကျိုး ဆက်ဖြစ်၍ဖြစ်သော။ တသ္မိံ ဘဝေ၊ ထိုဘဝ၌။ ပစ္စယလာဘော ဝိယ၊ ပစ္စည်းကို ရခြင်းကဲ့သို့။ တဿာ၊ ထိုအဘိညာဉ်၏။ ဝိပါကုပ္ပါဒနံ၊ အကျိုးဝိပါက်ကို ဖြစ် စေခြင်းသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ ၏။

ကေစိ ပန၊ အချို့သော အရှင်အနုရုဒ္ဓါဆရာတို့သည်ကား။ သမာနဘူမိက- တော၊ တူသောဘုံ၌ ဖြစ်သောဇောမှ။ အာသေဝနလာဘေန၊ အာသေဝန ပစ္စည်းကို ရသဖြင့်။ ဗျာနာနိ၊ ဗျာန်စိတ်တို့သည်။ ဗလဝန္တာနိ၊ အားကြီး ကုန်၏။ ဣတိ၊ ထိုကြောင့်။ တာနိ၊ ထိုအားကြီးသောဗျာန်စိတ်တို့သည်။ သမာ- ပတ္တိဘာဝတော၊ သမာပတ်၏အဖြစ်ဖြင့်။ ဝိပါကံ၊ အကျိုးဝိပါက်ကို။ ဥပ္ပါဒေန္တိ၊ ဖြစ်စေတတ်ကုန်၏။ အဘိညာ ပန၊ အဘိညာဉ်သည်ကား။ ဈာနဘာဝေ၊ ဈာန် ၏အဖြစ်သည်။ သတိပိ၊ ရှိသော်လည်း။ တဒဘာဝတော၊ ထိုအားကြီးသော အဖြစ်၏ မရှိခြင်းကြောင့်။ တသ္မိံ တသ္မိံ အာရမ္မဏေ၊ ထိုထိုအာရုံ၌။ အာ- ဂန္တုကာယေဝ၊ အာဂန္တုကသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ကြောင့်။ ဒုဗ္ဗလာ၊ အားနည်း၏။ တသ္မာ၊ကြောင့်။ ဝိပါကံ၊ ကို။ န ဒေတိ၊ မပေး။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ဆိုကြကုန်၏။ ဝေဠု ကတ္ဝာ၊ ဤသို့သောအကြောင်းကြောင့်။ အနုရုဒ္ဓါစရိယေန၊ အနုရုဒ္ဓါဆရာသည်။ သမာနာသေဝနေ ။ပ။ ဝိပစ္စတီတိ၊ သမာနာသေဝနေ ။ပ။ ဝိပစ္စတိ ဟူ၍။ ဝုတ္တံ၊ နာမရူပပရိစ္ဆေဒ၌ မိန့်ဆိုအပ်ပြီ။

(သမာနာသေဝနေ၊ တူသောဘုံမှ အာသေဝနပစ္စည်းကို။ လဒ္ဓေ၊ ရအပ်သည်ဖြစ်၍၊ဝါ၊ ရအပ်သောကြောင့်။ မဟဗ္ဗလေ၊အားကြီးသည်၏ အဖြစ်သည်။ ဝိဇ္ဇမာနေ၊ ရှိခဲ့သော်။ ဈာနံ၊ ဈာန်သည်၊ ဝါ၊ မဟဂ္ဂ- တကုသလံ၊ မဟဂ္ဂုတ်ကုသိုလ်သည် (ထည့်)။ ဝိပစ္စတိ၊ အကျိုးပေး၏။ အဘိညာ၊ အညာဉ်သည်။ တာဒိသံ၊ ထိုသို့သဘောရှိသော၊ ဟေတုံ၊ အကြောင်းကို။ အလဒ္ဓါ၊ မရသည်ဖြစ်၍။ န ဝိပစ္စတိ၊ အကျိုးမပေး။)

တယိဒံ တံ ဣဒံ၊ ထိုစကားသည်။ အကာရဏံ၊ အကြောင်းမဟုတ်၊ ဝါ၊ မသင့်။ ကသ္မာ၊ မူကား။ ပရိတ္တဈာနဿ၊ ပရိတ္တဈာန်၏။ အဝိသေသေန၊

သာမညအားဖြင့် ဖြဟ္မပါရိသဇ္ဇာဒီသု၊ ဗြဟ္မပါရိသဇ္ဇာစသော ဘုံတို့၌။ ဝိပါကဒါနဝစနတော၊ အကျိုးပေးခြင်းကို ဆိုခြင်းကြောင့်တည်း။ ဟိ သစ္စံ၊ ၏။ လဒ္ဓါသေဝနမေဝ၊ ရအပ်သော အာသေဝနပစ္စည်း ရှိသည်သာလျှင်ဖြစ်သော။ ပရိတ္တံ၊ ပရိတ္တစျာန်သည်။ တတ္ထ၊ ထိုဗြဟ္မပါရိသဇ္ဇာစသော ဘုံတို့၌။ ဝိပါကံ၊ ကို။ န ဒေတိ၊ ပေးသည်မဟုတ်။ ဣတိ၊ ဤသို့၊ အဋ္ဌကထာယံ၊ အဋ္ဌကထာ၌။ ဝုတ္တံ၊ မိန့်ဆိုတော်မူအပ်ပြီ။ တသ္မာ၊ ကြောင့်။ သမာနာသေဝနေ။ တူသောဘုံမှ အာသေဝနပစ္စည်းကို။ လဒ္ဓေယေဝ၊ ရအပ်သော်သာလျှင်။ ဈာနဿ၊ ဈာန်၏။ ဝိပါကဒါနံ၊ အကျိုးပေးခြင်းကို။ ဝုတ္တံ၊ ဆိုခြင်းငှါ။ န သက္ကာ၊ မတတ်ကောင်း။

အပိ စ၊ တနည်းသော်ကား။ ပုနပ္ပုနံ၊ အဖန်ဖန် အထပ်ထပ်။ ပရိကမ္မဝသေန၊ ပရိကံပြုခြင်း၏အစွမ်းအားဖြင့်။ အဘိညာယပိ၊ ၏လည်း။ ဝသိဘာဝသမ္ဘဝါ၊ ဝသီဘော်၏ ဖြစ်သင့်ခြင်းကြောင့်။ တဿာပိ၊ ထိုအဘိညာဉ်၏လည်း။ ဗလဝဘာဝေါ၊ အားကြီးသည်၏ အဖြစ်သည်။ အတ္ထေဝ၊ ရှိသည်သာလျှင်တည်း။ ဣတိ၊ ကြောင့်။ ဝိပါကံ၊ ကို။ ဥပ္ပါဒေယျ၊ ဖြစ်စေရာ၏။

**ပဥ္စန္နံ ပါကစိတ္တာနန္တိ**၊ ကား။ ပဥ္စန္နံ၊ ငါးပါးကုန်သော။ ရူပါဝစရဝိပါကစိတ္တာနံ၊ ရူပါဝစရဝိပါက်စိတ်တို့အား။ **မာပုညသင်္ခါရာတိ**၊ ကား။ အပုညာဘိသင်္ခါရာ၊ အပုညာဘိသင်္ခါရတို့သည်။ဝါ၊တနည်းကား။ ဣမေ အပုညသင်္ခါရာတိ၊ ဣမေ အပုညသင်္ခါရာဟူ၍။ ပဒစ္ဆေဒေါ၊ ပုဒ်ဖြတ်ခြင်းကို။ ကာတဗ္ဗော၊ ပြုအပ်၏။ **ကေဿာတိ**၊ ကား။ ကေဿ၊ တခုသော။ **အကုသလဝိပါကသန္တိရဏဿ**၊ အကုသလဝိပါက်သန္တိရဏစိတ်အား။ **ဆန္နန္တိ**၊ ကား။ သန္တီရဏဝဇ္ဇာနံ၊ သန္တီရဏသည် ကြဉ်အပ်ကုန်သော။ ဆန္နံ၊ ၆-ပါးကုန်သော။ အကုသလဝိပါကာနံ၊ အကုသလဝိပါက်စိတ်တို့အား။ ပဝတ္တေ၊ ပဝတ္တိအခါ၌။ အနိဋ္ဌရူပါဒိအာပါတာဂတေ၊ အနိဋ္ဌဖြစ်သော ရူပါရုံစသည်တို့ ထင်ခြင်းသို့ ရောက်သည်ရှိသော်။ ပစ္စယာ၊ ကျေးဇူးပြုတတ်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဣတိ အယံ၊ ကား။ အဓိပ္ပါယော၊ အဓိပ္ပါယ်တည်း။ သုဂတိယံ၊ သုဂတိဘုံ၌။ အကုသလဝိပါကပဋိသန္ဓိယာ၊ အကုသလဝိပါက်ပဋိသန္ဓေ၏။ အဘာဝတော၊ မရှိခြင်းကြောင့်။ န **ဟောန္တိ ပဋိသန္ဓိယန္တိ**၊ ဟူ၍။ အာဟ၊ ပြီ။

**စတုန္နန္တိ**၊ ကား။ အကုသလဝိပါကစက္ခုသောတဝိညာဏသမ္ပဋိစ္ဆနသန္တိရဏဝသေန၊ အကုသလဝိပါက် စက္ခုဝိညာဉ်, သောတဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တိရဏတို့၏ အစွမ်းအားဖြင့်။ စတုန္နံ၊ လေးပါးကုန်သော (တေသံ ဝိညာဏာနံမှာ စပ်)။ တာနိ ပန၊ ထိုလေးပါးသော ဝိညာဉ်စိတ်တို့သည်ကား။ ကေန္တတော၊ စင်စစ်အားဖြင့်။ အနိဋ္ဌာရမ္မဏာနိ၊ အနိဋ္ဌဖြစ်သော အာရုံလျှင် အာရုံရှိကုန်၏။ ရူပဘဝေ စ၊ ရူပဘုံ၌လည်း။ အနိဋ္ဌာရမ္မဏသမာယောဂေါ၊

အနိဋ္ဌဖြစ်သောအာရုံနှင့် ယှဉ်ခြင်းသည်။ ကထံ ဟောတိ၊ အဘယ်သို့ဖြစ်နိုင်သနည်း။ ဣတိ စောဒိတဗ္ဗတော၊ ဤသို့ စောဒနာဖွယ် ရှိသောကြောင့်။ **သော စာ**တိ အာဒိ၊ သော စ ဤသို့အစရှိသည်ကို။ အာဟ၊ ပြီ။ **သော**တိ၊ သော ဟူသည်ကား။ သော ပစ္စယဘာဝေါ၊ ထိုကျေးဇူးပြုသည်၏ အဖြစ်သည်။ **ကာမဘဝေ**တိ ဣဒံ၊ ကာမဘဝေ-ဟူသော ဤပုဒ်သည်။ အနိဋ္ဌရူပါဒီနံ၊ အနိဋ္ဌဖြစ်သော ရူပါရုံ စသည်တို့၏။ ဝိသေသနံ၊ ဝိသေသနပုဒ်တည်း။ ဥပလဒ္ဓိယန္တိ ဣမဿ၊ ဥပလဒ္ဓိယံ ဟူသော ဤပုဒ်၏။ န ပန ဝိသေသနံ၊ ဝိသေသနပုဒ် မဟုတ်။ တေန၊ ထိုကြောင့်။ အနိဋ္ဌ ။ပ။ န ဝိဇ္ဇရေတိ၊ အနိဋ္ဌ ။ပ။ န ဝိဇ္ဇရေ ဟူ၍။ အာဟ၊ ပြီ။

ကေစိ ပန၊ အချို့သော ဆရာတို့သည် ကား။ ဥပလဒ္ဓိယန္တိ ဣမဿေဝ၊ ဥပလဒ္ဓိယံ ဟူသော ဤပုဒ်၏ သာလျှင်။ ဝိသေသနဘာဝေန၊ ဝိသေသန၏ အဖြစ်ဖြင့်။ ဂဟေတွာ၊ ယူ၍။ ဗြဟ္မာနံ၊ ဗြဟ္မာ တို့၏။ **ကာမဘဝံ**၊ ကာမဘုံသို့။ အာဂတကာလေ၊ လာသောခဏ၌။ ရူပါဒိဥပလဒ္ဓိယံ၊ ရူပါရုံစသည်ကို ရခြင်း၌။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ဆိုကြကုန်၏။

ဧကန္တသုခဝတ္ထုဘူတော၊ စင်စစ် သုခ၏ တည်ရာအကြောင်းဖြစ်၍ဖြစ်သော။ တတ္ထ၊ ထိုဗြဟ္မာ့ဘုံ၌။ ဝေါကိဏ္ဏသုခဒုက္ခကာရဏဿ၊ ရောပြွမ်းသော ချမ်းသာဆင်းရဲခြင်းအကြောင်း၏။ အဘာဝတော၊ မရှိခြင်းကြောင့်။ အနိဋ္ဌ။ပ။န ဝိဇ္ဇရေ မရှိကုန်။

၅၇၆။ **ဧဝံ တာဝ**ါတိအာဒိ၊ ဧဝံ တာဝ ဤသို့ အစရှိသောစကားသည်။ ယထာဝုတ္တဿေဝ၊ အကြင်အကြင် ဆိုအပ်ခဲ့ပြီးသည်သာလျှင် ဖြစ်သော။ အတ္ထဿ၊ အနက်၏၊ ဝါ၊ ကို။ အပ္ပနံ၊ နိဂုံးအုပ်သော စကားတည်း။ **ယထာ စာ**တိ ဧတ္ထ၊ ယထာ စ-ဟူသော ဤပါဌ်၌။ စ-သဒ္ဒေန၊ စသဒ္ဒါဖြင့်။ ယေသဥ္စာတိ၊ ယေသဥ္စ-ဟူသော ပုဒ်ကို။ သင်္ဂဏှာတိ၊ သိမ်းသွင်းရေတွက်၏။ **တထာ**တိ ဧတ္ထာပိ၊ တထာ-ဟူသော ဤပုဒ်၌လည်း။ တေတိ၊ တေ-ဟူသော ပုဒ်ကို။ သင်္ဂဟိတဗ္ဗံ၊ သိမ်းသွင်းရေတွက်အပ်၏။

၅၇၇-၈၁။ ယတ္ထ၊ အကြင်ဘဝ၌။ ဝိတ္တာရပ္ပကာသနံ၊ အကျယ်ပြခြင်းကို။ ကတံ၊ ပြုအပ်၏။ တကော ဘဝတော၊ ထိုဘဝမှ။ ပဋ္ဌာယ၊ စ၍။ မုခမတ္တပ္ပကာသနံ၊ အကျဉ်းအမြွက်မျှ ပြခြင်းကို။ ကာတုကာမော၊ ပြုတော်မူလိုသည်ဖြစ်၍၊ ဝါ၊ ပြုတော်မူလိုသော အရှင်ဗုဒ္ဓဒတ္တဆရာသည်။ **တတြိဒ**န္တိအာဒိ၊ တတြိဒံ ဤသို့အစရှိသည်ကို။ အာဟ၊ ပြီ။

**တတြာ**တိ၊ ကား၊ တေသု ဘဝါဒီသု၊ ထိုဘဝ စသည်တို့၌။ **ဣဒ**န္တိ ဣမိနာ၊ ဣဒံ-ဟူသော ဤပုဒ်ဖြင့်။ နိဒဿိတဗ္ဗဘာဝေန၊ ညွှန်းပြအပ်သည်၏ အဖြစ်ဖြင့်။

အာသန္နပစ္စက္ခံ၊ အနီးမျက်မှောက်ကို၊ အာဟ၊ ဆိုပြီ။ **အာဒိတော ပန ပဋ္ဌာယာ-တိ၊ ကား**။ ဘဝတော၊ ဘဝမှ။ ပဋ္ဌာယ၊ စ၍။ **အဝိသေသေနာတိ၊ ကား**။ ကာမာဝစရရူပါဝစရဝသေန၊ ကာမာဝစရ, ရူပါဝစရတို့၏ **အစွမ်းအားဖြင့်**။ ဝိသေသာဘာဝေန၊ အထူး**မ**ရှိခြင်းဖြင့်။ တေရသ၊ ၁၃-ပါးကုန်**သော**။ ပုညာဘိသင်္ခါရာ၊ ပုညာဘိသင်္ခါရတို့သည်။ **ဟောန္တိ**၊ ကုန်၏။ **ဒွိဘဝေသူတိ၊ ကား**၊ ကာမရူပဘဝေသု၊ ကာမဘဝ, ရူပဘဝတို့၌။ ကေသဉ္စိ **မ**နုဿာနံ စ၊ အချို့**သော** လူတို့အားလည်းကောင်း။ ဘူမဒေဝါနံ စ၊ ဘုမ္မစိုးနတ်တို့အား**လည်းကောင်း**။ အဏ္ဍဇဇလာဗုဇာနမ္ပိ၊ အဏ္ဍဇ, ဇလာဗုဇ ပုဂ္ဂိုလ်တို့အားလည်း**ကောင်း**။ **သမ္ဘဝတော**၊ ဖြစ်သင့်သောကြောင့်။ တဒပေက္ခာယ၊ ထိုအချို့သော လူစသည်တို့ကို ငဲ့သဖြင့်။ **စတူသု ။ပ။ ယောနိသူတိ**၊ စတူသု ။ပ။ ယောနိသု-**ဟူ၍**။ ဝုတ္တံ၊ မိန့်ဆိုအပ်ပြီ။

**နာနတ္တ** ။ပ။ **ဋ္ဌိတီသွပီတိ** ဇတံ၊ နာနတ္တ ။ပ။ ဋ္ဌိတီသွပိ-ဟူသော ဤပုဒ်ကို။ အလုတ္တသမာသဝသေန။ အလုတ္တသမာသ်၏အစွမ်းအား**ဖြင့်**။ ဝုတ္တံ၊ မိန့်ဆိုအပ်ပြီ။ **နာနတ္တကာယနာနတ္တသညာဒီသု**၊ နာနတ္တကာယ နာနတ္တသညီ အစရှိကုန်သော။ စတူသု၊ လေးပါးကုန်သော။ ဝိညာဏဋ္ဌိတီသု၊ ဝိညာဏဋ္ဌိတိတို့၌။ ဣတိ အယံ၊ **ကား**။ အတ္ထော၊ အနက်တည်း။ **ဝုတ္တပ္ပကာရသ္မိံ**န္တိ၊ ကား။ နာနတ္တကာယာဒိကေ၊ နာနတ္တကာယ အစရှိသော (စတုဗ္ဗိဓေ သတ္တာဝါသေ-မှာ စပ်)။ ပုညာဘိသင်္ခါ-ရဿ၊ ၏။ ဘဝါဒီသု တို့၌။ ကေဝီသတိဝိပါကာနံ၊ ၂၁-ပါးသော ဝိပါက်စိတ်တို့အား။ ကောဝတ္ထာယ၊ တူသော၊ ဝါ၊ တပါးသော အခိုက်အတန့်ဖြင့်။ ပစ္စယော၊ ကျေးဇူးပြုတတ်သည်။ အဟုတွာ၊ မဖြစ်မူ၍။ ဒုဂ္ဂတိပရိယာပန္နေသု၊ ဒုဂ္ဂတိဘဝ၌တွက်ကျုံးဝင်ကုန်သော။ ဘဝယောနိဂတိဝိညာဏဋ္ဌိတိသတ္တာဝါသေ-သု၊ ဘဝ, ယောနိ, ဂတိ, ဝိညာဏဋ္ဌိတိ, သတ္တာဝါသတို့၌။ ပဋိသန္ဓိံ၊ ပဋိသန္ဓေကို။ အဒတွာ၊ မပေးမူ၍။ ပဝတ္တေယေဝ၊ ပဝတ္တိအခါ၌သာလျှင်။ အဋ္ဌန္နံ၊ **ရှစ်ပါး**ကုန်သော။ ဝိပါကာနံ၊ ဝိပါက်စိတ်တို့**အား**။ ပစ္စယဘာဝတော၊ ကျေးဇူးပြုတတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း။ ကာမာဝစရသုဂတိပရိယာပန္နေသု၊ ကာမာဝစရသုဂတိဘဝ၌ **တွက်**ကျုံးဝင်ကုန်သော ဘဝ, ယောနိ စသည်တို့၌။ ပဋိသန္ဓိံ၊ ကို။ ဒတွာ၊ ပေး၍။ ပဝတ္တေ၊ ပဝတ္တိ**အ**ခါ၌။ သောဠသန္နံ၊ ၁၆-ပါးကုန်သော။ ဝိပါကာနံ၊ တို့**အား**။ **ပစ္စယ**ဘာဝတော၊ ကြောင့်လည်း**ကောင်း**။ ရူပါဝစရဘူမိပရိယာပန္နေသု၊ ရူပါဝစရဘုံ၌ တွက်ကျုံးဝင်ကုန်သော ဘဝ, ယောနိ စသည်တို့၌။ ပဋိသန္ဓိံ၊ ကို။ ဒတွာ၊ ၍။ ပဝတ္တေ၊ ဥ၌၊ ဒသန္နံ၊ ၁၀-ပါးကုန်သော။ ဝိပါကာနံ၊ တို့**အား**။ ပစ္စယဘာဝတော၊ ကြောင့်လည်း**ကောင်း**။ **ယထာရဟ**န္တိ၊ ယထာရဟံ-ဟူ၍။ ဝုတ္တံ၊ ပြီ။

၅၇၂–၃။ **ကာမေ ဘဝေ**[၁]၊ ကာမဘုံ၌။ ဣတိ အယံ၊ **ကား။** သမ္ဗန္ဓော၊ တည်း။ **တိသု ဂတီသူတိ၊** ကား။ ဒေဝမနုဿဝဇ္ဇေသု၊ ဒေဝဂတိ၊ မနုဿဂတိသည် ကြဉ်အပ်ကုန်သော။ တီသု၊ သုံးပါးကုန်သော။ ဂတီသု၊ ဂတိတို့၌။ **ကေိဿ၁တိ၊** ကား။ နာနတ္တကာယကေတ္တသညီသခါတာယ၊ **နာနတ္တကာယ** ကေတ္တသညီဟု **ဆိုအပ်သော။ ကေိဿ။ တခုသော။** ဝိညာဏဋ္ဌိတိယာ၊ ဝိညာဏဋ္ဌိတိ၌။ **ကေသိန္တိ၊** ကား။ နာနတ္တကာယကေတ္တသညီသခါတေယေဝ၊ နာနတ္တကာယကေတ္တသညီဟု ဆိုအပ်သည်သာလျှင်ဖြစ်သော။ ကေသိံ၊ တခုသော။ သတ္တာဝါသေ၊ သတ္တာဝါသ၌။

၅၇၄–၆။ **ကောရူပဘဝေတိ၊ ကား။** ကေသိံ၊ တခုသော။ **အရူပဘဝေ၊** အရူပဘုံ၌။ **ကေိဿ ယောနိယာတိ၊ ကား။** ကေိဿယေဝ၊ တပါးသာလျှင် **ဖြစ်**သော။ ဩပပါတိကယောနိယာ၊ ဩပပါတိကယောနိ၌။ **တီသု စိတ္တဋ္ဌိတီသူတိ၊** ကား။ အာကာသာနဉ္စာယတနာဒီသု၊ အာကာသာနဉ္စာယတနအစရှိကုန်သော။ တီသု၊ သုံးပါးကုန်သော။ ဝိညာဏဋ္ဌိတီသု၊ ဝိညာဏဋ္ဌိတိတို့၌။ **သတ္တာဝါသေ စတုဗ္ဗိဓေတိ၊** ကား။ အာကာသာနဉ္စာယတနာဒိကေယေဝ၊ အာကာသာနဉ္စာယတန အစရှိသည်သာလျှင်ဖြစ်သော။ စတုဗ္ဗိဓေ၊ **လေးပါးအပြားရှိသော။** သတ္တာဝါသေ၊ သတ္တာဝါသ၌။ **ဝိဇာနိတဗ္ဗာ ။ပ။ ပစ္စယာတိ၊ ကား။** သင်္ခါရာ၊ သင်္ခါရတို့သည်။ ယထာ၊ အကြင်သို့သော အခြင်းအရာအပြားအားဖြင့်။ **ပစ္စ**ယာ၊ ကျေးဇူးပြုတတ်ကုန်သည်။ ဟောန္တိ၊ ကုန်**၏**။ ယေသဉ္စ၊ အကြင်ဝိပါက်စိတ်တို့အားလည်း။ ပစ္စယာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။ တထာ၊ ထိုသို့သော အခြင်းအ**ရာ**အပြားအားဖြင့်။ တေပိ၊ ထိုဝိပါက်စိတ်နှင့် ပစ္စည်းဖြစ်သော သ**ခါ**ရ တို့ကိုလည်း။ ဝိညာတဗ္ဗာ၊ သိအပ်ကုန်၏။ ဣတိ အယံ၊ **ကား။** အတ္ထော၊ **တည်း။**

၅၇၇–၉၀။ စ စောဒေမိ၊ စောဒနာဦးအံ့။ သင်္ခါရာနံ၊ သင်္ခါရတို့၏။ ပဋိသန္ဓိ-ပဝတ္တီသု၊ ပဋိသန္ဓေအခါ, ပဝတ္တိအခါတို့၌။ ဝိပါကာနံ၊ တို့အား။ **ပစ္စယဘာဝေါ၊** ကျေးဇူးပြုတတ်သည်၏ အဖြစ်ကို။ ဝုတ္တော နနု၊ ဆိုအပ်သည် မဟုတ်တုံလော။ တတ္ထ၊ ထိုနှစ်ပါးသော ပဋိသန္ဓေအခါ, ပဝတ္တိအခါတို့တွင်။ ပဋိသန္ဓိ**ယေဝ၊** ပဋိသန္ဓေကိုသာလျှင်။ တာဝ၊ ရှေးဦးစွာ။ ဝိညာတုံ၊ သိခြင်းငှါ။ န သက္ကာ၊ မတတ်ကောင်း။ ဟိ သစ္စံ၊ ၏။ ပုရိမဘဝတော၊ ရှေးဘဝမှ။ ပဋိသန္ဓိဝိညာဏံ၊ ပဋိသန္ဓေဝိညာဉ်သည်။ ဣဓ၊ ဤဘဝသို့။ အာဂစ္ဆတိ၊ လာ၏။ ဣတိ၊ ဤသို့။ ယဒိ ဝုစ္စေယျ၊ အကယ်၍ ဆိုအပ်ငြားအံ့။ တံ၊ ထိုသို့ ဆိုခြင်းသည်။ န ယုတ္တံ၊ မသင့်။ ကသ္မာ၊ မူကား။ ရူပါရူပဓမ္မာနံ၊ ရုပ်နာမ်

---

၁။ ဤ၌ အချို့စာများမှာ ကာမေ ဘဝေ-နေရာ ရူပေ ဘဝေ-ဟု ပါ၍ပိုလျက် **ရှိတတ်ကြ၏။ သတိရှိစေ။ မရှိစေရ။**

တရားတို့၏။ ကေသဂ္ဂမတ္တမ္ပိ၊ တဆံဖျားမျှလည်း။ ဒေသန္တရသင်္ကမနာဘာဝ-တော၊ အရပ်တပါးသို့ ပြောင်းရွှေ့ခြင်း၏ မရှိခြင်းကြောင့်တည်း။ အတီတ-ဘဝနိဗ္ဗတ္တသင်္ခါရတော၊ အတိတ်ဘဝ၌ဖြစ်သော သင်္ခါရဖြင့်၊ ဝါ၊ မှ၊ ဝါ၊ ကြောင့်။ အထ န နိဗ္ဗတ္တတိ၊ အကယ်၍ မဖြစ်ငြားအံ့။ တမ္ပိ၊ ထိုသို့မဖြစ်ခြင်း သည်လည်း။ န ယုဇ္ဇတိ၊ မသင့်။ ကသ္မာ၊ မူကား။ အဟေတုကဒေါသာ-ပတ္တိတော၊ အကြောင်းမဲ့ဖြစ်သော အဟေတုကဝါဒတည်းဟူသော အဖြစ်သို့ ရောက်ခြင်းကြောင့်တည်း။ ဣတိ ဣမိနာ အဓိပ္ပါယေန၊ ဤသို့သော အဓိပ္ပါယ် ဖြင့်။ စောဒေန္တော၊ စောဒနာလိုသော စောဒကဆရာသည်။ န ရူပါရူပဓမ္မာနန္တိ-အာဒိ၊ ကို။ အာဟ၊ ပြီ။

အာစရိယော၊ ပရိဟာရဆရာသည်။ တဿ၊ ထိုစောဒကဆရာ၏။ အဓိပ္ပါယံ၊ အလိုကို။ သမ္ပဋိစ္ဆိတွာ၊ ဝန်ခံ၍။ တံ၊ ထိုစောဒကဆရာကို။ သညာပေတု-ကာမော၊ ကောင်းစွာ သိစေလို၊ ဝါ၊ ကောင်းစွာနှစ်သိမ့်စေလိုသည်ဖြစ်၍။ နတ္ထိ စိတ္တဿာတိအာဒိ၊ ကို။ အာဟ၊ ပြီ။ တတော ဟေတုံ ဝိနာတိ၊ ကား။ တတ္ထ၊ ထိုအတိတ်ဘဝ၌။ ဟေတုံ၊ အကြောင်းကို။ ဝိနာ၊ ကြဉ်၍။ အတီတ-ဘဝနိဗ္ဗတ္တကမ္မသင်္ခါရနိကန္တိအာရမ္မဏံ၊ အတိတ်ဘဝ၌ ဖြစ်သော ကံ, သင်္ခါရ, တဏှာ အာရုံကို။ ဝိနာ၊ ကြဉ်၍။ ဣတိ အယံ၊ ကား။ အတ္ထော၊ တည်း။ သုလဒ္ဓပစ္စယန္တိ၊ ကား။ အဝိဇ္ဇာဒိသဟကာရိကာရဏသဟိတဿ၊ အဝိဇ္ဇာ စသော ပူဖက် အဖော်အကြောင်းနှင့် တကွဖြစ်သော။ သင်္ခါရဿ[၁]၊ သင်္ခါရ၏။ ဝသေန၊ အစွမ်းအားဖြင့်။ သုဋ္ဌု၊ ကောင်းစွာ။ အဝေကလ္လတော၊ မချို့တဲ့ ခြင်းကြောင့်။ ပဋိလဒ္ဓပစ္စယံ၊ ရအပ်ပြီးသော အကြောင်းရှိသော(ရူပါရူပမတ္တံ-မှာ စပ်)။ ရူပါရူပမတ္တန္တိ၊ ကား။ ဗာဟိရကပရိကပ္ပိတဿ၊ သာသနာတော်မှ အပဖြစ်သော တိတ္ထိတို့သည် ကြံဆအပ်သော။ အဓိတိဋ္ဌနကဿ၊ ခန္ဓာ ငါးပါးကို စွဲမှီ၍ ဖြစ်တတ်သော။ သတ္တဇီဝါဒိနော၊ သတ္တဇီဝ စသည်၏။ အဘာ-ဝတော၊ မရှိခြင်းကြောင့်။ ရူပါရူပဓမ္မမတ္တံ၊ ရုပ်နာမ်တရားမျှသည်။ ဇာယတိ၊ ဖြစ်၏ (သံဝဏ္ဏေတဗ္ဗမှ ဆောင်၍ထည့်)။ တေန၊ ထိုကြောင့်။ န စ သတ္တော-တိအာဒိ၊ ကို။ အာဟ၊ ပြီ။ ဘဝန္တရ ။ပ။ ပဝုစ္စတီတိ၊ ကား။ ဝေါဟာရ-မတ္တေန၊ ဝေါဟာရမျှဖြင့်။ ဘဝန္တရံ၊ ဘဝတပါးသို့။ ဥပေတိ၊ ကပ်ရောက် တတ်၏။ ဣတိ၊ ဤသို့။ ပဝုစ္စတိ၊ ဆိုအပ်၏။ အတ္ထတော ပန၊ ပရမတ္ထသဘော အားဖြင့်ကား။ ပစ္စယသာမဂ္ဂိယာ၊ အကြောင်းတရားတို့ ညီညွတ်ပေါင်းဆုံ ခြင်းဖြင့်။ ဘဝန္တရဘာဝေန၊ ဘဝတပါး၏ အဖြစ်ဖြင့်။ ဥပ္ပဇ္ဇနမတ္တံ၊ ဖြစ်ခြင်း

၁။ ဤ၌ အလုံးစုံ ဤဋီကာပါဌ်များမှာ သင်္ခါရဿ-ပုဒ်ကျလျက်ချည်းသာရှိကြ၏၊ ဝိသုဒ္ဓိမဂ်မဟာဋီကာနှင့်အညီ သဟိတဿ-နောင် သင်္ခါရဿ-ပုဒ်နှင့်တကွ ပါဌ်မှန်ရှိစေရမည်။

မျှသာတည်း။ ဣတိ အယံ၊ ကား။ အဓိပ္ပါယော၊ ဘဝင်္ဂရမှုပေတိ- ဟူသော ပါဌ်၌ အဓိပ္ပါယ်တည်း။

၅၉၁။ ဣဒါနိ၊ ယခုအခါ၌။ တံ ပဋိသန္ဓိက္ကမံ၊ ထိုပဋိသန္ဓေအစဉ်ကို။ ပါကဋ္ဌာယ၊ ထင်ရှားသော။ မနုဿပဋိသန္ဓိယာ၊ လူ၌ ဖြစ်သော၊ ဝါ၊ လူတို့၏ ပဋိသန္ဓေ၏။ ဝသေန၊ ဖြင့်။ ပကာသေတုံ၊ ထင်ရှားပြုခြင်းငှါ။ သမာရဘန္တော၊ ကောင်းစွာအားထုတ်တော်မူလိုသော အရှင်ဗုဒ္ဓဒတ္တ ဆရာသည်။ တယိဒန္တိ- အာဒိ၊ ကို။ အာဟ၊ ပြီ။

သုဒုဗ္ဗုဓန္တိ၊ ကား။ အတိဒုဗ္ဗိဇာနိယံ၊ အလွန်သိနိုင်ခဲသော (ဣဒံ ပဋိသန္ဓိ- က္ကမံ-မှာ စပ်)။ တေန၊ ထိုကြောင့်။ ပေါရာဏာ၊ ရှေးအဋ္ဌကထာ ဆရာတို့ သည်။ သစ္စံ သတ္တော ပဋိသန္ဓိ ။ပ။ သုဒုက္ကရာတိ၊ သစ္စံ သတ္တော ပဋိသန္ဓိ ။ပ။ သုဒုက္ကရာ- ဟူ၍။ အာဟု၊ မိန့်ဆိုကြကုန်ပြီ။

(သစ္စံ၊ သစ္စာလေးပါး လည်းကောင်း။ သတ္တော၊ သတ္တဝါလည်း- ကောင်း။ ပဋိသန္ဓိ၊ ပဋိသန္ဓေလည်းကောင်း။ ပစ္စယာကာရမေဝ စ၊ ပဋိစ္စသမုပ္ပါဒ်လည်းကောင်း။ ဣတိ၊ ဤသို့။ စတုရော၊ လေးပါးကုန် သော။ ဓမ္မာ၊ တရားတို့ကို။ ဒုဒ္ဒသာ၊ သိမြင်နိုင်ခဲကုန်၏။ ဒေသေတုံ စ၊ ဟောဆိုခြင်းငှါလည်း။ သုဒုက္ကရာ၊ အလွန်ခဲယဉ်းကုန်၏။)

၅၉၂-၃။ အာသန္နမရဏဿာတိ၊ ကား။ ပဋ္ဌပက္ကမေန ဝါ၊ သူတပါးတို့ လှံလ ပယောဂဖြင့် သော်လည်းကောင်း။ အာယုက္ခယာဒိဝသေန ဝါ၊ အသက်၏ ကုန်ခန်းခြင်း စသည်တို့၏ အစွမ်းအားဖြင့် သော်လည်းကောင်း။ သမာသန္နမရဏဿ၊ အလွန်နီးသော သေခြင်း ရှိသော သတ္တဝါ၏။ သုဿမာနေတိ၊ ကား။ အနုက္ကမေန၊ အစဉ်အားဖြင့်။ ဥပသုဿမာနေ၊ ခြောက်သွေ့သည်ရှိသော် (စိတ္တံ ဝတ္ထုသန္ဓိဿိတံ-မှာ စပ်)။ ဂဗ္ဘသေယျကဿ၊ ဂဗ္ဘသေယျကပုဂ္ဂိုလ်အား။ အာယတနာနံ၊ အာယတနတို့၏။ အနုပုဗ္ဗုပ္ပတ္တိ ဝိယ၊ အစဉ်အတိုင်း ဖြစ်ခြင်းကဲ့သို့။ နိရောဓောပိ၊ ချုပ်ခြင်းသည်လည်း။ အနုပုဗ္ဗတော၊ အစဉ်အားဖြင့်။ ဟောတိ၊ ၏။ ဣတိ၊ ကြောင့်။ နဋ္ဌေ စက္ခုန္ဒြိယာဒိကေတိ၊ ဟူ၍။ ဝုတ္တံ၊ မိန့်ဆိုအပ်ပြီ။ ကေစိ ပန၊ တို့သည်ကား။ နာနာကမ္မသမုဋ္ဌိတေသု၊ အထူးထူးသော ကံကြောင့် ဖြစ်ကုန်သော။ စက္ခုန္ဒြိယာဒီသု၊ စက္ခုန္ဒြေစသည်တို့သည်။ နဋ္ဌေသု၊ ပျက်စီးကုန်သည်ရှိသော်။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ဆိုကြကုန်၏။

ဟဒယ ။ပ။ ဧကတိ ဣမိနာ၊ ဟဒယ ။ပ။ ဧော- ဟူသော ဤပါဌ်ဖြင့်။ သေသကာယေ၊ ကြွင်းသောကာယ၌။ ကာယိန္ဒြိယဿ၊ ကာယိန္ဒြေ၏။ နိရုဒ္ဓ- ဘာဝေါ၊ ချုပ်ပြီးသည်၏ အဖြစ်ကို။ ဝုတ္တော၊ ဆိုအပ်၏။ ဣတိ၊ ကြောင့်။

ကေကမ္မသမုဋ္ဌိတမ္ပိ၊ တပါးသော ကံကြောင့်ဖြစ်သော ဣန္ဒြေသည်လည်း။ နသဿတေဝ၊ ပျက်စီးသည်သာလျှင်တည်း။ ဣတိ၊ ဤသို့။ အပရေ၊ တပါးသော ဆရာတို့သည်။ ဝဒန္တိ၊ ကုန်၏။

အာနန္ဒာစရိယော ပန၊ မူလဋီကာကျမ်းပြု အရှင်အာနန္ဒာဆရာသည်ကား။ (ဒသိတာတိ ပဒတိ-မှာ စပ်)။ ယမကေ၊ ယမိုက်ပါဠိတော်၌ "ယဿ၊ အကြင် ပုဂ္ဂိုလ်အား။ စက္ခာယတနံ၊ စက္ခာယတနသည်။ နိရုဇ္ဈတိ၊ ချုပ်ဆဲဖြစ်၏။ တဿ၊ ထိုပုဂ္ဂိုလ်အား။ မနာယတနံ၊ မနာယတနသည်။ နိရုဇ္ဈတိ၊ ချုပ်ဆဲလော။ ဣတိ အယံ၊ ကား။ ပုစ္ဆာ၊ အမေးတည်း။ အာမန္တာ၊ ဩ ချုပ်ဆဲဟုတ်၏။ ယဿ ဝါ ပန၊ အကြင်ပုဂ္ဂိုလ်အားကား။ မနာယတနံ၊ သည်။ နိရုဇ္ဈတိ၊ ၏။ တဿ၊ အား။ စက္ခာယတနံ၊ သည်။ နိရုဇ္ဈတိ၊ လော။ ဣတိ အယံ၊ ကား။ ပုစ္ဆာ၊ တည်း။ အစက္ခုကာနံ၊ စက္ခု မရှိကုန်သော။ စဝန္တာနံ၊ စုတေဆဲဖြစ်ကုန်သော။ တေသံ၊ ထိုပုဂ္ဂိုလ်တို့အား။ မနာယတနံ၊ သည်။ နိရုဇ္ဈတိ၊ ၏။ တေသံ၊ တို့အား။ စက္ခာယတနံ၊ သည်။ နော စ နိရုဇ္ဈတိ၊ ချုပ်ဆဲမဟုတ်။ သစက္ခုကာနံ၊ စက္ခုနှင့် ပြည့်စုံကုန်သော။ စဝန္တာနံ၊ ကုန်သော။ တေသံ၊ တို့အား။ မနာယတနဉ္စ၊ သည်လည်း။ နိရုဇ္ဈတိ၊ ၏။ စက္ခာယတနဉ္စ၊ သည် လည်း။ နိရုဇ္ဈတိ၊ ၏" ဣတိ အာဒိနာ၊ ဤသို့ အစရှိသည်ဖြင့်။ စက္ခာယ-တနာဒီနံ၊ စက္ခာယတန စသည်တို့၏။ စုတိစိတ္တေန၊ စုတိစိတ်နှင့်။ သဟ၊ တကွ။ နိရောဓော၊ ချုပ်ခြင်းကို။ ဝုတ္တော၊ ဟောတော်မူအပ်ပြီ။ ဣတိ၊ ကြောင့်။ စက္ခုန္ဒြိယာဒီနိ၊ စက္ခုန္ဒြေစသည်တို့သည်။ စုတိတော၊ စုတိမှ။ ပုဗ္ဗေ၊ ရှေး၌။ န နဿန္တိ၊ မပျက်စီးကုန်။ ပန၊ ယင်းသို့မပျက်စီးကုန်သော်လည်း။ အတိမန္ဒ-ဘာဝူပဂမနံ၊ အလွန်နုံ့သည်၏အဖြစ်သို့ ရောက်ခြင်းကို။ သန္ဓာယ၊ ရည်ရွယ် မှန်းထား၍။ အဋ္ဌကထာယ၊ အဋ္ဌကထာ၌။ နိရုဒ္ဓေသု ဣန္ဒြိယေသူတိ၊ ဟူ၍။ ဝုတ္တံ၊ မိန့်ဆိုတော်မူအပ်၏။ အနဝသေသနိရောဓံ၊ အကြွင်းမဲ့ချုပ်ခြင်းကို။ သန္ဓာယ၊ ၍။ န ဝုတ္တံ၊ မိန့်ဆိုအပ်သည် မဟုတ်။ ဟိ သစ္စံ၊ ၏။ ပဥ္စဒွါရိကဇ-ဝနာနန္တရမ္ပိ၊ ပဉ္စဒွါရိကဇော၏ အခြားမဲ့၌လည်း။ စုတိ၊စုတိကို။ အဋ္ဌကထာယံ၊ ၌။ ဒဿိတာ၊ ပြတော်မူအပ်၏။ ဣတိ၊ ဤသို့။ ဝဒတိ၊ မိန့်ဆိုတော်မူ၏။

ဟဒယဝတ္ထုမတ္တသ္မိန္တိ၊ ကား။ ဟဒယဝတ္ထုပဒေသမတ္တေ၊ ဟဒယဝတ္ထု၏ တည်ရာအရပ်မျှ၌။ ဟိ သစ္စံ၊ ၏။ ဟဒယဝတ္ထုံ၊ ဟဒယဝတ္ထုကို။ နိဿာယ၊ မှီ၍။ ကာယိန္ဒြိယံ၊ ကာယိန္ဒြေသည်။ န ပဝတ္တတိ၊ မဖြစ်။

၁၉၄–၇။ ဝတ္ထုသန္နိဿိတန္တိ၊ ကား။ သေသိန္ဒြိယာနံ၊ ကြွင်းသောဣန္ဒြေတို့၏။ နိရုဒ္ဓတ္တာ ဝါ၊ ချုပ်ပြီးသည်၏ အဖြစ်ကြောင့်လည်းကောင်း။ ဝိညာဏဿ၊ ဝိညာဉ်၏။ နိဿယဘာဝူပဂမနသာမတ္ထိယာယောဂေန၊ မှီရာ၏အဖြစ်သို့ရောက်

ခြင်းငှါ စွမ်းနိုင်ခြင်းနှင့်၊ ဝါ၊ ၏ မယှဉ်၊ ဝါ၊ မသင့်ခြင်းဖြင့်။ မန္ဒဘာဝတော ဝါ၊ နုံ့သည်၏ အဖြစ်ကြောင့်လည်းကောင်း။ ဟာဒယဝတ္ထုမတ္တသန္နိဿိတံ၊ ဟာဒယဝတ္ထုမျှကို မှီသော။ စိတ္တန္တိ၊ ကား။ တဒါ၊ ထိုသေခါနီးသောအခါ၌။ ကမ္မကမ္မနိမိတ္တာဒီနိ၊ ကံအာရုံ ကမ္မနိမိတ်အာရုံ စသည်တို့ကို။ အာရဗ္ဘ၊ အာရုံပြု၍။ ပဝတ္တံ၊ ဖြစ်သော။ ဇဝနဝိညာဏံ၊ ဇောဝိညာဉ်သည်။ တံ ပန၊ ထိုဇောဝိညာဉ်သည်ကား။ သုဂတိယံ၊ သုဂတိဘုံ၌။ နိဗ္ဗတ္တမာနဿ၊ ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်အား။ ကုသလံ၊ ကုသိုလ်သည်။ ဟောတိ၊ ၏။ ဒုဂ္ဂတိယံ၊ ဒုဂ္ဂတိဘုံ၌။ နိဗ္ဗတ္တမာနဿ၊ အား။ အကုသလံ၊ အကုသိုလ်သည်။ ဟောတိ၊ ၏။ တေန၊ ထိုကြောင့်။ ဘဂဝါ၊ မြတ်စွာဘုရားသခင်သည်။ နိမိတ္တဿာဒ ။ပ။ ယောနိံ ငါတိအာဒိ၊ နိမိတ္တဿာဒ ။ပ။ ယောနိံ ဝါ ဤသို့အစရှိသည်ကို။ အာဟ၊ ဟောတော်မူပြီ။

(ဘိက္ခဝေ၊ ရဟန်းတို့။ နိမိတ္တဿာဒဂဓိတံ၊ ဣတ္ထိနိမိတ်, ပုရိသနိမိတ်, သုဘနိမိတ်စသည်တို့၌ သာယာတတ်သော ရာဂဖြင့် တပ်နှစ်သက်သော။ ဝိညာဏံ ဝါ၊ ဝိညာဉ်သည်လည်းကောင်း။ အနုဗျဉ္ဇနဿာဒဂဓိတံ၊ လက်ခြေစသော အနုဗျဉ္ဇနနိမိတ်၌ သာယာတတ်သော ရာဂဖြင့် တပ်နှစ်သက်သော။ ဝိညာဏံ ဝါ၊ သည်လည်းကောင်း။ တိဋ္ဌမာနံ၊ တည်ဆဲဖြစ်၍။ တိဋ္ဌတိ၊တည်၏။ တသ္မိံ သမယေ၊ ထိုအခါ၌။ စေ ကာလံ ကရောတိ၊ အကယ်၍ သေသည်ဖြစ်အံ့။ ဒွိန္နံ၊ နှစ်ပါးကုန်သော။ ဂတီနံ၊ ဂတိတို့တွင်။ နိရယံ ဝါ၊ နိရယဂတိလည်းဖြစ်သော။ တိရစ္ဆာနယောနိံ ဝါ၊ တိရစ္ဆာနဂတိလည်းဖြစ်သော။ အညတရံ၊ တပါးပါးသော။ ဂတိံ၊ ဂတိသို့။ ယံ ယေန ဌာနေန၊ အကြင်အကြောင်းကြောင့်၊ ဝါ၊ ဖြင့်။ ဥပပဇ္ဇေယျ၊ ကပ်၍ဖြစ်ရာ၏။ ဧတံ ဌာနံ၊ ဤအကြောင်းသည်။ ဝိဇ္ဇတိ၊ ရှိ၏။)

ယဒိ ဧဝံ၊ ယင်းသို့ ဖြစ်သည်ရှိသော် (ကထံ ဒဿိတာ-မှာစပ်)။ "ဂတိသမ္ပတ္တိယာ၊ ဂတိနှင့်ပြည့်စုံခြင်းသည်။ သတိ၊ ရှိသော်။ ဉာဏသမ္ပယုတ္တေ=ဉာဏသမ္ပယုတ္တာ၊ ဉာဏ်နှင့်ယှဉ်သော။ ဥပပတ္တိ၊ ပဋိသန္ဓေသည်။ အဋ္ဌန္နံ၊ ရှစ်ပါးကုန်သော။ ကတမေသံ ဟေတူနံ၊ အဘယ်ဟိတ်တို့၏။ ပစ္စယာ၊ အကြောင်းကြောင့်။ ဟောတိ၊ ဖြစ်သနည်း။ ဣတိ အယံ၊ ကား။ စောဒနာ၊ တည်း။ ကုသလဿ ကမ္မဿ၊ ကုသိုလ်ကံ၏။ ဇဝနက္ခဏေ၊ ဇောခဏ၌။ တယော၊ သုံးပါးကုန်သော။ ကုသလာ၊ ကုသိုလ်ဖြစ်ကုန်သော။ ဟေတူ၊ ဟိတ်တို့သည်။ တသ္မိံ ခဏေ၊ ထိုဇောခဏ၌၊ ဇာတစေတနာယ၊ ဖြစ်သောစေတနာအား။ သဟဇာတပစ္စယာ၊ သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုတတ်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ တေန၊ ထိုသဟဇာတအဖြစ်ဖြင့်။ ဝုစ္စတိ၊ ဆိုအပ်၏။ သင်္ခါရ၊

ပန၊ ဆက်၍ ဆိုဦးအံ့။ ယထာက္ကမံ၊ အစဉ်အတိုင်း။ ဧတာ၊ ဤ လဟုတာ စသော သုံးပါးတို့သည်။ ရူပဿ၊ နိပ္ဖန္နရုပ်၏။ ဒန္ဓတ္တကရဓာတုက္ခောဘပဋိပက္ခ-ပစ္စယသမုဋ္ဌာနာ၊ နှံ့နှေးသည်၏အဖြစ်ကို ပြုတတ်သော ဓာတ်ချောက်ချားခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သော အကြောင်းတို့ကြောင့် ဖြစ်၏ (လဟုတာဖို့)။ ထဒ္ဓတ္တ-ကရဓာတုက္ခောဘပဋိပက္ခပစ္စယသမုဋ္ဌာနာ၊ ကြမ်းတမ်းခက်မာသည်၏ အဖြစ်ကို ပြုတတ်သော ဓာတ်ချောက်ချားခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သော အကြောင်းတို့ကြောင့် ဖြစ်၏ (မုဒုတာဖို့)။ ရူပါနံ၊ ရုပ်တို့၏။ သရီရကိရိယာသု၊ ကိုယ်အမူအရာတို့၌။ အနနုကူလဘာဝကရဓာတုက္ခောဘပဋိပက္ခပစ္စယသမုဋ္ဌာနာ၊ မလျော်သောအဖြစ်ကို ပြုတတ်သော ဓာတ်ချောက်ချားခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သော အကြောင်းတို့ကြောင့် ဖြစ်၏ (ကမ္မညတာဖို့)။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ ၏။ တတ္ထ၊ ထိုဓာတုက္ခောဘ စသည်တို့တွင်။ ဓာတုက္ခောဘောတိ၊ ဓာတုက္ခောဘ-ဟူသည်ကား။ ဝါတပိတ္တသေမှပ္ပကောပေါ၊ လေ, သည်းခြေ, သလိပ်တို့၏ ပျက်ခြင်းတည်း။ ဝါ၊ တနည်းကား။ ရသာဒိဓာတူနံ၊ ရသစသော ဓာတ်တို့၏။ ဝိကာရာဝတ္ထာ၊ ဖောက်ပြန်သော အခိုက်အတန့်တည်း။ ဒွိဓာ၊ နှစ်ပါးအပြားအားဖြင့်။ ဝုတ္တောပိ၊ ဆိုအပ်သော ဓာတုက္ခောဘသည်လည်း။ အတ္ထတော၊

၁။ (ဝါတ္တ တတ္တ-ဆင္ဍမူ)

အနက်သဘောအားဖြင့်။ ပဌဝီဓာတုအာဒီနံယေ၀၊ ပထဝီဓာတ် စသည်တို့၏ သာလျှင်။ ဝိကာရော၊ ဖောက်ပြန်ခြင်းတည်း။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ် ၏။ သပ္ပါယ ဥတု အာဟာရာ ဝိက္ခိတ္တစိတ္တတာ၊ လျောက်ပတ်သော ဥတု, လျောက်ပတ်သော အာဟာရ, မပျံ့လွင့်သော စိတ်ရှိသည်၏ အဖြစ်တို့သည်။ ပဋိပက္ခပစ္စယာ၊ ဆန့်ကျင်ဘက်ဖြစ်သော အကြောင်းတို့မည်ကုန်၏။ တေ စ၊ ထိုအကြောင်းတို့ကိုလည်း။ တံတံဝိကာရဿ၊ ထိုထိုဖောက်ပြန်ခြင်း၏၊ ဝါ၊ထိုထို ဝိကာရရုပ်၏။ ဝိဒ္ဓံသသပစ္စယဘာဝတော၊ ထူးသောအကြောင်း၏ အဖြစ် ကြောင့်။ ဝုတ္တာ၊ ဆိုအပ်ကုန်၏။ ပန၊ ယင်းသို့ ဆိုအပ်သော်လည်း။ အဝိသေ- သေန၊ သာမညအားဖြင့်။ သဗ္ဗေ၊ အလုံးစုံသော အကြောင်းတို့သည်။ သဗ္ဗေသံ၊ အလုံးစုံသော ဝိကာရရုပ်တို့၏။ ပစ္စယာ၊ အကြောင်းတို့ မည်ကုန်၏။ ယေ ဟော ဟိ တတော ဧဝ၊ ထိုကြောင့်သာလျှင်။ တေ၊ ထိုဝိကာရရုပ်တို့သည်။ ကဒါစိပိ၊ တရံ တခါမျှလည်း။ အညမညံ၊ အချင်းချင်း။ န ဝိဇဟန္တိ၊ မစွန့်ကုန်။ ပန၊ စင်စစ် သော်ကား။ တထာ၊ ထိုကဲ့သို့။ အဝိဇဟန္တာနံ၊ မစွန့်ကုန်သော ဝိကာရရုပ်တို့၏။ နာနတ္တံ၊ ထူးသည်၏အဖြစ်ကို။ ဒုဗ္ဗိဇာနိယံ၊ သိနိုင်ခဲ၏။ ဣတိ၊ ကြောင့်။ တံ- ပကာသနတ္ထံ၊ ထိုထူးသည်၏အဖြစ်ကို ပြခြင်းအကျိုးငှါ။ တေသန္တိအာဒိ၊ ကို။ ဝုတ္တံ၊ ပြီ။ ကမတော၀၊ အစဉ်အားဖြင့်သာလျှင်။ နိဒဿနံ၊ ဥပမာတည်း။ ဣတိ အယံ၊ ကား။ သမ္ဗန္ဓော၊ စပ်တည်း။ ဟိ၊ ထိုစကားကို ထင်ရှားပြဦးအံ့။ အရောဂီ၊အနာကင်းသောသူသည်။ လဟုတာယ၊လဟုတာ၏။ နိဒဿနံ၊ ဥပမာ တည်း။မဒ္ဒိတစမ္မံ၊နယ်အပ်ပြီးသောသားရေသည်။မုဒုတာယ၊၏။နိဒဿနံ၊တည်း။ သုဓန္တသုဝဏ္ဏံ၊ ကောင်းစွာ မှုတ်ကြည်အပ်ပြီးသော ရွှေသည်။ ကမ္မညတာယ၊ ၏။ နိဒဿနံ၊ တည်း။

နနု စ စောဒေမိ၊ အံ့။ ဝေါ၊ ဤအရာ၌၊ ဝါ၊ ဤဥပမာတို့တွင်။ အရောဂိနော၊ အနာကင်းသော သူ၏။ နိဒဿနံ၊ ဥပမာသည်။ ယုတ္တံ တာဝ၊ သင့်တန်စေ။ ကသ္မာ၊ မူကား။ တဿ၊ ထိုအနာကင်းသောသူ၏။ ဣန္ဒြိယဗဒ္ဓသန္တာနတ္တာ၊ ဣန္ဒြေနှင့် စပ်သော သန္တာန်ရှိသည်၏ အဖြစ်ကြောင့်တည်း။ ပန၊ မသင့်သည်ကို ဆိုဦးအံ့။ သုပရိမဒ္ဒိတစမ္မသုဓန္တသုဝဏ္ဏာနံ၊ ကောင်းစွာ နယ်အပ်ပြီးသော သားရေ, ကောင်းစွာ မှုတ်ကြည်အပ်ပြီးသော ရွှေတို့၏။ နိဒဿနံ၊ ဥပမာကား။ ကထံ ယုတ္တံ၊ အသို့ သင့်နိုင်အံ့နည်း။ ဟိ သစ္စံ၊ ၏။ အနိန္ဒြိယဗဒ္ဓရူပသန္တာနေ၊ အနိန္ဒြိယဗဒ္ဓရုပ်သန္တာန်၌။ လဟုတာဒီနိ၊ လဟုတာစသော ရုပ်တို့သည်။ န သမ္ဘဝန္တိ၊ မဖြစ်သင့်ကုန်။ ကသ္မာ၊ မူကား။ တတ္ထ၊ ထို အနိန္ဒြိယဗဒ္ဓရုပ် သန္တာန်၌။ ဓာတုက္ခောဘပဋိပက္ခပစ္စယာဘာဝတော၊ ဓာတ်ချောက်ချားခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သော အကြောင်း၏ မရှိခြင်းကြောင့်တည်း။ သစ္စံ၊ စောဒက ဆရာဆိုသော စကားသည် မှန်၏။ တေ၊ ဤစကားသည်။ မုဒုတာကမ္မညတာ-

သုံးပါးသောအရာတို့၌လည်း။ အ-ကာရော၊ အ-အက္ခရာသည်။ ပဋိပက္ခတ္ထေ၊ ဆန့်ကျင်ဘက်ဟူသော အနက်၌။ ဟောတိ၊ ၏။ ကသ္မာ၊ မူကား။ လဟုတာဒီနံ၊ လဟုတာ စသော ရုပ်တို့၏။ ဒန္ဓတာဒိပဋိပက္ခတ္တာ ။ နှံ့နှေးလေးလံသည်၏ အဖြစ် စသော အကြောင်းတို့၏။ ပဋိပက္ခသမုဋ္ဌာနတ္တာ၊ ဆန့်ကျင်ဘက်အကြောင်းတို့ ကြောင့် ဖြစ်သည်၏အဖြစ်ကြောင့်တည်း။ ဣတိ၊ ဤသို့။ ကေစိ၊ အချို့သော ဆရာတို့သည်။ ဝဒန္တိ၊ ကုန်၏ (၎င်းဆရာတို့အလိုအားဖြင့် အ-ကား ပရိယုဒါသ ပဋိသေဓပါဠိတည်း)။အပရေ ပန၊ တပါးသောဆရာတို့သည်ကား။ အ-ကာရော၊ သည် (လိုက်)။ သတ္တာပဋိသေဓေ၊ ထင်ရှားရှိသည်၏ အဖြစ်ကို တားမြစ်ခြင်း အနက်၌။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ကုန်၏ (၎င်းဆရာတို့အလိုအား ဖြင့် အ-ကား ပသဇ္ဇပဋိသေဓပါဠိတည်း)။ ဧတိဿာ၊ ထိုကမ္မညတာအား၊ ဝါ၊ ၏။ သရီရေန၊ ကိုယ်ဖြင့်။ ကတ္တဗ္ဗကိရိယာနံ၊ ပြုအပ်ပြုသင့်ပြုထိုက်သော အမှု အရာတို့အား။ အနုကူလတာသင်္ခါတော၊ လျော်သည်၏အဖြစ်ဟု ဆိုအပ်သော။ ကမ္မညတာဘာဝေါ၊ အမှု၌ ခံ့သည်၏အဖြစ်သည်။ လက္ခဏံ၊ လက္ခဏာသည်။ အဿ၊ ၎င်း၏။ ဣတိ၊ ကြောင့်။ သရီရကိရိယာနုကူလကမ္မညဘာဝလက္ခဏာ၊ သရီရ ။ပ။ လက္ခဏာမည်၏။ အကမ္မညံ၊ အမှု၌ မခံ့သော သဘောသည်။ ဒုဗ္ဗလံ နာမ၊ အားနည်းသည်မည်သည်။ ဟောတိ၊ ၏။ ဣတိ၊ ကြောင့်။ ကမ္မညတာ၊ကမ္မည- တာကို။ အဒုဗ္ဗလဘာဝပစ္စုပဋ္ဌာနာ၊ အားမနည်းသောအဖြစ်လျှင် ထင်သော အခြင်းအရာရှိ၏ဟူ၍။ ဝုတ္တာ၊ ဆိုအပ်၏။

၆၉၂။ ရူပါနမာစယော ယောတိအာဒီသု၊ရူပါနမာစယော ယော ဤသို့အစ ရှိသော ပါဌ်တို့၌။ အဝေတွာ၊ အနက်ကို။ ဧဝံ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။ နိပ္ဖန္နရူပါနံ၊ နိပ္ဖန္နရုပ်တို့၏။ အာဒိတော၊ အစ၌။ စယော၊ ဖြစ်ခြင်းသည်။ အာစယော၊ အာစယမည်၏ (ထည့်)။ ဝါ၊ တနည်းကား။ ယထာပစ္စယံ၊ အကြောင်းအားလျော်စွာ။ တတော တတော၊ ထိုထိုအရပ်မှ။အာဂတဿ ဝိယ၊ လာသောရုပ်၏ကဲ့သို့။ စယော၊ ဖြစ်ခြင်းသည်။ အာစယော၊ မည်၏(ထည့်)။ ဣတိ၊ ဤသို့။ အာစယသင်္ခါတော၊ အာစယဟုဆိုအပ်သော။ ရူပါနံ၊ ရုပ်တို့၏။ ယော ပဌမုပ္ပါဒေါ စ၊ အကြင်ရှေးဦးစွာ ဖြစ်ခြင်းသည်လည်းကောင်း။ ယာ ဝုဍ္ဍိ စ၊ အကြင်တိုးပွါးခြင်းသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ သော၊ ထိုအာစယ ကို။ ဥပစယောတိ၊ ဥပစယဟူ၍။ ဥဒ္ဒေသေ၊ ဥဒ္ဒေသပါဠိတော်၌။ ဝုတ္တော၊ ဟောတော်မူအပ်၏။ ကသ္မာ၊ မူကား။ ဥပညတ္တံ ဥပသိတ္တန္တိအာဒီသု ဝိယ၊ ဥပညတ္တံ ဥပသိတ္တံ (ဥပညတ္တံ၊ ရှေးဦးစွာတည်ထားပညတ်အပ်၏။ ဥပသိတ္တံ၊ အထက်၌ ရေသွန်းလောင်းအပ်သော နေရာ) ဤသို့အစရှိသော ပါဌ်ရုပ်တို့၌ကဲ့သို့။ ဥပ-သဒ္ဒေသ၊ ဥပ-သဒ္ဒါ၏။ ပဌမုပရိအတ္ထဒဿနတော၊ ရှေးဦးစွာဟူသောအနက်, အထက်ဟူသောအနက်ကို မြင်ရခြင်းကြောင့်တည်း။ ပန၊ အဖွင့်ပါပါးကို ဆိုဦးအံ့။

**တေသံယေဝ** ရူပါနံ၊ထိုနိပ္ဖန္နရုပ်တို့၏သာလျှင်၊ ဝါ၊ ဟိုကိုသာလျှင်။ ယာ **အနုပ္ပ-ဗန္ဓတာ၊** အကြင်အစဉ်ဖွဲ့သည်၏ အဖြစ်သည်။ အနုပ္ပဗန္ဓဝသေန၊ အစဉ်ဖွဲ့ခြင်း၏ **အစွမ်းအား**ဖြင့်။ ယာ ပဝတ္တိ၊ **အကြင်ဖြစ်ခြင်းသည်။** အတ္ထိ၊ ရှိ၏။ သာ၊ ထို အစဉ်ဖွဲ့**သည်**၏ အဖြစ်ကို၊ ဝါ၊ ထိုအစဉ်ဖွဲ့ခြင်း၏ အစွမ်းအားဖြင့် ဖြစ်ခြင်းကို။ **သန္တတီတိ၊** သန္တတိဟူ၍။ **ပဝုစ္စတိ၊** ဆိုအပ်၏။ ဟိ **သစ္စံ၊** ၏၊ ဝါ၊ ဟိ ဝိတ္ထာရေမိ၊ အံ့။ ပဋိသန္ဓိက္ခဏေ၊ ပဋိသန္ဓေခဏ၌။ ရူပုပ္ပတ္တိ၊ ရုပ်ဖြစ်ခြင်းသည်။ အာဒိစယ-ဘာဝတော၊ **အစ၌** ဖြစ်ခြင်း၏ အဖြစ်ကြောင့်။ **အာစယော** နာမ၊ အာစယ မည်၏။ တတော ပရံ၊ ထိုမှနောက်၌။ ယာဝ သတ္တရသမစိတ္တုပ္ပါဒါ၊ တဆယ့် ခုနစ်**ချက်**မြောက်စိတ္တုပ္ပါဒ်တိုင်အောင်။ ရူပုပ္ပတ္တိ၊ သည် (လိုက်)။ ဝဍ္ဎိဘာဝ-**တော၊** တိုးပွါးခြင်း၏အဖြစ်ကြောင့်။ **ဥပစယော** နာမ၊ ဥပစယမည်၏။ဟိ သစ္စံ၊ ၏။ တဒါ၊ ထို ၁၇-ချက်မြောက် စိတ္တုပ္ပါဒ်တိုင်အောင်သောအခါ၌၊ ရူပဿ၊ ရုပ်၏။ ကမ္မစိတ္တဥတူဟိ၊ ကံ စိတ် ဥတုတို့ဖြင့်၊ ဝါ၊ တို့ကြောင့်။ စယောဧဝ၊ တိုးပွါးခြင်းသည်သာလျှင်။ ဟောတိ၊ ၏။ ဟာနိ၊ ဆုတ်ယုတ်ခြင်းသည်။ န ဟောတိ၊ မဖြစ်။ အထ ဝါ၊ တနည်းသော်ကား။ ယာဝ၊ အကြင်ရွေ့လောက်။ အာဟာရသမုဋ္ဌာနရူပုပ္ပါဒေါ ဝါ၊ အာဟာရဇရုပ်ဖြစ်ခြင်းသည်လည်းကောင်း။ စက္ခာဒိဥပ္ပါဒေါ ဝါ၊ စက္ခုပသာဒစသည်တို့၏ ဖြစ်ခြင်းသည်လည်းကောင်း။ **အတ္ထိ၊** ရှိ၏။ တာဝ၊ ထိုရွေ့လောက်ကာလအတွင်း၌။ ရူပုပ္ပတ္တိ၊ ရုပ်ဖြစ်ခြင်းသည် (လိုက်)။ **ဥပစယော** နာမ၊ ဥပစယမည်၏။ တတော ပရံ ပန၊ ထိုမှနောက်၌ ကား။ စုတိပရိယောသာနံ၊ စုတိဆုံးသည်တိုင်အောင်။ ရူပုပ္ပတ္တိ၊ **သည်**(လိုက်)။ **သန္တတိ** နာမ၊ သန္တတိမည်၏။ ဝေဋ္ဌ ကတ္ထာ၊ ဤသို့သောအကြောင်းကြောင့်—

> အာယတနာနံ၊ အာယတနတို့၏။ **ယော** အာစယော၊ အကြင်ရှေးဦး စွာဖြစ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ သော၊ ထိုရှေးဦးစွာဖြစ်ခြင်းသည်။ ရူပဿ၊ ရုပ်၏။ ဥပစယော၊ ဥပစယမည်၏။ ရူပဿ၊ ၏။ ယော ဥပ-စယော၊ အကြင်ရှေးဦးစွာ ဖြစ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ သာ၊ ထို ရှေးဦးစွာ ဖြစ်ခြင်းသည်။ ရူပဿ၊ ၏။ သန္တတိ၊ သန္တတိမည်၏။

ဣတိ ဝံ၊ ဤသို့။ ဥပစယသန္တတီနံ၊ ဥပစယ**သ**န္တတိတို့၏။ အတ္ထတော၊ အနက် သဘောအားဖြင့်။ နာနတ္တာဘာဝဒီပနတ္ထံ၊ ထူးသည်၏အဖြစ် မရှိခြင်းကို ပြရန် အကျိုးငှါ။ ဝုတ္တာယ၊ ဟောတော်မူအပ်သော။ ပါဠိယာ၊ **ပါဠိ**တော်၏။ အဋ္ဌ-ကထာယံ၊ အဖွင့်ဖြစ်သောအဋ္ဌကထာ၌—

> အာစယော နာ**မ**၊ အာစယမည်သည်ကား။ နိဗ္ဗတ္တိ၊ ဖြစ်ခြင်း**တ**ည်း။ ဥပစယော နာမ၊ ဥပစယမည်သည်ကား။ ဝဍ္ဎိ၊ တိုးပွါးခြင်းတည်း။ သန္တတိ နာမ၊ သန္တတိမည်သည်**ကား**။ ပဝတ္တိ၊ ဖြစ်ခြင်းတည်း။ ဣတိ၊

ဤသို့။ ဝတ္တာ၊ ဆို၍။ နဒီတီရေ၊ မြစ်ကမ်းနား၌။ ခတကူပမှိ၊ တူး အပ်သောရေတွင်း၌။ ဥဒကုဂ္ဂမနကာလေ ဝိယ၊ ရေတက်ရေထွက် သော အခါကဲ့သို့။ နိဗ္ဗတ္တိ၊ ရုပ်ဖြစ်ခြင်းသည်။ အာစယော၊ အာစယ မည်၏။ ပရိပုဏ္ဏကာလေ ဝိယ၊ ရေပြည့်သောအခါကဲ့သို့။ ဝဍ္ဎိ၊ ရုပ်တို့ ပွါးခြင်းသည်။ ဥပစယော၊ ဥပစယမည်၏။ အဇ္ဈောတ္ထရိတ္ဝာ၊ တွင်းကို ရေလျှံ၍။ ဂမနကာလေ ဝိယ၊ သွားသောအခါကဲ့သို့။ ပဝတ္တိ၊ ရုပ် ဖြစ်ခြင်းသည်။ သန္တတိ၊ သန္တတိမည်၏။

ဣတိ၊ ဤသို့။ ဥပမာ၊ ဥပမာကို။ ဝုတ္တာ၊ ဆိုအပ်၏။

စ၊ ဆက်၍ ဆိုဦးအံ့။ ရူပါနမာစယောတိ ဧတ္ထ၊ ရူပါနမာစယော-ဟူသော ဤပါဠ်၌။ ဗဟုဝစနနိဒ္ဒေသေန၊ ဗဟုဝုစ်ကို ညွှန်းပြခြင်းဖြင့် (ဒီပိတံ ဟောတိ-မှာ စပ်)။ ဥပ္ပါဒေါ နာမ၊ ဖြစ်ခြင်းမည်သည်ကား။ ဥပ္ပဇ္ဇမာနာနံ၊ ဖြစ်ဆဲဖြစ် ကုန်သော ရုပ်တရားတို့၏။ ဝိကာရော၊ ဖောက်ပြန်ခြင်းတည်း။ ဝိကာရတ္တေ၊ ဖောက်ပြန်ခြင်း၏ အဖြစ်သည်။ သတိ စ၊ ရှိသော်ကား။ ဧတ္တကေနာ၊ မိမိ၏။ ဝိကာရဝန္တဓမ္မတောဘိန္နတ္တာ၊ ဖောက်ပြန်ခြင်း ရှိသော တရားတို့၏ အပြား အားဖြင့် ပြားသည်၏ အဖြစ်ကြောင့်။ ကေကစ္စောပိ၊ တပြိုင်နက်သော ခဏ၌ လည်း။ ဥပ္ပဇ္ဇမာနာနံ၊ ဖြစ်ကုန်သော။ ဗဟူနမ္ပိ၊ များစွာလည်း ဖြစ်ကုန်သော။ ရူပါနံ၊ ရုပ်တို့၏။ ဝိသုံ ဝိသုံယေဝ၊ အသီးအသီးသာလျှင်။ ဥပ္ပါဒဝိကာရဘာဝေါ၊ ဥပါဒ်တည်းဟူသော ဝိကာရ၏ အဖြစ်သည်။ ဟောတိ၊ ၏။ ပိဏ္ဍံယေဝ၊ အပေါင်းအစုသာလျှင်။ န ဟောတိ၊ မဖြစ်။ ဣတိ၊ ဤသို့။ ဒီပိတံ၊ ပြအပ် သည်။ ဟောတိ၊ ၏။ စ၊ ဆက်၍ ဆိုဦးအံ့။ ကေဝလံ၊ သက်သက်။ ရူပါနမေဝ၊ ရုပ်တို့၏သာလျှင်။ ဥပ္ပတ္တိ၊ ဖြစ်ခြင်းသည်။ ဤဒိသီ၊ ဤသို့သဘောရှိသည်။ န၊ မဟုတ်သေး။ အထ ခေါ၊ စင်စစ်သော်ကား။ အရူပဓမ္မာနမ္ပိ၊ နာမ်တရား တို့၏လည်း။ ဥပ္ပါဒေါ စ၊ ဖြစ်ခြင်းသည် လည်းကောင်း။ ရူပါရူပဓမ္မာနံ၊ ရုပ် နာမ်တရားတို့၏။ ဇရတာ စ၊ ဇရတာသည် လည်းကောင်း၊ ဝါ၊ ဌီသည်လည်း ကောင်း။ အနိစ္စတာ စ၊ အနိစ္စတာသည်လည်းကောင်း၊ ဝါ၊ ဘင်သည် လည်း ကောင်း။ ရူပဿလဟုမုဒုကမ္မညတာ စ၊ ရူပဿလဟုတာ, ရူပဿမုဒုတာ, ရူပဿကမ္မညတာသည် လည်းကောင်း။ ဤဒိသီ၊ ဤသို့သဘောရှိ၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

၆၉၃။ ဥဘယဿပိ၊ နှစ်ပါး စုံသော ဥပစယ, သန္တတိ၏လည်း။ ရူပုပ္ပါ-ဒသဘာဝတ္တာ၊ ရုပ်၏ ဥပါဒ်သဘော၊ ဝါ၊ ဖြစ်ခြင်းသဘော ရှိသည်၏ အဖြစ် ကြောင့်။ အဋ္ဌကထာသု၊ တို့၌။ ဇာတိရူပန္တိ၊ ဇာတိရုပ်ဟူ၍။ ဒီပိတံ၊ ပြအပ်၏။

---

၁။ (ပိဏ္ဍယေဝ-ဆဋ္ဌမူ)

ဣတိ အယံ၊ ကား။ အဓိပ္ပါယော၊ တည်း။ ယဒိ ဧဝံ၊ သော်။ ကသ္မာ၊ အဘယ်ကြောင့်။ ဝိဘဇ္ဇ၊ သီးခြားဝေဖန်၍။ ဝုတ္တံ၊ ဆိုအပ်သနည်း။ ဘဂဝတာ၊ မြတ်စွာဘုရားသခင်သည်။ တထေဝ၊ ထိုကဲ့သို့ သီးခြားဝေဖန်တော်မူ၍သာလျှင်။ ဒေသိတတ္တာ၊ ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့်။ ဝုတ္တံ၊ ၏။ ဘဂဝ-တာပိ၊ သည်လည်း။ ကသ္မာ၊ အဘယ်ကြောင့်။ တထာ၊ ထိုကဲ့သို့ သီးခြားဝေဖန်တော်မူ၍။ ဒေသိတံ၊ ဟောတော်မူအပ်သနည်း။ ဣတိ စောဒိတဗ္ဗတော၊ ကြောင့်။ ဝုတ္တမာကာရနာနတ္တာတိအာဒိ၊ ကို။ အာဟ၊ ပြီ။ အာကာရနာနတ္တံ၊ ဖြစ်ပုံ အခြင်းအရာ ထူးသည်၏ အဖြစ်ကို။ ဟေဋ္ဌာ၊ အောက်၌။ ဝိဘာဝိတ-မေဝ၊ ထင်စွာ ပြအပ်ခဲ့ပြီးသည် သာလျှင်တည်း။ အက္ခရသ၊ အက္ခရာ၏။ ပဌမုပ္ပတ္တိ၊ ရှေးဦးစွာ ဖြစ်ခြင်းသည်။ ဥပစယော၊ ဥပစယမည်၏။ ပုနပ္ပုနံ၊ အဖန်ဖန် အထပ်ထပ်။ ဥပ္ပတ္တိ၊ ဖြစ်ခြင်းသည်။ သန္တတိ၊ သန္တတိမည်၏။ ဧဝံ၊ ဤသို့။ တိသမုဋ္ဌာနရူပါနမ္ပိ[1]၊ တိသမုဋ္ဌာန် ရုပ်တို့၏လည်း။ နာနတ္တံ၊ ထူးသည်၏ အဖြစ်ကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ဣတိ ဧဝမ္ပိ၊ ဤသို့လည်း။ တေသံ၊ ထိုဥပစယ သန္တတိတို့၏။ အာကာရနာနတ္တံ၊ ကို။ ဝဏ္ဏေန္တိ၊ ဖွင့်ဆိုကြကုန်၏[2]။ ခဝနေ-ယျာနံ ဝသေန ဝါတိ၊ ကား။ တဒါ၊ ထိုတာဂတိ သာနတ်ပြည်၌ အဘိဓမ္မာတရားဟောတော်မူသော အခါ၌။ ဝေဘာနံ၊ တရားနာသူနတ်ဗြဟ္မာတို့၏၊ဝါ၊ တို့အား။ ဧဝံ၊ ဤသို့။ စိတ္တံ၊ စိတ်သည်။ ဥပ္ပန္နံ ကိရ၊ ဖြစ်သတတ်။ အယံ ဇာတိ၊ ဤဇာတိသည်။ သဗ္ဗေသံ၊ အလုံးစုံကုန်သော။ ဓမ္မာနံ၊ ပရမတ္ထသဘောတရားတို့၏။ ပဘဝေါ[3]၊ လက်မှန်အစ ပဌမတည်း၊ ဝါ၊ ပဌမဖြစ်ခြင်းတည်း၊ ဝါ၊ ဥပါဒ်တည်း။ သယံ ပန၊ မိမိဟု ဆိုအပ်သော ဇာတိသည်ကား။ ကုတောစိ၊ တစုံတခုသော အကြောင်းကြောင့်။ န ဇာယတိ၊ မဖြစ်။ ယထာ တံ၊ ဥပမာ အဘယ်ကဲ့သို့နည်း ဟူမူကား။ ပကတိဝါဒီနံ၊ ပကတိ အယူရှိကုန်သော ပုဂ္ဂိုလ်တို့၏။ ပကတိ ယထာ၊ ပကတိကဲ့သို့တည်း။ ဣတိ၊ ဤသို့ဖြစ်သော။ တေသံ၊ ထိုနတ်ဗြဟ္မာတို့၏။ မိစ္ဆာဂါဟံ၊ မိစ္ဆာအယူကို။ ဝိဓမေန္တော၊ ပယ်ဖျောက်တော်မူလိုသော။ သတ္ထာ၊ မြတ်စွာဘုရားသခင်သည် (ဒေသေတိ-မှာ စပ်)။ ဇာတိ နာမ၊ ဇာတိမည်သည်ကား။ န အညာ၊ အခြားတပါး မဟုတ်။ ပန၊ စင်စစ်သော်ကား။ ဥပစယသန္တတိဝသေန၊ ရှေးဦးစွာဖြစ်ခြင်း, အဖန်ဖန်ဖြစ်ခြင်း အစဉ်တို့၏ အစွမ်းအားဖြင့်။ ဌိတာ၊ တည်သော။ ရူပုပ္ပတ္တိယေဝ၊ ရုပ်တို့၏

---

၁။ ဤ၌ အချို့စာများမှာ သေသသဒ္ဒါနှင့်တကွ "သေသတိသမုဋ္ဌာနရူပါနမ္ပိ"ဟု ပါ၌ရှိ၏၊ ဆင်ခြင်လေ။

၂။ အက္ခရဿ ပဌမုပ္ပတ္တိ·က စ၍ ဝဏ္ဏေန္တိ-တိုင်အောင်သော ဤပါဌ်အတွင်း၌ ပါဌ်နေရှုပ်ထွေးလျက်ရှိ၏။ ပရိသုဒ္ဓပါဌ်များကို ရှာဖွေစူးစမ်း၍ သုတ်သင်ကြလေ။

၃။ အလုံးစုံ ဤဋီကာပါဌ်များ၌ သဘာဝေါ-ဟု ပါဌ်ရှိကြ၏။ ဝိသုဒ္ဓိမဂ် မဟာဋီကာနှင့်အညီ ပဘဝေါ-ဟုသာ ပါဌ်မှန်ရှိစေရမည်။

ဖြစ်ခြင်းကို သာလျှင်။ တထာ၊ ထိုကဲ့သို့ ဇာတိဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ သာ စ၊ ထိုဇာတိသည်လည်း။ ယဿာ၊ အကြင်ရုပ်၏၊ ဝါ၊ အား။ ဥပ္ပါဒေါ၊ ဖြစ်ခြင်းသည်၊ ဝါ၊ ဥပါဒ်သည်။ အတ္ထိ၊ ရှိ၏။ တဿာ၊ ထိုရုပ်၏။ ပစ္စယေဟေဝ၊ အကြောင်းတို့ဖြင့်၊ ဝါ၊ တို့ကြောင့်သာလျှင်။ ဇာတပရိယာယံ၊ ဖြစ်၏ဟူသော ပရိယာယ်ကို။ လဘတိ၊ ရ၏။ ဣတိ၊ ဤသို့။ ဒဿနတ္ထံ၊ ပြတော်မူခြင်း အကျိုးငှါ။ ဥပစယော သန္တတီတိ၊ ဥပစယော သန္တတိ-ဟူ၍။ ဒွိဓာ၊ နှစ်ပါး အပြားအားဖြင့်။ ဘိန္ဒိတွာ၊ ခွဲခြား ဝေဖန်တော်မူ၍။ ဒေသေတိ၊ ဟောတော်မူ၏။ ဣတိ၊ ဤသို့။ အာစရိယာ၊ ဆရာတို့သည်။ ဝဒန္တိ၊ ဆိုကြကုန်၏။

**ပုဗ္ဗန္တတော** ပုဗ္ဗ ကောဋ္ဌာသတော၊ **ရှေးအဖို့မှ**။ အနာဂတဘာဝတော၊ အနာဂတ်အဖြစ်မှ။ ဣတိ အယံ၊ ကား။ အတ္ထော၊ တည်း။ ရူပဓမ္မေ၊ ရုပ်**တရားသည်**။ ဥပ္ပဇ္ဇမာနေ၊ ဖြစ်သည်ရှိသော်။ ဥပ္ပါဒေါ၊ ဖြစ်ခြင်းသည်၊ ဝါ၊ ဥပါဒ်သည်။ အနာဂတက္ခဏတော၊ အနာဂတ်ခဏမှ။ ဥမ္မုဇ္ဇာ**ပေန္တော** ဝိယ၊ အထက်သို့ ပေါ်တက်စေဘိသကဲ့သို့။ ဟောတိ၊ ၏။ ဣတိ၊ ကြောင့်။ **ဥမ္မုဇ္ဇာပနရသောတိ**၊ ဟူ၍။ ဝုတ္တံ၊ ပြီ။ ဣမေ၊ ဤသည်တို့ကား။ ရူပဓမ္မာ၊ ရုပ်တရားတို့တည်း။ နေ၊ ထိုရုပ်တရားတို့ကို။ သမ္ပဋိစ္ဆထ၊ သင်တို့ခံယူကြကုန် လော့။ ဣတိ၊ ဤသို့။ နိယျာတေန္တော ဝိယ၊ အပ်နှင်းဘိသကဲ့သို့။ ဂယှတိ၊ ယူအပ်၏။ ဣတိ၊ ကြောင့်၊ **နိယျာတနပစ္စုပဋ္ဌာနောတိ**၊ ဟူ၍။ ဝုတ္တံ၊ ပြီ။ **ပရိပုဏ္ဏဘာဝပစ္စုပဋ္ဌာနတော**၊ ပြည့်စုံသော အဖြစ်လျှင် ထင်သော အခြင်းအရာ ရှိသည်၏ အဖြစ်ကို။ ဥပရိ၊ အထက်၌။ **စယော**၊ ရုပ်တို့၏ ဖြစ်ခြင်းသည်၊ ဝါ၊ တိုးပွါးခြင်းသည်။ ဥပစယော၊ ဥပစယမည်၏။ ဣတိ ဣမဿ အတ္ထဿ၊ ဤ အနက်၏။ ဝသေန၊ အစွမ်းအားဖြင့်။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ ဥပ္ပါဒက္ခဏပတ္တံ၊ ဥပါဒ်ခဏသို့ ရောက်သော ရုပ်သည်။ အာဒိကမ္မေ၊ အာဒိကမ္မအနက်၌။ တပ္ပစ္စယဝသေန၊ တ-ပစ္စည်း၏အစွမ်းအားဖြင့်။ ဥပ္ပန္နံ နာမ၊ ဖြစ်သည်မည်သည်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ ဧဝံ တထာ၊ ထိုအတူ။ ဥပ္ပါဒက္ခဏဂတံ၊ ဥပါဒ်ခဏသို့ရောက်ပြီးသော ရုပ်သည်။ ဥပစိတံ နာမ၊ ဆည်းပူးအပ်ပြီးသည် မည်သည်။ ဟောတိ၊ ၏။ ဣတိ၊ ကြောင့်။ **ဥပစိတရူပပဒဋ္ဌာနောတိ**၊ ဟူ၍။ ဝုတ္တံ၊ ပြီ။

**ပဝတ္တိလက္ခဏာတိ**၊ **ကား**။ အနုပ္ပဗန္ဓတော၊ အစဉ်ဖွဲ့ခြင်း အားဖြင့်။ ဥပ္ပတ္တိဝသေန၊ ဖြစ် ခြင်း ၏ အ စွမ်း အား ဖြင့်။ ပဝတ္တမာနရူပါနံ၊ ဖြစ်သော ရုပ်တို့၏။ ပဝတ္တနတ္ထိ၊ ဖြစ်ခြင်းဟူ၍။ လက္ခိတဗ္ဗာ၊ မှတ်အပ်၏။ အနုပ္ပဗန္ဓန-**ရသာ**တိ၊ ကား။ ပုဗ္ဗာပရဝသေန၊ ရှေ့နောက်၏ အစွမ်းအားဖြင့်။ အနုပ္ပဗန္ဓန-ကိစ္စာ၊ အစဉ်ဖွဲ့ခြင်းကိစ္စ ရှိ၏။ ဟိ သစ္စံ၊ ၏။ ဥပ္ပါဒေ၊ ဥပါဒ်သည်။ အသတိ၊ မရှိခဲ့သော်။ ပုဗ္ဗာပရဝသေန၊ အားဖြင့်။ အနုပ္ပဗန္ဓော၊ အစဉ်ဖွဲ့ခြင်းသည်။

န သိယာ၊ မဖြစ်ရာ။ အနုပ္ပဗန္ဓနရသတ္တာယေဝ၊ အစဉ်ဖွဲ့ခြင်းကိစ္စ ရှိသည်၏ အဖြစ်ကြောင့်သာလျှင်။ အနုပစ္ဆေဒဝသေန၊ မပြတ်ခြင်း၏ အစွမ်းအားဖြင့်။ ဂဟေတဗ္ဗတော၊ ယူအပ်သောကြောင့်။ အနုပစ္ဆေဒပစ္စုပဋ္ဌာနာတိ၊ ဟူ၍။ အာဟ၊ ပြီ။ ပုဗ္ဗာပရဝသေန၊ အားဖြင့်။ ဃဋ္ဋိတရူပေသု၊ စပ်အပ်သော ရုပ်တို့၌။ ဥပလဗ္ဘနတော၊ ရအပ်သောကြောင့်။ အနုပ္ပဗန္ဓရူပပဒဋ္ဌာနာတိ၊ ဟူ၍။ ဝုတ္တံ၊ ပြီ။

၆၉၄။ ဇီရဏာန္တိ၊ ကား။ ဇိဏ္ဏဘာဝေါ၊ ဆွေးမြည့်ဟောင်းမြင်း အိုမင်းသည်၏ အဖြစ်တည်း။ အဘိနဝဘာဝဟာနိ၊ အသစ်၏အဖြစ်မှ ဆုတ်ယုတ်ခြင်းတည်း။ ဣတိ အယံ၊ ကား။ အတ္ထော၊ တည်း။

ခဏ္ဍိစ္စာဒိဘာဝေန၊ သွားကျိုးသည်၏အဖြစ် စသည်တို့၏ အဖြစ်ဖြင့်။ ဒန္တာဒီသု၊ သွားစသည်တို့၌။ ဝိကာရဒဿနတော၊ ဖောက်ပြန်ခြင်းကို မြင်ရခြင်းကြောင့်။ ရူပဓမ္မေသု၊ ရုပ်တရားတို့၌။ ပါကဋ္ဌာ၊ ထင်ရှားသော ဇရာကို။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်၏ (ထည့်)။ တဒဘာဝတော၊ ထိုသွားကျိုးသည်၏အဖြစ် စသော အဖြစ်၏ မရှိခြင်းကြောင့်။ ဣတရာ၊ ဤပါကဋဇရာမှ တပါးသော။ အပါကဋ္ဌာ၊ မထင်ရှားသော ဇရာကို။ ဒဋ္ဌဗ္ဗာ၊ နာမ်တရားတို့၌ မှတ်အပ်၏။ ရူပဓမ္မာနမ္ပိ၊ ရုပ်တရားတို့၏လည်း။ ခဏိကဇရာ၊ ခဏတိုင်း ခဏတိုင်းဖြစ်သော ဇရာကို၊ ဝါ၊ သည်။ ကာမံ ပဋိစ္ဆန္နာ ဧဝ၊ အကယ်၍ကား ဖုံးလွှမ်းအပ်သည်သာလျှင်၊ ဝါ၊ မထင်ရှားသည်သာလျှင် ဖြစ်၏ရှင့်။ ယာ၊ အကြင်ခဏိကဇရာကို။ အဝီစိဇရာ-တိပိ[၁]၊အဝီစိဇရာဟူ၍လည်း၊ဝါ၊အကြားအလပ် အပြတ်မရှိ တစပ်တည်းဖြစ်သော ကြောင့် အဝီစိဇရာဟူ၍လည်း။ ဝုစ္စတိ၊ဆိုအပ်၏။(ယာ-ကား။ နိယတ်ကင်းသော အနိယတ်တည်း) (တနည်း) ယာ၊ အကြင်ခဏိကဇရာကို။ အဝီစိဇရာတိပိ၊ ဟူ၍လည်း။ ဝုစ္စတိ၊ ၏။ ရူပဓမ္မာနမ္ပိ၊ တို့၏လည်း။ သာ ခဏိကဇရာ၊ ထိုအဝီစိဇရာ မည်သော ခဏိကဇရာသည်။ ကာမံ ပဋိစ္ဆန္နာ ဧဝ၊ အကယ်၍။ ပ။ ၏ရှင့်။ (ဤနည်းကား နောက်ဝါကျ၌ တည်သော အနိယတ်သည် ရှေ့ဝါကျ၌ နိယတ်ကို သိစေ၏-ဟုဆိုသော အလင်္ကာများနှင့် အညီ ယောဇနာအပ်သော နည်းတည်း) ပန တထာပိ၊ ထိုသို့ပင်ဖြစ်သော်လည်း။ အရူပဓမ္မာနံ၊ နာမ်တရားတို့၏။ ဇရာယ၊ ဇရာ၏။ သုဋ္ဌု၊ လွန်စွာ။ ပဋိစ္ဆန္နဘာဝဒဿနတ္ထံ၊ ဖုံးလွှမ်းအပ်သော၊ဝါ၊ မထင်ရှားသောအဖြစ်ကို ပြခြင်းအကျိုးငှါ။ ပါကဋ္ဌာ ရူပဓမ္မေသူတိ၊ ဟူ၍။ အဝိ-သေသေန၊ သာမညအားဖြင့်။ ဝုတ္တံ၊ ပြီ။ ခဏ္ဍိစ္စာဒိဝိကာရော ပန၊ သွားကျိုးသည်၏အဖြစ် စသောဖောက်ပြန်ခြင်းသည်ကား။ ခဏိကဇရာယ၊ ခဏိကဇရာ၌။ နတ္ထိ၊ မရှိ။ ရူပဓမ္မာနံ၊ တို့၏။ ဇိဏ္ဏတာ၊ ဆွေးမြည့်ဟောင်းမြင်း အိုမင်းသည်၏အဖြစ်သည်။ ရူပပရိပါကော၊ ရူပပရိပါကမည်၏။ ဇရံ၊ ဆွေးမြည့် ဟောင်းမြင်း အိုမင်းခြင်းသို့။

---

၁။ (အဝီစိဇရာတိ ဝါ-ဆင့်မူ)

ရူပဉ္စ၊ ရုပ်သည်လည်းကောင်း။ နိဗ္ဗာနဉ္စ၊ နိဗ္ဗာန်သည်လည်းကောင်း။ အတ္ထိ၊ရှိ၏။ ဣမေ ဓမ္မာ၊ ဤတရားတို့သည်။ နေဝဒဿနေန နဘာဝနာယပဟာတဗ္ဗာ၊ နေဝ ပ။ တဗ္ဗတို့ မည်ကုန်၏၊ ဝါ၊ သောတာပတ္တိမဂ်, အထက်မဂ်သုံးခုဖြင့် မပယ် အပ်သော တရားတို့ မည်ကုန်၏'' ဣတိ ဝစနေန၊ ဤသို့ ဟောတော်မူခြင်းဖြင့်။ ရူပဓမ္မာနံ၊ ရုပ်တရားတို့၏။ ပဟာနာဘာဝတော၊ ပယ်ခြင်း၏ မရှိခြင်းကြောင့် တည်း၊ ဝါ၊ ပဟာတဗ္ဗအဖြစ်၏ မရှိခြင်းကြောင့်တည်း။ ဧဝဉ္စ သတိ၊ ဤသို့ ဖြစ်သည်ရှိသော်။ တဿ၊ ထိုမိဒ္ဓ၏။ နီဝရဏဘာဝေါ၊ နီဝရဏ၏ အဖြစ်သည်။ ဝိရုဇ္ဈေယျ၊ ဆန့်ကျင်ရာ၏။ ကသ္မာ၊ မူကား။ နီဝရဏာနံ၊ နီဝရဏတရားတို့၏။ ပဟာတဗ္ဗတ္တာ၊ ပယ်အပ်သည်၏၊ ဝါ၊ ပဟာတဗ္ဗ၏ အဖြစ်ကြောင့်တည်း။ နီဝ-ရဏာနံ၊တို့၏။ အပ္ပဟာတဗ္ဗတ္တေ၊ မပယ်အပ်သည်၏၊ ဝါ၊ အပဟာတဗ္ဗ၏ အဖြစ် သည်။ သတိ၊ ရှိခဲ့သော် (နဟိပဟုဇ္ဇေယျမှာစပ်)။

စက္ခုမ၊ စက္ခုငါးပါးနှင့် ပြည့်စုံတော်မူသော အို မြတ်စွာဘုရား။ ပုရေ၊ ရှေးအခါ၌။ မေ၊ အကျွန်ုပ်အား။ ယာ ကင်္ခါ၊ အကြင်ယုံမှား ခြင်းသည်။ အာသိ၊ ဖြစ်ပြီ။ တံ၊ ထိုယုံမှားခြင်းကို။ တွံ၊ ရှင်တော်မြတ် ဘုရားသည် (ထည့်)။ မေ၊ အား။ အက္ခာသိ၊ ဟောကြားတော် မူ၏။ မုနိ၊ အို မြတ်စွာဘုရား။ တွံ၊ ရှင်တော်မြတ်ဘုရားသည် (ထည့်)။ အဒ္ဓါ၊ မချွတ်။ သမ္ဗုဒ္ဓေါ၊ သစ္စာလေးပါးတရားတို့ကို ကိုယ်တော်တိုင် သိတော်မူသည်၊ အသိ၊ ဖြစ်တော်မူပါပေ၏။ တဝ၊ ရှင်တော်မြတ်ဘုရား အား။ နီဝရဏာ၊ နီဝရဏတရားတို့သည်။ နတ္ထိ၊ ရှိတော်မမူပါကုန်။

ဣတိ၊ ဤသို့။ နီဝရဏပ္ပဟာနေန၊ နီဝရဏပယ်သော ဂုဏ်ဖြင့်။ ဘဂဝတော၊ မြတ်စွာဘုရားသခင်အား။ ထောမနံ၊ ချီးမွမ်းခြင်းသည်။ န ဟိ ယုဇ္ဇေယျ၊ မသင့်ရာသည်သာလျှင်တည်း။ "ဘိက္ခဝေ၊ ရဟန်းတို့။ ရူပံ၊ ရုပ်သည်။ န တုမှာ-ကံ၊ သင်တို့၏ဥစ္စာမဟုတ်၊ တံ၊ ထိုသင်တို့၏ ဥစ္စာမဟုတ်သော ရုပ်ကို။ ပဇဟ-ထ၊ သင်တို့စွန့်ပယ်ကြကုန်လော" ဣဒိအာဒိဝစနတော၊ ဤသို့ အစရှိသည်ကို ဟောတော်မူခြင်းကြောင့်။ ရူပဿ၊ ရုပ်၏။ ပဟာတဗ္ဗတာပိ၊ ပယ်အပ်သည်၏ အဖြစ်သည်လည်း၊ ဝါ၊ ကိုလည်း။ ပညာယတိ၊ ထင်၏၊ ဝါ၊ သိအပ်၏။ ဣတိ၊ ဤသို့သော အယူသည်။ ယဒိ သိယာ၊ အကယ်၍ဖြစ်ငြားအံ့။ တံ၊ ထိုအယူ ကို။ န၊ မမှတ်အပ်။ ကသ္မာ၊ မူကား။ တဗ္ဗိသယဆန္ဒရာဂပ္ပဟာနဿ၊ ထိုရုပ်လျှင် အာရုံရှိသော ဆန္ဒရာဂကို ပယ်ခြင်းကို။ တတ္ထ၊ ထိုရူပံ ဘိက္ခဝေ စသောပါဠိ၌။ အဓိပ္ပေတတ္တာ၊ အလိုရှိအပ်သည်၏အဖြစ်ကြောင့်တည်း။ တေန၊ကြောင့်။ဘဂဝါ၊ မြတ်စွာဘုရားသခင်သည် "ဘိက္ခဝေ၊ တို့။ ရူပေ၊ ရုပ်၌။ ယော ဆန္ဒရာဂဝိန-ယော၊ အကြင်ဆန္ဒရာဂကိုပယ်ခြင်းသည်၊ အတ္ထိ၊ ရှိ၏။ တံ၊ ထိုဆန္ဒရာဂကိုပယ် ခြင်းသည်။ တတ္ထ၊ ထိုရုပ်၌။ ပဟာနံ၊ ပယ်ခြင်းမည်၏" ဣတိ၊ ဤသို့။ အာဟ၊

ဟောတော်မူပြီ။ ဧတ္တာဝတာ၊ဤမျှအရာ၌လည်း၊တဗ္ဗိသယဆန္ဒရာဂပ္ပဟာနဝသေနေဝ၊
ထိုရုပ်လျှင် အာရုံရှိသော ဆန္ဒရာဂကို ပယ်ခြင်း၏အဲစွမ်းအားဖြင့်သာလျှင်။ဝုတ္တံ၊
ဆိုအပ်၏။ ဣတိ ဇေတံ၊ ဤစကားကို။ ဝတ္တုံ၊ ဆိုခြင်းငှါ။ န စ ပန သက္ကာ၊ မတတ်
ကောင်းသည်သာလျှင်တည်း။ ကသ္မာ၊ မူကား။ သာဓကဝစနာဘာဝတော စ၊
သာဓကပါဠိ၏ မရှိခြင်းကြောင့်လည်းကောင်း။ ကာမစ္ဆန္ဒာဒီနံ၊ ကာမစ္ဆန္ဒစသည်
တို့ကို။ တတ္ထ၊ ထိုပါဠိ၌။ ပဟာနဿ၊ ပယ်ခြင်းကို။ အနဓိပ္ပေတတ္တာ စ၊ အလို
မရှိအပ်သည်၏အဖြစ်ကြောင့်လည်းကောင်းတည်း။ တသ္မာ၊ ကြောင့်။ နတ္ထိ
နီဝရဏာတဝါတိအာဒိဝစနေဟိ၊ နတ္ထိ နီဝရဏာ တဝ ဤသို့အစရှိသော ပါဠိ
တို့နှင့်။ ဝိရုဇ္ဈနတော၊ဆန့်ကျင်ခြင်းကြောင့်။ မိဒ္ဓံ၊ မိဒ္ဓသည်။ န ရူပံ၊ ရုပ်မဟုတ်။
ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ ၏။

ပရော၊ တပါးသော ပရဝါဒီပုဂ္ဂိုလ်သည်။ ဒဋ္ဌမူဋ္ဌဂ္ဂါဟိတာယ၊ ပြင်းပြင်းပြပြ
မိုက်မိုက်မဲမဲယူလေ့ ရှိသည်၏အဖြစ်ဖြင့်။ တံဝိသယဆန္ဒရာဂပ္ပဟာနဝသေနေဝ၊
ထိုရုပ်လျှင် အာရုံရှိသောဆန္ဒရာဂကိုပယ်ခြင်း၏အစွမ်းအားဖြင့်သာလျှင်၊ နီဝရ-
ဏပ္ပဟာနံ၊နီဝရဏကိုပယ်ခြင်းကို။ အဓိပ္ပေတံ၊အလိုရှိအပ်၏။ ဣတိ၊ ဤသို့။ သက-
ဝါဒံ ၊ မိမိအယူဝါဒကို။ ယဒိ ပန ဩဋ္ဌေယျ[၁]၊ အကယ်၍ကား ထောင်ထားငြား
အံ့။ တဿ၊ ထိုပရဝါဒီပုဂ္ဂိုလ်၏။ တန္နိသေနေတ္ထံ၊ ထိုအယူကို တားမြစ်ခြင်း
အကျိုးငှါ။ ပုန၊ တဖန်။ ထိနမိဒ္ဓနီဝရဏဿ၊ ၏။ အဝိဇ္ဇာနီဝရဏေန၊နှင့်။ သဟ၊
တက္ကွ။ သမ္ပယောဂဝစနဉ္စ၊ သမ္ပယောဂကို ဟောတော်မူခြင်းကိုလည်း။ အာဟ-
ရန္တော၊ ဆောင်လိုပြန်သောအရှင်ဗုဒ္ဓတ္တဆရာသည်။ထိနမိဒ္ဓနီဝရဏန္တိအာဒိ၊ ကို။
အာဟ၊ ပြီ။ ထိန မိဒ္ဓနီဝရဏံ၊ သည်။ အဝိဇ္ဇာနီဝရဏေန၊ နှင့်။ သဟ၊တက္ကွ။နီဝ-
ရဏဥ္စေဝ၊ နီဝရဏမည်သည်လည်း။ ဟောတိ၊ ၏။ နီဝရဏသမ္ပယုတ္တဉ္စ၊ နီဝရဏ
နှင့်ယှဉ်သည်လည်း။ ဟောတိ၊၏။ ဣတိ အယံ၊ကား။ သမ္ဗန္ဓော၊ တည်း။ ဣဒံ
အယံ အဓိပ္ပါယော၊ ကို။ ဝုတ္တံ ဝုတ္တော၊ သည်။ ဟောတိ၊၏–"စတူဟိ၊ လေး
ပါးသောလက္ခဏာတို့နှင့်။ သမ္ပယောဂေါ၊ ယှဉ်ခြင်းသည်။ ဟောတိ၊ ၏" ဣတိ-
ဝစနတော၊ ဤသို့ဟောတော်မူခြင်းကြောင့်။ အရူပဓမ္မာနမေဝ၊ နာမ်တရားတို့
အားသာလျှင်။ အညမညဿ၊ အချင်းချင်းအား။ သမ္ပယောဂေါ၊ ကို။ လဗ္ဘတိ၊
ရအပ်၏။ ရူပဓမ္မာနံ၊ ရုပ်တရားတို့အား။ အညမညံ ဝါ၊ အချင်းချင်းလည်း
ကောင်း။ အရူပေန ဝါ၊ နာမ်တရားနှင့်လည်းကောင်း။ သမ္ပယောဂေါ၊ ကို။
ယသ္မာ၊အကြင်ကြောင့်။ န လဗ္ဘတိ၊ မရအပ်။ တသ္မာ၊ ကြောင့်။ မိဒ္ဓံ၊ မိဒ္ဓသည်။
ရူပံ၊ ရုပ်မည်သည်။ ယဒိ သိယာ၊ အကယ်၍ဖြစ်ငြားအံ့။ တံ၊ ထိုရုပ်ဖြစ်သောမိဒ္ဓ
သည်။ သမ္ပယောဂဝစနံ၊ သမ္ပယောဂဟုဟောခြင်းကို။ န အရဟတိ၊ မထိုက်။
ဣတိ၊ ဤသို့။ ဝုတ္တံ ဝုတ္တော၊ သည်။ ဟောတိ၊ ၏။

၁။ (ဩဋ္ဌေယျ-ဆဋ္ဌမူ)

ဝုပ္ပတ္တိံ၊ အရူပဘုံ၌ ဖြစ်ခြင်းကို။ ပဋိဗာဟိတုံ၊တားမြစ်ခြင်းငှါ။ န သက္ကာ၊ မတတ်ကောင်း။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ ၏။ အာဒိ-သဒ္ဒေန၊ အာဒိ-သဒ္ဒါဖြင့် (ပါဠိ° သင်္ဂြိုဟ်တိ-မှာ စပ်)။ "ဘိက္ခဝေ၊ တို့။ ယဒိဒံ ယေ ဣမေ ပဉ္စ နီဝရဏာ၊ အကြင်ငါးပါးသော နီဝရဏတရားတို့ကို။ ပဟာယ၊ ပယ်စွန့်၍။ ဝိဂတထိနမိဒ္ဓေါ၊ ကင်းပြီးသော ထိနမိဒ္ဓရှိသည်။ ဟောတိ၊၏။ ဣတိ၊ ဤသို့။ကေဝလော၊သက်သက်လည်းဖြစ်သော။ အယံ အကုသလရာသိ၊ ဤအကုသိုလ်အစုသည်။ ဟောတိ၊၏။ တဿ ထိနမိဒ္ဓဿ၊ထိုထိနမိဒ္ဓကို။တေန တသ္မာ စတ္တတ္တာ၊ ထိုသို့စွန့်အပ်ပြီးသည်၏ အဖြစ်ကြောင့်။ဝန္တတ္တာ၊ထွေးအန်အပ်ပြီးသည်၏ အဖြစ်ကြောင့်။မုတ္တတ္တာ၊လွှတ်အပ်ပြီးသည်၏အဖြစ်ကြောင့်။ ပဟီနတ္တာ၊ ပယ်အပ်ပြီးသည်၏အဖြစ်ကြောင့်။ တေနတသ္မာ ပဋိနိဿဋ္ဌတ္တာ၊ ထိုသို့စွန့်အပ်ပြီးသည်၏ အဖြစ်ကြောင့်။ ဝိဂတထိန-မိဒ္ဓေါတိ။ကင်းပြီးသော ထိနမိဒ္ဓရှိ၏ဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။ဣဒံ စိတ္တံ၊ ဤစိတ်ကို။ ဣမမှာ ထိနမိဒ္ဓမှာ၊ ဤထိနမိဒ္ဓမှ။ သောဓေတိ၊ သုတ်သင်၏။ ဝိသောဓေတိ၊ အထူးသဖြင့်သုတ်သင်၏။ ပရိသောဓေတိ၊ ထက်ဝန်းကျင်မှ သုတ်သင်၏။ မောစေတိ၊ လွှတ်စေ၏။ ဝိမောစေတိ၊ အထူးသဖြင့် လွှတ်စေ၏။ ပရိမောစေတိ ဝါ၊ ထက်ဝန်းကျင်မှလည်း လွှတ်စေ၏" ဣတိ ဝေမာဒိ°၊ ဤသို့အစရှိသော။ ပါဠိ°၊ ပါဠိကို။ သင်္ဂြိုဟ်တိ၊ သိမ်းသွင်းရေတွက်၏။

မိဒ္ဓံ၊ မိဒ္ဓသည်။ ရူပံ စ၊ ရုပ်မိဒ္ဓလည်းကောင်း။ အရူပဉ္စ၊ နာမ်မိဒ္ဓလည်းကောင်း။ ဣတိ၊ ဤသို့ (ထည့်)။ ဒုဝိဓံ၊ နှစ်ပါးအပြားရှိ၏။ တတ္ထ၊ ထိုရုပ်မိဒ္ဓ, နာမ်မိဒ္ဓနှစ်ပါးတို့တွင်။ ယံ အရူပံ၊ အကြင်နာမ်မိဒ္ဓသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုနာမ်မိဒ္ဓကို။ နီဝရဏေသု၊ နီဝရဏတရားတို့၌။ ဒေသိတံ၊ ဟောတော်မူအပ်၏။ ရူပံ၊ ရုပ်မိဒ္ဓကို။ န ဒေသိတံ၊ မဟောတော်မမူအပ်။ဣတိ၊ ဤသို့သောအယူသည်။ ယဒိပိ သိယာ၊ အကယ်၍လည်းဖြစ်ရာခဲ့အံ့။ တမ္ပိ၊ ထိုအယူသည်လည်း။ န၊ မသင့်။ ကသ္မာ၊ မူကား၊ ဝိသေသဝစနာဘာဝတော၊ အထူးဟောတော်မူခြင်း၏ မရှိခြင်းကြောင့်တည်း။ ဟိ ဝိတ္ထာရေမိ၊ အံ့။ ဝိသေသိတွာ၊ အထူးပြု၍။ မိဒ္ဓံ၊ ကို။ နီဝရဏေသု၊ တို့၌။ န ဒေသိတံ၊ ဟောတော်မမူအပ်။ ကသ္မာ၊မူကား။ "ဘိက္ခဝေ၊ တို့။ယဒပိ ယံ အပိ ထိနံ၊ အကြင်ထိနသည်လည်း။အတ္ထိ၊ရှိ၏။ တဒပိ တံ အပိ၊ ထိုထိနသည်လည်း။ နီဝရဏံ၊ နီဝရဏမည်၏။ ယဒပိ ယံ အပိ မိဒ္ဓံ၊ အကြင်မိဒ္ဓသည်လည်း။ အတ္ထိ၊ ၏။ တဒပိ တံ အပိ၊ ထိုမိဒ္ဓသည်လည်း။ နီဝရဏံ၊ မည်၏။ ထိနမိဒ္ဓ နီဝရဏန္တိ°၊ ထိနမိဒ္ဓ နီဝရဏမည်၏" ဣတိ ဟိ၊ ဤသို့လျှင်။ ဣဒံ၊ ဤမိဒ္ဓသည်။ ဥဒ္ဒေသံ၊ အကျဉ်းရွတ်ဆိုအပ်သည်၏အဖြစ်သို့။ အာဂစ္ဆတိ၊ ရောက်၏။ဣတိ၊ ဤသို့။ အဝိသေသေန၊သာမညအားဖြင့်။ ဝုတ္တတ္တာ၊ဟောတော် မူအပ်သည်၏ အဖြစ်ကြောင့်တည်း။ တသ္မာ၊ ကြောင့်။ မိဒ္ဓဿ၊ ၏။ ဒုဝိဓတာ၊

၁။ (ထိနမိဒ္ဓံ နီဝရဏံ-ဆင္ဂမူ)

နှစ်ပါးအပြားရှိသည်၏အဖြစ်ကို။ ပရိကပ္ပေတွာပိ၊ ကြံစည်၍သော်လည်း။ နိဝရဏဘာဝံ၊ နိဝရဏအဖြစ်ကို။ နိဝတ္တေတုံ၊ နစ်စေခြင်းငှါ၊ ဝါ၊ တားမြစ်ခြင်းငှါ။ န သက္ကာ၊ မတတ်ကောင်း။ ဟိ သစ္စံ၊ ၏။ အရူပတော၊ နာမ်မိဒ္ဓမှ။ အညံ၊ အခြားတပါးသော။ ယံ တံ မိဒ္ဓံ၊ အကြင်ရုပ်မိဒ္ဓကို။ ပရိကပ္ပိတံ၊ ကြံစည်အပ်၏။ တမ္ပိ၊ ထိုကြံစည်အပ်သော နာမ်မိဒ္ဓမှ အခြားတပါးသော ရုပ်မိဒ္ဓသည်လည်း။ မိဒ္ဓသဘာဝတ္တာ၊ မိဒ္ဓသဘောရှိသည်၏အဖြစ်ကြောင့်။ နီဝရဏံ၊ နီဝရဏမည်၏။ ကိမိဝ၊ ဥပမာ အဘယ်ကဲ့သို့နည်းဟူမူကား။ ဣတရံ၊ ဤရုပ်မိဒ္ဓမှတပါးသော နာမ်မိဒ္ဓသည်။ နီဝရဏံ ဝိယ၊ နီဝရဏမည်သကဲ့သို့တည်း။ ဣတိ၊ ဤသို့။ ဝတ္တုံ၊ ဆိုခြင်းငှါ။ သက္ကာ၊ တတ်ကောင်း၏။

မိဒ္ဓဿ၊ ၏။ ရူပဘာဝံ၊ ရုပ်၏အဖြစ်ကို။ ယဒိ န သမ္ပဋိစ္ဆထ၊ အကယ်၍ သင်သကဝါဒီပုဂ္ဂိုလ်တို့ ဝန်မခံကြကုန်ငြားအံ့။ကထံ၊အဘယ်သို့။ဘဂဝတော၊မြတ်စွာဘုရားသခင်အား၊ဝါ၊၏။နိဒ္ဒါ၊ကျိန်းစက်တော်မူခြင်းသည်၊ဟောတိ၊ဖြစ်သနည်း။ မိဒ္ဓဿ၊ မိဒ္ဓပုဒ်၏ (ဝိဘင်္ဂေမှာ စပ်)၊ ဝါ၊ မိဒ္ဓ၏ (နိဒ္ဒါဘာဝေမှာ စပ်)။ နိဒ္ဒါ ပစလာယိကာတိအာဒိနာ၊ နိဒ္ဒါ ပစလာယိကာ ဤသို့အစရှိသည်ဖြင့်။ ဝိဘင်္ဂေ၊ ဝိဘင်း ပါဠိတော်၌။ ဝုတ္တတ္တာ၊ ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့်။ နိဒ္ဒါ-ဘာဝေ၊ နိဒ္ဒါ၏အဖြစ်သည်။ သိဒ္ဓေ နနု၊ ပြီးသည်မဟုတ်လော။ ဣတိ အယံ၊ ကား။ စောဒနာ၊ တည်း။ဣဒံ၊ဤပရဝါဒီပုဂ္ဂိုလ်ဆိုသောစကားကို။ ဧဝံ၊ ဤသို့ ပရဝါဒီပုဂ္ဂိုလ်ဆိုသည့်အတိုင်း။ န ဒဋ္ဌဗ္ဗံ၊ မမှတ်အပ်။ ကသ္မာ၊ မူကား။ ဣတ္ထိလိင်္ဂါဒီသု ဝိယ၊ဣတ္ထိလိင်စသည်တို့၌ကဲ့သို့။ နိဒ္ဒါဟေတုနော၊ အိပ်ခြင်း၏အကြောင်း ဖြစ်သော။ မိဒ္ဓဿ၊ ကို။ နိဒ္ဒါဘာဝေန၊ အိပ်ခြင်း၏အဖြစ်ဖြင့်။ ဝိဘတ္တတ္တာ၊ ဝေဖန်တော်မူအပ်သည်၏ အဖြစ်ကြောင့်တည်း။ဧဝမ္ပိ၊ ဤသို့လည်း။ နိဒ္ဒါဟေတု-နော၊ သော။ မိဒ္ဓဿ၊၏။ အဘာဝတော၊ မရှိခြင်းကြောင့်။ ဘဂဝတော၊ အား၊ ဝါ၊ ၏။ နိဒ္ဒါ၊ ကျိန်းစက်တော်မူခြင်းသည်။ ကထံ ဟောတိ၊ အသို့ဖြစ်သနည်း။ ဣတိ စေ၊ဤသို့မေးငြားအံ့။ ဘဂဝတော၊ အား။ သာ၊ တိုသို့ ကျိန်းစက်တော်မူခြင်းသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ ဝတ္တုံ၊ ငှါ။ န သက္ကာ၊ မတတ်ကောင်း။ ကသ္မာ၊ မူကား။ "အဂ္ဂိဝေဿန၊ အိုအဂ္ဂိဝေဿန။ အဟံ၊ ငါဘုရားသည် ။ပ။ ဒိဝါ၊ နေ့အခါ၌။ သုပိတာ၊ ကျိန်းစက်တော်မူ၏ ဟူ၍။ အဘိဇာနာမိခေါ ပန၊ သိတော်မူသလျှင်ကတည်း" ဣတိအာဒိဝစနတော၊ ဤသို့စသည်ကို ဟောတော်မူခြင်းကြောင့်တည်း။ ဘဂဝတော၊ အား။ မိဒ္ဓေန၊ ဖြင့်၊ ဝါ၊ ကြောင့်။ န နိဒ္ဒါ၊ ကျိန်းစက်တော်မူသည်မဟုတ်။ အထ ခေါ၊ စင်စစ်သော်ကား။ သရီရဂေလညေန၊ ကိုယ်တော်၏ ကျင်နာညောင်းညာတော်မူခြင်းဖြင့်၊ ဝါ၊ ကြောင့်။ နိဒ္ဒါ၊ ကျိန်းစက်တော်မူခြင်းသည်။ ဟောတိ၊ ၏။တဉ္စ၊ ထိုကိုယ်တော်၏ကျင်နာ၊ ဝါ၊ညောင်းညာတော်မူခြင်းသည်လည်း။ ဘဂဝတော၊ အား။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။

ယုဇ္ဇေယျ၊ သင့်ရာ၏။ ဥပ္ပန္နဓမ္မဿ ပန၊ ဖြစ်ပြီးသော တရား၏ကား။ ဇာတိ-တော၊ ဇာတိမှ။ ပရံ၊ နောက်၌။ ဇရာမရဏံ၊ ဇရာ, မရဏတို့၏။ သမ္ဘဝတော၊ ဖြစ်သင့်ခြင်းကြောင့်။ န ဇာယန္တိ၊ မဖြစ်ကုန်။ ဣတိ၊ ဤသို့။ ဝတ္တုံ၊ ဆိုခြင်းငှါ။ ဝဋ္ဋတိ၊ သင့်၏။ ဣတိ၊ ဤသို့။ ဝုတ္တံ ဝုတ္တော၊ သည်။ ဟောတိ၊ ၏။

ပန၊ဆက်၍ဆိုဦးအံ့။ ကောစိ၊ တစုံတယောက်သောပုဂ္ဂိုလ်သည်။ တေသမ္ပိ၊ ထိုဇရာ, မရဏရုပ်တို့၏လည်း။ ဇာတဘာဝေ၊ ဖြစ်သည်၏ အဖြစ်၌။ ကော ဝိရောဓော၊ အဘယ်ကဲ့သို့ ဆန့်ကျင်ခြင်း ဖြစ်သနည်း။ ဣတိ၊ ဤသို့။ ယဒိ ပဋိပဇ္ဇေယျ၊ အကယ်၍ အသိဉာဏ် ဖြစ်ခဲ့ငြားအံ့။ တဿ၊ ထိုသို့အသိဉာဏ်ဖြစ်သော ပုဂ္ဂိုလ်၏။ တံ ဒုဂ္ဂါဟံ၊ ထိုမကောင်းသော အယူကို၊ ဝါ၊ ထိုမကောင်းသဖြင့်ယူခြင်းကို။ ဝိမောစေန္တော၊ ပယ်ဖျောက်တော်မူ လိုသော အရှင်ဗုဒ္ဓဒတ္တ ဆရာသည်။ ဇာယေယျုန္တိအာဒိ၊ ကို။ အာဟ၊ ပြီ။ တေသမ္ပိ၊ ထိုဇရာ, မရဏရုပ်တို့၏လည်း။ ပါကဘေဒါ၊ ရင့်ကျက်ခြင်း ပျက်စီးခြင်း တို့သည်။ ဟောန္တု နာမ၊ ဖြစ်စေကုန်။ တဒါပိ၊ ထိုသို့ဖြစ်ကုန်သော်လည်း။ ကော ဝိရောဓော၊ အဘယ်ကဲ့သို့ဆန့်ကျင်ခြင်း ဖြစ်သနည်း။ ဣတိ စောဒိတဗ္ဗ-တော၊ ကြောင့်။ န ဟီတိအာဒိ၊ ကို။ အာဟ၊ ပြီ။ ပါကော၊ ရင့်ကျက်ခြင်း သည်။ န ဟိ ပစ္စတိ[၁]၊ တဖန်မရင့်ကျက်သည်သာလျှင်တည်း။ ဣတိ အယံ၊ ကား။ သမ္ဗန္ဓော၊ တည်း။ ဧတေန၊ ဤပါဌ်ဖြင့်။ န ဘိဇ္ဇတိ၊ တဖန်မပျက်စီး။ ဣတိ စ၊ ဤသို့လည်း။ ဒီပိတံ၊ ပြအပ်သည်။ ဟောတိ၊ ၏။ ဟိ သစ္စံ၊ ၏။ ပက္ကဿ၊ ရင့်ကျက်ပြီးသော တရား၏။ ဘင်္ဂေါ၊ ပျက်စီးခြင်းသည်။ နိယတော၊ မြဲ၏။ ဘေဒေါ ဝါ န စ ဘိဇ္ဇတီတိ ဧတ္ထာပိ၊ ဘေဒေါ ဝါ န စ ဘိဇ္ဇတိဟူသော ဤပါဌ်၌လည်း။ ပါကာဘာဝေါပိ၊ ရင့်ကျက်ခြင်း၏မရှိခြင်းကိုလည်း။ ဝုတ္တောဝ၊ ဆိုအပ်သည်သာလျှင်တည်း။ ဟိ သစ္စံ၊ ၏။ အပက္ကံ၊ မရင့်ကျက်သော တရား သည်။ န ဘိဇ္ဇတိ၊ မပျက်စီး။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ ၏။ ကဿာ၊ မူကား။ အညထာ၊ တပါးသောအခြင်းအရာအားဖြင့်။ အတ္တော၊ ကို။ ဂယှမာနေ၊ သော်။ ဥပ္ပါဒဘင်္ဂါနံ၊ ဥပါဒ်ဘင်တို့၏။ အနညတ္တပ္ပသင်္ဂတော၊ တပါးမဟုတ်သည်၏ အဖြစ်သို့ ရောက်ခြင်းကြောင့်တည်း။ နတ္ထိ တန္တိ ဣမိနာ၊ နတ္ထိ တံ-ဟူသော ဤပါဌ်ဖြင့်။ ပါကဘေဒါနံ၊ တို့၏။ တံ ပစ္စနံ၊ ထိုသို့ရင့်ကျက်ခြင်းသည် လည်း ကောင်း။ တံ ဘိဇ္ဇနံ၊ ထိုသို့ပျက်စီး ခြင်းသည်လည်းကောင်း။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ ဝုတ္တမေဝတ္ထံ၊ ဆိုအပ်ပြီးသော အနက်ကိုပင်လျှင်။ သင်္ခိပိတွာ၊ အကျဉ်းချုံး၍။ အာဟ၊ ဆို၏။

---

၁။ (န ပရိပစ္စတိ-ဆဋ္ဌမူ)

စ၊ ဆက်၍ဆိုဦးအံ့။ ဧတ္တာဝတာ၊ ဤမျှသော သဒ္ဒါအစဉ် အနက်အစဉ်ဖြင့်။ ကိံ ကော အမိပ္ပါယော၊ အဘယ်သို့သော အမိပ္ပါယ်ကို။ ဝုတ္တံ ဝုတ္တော၊ သည်။ ဟောတိ၊ ဖြစ်သနည်း။ ဇရတာအနိစ္စတာ၊ တို့သည်။ ကေနစိ ပစ္စယေန၊ တစုံတခုသော အကြောင်းကြောင့်။ ယဒိ ဇာယေယျုံ၊ အကယ်၍ ဖြစ်ကုန်ငြားအံ့။ တဒါ၊ ထိုသို့ဖြစ်သည်ရှိသော်။ ဥပ္ပန္နဿ နာမ၊ ဖြစ်ပြီးသည် မည်သောတရား၏၊ ဝါ၊ အား။ ဇရာယ စ၊ ဇရာသည်လည်းကောင်း။ ဘင်္ဂေန စ၊ ဘင်သည်လည်းကောင်း။ ဘဝိတဗ္ဗံ၊ ဖြစ်ရာ၏။ ဣတိ၊ ကြောင့်။ တေသံ၊ ထိုဇရတာ, အနိစ္စတာ ရုပ်တို့၏။ ဇရတာ အနိစ္စတာပိ၊ တို့သည်လည်း။ သိယုံ၊ ဖြစ်ကုန်ရာ၏။ ပန၊ ယင်းသို့ပင်ဖြစ်ကုန်သော်လည်း။ တော၊ ဤဇရတာ, အနိစ္စတာတို့၏ တဖန်တပါးသော ဇရတာ, အနိစ္စတာတို့ကို။ န စ ဥပလဗ္ဘန္တိ၊ မရအပ်မသိအပ်ကုန်သည်သာလျှင်တည်း။ ကသ္မာ၊ မူကား။ ယသ္မာ၊ အကြင်ကြောင့်။ ဇရတာ၊ သည်။ အညဇရာယ၊ တပါးသော ဇရာဖြင့်၊ ဝါ၊ ကြောင့်။ န ဇီရတိ ဝါ၊ ဆွေးလည်း မဆွေးမြည့်၊ ဝါ၊ အိုလည်း မအိုမင်း။ န ဘိဇ္ဇတိ ဝါ၊ ပျက်လည်းမပျက်စီး။ ဘင်္ဂေါ၊ ဘင်သည်။ အညေန၊ တပါးသော။ ဘင်္ဂေန၊ ဘင်ဖြင့်၊ ဝါ၊ ဘင်ကြောင့်။ န စ ဘိဇ္ဇတိ ဝါ၊ ပျက်လည်းမပျက်စီး။ န စ ဇီရတိ ဝါ၊ ဆွေးလည်းမဆွေးမြည့်၊ ဝါ၊ အိုလည်းမအိုမင်း။ ကသ္မာ၊ မူကား။ ဣတရထာ၊ ဤမှတပါးသော အခြင်းအရာအားဖြင့်။ အစ္စော၊ ကို။ ဂယှမာနေ၊ သော်။ သာပိ ဇရာ၊ ထိုဇရာသည်လည်း။ အပရာယ၊ တပါးသော။ ဇရာယ စ၊ ဖြင့်၊ ဝါ၊ ကြောင့်လည်းကောင်း။ ဘင်္ဂေန စ၊ ဖြင့်၊ ဝါ၊ ကြောင့်လည်းကောင်း။ ဇီရတိ၊ ဆွေးမြည့်ဟောင်းမြင်း အိုမင်း၏။ ဘိဇ္ဇတိ၊ ပျက်စီး၏။ သော စ ဘင်္ဂေါ၊ ထိုဘင်သည်လည်း။ အညာယ၊ သော။ ဇရာယ၊ ဖြင့်၊ ဝါ၊ ကြောင့်။ အညေန၊ သော။ ဘင်္ဂေန၊ ဖြင့်၊ ဝါ၊ ကြောင့်။ ဇီရတိ၊ ၏။ ဘိဇ္ဇတိ၊ ၏။ ဣတိ၊ ဤသို့။ အနဝဋ္ဌနပ္ပသင်္ဂတော၊ မတည်တန့်ခြင်းသဘောသို့ ရောက်ခြင်းကြောင့်တည်း။ ဣတိ၊ ဤသို့။ ဝုတ္တံ ဝုတ္တော၊ သည်။ ဟောတိ၊ ၏။

၇၀၉-၁၀။ ဇာတဿာတိအာဒိ၊ ဇာတဿ ဤသို့အစရှိသော စကားသည်။ နိဂမနံ၊ နိဂုံးအုပ်သောစကားတည်း။ အထ ဝါ၊ တနည်းသော်ကား။ ဥတ္တရိ ဝတ္တဗ္ဗ စောဒနာယ၊ အထက်၌ ဆိုအပ်လတ္တံ့သော စောဒနာ၏။ ဖလဋ္ဌပနံ၊ အကျိုးကိုထားသောစကားတည်း။ သိယာ ကဿစိတိအာဒိ[၁]၊ သိယာ ကဿစိ ဤသို့အစရှိသောစကားသည်။ ပရမတာသင်္ကနံ၊ ပရဝါဒီပုဂ္ဂိုလ်၏အယူ၌ တွေးတော ယုံမှားဖွယ်ကို ပြသောစကားတည်း။ ဧတ္တာတိ၊ ကား။ ဇရတာအနိစ္စတာဒွယံ၊ ဇရတာအနိစ္စတာနှစ်ခုအပေါင်းသည်။ န ပစ္စတိ ဝါ၊ ရင့်လည်းမရင့်ကျက်။ န ဘိဇ္ဇတိ ဝါ၊ ပျက်လည်း မပျက်စီး။ ဣတိ ဧတသ္မိံ အဓိကာရေ၊ ဤအရာ၌

၁။ (သိယာ ကတ္ထစိ-ဆဋ္ဌမူ)

(ဗုဒ္ဓိ သိယာမှာ စပ်)။ ရူပဿုပစယောတိတိ ဌော၊ ရူပဿုပစယောတိ- ဟူသော ဤပါဠိ၌။ ဣတိ-သဒ္ဒေါ၊ ဣတိ-သဒ္ဒါသည်။ အာဒိအတ္ထော၊ အာဒိအနက်ရှိ၏။ တေန၊ ထိုအာဒိအနက်ရှိသော ဣတိသဒ္ဒါဖြင့်။ ရူပဿ ဥပစယော သန္တတိတိ ဝစနေန၊ ရူပဿ ဥပစယော ရူပဿ သန္တတိ-ဟူသော စကားဖြင့်။ ဣတိ အတ္ထော၊ ဤအနက်ကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏ (ထည့်)။ ဧဝံ၊ ဤအတူ။ ပါကောပိ၊ ရင့်ကျက်ခြင်းသည်လည်း။ ပစ္စတု၊ တဖန်ရင့်ကျက်ပါစေလော့။ ဘေဒေါပိ၊ ပျက်စီးခြင်းသည်လည်း။ ပရိဘိဇ္ဇတု၊ တဖန် ပျက်စီးပါစေလော့။ ဣတိ အယံ၊ ကား။ သမ္ဗန္ဓော၊ တည်း။

အယံ ပန၊ ဤဆိုလတ္တံ့သည်ကား။ ဌော၊ ဤအရာ၌။ အဓိပ္ပါယော၊ အဓိပ္ပါယ်တည်း– ကမ္မာဒီဟိ၊ ကံစသည်တို့ကြောင့်။ ဥပ္ပဇ္ဇနကရူပနိဒ္ဒေသေ၊ ဖြစ်သောရုပ်တို့ကို ညွှန်းပြရာ၌ (နိဒ္ဒိဋ္ဌတ္တာမှာ စပ်)။ ဥပါဒိဏ္ဏံ၊ ဥပါဒိဏ္ဏဖြစ်သော။ တံ ရူပံ၊ ထိုရုပ်သည်။ ကတမံ၊ အဘယ်နည်း။ စက္ခာယတနံ၊ စက္ခာယတနသည်လည်းကောင်း။ ပ။ ကာယာယတနံ၊ သည်လည်းကောင်း။ ဣတ္ထိန္ဒြိယံ၊ ဣတ္ထိန္ဒြေသည်လည်းကောင်း။ ပုရိသိန္ဒြိယံ၊ သည်လည်းကောင်း။ ဇီဝိတိန္ဒြိယံ၊ သည်လည်းကောင်း။ အတ္ထိ၊ ၏။ အညမ္ပိ၊ တပါးလည်းဖြစ်သော။ ယံ ယံ ဝါ ပန ရူပံ၊ အကြင် အကြင်ရုပ်သည်။ အတ္ထိ၊ ရှိ၏။ ကမ္မဿ၊ ကံကို။ ကဋတ္တာ၊ ပြုအပ်သည်၏အဖြစ်ကြောင့်။ ဥပ္ပန္နံ၊ ဖြစ်သော (ထည့်)။ ရူပါယတနံ· ရူပါယတနသည်လည်းကောင်း။ ပ။ ဖောဋ္ဌဗ္ဗာယတနံ၊ သည်လည်းကောင်း။ အာကာသဓာတု၊ အာကာသဓာတ်သည်လည်းကောင်း။ ရူပဿ ဥပစယော၊ ရူပဿဥပစယသည်လည်းကောင်း။ ရူပဿ သန္တတိ၊ ရူပဿ သန္တတိသည်လည်းကောင်း။ ကဗဠီံ-ကာရော အာဟာရော၊ ကဗဠီံကာရအာဟာရသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဣဒံ တံ ရူပံ၊ ဤရုပ်သည်။ ဥပါဒိဏ္ဏံ နာမ၊ ဥပါဒိဏ္ဏရုပ်မည်၏။ ဣတိအာဒိနာ၊ ဤသို့ အစရှိသည်ဖြင့်။ ဥပစယသန္တတီနံ၊ ဥပစယသန္တတိတို့ကို။ နိဒ္ဒိဋ္ဌတ္တာ၊ ညွှန်းပြတော်မူအပ်သည်၏ အဖြစ်ကြောင့်။ တဿာ၊ ထိုဇာတိ၏။ အပရဇာတိယာ၊ တပါးသောဇာတိသည်။ အဘာဝေပိ၊ မရှိသော်လည်း။ ဇာတိ၊ ဇာတိသည်။ ဇာယတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဒီပိတံ၊ ပြအပ်သည်။ ယောတိ ယထာ၊ ဖြစ်သကဲ့သို့။ ဧဝံ တထာ၊ ထိုအတူ။ ဇရာဘင်္ဂါနံ၊ တို့၏။ အပရဇရာဘင်္ဂါဘာဝေပိ၊ တပါးသောဇရာ, တပါးသောဘင် မရှိသော်လည်း။ ဇီရဏဉ္စ၊ ဆွေးမြည့်ဟောင်းမြင်း အိုမင်းခြင်းကိုလည်းကောင်း။ ဘိဇ္ဇနဉ္စ၊ ပျက်စီးခြင်းကိုလည်းကောင်း။ သမ္ပဋိစ္ဆိတဗ္ဗံ၊ ဝန်ခံသင့် ဝန်ခံထိုက် ဝန်ခံအပ်၏။ ဣတရထာ၊ အားဖြင့်။ အတ္ထေ၊ ကို။ ဂယှမာနေ၊ သော်။ ဇာတိယာပိ၊ ၏လည်း၊ ဝါ၊ ၌လည်း။ စောဒနာ၊ စောဒနာခြင်းသည်။ တဒဝတ္ထာယေဝ၊ ထိုစောဒနာ အခိုက်အတန့်ရှိသေးသည် သာလျှင်တည်း။ ဣတိ အယံ၊ ကား။ အဓိပ္ပါယော၊ အဓိပ္ပါယ်တည်း။

၇၁၁။ န စေဝါတိအာဒိ၊ န စေပ ဤသို့အစရှိသောစကားသည်။ ယထာ-သင်္ကိတဿ၊ အကြင်အကြင် ယုံမှားတွေးတောအပ်သော။ ပရမတဿ၊ ပရဝါဒီပုဂ္ဂိုလ်တို့၏အယူကို။ ပဋိက္ခိပနံ၊ ပယ်သောစကားတည်း။ ဇာတိ၊ ဇာတိသည်။ ယဒိ ဇာယတိ၊ အကယ်၍ ဖြစ်ငြားအံ့။ ဣတိ၊ ဤသို့။ န ဝိညာတဗ္ဗံ၊ မသိအပ်။ ဝေဠ္ဍ သတိ၊ ဤသို့ဖြစ်သည်ရှိသော်။ နိဒ္ဒေသေ၊ပြဆိုအပ်ခဲ့ပြီးသော ရူပနိဒ္ဒေသ ပါဠိတော်၌။ ကသ္မာ၊ အဘယ်ကြောင့်။ ဝုတ္တံ၊ ဟောတော်မူအပ်သနည်း။ ဣတိ စောဒိတဗ္ဗတော၊ ကြောင့်။ ဇာယမာနဿာတိအာဒိ၊ ကို။ အာဟ၊ ပြီ။ ဣဒံ အယံ အဓိပ္ပါယော၊ ကို။ ဝုတ္တံ ဝုတ္တော၊ သည်။ ဟောတိ၊ ၏ ဇာတိယာ၊ ၏။ ဇာယမာနတ္တေ၊ ဖြစ်ဆဲ၏အဖြစ်သည်။ အသတိပိ၊ မရှိငြားသော်လည်း။ ဇာယမာနာနံ၊ ဖြစ်ဆဲဖြစ်ကုန်သော။ ဓမ္မာနံ၊ ရုပ်တရားတို့၏။အဘိနိဗ္ဗတ္တိဘာဝတော၊ ဖြစ်ခြင်းပြီးခြင်း၏အဖြစ်ကြောင့်။ တဿ၊ ထို ... တို့၏ ... ပစ္စယဘာ ဝေါဟာ-ရော၊ ထိုရုပ်တရားတို့၏ အကြောင်းရှိ ... ဇ ... ဖြင့်ဖြစ်သော ... ဝေါ ဟာရကို။ အနုမတော၊ ခွင့်ပြုတော်မူအပ်၏။ ဣတိ ဤသို့ နှလုံးသွင်းတော်မူ၍။ တတ္ထ၊ ထိုဆိုခဲ့ပြီးသော ရူပနိဒ္ဒေသပါဠိတော်၌။ ဝုတ္တံ၊ ဟော တော်မူအပ်၏။ ပရ-မတ္ထတော၊ ပရမတ္ထသဘောအားဖြင့်။ ဝါ၊ မုချဆတ်ဆတ် အဟုတ်အဟုတ်အား ဖြင့်။ ဇာယမာနတ္တာ၊ ဖြစ်ဆဲဖြစ်သည်၏အဖြစ်ကြောင့်။ န ပန ဝုတ္တံ၊ ဟော တော်မူအပ်သည်မဟုတ်။ ဟိ သစ္စံ၊ ၏။ ဇာယမာနဿ၊ ဖြစ်ဆဲဖြစ်သောတရား ၏။ အဘိနိဗ္ဗတ္တိမတ္တံ၊ ဖြစ်ခြင်းပြီးခြင်းမျှသည်။ ဇာတိ၊ ဇာတိမည်၏။ တသ္မာ၊ ထိုကြောင့်။ တော်၊ ဤပရဝါဒီပုဂ္ဂိုလ်၏စကားသည်။ အသိဒ္ဓေန၊ မပြီးစေနိုင် သော သာဓကစကားဖြင့်။ အသိဒ္ဓသာဓနံ၊ မပြီးစေနိုင်သော အနက်အဓိပ္ပါယ်ကို ပြီးစေသောစကားတည်း။ ဣတိ၊ ဤသို့။ ဝုတ္တံ ဝုတ္တော၊ သည်။ ဟောတိ၊ ၏။

၇၁၂-၃။ တတ္ထာတိအာဒိနာ၊ တတ္ထ ဤသို့အစရှိသောပါဠိဖြင့်။ ပုနပိ၊ တဖန်လည်း။ ပရမတာသင်္ကိ ၊ ပရဝါဒီပုဂ္ဂိုလ်တို့၏အယူ၌ ယုံမှားတွေးတောဖွယ် ကို။ ကတ္ဝာ၊ ပြု၍။ ပဋိက္ခိပတိ၊ ပယ်၏။ တတ္ထ ဝစနေ၊ ၌။ ယေသံ ဓမ္မာနံ၊ အကြင်ရုပ်တရားတို့၏။ ယာ ဇာတိ၊ အကြင်ဇာတိသည်။ အတ္ထိ၊ ရှိ၏။ သာ၊ ထိုဇာတိသည်။ တပ္ပစ္စယတ္တဝေါဟာရံ စ၊ ထိုရုပ်တရားတို့၏ အကြောင်းရှိသော ဇာတိ၏ အဖြစ်ဖြင့်ဖြစ်သော ဝေါဟာရကိုလည်းကောင်း။ အဘိနိဗ္ဗတ္တိသမ္မတိဥ ၊ ဖြစ်ခြင်းပြီးခြင်း၏ အစွမ်းအားဖြင့်ဖြစ်သော ဝေါဟာရကိုလည်းကောင်း။ လဘ-တေဝ၊ ရသည်သာလျှင်တည်း။ ဣတိ အယံ၊ ကား။ သမ္ဗန္ဓော၊ တည်း။တထာတိ၊ ကား။ လဘတေဝ ယထာ၊ ရသကဲ့သို့သာလျှင်။ တထာ၊ ထိုအတူ (လဘန္တိ ဟူသော သံဝဏ္ဏေ တဗ္ဗမှာ စပ်)။ ဟိ သစ္စံ၊ ၏။ ယံ တံ-သဒ္ဒါ၊ ယ-သဒ္ဒါ တ-သဒ္ဒါ တို့သည်။ အဗျဘိစရိတသမ္ဗန္ဓာ၊ ကေန္တိကဖြစ်သော အချင်းချင်းစပ်ခြင်း ရှိကုန်

---

၁။ (....သမ္မုတိ -ဆဋ္ဌမူ)

၏။ တေိသာ၊ ထိုဇာတိအား၊ ဝါ၊ ၏။ တေသံ ဓမ္မာနံ၊ ထိုရုပ်တရားတို့၏။ ပစ္စယာ၊ အကြောင်းတို့သည်။ သန္တိ၊ ရှိကုန်၏။ ဣတိ၊ ကြောင့်။ သာ၊ ထိုဇာတိသည်။ တပ္ပစ္စယာ၊ တပ္ပစ္စယမည်၏။ တပ္ပစ္စယာယ၊ ထိုရုပ်တရားတို့၏အကြောင်းရှိသောဇာတိ၏။ ဘာဝေါ၊ အဖြစ်တည်း။ တပ္ပစ္စယတ္တံ၊ ထိုရုပ်တရားတို့၏အကြောင်းရှိသော ဇာတိ၏အဖြစ်။ တပ္ပစ္စတ္တေန၊ ထိုရုပ် ။ပ။ အဖြစ်ဖြင့်။ ပဝတ္တော၊ ဖြစ်သော။ ဝေါဟာရော၊ ဝေါဟာရတည်း။ တပ္ပစ္စယတ္တဝေါဟာရော၊ ထိုရုပ်။ပ။အဖြစ်ဖြင့်ဖြစ်သော ဝေါဟာရ။ တံ ကမ္မပစ္စယဘာဝါဒိဝေါဟာရံ၊ထိုကံအကြောင်းရှိသည်၏အဖြစ်စသော ဝေါဟာရကို။ ဣတိ အယံ၊ ကား။ အတ္တော၊ တည်း။ အဘိနိဗ္ဗတ္တိသမ္မုတိန္တိ၊ ကား။ အဘိနိဗ္ဗတ္တတိ ဇာယတိ၊ ဖြစ်၏။ ဣတိ ဝေံ၊ ဤသို့။ အဘိနိဗ္ဗတ္တိဝသေန၊ ဖြစ်ခြင်းပြီးခြင်း၏ အစွမ်းအားဖြင့်။ ပဝတ္တသမ္မုတိံ၊ ဖြစ်၏ဟူသော ဝေါဟာရကို (လဘန္တိ-မှာ စပ်)။ ကမ္မာဒိသမုဋ္ဌာနန္တိ၊ ကား။ ကမ္မာဒိစတုပ္ပစ္စယသမုဋ္ဌာနံ၊ ကံစသော လေးပါးသော အကြောင်းကြောင့်ဖြစ်၏။ ဇနကာနံ၊ ဖြစ်စေတတ်ကုန်သော။ ပစ္စယာနံ၊ အကြောင်းတို့၏။ အာနုဘာဝက္ခဏုပ္ပ ဒေ၊ အစွမ်းအာနုဘော်ဟုဆိုအပ်သော ဥပ္ပါဒက္ခဏ၌။ အဘာဝတော၊ ပါကဘေဒတို့၏ မရှိခြင်းကြောင့်တည်း။ ဣတိ အယံ၊ ကား။ သမ္ဗန္ဓော၊ တည်း။ အယံ ပန၊ ဤဆိုလတ္တံ့သည်ကား။ တွေ၊ ဤအရာ၌။ အတ္တော၊ တည်း။ ရူပါနံ၊ ရုပ်တို့၏၊ ဝါ၊ တို့ကို။ ယော တေ ဇနကပစ္စယာ၊ အကြင်ဖြစ်စေတတ်သော အကြောင်းတို့သည်။ သန္တိ၊ ရှိကုန်၏။ တဒုပ္ပါဒနံ၊ ထိုရုပ်တို့ကို ဖြစ်စေခြင်းကို။ ပတိ၊ စွဲ၍။ (တနည်း) တဒုပ္ပါဒနံ ပတိ၊ ထိုရုပ်တို့ကို ဖြစ်စေခြင်း၌။ အနုပရတဗျာပါရာနံ၊ မကင်းသော ကြောင့်ကြဗျာပါရရှိကုန်သော။ တေသံ၊ ထိုအကြောင်းတရားတို့၏။ ယော သော ပစ္စယဘာဝူပလက္ခဏိယော၊ အကြင်အကြောင်း၏အဖြစ်ဖြင့် မှတ်အပ်သော။ ကိစ္စာနုဘာဝက္ခဏော၊ ကိစ္စ၏ အစွမ်းအာနုဘော်ဟုဆိုအပ်သော ဥပ္ပါဒက္ခဏသည်၊ အတ္ထိ၊ ရှိ၏။ တဒါ၊ ထိုအခါ၌။ ဇာယမာနာနံ၊ ဖြစ်ဆဲဖြစ်ကုန်သော။ ဓမ္မာနံ၊ တရားတို့၏။ ဝိကာရဘာဝေန၊ ဖောက်ပြန်ခြင်း၏ အဖြစ်ဖြင့်။ ဥပလဒ္ဓမာနတံ၊ ရအပ်ရသင့်သည်၏ အဖြစ်ကို။ သန္ဓာယ၊ ရည်ရွယ်၍။ ဝိနေယျပုဂ္ဂလဝသေန၊ ဆုံးမအပ်သောပုဂ္ဂိုလ်တို့၏၊ ဝါ၊ ဓမ္မပဋိဂ္ဂါဟကပုဂ္ဂိုလ်တို့၏ အစွမ်းအားဖြင့်။ ဇာတိယာ၊ ဇာတိ၏။ ကုတောစိ-ပစ္စယတော၊ ဒဲစုံတခုသော အကြောင်းကြောင့်။ ဇာတတ္တံ၊ ဖြစ်သည်၏ အဖြစ်ကို။ အနုညာတံ၊ ပါဠိတော်၌ ဘုရားခွင့်ပြုတော်မူအပ်၏။ ကသ္မာ၊ မူကား။ တတော၊ ထိုဇာတိမှ။ ပုရေ စ၊ ရှေး၌လည်းကောင်း။ ပစ္ဆာ စ၊ နောက်၌လည်းကောင်း။ အနုပလဗ္ဘမာနတ္တာ၊ မရအပ် မသိအပ်သည်၏ အဖြစ်ကြောင့်တည်း။ ဧဝ္စ ကတွာ၊ ဤသို့သောအကြောင်းကြောင့်။ ဇာတိယာ ပန လဗ္ဘတီ-တိ၊ ဟူ၍။ ဝုတ္တံ၊ ပြီ။ ဇရာဘင်္ဂါနံ ပန၊ ဇရာနှင့်ဘင်တို့၏ကား။ပစ္စယာနုဘာဝက္ခဏတော၊ အကြောင်းတရား၏ အစွမ်းအာနုဘော်ဟုဆိုအပ်သော ဥပ္ပါဒက္ခဏမှ။

ဥတ္တရိဋ္ဌိတိဘာဂ်ကွဏောသု၊ အထက်၌၊ ဝါ၊ အထက်၌ဖြစ်ကုန်သော ဌီခဏ,ဘင်ခဏ တို့၌။ လဗ္ဘမာနတ္တာ၊ ရအပ်သိအပ်သည်၏ အဖြစ်ကြောင့်။ ဝေံ၊ ဤသို့။ အနု- ညာတုံ၊ ခွင့်ပြုခြင်းငှါ။ န သက္ကာ၊ မတတ်ကောင်း။ ဣတိ အယံ၊ ကား။ အတ္တော၊ တည်း (နောက်သို့ပြန်လှည့်)။ သော ဝေါဟာရော၊ ထိုဝေါဟာရကို။ ဇာတိယာ ပန၊ ဇာတိသည်ကား။ လဗ္ဘတိ၊ ရအပ်၏။ (တနည်း) ဇာတိယာ ပန၊ ၏ကား၊ ဝါ၊ ၌ကား။ သော ဝေါဟာရော၊ ကို။ လဗ္ဘတိ၊ ရအပ်၏၊ ဝါ၊ သိအပ်၏။ ဣတိ အယံ၊ကား။ အဓိပ္ပါယော၊ တည်း။

၇၁၆-၇။ တပ္ပစ္စယတ္တဝေါဟာရန္တိအာဒိဂါထာဒွယံ၊ တပ္ပစ္စယတ္တဝေါဟာရံ ဤသို့အစရှိသော ဂါထာနှစ်ခုအပေါင်းကို။ နိဂမနဝသေန၊ နိဂုံးအုပ်သည်၏ အစွမ်းအားဖြင့်။ ဝုတ္တံ၊ ဆိုအပ်၏။

၇၁၈-၉။ ဣမာယ ဂီဝါကဏ္ဏုယာယ၊ ဤလည်ချောင်းယားး၍ဆိုသောစကား ဖြင့်။ ကိံ ၊ အဘယ်အကျိုးရှိအံ့နည်း။ ဘဂဝတာ၊ မြတ်စွာဘုရားသခင်သည်။ သုတ္တန္တေ၊ သုတ္တန်ပါဠိတော်၌။ "ဘိက္ခဝေ၊ ရဟန်းတို့။ ဇရာမရဏံ၊ ဇရာမရဏ သည်၊ ဝါ၊ ကို။ အနိစ္စံ၊ အမြဲမရှိ။ သင်္ခတံ၊ ပြုပြင်စီရင်အပ်၏။ ပဋိစ္စသမုပ္ပန္နံ၊ အကြောင်းကိုစွဲ၍ဖြစ်၏" ဣတိ၊ ဤသို့။ ဝုတ္တံ နနု၊ ဟောတော်မူအပ်သည် မဟုတ်ပါလော။ တသ္မာ၊ကြောင့်။ဇရတာ နိစ္စတာ စေဝ န ကေနစိ သမုဋ္ဌိတာတိ၊ ဇရတာ။ပ။ သမုဋ္ဌိတာဟူသော။ ဝေတံ၊ ဤစကားကို။ ကထံ၊ အဘယ်ကြောင့်။ ဝုစ္စတိ၊ ဆိုအပ်သနည်း။ ဣတိ၊ ဤသို့ (ထည့်)။ ယော၊ အကြင်စောဒကပုဂ္ဂိုလ် သည်၊ ဝါ၊ အကြင်ပရဝါဒီပုဂ္ဂိုလ်သည်။ အထ ဝဒေယျ၊ အကယ်၍ဆိုခဲ့ငြားအံ့။ တဿ၊ ထိုစောဒက၊ ဝါ၊ ထိုပရဝါဒီပုဂ္ဂိုလ်၏။ ဝိတက္ကံ၊ အကြံအစည်ကို။ ဒဿေ- တွာ၊ ပြ၍။ ပဋိက္ခိပိတုံ၊ ပယ်ခြင်းငှါ။ အနိစ္စန္တိအာဒိ၊ ကို။ ဝုတ္တံ၊ ပြီ။ ကသ္မာ၊ အဘယ်ကြောင့်။ န ဝတ္တဗ္ဗံ၊ မဆိုသင့်မဆိုအပ်သနည်း။ ဣတိ စောဒိတဗ္ဗတော၊ ကြောင့်။ သာ ဟိ ပရိယာယဒေသနာတိ၊ ဟူ၍။ အာဟ၊ ပြီ။ ပရိယာယဒေသ- နတ္တမေဝ၊ ပရိယာယ်ဒေသနာတော်၏ အဖြစ်ကိုသာလျှင်။ ဝိဘာဝေတုံ၊ ထင်စွာ ပြခြင်းငှါ။ အနိစ္စာနန္တိ အာဒိ၊ ကို။ ဝုတ္တံ၊ ပြီ။ တထာ-သဒ္ဒေန၊ တထာ-သဒ္ဒါ ဖြင့်။ သင်္ခတာနန္တိ ပဒံ၊ သင်္ခတာနံ-ဟူသောပုဒ်ကို။ သင်္ဂဏှာတိ၊ သိမ်းသွင်း ရေတွက်၏။

၇၂၀-၃။ အနိစ္စသင်္ခတဉ္စာတိ ဧတ္ထ၊ အနိစ္စံ သင်္ခတဉ္စ-ဟူသော ဤပါဌ်၌။ စ-သဒ္ဒေန၊ စ-သဒ္ဒါဖြင့်။ ပဋိစ္စသမုပ္ပန္နန္တိ ပဒံ၊ ပဋိစ္စသမုပ္ပန္နံ-ဟူသောပုဒ်ကို။ သင်္ဂဏှာတိ၊ ၏။ ဟိ သစ္စံ၊ ၏။ အယံ၊ ဤဆိုလတ္တံ့သည်ကား။ ဧတ္ထ၊ ဤအရာ၌။ အဓိပ္ပါယော၊ အဓိပ္ပါယ်တည်း— အနိစ္စသင်္ခတခန္ဓာနံ၊ အနိစ္စသင်္ခတဖြစ်သော တရားတို့၏။ ဇရာမရဏတ္တာ၊ ဇရာမရဏ၏ အဖြစ်ကြောင့်။ တေသု၊ ထိုအနိစ္စ

သင်္ခတတရားတို့သည်။ သန္တေသု၊ ဖြစ်ကုန်ရှိကုန်သည်ရှိသော်။ ဟောတိ၊ ဇရာမရဏဖြစ်၏။ အသန္တေသု၊ မဖြစ်ကုန် မရှိကုန်သည်ရှိသော်။ န ဟောတိ၊ ဇရာမရဏမဖြစ်။ ဟိ ယသ္မာ၊ အကြင်ကြောင့်။ အဇာတံ၊ မဖြစ်သောရုပ်တရားသည်။ န ပရိပစ္စတိ ဝါ၊ ရင့်လည်းမရင့်ကျက်။ န ဘိဇ္ဇတိ ဝါ၊ ပျက်လည်းမပျက်စီး။ တသ္မာ၊ ကြောင့်။ ဇာတိပစ္စယတံ[1]၊ ဇာတိလျှင် အကြောင်းရှိသည်၏ အဖြစ်ကို။ သန္ဓာယ၊ ၍။ "ဇရာမရဏ၊ ကို၊ ဝါ၊ သည်။ သင်္ခတံ၊ အကြောင်းတရားတို့သည် ပြုပြင်စီရင်အပ်၏။ ပဋိစ္စသမုပ္ပန္နံ၊ အကြောင်းကိုစွဲ၍ဖြစ်၏။ တတောယေဝ စ၊ ထိုသင်္ခတစသော အကြောင်းကြောင့်သာလျှင်လည်း။ အနိစ္စံ၊ အမြဲမရှိ" ဣတိ ပရိယာယေန၊ ဤသို့ ပရိယာယ်အားဖြင့်။ သုတ္တေ၊ ပါဠိ၌။ အာဂတံ၊ လာ၏။ ယထာတံ၊ ဥပမာ အဘယ်ကဲ့သို့နည်းဟူမူကား။ ဝိညတ္တိအာဒီနံ၊ ဝိညတ်စသည်တို့၏။ နိပ္ပရိယာယတော၊ မုချအားဖြင့်။ စိတ္တသမုဋ္ဌာနတာဘာဝေပိ၊ စိတ္တဇ၏ အဖြစ်မရှိသော်လည်း။ စိတ္တဇာနံ၊ စိတ်ကြောင့် ဖြစ်သောရုပ်တို့၏။ ဝိကာရတ္တာ၊ ဖောက်ပြန်ခြင်း၏ အဖြစ်ကြောင့်။ စိတ္တသမုဋ္ဌာနဘာဝေါ၊ စိတ္တဇ၏အဖြစ်ကို။ ဣစ္ဆိတော ယထာ၊ အလိုရှိအပ်သကဲ့သို့တည်း။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ ၏။

စ၊ ဆက်၍ဆိုဦးအံ့။ ဝိညတ္တိယော ဝိယာတိ ဧတံ၊ ဝိညတ္တိယော ဝိယ-ဟူသော ဤစကားကို။ နိဒဿနမတ္တံ၊ နိဒဿနမျှဖြစ်သော စကားဟူ၍။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ကသ္မာ၊ မူကား။ လဟုတာဒီနမ္ပိ၊ လဟုတာ စသောရုပ်တို့၏လည်း။ စိတ္တဇာဒိဘာဝဿ၊ စိတ္တဇစသော အဖြစ်ကို။ ပရိယာယေနေဝ၊ အားဖြင့်သာလျှင်။ ဣစ္ဆိတတ္တာ၊ အလိုရှိအပ်သည်၏ အဖြစ်ကြောင့်တည်း။ နိပ္ပရိယာယေန၊ အားဖြင့်။ အဋ္ဌာရသေဝ၊ ၁၈-ပါးသာလျှင်ဖြစ်ကုန်သော။ ပရိနိပ္ဖန္နရူပါနိ[2]၊ ပရိနိပ္ဖန္နရုပ်တို့သည်။ ကမ္မာဒိသမုဋ္ဌာနာနိ၊ ကံစသောအကြောင်းတို့ကြောင့် ဖြစ်ကုန်၏။ ဣတိ အယံ၊ ကား။ အဓိပ္ပါယော၊ တည်း။ တယန္တိ၊ ကား။ ဇာတိဇရာဘင်္ဂသင်္ခါတံ၊ ဇာတိ ဇရာ ဘင်ဟု ဆိုအပ်သော။ လက္ခဏ ရူပတ္တယံ၊ လက္ခဏာရုပ် သုံးခုအပေါင်းတည်း။

ခံပုပ္ဖံ ဝိယာတိ၊ ကား။ အာကာသကုသုမံ ဝိယ၊ ကောင်းကင်ပန်းကဲ့သို့။ အာကာသကုသုမံ၊ သည်။ သဗ္ဗသော၊ အချင်းခပ်သိမ်း။ အဇာတတ္တာ၊ မဖြစ်သည်၏ အဖြစ်ကြောင့်။ နတ္ထိ ယထာ၊ မရှိသကဲ့သို့။ ဧဝံ တထာ၊ ထိုအတူ။ ဣဒမ္ပိ၊

၁။ ဤ၌ မူလဋီကာနှင့်အညီ အစ၌ တံ-မပါစေပဲ ဇာတိပစ္စယတံ-ဟုသာ ပါ၌ရှိစေရမည်။ အလုံးစုံ ဤဋီကာပါဌ်, ဝိသုဒ္ဓိမဂ်မဟာဋီကာပါဌ်တို့၌ကား "တံ ဇာတိပစ္စယတံ"ဟု တံ နှင့်တကွ ပါ၌ရှိကြ၏။ ဆင်ခြင်လေ။

၂။ (နိပ္ဖန္နရူပါနိ-ဆဋ္ဌမူ)

ဤလက္ခဏရုပ်သုံးခုအပေါင်းသည်လည်း။ နတ္ထိ၊ မရှိ။ ဣတိ အယံ၊ ကား။ အတ္ထော၊ တည်း။ နိစ္စံ ဝါ သန်တံ ဝိယာတိ၊ ကား။ အသန်တံ၊ အသန်တမည်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ ကေနစိ၊ တစုံတခုသောအကြောင်းသည်။အသန်-တတ္တာ၊ မပြုပြင်မစီရင်အပ်သည်၏ အဖြစ်ကြောင့်။ နိစ္စံ ဓုဝံ၊ မြဲသည်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ ဧဝံ တထာ၊ ထိုအတူ။ ဣဒမ္ပိ၊ ဤလက္ခဏရုပ်သုံးခုသည်လည်း။ ကေနစိ၊ တစုံတခုသောအကြောင်းသည်။ အသန်တတ္တာ၊ ကြောင့်။နိစ္စံ သဿတံ ဝါ၊ မြဲလည်းမြဲ၏။ဣတိ အယံ၊ ကား။ အဓိပ္ပါယော၊ တည်း။ နောဘယံပနိ-ဒန္တိ၊ ကား။ ဣဒံ ပန ဥဘယမ္ပိ[၁]၊ ဤနှစ်ပါးစုံသောစကားကိုလည်း။ န၊ သင်မဆိုသင့်။ ခံပုပ္ဖံ ဝိယ၊ ကောင်းကင်ပန်းကဲ့သို့။ နော နတ္ထိ၊ မရှိသည်မဟုတ်။နိဗ္ဗာနံ ဝိယ၊ ကဲ့သို့။ န စ အသန်တံ ဝါ၊ မပြုပြင်မစီရင်အပ်သည်လည်း မဟုတ်။ ဣတိ အယံ၊ ကား။အတ္ထော၊ တည်း။ နိဿယာယတ္တဝုတ္တိတောတိ၊ ကား။ဇာယမာန ပရိ-ပစ္စမာန ဘိဇ္ဇမာနာနံ၊ ဖြစ်ဆဲ, ရင့်ကျက်ဆဲ, ပျက်ဆဲဖြစ်ကုန်သော ရုပ်တရားတို့၏။ ဇာတိအာဒိမတ္တဘာဝေန၊ ဇာတိစသည်မျှ၏ အဖြစ်ဖြင့်။ ဇာယမာ-နာဒိနိဿယပဋိဗဒ္ဓဝုတ္တိတ္တာ၊ ဖြစ်ဆဲဖြစ်သော ရုပ်စသောမှီရာနှင့် စပ်၍ဖြစ်ခြင်းရှိသည်၏ အဖြစ်ကြောင့်တည်း။ တမေဝ နိဿယာယတ္တဝုတ္တိတံ၊ ထိုဖြစ်ဆဲဖြစ်သော ရုပ်စသောမှီရာနှင့် စပ်၍ဖြစ်ခြင်းရှိသည်၏အဖြစ်ကိုပင်လျှင်။သမတ္ထေ-တုံ၊ မြဲစေခြင်းငှာ။ ဘာဝေ ပဌဝီယာဒီနန္တိအာဒိ၊ ကို။ ဝုတ္တံ၊ ပြီ။ အယံ ပန၊ ဤဆိုလတ္တံ့သည်ကား။ ဧတ္ထ၊ ဤအရာ၌။ သင်္ခေပတ္ထော၊ အကျဉ်းဖြစ်သော အနက်တည်း—နိဿယာနံ၊ မှီရာဖြစ်ကုန်သော။ ပဌဝီအာဒီနံ၊ ပထဝီစသော ဓာတ်တို့၏။ ဘာဝေ၊ ထင်ရှားရှိခဲ့သော်။ ဇာတိအာဒိတ္တယံ၊ ဇာတိစသော ရုပ်သုံးခုအပေါင်းသည်၊ ဝါ၊ ကို။ ယသ္မာ၊ ကြောင့်။ ပညာယတိ၊ ထင်၏၊ ဝါ၊ သိအပ်၏။ တသ္မာ၊ ကြောင့်။ နော နတ္ထိ၊ မရှိသည်မဟုတ်။ ယသ္မာ စ၊ ကြောင့်လည်း။ တေသံ၊ ထိုပထဝီဓာတ်စသော မှီရာရုပ်တို့၏။ အဘာဝေ၊ ထင်ရှားမရှိခဲ့သော်။ န ပညာယတိ၊ မထင်၊ ဝါ၊ မသိအပ်။ တသ္မာ၊ ကြောင့်။ န နိစ္စံ၊ မြဲသည်မဟုတ်။ ဣတိ အယံ၊ ကား။ သင်္ခေပတ္ထော၊ တည်း။ စ၊ ဆက်၍ဆိုဦးအံ့။ ဣမမေဝ အဘိနိဝေသံ၊ ဤသို့ မှားသောအားဖြင့် နှလုံးသွင်းခြင်းကိုသာလျှင်။ နိသေဓေတုံ၊ တားမြစ်တော်မူခြင်းငှါ။ ဘဂဝတာ၊ မြတ်စွာဘုရားသခင်သည်။ ဇာတိယာ၊ ၏။ စတုဇတ္တံ စ၊ လေးပါးသောအကြောင်းကြောင့်ဖြစ်သည်၏အဖြစ်ကိုလည်းကောင်း။ ဇရာမရဏဿ၊၏။ အနုစ္စတာဒိပရိယာယော စ၊ အနိစ္စတာစသော ပရိယာယ်ကိုလည်းကောင်း။ ဝုတ္တော၊ ဟောတော်မူအပ်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

၁။ ဤ၌ "ဣဒံ ပန ဥဘယမ္ပိန"ဟု တဝါကျအဆုံးသတ်၍ ဥဘယမ္ပိ-နောင် န-သဒ္ဒါ မုချပါရှိစေရမည်။ အချို့ ဤဋီကာပါဠ်များ၌ ၎င်းနောင် န-သဒ္ဒါမပါ၊ အပိုဒ် အကာန့်မရှိပဲ ကျပျောက်ပျက်စီးလျက် ပါဠ်ရှိကြ၏။ သတိမူလေ။

၃၂၄-၅၊ **နိပ္ဖန္နာနိ နာမာ**တိ၊ ကား။ ရူပဿ၊ ရုပ်၏။ ပရိစ္ဆေဒေါ၊ အပိုင်းအခြား။ ရူပဿ၊ ၏။ **ဝိကာရော**၊ ဖောက်ပြန်ခြင်း။ ရူပဿ၊ ၏။ လက္ခဏံ၊ မှတ်ကြောင်းလက္ခဏာ။ ဣတိအာဒိနာ၊ ဤသို့စသည်ဖြင့်။ ပရိစ္ဆေဒါဒိဘာဝံ၊ အပိုင်းအခြားစသော အဖြစ်ကို။ **အတိက္ကမိတွာ**၊ ကျော်လွန်၍။ **အတ္တနော**၊ မိမိ၏။ ကက္ခဠတ္တာဒိနာ၊ ကြမ်းတမ်းသည်၏အဖြစ်အစရှိသော။ **သဘာဝေန**၊ သဘောအားဖြင့်။ ပရိစ္ဆိန္နံ၊ ပိုင်းခြား၍။ ဂဟေတဗ္ဗတ္တာ ဝါ၊ ယူအပ်သည်၏အဖြစ်ကြောင့်လည်းကောင်း။ အပရိယာယေန၀၊ မုချအားဖြင့်သာလျှင်။ ကမ္မာဒိပစ္စယေဟိ၊ ကံစသောအကြောင်းတို့ကြောင့်။ နိပ္ဖန္နတ္တာ ဝါ၊ ပြီးသည်၏အဖြစ်ကြောင့်လည်းကောင်း။ ပရိနိပ္ဖန္နာနိ နာမ၊ ပရိနိပ္ဖန္နရုပ်တို့မည်ကုန်၏။ တဗ္ဗိပရီတတော၊ ထိုမှပြန်သောအားဖြင့်။ အပရိနိပ္ဖန္နာနိ နာမ၊ အပရိနိပ္ဖန္နရုပ်တို့ မည်ကုန်၏။

သေသကာ အနိပ္ဖန္နာတိ ဝစနံ၊ သေသကာ အနိပ္ဖန္န-ဟူသောစကားကို။ သုတွာ၊ ကြားရ၍။ ပရော၊ တပါးသော စောဒကဆရာသည်။ အနိဋ္ဌံ၊ မနှစ်သက်ခြင်းသို့။ **အာပါဒေန္တော**၊ ရောက်စေလိုသည်ဖြစ်၍။ ယဒိ ဟောန္တီတိအာဒိ၊ ကို။ အာဟ၊ ပြီ။ **တေသမေဝါတိအာဒိနာ ပန**၊ တေသမေဝ ဤသို့အစရှိသော စကားဖြင့်ကား။ တံ၊ ထိုစောဒကဆရာ၏ အယူကို။ ပဋိက္ခိပတိ၊ ပယ်၏။ကာယ-ဝိကာရော၊ လှုပ်ရှားသောကိုယ်၏ ဖောက်ပြန်ခြင်းသည်။ ကာယဝိညတ္တိ နာမ၊ ကာယဝိညတ်မည်၏။ ဝစီဝိကာရော၊ လှုပ်ရှားသောဝါစာ၏ ဖောက်ပြန်ခြင်းသည်။ ဝစီဝိညတ္တိ နာမ၊ မည်၏။ ပရိယောသာနံ၊ အဆုံးအပိုင်းအခြားသည်။ အာကာသဓာတု နာမ၊ မည်၏။ လဟုဘာဝေါ၊ နိပ္ဖန္နရုပ်တို့၏ ပေါ့ပါးသည်၏အဖြစ်သည်။ လဟုတာ နာမ၊ လဟုတာမည်၏။ မုဒုဘာဝေါ၊ နိပ္ဖန္နရုပ်တို့၏ နူးညံ့သည်၏အဖြစ်သည်။ မုဒုတာ နာမ၊ မည်၏။ ကမ္မညဘာဝေါ၊ နိပ္ဖန္နရုပ်တို့၏ အမှုဥ်ခံ့သည်၏အဖြစ်သည်။ ကမ္မညတာ နာမ၊ မည်၏။ နိဗ္ဗတ္တိ၊ နိပ္ဖန္နရုပ်တို့၏ ဖြစ်ဖသည်။ ဥပစယော နာမ၊ မည်၏။ ပဝတ္တိ၊ နိပ္ဖန္နရုပ်တို့၏ အဖန်ဖန်ဖြစ်ခြင်းသည်။ သန္တတိ နာမ၊ မည်၏။ ဇီရဏဘာဝေါ[1]၊ နိပ္ဖန္နရုပ်တို့၏ ဆွေးမြည့်ဟောင်းမြင်း အိုမင်းသည်၏အဖြစ်သည်။ ဇရတာ နာမ၊ ဇရတာမည်၏။ဟုတွာ၊ဖြစ်ပြီး၍။ အဘာဝါကာရော၊ နိပ္ဖန္နရုပ်တို့၏ ထင်ရှားမရှိသော၊ ဝါ၊ ပျက်စီးသောအခြင်းအရာသည်။ အနိစ္စတာ နာမ၊ အနိစ္စတာ မည်၏။ ဣတိ ဧဝံ၊ ဤသို့။ အဋ္ဌာရသန္နံ၊ ၁၈-ပါးကုန်သော။ တေသံယေဝ နိပ္ဖန္နမူပါနံ၊ ထိုနိပ္ဖန္နရုပ်တို့၏သာလျှင်။ ဝိကာရ-ဘူတတ္တာ၊ ဖောက်ပြန်ခြင်းဖြစ်၍ဖြစ်သည်၏ အဖြစ်ကြောင့်။ ကေနစိ၊ တစုံတခုသောအကြောင်းသည်။ တော၊ ထိုဆယ်ပါးသောရုပ်တို့သည်။ အသင်္ခတာ နာမ၊ မပြုပြင်မစီရင်အပ်သည်မည်ကုန်သည်။ ကထံ ဘဝေယျုံ၊အဘယ်သို့ဖြစ်နိုင်ကုန်အံ့

နည်း။ နိပ္ဖန္နာ စေဝ၊ ကံစသောအကြောင်းတို့ကြောင့် ပြီးကုန်ဖြစ်ကုန်သည် လည်းကောင်း။ သင်္ခတာ၊ ကံစသောအကြောင်းတို့သည် ပြုပြင်ဖန်ဆင်းအပ်ကုန် သည်လည်းကောင်း။ ဘဝန္တိ၊ ဖြစ်ကုန်၏ (ထည့်)။ ဣတိ၊ ဤသို့။ သမ္ဗန္ဓံ၊ ပုဒ်စပ် ခြင်းကို။ ကတွာ[၁]၊ ပြု၍။ အနိပ္ဖန္နရူပါနံ၊ တို့၏။ နိဿယဘူတာ၊ မှီရာဖြစ်သော ဘုတ်တို့သည်။ ယဒိ နိပ္ဖန္နရူပါ၊ အကယ်၍ နိပ္ဖန္နရုပ်ဖြစ်ကုန်ငြားအံ့၊ ယဒိ သင်္ခတာ၊ အကယ်၍ သင်္ခတဖြစ်ကုန်ငြားအံ့။ ပန၊ ယင်းသို့ဖြစ်ကုန်သည်ရှိသော်။ တေသံ၊ ထိုမှီရာဖြစ်သော ဘုတ်တို့၏။ ဝိကာရဘူတာ၊ ဖောက်ပြန်သည်ဖြစ်၍ဖြစ်ကုန်သော ဝိကာရရုပ်တို့သည်။ အသင်္ခတာ နာမ၊ အသင်္ခတမည်ကုန်သည်။ ကထံ ဟောန္တိ၊ အဘယ်သို့ ဖြစ်နိုင်ကုန်သနည်း။ ဣတိ ဣမံ အတ္ထံ၊ ဤအနက်ကို။ ဝဒန္တော္တိ၊ ဖွင့် ဆိုကြကုန်၏။ တေသံ၊ ထိုဆရာတို့၏။ အဓိပ္ပါယေန၊ အလိုအားဖြင့်။ နိပ္ဖန္နာ စေဝါတိ ဧတ္ထ၊ နိပ္ဖန္နာ စေဝ-ဟူသော ဤပုဒ်၌။ စ-ကာရော၊ စ-အက္ခရာသည်။ အာဂမသိဒ္ဓေါ၊ အာဂမသန္ဓိဖြင့် ပြီး၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ ၏။

၇၂၆-၇။ ဣတ္ထိဘာဝေါ။ ပ။ ဝဏ္ဏိတာတိ ဧတံ၊ ဣတ္ထိဘာဝေါ။ ပ။ ဝဏ္ဏိတာ-ဟူသော ဤစကားသည်။ ဖလဋ္ဌပနံ၊ အကျိုးကိုထားသော စကားတည်း။ ဧဝံ သန္တေတိအာဒိ၊ ဧဝံ သန္တေ ဤသို့အစရှိသော စကားသည်။ စောဒနာ၊ စောဒနာ သော စကားတည်း။ အညံ ပနာတိအာဒိ၊ အညံ ပန ဤသို့ အစရှိသော စကားသည်။ ပရိဟာရော၊ အဖြေစကားတည်း။ တတ္ထ ဝစနေ၊ ၌။ စက္ခုကာယ-ပသာဒါနံ ကေတ္တံ ဥပပဇ္ဇတီတိ၊ ကား။ စက္ခုပသာဒေ၊ စက္ခုပသာဒ၌။ ကာယ-ပသာဒဘာဝဿ၊ ကာယပသာဒ ထင်ရှားရှိခြင်း၏၊ ဝါ၊ ကာယပသာဒဖြစ်ခြင်း ၏။ ကာယပသာဒေ၊ ၌။ စက္ခုပသာဒဘာဝဿ၊ ၏၊ ဝါ၊ ၏။ သမ္ဘဝတော၊ ဖြစ်သင့်သောကြောင့်။ ပုရိမဿ၊ ရှေးဖြစ်သော စက္ခုပသာဒ၏။ ဖောဋ္ဌဗ္ဗာဝ-ဘာသနံ၊ ဖောဋ္ဌဗ္ဗာရုံ အရိပ်အရောင်သည်။ ဣတရဿ စ၊ ဤမှတပါးသော ကာယ ပသာဒ၏လည်း။ ရူပါဝဘာသနံ၊ ရူပါရုံအရိပ်အရောင်သည်။ ဟောတိ၊ ၏။ ဣတိ၊ ကြောင့်။ စက္ခုကာယပသာဒါနံ၊ စက္ခုပသာဒနှင့် ကာယပသာဒတို့၏။ ဧကီဘာဝေါ၊ တပေါင်းတည်း၏အဖြစ်သည်။ အာပဇ္ဇေယျ၊ ဖြစ်ရာ၏။ ဣတိ အယံ၊ ကား။ အတ္တော၊ တည်း။ စ၊ ဆက်၍ဆိုဦးအံ့။ ဧဝံ၊ ဤစကားသည်။ နိဒဿန-မတ္တံ၊ နိဒဿနမျှသာတည်း။ ဟိ သစ္စံ၊ ၏။ သေသတကာယပသာဒါဒီနမ္ပိ၊ သောတ-

---

၁။ ဤ၌ "ဝိကာရတ္တာ နိပ္ဖန္နာ စေဝ သင်္ခတာတိ သမ္ဗန္ဓံ" ဟု ပါဌ်ရှိသင့်သည် ထင်၏။ သို့ရှိမူ ဤဆရာအလို ဝိကာရတ္တာပုဒ်ကို နိပ္ဖန္နာ သင်္ခတာ-တို့မှာ စပ်။ ဋီကာသစ်ဆရာ အလို အသင်္ခတာ နာမ အာပဇ္ဇေယျ-မှာစပ်။ ဋီကာသစ်ဆရာ အလို နိပ္ဖန္နာ စေဝ-၌ စေဝ-သဒ္ဒါ သမုစ္စယတ္ထဝါစကနိပါတ်။ ကေစိဆရာတို့အလို စ အာဂုံ၊ ဧဝ-သဒ္ဒါ အဝဓာရဏတ္ထဝါစကနိပါတ်။ ဤဋီကာသစ်ဆရာပြသော ဝါဒန္တရသည် ဋီကာဟောင်း ဆရာ၏ ဝါဒနှင့် အရိပ်အမြွက်မျှတူ၏။

ပသာဒ ကာယပသာဒ စသည်တို့၏လည်း။ ဝုတ္တနယေန၊ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ ကေတ္တံယေဝ၊ တပေါင်းတည်း၏ အဖြစ်သည်သာလျှင်။ ဘဝေယျ၊ ဖြစ်ရာ၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ ၏။

၇၂၈-၃၀။ အညံ ပန စ အညတ္ထ နေဝတ္တိတိ[၁]၊ကား။အညမညာဝိနိဗ္ဘောဂဝသေန၊အချင်းချင်း မကွေမကွာဖြစ်သည်၏ အစွမ်းအားဖြင့်။ပဝတ္တိံ၊ဖြစ်သောရုပ်ကို။ဋ္ဌပေတွာ၊ချန်ထား၍။အညံ၊အခြား တပါးသော။ ရူပံ၊ ရုပ်သည်။ အညသ္မိံ၊ သော။ ရူပေ၊ ၌။ ပရမတ္ထတော၊ အားဖြင့်။ နေဝတ္တိ၊ မရှိသည်သာလျှင်တည်း။ ကသ္မာ၊ မူကား။ ဘိန္နနိဿယဘာဝေန၊ ပြားသော၊ ဝါ၊ မတူသော မှီရာရှိသည်၏ အဖြစ်ဖြင့်။ ကလာပန္တရဂတတ္တာ၊ ကလာပ်တပါး၌ တည်သည်၏အဖြစ်ကြောင့်တည်း။ ဟိ ဝိတ္ထာရေမိ၊ အကျယ်ချဲ့ဦးအံ့။ စက္ခုပသာဒေါ၊ သည်။ ဒဠှကာမတာနိဒါနကမ္မသမုဋ္ဌာနဘူတနိဿိတော၊ ကြည့်ရှုခြင်းငှါ အလိုရှိသောပုဂ္ဂိုလ်၏ အဖြစ်တည်းဟူသော ကာမတဏှာလျှင် အကြောင်းရှိသော ကံကြောင့်ဖြစ်သော ဘူတရုပ်ကို မှီ၏။ ကာယပသာဒေါ၊ သည်။ ဖုသိတုကာမတာနိဒါနကမ္မဇဘူတနိဿိတော၊ တွေ့ထိခြင်းငှါ အလိုရှိသောပုဂ္ဂိုလ်၏။ပ။၏။ အသင်္ကိဏ္ဏာ၊ ကား။ အသံကိဏ္ဏာ၊ မရောယှက်။ ယဒိ ဝေ၊ သော်။ သဗ္ဗတ္ထ၊ အလုံးစုံတို့၌။ ကာယာယတနာဒိကံ၊ ကာယာယတန စသည်သည်။ န ဟောတိ၊ မဖြစ်။ ဣတိ၊ ဤသို့။ ဝဒေယျ၊ ဆိုငြားအံ့(ထည့်)၊ တမ္ပိ၊ ထိုသို့ အလုံးစုံတို့၌ ကာယာယတန စသည် မဖြစ်ခြင်းသည်လည်း။ နတ္ထိ၊ မရှိ။ ဟိ သစ္စံ၊ ၏။ ဝိနိဗ္ဘုဇိတွာ၊ သီးသန့်ခွဲခြမ်းဝေဖန်၍။ နေသံ၊ ထိုရုပ်တို့၏။ နာနာကရဏံ၊ အထူးကို။ ပညာပေတုံ၊ သိစေခြင်းငှါ။ န သက္ကာ၊ မတတ်ကောင်း။ ဣတိ၊ ဤသို့။ ဒဿေတုံ၊ ငှါ။ အညမညာဝိနိဗ္ဘောဂဝသေနာတိအာဒိ၊ ကို။ ဝုတ္တံ၊ ပြီ။ အညမညာ။ပ။ပဝတ္တိတောတိ၊ ကား။ အညမညံ၊ အချင်းချင်း။ သန္တာနတော၊ သန္တာန်အားဖြင့်။ အဝိနိဗ္ဘုဇ္ဇနဝသေန၊ သီးခြားခွဲဝေ၍ မဖြစ်ခြင်း၏ အစွမ်းအားဖြင့်။ အဝိသံသဋ္ဌဝသေန၊ ရောယှက်သည်၏ အစွမ်းအားဖြင့်။ ပဝတ္တနတော၊ ဖြစ်ခြင်းကြောင့် (န တက္ကာ-မှာ စပ်)။ အဝိနိဗ္ဘောဂရူပဝသေန၊ အဝိနိဗ္ဘောဂရုပ်၏ အစွမ်းအားဖြင့်။ ဣတိ ပန အတ္ထော၊ ဤသို့သော အနက်သည်ကား။ န ဟောတိ၊ မဖြစ်။ ဟိ သစ္စံ၊ ၏။ ကေကလာပဂတအဝိနိဗ္ဘောဂရူပါနံ၊ တခုသော ကလာပ်၌တည်သော အဝိနိဗ္ဘောဂရုပ်ဖြစ်ကုန်သော။ စက္ခုကာယပသာဒါနံ၊ တို့၏။ ဌာနန္တရံ၊ တည်ရာတပါးကို၊ ဝါ၊ တည်ရာအထူးကို။ ဝတ္တုံ၊ ပြောဆိုခြင်းငှါ။ န သက္ကောတိ၊ မစွမ်းနိုင်။ ယထာ၊ ဥပမာ အဘယ်ကဲ့သို့နည်း ဟူမူကား။ ရူပရသာဒီနံ၊ ရူပါရုံ ရသာရုံ စသည်တို့၏။ ဝိဝေစေတုံ၊ အသီးအသီး ဖြစ်ခြင်းငှါ၊ ဝါ၊ တပါးသည် တပါးမှ ကင်းစေခြင်းငှါ။ အသက္ကုဏေယျတာယ၊

၁။ (အညံ ပန စ အညသ္မိံ၊ န စတ္တိ-ဆဋ္ဌမူ)

မစွမ်းနိုင်သည်၏အဖြစ်ကြောင့်။ အညမညဗျာပိတာ၊ အချင်းချင်း ပျံ့နှံ့ခြင်း ရှိသည်၏ အဖြစ်ကို။ ဝုတ္တံ ယထာ၊ ဆိုအပ်သကဲ့သို့။ စ သစ္စံ၊ ထိုစကားသည် မှန်၏။ ပရမတ္ထတော၊ ပရမတ္ထသဘောအားဖြင့်။ ရူပေ၊ ရူပါရုံ၌။ ရသော၊ ရသာရုံသည်။ န အတ္ထိ၊ မရှိ။ ယဒိ သိယာ၊ အကယ်၍ ရှိသည်ဖြစ်ငြားအံ့။ရူပဂ္ဂဟဏေနေဝ၊ရူပါရုံကို ယူခြင်းဖြင့်ပင်လျှင်။ရသဂ္ဂဟဏံ၊ ရသာရုံကို ယူခြင်းသို့၊ဝါ၊ ကို၊ ဝါ၊ သည်။ ဂစ္ဆေယျ၊ ရောက်ရာ၏၊ ဝါ၊ သိရာ၏၊ ဝါ၊ ဖြစ်ရာ၏။ဧဝံ တထာ၊ ထိုအတူ။ ကာယာယတနာဒီနမ္ပိ၊ တို့၏လည်း။ ပရမတ္ထတော၊ အားဖြင့်။သဗ္ဗတ္ထ၊ အလုံးစုံတို့၌။ အတ္ထိတာ၊ ရှိသည်၏အဖြစ်သည်။ န ဟောတိ၊ မဖြစ်။ ဣဒံ၊ ဤ ရုပ်သည်။ ဧတ္ထ၊ ဤရုပ်၌။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤရုပ်သည်။ ဧတ္ထ၊ ဤရုပ်၌။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့။ ဌာနန္တရံ ပန၊ တည်ရာတပါးကိုကား၊ ဝါ၊ တည်ရာ အထူးကိုကား။ သမယညုနာ၊ အာဘိဓမ္မိကပုဂ္ဂိုလ်တို့၏ အယူကိုသိသော။ ကေနစိ၊ တစုံတယောက်သော ပညာရှိပုဂ္ဂိုလ်သည်။ ဝတ္တုံ၊ ပြောဆိုခြင်းငှါ။ န သက္ကာ၊ မတတ်ကောင်း။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ ၏။ အတ္ထိ ကာယပသာဒေါတိတိ ဧတ္ထ၊အတ္ထိ ကာယပသာဒေါတိ-ဟူသော ဤပါဠိ၌။ဣတိ-သဒ္ဒေါ၊ ဣတိသဒ္ဒါသည်။ တသ္မာတိ ဣမဿ၊ တသ္မာ-ဟူသော ဤပုဒ်၏။ အတ္ထေ၊ အနက်၌။ ဟောတိ၊ ၏။ တေန၊ ထိုကြောင့်။ တသ္မာတိ၊ တသ္မာ-ဟူ၍။အာဟ၊ ပြီ။ ဝေမုဒီရိတန္တိ၊ ကား။ သဗ္ဗဋ္ဌာနိကံ၊ အလုံးစုံသော အရပ်တို့၌ ပျံ့နှံ့၍ တည်တတ်သောရုပ်မည်၏။ ဣတိ ဧဝံ၊ ဤသို့။ ဥဒီရိတံ၊ ဆိုအပ်၏။

၇၃၁-၂။ လက္ခဏာဒိဝသေနာပီတိ၊ ကား။ ယထာဝုတ္တလက္ခဏရသ ပစ္စု-ပဋ္ဌာနပဒဋ္ဌာနဝသေနာပိ၊ အကြင်အကြင်ဆိုအပ်ခဲ့ပြီးသော လက္ခဏ ရသ ပစ္စု-ပဋ္ဌာန်ပဒဋ္ဌာန်တို့၏ အစွမ်းအားဖြင့်လည်း (နာနတ္တံ-မှာ စပ်)။ဧတာနံ၊ပ။ ဂတာ-တိ၊ ကား။ ပဥ္စဝဏ္ဏာနံ နီလာဒိပဉ္စဝဏ္ဏသုတ္တမယာနံ၊ အညိုစသော ငါးမျိုးသော အဆင်းရှိသော ချည်တို့ဖြင့် ပြီးကုန်သော၊ ဝါ၊ ချည်တို့ဖြင့် ချုပ်လုပ်အပ်ကုန် သော။ ဝါ၊ တနည်းကား။ ကေမေကသ္မံ၊ တခုတခုသော အလံတံခွန်၏။ ဧကေကဝဏ္ဏဝသေန၊ တမျိုးတမျိုးသော အဆင်း၏အစွမ်းအားဖြင့်။ ဧတာနံ၊ အလံတံခွန်တို့၏။ ဆာယာ၊ အရိပ်သည်။ တေသံ၊ ထိုမဏ္ဍမက္ခာဖြစ်ကုန်သော ရုပ်တရားတို့၏။ဥပမတံ ဥပမာဘာဝံ၊ဥ မာ၏အဖြစ်သို့။ဂတာသမ္ဘုတ္တာ၊ရောက်၏။ ဣတိ အယံ၊ ကား။ အတ္ထော၊ တည်း။ ကေစိ ပန၊ အချို့သော ဆရာတို့ ည်ကား (ဝဒန္တိ-မှာ စပ်)။ တေသံ၊ ထိုမဏ္ဍမက္ခာဖြစ်ကုန်သော ရုပ်တရားတို့အား။ ဆာယာ၊ အလံတံခွန်တို့၏ အရိပ်ဟုဆိုအပ်သော။ ဥပမာ၊ ဥပမာသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ကြောင့်။ ဆာယာဥပမာ၊ ဆာယာဥပမာမည်ကုန်၏။ ဆာယာ-ဥပမာနံ၊ အလံတံခွန်တို့၏ အရိပ်ဟုဆိုအပ်သော ဥပမာရှိသော ရုပ်တရားတို့၏။ ဘာဝေါ၊ အဖြစ်တည်း။ ဆာယာဥပမာတာ၊ အလံ ။ပ။ ရုပ်တရားတို့၏အဖြစ်။

တံ၊ ထိုအလံ ။ပ။ အဖြစ်သို့။ တေ ဓမ္မာ၊ ဤတရားတို့သည်။ ဂတာ၊ ရောက်ကုန်၏။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ဆိုကြကုန်၏။ တံ ပန၊ ထိုကေစိဆရာတို့ဆိုသော စကားသည်ကား။ တေဟိ၊ ထိုကေစိဆရာတို့သည်။ ဆာယာဥပမတံ ဂတာတိ ဧတ္ထ၊ ဟူသော ဤပါဌ်၌။ဗဟုဗ္ဗီဟိသမာသေနေဝ၊ဗဟုဗ်သမာသ်၏ အစွမ်းအားဖြင့် သာလျှင်။ ရဿတ္တံ၊ ရဿအဖြစ်သည်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့။ မညမာနေဟိ၊ မှတ်ထင်အောက်မေ့ကြကုန်သည်ဖြစ်၍။ ဝုတ္တံ၊ ဆိုအပ်သောစကားသည်။ ဘဝေယျ၊ ဖြစ်ရာ၏။ ပန၊ ယင်းသို့ပင် ဆိုအပ်သော်လည်း။ ဂါထာဗန္ဓနတ္ထံ၊ ဂါထာဖွဲ့လွယ်စေခြင်း အကျိုးငှါ။ ရဿတ္တံ၊ ရဿအဖြစ်သည်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ ၏၊ ဟိ သစ္စံ၊ ၏။ စတုတ္ထဒုတိအာဒီသု၊ စတုတ္ထဒု ဤသို့စသောအရာတို့၌။ ဝိဘတ္တိလောပမ္ပိ၊ ဝိဘတ်ကျေခြင်းကိုလည်း။ ကတွာ၊ ပြု၍။ ဒဿေန္တော၊ ပြတော်မူသော။ အာစရိယော၊ အရှင်ဗုဒ္ဓဒတ္တဆရာသည်။ ဤဒိသေသု၊ ဤသို့သဘောရှိကုန်သော။ ဌာနေသု၊ အရာတို့၌။ ဗျဉ္ဇနေ၊ သဒ္ဒါ၌။ အာဒရံ၊ ရိုသေခြင်းကို။ န ဇနေတိ၊ မဖြစ်စေ၊ ဝါ၊ မပြု။

ပန၊ ဆက်၍ဆိုဦးအံ့။ ဘေသန္တိ၊ တေသံ-ဟူသော။ ယံ ပဟေဋ္ဌာပဒံ ဝါ၊ အကြင် အောက်၌ ဖြစ်သော ပုဒ်ကို လည်းကောင်း။ ဓမ္မာနန္တိ၊ ဓမ္မာနံ-ဟူသော။ ယံ ဥပရိပဒံ ဝါ၊ အကြင်အထက်၌ဖြစ်သော ပုဒ်ကိုလည်းကောင်း။ သမ္ဗန္ဓိတုံ၊ ဥပမတံ-ဟူသောပုဒ်နှင့် စပ်ခြင်းငှါ။ အနိစ္ဆန္တေဟိ၊ အလိုမရှိကုန်သော ပုဂ္ဂိုလ်တို့သည်၊ ဝုတ္တံ ၊ ဆိုအပ်၏၊ တတ္ထ၊ ထိုပုဒ်တို့၌၊ ဝါ၊ ထိုသို့ ဆိုအပ်သောစကား၌။ အနိစ္ဆန္တေဟိ၊ စပ်ခြင်းငှာ အလိုမရှိကုန်သော ပုဂ္ဂိုလ်တို့သည်လည်း။ နာနတ္တံ သမုပါဂတာန္တိ ဧတ္ထ၊ နာနတ္တံ သမုပါဂတံ-ဟူသော ဤပါဌ်၌။ အကာမာပိ၊ အလိုမရှိသော်လည်း။ သမ္ဗန္ဓိတဗ္ဗမေဝ၊ တေသံ-ဟူသောပုဒ်၊ ဝါ၊ ဓမ္မာနံ-ဟူသောပုဒ်နှင့် စပ်အပ်သည်သာလျှင်တည်း၊ ဝါ၊ စပ်ရလိမ့်မည် သာလျှင်တည်း။ ဟိ သစ္စံ၊ ၏။ ဘေသံ၊ ထိုတရားပါင်းတည်းဖြစ်သော ရုပ်တို့၏။ နာနတ္တံ၊ ထူးသည်၏အဖြစ်ကို။ သမုပါဂတံ၊ ကောင်းစွာသိအပ်၏။ ဣတိ၊ ဤသို့။ န နအပေက္ခတိ၊ မငဲ့မစပ်သည်မဟုတ်။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ ၏။ တတ္ထ၊ ထိုပါဌ်၌။ နာနတ္တံ သမုပါဂတာတိ ပါဌံ၊ ဟူသော အာကာရန္တပါဌ်ကို။ အထောပိ ပရိကပ္ပေယျုံ၊ အကယ်၍လည်း ကြံသိုပြုန်ကုန်ငြားအံ့။ ပေါတ္ထကေသု၊ ကျမ်းစာပေတို့၌။ အဒိဿမာနမ္ပိ၊ မတွေ့မြင်အပ်သည်လည်းဖြစ်သော။ ပါဌံ၊ ပါဌ်ကို။ ပရိကပ္ပေတွာ၊ ကြံစည်၍။ ဘေသံ၊ ထိုကေစိဆရာတို့၏။ တုဋ္ဌိ၊ နှစ်သက်ခြင်းသည်။ ဟောတု တာဝ၊ ဖြစ်စေဦး။ အယံ ပန၊ ဤဆိုလတ္တံ့သည်ကား။ ဧတ္ထ၊ ဤအရာ၌။ အဓိပ္ပါယော၊ တည်း— ကေတော ကတွာ၊ တပေါင်းတည်းပြု၍။

ဥဿာပိတာနံ၊ စိုက်ထူအပ်ကုန်သော။ ပဋ္ဋဝဏ္ဏာနံ၊ အညိုစသော ငါးမျိုးသော အဆင်းရှိသော ချည်တို့ဖြင့်ပြီးကုန်သော၊ ဝါ၊ ချုပ်လုပ်အပ်ကုန်သော။ ဓဇာနံ၊ အလံတံခွန်တို့၏။ ဆာယာ၊ အရိပ်သည်။ ကောဇဝဒ္ဓါ ဝိယ၊ တစပ်တည်းစပ်သကဲ့ သို့။ ကိဥ္စာပိ ဟောတိ၊ အကယ်၍ကား ဖြစ်ငြားအံ့။ ပန တထာပိ၊ ထိုသို့ပင် ဖြစ်သော်လည်း။ အညမညံ၊ အချင်းချင်း။ အသမ္ဘိဿာဝ၊ မရောနှောသည် သာလျှင်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ ဧဝမေဝ၊ ဤအတူပင်လျှင်။ ဣမေ သဗ္ဗဋ္ဌာနိကရူပါ၊ ဤအလုံးစုံသော အရပ်တို့၌ ပျံ့နှံ့၍တည်တတ်သော ရုပ်တို့ သည်။ ကောဇဝဒ္ဓါ ဝိယ၊ တစပ်တည်း စပ်၍တည်ကုန်သကဲ့သို့။ ကိဥ္စာပိ ဟောန္တိ၊ အကယ်၍ကား ဖြစ်ကုန်၏ငြားအံ့။ ပန တထာပိ၊ ထိုသို့ပင်ဖြစ်ကုန်သော်လည်း။ လက္ခဏတော၊ လက္ခဏာအားဖြင့်။ အညမညံ၊ အချင်းချင်း။ ဘိန္နသဘာဝါ၊ ပြားသောသဘောရှိကုန်သည်ဖြစ်၍။ အသမ္ဘိဿာဝေဝ၊ မရောနှောကုန်သည် သာလျှင်။ ဟောန္တိ၊ ကုန်၏။ ဟိ သစ္စံ ၏။ ကေကလာပဋ္ဌာပိ၊ တခုသော ကလာပ်၌တည်ကုန်သော ရုပ်တို့သည်လည်း။လက္ခဏတော၊အားဖြင့်။ဘိန္နသဘာ-ဝါ၊ ပြားသောသဘော ရှိကုန်၏။ နာနာကလာပဋ္ဌာ၊ အထူးထူးသောကလာပ် ၌ တည်ကုန်သော ရုပ်တို့သည်။ ကိံ ပန ဘိန္နသဘာဝါ၊ အဘယ်မှာ ပြားသော သဘောမရှိပဲ ဖြစ်နိုင်ကုန်အံ့နည်း။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ ၏။

၃၃၃။ အတ္တနော၊ မိမိ၏။ ပစ္စယေဟိ၊ အကြောင်းတို့ဖြင့်၊ ဝါ၊ တို့သည်။ လောကေ၊ လောက၌။ နိယုတ္တံ၊ ယှဉ်သည်တည်း၊ ဝါ၊ ယှဉ်စေအပ်သည်တည်း။ ဝါ၊ တနည်းကား။ ဝိဒိတံ၊ ထင်ရှားသည်တည်း။ ဣတိ၊ ကြောင့်။ လောကိကံ၊ လောကိကမည်၏။ တဿ၊ ထိုလောကိကဖြစ်သော ရုပ်တရား၏။ ဘာဝေါ၊ အဖြစ်တည်း။ လောကိကတ္တံ၊ လောကိကဖြစ်သော ရုပ်တရား၏အဖြစ်။ တေန၊ ဤဟိတ်ဖြင့်။သမ္ပယုတ္တာဗ္ဗရာသိ၊ သမ္ပယုတ်တရားအစုသည်။ ဟိနောတိ ပတိဋ္ဌ-ဟာတိ၊ တည်တတ်၏။ ဣတိ၊ ထိုသို့တည်ကြောင်းဖြစ်သော သတ္တိကြောင့်။ ဟေတု၊ ဟိတ်မည်၏။ မူလဋ္ဌေန၊ တည်ရာဟူသော အနက်သဘောဖြင့်။ ဥပကာရကော၊ ကျေးဇူးပြုတတ်သော။ လောဘာဒိကော စ၊ လောဘ စသော ဟိတ်ကိုလည်းကောင်း။ အလောဘာဒိကော စ၊ အလောဘ စသောဟိတ်ကို လည်းကောင်း။ လဗ္ဘတိ၊ ရအပ်၏။ တာဒိသော၊ ထိုသို့သဘောရှိသော။ ဟေတု၊ ဟိတ်သည်။ န ဟောတိ၊ မဖြစ်။ ဣတိ၊ ကြောင့်။ နဟေတု၊ နဟေတု မည်၏။ အတ္တနော၊ ၏။ ပစ္စယေဟိ၊ တို့သည်။ သာခ်တံ အဘိသခ်တံ၊ ပြုပြင် စီရင်အပ်၏။ ဣတိ၊ ကြောင့်။ သခ်တံ၊ သခ်တမည်၏။ အာဘဝဂ္ဂံ၊ ဘုံအားဖြင့် ဘဝဂ်တိုင်အောင်။ ဝါ၊ တနည်းကား။အာဂေါတြဘုံ၊တရားအားဖြင့် ဂေါတြဘု တိုင်အောင်။ သဝန္တိ၊ ယိုစီးတတ်ကုန်၏၊ ဝါ၊ ဖြစ်တတ်ကုန်၏။ ဣတိ၊ကြောင့်။ အာသဝါ၊ အာသဝတို့မည်ကုန်၏။ အာသဝေဟိ၊ အာသဝေါတရားတို့နှင့်။ သဟ၊

တက္က။ ဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိ၊ ကြောင့်။ သာသဝံ၊ သာသဝမည်၏။ အာသဝေဟိ၊ အာသဝေါတရားတို့သည်။ အာလမ္ဗိတဗ္ဗံ၊ အာရုံပြုအပ်၏။ ဣတိ အယံ၊ ကား။ အတ္ထော၊ တည်း။ ပစ္စယာယတ္တဝုတ္တိတောတိ၊ ကား။ အတ္တနော အတ္တနော၊ မိမိ မိမိ၏။ ပစ္စယာဒီနပ္ပဝုတ္တိတာယ၊ အကြောင်းနှင့်စပ်၍ ဖြစ်ခြင်း ရှိသည်၏ အဖြစ်ကြောင့်။ သပ္ပစ္စယတ္တာ၊ အကြောင်းနှင့်တကွ ဖြစ်သည်၏ အဖြစ်ကြောင့်။ ဣတိ၊ ဤသို့။ ဝုတ္တံ ဝုတ္တော၊ ဆိုလိုသည်။ ဟောတိ၊ ၏။ ဧတံ၊ ဤရွေ့လောက် ကေဝိဓစတုက္ကမျှကို ပြဆိုခြင်းသည်။ နိဒဿနမတ္တံ၊ နိဒဿန နည်းမျှသာတည်း။ ကာမာဝစရတ္တာ၊ ကာမာဝစရ၏အဖြစ်ဖြင့်။ အဟေတုကတ္တာ၊ ဟိတ်မရှိသည်၏အဖြစ်ဖြင့်။ ဟေတုဝိပ္ပယုတ္တတ္တာ၊ ဟိတ်နှင့်မယှဉ်သည်၏ အဖြစ်ဖြင့်။ သံယောဇနိယတ္တာ၊ သံယောဇဉ်တရား၏ အာရုံ၏အဖြစ်ဖြင့်။ ဂန္ထနိယတ္တာ၊ ဂန္ထတရား၏ အာရုံ၏အဖြစ်ဖြင့်။ ဥပါဒါနိယတ္တာ၊ ဥပါဒါန်တရား၏ အာရုံ၏အဖြစ်ဖြင့်။ သြဃနိယတ္တာ၊ သြဃတရား၏ အာရုံ၏အဖြစ်ဖြင့်။ ယောဂနိယတ္တာ၊ ယောဂတရား၏ အာရုံ၏အဖြစ်ဖြင့်။ နီဝရဏိယတ္တာ၊ နီဝရဏတရား၏ အာရုံ၏အဖြစ်ဖြင့်။ သံကိလေသိကတ္တာ၊ သံကိလေသတရား၏ အာရုံ၏အဖြစ်ဖြင့်။ ပရာမဋ္ဌတ္တာ၊ တဏှာဒိဋ္ဌိတို့သည် သုံးသပ်အပ်သည်၏အဖြစ်ဖြင့်။ အစေတသိ- ကတ္တာ၊ စေတသိက်မဟုတ်သည်၏အဖြစ်ဖြင့်။ စိတ္တဝိပ္ပယုတ္တတ္တာ၊ စိတ်နှင့်မယှဉ် သည်၏ အဖြစ်ဖြင့်။ န ရူပါဝစရတ္တာ၊ ရူပါဝစရမဟုတ်သည်၏ အဖြစ်ဖြင့်။ န အရူပါဝစရတ္တာ၊ အရူပါဝစရမဟုတ်သည်၏ အဖြစ်ဖြင့်။ န အပရိယာပန္နတ္တာ၊ အပရိယာပန္နမဟုတ်သည်၏ အဖြစ်ဖြင့်။ အနိယျာနိကတ္တာ၊ နိယျာနိကမဟုတ် သည်၏ အဖြစ်ဖြင့်။ အနိစ္စတ္တာ၊ နိစ္စမဟုတ်သည်၏ အဖြစ်ဖြင့်။ ဣတိ ဧဝမာ- ဒိနာ၊ ဤသို့အစရှိသော။ ကာရဏေနပိ၊ အကြောင်းဖြင့်လည်း။ ကေဝိဓမေဝ၊ ကေဝိဓမည်သည်သာလျှင်တည်း။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ ၏။

၇၃၄-ဂ။ ဧဝံ၊ ဤသို့။ ကေဝိဓနေယံ၊ ကေဝိဓနည်းကို။ ဒဿေတွာ၊ ပြပြီး၍။ ဣဒါနိ၊ ယခုအခါ၌။ အာဒိသဒ္ဒေန၊ ဖြင့်။ သင်္ဂဟိတံ၊ သိမ်းယူအပ်သော။ဒုဝိဓ- တာဒိနယံ၊ ဒုဝိဓ၏အဖြစ် စသောနည်းကို။ ဒဿေတုံ၊ ငှါ။ အဇ္ဈတ္တိကဗဟိဒ္ဓါတိ- အာဒိနာ၊ အဇ္ဈတ္တိကဗဟိဒ္ဓါ ဤသို့အစရှိသည်ဖြင့်။ အဇ္ဈတ္တိကဒုကာဒယော၊ အဇ္ဈတ္တိကဒုက် စသည်တို့ကို။ အာရဒ္ဓါ၊ အားထုတ်တော်မူအပ်ကုန်ပြီ။ တတ္ထ၊ ထိုဒုက်တို့တွင်။ တာဝ၊ ရှေးဦးစွာ။ အဇ္ဈတ္တိကဒုကေ၊ အဇ္ဈတ္တိကဒုက်၌။အတ္ထော၊ ကို။ ဧဝံ၊ ဤသို့။ ဒဋ္ဌဗ္ဗော၊ ၏ (ထည့်)။ ဧတ္ထ၊ ဤအတ္တဘော၌။ အဟံ မာနော၊ ငါဟူသော မာန်မူခြင်းသည်။ အာဟိတော၊ တည်၏။ဣတိ၊ကြောင့်။ အတ္တာ၊ အတ္တမည်၏။ အတ္တဘာဝေါ၊ အတ္တဘောကို။ လဗ္ဘတိ၊ ရအပ်၏။ တံ အတ္တာနံ၊ ထိုအတ္တဘောကို။ အဓိကိစ္စ၊ စွဲမှီ၍။ ဥဒ္ဒိဿ၊ ရည်ညွှန်း၍။ ပဝတ္တာ[၁]၊

---

၁။ (ပဝတ္တတ္တာ-ဆဋ္ဌမူ)

ဖြစ်ကုန်သောတရားတို့သည်။ အဇ္ဈတ္တာ၊ အဇ္ဈတ္တတရားတို့မည်ကုန်၏။ ဣန္ဒြိယ-ဗဒ္ဓဓမ္မာ၊ ဣန္ဒြေနှင့်စပ်သော တရားတို့ကို။ လဗ္ဘန္တိ၊ ကုန်၏။ တေသု၊ထိုဣန္ဒြိယ-ဗဒ္ဓဓမ္မတို့၌။ ဘဝါနိ၊ ဖြစ်ကုန်သည့်တို့တည်း။ ဝါ၊ တနည်းကား။ အတ္တနိ၊အတ္တဘော၌။ ဘဝါနိ၊ တို့တည်း။ အဇ္ဈတ္တိကာနိ၊ ဣန္ဒြိယဗဒ္ဓဓမ္မတို့၌၊ ဝါ၊ အတ္တဘော၌ ဖြစ်ကုန်သည်တို့။ အညေပိ၊ တပါးလည်းဖြစ်ကုန်သော။ အဇ္ဈတ္တသမ္ဘူတာ၊ အဇ္ဈတ္တသန္တာန်၌ဖြစ်ကုန်သော တရားတို့သည်။ ကာမံ အတ္ထိ၊ အကယ်၍ကား ရှိကုန်၏ရှင့်။ ပန တထာပိ၊ ထိုသို့ပင်ရှိကုန်သော်လည်း။ ရုဠှီဝသေန၊ရုဠှီ၏ အစွမ်းအားဖြင့်။စက္ခာဒီနေဝ၊စက္ခုစသည်တို့ကိုသာလျှင်။အဇ္ဈတ္တိကာနီတိ၊ အဇ္ဈတ္တိကရုပ်တို့ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။ အထ ဝါ၊ တနည်းသော်ကား။ မယံ၊ စက္ခုသောတ စသော ငါတို့သည်။ ယဒိ န ဟောမ၊ အကယ်၍ မရှိကြကုန်ငြားအံ့။ တွံ၊ သင်ခန္ဓာကိုယ် အတ္တဘောသည်။ ကဋ္ဌကလိင်္ဂရူပမော၊ ထင်း သစ်သား စပါးဖျင်းနှင့် တူသည်။ ဘဝိဿသိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ ဝဒန္တာနိ ဝိယ၊ ပြောဆိုကုန်သကဲ့သို့။ အတ္တဘာဝဿ၊ အတ္တဘောအား။ သာတိသယံ၊ အလွန်အကဲနှင့်တကွ။ ဥပကာရကာနိ၊ ကျေးဇူးပြုတတ်ကုန်၏။ ဣတိ၊ ကြောင့်။ တာနေဝ၊ ထိုစက္ခု သောတ စသည်တို့သည်သာလျှင်။ ဝိသေသတော၊ အထူးအားဖြင့်။ အဇ္ဈတ္တိကနာမံ၊ အဇ္ဈတ္တိကရုပ်ဟူသော အမည်ကို။ လဘန္တိ၊ ရကြကုန်၏။ ဣန္ဒြိယာနိန္ဒြိယာတိ၊ ကား။ အာဓိပစ္စဋ္ဌေန၊ အကြီးအမှူး အစိုးရသည်၏ အဖြစ်ဟူသော အနက်သဘောဖြင့်။ ဣန္ဒြိယာနိ၊ ဣန္ဒြိယရုပ်တို့မည်ကုန်၏။ သေသံ၊ ဣန္ဒြိယရုပ်ရှစ်ပါးမှ ကြွင်းသော ရုပ်နှစ်ဆယ်သည်။ တဒဘာဝတော၊ ထိုအကြီးအမှူးအစိုးရသည်၏ အဖြစ်ဟူသော အနက်သဘော၏ မရှိခြင်းကြောင့်။ အနိန္ဒြိယံ၊ အနိန္ဒြိယရုပ်မည်၏။ တတ္ထ၊ ထိုဣန္ဒြိယရုပ်တို့တွင်။ စက္ခာဒီနံ၊ စက္ခုအစရှိကုန်သော။ ပဉ္စန္နံ၊ ငါးပါးသောရုပ်တို့၏။ စက္ခုဝိညာဏာဒီသု၊စက္ခုဝိညာဉ်စသည်တို့၌။ အာဓိပတေယျံ၊ အကြီးအမှူး ဦးစီးနာယက အစိုးရသည်၏အဖြစ်သည်။ ဟောတိ၊ ၏။ ကသ္မာ၊ မူကား။ တေသံ၊ ထိုစက္ခုဒြေစသည်တို့၏။ပဋုမန္ဒဘာဝါဒိအနုဝတ္တနတော၊ ထက်သည်၏အဖြစ်, နုံ့သည်၏အဖြစ် စသည်သို့ အစဉ်လိုက်၍ ဖြစ်တတ်သောကြောင့်တည်း။ ဣတ္ထိန္ဒြိယ ပုရိသိန္ဒြိယ ဒွယဿ၊ ဣတ္ထိန္ဒြေ ပုရိသိန္ဒြေ နှစ်ပါးအပေါင်း၏။ ဣတ္ထိလိင်္ဂါဒိဟေတုဘာဝေ၊ ဣတ္ထိလိင် စသော အကြောင်း၏အဖြစ်၌။ အာဓိပတေယျံ၊ သည်။ ဟောတိ၊ ၏(လိုက်)။ ဇီဝိတိန္ဒြိယဿ စ၊ ဇီဝိတိန္ဒြေ၏လည်း။ ကမ္မဇရူပါနုပါလနေ[၁]၊ ကမ္မဇရုပ်ကို စောင့်ရှောက်ခြင်း၌။ အာဓိပတေယျံ၊ သည်။ ဟောတိ၊ ၏။ဣတိ၊ဤသို့။ဒဋ္ဌဗ္ဗံ၊၏။

၁။ ဤ၌ ဝိသုဒ္ဓိမဂ်မဟာဋီကာနှင့် အချို့ ဋီကာပါဌ်များမှာ "သဟဇရူပါနုပါလနေ" ဟု ရှိကြ၏။ သို့ရှိမူ "သဟဇရုပ်တို့ကို စောင့်ရှောက်ခြင်း၌" ဟု အနက်ယောဇနာကြပါလေ။

ဝိသယဝိသယီဘာဝတော၊ ဝိသယဝိသယီအဖြစ်ဖြင့်။ ဃဋ္ဋနဝသေန၊ ထိခိုက်ခြင်း၏အစွမ်းအားဖြင့်။ ဂဟေတဗ္ဗတ္တာ၊ ယူအပ်သည်၏ အဖြစ်ကြောင့်။ ဩဠာရိကံ၊ ဩဠာရိကရုပ်မည်၏။ တဗ္ဗိပရီတတ္တာ၊ ထိုမှ ပြန်သည်၏ အဖြစ်ဖြင့်။ သုခုမံ၊ သုခုမရုပ်မည်၏။ ဥပါဒိန္နန္တိ၊ ကား။ ကမ္မုနာ၊ ကံသည်။ ဂဟိတံ၊ အကျိုး၏ အဖြစ်ဖြင့် ယူအပ်သောရုပ်တည်း။ ဟိ သစ္စံ၊ ၏။ ကမ္မနိဗ္ဗတ္တံ၊ ကံကြောင့်ဖြစ်သော ရုပ်သည်။ တေ၊ ဤရုပ်သည်။ မမ၊ ငါကံ၏။ ဖလံ၊ အကျိုးတည်း။ဣတိ၊ ဤသို့၊ တေန ကမ္မုနာ၊ ထိုကံသည်။ ဂဟိတံ ဝိယ၊ ယူအပ်သကဲ့သို့။ ဟောတိ၊ ၏။

ကောဒသ။ ပ။ သပ္ပဋိဃန္တိ၊ ကား။ စက္ခုဝိညာဏာဝိသယေျတ္တာ၊ စက္ခုဝိညာဉ်ဖြင့် မသိအပ်သည်၏ အဖြစ်ဖြင့်။သနိဒဿနတ္တာဘာဝတော၊ သနိဒဿန အဖြစ်၏မရှိခြင်းကြောင့်။ အနိဒဿနံ၊ အနိဒဿနမည်၏။ ပန၊ အဖို့တပါးကို ဆိုဦးအံ့။ အညမညံ၊ အချင်းချင်း။ ပတနဝသေန၊ ရှေးရှုကျခြင်း၏ အစွမ်းအားဖြင့်။ ပဋိဃသမ္ဘဝတော[1]၊ထိခိုက်ခြင်း၏ ဖြစ်သင့်သောကြောင့်။ သပ္ပဋိဃံ၊ သပ္ပဋိဃမည်၏။ ဥဘယပဋိက္ခေပေန၊ နှစ်ပါးစုံသော သနိဒဿနသပ္ပဋိဃကို ပယ်ခြင်းဖြင့်။ အနိဒဿနအပ္ပဋိဃံ၊ အနိဒဿန အပ္ပဋိဃရုပ်မည်၏။ ကမ္မတော ဇာတန္တိ တွေ၊ ကမ္မတော ဇာတံ-ဟူသော ဤပါဌ်၌။ ကေဝလတော၊ စင်စစ်အားဖြင့်။ ကမ္မသမုဋ္ဌာနံ၊ ကံကြောင့်ဖြစ်သော။ အဋ္ဌိန္ဒြိယာနိ စ၊ ရှစ်ပါးသော ဣန္ဒြိယရုပ်တို့သည်းကောင်း။ ဝတ္ထုစ၊ဟဒယဝတ္ထုရုပ်လည်းကောင်း။ ဣတိ၊ဤသို့၊ နဝဝိဓံ၊ ကိုးပါးအပြားရှိသော၊ ယံ ရူပံ၊ အကြင်ရုပ်လည်းကောင်း။ ကောဒသဝိဓေ၊ တဆယ့်တပါးအပြားရှိသော။ စတုသမုဋ္ဌာနေ၊ စတုဇရုပ်၌။ ကမ္မသမုဋ္ဌာနံ၊သော။ကောဒသဝိဓေဝ၊တဆယ့်တပါးအပြားရှိသည်သာလျှင်ဖြစ်သော။ ယဉ္စ ရူပံ၊ အကြင်ရုပ်လည်းကောင်း။ ဣတိ ဧဝံ၊ ဤသို့။ ဝီသတိဝိဓမ္ပိ၊နှစ်ဆယ် အပြားရှိသော ရုပ်သည်လည်း။ ကမ္မတော၊ကံကြောင့်။ ဥပ္ပဇ္ဇနတော၊ ဖြစ်ခြင်းကြောင့်။ ကမ္မဇံ၊ကမ္မဇရုပ်မည်၏။ ဟိ သစ္စံ၊ ၏။ ယံ၊ အကြင်ရုပ်သည်။ဇာတံ၊ ဖြစ်ပြီ။ ယဉ္စ၊ သည်လည်း။ ဇာယတိ၊ ဖြစ်ဆဲ။ယဉ္စ၊ သည်လည်း။ ဇာယိဿတိ၊ ဖြစ်လတ္တံ့။ တံ သဗ္ဗမ္ပိ၊ ထို အလုံးစုံသော ရုပ်ကိုလည်း။ ကမ္မဇန္တိ၊ ကမ္မဇရုပ် ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ယထာ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ ဒုဒ္ဓန္တိ ယထာ၊ ဒုဒ္ဓ-ဟူသော ပုဒ်ကဲ့သို့တည်း။ ကမ္မတော၊ ကံမှ။ အညံ၊ အခြားတပါးတည်း။ အကမ္မံ၊ကံမှ အခြားတပါး။အကမ္မတော၊ ကံမှ အခြားတပါးသော အကြောင်းကြောင့်။ ဇာတံ၊ ဖြစ်သော ရုပ်သည်။ အကမ္မဇံ၊ အကမ္မဇရုပ်မည်၏။ ဟိ သစ္စံ၊ ၏။ အယံ အ-ကာရော၊ ဤ အ-အက္ခရာသည်။ အညတ္ထေ၊ အညအနက်၌။ ဟောတိ၊ ၏။ တေန၊ ကြောင့်။ တဒညပစ္စယာ ဇာတန္တိ၊ ဟူ၍။ အာဟ၊ ပြီ။

---

[1] ၁။ (ပဋိဃသမ္ဘဝတော-ဆင္ဌမူ)

ကမ္မတော၊ ကံမှ။ **အညပစ္စယတော၊** အခြားတပါးသော အကြောင်းကြောင့်။ ဇာတံ၊ ဖြစ်သောရုပ်တည်း။ ဥတုစိတ္တာဟာရဇံ၊ ဥတု, စိတ်, အာဟာရကြောင့်ဖြစ်သောရုပ်။ ဣတိ အယံ၊ ကား။ အတ္ထော၊ တဒညပစ္စယာ ဇာတံ-ဟူသောပါဌ်၏ အနက်တည်း။ **စိတ္တဇတ္တိကာဒီနိ၊** စိတ္တဇတိက် စသည်တို့ကို။ ပုတ္တာနုသာရေန၊ ဆိုအပ်ခဲ့ပြီးသည်ကို အစဉ်လျှောက်သဖြင့်။ ယောဇေတုံ၊ ယှဉ်ခြင်းငှါ။ သက္ကာ၊ စွမ်းနိုင်လောက်ပြီ။ ဣတိ၊ ကြောင့်။ န ဒဿိတာနိ၊ မပြအပ်ကုန်။

**ဒိဋ္ဌစတုက္ကေ၊** ဒိဋ္ဌစတုက္က၌။ အတ္ထော၊ ကို။ ဧဝံ၊ ဤသို့။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏ (ထည့်)။ ဒဋ္ဌဗ္ဗံ၊ ရှုမြင်အပ်၏။ ဣတိ၊ ကြောင့်။ ဒိဋ္ဌံ၊ ဒိဋ္ဌမည်၏။ ယံ ရူပါယတနံ၊ အကြင်ရူပါယတနကို။ အဒက္ခိ၊ မြင်ပြီ၊ ယဥ္စ၊ အကြင်ရူပါယတနကိုလည်း။ ပဿတိ၊ မြင်ဆဲ။ ယဥ္စ၊ အကြင်ရူပါယတနကိုလည်း။ ဒက္ခိတိ၊ မြင်လတ္တံ့။ (ငှင်းပုဒ်ကား ဒက္ခိဿတိနှင့် အနက်တူ၊ အနာဂတတ္တတည်း)။ ယဥ္စ၊ ကိုလည်း။ ပဿေယျ၊ မြင်ရာ၏။ တံ သဗ္ဗံ၊ ထို အလုံးစုံသော ရူပါယတနသည်။ ဒိဋ္ဌံ နာမ၊ ဒိဋ္ဌရုပ် မည်၏။ ကသ္မာ၊ မူကား။ တံသဘာဝါနတိဝတ္တနတော၊ ထို မြင်အပ်သော သဘောကို လွန်၍ မဖြစ်နိုင်သောကြောင့်တည်း။ ယထာ၊ မူကား။ ဣဋ္ဌန္တိ ယထာ၊ ဣဋ္ဌ-ဟူသော ပုဒ်ကဲ့သို့တည်း။ သုတာဒိသုပိ၊ သုတရုပ် စသည်တို့၌လည်း။ ဧသ ဧဝ နယော၊ ဤနည်းကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ စက္ခုဝိညာဏဝိညေယျတ္တာ၊ စက္ခုဝိညာဉ်ဖြင့် သိအပ်သည်၏ အဖြစ်ကြောင့်။ ရူပါယတနံ၊ သည်။ ဒိဋ္ဌံ နာမ၊ ဒိဋ္ဌရုပ်မည်၏။ သောတဝိညာဏဝိညေယျတ္တာ၊ သောတဝိညာဉ်ဖြင့် သိအပ်သည်၏ အဖြစ်ကြောင့်။ သဒ္ဒါယတနံ၊ သည်။ သုတံ နာမ၊ သုတရုပ်မည်၏။ မုတွာ ပတွာ၊ ရောက်၍။ ဂဟေတဗ္ဗတော၊ ယူအပ်သည်၏ အဖြစ်ကြောင့်။ ဝါ၊ တနည်းကား။ ပသာဒေန၊ ပသာဒနှင့်။ သဟ၊ တကွ။ သမ္ဗန္ဓနတော၊ စပ်ခြင်းကြောင့်။ ဂန္ဓရသဖောဋ္ဌဗ္ဗာယတနတ္တယံ၊ ဂန္ဓာယတန ရသာယတန ဖောဋ္ဌဗ္ဗာယတန သုံးပါးအပေါင်းသည်။ မုတံ နာမ၊ မုတရုပ်မည်၏။ တထာ ဟိ တေတော ဝေ၊ ထိုကြောင့် သာလျှင်။ တေံ၊ ဤဂန္ဓာယတန ရသာယတန ဖောဋ္ဌဗ္ဗာယတန သုံးပါးအပေါင်းကို။ သမ္ပတ္တဂ္ဂါဟကဝိသယံ၊ သမ္ပတ္တဂ္ဂါဟကဝိသယရုပ်ဟူ၍။ ဝုတ္တံ၊ မိန့်ဆိုအပ်ပြီ။ အဝသေသံ၊ ကြွင်းသောရုပ်သည်။ ကေဝလံ၊ သက်သက်။ မနောဝိညာဏဝိညေယျတ္တာ၊ မနောဝိညာဉ်ဖြင့် သိအပ်သည်၏ အဖြစ်ကြောင့်။ ဝိညာတံ နာမ၊ ဝိညာတရုပ်မည်၏။

ဒွါရဒွေ ဝတ္ထု စာတိ၊ ကား။ အတ္တနိဿိတာနံ၊ မိမိ၌မှီကုန်သော။ စက္ခုဝိညာဏာဒီနံ၊ စက္ခုဝိညာဉ်စသည်တို့၏။ အညနိဿိတာနံ၊ တပါးသောဟဒယဝတ္ထုရုပ်ကို မှီကုန်သော။ သမ္ပဋိစ္ဆနာဒီနံ၊ သမ္ပဋိစ္ဆိုင်းစိတ်စသည်တို့၏။ ပဝတ္တိ-

မုခဘာဝတော၊ ဖြစ်ခြင်း၏အကြောင်း အဦးအဝတံခါး၏ အဖြစ်ကြောင့်။ ဒွါရဉ္စေဝ၊ ဒွါရလည်းမည်၏။ အတ္တနိဿိတာနံ၊ မိမိ၌မှီသော စက္ခုဝိညာဉ်စသည်တို့၏။ အာဓာရဘာဝတော၊ တည်ရာ၏အဖြစ်ကြောင့်။ဝတ္ထု စ၊ ဝတ္ထုရုပ်လည်းမည်၏။ ဒွါရမေဝ ဟုတွာ န ဝတ္ထူတိ၊ ကား။ ကေဝလံ၊ သက်သက်။ ကမ္မဒွါရဘာဝတော၊ ကံဖြစ်ရာ ဒွါရ၏ အဖြစ်ကြောင့်။ ဒွါရမေဝ၊ ဒွါရသာလျှင်။ ဟောတိ၊ ၏။ တံ၊ ထိုဝိညတ်ဒွေးကို၊ ဝါ၊ သည်။ နိဿိတာ၊ မှီသော။ စိတ္တုပ္ပါဒါ၊ စိတ္တုပါဒ်၏။ အဘာဝတော၊ မရှိခြင်းကြောင့်။ဝတ္ထု၊ ဝတ္ထုသည်။ န ဟောတိ၊ မဖြစ်။ ဝတ္ထုမေဝ ဟုတွာ န ဒွါရန္တိ၊ ကား။ မနောဓာတု မနောဝိညာဏဓာတူနံ၊ မနောဓာတ် မနောဝိညာဏဓာတ်တို့၏။ နိဿယဘာဝတော၊ မှီရာ၏အဖြစ်ကြောင့်။ ဝတ္ထုမေဝ၊ ဝတ္ထုသာလျှင်။ ဟောတိ၊ ၏။ စက္ခာဒယော ဝိယ၊ စက္ခုစသည်တို့ကဲ့သို့။ သပရနိဿိတာနံ၊ မိမိနှင့် သူတပါးကို မှီတတ်ကုန်သော စိတ်တို့၏။ ပဝတ္တိဒွါရဘာဝါဘာဝတော၊ ဖြစ်ရာဒွါရ၏အဖြစ် မရှိခြင်းကြောင့်။ ဒွါရံ၊ ဒွါရသည်။ န ဟောတိ၊ မဖြစ်။ သေသံ၊ ကြွင်းသော။ ဝီသတိဝိဓံ[1]၊ နှစ်ဆယ်အပြားရှိသော။ ရူပံ၊ ရုပ်သည်။ ဝုတ္တဝိပရိယာယတော၊ ဆိုအပ်ခဲ့ပြီးသည်မှ ပြန်သောအားဖြင့်။ နေဝ ဒွါရံ န ဝတ္ထု စ၊ ဒွါရလည်းမဖြစ် ဝတ္ထုလည်းမဖြစ်သော ရုပ်မည်၏။ စတုတ္ထစတုက္ကေတိ၊ ကား။ ဝတ္ထုစတုက္ကေ၊ ဝတ္ထုစတုက္က၌။ တတိယပဒန္တိ၊ ကား။ ဝတ္ထုမေဝ ဟုတွာ နေဝိန္ဒြိယန္တိ ပဒံ၊ ဝတ္ထုမေဝ ဟုတွာ နေဝိန္ဒြိယံ-ဟူသော ပုဒ်ကို (ဝုတ္တံ-ဟူသောသံဝဏ္ဏေတဗ္ဗမှာ စပ်)။

၃၃၉-၄၀။ ပုန၊ တဖန်။ ပဉ္စဝိဓံ၊ ငါးပါးအပြားရှိ၏။ ဣတိ အယံ၊ ကား။ သမ္ဗန္ဓော၊ စာစပ်တည်း။ စတူဟိယေဝ၊ လေးပါးသော အကြောင်းတို့ကြောင့်သာလျှင်။ သမုဋ္ဌာနတော၊ ဖြစ်ခြင်းကြောင့်။ စတုဇန္တိ၊ လေးပါးသော အကြောင်းတို့ကြောင့် ဖြစ်၏ဟူ၍။ ပကာသိတံ၊ ပြအပ်၏။

တေန၊ ထိုစက္ခုဝိညာဉ်သည်၊ ဝါ၊ ဖြင့်။ ဂဟေတဗ္ဗတော၊ ယူအပ်သည်၏အဖြစ်ကြောင့်။ ရူပါယတနံ၊ သည်။ စက္ခုဝိညာဏဝိညေယျံ၊ စက္ခုဝိညာဏဝိညေယျရုပ်မည်၏။ စက္ခုဝိညာဏေနေဝ၊ စက္ခုဝိညာဉ်ဖြင့်သာလျှင်။ ဝိညေယျတောပန၊ သိအပ်သည်၏ အဖြစ်ကြောင့်ကား။ န စက္ခုဝိညာဏဝိညေယျံ၊ စက္ခုဝိညာဏဝိညေယျရုပ်မည်သည်မဟုတ်။တထာ ဟိ တတော ဧဝ၊ ထိုကြောင့်သာလျှင်။ တံ၊ ဤရူပါယတနကို။ အာဝဇ္ဇနာဒီဟိ စေဝ၊ အာဝဇ္ဇန်းစသော စိတ်တို့သည် လည်းကောင်း။မနောဒွါရိကဇဝနေဟိ စ၊ မနောဒွါရ၌ ဖြစ်သော ဇော

---

၁။ ဤ၌ ၁၉-ခုဟော ဧကူနဝီသတိဝိဓံ ၂၁-ခုဟော ဧကဝီသတိဝိဓံ-ဟု စာများမှာ ပါ၌ အထွေထွေပျက်လျက်ရှိကြသည်၊ သတိရှိစေ။

တို့သည် လည်းကောင်း။ ဝိညာယတိ၊ သိအပ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ ၏။ သောတဝိညာဏဝိညေယျတာဒီသုပိ၊ သောတဝိညာဏ ဝိညေယျ အဖြစ်စသည် တို့၌လည်း။ သေ ဧသော နယော၊ ဤနည်းကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ ပန၊ အဖို့တပါးကို ဆိုဦးအံ့။ ကေဝလံ၊ သက်သက်။ မနောဝိညာဏေနေဝ၊ မနောဝိညာဉ်ဖြင့်သာလျှင်။ ဝိညာတဗ္ဗံ၊ သိအပ်သောရုပ်သည်။ မနောဝိညာဏဝိညေယျံ၊ မနောဝိညာဏဝိညေယျရုပ်မည်၏။ ဟိ သစ္စံ၊ ၏။ ရူပါဒိတော၊ ရူပါရုံ စသည်မှ။ အညတ္တ၊ တပါးသော အာရုံ၌။ စက္ခုဝိညာဏာဒီနိ၊ စက္ခုဝိညာဉ် စသည်တို့သည်။ န ပဝတ္တန္တိ၊ မဖြစ်ကုန်။

ဆဝတ္ထုဘေဒတောတိ၊ ကား။ ဆန္နံ ဝတ္ထူနံ စ၊ ခြောက်ပါးသော ဝတ္ထုရုပ် တို့၏လည်းကောင်း။ အဝတ္ထုဿ စ၊ ဝတ္ထုမဟုတ်သော ရုပ်၏ လည်းကောင်း။ ဘေဒတော၊ အပြားအားဖြင့် (သတ္တဝိဓံ ဟောတိ-မှာ စပ်)။ ရူပါဒိပဥ္စကံ၊ ရူပါရုံစသော အာရုံငါးပါးအပေါင်းသည်။ မနောဓာတုဝိညေယျံ၊ မနောဓာတ် ဖြင့် သိအပ်သောရုပ်မည်၏။

မနာယတနဿ၊ မနာယတန၏။ အရူပတ္တာ စ၊ နာမ်၏ အဖြစ်ကြောင့် လည်းကောင်း။ ဓမ္မာယတနဿ၊ ဓမ္မာယတန၏။ ဧကဒေသတော၊ တစိတ် တဒေသအားဖြင့်။ ရူပတ္တာ စ၊ ရုပ်၏အဖြစ်ကြောင့် လည်းကောင်း။ အာယ-တနဘေဒတော ကောဒသဝိဓန္တိ၊ ဟူ၍။ အာဟ၊ ပြီ။

၇၄၃-၅။ အရူပဘဝေ၊ အရူပဘုံ၌။ ရူပပ္ပဝတ္တိယာ၊ ရုပ်ဖြစ်ခြင်း၏။ အဘာဝ-တော စ၊ မရှိခြင်းကြောင့်လည်းကောင်း။ အသညီဘဝဿ၊ အသညသတ်ဘုံ၏။ ရူပဘဝပရိယာပန္နတ္တာ စ၊ ရူပဘုံ၌ တွက်ကျုံးဝင်သည်၏ အဖြစ်ကြောင့် လည်း ကောင်း၊ ကာမရူပဘဝဒ္ဝယေတိ၊ ဟူ၍။ ဝုတ္တံ၊ ပြီ။ ဘုမ္မဝဇ္ဇေသူတိ ဧတ္ထ၊ ဘုမ္မ-ဝဇ္ဇေသု-ဟူသော ဤပါဌ်၌။ ဘုမ္မဒေဝါနံ၊ ဘုမ္မစိုးနတ်တို့ကို။ ဝဇ္ဇနံ၊ ကြဉ်ခြင်းကို။ ယောနိဝိဘာဂံ၊ ယောနိဝိဘာဂသို့။ ပတ္ဝာ၊ ရောက်၍။ တေသံ၊ ထိုဘုမ္မစိုး နတ်တို့၏။ မနုဿသဒိသတ္တာ၊ လူနှင့် တူသည်၏ အဖြစ်ကြောင့်။ ကတံ၊ ပြုအပ်၏ (ထည့်)။ ပုရိမာ တိဿောတိ၊ ကား။ အဏ္ဍဇဇလာဗုဇသံသေဒဇ-ယောနိယော၊ အဏ္ဍဇပဋိသန္ဓေ ဇလာဗုဇပဋိသန္ဓေ သံသေဒဇပဋိသန္ဓေတို့သည် (န သန္တိ-မှာစပ်)။ ဟိ သစ္စံ၊ ၏။ တာ၊ ထိုအဏ္ဍဇစသော ပဋိသန္ဓေသုံးပါး တို့ကို။ ယထာဝုတ္တပ္ပဘေဒေသု၊ အကြင်ကြင်ဆိုအပ်ခဲ့ပြီးသော အပြားရှိသော ဘုံတို့၌။ န လဗ္ဘန္တိ၊ မရအပ်ကုန်။ စ၊ ဆက်၍ ဆိုဦးအံ့။ တာသံ၊ ထိုအဏ္ဍဇ စသော ပဋိသန္ဓေသုံးပါးတို့ကို။ ပဋိက္ခေပေန၊ ပယ်ခြင်းဖြင့်။ ပစ္ဆိမာ၊ နောက်၌ ဖြစ်သော။ ဩပပါတိကယောနိ၊ ဥပပါတ်ပဋိသန္ဓေကို။ အနုညာတာ၊ ခွင့်ပြု တော်မူအပ်၏။ ဣတိ၊ ဤသို့။ အတ္ထတော၊ အနက်အားဖြင့်။ အာပန္နမေဝ၊ ရောက်သည် သာလျှင်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ ၏။

တတ္ထ ဝစနေ၊ ထိုစကားရပ်၌။ နိရယေတိ ဣမိနာ၊ နိရယေ-ဟူသော ဤပါဌ်ဖြင့်။ ဥဿဒါနမ္ပိ၊ ဥဿဒငရဲတို့ကိုလည်း။ ဂဟဏတော၊ ယူခြင်းကြောင့်။ အဝီစိမဟာနိရယေ[၁]၊ မဟာအဝီစိငရဲ၌။ ကီဠပါဏကာနမ္ပိ၊ ပိုးကောင်သတ္တဝါတို့၏လည်း။ သရီရံ၊ ကိုယ်သည်။ ပစ္စာ၊ နောက်၌။ ဝစ္စနကာ၊ ကြီးပွါးသည်။ ဟုတွာဝ၊ ဖြစ်၍သာလျှင်။ နိဗ္ဗတ္တတိ၊ ဖြစ်၏။ နိဇ္ဈာမတဏှိက ပေတာနံ၊ နိဇ္ဈာမတဏှိက ပြိတ္တာတို့အား။ နိစ္စာတုရတာယ၊ အမြဲကျင်နာသည်၏ အဖြစ်ဖြင့်။ ကာမသေဝါယ[၂]၊ ကာမဂုဏ် မှီဝဲခြင်း၏။ အဘာဝတော၊ မရှိခြင်းကြောင့်။ ဂဗ္ဘဂ္ဂဟဏံ၊ ကိုယ်ဝန်ယူခြင်းသည်။ န ဟောတိ၊ မဖြစ်နိုင်။ တသ္မာ၊ ကြောင့်။ အဏ္ဍဇဇလာဗုဇယောနိယော၊ အဏ္ဍဇ ပဋိသန္ဓေ ဇလာဗုဇ ပဋိသန္ဓေတို့သည်။ တတ္ထ၊ ထိုနိဇ္ဈာမတဏှိက ပြိတ္တာဘုံ၌။ န သန္တိ၊ မရှိကုန်။ အာဒိတ္တတ္တာ၊ မီးလျှံတပြောင်ပြောင် တောက်လောင်သည်၏ အဖြစ်ကြောင့်။ကုစ္ဆိယံ၊ ဝမ်း၌။ ဂဗ္ဘံ၊ ကိုယ်ဝန်သည်။ န ပတိဋ္ဌာတိ၊ မတည်နိုင်။ ဣတိ၊ ဤသို့။ ကေစိ၊တို့သည်။ ဝဒန္တိ၊ကုန်၏။ စ၊ ဆက်၍ ဆိုဦးအံ့။ နိဗ္ဗတ္တမာနာနံ၊ ဖြစ်ကုန်သော သတ္တဝါတို့အား။ ပါပကမ္မာနုဘာဝေန၊ မကောင်းမှုကံ၏ အစွမ်းအာနုဘော်ဖြင့်။ မဟာဒုက္ခသ၊ ကြီးစွာသော ဆင်းရဲခြင်းသို့။ ပတ္တဗ္ဗတ္တာ၊ ရောက်အပ်သည်၏ အဖြစ်ကြောင့်။ မဟန္တေနေဝ၊ ကြီးသည်သာလျှင် ဖြစ်သော။ သရီရေန၊ ကိုယ်သည်။ ဘဝိတဗ္ဗံ၊ ဖြစ်ရာ၏။ ဣတိ၊ ကြောင့်။ သံသေဒဇယောနိပိ၊ သံသေဒဇပဋိသန္ဓေသည်လည်း။ တေသံ၊ ထိုနိဇ္ဈာမတဏှိက ပြိတ္တာတို့အား။ န ဟောတိ၊ မဖြစ်။ အဂ္ဂိဇာလာယ၊ ငရဲမီးလျှံဖြင့်။ သန္တပ္ပမာနသရီရတ္တာ၊ ပူလောင်သော ကိုယ်ရှိသည်၏ အဖြစ်ကြောင့်။ တေသံ၊ ထိုနိဇ္ဈာမတဏှိက ပြိတ္တာတို့၏။ နိဗ္ဗတ္တကာလေ၊ ဖြစ်သောအခါ၌။ အလ္လဌာနေ စ၊ စိုစွတ်သော အရာ၌လည်းကောင်း။ ပုပ္ဖါဒီသု စ၊ ပန်းစသည်တို့၌ လည်းကောင်း။ သမ္ဘဝါဘာဝတော၊ ဖြစ်သင့်ခြင်း၏ မရှိခြင်းကြောင့်။ သံသေဒဇတာ၊ သံသေဒဇ၏ အဖြစ်သည်။ နတ္ထေဝ၊ မရှိသည်သာလျှင်တည်း။ ဣတိပိ၊ ဤသို့လည်း။ ဝဒန္တိ၊ ကုန်၏။ တေန၊ ကြောင့်။ တေသံ၊ ထိုနိဇ္ဈာမတဏှိကပြိတ္တာတို့အား။ ဩပပါတိကာဝ၊ ဥပပါတ်သာလျှင်ဖြစ်သော။ ယောနိ၊ ပဋိသန္ဓေသည်။ ဟောတိ၊ ၏။ ဣတိ၊ ကြောင့်။ နိဇ္ဈာမတဏှိကေတိ၊ ဟူ၍။ အာဟ၊ ပြီ။

အထ၊ ထိုသို့ဖြစ်သည်ရှိသော်။ သံသေဒဇ ဩပပါတိက ယောနီနံ၊ သံသေ-ဒဇပဋိသန္ဓေ ဥပပါတ်ပဋိသန္ဓေတို့၏။ ဝိသေသော၊ အထူးကား။ ကော၊ အဘယ်

---

၁။ ဤဝါကျ၌ ပါဌ်နေနှင့် အဓိပ္ပာယ်ကို ဆင်ခြင်လေ။ ငါတို့ကား။ "တတ္ထ နိရယေတိ ဥဿဒါနမ္ပိ ဂဟဏတော သဥဿဒေ အဝီစိ မဟာ နိရယေ" ဟု ပါဌ်ရှိသင့်သည် ထင်၏။ ဆင်ခြင်၍ ယူလေ။

၂။ (ကာမဿ-ဆန္ဒမှု)

နည်း။ ဣတိ အယံ၊ ကား။ ပုစ္ဆာ၊ အမေးတည်း။ ဝိဿဇ္ဇနာ၊ အဖြေကို။ မယာ၊ ငါသည်။ ဝုစ္စတေ၊ ဆိုဦးအံ့။ တာဝ၊ ရှေးဦးစွာ။ သံသေဒဇာ၊ သံသေဒဇပုဂ္ဂိုလ်သည်။ ခုဒ္ဒကသရီရော၊ သေးငယ်သောကိုယ်ရှိသည်။ ဟုတွာ၊ ဖြစ်၍။ ပဒုမဂဗ္ဘာဒိ၊ ပဒုမ္မာကြာတိုက်စသည်ကို။ နိဿာယ၊ မှီ၍။ နိဗ္ဗတ္တော၊ ဖြစ်သည်ဖြစ်၍။ ကမေန၊ အစဉ်အားဖြင့်။ ဝဍ္ဎတိ၊ ကြီးပွါး၏။ ဣတရော ပန၊ ဤမှတပါးသော ဥပပါတ် ပုဂ္ဂိုလ်သည်ကား။ ယတ္ထ ယတ္ထ၊ အကြင် အကြင် ဘဝဂတိတို့၌။ နိဗ္ဗတ္တတိ၊ ဖြစ်၏။ တတ္ထ တတ္ထ၊ ထိုထိုဖြစ်ရာ ဘဝဂတိတို့၌။ ပရိစ္ဆိန္နပ္ပမာဏသရီရောဝ၊ ပိုင်းခြားအပ်သော ပမာဏရှိသော ကိုယ်ရှိသည်ဖြစ်၍သာလျှင်။ သောဠသဝဿုဒ္ဒေသိကော ဝိယ၊ တဆယ့်ခြောက်နှစ် ရွယ်ကဲ့သို့။ ပရိပုဏ္ဏင်္ဂပစ္စင်္ဂေါ၊ ပြည့်စုံသော အင်္ဂါကြီးငယ်ရှိသည် ဖြစ်၍။ ပါတုရဟောသိ၊ ထင်ရှားဖြစ်ပြီ။

**သေသေ** ဂတိတ္တယေတိ၊ ကား။ ဒေဝဂတိ စ၊ ဒေဝဂတိကိုလည်းကောင်း။ နိရယဂတိဉ္စ၊ နိရယဂတိကိုလည်းကောင်း။ ဌပေတွာ၊ ချန်ထား၍။ အဝသေ-သမနုဿ ပေတတိရစ္ဆာနသညိတေ၊ ကြွင်းသော မနုဿဂတိ ပေတဂတိ တိရစ္ဆာနဂတိ အမည်ရှိသော။ ဂတိတ္တယေ၊ ဂတိသုံးပါးအပေါင်း၌။ ဟိ ဝိတ္ထာ-ရေမိ၊ အံ့။ မနုဿေသု၊ လူတို့တွင်။ ကေစိ၊ အချို့သော ပုဂ္ဂိုလ်တို့သည်။ အဏ္ဍဇာပိ၊ အဏ္ဍဇတို့သည်လည်း။ ဟောန္တိ၊ ကုန်၏။ ကေ ဝိယ၊ အဘယ် ပုဂ္ဂိုလ်တို့ကဲ့သို့နည်း ဟူမူကား။ ကုန္တ[1] ပုတ္တ ဒွေဘာတိကတိဿတ္ထေရာ ဝိယ၊ ကုန္တ ပုတ္တ တိဿထေရ် ညီနောင်နှစ်ပါး တို့ကဲ့သို့တည်း။ ကေစိ၊ တို့သည်။ သံသေဒဇာပိ၊ သံသေဒဇတို့သည်လည်း။ ဟောန္တိ၊ ကုန်၏။ ကေ ဝိယ၊ ဟူမူကား။ ပဒုမဂဗ္ဘေ၊ ပဒုမ္မာကြာတိုက်၌။ နိဗ္ဗတ္တ ပေါက္ခရသာတိဗြာဟ္မဏာဒယော ဝိယ၊ ဖြစ်သော ပေါက္ခရသာတိပုဏ္ဏား စသည်တို့ကဲ့သို့တည်း။ ကေစိ၊ တို့သည်။ ဩပပါတိကာပိ၊ ဥပပါတ်ပဋိသန္ဓေနေကုန်သည်လည်း။ ဟောန္တိ၊ ကုန်၏။ ကေ ဝိယ၊ ဟူမူကား။ အမ္ဗပါလိဂဏိကာဒယော ဝိယ၊ အမ္ဗပါလိ ပြည့်တန်ဆာမစသည်တို့ ကဲ့သို့တည်း။ ပန၊ အဖို့တပါးကို ဆိုဦးအံ့။ နိဇ္ဈာမတဏှိကာဝသေသပေတာ စ၊ နိဇ္ဈာမတဏှိကပြိတ္တာမှ ကြွင်းသော ပြိတ္တာတို့သည်လည်းကောင်း။ သဗ္ဗစတုပ္ပ-ဒပက္ခိဇာတိဒီဃဇာတိအာဒယော၊ အလုံးစုံ အခြေလေးချောင်းရှိသော သတ္တဝါ ဇာတ် ငှက်ဇာတ်ရှိသော သတ္တဝါ မြွေဇာတ်ရှိသော သတ္တဝါ အစရှိကုန်သော။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ တိရစ္ဆာနာ စ၊ တိရစ္ဆာန်တို့သည်လည်း ကောင်း။ စတုယောနိကာဝ၊ လေးပါးသော ပဋိသန္ဓေ ရှိကုန်သည်သာလျှင်တည်း။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ ၏။

---

[1] ၁။ (ကုန္တ....ဆင္စမှု)

၇၄၆-၇။ ဂန္ထေ မာတုကုစ္ဆိယံ၊အမိဝမ်းတိုက်၌။သေတိ၊ကိန်းတတ်ဖြစ်တတ်၏။ ဣတိ၊ ကြောင့်။ ဂဗ္ဘသေယျကော၊ ဂဗ္ဘသေယျကမည်၏။ သောဃေဝ၊ ထိုဂဗ္ဘ-သေယျကသည်ပင်လျှင်။ ရူပါဒီသု၊ ရူပါရုံစသည်တို့၌၊ ဝါ၊ ရူပက္ခန္ဓာစသည်တို့၌။ သတ္တတာယ၊ တပ်နှစ်သက်တတ်သည်၏ အဖြစ်ကြောင့်။ ဂဗ္ဘသေယျကသတ္တော၊ ဂဗ္ဘသေယျကသတ္တမည်၏။ တဿ ဂဗ္ဘသေယျကသတ္တဿ၊ ထိုဂဗ္ဘသေယျက ပုဂ္ဂိုလ်အား (ဇာယန္တေ-မှာစပ်)။ တိံသ ရူပါနီတိ၊ ကား။ ကာယဘာဝဝတ္ထု-ဒသကဝသေန၊ ကာယဒသက ဘာဝဒသက ဝတ္ထုဒသကတို့၏ အစွမ်းအားဖြင့်။ သမတိံသကမ္မဇရူပါနိယေဝ၊ အမျှ သုံးဆယ်သော ကမ္မဇရုပ်တို့သည်သာလျှင်။ ဟိ ဝိတ္ထာရေမိ၊ အံ့။ တဒါ၊ ထိုပဋိသန္ဓေအခါ၌။ စိတ္တဇရူပံ၊ စိတ္တဇရုပ်သည်။ နေဝ အတ္ထိ၊ မရှိသည်သာလျှင်တည်း။ ကသ္မာ၊ မူကား။ ပဋိသန္ဓိစိတ္တဿ၊ ပဋိသန္ဓေ စိတ်၏။ ရူပသမုဋ္ဌာပကတ္တာဘာဝတော၊ ရုပ်ကိုဖြစ်စေတတ်သည်၏ အဖြစ် မရှိခြင်းကြောင့်တည်း။ ဥတုဇံ၊ ဥတုဇရုပ်သည်။ နာပိအတ္ထိ၊ ရှိလည်း မရှိ။ ကသ္မာ၊ မူကား။ ပုရိမုပ္ပန္နဥတုနော၊ ရှေး၌ဖြစ်သော ဥတု၏။ အဘာဝါ၊ မရှိခြင်းကြောင့် တည်း။ ဟိ ဝိတ္ထာရေမိ၊ အံ့။ ဌာနပ္ပတ္တော၊ ဌီသို့ရောက်သော။ ဥတု၊ ဥတုသည်။ ရူပံ၊ ကို။ သမုဋ္ဌာပေတိ၊ ဖြစ်စေ၏။ အာဟာရဇံ၊ အာဟာရဇရုပ်သည်။ နစ အတ္ထိ၊ ရှိလည်းမရှိ။ ကသ္မာ၊ မူကား။ တသ္မိံ ကာလေ၊ ထိုပဋိသန္ဓေအခါ၌။ အဇ္ဈောဟဋဿ၊ စားမျိုအပ်သော အာဟာရ၏။ အဘာဝတော၊ မရှိခြင်း ကြောင့်တည်း။ တသ္မာ၊ ကြောင့်။ ကမ္မသမုဋ္ဌာနာနိယေဝ၊ ကံကြောင့်သာလျှင် ဖြစ်ကုန်သော။ တိံသ ရူပါနိ၊ သုံးဆယ်သော ရုပ်တို့သည်။ ပဋိသန္ဓိက္ခဏေ၌။ နိဗ္ဗတ္တန္တိ၊ ကုန်၏။ ယာနိ၊ အကြင်သုံးဆယ်သော ရုပ်တို့ကို။ ကလလရူပန္တိ၊ ကလလရုပ်ဟူ၍။ ပဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။ ပရိပိဏ္ဍိတာနိ၊ ပေါင်းအပ်ကုန်သော။ တာနိ စ၊ ထိုသုံးဆယ်သော ရုပ်တို့သည်လည်း (သမာနာနိ ဟောန္တိ-မှာ စပ်)။ ဇာတိဥဏ္ဏာယ၊ ဇာတိဥဏ္ဏာမည်သော သားကောင်၏ (အံသုနော-မှာ စပ်)။ ပသန္နတိလတေလေ၊ ကြည်လင်သော နှမ်းဆီ၌။ ပက္ခိပိတွာ၊ထည့်၍။ ဥဒ္ဓဋဿ၊ ထုတ်ယူအပ်သော။ ကေဿ၊ တချောင်းသော။ အံသုနော၊ အမွေး၏ (အဂ္ဂေ-မှာစပ်)။ ပဂ္ဃရိတွာ၊ ယိုစီး၍။ အဂ္ဂေ၊ အဖျား၌။ ဌိတဗိန္ဒုမတ္တာနိ၊ တည်သော ဆီပေါက်မျှ ရှိကုန်သည်ဖြစ်၍။ အစ္ဆာနိ ဝိပ္ပသန္နာနိ၊ အထူးသဖြင့် ကြည်လင် ကုန်သည်ဖြစ်၍။ ပသန္နတိလတေလဗိန္ဒုသမာနာနိ၊ ကြည်လင်သော နှမ်းဆီ ပေါက်နှင့် တူကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ယထာဟု ကိံ အာဟု၊ ရှေးဆရာတို့ အဘယ်ကဲ့သို့ မိန့်ဆိုတော်မူကြကုန်သနည်း ဟူမူကား။ တိလ-တေလ။ ပ။ သမ္ပဝုစ္စတီတိ၊ ဟူ၍။ အာဟု၊ မိန့်ဆိုတော်မူကြကုန်ပြီ။

(တိလတေလဿ၊ နှမ်းဆီ၏။ အနာဝိလော၊ မနောက်ကျုသော။ ဗိန္ဒု ယထာ၊ အပေါက်အစက်ကဲ့သို့။ သပ္ပိမဏ္ဍော ယထာ၊

ထောပတ်ကြည်ကဲ့သို့။ ဇဝံ၊ ဤသို့။ ဝဏ္ဏပဋိဘာဂံ၊ တူသော အဆင်း ရှိသော ရုပ်ကို။ ကလလံ၊ ကလလရုပ်ဟူ၍။ သမ္ဗဝုစ္စတိ၊ ဆိုအပ်၏။)

**သဘာဝဿေဝါတိ** ဧတ္ထ၊ သဘာဝဿေဝ-ဟူသော ဤပုဒ်၌။ **အဝဓာရဏေန**၊ ဧဝ-သဒ္ဒါဖြင့် (ဒီပေတိ-မှာ စပ်)။ **အဘာဝကဿ**၊ ဘာဝမရှိသော ပုဂ္ဂိုလ်အား။ ဘာဝဒသကာဘာဝတော၊ ဘာဝဒသက၏ မရှိခြင်းကြောင့်။ တံ သရူပါနံ၊ သုံးဆယ်သောရုပ်တို့၏။ အသမ္ဘဝံ၊ မဖြစ်သင့်ခြင်းကို။ ဒီပေတိ၊ ပြ၏။ တေန၊ ကြောင့်။ **အဘာဝ**။ပ။**ကာယဝတ္ထုဝသေန** တူတိ၊ ဟူ၍။ **အာဟ**၊ ပြီ။**အဘာဝဂဗ္ဘ-သေယျာနန္တိ** ဣမိနာ၊အဘာဝဂဗ္ဘသေယျာနံ-ဟူသော ဤပါဌ်ဖြင့်။ အဘာဝသြ-ပပါတိကာနံ၊ ဘာဝမရှိသော ဥပပါတ် ပုဂ္ဂိုလ်တို့အား။ ဇဝံ၊ ဤသို့။ န ဟောတိ၊ မဖြစ်။ ဣတိ၊ ဤသို့။ ဒဿေတိ၊ ပြ၏။ ဣတိ၊ ဤသို့။ ကေစိ၊ အချို့သော ဆရာတို့သည်။ **ဝဒန္တိ**၊ ကုန်၏။ ပန၊ ယင်းသို့ပင် ကေစိဆရာတို့ ဆိုကြသော် လည်း။ သဘာဝကဂဗ္ဘသေယျကဿ၊ ဘာဝရှိသော ဂဗ္ဘသေယျက ပုဂ္ဂိုလ် အား။ ပုဗ္ဗေ၊ ရှေး၌။ ဝတ္ဝါ၊ ရုပ်ဖြစ်ခြင်းကို ဆိုပြီး၍။ တတော၊ ထိုဘော မရှိ သော အဖြစ်မှ။ နိဝတ္တနတ္ထံ၊ နစ်စေခြင်း အကျိုးငှါ။ အဘာဝဂဗ္ဘသေယျာနန္တိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ပုဗ္ဗေ၊ ရှေး၌။ ဂဗ္ဘသေယျ-ကဂ္ဂဟဏေန၊ ဂဗ္ဘသေယျက ပုဂ္ဂိုလ်ကို ယူခြင်းဖြင့်၊ ဝါ၊ ဂဗ္ဘသေယျကသဒ္ဒါဖြင့်။ အဏ္ဍဇာနမ္ပိ၊ အဏ္ဍဇပုဂ္ဂိုလ်တို့ကိုလည်း။ ဂဟဏေ၊ ယူခြင်းသည်။ သတိ၊ ရှိသော်။ ဣဓ၊ ဤအရာ၌။ ဝိသုံ ဝစနံ၊ အသီးအခြားဆိုခြင်းကို။ ဝေါဟာလိဗဒ္ဒညာယဝ-သေန၊ ဂေါဗလိဗဒ္ဒနည်း၏ အစွမ်းအားဖြင့်။ ဝုတ္တံ၊ ဆိုအပ်၏ (ထည့်)။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ ၏။ တေသံ၊ ထိုအဏ္ဍဇပုဂ္ဂိုလ်တို့၏။ အဘာဝကဘာဝနိဝတ္တနတ္ထံ၊ ဘာဝမရှိသည်၏ အဖြစ်ကို နစ်စေခြင်း အကျိုးငှါ။ န ပန ဝုတ္တံ၊ ဆိုအပ်သည် မဟုတ်။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ ၏။ ဟိ၊ လဒ္ဓဒေါသကို ပြဆိုဦးအံ့။ ဣတ-ရထာ၊ အားဖြင့်။ အဗ္ဘေ၊ ကို။ ဂယှမာနေ၊ သော်။ ဝီသတိရူပါနံ၊ နှစ်ဆယ် သော ရုပ်တို့ကို။ ဝစနံ၊ ဆိုခြင်းသည်။ ဝိရုဇ္ဈတိ၊ ဆန့်ကျင်၏။ ပန၊ ဆက်၍ ဆိုဦးအံ့။ ဧတ္ထ၊ ဤအရာ၌။ အဏ္ဍဇာနံ၊ အဏ္ဍဇပုဂ္ဂိုလ်တို့၏။ အဘာဝကဘာ-ဝေါ၊ ဘာဝမရှိသည်၏ အဖြစ်ကို။ ပကရဏတော၊ အရာအားဖြင့်။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ ဟိ သစ္စံ၊ ၏။ ဂဗ္ဘသေယျကသဒ္ဒေန၊ ဂဗ္ဘသေယျကသဒ္ဒါနှင့်။ သမာသဘူတံ၊သမာသ်ဖြစ်၍ ဖြစ်သော။ အဘာဝ-သဒ္ဒံ၊ အဘာဝသဒ္ဒါကို။ ဣဓ၊ ဤပုဒ်သို့။ အာနေတုံ၊ ဆောင်ယူခြင်းငှါ။ န သက္ကာ၊ မတတ်ကောင်း။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ ၏။

၇၄၇။ **ဂဟိတာဂဟဏေနေတ္ထ ကောဒသ ဘဝန္တိ** တေတိ၊ ကား။ ကေသိံ ကလာပေ၊ တစည်းသော ကလာပ်၌။ ဂဟိတရူပါနံ၊ ယူအပ်ပြီးသော ရုပ်တို့ကို။ **အပရကလာပေ**၊ အခြားတပါးသော ကလာပ်၌။ **အဂ္ဂဟဏဝသေန**၊ မယူခြင်း၏

အစွမ်းအားဖြင့်။ သုဒ္ဓဋ္ဌကံ၊ သုဒ္ဓဋ္ဌကရုပ်လည်းကောင်း။ ဇီဝိတံ၊ ဇီဝိတရုပ်လည်းကောင်း။ ကာယပ္ပသာဒေါ၊ ကာယပသာဒရုပ်လည်းကောင်း။ ဝတ္ထုရူပံ၊ ဝတ္ထုရုပ်လည်းကောင်း။ ဣတိ၊ ဤသို့။ အဘာဝကဿ၊ ဘောမရှိသော ပုဂ္ဂိုလ်အား။ ပဋိသန္ဓိက္ခဏေ၊ ၌။ ကောဒသ ရူပါနိ၊-တဆယ့်တပါးသော ရုပ်တို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ ပန၊ ဆက်၍ ဆိုဦးအံ့။ သဘာဝကဿ၊ ဘောရှိသော ပုဂ္ဂိုလ်အား။ ဒွီသု ဘာဝေသု၊ နှစ်ပါးသော ဘောတို့တွင်။ ဧကေန၊ တခုသော ဘောနှင့်။ သဟ၊ တကွ။ ဒွါဒသ ရူပါနိ၊ ၁၂-ပါးသော ရုပ်တို့သည်။ ဘဝန္တိ၊ ကုန်၏။ ဧသေဝ စ နယောတိ ။ကား။ဝုတ္တော သု စ၊ ဆိုအပ်ခဲ့ပြီးသည်လည်း ဖြစ်ကုန်သော။ ဝက္ခမာနေသု စ၊ ဆိုအပ်လတ္တံ့သည်လည်းဖြစ်ကုန်သော။ပဋိသန္ဓိက္ခဏိကကလာပေသု၊ ပဋိသန္ဓေခဏ၌ဖြစ်သော ကလာပ်တို့တွင်၊ ဝါ၊ တို့၌။ အဂ္ဂဟိတဂ္ဂဟဏေန၊ မယူအပ်သေးသည်ကို ယူခြင်းဖြင့်။ ရူပဂ္ဂဟဏေ၊ ရုပ်ကို ယူခြင်း၌။ ဧသေဝ နယော၊ ဤနည်းကိုသာလျှင်။ ဉေယျော၊ သိအပ်၏။

၇၄၉။ စ စောဒေမိ၊ အံ့။ သဗ္ဗေသု၊ အလုံးစုံသော အရာတို့၌။ ဒသကေသူတိ၊ ဒသကေသု-ဟူ၍။ ဝုတ္တံ နနု၊ ဆိုအပ်သည်မဟုတ်ပါလော။ ပန၊ ယင်းသို့ ဆိုအပ်သည်ရှိသော်။ တေ ဒသကာ၊ ထိုဒသကတို့ကို။ ကထံ ဇာနိတဗ္ဗာ၊ အဘယ်သို့ သိအပ်ကုန်သနည်း။ ဣတိ စောဒိတဗ္ဗတော၊ ကြောင့်။ ဇီဝိတေနာတိ-အာဒိ၊ ကို။ အာဟ၊ ပြီ။ သုဒ္ဓကမဋ္ဌကန္တိ၊ ကား။ စတ္တာရိ၊ လေးပါးကုန်သော။ မဟာဘူတာနိ စ၊ မဟာဘုတ်ရုပ်တို့လည်းကောင်း။ တန္နိဿိတာ၊ ထိုမဟာဘုတ်ရုပ်ကို မှီကုန်သော။ ဝဏ္ဏဂန္ဓရသဩဇာ စ၊ ဝဏ္ဏ ဂန္ဓ ရသ ဩဇာတို့လည်းကောင်း။ ဣတိ ဣဒံ၊ ဤရုပ်ရှစ်ပါးအပေါင်းသည်။ ဇီဝိတာဒိနာ၊ ဇီဝိတရုပ်စသည်နှင့်။ အသမ္မိဿံ၊ မရောယှက်သည်ဖြစ်၍။ သုဒ္ဓဋ္ဌကံ၊ သုဒ္ဓဋ္ဌကမည်၏။ ဟိ သစ္စံ၊ ၏။ ဣမာနိယေဝ အဋ္ဌ၊ ဤရှစ်ပါးသော ရုပ်တို့သည်သာလျှင်။ ကတ္ထစိ၊ တစုံတခုသောအရာ၌။ အဝိနိဗ္ဘောဂဝသေန၊ မကွေ့မကွာဖြစ်ခြင်း၏ အစွမ်းအားဖြင့်။ ပဝတ္တိတော၊ ဖြစ်ခြင်းကြောင့်။ အဝိနိဗ္ဘောဂရူပါနီတိ စ၊ အဝိနိဗ္ဘောဂရုပ်တို့ ဟူ၍လည်းကောင်း။ အဝကံသတော၊ အနည်းဆုံး အယုတ်ဆုံးအားဖြင့်။ ဧကော ကလာပေါတိ စ၊ ကလာပ်တစည်းဟူ၍လည်းကောင်း။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။

အာစရိယဇောတိပါလတ္ထေရေန ပန၊ ဆရာဖြစ်သော ဇောတိပါလမထေရ် သည်ကား။ အဝိနိဗ္ဘောဂဝုတ္တိကာနိ၊ မကွေ့မကွာ ဖြစ်လေ့ရှိကုန်သော။ နိပ္ဖန္နာ-နိပ္ဖန္နဝသေန၊ နိပ္ဖန္န အနိပ္ဖန္နတို့၏ အစွမ်းအားဖြင့်။ ဒသ ရူပါနိ၊ ဆယ်ပါးသော ရုပ်တို့သည်။ ဧကော ကလာပေါ၊ ကလာပ်တစည်းမည်၏။ ဣတိ၊ ဤသို့။ဝတွာ၊ ဆိုပြီး၍။ ပုန၊ တဖန်။ တံသမတ္ထနတ္ထံ၊ ထိုစကားကို မြဲစေခြင်းအကျိုးငှာ—

အဝိနိဗ္ဘောဂဝုတ္တီနိ၊ စတုဇာနေ’က လက္ခဏာ။
နိပ္ဖန္နာန’ဋ္ဌ ဝါ တေသု၊ ဟိတွာ ကာယေကလက္ခဏေတိ–

အဝိ ။ပ။ လက္ခဏေ-ဟူသော။ ဣဒံ၊ ဤစကားကို။ ဝုတ္တံ၊ မိန့်ဆိုအပ်ပြီ။

(ကေလက္ခဏာ၊ တူသောလက္ခဏာရှိကုန်သည်ဖြစ်၍၊ စတုဇာနိ၊ လေးပါးသော အကြောင်းတို့ကြောင့် ဖြစ်ကုန်သော။ အဝိနိဗ္ဘောဂဝုတ္တီနိ၊ မကွေမကွာ ဖြစ်လေ့ရှိကုန်သော နိပ္ဖန္န၊ အနိပ္ဖန္နတို့၏ အစွမ်းအားဖြင့် ဆယ်ပါးသော ရုပ်တို့သည်။ ဧကော ကာယော၊ တစည်းသော ကလာပ်သည်။ ဟောန္တိ၊ ကုန်၏။ (ကာယေကလက္ခဏေ-၌ ကာယော ဧကော လက္ခဏေ-ဟု ပဒစ္ဆေဒပြု)။ တေသု၊ ထိုဆယ်ပါးသော ရုပ်တို့တွင်။ လက္ခဏေ၊ ဥပစယ, သန္တတိဟူသော လက္ခဏာရုပ်နှစ်ခုတို့ကို။ ဟိတွာ၊ ပယ်စွန့်၍။ အဋ္ဌဝါ၊ ရှစ်ပါးသော ရုပ်ဘို့သည်ကား။ နိပ္ဖန္နာနိ၊ နိပ္ဖန္နရုပ်တို့ မည်ကုန်၏။)

၇၅၀။ **ကာယဒသကန္တိ**၊ ကား။ ဧတ္ထ၊ ဤ ၁၀-ပါးသော ရုပ်တို့၌။ ဒသမော၊ ဆယ်ခုမြောက်ဖြစ်သော။ ကာယော၊ ကာယပသာဒသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ကြောင့်။ ကာယဒသကံ၊ ကာယဒသကမည်၏။ ဝါ၊ တနည်းကား။ အသာဓာရဏေန၊ မဆက်ဆံသော။ ကာယေန၊ ကာယပသာဒဖြင့်။ လက္ခိတံ၊ မှတ်အပ်သော။ ဒသကံ၊ ရုပ်ဆယ်ပါးအပေါင်းတည်း။ ကာယဒသကံ၊ မဆက်ဆံသော ကာယပသာဒဖြင့် မှတ်အပ်သော ရုပ်ဆယ်ပါးအပေါင်း။ စက္ခုဒသကာဒီသု၊ စက္ခုဒသက စသည်တို့၌။ သေ နယော၊ ဤနည်းကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ ပရိယာယုဒ္ဓံ ဉာတံ၊ သိအပ်၏။ ဝါ၊ တနည်းကား။ ကထိတံ၊ ဆိုအပ်၏။ ဣတိ အယံ၊ ကား။ အတ္ထော၊ တည်း။

၇၅၂-၃။ ကာမဘဝေရဒေဝေသု၊ ကာမဘဝစရနတ်တို့၌။ သဗ္ဗကာလံ၊ အခါခပ်သိမ်း။ ပဋိသန္ဓိပဝတ္တီသု၊ ပဋိသန္ဓေအခါ ပဝတ္တိအခါတို့၌။ သတ္တတိယာ ရူပါနံ၊ ခုနစ်ဆယ်သော ရုပ်တို့ကို။ လဗ္ဘနတော၊ ရအပ်သည်၏ အဖြစ်ကြောင့်။ **နိစ္စံ ရူပါနိ သတ္တတိတိ**၊ ဟူ၍။ ဝုတ္တံ၊ ပြီ။ ဟိ သစ္စံ ၏။ တေ၊ ထိုကာမဘဝစရနတ်ဘို့သည်။ ကဒါစိပိ၊ တရံတခါမျှလည်း။ ဝိကလိန္ဒြိယာ ဝါ၊ ချို့တဲ့သော ဣန္ဒြေရှိကုန်သည်လည်းကောင်း။ အဘာဝကာ ဝါ၊ ဘောမရှိကုန်သည်လည်းကောင်း။ န ဟောန္တိ၊ မဖြစ်ကုန်။ မနုဿေသု ပန၊ လူတို့၌ကား။ ဩပပါတိကသတ္တာနန္တိ၊ ဟူ၍။ အဝိသေသေန၊ သာမညအားဖြင့်။ ဝုတ္တေပိ၊ ဆိုအပ်သော်လည်း။ အာဒိကပ္ပိကာနံ၊ ကမ္ဘာဦးသူတို့အား။ ဘာဝဒသကဿ၊ ဘာဝဒသက၏။ ပဋိသန္ဓိက္ခဏေ၊ ၌။ အဘာဝတော၊ မရှိခြင်းကြောင့်။ တေသံ၊ ထိုကမ္ဘာဦးသူတို့အား။ သဋ္ဌိ ရူပါနိ၊ ခြောက်ဆယ်သော ရုပ်တို့သည်။ ဟောန္တိ၊

ကုန်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ ၏။ ဇီဝိတနဝကမှိ၊ ဇီဝိတနဝကသည်လည်း။ ကာမာဝစရသတ္တာနံ၊ ကာမာဝစရသတ္တဝါဖြစ်ကုန်သော။ သြပပါတိကာနံ စ၊ ဥပပါတ်ပုဂ္ဂိုလ်တို့အားလည်းကောင်း။ သံသေဒဇာနဥ္စ၊ သံသေဒဇပုဂ္ဂိုလ်တို့အားလည်းကောင်း။ ပဝတ္တေယေဝ၊ ပဝတ္တိအခါ၌သာလျှင်။ ဟောတိ၊ ၏။ ကသ္မာ၊ မူကား။ တဿ၊ ထိုဇီဝိတ၏။ ပါစကာဂ္ဂိနာ၊ ပါစကတေဇောနှင့်။ သဟာဝုတ္တိတ္တာ စ၊ တကွဖြစ်ခြင်းရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း။ တဿ၊ ထိုပါစကတေဇော၏။ အဇ္ဈောဟဋဒ္ဓာဟာရသန္နိဿယေန၊ စားမျိုအပ်သော အစာအာဟာရကို မှီခြင်းရှိသဖြင့်။ သမ္ဘဝတော စ၊ ဖြစ်သင့်သည်၏ အဖြစ်ကြောင့်လည်းကောင်းတည်း။

ပရိပုဏ္ဏာင်္ဂပစ္စင်္ဂါနံ၊ ပြည့်စုံသော အင်္ဂါကြီးငယ် ရှိကုန်သော။ သံသေဒဇာနမ္ပိ၊ သံသေဒဇပုဂ္ဂိုလ်တို့အားလည်း။ နိဗ္ဗတ္တနတော၊ ဖြစ်ခြင်းဖြင့်။ သြပပါတိကေဟိ၊ ဥပပါတ်ပဋိသန္ဓေနေသော ပုဂ္ဂိုလ်တို့နှင့်။ ဝိသေသော၊ အထူးသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ကြောင့်။ တေသံ၊ ထိုသံသေဒဇ ပုဂ္ဂိုလ်တို့ကို။ ဝိသုံ၊ အသီးအခြား။ အဂ္ဂဟဏံ၊ မယူခြင်းသည်။ ဟောတိ၊ ၏။ ဟိ သစ္စံ၊ ၏။ ဝိဘင်္ဂေပိ၊ ဝိဘင်းပါဠိတော်၌လည်း—

> ကာမဓာတုယာ၊ ကာမဓာတ်၌။ ဥပပတ္တိက္ခဏေ၊ ပဋိသန္ဓေအခါ၌။ ကဿစိ၊ အချို့သော ပုဂ္ဂိုလ်အား။ ကောဒသာယတနာနိ၊ ၁၁-ပါးသော အာယတနတို့သည်။ ပါတုဘဝန္တိ၊ ထင်ရှားဖြစ်ကုန်၏။ ကဿစိ၊ အား။ ဒသာယတနာနိ၊ ၁၀-ပါးသော အာယတနတို့သည်။ ပါတုဘဝန္တိ၊ ကုန်၏။ ကဿစိ၊ အား။ အပရာနိ၊ တပါးကုန်သော။ ဒသာယတနာနိ၊ တို့သည်။ ပါတုဘဝန္တိ၊ ကုန်၏။ ကဿစိ၊ အား။ နဝါယတနာနိ၊ ၉-ပါးသော အာယတနတို့သည်။ ပါတုဘဝန္တိ၊ ကုန်၏။ ကဿစိ၊ အား။ သတ္တာယတနာနိ၊ ၇-ပါးသော အာယတနတို့သည်။ ပါတုဘဝန္တိ၊ ကုန်၏—

ဣတိ ဣမသ္မိ၊ ဤပါဠိ၏။ နိဒ္ဒေသေ၊ နိဒ္ဒေသ၌။ သြပပါတိကသတ္တာနန္တိ-အာဒိနာ၊ သြပပါတိကသတ္တာနံ ဤသို့စသည်ဖြင့်။ သြပပါတိကဂ္ဂဟဏမေဝ၊ ဥပပါတ်ပုဂ္ဂိုလ်ကို ယူခြင်းကို၊ ဝါ၊ သြပပါတိကသဒ္ဒါကိုသာလျှင်။ ကတံ၊ ပြုတော်မူအပ်၏။ သံသေဒဇဂ္ဂဟဏံ၊ သံသေဒဇပုဂ္ဂိုလ်ကို ယူခြင်းကို၊ ဝါ၊ သံသေဒဇသဒ္ဒါကို။ န ကတံ၊ ပြုတော်မမူအပ်။ တဥ္စ၊ ထိုသို့မပြုခြင်းသည်လည်း။ ပရိပုဏ္ဏာယတနာနံ၊ ပြည့်စုံသော အာယတနရှိကုန်သော။ သံသေဒဇာနံ၊ သံသေဒဇပုဂ္ဂိုလ်တို့ကို။ သြပပါတိကေသု၊ တို့၌။ သင်္ဂဟိတော၊ သိမ်းသွင်းရေတွက်ခြင်းကြောင့်။ ဟောတိ၊ ၏။ တထာ ဟိ တတော ဧဝ၊

ထိုကြောင့်သာလျှင်။ အဋ္ဌကထာ ယံ၊ ၌။ သံသေဒဇ ။ပ။ ဝုတ္တာတိ၊ ဟူ၍။ ဝုတ္တံ၊ မိန့်ဆိုတော်မူအပ်ပြီ။

(သံသေဒဇယောနိကာ၊ သံသေဒဇပဋိသန္ဓေနေကုန်သော ပုဂ္ဂိုလ်တို့ကို။ ပရိပုဏ္ဏာယတနဘာဝေန၊ ပြည့်စုံသော အာယတနရှိသည်၏ အဖြစ်ဖြင့်။ ဩပပါတိကသင်္ဂဟံ၊ ဥပပါတ်ပုဂ္ဂိုလ်၌ သိမ်းယူခြင်းကို။ ကတွာ၊ ပြု၍။ ဝုတ္တာ၊ ဆိုအပ်ကုန်၏။)

ဝါ၊ တနည်းကား။ ပဓာနာယ၊ ပြဓာန်းသော။ ယောနိယာ၊ ပဋိသန္ဓေဖြင့်၊ ဝါ၊ ၌။ သဗ္ဗံ၊ အလုံးစုံသော။ ပရိပုဏ္ဏာယတနယောနိံ၊ ပြည့်စုံသော အာယတန ရှိသောပဋိသန္ဓေကို။ သင်္ဂဟေတွာ၊ အကျဉ်းရုံး၍။ ဒဿေတုံ၊ ငှါ။ ဩပပါတိက-သတ္တာနန္တိ၊ ဟူ၍။ ဝုတ္တံ၊ မိန့်ဆိုတော်မူအပ်ပြီ။

၇၅၄-၅။ စက္ခုသောတဝတ္ထုဝသာတိ၊ ကား။ စက္ခုဒသက သောတဒသက ဝတ္ထုဒသကဝသာ၊ စက္ခုဒသက သောတဒသက ဝတ္ထုဒသကတို့၏ အစွမ်းအားဖြင့် (တီကာ ၉ဝ ဒသကာနိ-စသည်မှာ စပ်)။ ပန၊ ဝါဒန္တရကို ဆိုဦးအံ့။ ဧတ္ထ၊ ဤအရာ၌။ အာနန္ဒာစရိယော၊ မူလဋီကာကျမ်းပြု အာနန္ဒာဆရာသည် (ဟောတိတိ ဝဒတိ-မှာ စပ်)။ "ရူပဓာတုယံ၊ ရူပဓာတ်၌။ ပဋိသန္ဓိဝိညာဏေန၊ ပဋိသန္ဓေဝိညာဉ်နှင့်။ သဟ၊ တကွ။ စက္ခုသောတဝတ္ထုသတ္တကာနံ စ၊ စက္ခု-သတ္တက သောတသတ္တက ဝတ္ထုသတ္တကတို့၏ လည်းကောင်း။ ဇီဝိတဆက္ကဿ စ၊ ဇီဝိတဆက္က၏ လည်းကောင်း။ ဣတိ၊ ဤသို့။ စတုန္နံ၊ ကုန်သော။ ကလာပါနံ၊ တို့၏။ ဝသေန၊ အားဖြင့်။ သတ္တဝီသတိ ရူပါနိ၊ ၂၇-ပါးသော ရုပ်တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ကသ္မာ၊ မှုကား။ တတ္ထ၊ ထိုရူပဓာတ်၌။ ဂန္ဓရသာဟာရာနံ၊ ဂန္ဓရသ အာဟာရတို့ကို။ ပဋိက္ခိတ္တတ္တာ၊ ပယ်တော်မူအပ်သည်၏ အဖြစ်ကြောင့် တည်း။ ဣတိ၊ ဤသို့။ ကာရဏံ၊ အကြောင်းကို။ ဝတွာ၊ ဆို၍။ ပုန၊ တဖန်။ တံ၊ ထိုစကားကို။ သမတ္ထေန္တော၊ မြဲစေလိုသည်ဖြစ်၍(၎င်း ဝတွာ သမတ္ထေန္တော ၂-ပုဒ်ကိုလည်း။ ဝဒတိ-မှာပင်စပ်)။ ဟိ သစ္စံ၊ ၏။ ပါဠိယံ၊ ဓမ္မဟဒယ ဝိဘင်းပါဠိတော်၌။ ရူပဓာတုယာ၊ ၌။ ဥပပတ္တိက္ခဏေ၊ ပဋိသန္ဓေအခါ၌။ အသညီသတ္တာနံ၊ အသညသတ်ဗြဟ္မာတို့ကို။ ဌပေတွာ၊ ချန်ထား၍။ ဒေဝါနံ၊ ဗြဟ္မာတို့အား။ ပဉ္စာယတနာနိ၊ စက္ခု သောတ မန ရူပ ဓမ္မ ဟူသော ငါးပါးသော အာယတနတို့သည်။ ပါတုဘဝန္တိ၊ ကုန်၏။ ပဉ္စ ဓာတုယော၊ ၎င်း ဓာတ်ငါးပါးတို့သည်။ ပါတုဘဝန္တိ၊ ကုန်၏။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ရူပဓာတုယာ၊ ၌။ ဆ အာယတနာနိ၊ ဆိုအပ်ခဲ့ပြီးသော အာယတန ငါးပါး၌ သဒ္ဒါယတနကိုထည့်၍ ၆-ပါးသောအာယတနတို့သည်။ နဝဓာတုယော၊ စက္ခု ရူပ စက္ခုဝိညာဏ, သောတ သဒ္ဒ သောတဝိညာဏ, မနောဓာတ် ဓမ္မဓာတ်

မနောဝိညာဏဓာတ် ဟူသော ကိုးပါးသောဓာတ်တို့သည်။ တထာ၊ ထိုအတူ။ ပါတုဘာဝန္တိ၊ ကုန်၏။ ဣတိ၊ ဤသို့။ သဗ္ဗသင်္ဂဟိကဝသေန၊ ပဋိသန္ဓေပဝတ္တိအခါ တို့၌ အလုံးစုံအာယတနဓာတ်တို့ကို သိမ်းသွင်းရေတွက်ခြင်း၏ အစွမ်းအားဖြင့်။ တတ္ထ၊ ထိုရူပပြဟ္မာဘုံ၌။ ဝိဇ္ဇမာနာယတနဓာတုယော၊ ထင်ရှားရှိကုန်သော အာယတနဓာတ်တို့ကို။ ဒဿေတုံ၊ ပြတော်မူခြင်းငှါ။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ကထာဝတ္ထုမှို စ၊ ကထာဝတ္ထုပါဠိတော်၌လည်း။ ဃာနာယတနာဒီနံ[၁] ဝိယ၊ ဃာနာယတန စသည်တို့၏ကဲ့သို့။ ဂန္ဓာယတနာဒီနဥ္စ၊ ဂန္ဓာယတနစသည်တို့၏ လည်း။ တတ္ထ၊ ထိုရူပပြဟ္မာဘုံ၌။ ဘာဝေါ၊ ဖြစ်ခြင်းကို၊ ဝါ၊ ထင်ရှားရှိခြင်းကို။ အတ္ထိ တတ္ထ ဃာနာယတနန္တိ အာမန္တာ၊ အတ္ထိ တတ္ထ ဂန္ဓာယတနန္တိ န ဟေဝံ ဝတ္တဗ္ဗေတိအာဒိနာ၊ အတ္ထိ ။ပ။ ဝတ္တဗ္ဗေ ဤသို့အစရှိသည်ဖြင့်။ ပဋိက္ခိတ္တော၊ ပယ်တော်မူအပ်၏။

(တတ္ထ၊ ထိုရူပပြဟ္မာဘုံ၌။ ဃာနာယတနံ၊ သည်။ အတ္ထိ၊ ရှိသလော။ ဣတိ ပုစ္ဆာယံ၊ ဤသို့သောအမေးတော်၌။ အာမန္တာ[၂]၊ဩ ရူပပြဟ္မာဘုံ၌ ဃာနာယတနရှိပါ၏။ တတ္ထ၊ ၌။ ဂန္ဓာယတနံ၊ သည်။ အတ္ထိ၊ ရှိသ လော။ ဣတိ ပုစ္ဆာယံ၊ ဤသို့သော အမေးတော်၌။ ဧဝံ၊ ဤသို့ ရူပ- ပြဟ္မာဘုံ၌ ဂန္ဓာယတနရှိ၏ဟူ၍။ န ဟိ ဝတ္တဗ္ဗေ၊ မဆိုသင့်။)

အဖောဋ္ဌဗ္ဗာယတနာနံ၊ ဖောဋ္ဌဗ္ဗာယတန မဟုတ်ကုန်သော။ ပထဝီဓာတု- အာဒီနံ ဝိယ၊ ပထဝီဓာတ်စသည်တို့၏ကဲ့သို့။ အဂန္ဓရသာယတနာနံ၊ ဂန္ဓာယ- တန ရသာယတန မဟုတ်ကုန်သော။ ဂန္ဓရသာနံ၊ ဂန္ဓရသတို့၏။ တတ္ထ၊ ထိုရူပ ပြဟ္မာဘုံ၌။ ဘာဝေါ၊ ဖြစ်ခြင်းကို၊ ဝါ၊ ထင်ရှားရှိခြင်းကို။ ဝတ္တုံ၊ ဆိုခြင်းငှါ။ န စ သက္ကာ၊ မတတ်ကောင်းသည်သာလျှင်တည်း။ ကသ္မာ၊ မူကား။ ဖုသိတုံ၊ တွေ့ထိခြင်းငှါ။ သက္ကုဏေယျတာဝိနိမ္မုတ္တဿ၊ စွမ်းနိုင်သည်၏အဖြစ်မှလွတ် သော။ ပထဝီအာဒိသဘာဝဿ ဝိယ၊ ပထဝီစသောသဘော၏ကဲ့သို့။ ဂန္ဓ- ရသာယတနဘာဝဝိနိမ္မုတ္တဿ၊ ဂန္ဓာယတန ရသာယတန၏အဖြစ်မှလွတ်သော။ ဂန္ဓရသသဘာဝဿ၊ ဂန္ဓရသသဘော၏။ အဘာဝါ၊ မရှိခြင်းကြောင့်တည်း။ စ၊ ဆက်၍ဆိုဦးအံ့။ ဃာနာသမ္ဘဿာဒီနံ၊ ဃာနသမ္ဖဿစသည်တို့၏။ ကာရဏ- ဘာဝေါ၊ အကြောင်း၏အဖြစ်သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ကြောင့်။ အာယ- တနာနီတိ၊အာယတနတို့ဟူ၍။တေ၊ထိုဂန္ဓရသတို့ကို။ယဒိ န ဝုစ္စေယျုံ၊ အကယ်၍ မဟောအပ်ကုန်သည်ဖြစ်အံ့။ ဓာတု-သဒ္ဒေါ ပန၊ဓာတုသဒ္ဒါသည်ကား။နိဿတ္တ-

၁။ (ဃာနာယတနာဒီနံ-ဆဋ္ဌမူ)

၂။ အချို့ ဤဋီကာပါဠိများ၌ ရှင်းပါဠိမပါ ကျကျန်လျက်ရှိကြ၏။ မူလဋီကာ၊ ဝိသုဒ္ဓိမဂ်ဋီကာစသည်တို့နှင့် အညီ ရှင်းပါဠိ မုချပါရှိစေရမည်။

နိဗ္ဗိဝဝါစကော၊ နိဿတ္တနိဇ္ဇီဝအနက်ကို ဟော၏။ ဣတိ၊ ကြောင့်။ ဂန္ဓာတု-ရသာတူတိ၊ ဂန္ဓာတ် ရသာတ်ဟူ၍။ အဝစနေ၊ ဟောတော်မမူခြင်း၌။ ကာရဏံ၊ အကြောင်းသည်။ နတ္ထိ၊ မရှိ။ နေသံ၊ ထိုဂန္ဓရသတို့၏။ ဓမ္မဘာဝေါ စ၊ ဓမ္မအဖြစ်ကိုကား။ ကေဋ္ဌေန၊ စင်စစ်အားဖြင့်။ ဣစ္ဆိတဗ္ဗော၊ အလိုရှိအပ်၏။ ကသ္မာ၊ မူကား။ သဘာဝဓာရဏာဒိလက္ခဏတော၊ သဘောကိုဆောင်ခြင်း စသော လက္ခဏာမှ။ အညဿ၊ တပါးသော ပရမတ္ထမွေ၏။ အဘာဝေါ၊ မရှိခြင်း ကြောင့်တည်း။ စ၊ ဆက်၍ဆိုဦးအံ့။ ဓမ္မာနံ၊ ဓမ္မတို့၏။ အာယတနဘာဝေါ၊ အာယတန၏အဖြစ်ကို။ ကေန္တတော၊ စင်စစ်အားဖြင့်။ ယမကေ၊ ယမိုက်ပါဠိတော်၌။ ဓမ္မာ အာယတနန္တိ အာမန္တာတိ၊ ဓမ္မာ ။ပ။ အာမန္တာ-ဟူ၍။ ဝုတ္တော၊ ဟောတော်မူအပ်၏။

(ဓမ္မာ၊ ဓမ္မတို့သည်။ အာယတနံ၊ အာယတနမည်သလော။ ဣတိ ပုစ္ဆာယံ၊ ဤသို့သော အမေးတော်၌။ အာမန္တာ၊ ဩ ဓမ္မသည် အာယ-တနမည်ပါ၏။)

တသ္မာ၊ ကြောင့်။ တေသံ၊ ထိုဂန္ဓရသတို့၏။ ဂန္ဓရသာယတနဘာဝေါ ဘာဝေပိ၊ ဂန္ဓာယတန ရသာယတနတို့၏အဖြစ် မရှိသော်လည်း။ ကောစိ၊ တစုံတခုသော။ အာယတနဘာဝေါ၊ အာယတန၏အဖြစ်ကို။ ဝတ္တဗ္ဗော၊ ဆိုသင့်၏။ စ၊ ဆက်၍ ဆိုဦးအံ့။ ဖောဋ္ဌဗ္ဗဘာဝတော၊ ဖောဋ္ဌဗ္ဗ၏အဖြစ်မှ။ အညော၊ သော။ ပဋ္ဌဝီ-အာဒိဘာဝေါ ဝိယ၊ ပထဝီစသောအဖြစ်ကဲ့သို့။ ဂန္ဓရသဘာဝတော၊ မှ။ အညော၊ သော။ တေသံ၊ ထိုဂန္ဓရသတို့၏။ ကောစိ၊ တစုံတခုသော။ သဘာဝေါ၊ သဘော သည်။ ယဒိ သိယာ၊ အကယ်၍ ဖြစ်ငြားအံ့။ ဧဝံ သတိ၊ ဤသို့ဖြစ်သည်ရှိသော် (ထည့်)။ တေသံ၊ ထိုဂန္ဓရသတို့ကို။ ဓမ္မာယတနသင်္ဂဟော၊ ဓမ္မာယတန၌ သိမ်းသွင်းရေတွက်ခြင်းသည်။ သိယာ၊ ဖြစ်ရာ၏။ ပန၊ ဆက်၍ဆိုဦးအံ့။ဂန္ဓရသ-ဘာဝေ စ၊ သည်လည်းကောင်း။ အာယတနဘာဝေ စ၊ သည်လည်းကောင်း။ သတိ၊ ရှိသော်။ ဂန္ဓော စ၊ ဂန္ဓလည်းဟုတ်၏။ သော၊ ထိုဂန္ဓဟူသည်၊ အာယ-တနဥ္စ၊ အာယတနလည်းဟုတ်၏။ ဣတိ၊ ထိုနှစ်ပါးသောသတ္တိကြောင့်(ထည့်)။ ဂန္ဓာယတနံ၊ ဂန္ဓာယတနမည်၏။ ရသော စ၊ ရသလည်းဟုတ်၏။ သော၊ ထိုရသ ဟူသည်။ အာယတနဥ္စ ၏။ ဣတိ၊ ကြောင့် (ထည့်)။ ရသာယတနံ၊ မည်၏။ ဣတိ ဣဒံ၊ ဤသို့သော အနက်သဘောသည်။ အာပန္နမေဝ၊ ရောက်သည်သာ လျှင်တည်း။ ဣတိ၊ ကြောင့်။ ဂန္ဓရသာယတနဘာဝေါ၊ ကို။ နိဝါရေတုံ၊တားမြစ်ခြင်းငှါ။ န စ သက္ကာ၊ မတတ်ကောင်းသည်သာလျှင်တည်း။ စ၊ ဆက်၍ဆိုဦး အံ့။ တထော အာဟာရတိ၊ ဟူ၍။ ဝစနတော၊ ဟောတော်မူခြင်းကြောင့်။ ကဗဠီကာရဟာရဿ၊ ကဗဠီကာရအာဟာရ၏။ တတ္ထ၊ ထိုရူပဖြဟ္မာဘုံ၌။

အဘာဝေါ၊ မရှိခြင်းကို၊ ဝါ၊ မဖြစ်ခြင်းကို။ ဝိညာယတိ၊ သိအပ်၏။ တသ္မာ၊ ကြောင့်။ ယထာ၊ အကြင်သို့သော အခြင်းအရာအားဖြင့် ရုပ်အရေအတွက်ကို ပြုအပ်သည်ရှိသော်။ ပါဠိယာ၊ ပါဠိနှင့်။ အဝိရောဓော၊ မဆန့်ကျင်ခြင်းသည်။ ဟောတိ၊ ၏။ တထာ၊ ထိုသို့သောအခြင်းအရာအားဖြင့်။ ဂန္ဓရသောဇာ၊ ဂန္ဓရသ ဩဇာတို့ကို။ ဟိတွာ၊ ပယ်စွန့်၍။ ရူပဂဏနာ၊ ရုပ်အရေအတွက်ကို။ ကာတဗ္ဗာ၊ ပြုအပ်၏။ ဟိ၊ အကျိုးကိုဆိုဦးအံ့။ ဧဝံ၊ ဤသို့ ပြုအပ်သည်ရှိသော်။ ဓမ္မတာ၊ ရူပဘုံ၌ဖြစ်သောရုပ်သဘောကို၊ ဝါ၊ ပါဠိကို။ ဝိလောမိတာ[၁]၊ ဆန့်ကျင်စေအပ်သည်။ န ဟောတိ၊ မဖြစ်" ဣတိ၊ ဤသို့။ ဝဒတိ၊ ပဋိစ္စသမုပ္ပါဒ် ဥပါဒါန-ပစ္စယာဘဝေါဟူသော နိဒ္ဒေသ၌ ဆို၏။

အာစရိယဇောတိပါလဓမ္မပါလတ္ထေရာ ပန၊ ဆရာဖြစ်သော ဇောတိပါလ မထေရ်,ဓမ္မပါလမထေရ်တို့သည်ကား။ တံ၊ ထိုအရှင်အာနန္ဒာဆရာ၏ ဝါဒကို။ ပဋိက္ခိပန္တိ၊ ပယ်တော်မူကြကုန်၏။"တထာ စ တဘော ဧဝ၊ထိုကြောင့်သာလျှင်။ တေဟိ၊ ထိုဆရာဖြစ်သော ဇောတိပါလမထေရ်, ဓမ္မပါလမထေရ်တို့သည်။ ရူပါဝစရသတ္တာနံ၊ ရူပါဝစရသတ္တဝါတို့အား။ ဃာဏဇိဝှါယတနာဘာဝတော။ ဃာနာယတန ဇိဝှါယတနတို့၏ မရှိခြင်းကြောင့်။ ဝိဇ္ဇမာနာပိ၊ ထင်ရှား ရှိသည်လည်း ဖြစ်ကုန်သော။ ဂန္ဓရသာ၊ ဂန္ဓရသတို့သည်။ အာယတန-ကိစ္စံ၊ အာယတနကိစ္စကို။ န ကရောန္တိ၊ မပြုနိုင်ကုန်။ ဣတိ၊ ကြောင့်။ တေ၊ ထိုဂန္ဓရသတို့ကို။ အနာမသိတွာ၊ မသုံးသပ်မူ၍။ ပါဠိယံ၊ ပါဠိတော်၌။ ပဉ္စာ-ယတနာနိ၊ တို့သည်။ ပါတုဘဝန္တိ၊ ကုန်၏။ ဣတိအာဒိ စ၊ ဤသို့ အစရှိသည် ကိုလည်းကောင်း။ ဆ အာယတနာနိ၊ တို့သည်။ ပါတုဘဝန္တိ၊ ကုန်၏။ ဣတိ စ အာဒိ၊ ဤသို့ အစရှိသည်ကိုလည်းကောင်း။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ စ၊ ဆက်၍ဆိုဦးအံ့။ တယော အာဟာရာတိ ဣဒံ၊ တယော အာဟာရာ-ဟူသော ဤစကားကို။ အဇ္ဈောဟရိတဗ္ဗဿ၊ စားမျိုအပ်သော။ အာဟာရဿ၊ ၏။ အဘာဝေန၊ မရှိခြင်းဖြင့်။ ဩဇဋ္ဌမကရူပသမုဋ္ဌာပနသင်္ခါတဿ၊ ဩဇာလျှင်ရှစ် ခုမြောက်ဖြစ်သောရုပ်ကို ဖြစ်စေခြင်းဟုဆိုအပ်သော။ အာဟာရကိစ္စဿ၊ အာ ဟာရကိစ္စကို။ အကရဏတော၊ မပြုခြင်းကြောင့်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ သဗ္ဗေန သဗ္ဗံ၊ အချင်းခပ်သိမ်း။ ဂန္ဓရသာနံ စ၊ တို့၏လည်းကောင်း။ ဩဇာယ စ၊ ၏လည်းကောင်း။ အဘာဝတော၊ မရှိခြင်းကြောင့်။ န ဝုတ္တံ၊ ဟောတော်မူ အပ်သည် မဟုတ်။ ဣတိ၊ ဤသို့။ ဝိသယိနော စ၊ ဝိသယီ၏လည်းကောင်း။ ကိစ္စဿ စ၊ ကိစ္စ၏လည်းကောင်း။ အဘာဝေန၊ မရှိခြင်းကြောင့်။ ဝိသယော စ၊

---

၁။ (ဝိလောမတာ-ဆင့်မှု)

ဝိသယကိုလည်းကောင်း။ကိစ္စ ဝါ၊ ကိစ္စရှိသော။ဓမ္မော[1] စ၊ဓမ္မကိုလည်းကောင်း။
န ဝုတ္တော၊ဟောတော်မမူအပ်။ ဟိ သစ္စံ၊ ၏။ ယသ္မိံ ဘဝေ၊ အကြင်ဘုံ၌။ဝိသယီ၊
ဝိသယီသည်။ နတ္ထိ၊ မရှိ။ တသ္မိံ၊ ထိုဘုံ၌။ တံဟေတုကော၊ ထိုဝိသယီလျှင်
အကြောင်းရှိသော။ နိပ္ပရိယာယေန၊ မုချအားဖြင့်။ ဝိသယဿ၊ ဝိသယ၏။
အာယတနဘာဝေါ၊ အာယတန၏အဖြစ်သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ကြောင့်။ ဝိဇ္ဇ-
မာနဿာပိ၊ ထင်ရှားရှိသော အာယတနကိုလည်း။ အဝစနံ၊ မဟောခြင်းသည်။
ဟောတိ၊ ၏။ ကိမိဝ၊ ဥပမာအဘယ်ကဲ့သို့နည်းဟူမူကား။ တတ္ထေဝ ရူပဘဝေ၊
ထိုရူပဗြဟ္မာဘုံ၌ပင်လျှင်။ ပဋ္ဌဝီတေဇောဝါယောဓာတူနံ၊ ပထဝီဓာတ် တေဇော
ဓာတ် ဝါယောဓာတ်တို့၏၊ ဝါ၊ တို့ကို။ ဖောဋ္ဌဗ္ဗာယတနဘာဝေန၊ ဖောဋ္ဌဗ္ဗာယ-
တန၏အဖြစ်ဖြင့်။ အဝစနံ ယထာ၊ မဟောခြင်းကဲ့သို့တည်း။ ပန၊ အဖို့တပါးကို
ဆိုဦးအံ့။ ယဿ၊ အကြင်ရုပ်ကို။ ယတ္ထ၊ အကြင်ဘုံ၌။ ဝစနံ၊ ဟောခြင်းသည်။
ဟောတိ၊ ၏။ တဿ၊ ထိုရုပ်၏။ တတ္ထ၊ ထိုဘုံ၌။ ဝိသယီသမ္ဘဝဟေတုကော၊
ဝိသယီ၏ဖြစ်သင့်ခြင်းလျှင် အကြောင်းရှိသော။ နိပ္ပရိယာယေန၊ ဖြင့်။ အာယ-
တနဘာဝေါ၊ ကို။ ဝုတ္တော၊ ဟောတော်မူအပ်၏။ ကိမိဝ၊ မူကား။ တတ္ထေဝ၊
ထိုရူပဗြဟ္မာဘုံ၌ပင်လျှင်။ ရူပါယတနဿ၊ရူပါယတန၏။ အာယတနဘာဝေါ၊ကို။
ဝုတ္တော ယထာ၊ ဟောတော်မူအပ်သကဲ့သို့တည်း။ ဝိသယီသဗ္ဘာဝဟေတုကော၊
ဝိသယီ၏ ထင်ရှားရှိသည်၏အဖြစ်လျှင် အကြောင်းရှိသော။ ဝိသယဿ၊ ၏။
နိပ္ပရိယာယေန၊ ဖြင့်။ အာယတနဘာဝေါ၊ သည်။ ယဒိ သိယာ၊ အကယ်၍
ဖြစ်ငြားအံ့။ ဧဝံ သတိ၊ သော်(ထည့်)။ ဟိ ယသ္မာ၊ ကြောင့်။ အသညီသတ္တာနံ၊
တို့အား။ စက္ခာယတနံ၊ စက္ခာယတနသည်။ နတ္ထိ၊ မရှိ။ တသ္မာ၊ ကြောင့်။
အသညီသတ္တာနံ ဒွေ အာယတနာနိ ပါတုဘဝန္တိတိ၊ ဟူ၍။ ကထံ၊ အဘယ်
ကြောင့်။ ဝုတ္တံ၊ ဟောတော်မူအပ်သနည်း။ စ၊ ဆက်၍ဆိုဦးအံ့။ အစက္ခာယတန
ဘာဝေန၊ စက္ခာယတန မရှိသည်၏အဖြစ်ဖြင့်။ နေသံ၊ ထိုအသညသတ် ဗြဟ္မာ
တို့၏။ ရူပါယတနံ၊ သည်။ အညေသံ၊ စက္ခာယတနမှ တပါးသော အာယတန
တို့၏။အဝိသယော၊အရာမဟုတ်။ ဣတိ အယံ၊ကား။ စောဒနာ[2]၊တည်း။ အယံ၊
ဤသို့ဟောတော်မူခြင်းသည်။ န ဝိရောဓော၊ မဆန့်ကျင်။ ယေန အဓိပ္ပါယေန၊
အကြင် အလိုအဓိပ္ပါယ်ဖြင့်။ ရူပဓာတုယံ၊ ၌။ သညီနံ၊ သညီ ဗြဟ္မာတို့အား။
ဂန္ဓာယတနနာဒီနံ၊ ဂန္ဓာယတန စသည်တို့ကို။ အဝစနံ၊မဟောခြင်းသည်။ အတ္ထိ၊

၁။ ဤ၌ အလုံးစုံ ဋီကာပါဌ်များမှာ ပါဌ်ပျက်လျက်ချည်းသာရှိကြ၏။ ဝိသုဒ္ဓိမဂ်
မဟာဋီကာ, အနုဋီကာများနှင့်အညီ၊ "ကိစ္စဿ စ အဘာဝေန ဝိသယော ကိစ္စဝါ
စ ဓမ္မော"ဟူသော ပါဌ်မှန်ရှိစေရမည်။

၂။ ဤ၌ အချို့ ဋီကာပါဌ်, ဝိသုဒ္ဓိမဂ်မဟာဋီကာပါဌ်များမှာ အထွေထွေပါဌ်ပျက်
လျက်ရှိကြ၏။ အနုဋီကာပါဌ်နှင့်အညီ ယခု ငါတို့ပြင်ဆင်ယောဇနာခဲ့သော ပါဌ်
အနက်များအတိုင်းသာ အမှန်ဟု သန္နိဋ္ဌာန်ကျမှတ်ယူလေ။

ရှိ၏။ တေန၊ ထိုအလိုအဓိပ္ပါယ်ဖြင့်။ ရူပါယတနဿာပိ၊ ကိုလည်း။ အဝစနံ၊ သည်။ ဟောတိ၊ ၏။ ဣတိ၊ ကြောင့်။ အသညီနံ၊ အသညသတ်ဗြဟ္မာတို့အား။ ကေ၊ တနုသော။ အာယတနံ၊ ကို။ ဝတ္တဗ္ဗံ[1]၊ ဟောအပ်၏။ ဟိ သစ္စံ၊ ၏။ ယထာသကံ၊ မိမိဥစ္စာအားလျော်စွာ။ ဣန္ဒြိယဂေါစရဘာဝါပေက္ခာယ၊ ဣန္ဒြေ၏ အာရုံ၏ အဖြစ်ကို ငဲ့သဖြင့်။ ယေသံ၊ အကြင်ရုပ်တရားတို့အား။ နိပ္ပရိယာယေန၊ ဖြင့်။ အာယတနဘာဝေါ၊သည်။အတ္ထိ၊၏။တေသု၊ထိုရုပ်တရားတို့ကို။နိဒ္ဒိသိယမာနေသု၊ ညွှန်းပြအပ်ကုန်သည် ရှိသော်။ တဒဘာဝတော၊ ထိုအာယတန အဖြစ်၏ မရှိခြင်းကြောင့်။ ရူပဓာတုယံ၊ ၌။ သညီနံ၊ သညီဗြဟ္မာတို့အား။ ဂန္ဓာဒိကေ၊ ဂန္ဓစသည်တို့ကို။ ဝိသုံ၊ အသီးအခြား။ အာယတနဘာဝေန၊ ဖြင့်။ အဝတွာ၊ မဟောမူ၍။ ဓမ္မသဘာဝါနတိဝတ္တနတော စ၊ တရားသဘောကို မလွန်နိုင်ခြင်းကြောင့်လည်းကောင်း။ မနောဝိညာဏဿ၊ မနောဝိညာဉ်၏။ ဝိသယဘာဝူပဂမနတော စ၊ အာရုံ၏အဖြစ်သို့ ကပ်ရောက်ခြင်းကြောင့်လည်းကောင်း။ ဓမ္မာယတနန္တောဂဓေ၊ ဓမ္မာယတန၌ အတွင်းဝင်သည်တို့ကို။ ကတွာ၊ ပြု၍။ ပဉ္စာယတနာနီတိ၊ ဟူ၍။ ပါဠိယံ၊ ပါဠိတော်၌။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ဟိ သစ္စံ၊ ၏။ ဓမ္မာယတနန္တိ၊ ဟူ၍။ သာမညေတော၊ သာမညအားဖြင့်။ နာမကရဏံ၊ အမည်မှည့်ခြင်းသည်။ တေဒတ္ထံ၊ ဤဓမ္မာယတန၌ အတွင်းဝင်သည်တို့ကို ပြုခြင်းအကျိုးငှါ။ ဟောတိ၊ ၏။ ဝါ၊ တနည်းကား။ တာနိ၊ ထိုဂန္ဓရသတို့ကို။ ပိဋ္ဌိဝဋ္ဋကာနိ၊ နောက်သို့လည်စေသည်တို့ကို။ ကတွာ၊ ပြု၍။ ပဉ္စာယတနာနီတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ ယေန စ ပန အဓိပ္ပါယေန၊ အကြင်အလို အဓိပ္ပါယ်ဖြင့်လည်း။ အသညီနံ၊ တို့အား။ ရူပါယတနံ၊ ကို။ ဝုတ္တံ၊ ၏။ တေန၊ ထိုအလိုအဓိပ္ပါယ်ဖြင့်။ သညီနမ္ပိ[2]၊ တို့အားလည်း။ ဂန္ဓာယတနာဒီနံ၊ တို့ကို။ ဝိသုံ ဂဟဏံ၊ သီးခြားယူခြင်းကို။ ကာတဗ္ဗံ၊ ပြုအပ် ပြုသင့် ပြုထိုက်၏။ ဣတိ ဣမဿ နယဿ၊ ဤနည်းကို။ ဒဿနတ္ထံ၊ ပြရန်အကျိုးငှါ။ အသညီသတ္တာနံ ဒေဝါနံ၊ အသညသတ်ဗြဟ္မာတို့အား။ ဒွေ အာယတနာနိ၊ တို့သည်။ ပါတုဘဝန္တိ၊ ကုန်၏။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ၏။

ဟိ ဝိတ္ထာရေမိ၊ အံ့။ တတ္ထ၊ ထိုအသညသတ်ဗြဟ္မာဘုံ၌။ အတ္တနော၊ မိမိ၏။ ဣန္ဒြိယေ၊ ဣန္ဒြေသည်။ အသတိပိ၊ မရှိသော်လည်း။ ရူပဿ၊ ရူပါရုံ၏။ ဝဏ္ဏာယတနသဘာဝါတိက္ကမော၊ ဝဏ္ဏာယတနသဘောကို ကျော်လွန်ခြင်းသည်။ နတ္ထေဝ၊ မရှိသည်သာလျှင်တည်း။ ဣတိ၊ ကြောင့်။ တံ၊ ထိုဝဏ္ဏာယတနကို။

၁။ ဤ၌ "တေန (နု) ရူပါယတနဿ။ပ။(နု) ဝတ္တဗ္ဗံ" ဟုအချို့ဋီကာပါဌ်များမှာ ပဋိသေဓ နု-သဒ္ဒါ နှစ်ချက်လုံးပင် ပါရှိကြ၏။ဝိသုဒ္ဓိမဂ်မဟာဋီကာ, အနုဋီကာပါဌ် များ၌ကား ၎င်း (နု) သဒ္ဒါနှစ်ချက်လုံးပင် မပါရှိချေ။ ဆင်ခြင်ကြလေ။

၂။ ဤ၌ အသညီနမ္ပိ-ဟု ပါဌ်ပိုရှိ၏၊ မရှိစေလင့်။

ရူပါယတနန္တေဝ၊ ရူပါယတနဟူ၍သာလျှင်။ ဝုစ္စတိ၊ ဆိုအပ်၏။ စ၊ ဆက်၍ဆိုဦးအံ့။ ဣမိနာ နယဒဿနေန၊ ဤနည်းပြစကားဖြင့်။ ဂန္ဓာဒီနိ၊ ဂန္ဓရသဩဇာဟူကုန်သော။ တီဏိ၊ သုံးပါးသောအာယတနတို့ကို။ ပက္ခိပိတွာ၊ ထည့်သွင်း၍။ သညီနံ၊ သညီဗြဟ္မာတို့အား။ အဋ္ဌအာယတနာနိ၊ ရှစ်ပါးသော အာယတနတို့သည်။ အသညီနံ၊ အသညသတ်ဗြဟ္မာတို့အား။ ပဉ္စ၊ ငါးပါးသောအာယတနတို့သည်။ ပါတုဘဝန္တိ၊ ကုန်၏(ထည့်)။ ဣတိ အယံ အတ္ထော၊ ဤအနက်ကို။ ဒဿိတော၊ ပြအပ်သည်။ ဟောတိ၊ ၏။ စ၊ ဆက်၍ဆိုဦးအံ့။ ဧတံ၊ ဤဆိုအပ်ခဲ့ပြီးသောစကားကို။ ဧဝံ၊ဤသို့ဆိုအပ်ခဲ့ပြီးသည့်အတိုင်း။ သမ္ပဋိစ္ဆိတဗ္ဗံ၊ဝန်ခံအပ်၏။ အညထာ၊ ဤမှတပါးသော အခြင်းအရာအားဖြင့် ဝန်မခံခဲ့သည်ရှိသော်။ ရူပလောကေ၊ ရူပဗြဟ္မာဘုံ၌။ ပဌဝီအာဒီနံ၊ ပထဝီစသည်တို့၏။ ဖုသိတုံ၊ ငှါ။ အသက္ကုဏေယျတာယ၊ မစွမ်းနိုင်သည်၏ အဖြစ်ကြောင့်။ ဗြဟ္မာနံ၊ ဗြဟ္မာတို့အား။ ဝစီဃောသော ဝေစ၊ ပစီမယသဒ္ဒသည်သာလျှင်လည်း။ န သိယာ၊ မဖြစ်နိုင်ပဲရှိရာ၏။ ဟိ သစ္စံ၊ ၏။ ပဋိဃသင္ဃနာနိဃံသံ[၁]၊ ထိခိုက်ခြင်းဟု ဆိုအပ်သောပွတ်တိုက်ခြင်းကို။ အန္တရေန၊ ကြဉ်၍။ သဒ္ဒုပ္ပဝတ္တိ၊ အသံဖြစ်ခြင်းသည်။ န အတ္ထိ၊ မရှိ။ စ၊ ဆက်၍ဆိုဦးအံ့။ ဖုသနသဘာဝါနံ၊ တွေ့ထိခြင်းသဘောရှိသော ပထဝီဓာတ် စသည်တို့၏။ ကတ္ထစိ၊ ၌။ အဖုသနသဘာဝတော၊ မတွေ့ထိခြင်း သဘောရှိသည်၏အဖြစ်ကို။ ဝိညာတုံ၊ သိခြင်းငှါ။ န သက္ကာ၊ မတတ်ကောင်း။ ဘူတတ္တယဿ၊ ဘုတ်သုံးပါးအပေါင်းဖြစ်သော။ ဖောဋ္ဌဗ္ဗာယတနဿ စ၊ ၏လည်း။ အဘာဝေန[၂]၊ မရှိခြင်းကြောင့်။ ရူပဘဝေ၊ ရူပဘုံ၌။ ရူပါယတနာဒီ-နမ္ပိ၊ ရူပါယတန စသည်တို့၏လည်း။ သမ္ဘဝေါ ဧဝ၊ ဖြစ်သင့်ခြင်းသည်သာလျှင်။ န သိယာ၊ မဖြစ်ရာ။ တသ္မာ၊ ကြောင့်။ ပဌဝီအာဒီနံ၊ တို့၏။ ဖုသိတုံ၊ ငှါ။ သက္ကုဏေယျတာယ၊ စွမ်းနိုင်သည်၏ အဖြစ်သည်။ သတိပိ၊ ရှိသော်လည်း။ တတ္ထ၊ ထိုရူပဘုံ၌။ ကာယိန္ဒြိယာဘာဝေန၊ ကာယိန္ဒြေ၏ မရှိခြင်းကြောင့်။ တေသံ၊ ထို ပထဝီ တေဇော ဝါယောဟု ဆိုအပ်သော ဘုတ်သုံးပါးတို့၏။ ဖောဋ္ဌဗ္ဗဘာဝေါ၊ ဖောဋ္ဌဗ္ဗ၏အဖြစ်ကို။ န ဝုတ္တော၊ ဟောတော်မမူအပ်။ ဧဝဥ္စ ကတွာ၊ ဤသို့သော အကြောင်းကြောင့်။ ရူပဓာတုယံ၊ ၌။ တေသံ၊ ထို ပထဝီ တေဇော ဝါယောဟု ဆိုအပ်သော ဘုတ်သုံးပါးတို့၏၊ ဝါ၊ တို့ကို။ သပ္ပဋိဃတာဝစနဥ္စ၊ သပ္ပဋိဃ၏အဖြစ်ကို ဟောတော်မူခြင်းကိုလည်း။ သမတ္ထိတံ၊ မြဲစေအပ်သည်။ ဟောတိ၊ ၏။ ဟိ သစ္စံ၊ ၏။ အသညသတ္တာနံ၊ တို့အား။ အနိဒဿနသပ္ပဋိဃံ၊ အနိဒဿန-

၁။ (ပဋိဃသင္ဃနနိဃံသန်-ဆဋ္ဌမူ)

၂။ ဤ၌ အနုဋီကာ, ဝိသုဒ္ဓိမဂ်မဟာဋီကာတို့မှာ အဘာဝေ-ဟု ပါဌ်ရှိကြ၏။ သို့ရှိမူ "မရှိခဲ့သော် မရှိခြင်းကြောင့်" ဟု အနက်ပေး။

သပ္ပဋိဃဖြစ်သော။ ဧကံ၊ တခုသော။ မဟာဘူတံ၊ မဟာဘုတ်ကို။ ပဋိစ္စ၊ စွဲမှီ၍ ။ပ။ ဒွေ မဟာဘူတာ၊ နှစ်ပါးသော မဟာဘုတ်တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ဣတိ အာဒိ၊ ဤသို့အစရှိသည်ကို။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

စ၊ ဆက်၍ဆိုဦးအံ့။ ဘူတတ္တယဿ၊ ဘုတ်သုံးပါးအပေါင်း၏။ ကာယ-ပသာဒံ၊ ကာယပသာဒကို။ ပတိ၊ စွဲ၍။ (တနည်း) ကာယပသာဒံ ပတိ၊ ကာယပသာဒ၌။ တန္နိဿယဘူတဃဋ္ဋနာဒ္ဓါရေန၊ ထို ကာယပသာဒ၏ မှီရာဖြစ်သော ဘုတ်ကိုထိခိုက်ခြင်းကို အကြောင်းပြုသဖြင့်။ အဘိမုခဘာဝေါ၊ ရှေးရှု၏ အဖြစ်သည်။ ပဋိဃဿ နာမ၊ ပဋိဃ မည်၏။ ဣဓ ပန၊ ဤအရာ၌ကား။ တံ သဘာဝတာ စ၊ ထိုထိခိုက်ခြင်းသဘောရှိသည်၏ အဖြစ်သည်လည်းကောင်း။ သော စ၊ ထိုရှေးရှု၏ အဖြစ်သည်လည်းကောင်း။ ဖုသိတုံ၊ ငှါ။ အသက္က-ဏေယျသဘာဝဿဝ၊ မစွမ်းနိုင်သော သဘောရှိသည်သာလျှင်ဖြစ်သော ဘုတ်သုံးပါးအပေါင်း၏။ ဃဋ္ဋနာယ၊ ထိခိုက်ခြင်း၏။ အဘာဝတော၊ မရှိခြင်းကြောင့်။ နတ္ထိ၊ မရှိ။ တတ္ထ၊ ထိုအသညသတ် ဗြဟ္မာဘုံ၌။ ဝိသယိမ္ပိ၊ ဝိသယီဖြစ်သော စက္ခာယတနသည်။ အသတိပိ၊ မရှိသော်လည်း။ ရူပါယတနမ္ပိ၊ ကိုလည်း။ ဂဟေတွာ၊ ယူ၍။ ဒွေ အာယတနာနီတိ၊ ဒွေ အာယတနာနိဟူ၍။ ယဒိ ဝုတ္တံ၊ အကယ်၍ ဟောတော်မူအပ်သည်ဖြစ်အံ့။ အထ၊ ထိုသို့ဖြစ်သည်ရှိသော်။ ကသ္မာ၊ အဘယ်ကြောင့်။ ဂန္ဓာယတနာဒီနိ၊ ဂန္ဓာယတန စသည်တို့ကို။ ဂဟေတွာ၊ ၍။ ပဉ္စာယတနာနီတိ၊ ဟူ၍။ န ဝုတ္တံ၊ ဟောတော်မမူအပ်သနည်း။ ဣတိ အယံ၊ ကား။ စောဒနာ၊ တည်း။ နယဒဿနဝသေန၊ နည်းပြသည်၏ အစွမ်းအားဖြင့်။ ဒေသနာ၊ ဒေသနာတော်သည်။ ပဝတ္တာ၊ ဖြစ်၏။ ဣတိ အယံ အတ္ထော၊ ဤအနက်ကို။ ဝုတ္တောဝ၊ ဆိုအပ်ပြီးသည်သာလျှင်တည်း။

အထ ဝါ၊ တနည်းသော်ကား။ တတ္ထ၊ ထိုအသညသတ်ဗြဟ္မာဘုံ၌။ ရူပါယတ-နဿဝ၊ ရူပါယတနကိုသာလျှင်။ ဝစနံ၊ ဟောခြင်းကို၊ ကဒါစိ၊ တရံတခါ၌။ အညဘူမိကာနံ၊ တပါးသောဘုံ၌ဖြစ်သော ဗြဟ္မာတို့၏။ ပသာဒဿ၊ ပသာဒ၏။ ဝိသယဘာဝံ၊ အာရုံ၏အဖြစ်ကို။ သန္ဓာယ၊ ရည်ရွယ်၍။ ဝုတ္တံ၊ ၏။ ဣတရေသံ၊ ဤမှတပါးသော ရုပ်တို့၏။ အဘာဝတော၊ မရှိခြင်းကြောင့်။ န ပန ဝုတ္တံ၊ ဟောတော်မူအပ်သည် မဟုတ်။ ပရိယာယေနာပိ၊ ပရိယာယ်အားဖြင့်လည်း။ အာယတနဘာဝါဘာဝတော၊ အာယတန၏ အဖြစ်၏ မရှိခြင်းကြောင့်။ နာပိ-ဝုတ္တံ၊ ဟောတော်မူအပ်သည်လည်း မဟုတ်။ ဟိ သစ္စံ၊ ၏။ အသညီနံ၊ အသညသတ်ဗြဟ္မာတို့၏။ ရူပါယတနံ၊ သည်။ သမာနတလဝါသီနံ၊ တူသော အပြင်၌ နေလေ့ရှိကုန်သော။ ဓေဟပ္ဖလာနဉ္စ၊ ဝေဟပ္ဖိုလ်ဘုံသား ဗြဟ္မာတို့၏လည်းကောင်း။ ဥပရိဘူမိကာနံ၊ အထက်ဘုံ၌ နေကုန်သော။ သုဒ္ဓါဝါသာနဉ္စ၊ သုဒ္ဓါဝါသဗြဟ္မာတို့၏လည်းကောင်း။ ပသာဒဿ၊ ၏။ ဝိသယဘာဝံ၊ အာရုံ၏

အဖြစ်သို့။ ဂစ္ဆတိ၊ ရောက်၏။ ဂန္ဓရသာ၊ ဂန္ဓရသတို့သည်။ ဝိသယဘာဝံ၊ သို့။ န ပန ဂစ္ဆန္တိ၊ မရောက်ကုန်။ ဣတိ၊ ကြောင့်။ တေသံယေဝ၊ ထိုဂန္ဓရသတို့ကို သာလျှင်။ တတ္ထ၊ ထို အသညသတ်ပြဟ္မာဘုံ၌။ အဝစနံ၊ မဟောခြင်းသည်။ ယုတ္တံ၊ သင့်၏။

ကထာဝတ္ထုမှိ စ၊ ကထာဝတ္ထုပါဠိတော်၌လည်း။ နိပ္ပရိယာယေန၊ အားဖြင့်။ ဂန္ဓာယတနာဒီနံ၊ တို့၏။ အတ္ထိဘာဝံ၊ ထင်ရှားရှိသည်၏အဖြစ်ကို။ ပဋိဇာနန္တံ၊ ဝန်ခံသော ပုဂ္ဂိုလ်ကို။ သန္ဓာယ၊ ရည်ရွယ်၍။ ပဋိသေဓော၊ တားမြစ်တော်မူခြင်းကို။ ကတော၊ ပြုတော်မူအပ်၏။ စ၊ ဆက်၍ဆိုဦးအံ့။ တေံ ဝစနံ၊ ဤသို့ ဟောတော်မူသော စကားသည်။ တတ္ထ၊ ထိုရူပဗြဟ္မာဘုံ၌။ ဂန္ဓာယတနာဒီနံ၊ တို့၏။ အဘာဝဝိဘာဝနံ၊ မရှိခြင်းကို ထင်စွာပြသောစကားသည်။ ယဒိပိ န ဟောတိ၊ အကယ်၍လည်း မဖြစ်ငြားအံ့။ အတ္ထိဘာဝဒီပနမ္ပိ၊ ထင်ရှားရှိသည်၏အဖြစ်ကို ထင်စွာပြတတ်သည်လည်း ဖြစ်သော။ အညဝစနံ ပန၊ တပါးသော စကားသည်လည်း။ နတ္ထေဝ၊ မရှိသည်သာလျှင်တည်း။ ဣတိ အယံ၊ ကား။ စောဒနာ၊ တည်း။ ဣဒံ၊ ဤ စောဒကဆရာ ဆိုသောစကားကို။ ဇေံ၊ ဤသို့ ဆိုသည့်အတိုင်း။ န၊ မမှတ်အပ်။ ကသ္မာ၊ မူကား။ အဋ္ဌကထာသု၊ အဋ္ဌကထာတို့၌။ တတ္ထ၊ ထို ရူပဗြဟ္မာဘုံ၌။ နေသံ၊ ထိုဂန္ဓာယတန စသည်တို့၏။ အတ္ထိ-ဘာဝဿ၊ ကို။ နိဒ္ဒါရေတွာ၊ ထုတ်၍။ ဝုတ္တတ္တာ၊ မိန့်ဆိုအပ်သည်၏ အဖြစ်ကြောင့်တည်း။ ဟိ သစ္စံ၊ ၏။ ယံ အဋ္ဌကထာဝစနံ၊ အကြင်အဋ္ဌကထာစကားသည်။ ပါဠိယာ၊ ပါဠိတော်နှင့်။ န ဝိရုဇ္ဈတိ၊ မဆန့်ကျင်။ တံ၊ ထို ပါဠိတော်နှင့် မဆန့်ကျင်သော အဋ္ဌကထာစကားသည်။ ပါဠိ ဝိယ၊ ပါဠိတော်ကဲ့သို့။ ပမာဏဘူတံ၊ ပမာဏမူလောက်သည် ဖြစ်၍ဖြစ်၏။ ကသ္မာ၊ မူကား။ အဂရဟိတာယ၊ မကဲ့ရဲ့အပ် မကဲ့ရဲ့ထိုက်သော။ အာစရိယပရမ္ပရာယ၊ ဆရာအဆက်ဆက်မှ။ ယာဝဇ္ဇတနာ၊ ယနေ့ ယခုတိုင်အောင်။ အာဂတတ္တာ၊ လာသည်၏ အဖြစ်ကြောင့်တည်း။ တတ္ထ၊ ထိုစကားရပ်၌။ စောဒကဿ၊ ၏။ စောဒနာ၊ သည်။ သိယာ၊ ၏။ ယံ အဋ္ဌကထာဝစနံ၊ အကြင် အဋ္ဌကထာစကားသည်။ ပါဠိယာ၊ နှင့်။ န ဝိရုဇ္ဈတိ၊ မဆန့်ကျင်။ တံ၊ ထိုပါဠိတော်နှင့် မဆန့်ကျင်သော အဋ္ဌကထာစကားသည်။ ပမာဏံ၊ ပမာဏမူလောက်၏၊ ဣဒံ ပန၊ ဤ အဋ္ဌကထာစကားသည်ကား။ ဝိရုဇ္ဈတိ၊ ပါဠိတော်နှင့် ဆန့်ကျင်၏။ ဣတိ၊ ဤသို့။ စောဒနာ၊ သည်။ သိယာ၊ ၏။ ဣဒံ၊ ဤစောဒကဆရာ ဆိုသောစကားကို။ ဇေံ၊ ဤသို့ဆိုသည့်အတိုင်း။ န၊ မမှတ်အပ်။ ကသ္မာ၊ မူကား။ ယထာ၊ အကြင်သို့သော အခြင်းအရာအားဖြင့် ပြီးစေအပ် ဆိုအပ်သည်ရှိသော်။ န ဝိရုဇ္ဈတိ၊ ပါဠိတော်နှင့် မဆန့်ကျင်။ တထာ၊ ထိုသို့သောအခြင်းအရာအားဖြင့်။ ပဋိပါဒိတတ္တာ၊ ပြီးစေအပ် ဆိုအပ်သည်၏ အဖြစ်ကြောင့်တည်း။ စက္ခွာဒီနံ၊ စက္ခုအစရှိကုန်သော။

အာယတနာနဥ္စ၊ အာယတနတို့၏ လည်းကောင်း။ တန္နိဿယာနံ၊ ထိုစက္ခု စသည်တို့၏ မှီရာဖြစ်ကုန်သော။ ဝိညာဏာနဥ္စ၊ ဝိညာဉ်တို့၏လည်းကောင်း။ သတ္တသုညတာသန္ဒဿနတ္ထံ၊ သတ္တမှ ကင်းဆိတ်သည်၏ အဖြစ်ကို ကောင်းစွာ ပြရန် အကျိုးငှါ။ ဘဂဝတော၊ မြတ်စွာဘုရားသခင်၏။ ဓာတုဒေသနာ၊ ဓာတုဒေသနာသည်။ ဟောတိ၊ ၏။ ဣတိ၊ ကြောင့်။ အာယတနဘာဝေန၊ ဖြင့်။ ဝုတ္တာနံယေဝ၊ ဟောတော်မူအပ်သော တရားတို့၏ သာလျှင်။ ဓာတုဘာဝဒီပနတော၊ ဓာတ်၏အဖြစ်ကို ထင်စွာပြတတ်သောကြောင့်။ တေသံ၊ ထိုဂန္ဓာယတန စသည်တို့၏။ ဓာတုဘာဝဿာပိ၊ ကိုလည်း။ အဝစနံ၊ ဟော တော်မမူခြင်းသည်။ ယုဇ္ဇတိ ဧဝ၊ သင့်သည်သာလျှင်တည်း။ တသ္မာ၊ ကြောင့်။ ယထာ၊ အကြင်သို့သော အခြင်းအရာအားဖြင့် ရုပ်အရေအတွက်ကို ပြုအပ် သည်ရှိသော်။ ပါဠိယာ၊ နှင့်။ အဝိရောဓော၊ မဆန့်ကျင်ခြင်းသည်။ ဟောတိ၊ ၏။ တထာ၊ အားဖြင့်။ စက္ခုဒသကာဒိဝသေန၊ စက္ခုဒသက စသည်တို့၏ အစွမ်းအားဖြင့်။ ဣမေ၊ ဤရူပဘံ့ဍ ရုပ်အရကို ဆိုရာ၌။ ရူပဂဏနာ၊ ရုပ်ကို ရေတွက်ခြင်းကို။ ကတာ၊ ပြုအပ်၏။ ဣတိ၊ ကြောင့်။ ဧတ္ထ၊ ဤအရာ၌။ ဓမ္မ-တာဝိလောမနာသင်္ကာယ၊ ပါဠိနှင့် ဆန့်ကျင်၏ဟု တွေးတောယုံမှားခြင်း၏။ ဩကာသော၊ အခွင့်အလမ်းသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ ၏" ဣတိ၊ ဤသို့။ ဝုတ္တံ၊ မိန့်ဆိုအပ်၏ (ဤမှာ ၎င်းမထေရ်နှစ်ပါးတို့၏ စကား အပြီးသတ်)။

၃၅၆။ ဇစ္စန္ဓဗဓိရာတိ ဧတ္ထ၊ ဇစ္စန္ဓဗဓိရာ-ဟူသော ဤပါဌ်၌။ ဆန္ဒာနုရက္ခ-နတ္ထံ[1]၊ ဆန်းဂိုဏ်းကို စောင့်ခြင်းအကျိုးငှါ။ ဒီဃကရဏံ[2]၊ ဒီဃပြုခြင်းသည်။ ဟောတိ၊ ၏။ ဟိ သစ္စံ၊ ၏။ ဇစ္စန္ဓဗဓိရအဃာဏကဟိတော၊ ပဋိသန္ဓေအားဖြင့် ကန်း, ပဋိသန္ဓေအားဖြင့် နားပင်း, အဃာန ကင်းသော။ နပုံသကေ၊ နပုံး၌။ ဝတ္ထုကာယဇိဝှါဒသကဝသေန၊ ဝတ္ထုဒသက ကာယဒသက ဇိဝှါဒသကတို့၏ အစွမ်းအားဖြင့်။ ဣမေ၊ ဤအရာ၌။ တိံသ၊ သုံးဆယ်သော ရုပ်တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ ဣတိ အဓိပ္ပါယော၊ ဤအနက်သည်။ န ယုဇ္ဇတိ၊ မသင့်။ ဣဒဥ္စ၊ ဤစကားကိုလည်း။ ဩပပါတိကဿ၊ ဥပပါတ်ပဋိသန္ဓေနေသော။ ဇစ္စန္ဓဗဓိရ-အဃာဏကနပုံသကဿ၊ ပဋိသန္ဓေအားဖြင့် ကန်း, နားပင်း, နှာခေါင်းမရှိ သော နပုံးအား။ ဇိဝှါကာယဝတ္ထုဒသကာနံ၊ ဇိဝှါဒသက ကာယဒသက ဝတ္ထု-ဒသကတို့၏။ ဝသေန၊ အားဖြင့်။ တိံသ ရူပါနိ၊ တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ ဣတိ၊ ဤသို့ဆိုအပ်သော။ အဋ္ဌကထာဝါဒံ၊ အဋ္ဌကထာဝါဒကို။ ဂဟေတွာ၊ ယူ၍။ ဝုတ္တံ၊ ဆိုအပ်၏။ အာနန္ဒာစရိယော ပန၊ အရှင်အာနန္ဒာဆရာသည်ကား။ တံ၊ ထိုအဋ္ဌကထာဝါဒသည်၊ ဝါ၊ ကို။ ပါဠိယာ၊ နှင့်။ န သမေတိ၊ မညီ။

---

၁။ (ဆန္ဒာနုရက္ခဏတ္ထံ-ဆဋ္ဌမူ) ၂။ (ဒီဃကရဏံ-ဆဋ္ဌမူ)

ဣတိ၊ ဤသို့။ ဝတွာ၊ ဆိုရှ်၊ ပဋိက္ခိပတိ၊ ပယ်၏။ တထာ စ တထာ ဝ၊ ထိုကြောင့်သာလျှင်။ တေ ဝစနံ၊ ဤစကားသည်။ ပါဠိယာ၊ နှင့်။ န ပန သမေတိ၊ မညီ။ ဟိ သစ္စံ၊ ၏။ ပါဠိယံ၊ ၌။ကာမာဝစရာနံ၊ကာမာဝစရ ဖြစ်ကုန်သော။ အဃာဏကာနံ၊ ဃာန ချို့တဲ့ကုန်သော။ သံသေဒဇောပပါတိကာနံ၊ သံသေဒဇပုဂ္ဂိုလ် ဥပပါတ်ပုဂ္ဂိုလ်တို့၏။ ဥပပတ္တိ၊ ပဋိသန္ဓေကို။ န ဝုတ္တာ၊ ဟော တော်မမူအပ်။

ဟိ သစ္စံ၊ ၏။ ဓမ္မဟဒယဝိဘင်္ဂေ၊ ဓမ္မဟဒယဝိဘင်း ပါဠိတော်၌—

ကာမဓာတုယာ၊ ကာမဓာတ်၌။ ဥပပတ္တိက္ခဏေ၊ ပဋိသန္ဓေခဏ၌။ ကဿစိ၊ အချို့သောပုဂ္ဂိုလ်အား။ ဧကာဒသာယတနာနိ၊ ၁၁-ပါး။ ပ။ တို့သည်၊ ပါတုဘဝန္တိ၊ ကုန်၏။ ကဿစိ၊ အား။ ဒသာယတနာနိ၊ ၁၀-ပါး။ ပ။တို့သည်။ ကဿစိ၊ အား၊ အပရာနိ၊ တပါးကုန်သော။ ဒသာယတနာနိ၊ တို့သည်။ ကဿစိ၊ အား။ နဝါယတနာနိ၊ ၉-ပါး။ ပ။ တို့သည်။ ကဿစိ၊ အား။ သတ္တာယတနာနိ၊ ၇-ပါးသောအာယတန တို့သည်။ ပါတုဘဝန္တိ၊ ကုန်၏—

ဣတိ၊ ဤသို့၊ ဝုတ္တံ၊ ဟောတော်မူအပ်၏။ အဋ္ဌာယတနာနိ ပါတုဘဝန္တီတိ၊ ဟူ၍။ န ဝုတ္တံ၊ ဟောတော်မမူအပ်။ ဟိ သစ္စံ၊ ၏။ အဃာဏကဿာပိ၊ ဃာန ချို့တဲ့သောပုဂ္ဂိုလ်၏လည်း။ ဥပပတ္တိ၊ ကပ်၍ဖြစ်ခြင်းသည်၊ ဝါ၊ ပဋိသန္ဓေသည်။ ယဒိ သိယာ၊ အကယ်၍ ဖြစ်ငြားအံ့။ ဧဝံ သတိ၊ သော်။ တိက္ခတ္တုံ၊ သုံးကြိမ်။ ဒသာယတနာနိ ပါတုဘဝန္တီတိ၊ ဟူ၍။ ဝတ္တဗ္ဗံ၊ ဟောတော်မူသင့်သည်။ သိယာ၊ ဖြစ်ရာ၏။ တိက္ခတ္တုဥ္စ၊ သုံးကြိမ်လည်း။ နဝါယတနာနိ ပါတုဘဝန္တီတိ၊ ဟူ၍။ ဝတ္တဗ္ဗံ၊ သည်။ သိယာ၊ ၏။ တေ၊ ဤသို့ သုံးကြိမ်။ န စ ဝုတ္တံ၊ ဟောလည်း ဟောတော်မမူအပ်။ ယမကေ စ၊ ယမိုက်ပါဠိတော်၌လည်း။ ဃာဏဇိဝှါနံ၊ ဃာနဇိဝှါတို့၏။ သဟပ္ပဝတ္တိ၊ တကွဖြစ်ခြင်းကို။ ဝုတ္တာ၊ ဟောတော်မူအပ်၏။ ဣတိ၊ ကြောင့်။ တံ၊ ထိုအဋ္ဌကထာစကားကို။ ဥပပရိက္ခိတွာ၊ စူးစမ်းဆင်ခြင်၍။ ဂဟေတဗ္ဗံ၊ ယူသင့်၏။ ဣတိ၊ ဤသို့။ အာဟ၊ မိန့်ဆိုပြီ။အယံ ဟိ၊ ဤဆိုလတ္တံ့ သည်ကား။ တတ္ထ၊ ဤဇာရာ၌။ အာစရိယဿ၊ မူလဋီကာကျမ်းပြု အရှင်အာနန္ဒာ ဆရာ၏။ အဓိပ္ပါယော၊ အလိုတည်း။ ဟိ ဝိတ္ထာရေမိ၊ အံ့။ ဓမ္မဟဒယဝိဘင်္ဂပါဠိ-ယံ၊ ဓမ္မဟဒယ ဝိဘင်းပါဠိတော်၌။ ဧကာဒသာတိ၊ ဧကာဒသ-ဟူသော ဤပါဠိ ဖြင့်။ ပရိပုဏ္ဏာယတနဿ၊ ပြည့်စုံသော အာယတနရှိသော ပုဂ္ဂိုလ်အား။ သဒ္ဒါ-ယတနဝဇ္ဇာနိ၊ သဒ္ဒါယတနသည် ကြဉ်အပ်ကုန်သော။ ဧကာဒသာယတနာနိ၊ ၁၁-ပါးသော အာယတနတို့ကို။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်၏။ ကဿစိ ဒသာယတနာနီတိ၊ ဖြင့်။ အန္ဓဿ၊ ကန်းသောသူအား။ စက္ခာယတနဝဇ္ဇာနိ၊

**ဘာဝေ၊ နိမိတ်မဟုတ်သည်၏ အဖြစ်သည်။** သတိပိ၊ ဖြစ်သော်လည်း။ နိမိတ္တေန၊ ဖြင့်။ ဖုဋ္ဌောကာသဘာဝတော၊ တွေ့ထိရာအရပ်၏ အဖြစ်ကြောင့်။ နိမိတ္တန္တိ၊ နိမိတ္တံ-ဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။ **ပဉ္စ** ။ပ။ **ဝိက္ခမ္ဘန္တိ**တိ၊ ကား။ ရူပါဝစရပဉ္စမဇ္ဈာ-နဿ၊ ၏။ ဥပစာရက္ခဏေယေဝ၊ ဥပစာရခဏ၌သာလျှင်။ နီဝရဏာနိ၊ နီဝရဏတရားတို့ကို။ ဝိက္ခမ္ဘိတာနိ နနု၊ ခွါအပ်ကုန်ပြီးသည်မဟုတ်တုံလော။ တတော၊ ထိုသို့ခွါအပ်ပြီးသည်မှ။ ပဋ္ဌာယ စ၊ စ၍လည်း။ တေသံ၊ ထိုနီဝရဏတရားတို့၏။ ပရိယုဋ္ဌာနံ၊ ထကြွခြင်းသည်။ န အတ္ထိ၊ မရှိ။ ယဒိ သိယာ၊ အကယ်၍ ရှိသည်ဖြစ်ငြားအံ့။ ဈာနတော၊ မှ။ ပရိဟာယေယျ၊ ဆုတ်ယုတ်ရာ၏။ တေ၊ ဤစကားသည်။ သစ္စံ၊ မှန်၏။ ပန၊ ယင်းသို့ပင် မှန်သော်လည်း။ ဣမဿ ဈာနဿ၊ ဤရူပါဝစရပဉ္စမဈာန်၏။ ဝဏ္ဏဘဏနဝသေန၊ ဂုဏ်ကျေးဇူးကို ဆိုခြင်း၏ အစွမ်းအားဖြင့်။ တေ၊ ဤစကားကို။ ဝုတ္တံ၊ ဆိုအပ်၏။ ယထာ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ အညတ္ထာပိ၊ တပါးလည်း ဖြစ်ကုန်သော။ ဟေဋ္ဌာ၊ အောက်မဂ်တို့၌။ ပဟီနာနံ၊ ပယ်အပ်ကုန်ပြီးသော နီဝရဏတို့ကို။ ဥပရိ ပဟာနဝစနံ၊ အထက်မဂ်၌ ပယ်ခြင်းကို ဆိုသောစကားကို။ ဝုတ္တံ ယထာ၊ ဆိုအပ်သကဲ့သို့တည်း။ ဣတိ၊ သို့။ ဝေဒိ-တဗ္ဗံ၊ ၏။

ယေ ပန၊ **အကြင်ပုဂ္ဂိုလ်တို့သည်ကား။** သဗ္ဗေ၊ အလုံးစုံကုန်သော။ ကုသလာ ဓမ္မာ၊ ကုသိုလ်တရားတို့သည်။ သဗ္ဗေသံ၊ ကုန်သော။ အကုသလာနံ၊ အကုသိုလ်တရားတို့၏။ ပဋိပက္ခာ၊ ဆန့်ကျင်ဘက်ဖြစ်ကုန်၏။ ဣတိ ကတွာ၊ ကြောင့်၊ ဝါ၊ ဤသို့နှလုံးပိုက်၍။ ဧဝံ၊ ဤသို့။ ဝုတ္တံ၊ ဆိုအပ်၏။ ဣတိ၊ သို့။ ဝဒန္တိ၊ ကုန်၏။ တေဟိ၊ ထိုပုဂ္ဂိုလ်တို့သည်။ ဒုတိယဇ္ဈာနူပစာရာဒီသု၊ ဒုတိယဈာန် ဥပစာရ စသည်တို့၌။ နီဝရဏဝိက္ခမ္ဘနာဝစနဿ၊ နီဝရဏတို့ကို ခွါခြင်းကို မဆိုခြင်း၏။ ကာရဏံ၊ အကြောင်းကို။ ဝတ္တဗ္ဗံ၊ ဆိုသင့်သည်။ ဟောတိ၊ ၏။ စ၊ ဆက်....အံ့။ ဧကေ၊ အချို့သောဆရာတို့သည်။ ရူပါဝစရအဝိက္ခမ္ဘနီယာနိ၊ ရူပါဝစရဈာန်သည် မခွါအပ်ကုန်သော။ သုခုမာနိ၊ သိမ်မွေ့ကုန်သော နီဝရဏတို့သည်။ သန္တေဝ၊ ရှိကုန်သေးသည် သာလျှင်တည်း။ တာနိ၊ ထိုသိမ်မွေ့သော နီဝရဏတို့ကို။ သန္ဓာယ၊ ၍။ တေ၊ ဤစကားကို။ ဝုတ္တံ၊ ဆိုအပ်၏။ ဣတိ၊ ဤသို့ဆိုသော။ ယမ္ပိ၊ အကြင်စကားကိုလည်း။ ဝဒန္တိ၊ ကုန်၏။ တံ၊ ထိုစကားသည်။ တေသံ၊ ထိုကေဆရာတို့၏။ မတိမတ္တံ၊ အယူမျှသာတည်း။ ဟိ သစ္စံ၊ ၏။ မဟဂ္ဂတကုသ-လေသု၊ မဟဂ္ဂုတ်ကုသိုလ်တို့၌။ လောကုတ္တရကုသလေသု[၁] ဝိယ၊ လောကုတ္တရာ

၁။ ဤ၌ "လောကုတ္တရကုသလံ ဝိယ"ဟု အလုံးစုံဤဋီကာပါဌ်များမှာ ပါဌ်ပျက်လျက် ရှိကြ၏။ ဝိသုဒ္ဓိမဂ် မဟာဋီကာနှင့်လည်းညီ၊ ဥပမာနဥပမေယျ နှစ်ပါးလည်း ဝိဘတ်ဝုစ်တူ၍ ယုတ္တတရလည်းဖြစ်သော "လောကုတ္တရကုသလေသု ဝိယ"ဟူသော ပါဌ်သာ ရှိစေရမည်။

ကုသိုလ်တို့၌ကဲ့သို့။ သြမိသော၊ အပိုင်းအခြားအားဖြင့်။ ပဟာနံ နာမ၊ ပယ်ခြင်းမည်သည်။ န အတ္ထိ၊ မရှိ။ ပန၊ ဆက်၍ဆိုဦးအံ့။ ရူပါဝစရေဟိ၊ ရူပါဝစရစျာန်တို့ထက်။ အရူပါနံ၊ အရူပစျာန်တို့၏။ ယော ဥဠာရဖတာဒိဝိသေသော၊ အကြင်မြတ်သော အကျိုးရှိသည်၏ အဖြစ်စသော အထူးသည်။ အတ္ထိ၊ ရှိ၏။ သော[၁]၊ ထိုမြတ်သောအကျိုးရှိသည်၏ အဖြစ်စသော အထူးသည်။ ဘာဝနာဝိသေသေန၊ ဘာဝနာအထူးဖြင့်။ သန္တတရပ္ပဏီတတရဘာဝေန၊ အထူးသဖြင့်ငြိမ်သက်သည်၏ အဖြစ်၊ အထူးသဖြင့်မွန်မြတ်သည်၏ အဖြစ်ဖြင့်။ တေသုယေဝ၊ ထိုအရူပစျာန်တို့၌သာလျှင်။ ပုရိမပုရိမေဟိ၊ ရှေးရှေးဖြစ်သောစျာန်တို့ထက်။ ပစ္ဆိမပစ္ဆိမာနံ ဝိယ၊ နောက်နောက်ဖြစ်သောစျာန်တို့၏ ကဲ့သို့။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ ၏။

ဣမေ ပါပိတိဣမိနာ၊ ဣမေ ပါပို-ဟူသော ဤပါဌ်ဖြင့်။ ကေဝလံ၊ သက်သက်။ ရူပါဝစရစတုတ္ထဇ္ဈာနေ ဧဝ၊ ၌သာလျှင်။ ဥပေက္ခာသမ္ပယုတ္တာနိ၊ ဥပေက္ခာသမ္ပယုတ်ဇောတို့သည်။ န၊ မဟုတ်ကုန်သေး။ အထခေါ၊ စင်စစ်သော်ကား။ ဣမသ္မိံပိ ပဉ္စမာရုပ္ပဇ္ဈာနေ၊ ဤပဉ္စမအရူပစျာန်၌လည်း။ ဥပေက္ခာသမ္ပယုတ္တာနိ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။ ဣတိ၊ သို့။ သမ္ပိဏ္ဍေတိ[၂]၊ ပေါင်း၏။ ဣမေ၊ ဤအရူပါဝစရ ပဉ္စမစျာန်အရာ၌။ အဝုတ္တံ၊ မဆိုအပ်သေးသော။ ယံ ဝတ္တဗ္ဗံ၊ အကြင်ဆိုဖွယ်စကားသည်။ အတ္ထိ၊ ၏။ တံ၊ ထိုဆိုဖွယ်စကားကို။ ရူပါဝစရဇ္ဈာနနိဒ္ဒေသေ၊ ရူပါဝစရစျာနနိဒ္ဒေသ၌။ ဝုတ္တနယာနုသာရေန၊ ဆိုအပ်ခဲ့ပြီးသောနည်းကို အစဉ်လျှောက်သဖြင့်။ ဝေဒိတဗ္ဗံ၊ ၏။

၉၉၇-၁၀၁၁။ ပုန ဘာဝေတုကာမေနာတိ၊ ဟူ၍။ ဝုတ္တေ၊ ဆိုအပ်သည်ရှိသော်။ ပဉ္စမမေဝ၊ ရှေးဦးကပင်လျှင်။ ပဉ္စမာရုပ္ပဿ၊ ပဉ္စမာရုပ္ပစျာန်ကို။ ဘာဝိတတ္တာ၊ ပွါးစေအပ်ပြီးသည်၏ အဖြစ်ကြောင့်။ ဘာဝေတုကာမေန၊ ဘာဝေတုကာမေနဟူသော ပုဒ်ဖြင့်။ ကိံ၊ အဘယ်အကျိုးရှိအံ့နည်း။ ဣတိ အနုယောဂေ၊ ဤသို့တဖန် မေးစိစစ်ခြင်းသည်။ သတိ၊ ရှိသော်။ **ဒုတိယာရုပ္ပမာနသန္တိ**၊ ဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။ ပုန၊ တဖန်။ ဒုတိယာရုပ္ပမာနသံ၊ ဒုတိယာရုပ္ပစျာန်စိတ်ကို။ ဘာဝေတုကာမေန၊ ပွါးများခြင်းငှါ အလိုရှိသော ယောဂီပုဂ္ဂိုလ်သည်

---

၁။ ဤမှာ အနိယတ်ဝါကျအဖြစ်ဖြင့် တဝါကျပြီးဆုံးစေ၍ ထိုနောင် နိယမတ္ထဝါစက တသဒ္ဒါနှင့်တကွ "သော ဘာဝနာဝိသေသေန"စသည်ဖြင့် ဝိသုဒ္ဓိမဂ်ဋီကာများနှင့်အညီ နိယတ်ဝါကျအဖြစ်နှင့် ပါဌ်မှန်ရှိစေရမည်။

၂။ ဤ၌ ဝိသုဒ္ဓိမဂ်စာကိုယ်ဋီကာ ဤစာကိုယ်များနှင့်အညီ"နကေဝလံ ရူပါဝစရစတုတ္ထဇ္ဈာနေ ဧဝ ဥပေက္ခာသမ္ပယုတ္တာနိ၊ အထ ခေါ ဣမသ္မိံပိ ပဉ္စမာရုပ္ပဇ္ဈာနေတိ သမ္ပိဏ္ဍေတိ"ဟု ပါဌ်အပြည့်အစုံ အမှန်အကန်ရှိစေရမည်။ အလုံးစုံ ဤဋီကာ ပါဌ်များမှာ ဧဝ ။ပ။ ဣမေတိ၊ ၎င်းပါဌ်စုမပါ ကြွင်းကျန်လျက် ပျက်စီး ချွတ်ယွင်း၍သာ ရှိကြ၏။

(ဇ-တ္တဗ္ဗံမှာ စပ်)။ ဣတိ ဣမိနာ အဇ္ဈာသယေန၊ ဤသို့သော အလိုဖြင့်။ န ပန ဝုတ္တံ၊ မဆိုအပ်။ ဟိ သစ္စံ၊ ၏။ ပဉ္စမံ၊ ရှေးဦးစွာ။ ဒုတိယ- ရူပံ၊ ဒုတိယာ ရူပ္ပဈာန်ကို။ ဘာဝိတံ၊ ပွါးများအပ်ပြီးသည်။ န၊ မဟုတ်။ ဣတိ၊ သို့။ ဝေဒိ တဗ္ဗံ၊ ၏။ ရူပါဝစရဈာနံ၊ ကို။ အနတိက္ကမိတွာ၊ မကျော်လွန်မူ၍။ အနန္တရူဂ္ဂဟိတ္တဗ္ဗ- ဘာဝတော စ၊ မရောက်အပ် မရအပ် မသိအပ်သည်၏အဖြစ်ကြောင့်လည်း ကောင်း။ တံ သညာသဟဂတမနသိကာရ သမုဒါစာရသော၊ ထိုရူပသညာနှင့် တကွဖြစ်သော မနသိကာရဖြစ်ခြင်း၏။ ဟာနဘာဂိယဘာဝါဝဟနတော စ၊ ဟာနဘာဂိယ၏အဖြစ်ကို ရွက်ဆောင်တတ်သောကြောင့်လည်းကောင်း။ ရူပါ- ဝစရဈာနံ၊ သည်။ ဧတဿ၊ ထိုပဉ္စမာရူပ္ပဈာန်စိတ်အား။ ပဇ္စတ္တိကံ၊ ဘေးရန် သည်။ ဟောတိ၊ ၏။ ဣတိ ကတွာ၊ ကြောင့်။ အာသန္နံ။ပ။ပစ္စတ္ထိကန္တိ စာတိ၊ ဟူ၍။ ဝုတ္တံ၊ ပြီ။

ဝိထိပဋိပန္နာယ၊ အစဉ်သို့ရောက်သော။ ဘာဝနာယ၊ ၏။ ဥပရူပရိ၊ အထက် အထက်၌။ ဝိသေသာဝဟဘာဝတော စ၊ အထူးကို ရွက်ဆောင်သည်၏ အဖြစ် ကြောင့်လည်းကောင်း။ ပဏီတဘာဝသိဒ္ဓိတော စ၊ မွန်မြတ်သောအဖြစ်၏ ပြီးစီး ခြင်းကြောင့်လည်းကောင်း။ ပဉ္စမာရူပ္ပတော၊ ပဉ္စမာရူပ္ပဈာန်စိတ်ထက်။ဒုတိယာ ရူပံ၊ သည်။ သန္တတရသဘာဝံ၊ အထူးသာဖြင့်ငြိမ်သက်သောသဘော ရှိ၏။ ဣတိ၊ ကြောင့်။ ဒုတိယာရူပ္ပ။ပ။ပနာတိ၊ ဟူ၍။ အာဟ၊ ပြီ။ ဟိ သစ္စံ၊ ၏။ သုပ္ပဏီတ- တရာ ဟောန္တိ၊ ပစ္ဆိမာ ပစ္ဆိမာ ဣမာတိ၊ ဟူ၍။ ဝက္ခတိ၊ မိန့်ဆိုလတ္တံ့။ ဝိည ဏာ- မိစ္စေဝ[၂] မနသာ ကာတဗ္ဗန္တိ၊ ကား။ ဝိညာဏံ ဝိညာဏံဣစ္စေဝ၊ ဟူ၍သာလျှင်။ မနသာ၊ စိတ်ဖြင့်။ ကာတဗ္ဗံ၊ ပြုအပ်၏။။ ကေဝလံ၊ ဝိညာဏသဒ္ဒါနှင့်မဖက်သက် သက်။ အနန္တံ အနန္တံ ဣတိ၊ ဟူ၍။ န မနသိကာတဗ္ဗံ၊ နှလုံးမသွင်းအပ်။ တေန၊ ကြောင့်။ အနန္တန္တိ။ပ။မနသာနိစာတိ၊ ဟူ၍။ အာဟ၊ ပြီ။ အနန္တံဝိညာဏံ အနန္တံ ဝိညာဏန္တိ ပန၊ ဟူ၍ကား။ မနသိကာတုံ၊ ငှါ။ ဝဋ္ဋတိ၊ သင့်၏။

၁၀၀၂—၆။ တသ္မိံ ပန နိမိတ္တသ္မိန္တိ၊ ကား။ ပဉ္စမာရူပ္ပဝိညာဏသခ်ါတေ၊ သော။တသ္မိံ ဝိညာဏနိမိတ္တေ၊ ထိုဝိညာဉ်နိမိတ်အာရုံ၌။ဝိစာရေန္တဿ မာနသန္တိ၊ ကား။ ဘာဝနာစိတ္တံ၊ ကို။ ပဝတ္တေန္တဿ၊ ဖြစ်စေသော (ယောဂီနောမှာစပ်)။ အာကာသဖုဋ္ဌဝိညာဏေတိ၊ ကား။ ကသိဏုဂ္ဃါဋိမာကာသံ၊ ကသိုဏ်းကိုးပါးတို့ တွင် တပါးပါးကိုခွါ၍ ရအပ်သော အာကာသပညတ်ကို။ ဖရိတွာ၊ ပွါးစေခြင်း ၏ အစွမ်းအားဖြင့် ပျံ့နှံ့စေ၍။ ပဝတ္တေ၊ ဖြစ်သော။ အာရမ္မဏဘူတေ၊ အာ၌

၁။ ဝိသုဒ္ဓိမဂ်မဟာဋီကာနှင့်အညီအနက်နှင့်ပါဌ်များတည်း။ အလုံးစုံ ဤဋီကာပါဌ်များ ၌ကား သညာသဟဂတ ပုဒ်မပါပဲ တမ္မနသိကာရစသည်ဖြင့်သာ ပါဌ်ရှိကြ၏။

၂။ (ဝိညာဏမိစ္စေဝံ-ဆဋ္ဌမူ)

ဖြစ်၍ ဖြစ်သော။ ပဌမာရုပ္ပဝိညာဏေ၊ ၌။ အပေ့တီတိ၊ ကား။ အပ္ပဏာဝသေန၊ အပ္ပနာ၏ အစွမ်းအားဖြင့်။ ပဝတ္တတိ၊ ဖြစ်၏။ သဘာဝဓမ္မေပိ၊ သဘာဝဓမ္မဖြစ်သော ပဌမာရုပ္ပဝိညာဉ်အာရုံ၌လည်း (အပ္ပဏာပတ္တံမှာစပ်)။ အာရမ္မဏာသမတိက္ကမဘာဝနာဝိသေသဘာဝတော၊ အာရုံကိုလွန်မြောက်သော ဘာဝနာအထူး၏ အဖြစ်ကြောင့်။ ဣဒံ၊ ဤဒုတိယာ ရုပ္ပဝိညာဉ်သည်။ အပ္ပဏာပတ္တံ၊ အပ္ပနာသို့ ရောက်သည်။ ဟောတိ၊ ၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်း ဟူမူကား။ စတုတ္ထာရုပ္ပံ ဝိယ၊ သဘာဝဓမ္မဖြစ်သော တတိယာရုပ္ပဝိညာဉ်အာရုံ၌ အပ္ပနာသို့ရောက်သော စတုတ္ထာရုပ္ပဝိညာဉ်ကဲ့သို့တည်း။ အပ္ပနာ ။ပ။ နယောဝါတိ၊ ကား။ ဒုတိယာရုပ္ပဇ္ဈာနေ၊ ၌။ ပုရိမဘာဂေ၊ ရှေးအဖို့၌။ ကာမာဝစရာနိ၊ ကုန်သော။ ဥပစာရဝေဒနာသမ္ပယုတ္တာနေဝ၊ ဥပေက္ခာဝေဒနာနှင့် ယှဉ်သည်သာလျှင် ဖြစ်ကုန်သော။ တိဏိ ဝါ ဇဝနာနိ၊ သုံးကြိမ်သော ဇောတို့သည်လည်းကောင်း။စတ္တာရိ ဝါ ဇဝနာနိ၊တို့သည်လည်းကောင်း။ ဟောန္တိ၊ ကုန်၏။ စတုတ္ထံ ဝါ၊ လေးကြိမ်မြောက်သော်လည်းကောင်း။ ပဉ္စမံ ဝါ၊ သော်လည်းကောင်း။ အာရုပ္ပမာနသံ၊ အရူပစိတ်သည်။ ဟောတိ၊ ၏။ ဣတိအာဒိနာ၊ သော။ နယေန၊ ဖြင့်။ ပဌမာရုပ္ပဇ္ဈာနေ၊ ၌။ ဝုတ္တနယောဝ၊ ဆိုအပ်ပြီးသော နည်းရှိသည်သာလျှင်တည်း။ ဖရိတွာ ပဝတ္တဝိညာဏန္တိ၊ ကား။ ပဌမာရုပ္ပဝိညာဏံ၊ ကို။ ရှင့်ဒသဒ္ဒဝသေန၊ ရှင့်ဒသဒ္ဒါ၏ အစွမ်းအားဖြင့်။ ဝိညာဏဉ္စန္တိ၊ ဝိညာဏဉ္စဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ရှင့်ဒသဒ္ဒဝသေန၊ ဖြင့်။ ဝုတ္တဘာဝမေဝ၊ ဆိုအပ်သည်၏ အဖြစ်ကိုပင်လျှင်။ ပကာသေတုံ၊ ထင်ရှားပြခြင်း အကျိုးငှါ။ ဝိညာဏာ ။ပ။ သိယာတိ၊ ဟူ၍။ ဝုတ္တံ၊ ပြီ။ ပုဗ္ဗေ၊ ရှေး၌။ အနန္တသာ၊ အဆုံးအပိုင်းအခြား မရှိသော။ အာကာသဿ၊ ကောင်းကင်ပညတ်ကို။ အာရမ္မဏကရဏဝသေန၊ အာရုံပြုခြင်း၏ အစွမ်းအားဖြင့်။ အနန္တတာယ၊ အဆုံးအပိုင်းအခြားမရှိသည်၏ အဖြစ်ကြောင့်။ ဝိညာဏဉ္စန္တိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ ဝါ၊ ကား။ ပုန၊ တဖန်။ မနသိကာရဝသေန၊ အားဖြင့်။ အနန္တတာယ၊ ကြောင့်။တထာ၊ ထိုကဲ့သို့ ဝိညာဏဉ္စဟူ၍။ ဝုတ္တံ၊ ၏။ ဣတိ၊ သို့။ ဒဿေတုံ၊ ငှါ။ မနက္ကာရဝသေနာပိတိအာဒိ၊ ကို။ ဝုတ္တံ၊ ပြီ။ ဟိ သစ္စံ၊ ၏။ ဒုတိယာရုပ္ပံ၊ ဒုတိယာရုပ္ပဝိညာဉ်ကို။ ဘာဝေန္တော၊ ပွါးစေလိုသော ယောဂီပုဂ္ဂိုလ်သည်။ ပဌမာရုပ္ပံ၊ ကို။ အနန္တတော၊ အားဖြင့်။ အနဝသေသတော၊ အကြွင်းအကျန် မရှိသောအားဖြင့်။ မနသိ ကရောန္တော၊ နှလုံးသွင်းသည်ဖြစ်၍။ အနန္တန္တိ၊ အနန္တဟူ၍။ မနသိ ကရောတိ၊ နှလုံးသွင်း၏။

၁၀၁၀။ ပဌမာရုပ္ပဝိညာဏာဘာဝေါတိ၊ ကား။ ကသိဏံ၊ ကို။ ဥဂ္ဃါဋေတွာ၊ ခွါလှစ်၍။ အာကာသော၊ ကောင်းကင်ပညတ်ကို။ မနသိကာတဗ္ဗော ဝိယ၊ နှလုံးသွင်းအပ်သကဲ့သို့။ အာကာသာနဉ္စာယတနံ၊အာကာသာနဉ္စာယတန ဝိညာဉ်ကို။ ပဟာယ၊ ပယ်စွန့်၍။ တဿ၊ ထိုအာကာသနဉ္စာယတန ဝိညာဉ်၏။ အဘာဝေါ၊

မရှိခြင်းကို။ မနသိကာ တဗ္ဗော၊ ၏။ ပန၊ စောဒနာဉီးအံ့။ ကသ္မာ၊ အဘာယ် ကြောင့်။ တွေ၊ ဤတတိယာရုပ္ပဝိညာဉ်အရာ၌။ ဒုတိယာရုပ္ပါဝိညာဏဘာဝံ၊ ဒုတိယာ ရုပ္ပဝိညာဉ်၏မရှိခြင်းကို။ အမနသိကတွာ၊နှလုံးမသွင်းမူ၍။ ပဌမာရုပ္ပဝိညာ-ဏာဘာဝေါ၊ ပဌမရုပ္ပဝိညာဉ်၏ မရှိခြင်းကို။ မနသိ ကာတဗ္ဗော၊ နှလုံးသွင်းအပ် သနည်း။ ဣတိ အယံ၊ ကား။ စောဒနာ၊ တည်း။ ပရိဟာရော၊ ကို။ မယာ၊ သည်။ ဝုစ္စတေ၊ အံ့။ တယိဒံ တံ ဣဒံ၊ ထိုအရူပစျာန်ကို၊ ဝါ၊သို့။ အာရမ္မဏာ-တိက္ကမနဝသေန၊ အာရုံကို လွန်မြောက်ခြင်း၏ အစွမ်းအားဖြင့်။ ပတ္တဗ္ဗံ၊ ရအပ် ရောက်အပ်၏။ ဧင်္ဂါတိက္ကမနဝသေန၊ အင်္ဂါကို။ ပ။အားဖြင့်။ န ပန ပတ္တဗ္ဗံ၊ မရအပ် မရောက်အပ်။ တထာ စ သတိ၊ ထိုသို့ဖြစ်သည်ရှိသော်။ အာရမ္မဏော၊ ယေဝ၊ ၌သာလျှင်။ သာတိသယံ၊ အလွန်အကဲနှင့်တကွ။ ဒေါသဒဿနေန၊ အပြစ်ကိုရှုမြင်ခြင်းအားဖြင့်။ တံ၊ ထိုအာရုံကို။ သမတိက္ကမိတဗ္ဗံ၊ လွန်မြောက် အပ်၏။ ဒုတိယာရုပ္ပဿ၊ ၏။ အာရမ္မဏဉ္စ၊ သည်လည်း။ ပဌမာရုပ္ပမေဝ၊ သာ လျှင်တည်း။ တသ္မာ၊ ကြောင့်။ ကသိဏော၊ ၌။ အာဒီနဝံ၊ ကို။ ဒိသွာ၊ ၍။ တံ၊ ထိုကသိုဏ်းကို။ ဥဂ္ဃါဋေတွာ၊ ၍။ တဗ္ဗိဝိတ္တာကာသဿ၊ ထိုကသိုဏ်းမှ ကင်း ဆိတ်ရာဖြစ်သော အာကာသကို။ မနသိကရဏံ ဝိယ၊ နှလုံးသွင်းခြင်းကဲ့သို့။ ပဌမာရုပ္ပဝိညာဏော၊ ၌။ အာဒီနဝံ၊ ကို။ ဒိသွာ၊ ၍။ တံ၊ ထိုပဌမာရုပ္ပဝိညာဉ် ကို။ ပဟာယ၊ ၍။ တဒဘာဝဿေဝ၊ ထိုပဌမာ ရုပ္ပဝိညာဉ်၏ မရှိခြင်းကိုသာ လျှင်။ မနသိကရဏံ၊ နှလုံးသွင်းခြင်းသည်။ ယုတ္တံ၊ သင့်၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။

အဘာယဂိရိဝါသိနော ပန၊ အဘာယဂိရိဝါသီ ဂိုဏ်းသားတို့သည်ကား။ ဝိညာဏဉ္စာယတနာဘာဝေါယေဝ၊ ဝိညာဏဉ္စာယတနစျာန်စိတ်၏ မရှိခြင်းကို သာလျှင်။ မနသိ ကာတဗ္ဗော၊ ၏။ ဣတိ၊ သို့။ ဝဒန္တိ၊ ကုန်၏။ တေ ပန၊ ထိုသို့ ဆိုသော အဘာယဂိရိဝါသီဂိုဏ်းသားတို့သည်ကား။ ဣမေသံ၊ ဤအရူပစျာန်တို့၏။ အာရမ္မဏာတိက္ကမဝသေန၊ အားဖြင့်။ ပတ္တဗ္ဗဘာဝံ၊ ရအပ်ရောက်အပ်သည်၏ အဖြစ်ကို။ အသလ္လက္ခေတွာ၊ မမှတ်နိုင်ကုန်မူ၍။ ကထေန္တိ၊ ပြောဆိုကြကုန်၏။ ယဒိ သလ္လက္ခေန္တိ၊ အကယ်၍ မှတ်နိုင်ကုန်ငြားအံ့။ အညတ္ထ၊ တပါးသောအာရုံ ၌။ ဒေါသံ၊ ကို။ ဒိသွာ၊ ၍။ အညဿ၊ တပါးသော အာရမ္မဏိကကို။ သမတိက္က-မေ၊ ၌၊ ဝါ၊ ကြောင့်။ အတိပ္ပသင်္ဂဒေါသတော၊ လိုအပ်သော အနက်ကို လွန် ၍ ရောက်သော အပြစ်မှ။ န မုစ္စန္တိ၊ မလွတ်နိုင်ကုန်။

''ဝိညာဏဉ္စာယတနံ၊ ဝိညာဏဉ္စာယတနစျာန်ကို။ သတော၊ သတိနှင့် ပြည့် စုံသည်ဖြစ်၍။ သမာပဇ္ဇတိ၊ ဝင်စား၏။ သတော၊ ၍။ သမာပဇ္ဇိတွာ၊ ၍။ သတော၊ ၍။ ဝုဋ္ဌာတိ၊ ထ၏။ သတော၊ ၍။ ဝုဋ္ဌဟိတွာ၊ ၍။တဉ္စေဝ ဝိညာဏံ၊ ထိုပဌမာရုပ္ပဝိညာဉ်ကိုပင်လျှင်(သမာနဝါဒီပကစ္ဆို)၊ ဝါ၊ တို့ဒုတိယာရုပ္ပဝိညာဉ်ကို

ပင်လျှင် (အဘယ်ဂိရိဝါသီပက္ခဖို့)။ ဘာဝေတိ၊ ပွါးစေ၏” ဣတိဝစနတော၊ ဤသို့ ဟောတော်မူခြင်းကြောင့်။ ဝိညာဏဉ္စာယတနာဘာဝေါယေဝ၊ ကိုသာလျှင်။ မနသိ ကာတဗ္ဗော၊ ၏။ ဣတိ၊ သို့။ ဒထာပိ ဝဒေယျုံ၊ အကယ်၍လည်း ဆိုကုန်ငြားအံ့။ ထယိဒံ တံ ဣဒံ၊ ထိုသို့သော အကြောင်းကို (စိန္တိတံမှာစပ်)။ ပါဠိအတ္ထံ၊ ပါဠိတော်၏ အနက်ကို။ ဝိရုဇ္ဈိတွာ၊ ဆန့်ကျင်စေ၍။ ဂဟဏဝသေန၊ ယူခြင်း၏ အစွမ်းအားဖြင့်။ စိန္တိတံ၊ ကြံစည်အပ်၏။ ဟိ၊ ထိုစကားကို ထင်ရှားပြဦးအံ့။ ဧတ္ထ၊ ဤပါဠိ၌။ တဒေဝ ဝိညာဏန္တိ ဣမိနာ၊ ဖြင့်။ ဝိညာဏဉ္စာယတနံ၊ ကို။ န အဓိပ္ပေတံ၊ အလိုမရှိအပ်။ ဟိ သစ္စံ၊ ၏။ တံ၊ ထိုဝိညာဏဉ္စာယတနစျာန်ကို။ အဓိပ္ပေတံ၊ သည်။ ယဒိ သိယာ၊ အကယ်၍ ဖြစ်ငြားအံ့။ ဝိညာဏဉ္စာယတနန္တိ၊ ဟူ၍။ တဿ၊ ထိုဝိညာဏဉ္စာယတနစျာန်၏၊ ငါ၊ ကို။ ပဓာနဘာဝေန၊ ပြဓာန်းသည်၏ အဖြစ်ဖြင့်။ နိဒ္ဒိသိတွာ၊ ညွှန်းပြအပ်ပြီးသည်၏ အဖြစ်ကြောင့်။ တဒေဝါတိ ဝစနေနေဝ၊ တဒေဝ-ဟူသော သဒ္ဒါဖြင့်ပင်လျှင်။ ပရိယတ္တံ၊ ပြည့်စုံလုံလောက်ပြီ။ ဝိညာဏန္တိ ဝစနေန၊ ဝိညာဏံ-ဟူသော သဒ္ဒါဖြင့်။ ကိံ၊ အဘယ်အကျိုးရှိတော့အံ့နည်း။ သရူပနိဒဿနတ္ထံ၊ သရုပ်ကို ညွှန်းပြခြင်းအကျိုးငှါ။ ဝိညာဏဝစနံ၊ ဝိညာဏသဒ္ဒါကို ဆိုခြင်းသည်။ အထ သိယာ၊ အကယ်၍ဖြစ်ငြားအံ့။ ဧဝံ သတိ၊ သော်။ တဒေဝဝိညာဏဉ္စာယတနန္တိ၊ ဟူ၍။ ဝတ္တဗ္ဗံ၊ ဟောသင့်သည်။ သိယာ၊ ဖြစ်ရာ၏။ တသ္မာ၊ ကြောင့်။ ဝိညာဏန္တိ ဝစနေန၊ ဝိညာဏံဟူသော သဒ္ဒါဖြင့် (ဂဟဏံမှာစပ်)။ ယံ၊ အကြင်ပဌမာရုပ္ပဝိညာဉ် အာရုံကို။ အာရဗ္ဘ၊ အာရုံပြု၍။ ဝိညာဏဉ္စာယတနံ၊ ဝိညာဏဉ္စာယတနစျာန်သည်။ ပဝတ္တံ၊ ဖြစ်၏။ တဿေဝ အာကာသာနဉ္စာယတနဿ၊ ထိုအာကာသာနဉ္စာယတနဝိညာဉ် အာရုံကို သာလျှင်။ ဂဟဏံ၊ ယူခြင်းကို။ စိန္တေတဗ္ဗံ၊ ကြံစည်သင့် ကြံစည်အပ်၏။ ဣတရဿ၊ ဤမှတပါးသော ဝိညာဏဉ္စာယတနဝိညာဉ် အာရုံကို။ ဂဟဏံ၊ ကို။ န စိန္တေတဗ္ဗံ၊ မကြံစည်သင့် မကြံစည်အပ်။ ဣတိ၊ သို့။ သုဋ္ဌု၊ ကောင်းစွာ။ ဝုတ္တံ၊ ဆိုအပ်၏။

၁၀၁၁-၂။ ပဌမာရုပ္ပဝိညာဏာဘာဝေါ၊ ကို။ မနသိ ကာတဗ္ဗော၊ ၏။ ဣတိ၊ သို့။ ဝတွာ၊ ဆိုပြီး၍။ မနသိကာရဝိဓိံ၊ နှလုံးသွင်းပုံ အစီအရင်ကို။ ဒဿေတုံ၊ ငှါ။ တံ ပနာတိ အာဒိ၊ ကို။ ဝုတ္တံ၊ ပြီ။ အကတွာ မနသာတိ၊ ကား။ မနသာ၊ စိတ်ဖြင့်။ အာရမ္မဏံ၊ ကို။ အကတွာ၊ မပြုမူ၍။ သဗ္ဗေန သဗ္ဗံ၊ အချင်းခပ်သိမ်း။ တံ၊ ထိုအာရုံကို။ အစိန္တေတွာ၊ မကြံစည်မူ၍။ အာကာသံ အာကာသန္တိ၊ ဟူ၍။ မနသိကရောန္တဿ၊ နှလုံးသွင်းသော ယောဂီပုဂ္ဂိုလ်အား။ ကသိဏဝိဝိတ္တာကာသံ၊ ကသိုဏ်းမှ ကင်းဆိတ်သော ကောင်းကင်ပညတ်ကို။ မနသိ ကရောတိ ဝိယ၊ နှလုံးသွင်းသကဲ့သို့။ နတ္ထိနတ္ထီတိ ဝါ၊ ဟူ၍ လည်းကောင်း။ သုညံ သုညန္တိ ဝါ၊ ဟူ၍လည်းကောင်း။ မနသိ ကရောန္တဿ၊ အား။ ဝိညာဏ

ဝိဝိတ္တံ၊ ဝိညာဉ်မှ ကင်းဆိတ်သော။ အဘာဝမတ္တမေဝ၊ ပဌမာရုပ္ပဝိညာဉ်၏ မရှိခြင်းမျှသည်သာလျှင်။ ဥပဋ္ဌာတိ၊ ထင်၏။ ဣတိ၊ ကြောင့်။ နတ္ထိတိ အာဒိ၊ ကို။ အာဟ၊ ပြီ။ ဝါ-သဒ္ဒေါ၊ သည်။ အနိယမတ္ထော၊ အနိယမ အနက်ရှိ၏။ တေန၊ ထိုအနိယမအနက်ရှိသော ဝါသဒ္ဒါဖြင့်။ ဒီသု ပကာရေသု၊ နှစ်ပါးအပြားရှိသော နှလုံးသွင်း ဆင်ခြင်ပုံတို့တွင်။ ဧကေနပိ၊ နှလုံးသွင်းဆင်ခြင်ပုံတမျိုးဖြင့်သော်လည်း။ အတ္ထသိဒ္ဓိ၊ လိုအပ်သော အနက်၏ ပြီးစီးခြင်းသည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ဒဿေတိ၊ ပြ၏။ ဝါ၊ ကား။ ဝါ-သဒ္ဒေါ၊ သည်။ အဝုတ္တဝိကပ္ပနတ္ထော၊ အဝုတ္တဝိကပ်အနက်ရှိ၏။ တေန၊ ထိုအဝုတ္တဝိကပ်အနက်ရှိသော ဝါ-သဒ္ဒါဖြင့်။ ဝိဝိတ္တံ ဝိဝိတ္တန္တိ ဣမဿပိ၊ ဝိဝိတ္တံ ဝိဝိတ္တံ-ဟူသော ဤကျမ်း၌ တိုက်ရိုက်မဆိုအပ်သော နှလုံးသွင်း ဆင်ခြင်ပုံကိုလည်း။ သင်္ဂဟော၊ သိမ်းသွင်း ရေတွက်ခြင်းကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ တ္တော၊ ဤအရာ၌။ အနိယမော ပန၊ အနိယမ အနက်သည်ကား။ တိဏ္ဏမ္ပိ၊ ပရိယာယ် သဒ္ဒါသုံးမျိုးတို့၏ လည်း၊ ဝါ၊ နှလုံးသွင်း ဆင်ခြင်ပုံသုံးမျိုးတို့၏လည်း။ ဝိသုံ ဝိသုံ၊ အသီးသီး။ ပရိယာယ-ဘာဝတော ဝ၊ ပရိယာယ်သဒ္ဒါ၊ ဝါ၊ အလှည့်အကြိမ်၏ အဖြစ်ဖြင့်သာလျှင်။ သိဒ္ဓေါ၊ ပြီး၏။ ဟိ သစ္စံ၊ ၏။ ပရိယာယသဒ္ဒါ၊ ပရိယာယ် သဒ္ဒါတို့သည်။ ဝိသုံ ဝိသုံယေဝ၊ အသီးသီးသာလျှင်။ အတ္ထံ၊ အနက်ကို။ သာဓေန္တာ၊ ပြီးစေတတ်ကုန်လျက်။ ပရိယာယာ၊ ပရိယာယ်တို့သည်။ ဟောန္တိ၊ ကုန်၏။ ဣတိ၊ သို့။ လောကေ၊ ၌။ နိရုဠှာ၊ ထင်ရှားကုန်၏။ ယထာဟု ကိံ အာဟု၊ ရှေးဆရာတို့ အဘယ်ကဲ့သို့ မိန့်ဆိုတော်မူကြကုန် သနည်းဟူမူကား။ ပရိယာယေနေဝ တေ ယသ္မာ။ ပ။ ဝဝတ္ထိတန္တိ၊ ဟူ၍။ အာဟု၊ ကုန်ပြီ။

(တေ၊ ထိုပရိယာယ်သဒ္ဒါတို့သည်။ ယသ္မာ၊ ကြောင့်။ ပရိယာယေ-နေဝ၊ အလှည့်အကြိမ်၊ ဝါ၊ တခုစီ တခုစီအားဖြင့် သာလျှင်။ အတ္ထံ၊ အနက်ကို။ ဝဒန္တိ၊ ဟောတတ်ကုန်၏။ သံဟတာ၊ ပေါင်းစုကုန်သည်ဖြစ်၍၊ ဝါ၊ တပြိုင်နက် ဖြစ်ကုန်၍။ န ဝဒန္တိ၊ မဟောတတ်ကုန်။ တတော တသ္မာ၊ ကြောင့်။ သဗ္ဗပရိယာယေသု၊ အလုံးစုံသော ပရိယာယ် သဒ္ဒါတို့၌။ ပရိယာယတ္တံ[1]၊ ပရိယာယ် သဒ္ဒါ၏၊ ဝါ၊ အလှည့် အကြိမ်၏ အဖြစ်ကို။ ဝဝတ္ထိတံ၊ သီးသန့်ပိုင်းခြား မှတ်သားအပ်၏။)

၁၀၁၃-၆။ တသ္မိံ နိမိတ္တေတိ၊ ကား။ ပဌမာရုပ္ပဝိညာဏဿ၊ ၏။ အဘာဝ-သင်္ခါတေ၊ မရှိခြင်းဟုဆိုအပ်သော။ ဈာနပ္ပဝတ္တိကာရဏဘူတေ၊ ဈာန်ဖြစ်ခြင်း၏ အကြောင်းဖြစ်၍ ဖြစ်သော။ နိမိတ္တေ၊ နတ္ထိဘာဝပညတ်အာရုံနိမိတ်၌(ဝိစာရေ-

[1] ဤ၌ ဘာဝဝိစက တ-နှစ်ဆင့်နှင့် "ပရိယာယတ္တံ"ဟု သာ ပါဌ်မှန်ရှိစေရမည်။ အဘိဓေယျဝါစက အတ္ထ-သဒ္ဒါနှင့်"ပရိယာယတ္တံ"ဟု ပါဌ်ပျက်မရှိစေလင့်။

န္တဿ-မှာစပ်)။ **သတိ သန္တိဋ္ဌတီတိ၊** ကား။ **အဘာဝနိမိတ္တာရမ္မဏာ၊ အဘာဝ**
နိမိတ်လျှင်၊ ဝါ၊ နတ္ထိဘာဝပညတ်လျှင် အာရုံရှိသော။ **သတိ၊** သတိသည်။
**သမ္မာ၊** ကောင်းစွာ။ **သုပ္ပတိဋ္ဌိတာ၊** တည်သည်။ **ဟုတွာ၊** ဖြစ်၍။ **တိဋ္ဌတိ၊**
တည်၏။ **စ၊** ဆက်အံ့။ **ဧတ္ထ၊** ဤတတိယာရုပ္ပစျာန်အရာ၌။ **သတိသီသေန၊**
သတိကိုအဦးမူသဖြင့်။ **ဥပစာရဇ္ဈာနာနုဂုဏာနံ၊** ဥပစာရစျာန် အားလျော်
ကုန်သော။ **သဒ္ဓါပဉ္စမာနံ၊** သဒ္ဓါဣန္ဒြေလျှင် ငါးခုမြောက်ဖြစ်ကုန်သော။ **ဣန္ဒြိယာနံ၊**
တို့၏။ **သကိစ္စယောဂံ၊** မိမိကိစ္စနှင့် ယှဉ်ခြင်းကို၊ ဝါ၊ မိမိကိစ္စ၌ အားထုတ်ခြင်း
ကို။ **ဒဿေတိ၊** ပြ၏။ **ဥပစာရဇ္ဈာနံ ပန၊** ဥပစာရစျာန်ကိုကား။ **ဘိယျော**
**သမာဓိယတိ မာနသန္တိ ဣမိနာ၊** ဟူသော ဤပါဠိဖြင့်။ **ဝုတ္တံ၊** ဆိုအပ်၏။
**ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊** မှတ်အပ်၏။ **ကသိဏုဂ္ဃါဋိမာ ။ပ။ အဘာဝကေတိ၊** ကား။
**ဧဝံ၊** ဤသို့။ **ပဌမာရုပ္ပဝိညာဏဿ၊** ဖြစ်သော ဝိညာဉ်၏။ **နတ္ထိဘာဝသင်္ခါတေ၊**
မရှိသည်၏ အဖြစ်ဟု ဆိုအပ်သော။ · **ဝိနာသာဘာဝကေ၊** ပျက်စီးခြင်းတည်း
ဟူသော အဘာဝ၌။ **ပုရေ၊** ရှေး၌။ **အဘာဝဝါဒိကေ၊** အဘာဝစသည်၌။ **န၊**
မဟုတ်။ **ပန၊** ဆက်၍ဆိုဦးအံ့။ **ဧတ္ထ၊** ဤဘတိယာရုပ္ပဝိညာဉ်အရာ၌။ **အပ္ပ-**
**ဏာနယော၊** အပ္ပနာနည်းကို။ **ပဌဝီကသိဏေ၊** ပထဝီကသိုဏ်း၌။ **ဝုတ္တနယာနု-**
**သာရေန၊** သဖြင့်။ **ဝေဒိတဗ္ဗော၊** ၏။ **ဣတိ၊** ကြောင့်။ **အပ္ပဏာယ နယောတိ-**
**အာဒိ၊** ကို။ **အာဟ၊** ပြီ။

၁၀၁၇-၉။ **ဧဝံ၊** ဤသို့။ **တတ္ထ၊** ထိုတတိယာ ရုပ္ပဝိညာဉ်၌၊ **ယံ၊** အကြင်
ဆိုဖွယ်စကားသည်။ **အဝိသိဋ္ဌံ**[1]**၊** မထူး။ **တံ၊** ထိုမထူးသော ဆိုဖွယ်စကားကို။
**အတိဒိသိတွာ၊** ညွှန်းပြပြီး၍။ **ဣဒါနိ၊** ၌။ **ဝိသေသံ၊** အထူးကို။ **ဒဿေတုံ၊**
ငှါ။ **အာကာသဂတဝိညာဏန္တိအာဒိ၊** ကို။ **ဝုတ္တံ၊** ပြီ။ **ပရိကမ္မမနက္ကာရေ**
**တသ္မိံ အန္တရဟိတေတိ၊** ကား။ **နတ္ထိ နတ္ထီတိ၊** ဟူ၍။ **ပဝတ္တပရိကမ္မမနသိကာ-**
**ရေန**[2]**၊** ဖြစ်သောပရိကံကို နှလုံးသွင်းခြင်းဖြင့်။ **တဿ၊** ထို ပဌမာရုပ္ပဝိညာဉ်
ကို။ **အမနသိကရဏေန၊** နှလုံးမသွင်းခြင်းဖြင့်၊ ဝါ၊ ကြောင့်။ **တသ္မိံ** ပဌမာ-
ရုပ္ပဝိညာဏေ၊ သည်။ **အန္တရဟိတေ၊** ကွယ်သည် ကင်းသည်ရှိသော်။ **ခဏဘင်္ဂ-**
**ဝသေန** ဝါ၊ ခဏဘင်၏ အစွမ်းအားဖြင့်လည်းကောင်း။ **ဈာနပရိဟာနိဝသေန-**

၁။ ဤ၌ ဝမှာ လုံးကြီးတင်နှင့်တကွ အဝိသေသတ္တဝါစကပုဒ်အဖြစ်ဖြင့်"အဝိသိဋ္ဌံ"
ဟုသာ ပါဠ်မှန်ရှိစေရမည်၊ ဝမှာ လုံးကြီးတင်မပါပဲ အဝသေသတ္တဝါစက ပုဒ်
အဖြစ်ဖြင့်"အဝသိဋ္ဌံ"ဟု ပါဌ်ပျက်မရှိစေလင့်။ သတိရှိစေ။

၂။ ဤ၌ ဝိသုဒ္ဓိမဂ် စာကိုယ်ဋီကာများနှင့်အညီ တတိယာဝိဘတ်ျန္တပုဒ် အဖြစ်ဖြင့်
"ပဝတ္တ။ပ။ကာရေန။ ငင်းနေခင် ပဋ္ဌိသေဓ (အ)နှင့်တကွ အမနသိကရဏေန"
ဟု သာ ပါဌ် မှန်ရှိစေရမည်။ သတ္တမျန္တပုဒ် အဖြစ်ဖြင့် "ပဝတ္တ ။ပ။ ကာရေ။
ငင်းနေခင် ပဋိသေဓ (အ)မပါပဲ မနသိကရဏေန"ဟု ပါဌ်ပျက်မရှိစေလင့်။

ဝါ၊ ဈာန်မှ ဆုတ်ယုတ်ခြင်း၏ အစွမ်းအားဖြင့် လည်းကောင်း။ န ပန အန္တရ-ဟိတော၊ ကွယ်သည်ကင်းသည်ရှိသော် မဟုတ်။ ဟိ သစ္စံ၊ ၏။ ခဏဘင်္ဂဝသေန၊ အားဖြင့်။ အန္တရဓာနံ၊ ကင်းခြင်းကွယ်ခြင်းကို။ ခဏေ ခဏေ၊ ခဏတိုင်း ခဏတိုင်း၌။ ဥပလဗ္ဘတိ၊ ရအပ်သိအပ်၏။ ပရိဟာနိဝသေန စ၊ ဈာန်မှဆုတ်ယုတ်ခြင်း၏ အစွမ်းအာဖြင့်လည်း။ အန္တရဓာနေ၊ ကင်းခြင်း ကွယ်ခြင်း၌။ ပုန။ တဖန်။ တံ၊ ထိုပဌမာရုပ္ပဝိညာဉ်ကို။ အနုပ္ပါဒေတွာ၊ မဖြစ်စေမူ၍။ ဥတ္တရိဈာ-နာဓိဂမောယေဝ[၁]၊ အထက်ဈာန်ကို ရခြင်းသိခြင်းသည်သာလျှင်။ နတ္ထိ၊ မရှိ၊ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။

**တဿာပဂမမတ္တံ၀၊ ပဿန္တော ဝသတိတိ၊** ကား။ တဿ ပဌမာရုပ္ပဿ၊ ၏။ အဘာဝမတ္တံ[၂] ဧဝ၊ မရှိခြင်းမျှကို သာလျှင်။ ပဿန္တော၊ ကြည့်ရှုလျက်။ သော ယောဂါဝစရော၊ ထိုယောဂါဝစရပုဂ္ဂိုလ်သည်။ ဝိဟရတိ၊ နေ၏။ ယထာ ကထံ ဝိယ၊ ဥပမာ အဘယ်ကဲ့သို့ နည်းဟူမူကား။ ဣတိ စောဒိတဗ္ဗတော၊ ကြောင့်။**သန္နိပါတန္တ** အာဒိ၊ ကို။ အာဟ၊ ပြီ။ ဣဒံ အယံ အဓိပ္ပါယော၊ ကို။ ဝုတ္တံဝုတ္တော၊ သည်။ ဟောတိ၊ ၏။ ကောစိ၊ တစုံတယောက်သော။ ပုရိသော၊ ယောကျ်ားသည်။ မဏ္ဍပမာလာဒိသု၊ တန်ဆောင်းဝန်းစသည်တို့တွင်။ ကတ္ထစိ၊ တစုံတခုသော အရပ်၌။ ကေနစိဒေဝ ကရဏီယေန၊ တစုံတခုသော ပြုဖွယ် ကိစ္စဖြင့်သာလျှင်။ သန္နိပတိတံ၊ စည်းဝေးသော။ ဘိက္ခုသံဃံ၊ ရဟန်းသံဃာ ကို။ ဒိသွာ၊ ရှုကြည့်၍ (ပဿတိ-မှာစပ် နောက်တွာပစ္စယန္တပုဒ်များကိုလည်း ဤအတူပင်စပ်လေ)။ ကတ္ထစိ၊ တစုံတခုသော အရပ်သို့။ ဂန္တွာ၊ သွား၍။ သန္နိပါတကိစ္စာဝသာနေ၊ စည်းဝေးခြင်းကိစ္စ အပြီးအဆုံး၌။ ဥဋ္ဌာယ၊ ထ၍။ ဘိက္ခူသု၊ ရဟန်းတို့သည်။ ပက္ကန္တေသု၊ ဖဲသွားကုန်သည် ရှိသော်။ ပုန၊ တဖန်။ တံ ဌာနံ၊ ထိုအရပ်သို့။ အာဂန္တွာ[၃]၊ ပြန်လာ၍။ သြလောကေန္တော၊ ကြည့်ရှုသည်ရှိသော်၊ ဝါ၊ သော။ ကောစိ ပုရိသော၊ သည်။ သုညမေဝ၊ သံဃာမှ ကင်းဆိတ်သည်ကိုသာလျှင်။ ပဿတိ ယထာ နာမ၊ ရှုမြင်ရသကဲ့သို့။ ဧဝံ

၁။ ဤ၌ ဈာနသဒ္ဒါနှင့် "ဈာနာဓိဂမောယေဝ"ဟုသာ ပါဌ်ရှိစေရမည်။ ဉာဏသဒ္ဒါနှင့် ဉာဏာဓိဂမောယေဝ ဟု အမျာနအားဖြင့် ဤဋီကာပါဌ်များမှာ ရှိကြသည်ကား အပျက်သာ။

၂။ ဤ၌ သံဝဏ္ဏေတဗ္ဗဤစာကိုယ်နှင့် အထက် ဆိုလတ္တံ့သော ဤဋီကာစကားများကိုထောက်သဖြင့် ဧဝသဒ္ဒါ မုချပါရှိစေရမည်၊ ၎င်းဧဝ သဒ္ဒါဖြင့် အပဂတကာရဏဝိမံသာကို နစ်စေသည်။ အလုံးစုံဤဋီကာပါဌ်များ၌ ဧဝသဒ္ဒါမပါပဲ ပါဌ်ရှိကြသည်ကား အပျက်သာ။

၃။ ဤ၌စာများမှာ အာ-မပါပဲ ဂန္တွာ-ဟု ပါဌ်ရှိကြ၏။ မသင့်၊ အာနှင့်တကွ အာဂန္တွာ-ဟု ပါဌ်မှန်ရှိစေရမည်။

တထာ၊ တူ။ ဣဒံ သမ္ပဒံ၊ ဤဥပမာနှင့်ပြည့်စုံခြင်းကို။ ဒဋ္ဌဗ္ဗံ၊ ၏။ ဣတိ၊ သို့။ ဝုတ္တံ ဝုတ္တော၊ သည်။ ဟောတိ၊ ၏။

တတြ၊ ထိုဥပမာ၌။ ဣဒံ၊ ဤဆိုလတ္တံ့သည်ကား။ သြပမ္မသံသန္ဒနံ၊ ဥပမာ ဥပမေယျနှိုးနှောခြင်းတည်း—သော ပုရိသော၊ သည်။ သန္ဒိပတိတံ၊ သော။ ဘိက္ခုသံဃံ၊ ကို။ ဒိသွာ၊ ၍။ ဂတော၊ သွား၏။ တတော၊ ထိုနောင်မှ။ သဗ္ဗေသု၊ ကုန်သော။ ဘိက္ခူသု၊ တို့သည်။ အပဂတေသု၊ ဖဲသွားကုန်သည်ရှိသော်။ တံ ဌာနံ၊ ကို။ တေဟိ၊ ထိုရဟန်းတို့မှ။ သုညမေဝ၊ ကင်းဆိတ်သည်ကိုသာလျှင်။ ပဿတိ ယထာ၊ ရှုမြင်ရသကဲ့သို့။ တေသံ၊ ထိုရဟန်းတို့၏။ ကုတောစိ၊ တစုံတခု သော အရပ်သို့။ အပဂတကာရဏံ ပန၊ ဖဲသွားခြင်း၏အကြောင်းကိုကား။ န ပဿတိ ယထာ၊ ဉာဏ်ဖြင့်မရှုကြည့်သကဲ့သို့။ ဧဝံ တထာ၊ တူ။ အယံ ယောဂါဝစရော၊ သည်။ ပုဗ္ဗေ၊ ရှေး၌။ ဝိညာဏဉ္စာယတနဇ္ဈာနစက္ခုနာ၊ ဝိညာဏဉ္စာယတနစျာန်စက္ခုဖြင့်။ ပဌမာရုပ္ပဝိညာဏံ၊ ကို။ ဒိသွာ၊ ၍။ နတ္ထိတိ မနသိကာရေန၊ နတ္ထိဟူသော နှလုံးသွင်းခြင်းဖြင့်။ တသ္မိံ၊ ထိုပဌမာရုပ္ပဝိညာဉ်သည်။ အပဂတေ၊ ကင်းသည်ရှိသော်။ တတိယာရုပ္ပစက္ခုနာ၊ ဖြင့်။ တဿ၊ ထိုပဌမာရုပ္ပဝိညာဉ်၏။ နတ္ထိဘာဝမေဝ၊ မရှိသည်၏အဖြစ်မျှကိုသာလျှင်။ ပဿတိ၊ ရှုမြင်၏။ တဿ၊ ထိုပဌမာရုပ္ပဝိညာဉ်၏။ အပဂတကာရဏံ၊ မရှိခြင်းကင်းခြင်းအကြောင်းကို။ န ဝီမံသတိ၊ ဉာဏ်ဖြင့်မစုံစမ်း။ ကသ္မာ၊ မှုကား။ ဈာနဿ၊ တတိယာရုပ္ပဈာန်၏။ တာဒိသာဘောဂါဘာဝတော၊ ထိုသို့သဘောရှိသော နှလုံးသွင်းခြင်း၏ မရှိခြင်းကြောင့်တည်း။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။

၁၀၂၀-၄။ စတုတ္ထာ ။ပ။ သန္တန္တိ၊ ကား။ နေဝသညာနာသညာယတနစိတ္တံ၊ သည်။ သင်္ခါရာဝသေသသုခုမဘာဝပ္ပတ္တိယာ၊ သင်္ခါရကြွင်း၏၊ ဝါ၊ ကြွင်း သောသင်္ခါရ၏ သိမ်မွေ့သည်၏အဖြစ်သို့ ရောက်ခြင်းဖြင့်၊ ဝါ၊ ကြောင့်။ သဝိသေသံ၊ အထူးနှင့်တကွ။ သန္တံ၊ ငြိမ်သက်သည်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ ဧဝံ တထာ၊ တူ။ အယံ အာကိဉ္စညာယတနသမာပတ္တိ၊ သည်။ တဒဘာဝတော၊ ထိုသင်္ခါရာဝသေသသုခုမဘာဝပ္ပတ္တိ၏ မရှိခြင်းကြောင့်။ နော စ သန္တာ၊ မငြိမ် သက်သည်သာလျှင်တည်း။ ဣတိ အယံ၊ ကား။ အဓိပ္ပါယော၊ တည်း။ ပန၊ ဆက်....အံ့။ ဧတ္ထ၊ ဤ န စ သန္တံ-ဟူသော ပါဌ်၌။ စ-သဒ္ဒေါ၊ သည်။ အဝုတ္တသမုစ္စယတ္ထော၊ အဝုတ္တသမုစ္စည်းအနက်ရှိ၏။ တေန၊ ထိုအဝုတ္တသမုစ္စည်းအနက်ရှိ သော စသဒ္ဒါဖြင့် (သင်္ဂဟော-မှာစပ်)။ သညာ၊ အာကိဉ္စညာယတနစျာန်၌ ရှိသောသညာသည်။ ရောဂေါ၊ အနာရောဂါနှင့်တူ၏။ သညာ၊ သည်။ ဂဏ္ဍော၊ အိုင်းအမာနှင့်တူ၏။ သညာ၊ သည်။ သလ္လံ၊ ငြောင့်တံကျင်နှင့်တူ၏။ ယဒိဒံ ယံ ဣဒံ နေဝသညာနာသညာယတနံ၊ သည်။ အတ္ထိ၊ ၏။ ဧတံ၊ ဤနေဝသညာနာသညာယတနစျာန်သည်။ သန္တံ၊ ငြိမ်သက်၏။ ဧတံ၊ သည်။ ပဏီတံ၊ မွန်မြတ်

၏။ ဣတိ ဣမသ္မိံ၊ ဤသို့သော ပွါးများပုံ နှလုံးသွင်းပုံကိုလည်း။ သင်္ဂဟော၊ သိမ်းသွင်း ရေတွက်ခြင်းကို။ ဝေဒိတဗ္ဗော၊ ၏။ စတုတ္ထ သန္တတောတိ၊ ကား။ သခါရာဝသေသသုခုမဘာ ၁ ဝနေ၀၊ ဖြစ်ဖြင့်သာလျှင်။ သဝိသေသံ၊ တကွ။ သန္တ-တာယ စ၊ ကြောင့်လည်းကောင်း။ အသန္တဘာဝကရရောဂါဒိသရိက္ခကသညာ-ဝိရဟတော စ၊ မငြိမ်သက်သည်၏အဖြစ်ကိုပြုတတ်သော အနာရောဂါစသည်နှင့် တူသောသညာမှ ကင်းခြင်းကြောင့်လည်းကောင်း။ သန္တတော၊ အားဖြင့်။ (စတုတ္ထာရုပ္ပံ၊[၁] ကို) ဒိသွာ၊ ၍။ သန္တံ သန္တမိဒံ စိတ္တန္တိ ဣမိနာ၊ ဟူသော ဤပါဌ်ဖြင့်။ ဘာဝနာကာရံ၊ ပွါးများပုံ အခြင်းအရာကို။ ဒဿေတိ၊ ပြ၏။ ဟိ သစ္စံ၊ ၏။ ဝိဘင်္ဂေပိ၊ ဝိဘင်းပါဠိတော်၌လည်း။ တံ ယေဝ အာကိဉ္စညာယတနံ၊ ထို အာ ။ပ။ နစျာန်ကိုသာလျှင်။ သန္တတော၊ အားဖြင့်။ မနသိကရောတိ၊ ၏။ ဣတိ အယမေဝ ဘာဝနာကာရော၊ ဤပွါးများပုံအခြင်းအရာကိုပင်လျှင်။ ဂဟိ-တော၊ ယူတော်မူ၊ ဝါ၊ ဟောတော်မူအပ်၏။ အပရေ ပန၊ တပါးသောဆရာတို့သည်ကား။ ပါဠိယံ၊ ပါဠိတော်၌။ ဣမဿ၊ ဤနေဝသညာ ။ပ။ နစျာန်၏။ ဘာဝနာကာရော၊ ကို။ န ဂဟိတော၊ ယူတော်မမူအပ်၊ ဝါ၊ ဟောဘော်မမူအပ်။ ဣတိ၊ သို့။ဝတွာ၊ ဆို၍။ တတ္ထ၊ ထိုယူတော်မမူ ဟောတော်မမူရာ၌။ ကာရဏံ၊ ကို။ ဝဒန္တိ၊ ကုန်၏။ တတ္ထ၊ ထိုအပရေဆရာတို့ဆိုသောစကား၌။ ဝတ္တဗ္ဗံ၊ချေဆိုဖွယ်စကားကို။ ဝိသုဒ္ဓိမဂ္ဂသံဝဏ္ဏနာဒိတော၊ ဝိသုဒ္ဓိမဂ်ဋီကာစသည်မှ။ ဂဟေတဗ္ဗံ၊ ယူအပ်၏၊ ဝါ၊ ယူလေတော့။

၁၀၂၇။ အာရမ္မဏာဘူတေသု၊ အာရုံဖြစ်၍ ဖြစ်ကုန်သော။ စတူသုပိ။ ကုန်သော။ တတိယာရုပ္ပသခ်ါတကန္ဓေသု၊ တတိယာရုပ္ပစျာန်ဟု ဆိုအပ်သော ခန္ဓာတို့၌။ ဣတိ ဇ.ယံ၊ ကား။ အဓိပ္ပါယော၊ တည်း။

၁၀၂၉-၃၁။ အဘာဝမတ္တမ္ပိတိ၊ ကား။ သုညတာမတ္တမ္ပိ၊ ပဌမာရုပ္ပဝိညာဉ်မှ ကင်းဆိတ်သည်၏အဖြစ်ကိုလည်း။ ဧဝံ သုခုမမ္ပိ၊ ဤသို့သိမ်မွေ့သော နတ္ထိဘော ပညတ်မျှကိုလည်း။ ဣတိ အယံ၊ ကား။ အဓိပ္ပါယော၊ တည်း။ သန္တာရမ္မဏတာ-ယာတိ၊ ကား။ ဧတိဿာ၊ ထိုတတိယာရုပ္ပသမာပတ်အား၊ ဝါ၊ ၏။ သန္တံ၊ ငြိမ်သက်သော။ အာရမ္မဏံ၊ နတ္ထိဘောပညတ်တည်းဟူသောအာရုံသည်။ အတ္ထိ၊ ၏။ ဣတိ၊ ကြောင့်။ သန္တာရမ္မဏာ၊မည်၏။ တဗ္ဘာဝေါ၊ထိုသို့ငြိမ်သက်သောနတ္ထိဘော ပညတ်တည်းဟူသောအာရုံရှိသော တတိယာရုပ္ပသမာပတ်၏အဖြစ်သည်။ သန္တာရမ္မဏတာ၊ မည်၏။ တာယ၊ ထိုသို့ ။ပ။ အဖြစ်ကြောင့်။ ဈာနသန္တတာ-ယ၊ အာရမ္မဏိကဖြစ်သော ဈာန်၏ ငြိမ်သက်သည်၏အဖြစ်ကြောင့်။ န၊မဟုတ်။

---

၁။ ဤအရာ၌ စတုတ္ထံ-ဟု သံဝဏ္ဏေတဗ္ဗမှာ တိုက်ရိုက်ပါရှိသောကြောင့် စတုတ္ထံ သို့မဟုတ် စတုတ္ထာရုပ္ပံဟု ကံပုဒ်မချွတ်ရှိသင့်သည်။ အလုံးစုံ ဤဋီကာပါဌ်များ၌ကား ၎င်းပုဒ် မရှိကြ၊ ဆင်ခြင်၍ ပါဌန္တရများကိုလည်း ရှာကြံကြလေ။

ဟိ သစ္စံ၊ ၏။ တတိယာရုပ္ပသမာပတ္တိ၊ သည်။ စတုတ္ထာရုပ္ပတော၊ ထက်။ သန္တ-တရာ၊ အထူးသဖြင့် ငြိမ်သက်သည်။ န၊ မဟုတ်။ စောဒကော။ စောဒကဆရာသည် (အာဟ-မှာစပ်)။ ယံ၊ အကြင်တတိယာရုပ္ပစျာန်ကို။ သန္တတော၊ အားဖြင့်။ မနသိကရောတိ၊ ၏။ တတ္ထ၊ ထိုတတိယာရုပ္ပစျာန်၌။ အာဒီနဝဒဿနံ၊ အပြစ်ကို ရှုမြင်ခြင်းသည်။ န ဘဝေယျ၊ မဖြစ်ရာ။ စ၊ ဆက်....အံ့။ အာဒီနဝ-ဒဿနေ၊ သည်။ အသတိ၊ မရှိခဲ့သော်။ သမတိက္ကမော ဧဝ၊ တတိယာရုပ္ပသမာပတ်ကို လွန်မြောက်ခြင်းသည်ပင်လျှင်။ န သိယာ၊ မဖြစ်ပေရာ။ ဣတိ၊ သို့နှလုံးပိုက်၍။ သန္တတော စေ မနက္ကာရော၊ ကထဉ္စ သမတိက္ကမောတိ၊ ဟူ၍။ အာဟ၊ ဆို၏။ ဣတရော ပန၊ ဤမှတပါးသော ပရိဟာရဆရာသည်ကား။ အနာပဇ္ဇိတုကာမတ္တာတိအာဒိနာ၊ ဖြင့်။ ပရိဟာရံ၊ အဖြေစကားကို။ အာဟ၊ ၏။ တေန၊ ထိုပါဌ်ဖြင့်။ အာဒီနဝဒဿနမ္ပိ၊ အပြစ်ကိုရှုမြင်ခြင်းသည်လည်း။ အတ္ထေဝ၊ ရှိသည်သာလျှင်တည်း။ ဣတိ၊ သို့။ ဒဿေတိ၊ ၏။ ဟိသစ္စံ၊ ၏။ ယသ္မိံ စျာနေ၊ ၌။ အဘိရတိ၊ လွန်စွာနှစ်သက်မွေ့လျော်ခြင်းသည်။ အတ္ထိ၊ ၏။ တတ္ထ၊ ထိုစျာန်၌၊ အာဝဇ္ဇနသမာပဇ္ဇနာဒိပဋိပတ္တိယာ၊ ဆင်ခြင်ခြင်း၊ ဝင်စားခြင်းစသော အကျင့်သည်။ ဘဝိတဗ္ဗံ၊ ဖြစ်သင့်၏။ အယံ၊ ထိုယောဂီပုဂ္ဂိုလ်အား။ သာ ပန၊ ထိုအဘိရတိသည်ကား။ တတိယာရုပ္ပေ၊ ၌။ သဗ္ဗသော၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့် သာလျှင်။ နတ္ထိ၊ မရှိ။ ကေဝလံ၊ သက်သက်။ အညာဘာဝတော၊ တပါးသောအာရုံ၏ မရှိခြင်းကြောင့်။ အာရမ္မဏကရဏ-မတ္တမေဝ၊ အာရုံပြုခြင်းမျှသည်သာလျှင်။ ဟောတိ၊ ၏။ တထာ ဟိ တတော ဧဝ၊ ကြောင့်သာလျှင်။ သေ သေယော၊ ဤယောဂီပုဂ္ဂိုလ်သည်။ တံ၊ ထိုတတိယာရုပ္ပစျာန်ကို။ သန္တတော၊ အားဖြင့်။ ကိဉ္စာပိ မနသိ ကရောတိ၊ အကယ်၍ကား နှလုံးသွင်း၏ရှင့်။ အထ ခေါ၊ ထိုသို့ပင် နှလုံးသွင်းသော်လည်း။ အယံ၊ ထိုယောဂီပုဂ္ဂိုလ်အား။ အဟံ၊ ငါသည်။ ဧတံ၊ ဤတတိယာရုပ္ပစျာန်ကို။ အာဝဇ္ဇိ-ဿာမိ၊ ဆင်ခြင်အံ့။ သမာပဇ္ဇိဿာမိ၊ ဝင်စားအံ့။ ဣတိ၊ သို့။ အာဘောဂေါ၊ သမန္နာ-ဟာရော၊ နှလုံးသွင်းခြင်းသည်။ န ဟောတိ၊ မဖြစ် မရှိ။ ကသ္မာ၊ အဘယ်ကြောင့် နည်းဟူမူကား။ အာကိဉ္စညာယတနတော၊ ထက်။ နေဝသညာနာသညာယတန-သမာပတ္တိယာ၊ ၏။ ပဏီတတရတာယ၊ အထူးသဖြင့်မွန်မြတ်သည်၏အဖြစ်ကြောင့်တည်း။ ဟိ၊ ထိုစကားကိုပမာအားဖြင့်ထင်ရှားပြဦးအံ့။ ရာဇာ၊ မင်းသည်။ မဟာ-တာ၊ ကြီးမြတ်သော။ ရာဇာနုဘာဝေန၊ မင်း၏ဘုန်းခိုးအာနုဘော်ဖြင့်။ နဂရဝီထိ-ယံ၊ မြို့တွင်းလမ်းခရီး၌။ စရန္တော၊ လှည့်လည်တော်မူသည်ရှိသော်။ ဒန္တကာရာဒ-ယော၊ ဆင်စွယ်ထု ဆင်စွယ်ပွတ်သမားအစရှိကုန်သော။ ဆေကေ၊ လိမ္မာတတ်မြောက်ကုန်သော။ ကမ္မကာရေ၊ အမှုလုပ်အတတ်သည်တို့ကို။ အနေကာနိ၊ တပါးမက များစွာကုန်သော။ ဒန္တဝိကတိအာဒီနိ၊ ဆင်စွယ်ဖြင့်ပြီးသော ထူးသောအထည်ဝတ္ထုအဆင်တန်ဆာ အစရှိကုန်သော။ သိပ္ပါနိ၊ လက်မှုအတတ်

ပညာတို့ကို။ ကရောန္တေ၊ ပြုလုပ်ကုန်သည်တို့ကို။ ဒိသွာ၊ ၍။ ရေ၊ အိုအချင်းတို့။ အဟော ဝတ၊ သြ အံ့သြဖွယ်ရှိပေစွ။ ဆေကာ၊ တတ်မြောက်လိမ္မာကုန်သော။ အာစရိယာ၊ လက်မှုအတတ်သည်ဆရာတို့သည်။ ဤဒိသာနိ၊ ဤသို့သဘောရှိကုန်သော။ သိပ္ပါနိ၊ လက်မှုအတတ်ပညာတို့ကို။ ကရိဿန္တိ၊ ပြုလုပ်နိုင်ကြကုန်ဘိ၏။ ဣတိ ဧဝံ၊ သို့။ တေသံ၊ ထိုလက်မှုအတတ်သည် ဆရာတို့၏။ ဆေကတာယ၊ လိမ္မာတတ်မြောက်သည်၏ အဖြစ်၌။ တုဿတိ၊ နှစ်သက်ဝမ်းမြောက်တော်မူ၏။ အဿ၊ ထိုမင်းအား။ အဟမ္ပိ၊ ငါသည်လည်း။ ရဇ္ဇံ၊ မင်း၏စည်းစိမ်ချမ်းသာကို။ ပဟာယ၊ ပယ်စွန့်၍။ ဝေဠုပေါ၊ ဤသို့သဘောရှိသော။ သိပ္ပိကော၊ လက်မှုအတတ်သည်သည်။ ဘဝေယျံ၊ ဖြစ်ရပါမူကား။ အဟော ဝတ၊ သြ ကောင်းလေစွ။ ဣတိ ဧဝံ၊ ဤသို့သော အကြံသည်။ န စ ဟောတိ၊ မဖြစ်သည်သာလျှင်တည်း။ တံ၊ ထိုသို့မဖြစ်ခြင်းသည်။ ကိဿ ဟေတု၊ အဘယ်အကြောင်းကြောင့်နည်းဟူမူကား။ ရဇ္ဇသိရိယာ၊ မင်းစည်းစိမ်ကျက်သရေ၏။ မဟာနိသံသတာယ၊ များမြတ်သော အကျိုးအာနိသင်ရှိသည်၏ အဖြစ်ကြောင့်တည်း။ သော၊ ထိုမင်းသည်။ တေသံ၊ ထိုလက်မှုအတတ်သည် ဆရာတို့၏။ ဇီဝိကံ[၁]၊ အသက်မွေးမှုအလုပ်ကို။ တိဏာယပိ၊ မြက်မျှလောက်ဖြင့်လည်း။ အမညမာနော၊ အောက်မေ့မှတ်ထင်တော်မမူသည်ဖြစ်၍။ တေ၊ ထိုအတတ်သည်တို့ကို။ သမတိက္ကမိတွာ၊ ကျော်လွန်၍။ ဂစ္ဆတိ ယထာ၊ သွားတော်မူသကဲ့သို့။ ဧဝံ တထာ၊ တူ။ ဣဒံ သမ္ပဒံ၊ ဤဥပမာနှင့်ပြည့်စုံခြင်းကို။ ဒဋ္ဌဗ္ဗံ၊ ၏။

၁၀၃၂။ သုခုမံ ပရန္တိ၊ ကား။ ဥက္ကံသတော၊ အလွန်အကဲအားဖြင့်။ သုခုမံ၊ သိမ်မွေ့သော (မဟာဂ္ဂဘံ-မှာစပ်)။ ဟိ သစ္စံ၊ ၏။ ပဋ္ဌမဇ္ဈာနုပစာရတော၊ ပဌမဈာန်ဥပစာရမှ။ ပဋ္ဌာယ၊ စ၍။ တစ္ဆန္တိယာ ဝိယ၊ ခေါင်းပါး သေးငယ်အောင်ပြုသကဲ့သို့။ ပဝတ္တမာနာယ၊ သော။ ဘာဝနာယ၊ ၏။ အနုက္ကမေန၊ အစဉ်အားဖြင့်။ သင်္ခါရာ၊ သင်္ခါရတို့ကို။ တတ္ထ၊ ထိုစတုတ္ထာရုပ္ပဈာန်၌။ အန္တိမကောဋ္ဌာသတံ၊ အဆုံး၌ဖြစ်သော အဖို့အစုရှိသည်၏အဖြစ်သို့။ ပါပိတာ၊ ရောက်စေအပ်ကုန်၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ ၏။ ယဒိ ဧဝံ၊ သော်။ ကထံ၊ အဘယ်ကြောင့်။ ဝါ၊ အဘယ်သို့။ ဘာဝနာ၊သည်။ အတ္တနော၊ ၏။ ကိစ္စံ၊ ကို။ သာဓေတိ၊ ပြီးစေနိုင်သနည်း။ စ၊ ဆက် အံ့။ ဧ.ဒဝတ္ထံ၊ ထိုအန္တိမကောဋ္ဌာသ အခိုက်အတန့်သို့။ ပါပိတာ၊ ရောက်စေအပ်ပြီးသော။ သော၊ ဤစတုတ္ထာရုပ္ပသမာပတ်သည်။ အာရမ္မဏံ၊ ကို။ သမ္မာ၊ ကောင်းစွာ။ န ဥပနိဇ္ဈာယတိ နနု၊ ကပ်၍မရှုနိုင်သည် မဟုတ်တုံလော။ ဣတိ အယံ၊ ကား။ စောဒနာ၊ တည်း။ ဣဒံ၊ ဤစောဒက

---

၁။ အလုံးစုံစာများမှာ ဇီဝိတံဟု ဒန္တဇပဌမက္ခရာနှင့် ပါဠ်ပျက်တတ်သည်၊ ဇီဝိကံဟု ကဏ္ဌဇပဌမက္ခရာနှင့်သာ ပါဠ်မှန်ရှိစေရမည်။ ဣတ္ထိလိင် ဇီဝိကာသဒ္ဒါ ဇီဝနောပါယအနက်ဟောဟု မှတ်လေ။

ဆရာဆိုသောစကားကို။ ဇဝံ၊ ဤသို့ဆိုသည့်အတိုင်း။ န ဒဋ္ဌဗ္ဗံ၊ မမှတ်အပ်။ စ သစ္စံ၊ ၏။ သော၊ ဤစတုတ္ထာရုပ္ပသမာပတ်ကို။ ဘာဝနာဗလေန၊ အားဖြင့်။ ဝါ၊ သည်။ သုခုမဘာဝံ၊ သို့။ ပါပိတာပိ၊ သော်လည်း။ အတ္တနော၊ ၏။ ကိစ္စေ၊ ၌။ ဒုဗ္ဗလတ္တံ၊ အားနည်းသည်၏အဖြစ်သို့။ န ပါပိတာ၊ မရောက်စေအပ်။ အထ ခေါ၊ စင်စစ်သော်ကား။ သဝိပ္ဖါရိကတာဘာဝံ[1]၊ ပျံ့နှံ့ခြင်း၊ ဝါ၊ ထင်ရှားခြင်း ရှိသည်၏အဖြစ် မရှိခြင်းသို့။ ဂမိတာ၊ ရောက်စေအပ်၏။ တေန၊ ကြောင့်။ တထာသုခုမာပိ၊ ထိုကဲ့သို့သိမ်မွေ့ငြားသော်လည်း။ အတ္တနော၊ ၏။ ကိစ္စေ၊ ၌။ န ဒုဗ္ဗလာ ဝေ၊ အားမနည်းသည်သာလျှင်တည်း။ ဣတိ၊ ကြောင့်။ တတ္ထ၊ ထိုမိမိကိစ္စ၌။ တဿာ၊ ထိုစတုတ္ထာရုပ္ပသမာပတ်၏။ အသာမတ္ထိယံ၊ အစွမ်းသတ္တိ မရှိသည်၏အဖြစ်သည်။ န ဟောတိ၊ မဖြစ်။

၁၀၃၃-၄။ **ယာယ သညာယာတိ၊ ကား**။ သဒ္ဒပ္ပဝတ္တိဟေတုဘူတာယ၊ နေဝသညီနာသညီ သဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်၍ ဖြစ်သော။ ယာဒိသာယ၊ အကြင်သို့သဘောရှိသော။သညာယ၊ ဖြင့်။ သော နေဝသညာနာသညာယတန-သမင်္ဂီပုဂ္ဂလော၊ ထိုနေဝသညာနာသညာယတနစျာန်နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည်။ နေဝသညီနာသညီ၊ မည်သည်။ ဟောတိ၊ ၏။ နေဝသညာနာသညာသမင်္ဂီ၊ ပြည့်စုံသည်။ ဟောတိ၊ ၏။ ကေဝလံ တု၊ သက်သက်ကား။ သညာ ဝေ၊ သည်သာလျှင်။ ဧဒိသီ၊ ဤသို့သဘောရှိသည်ဖြစ်၍။ သုခုမာ၊ ၍။ နေဝသညာ-နာသညာ၊ မည်သည်။ န ဟောတိ၊ မဟုတ်သေး။ အထ ခေါ ပန၊ စင်စစ်သော်ကား။ ဝေဒနာဒယောပိ၊ တို့သည်လည်း။ သုခုမာ၊ ကုန်သည်ဖြစ်၍။ နေဝ-ဝေဒနာ နာဝေဒနာ၊ မည်ကုန်၏။ စိတ္တမ္ပိ၊ သည်လည်း။ နေဝစိတ္တံ နာစိတ္တံ၊ မည်၏။ ဖဿောပိ၊ သည်လည်း။ နေဝဖဿော နာဖဿော၊ မည်၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။ သေသ သမ္ပယုတ္တဓမ္မေသု၊ တို့၌။ သေ သော နယော၊ ကို။ ဒဋ္ဌဗ္ဗော၊ ၏။ ပန၊ အဟုတ်စင်စစ်အားဖြင့်ကား။ သညာသီသေန၊ သညာကို အဦးမူသဖြင့်။ နေဝသညာနာသညာယတနန္တိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ ကေသု ဝိယ၊ အဘယ်ပါဠိရပ်တို့၌ကဲ့သို့နည်းဟူမူကား။ နာနတ္တကာယာ နာနတ္တသညိနောတိ-အာဒီသု ဝိယ၊ တို့၌ကဲ့သို့တည်း။ နနု စ စောဒေမိ၊ အံ့။ ဧတ္ထ၊ ဤစတုတ္ထာရုပ္ပ သမာပတ်၌။ သညာ၊ သည်။ ယဒိ အတ္ထိ၊ အကယ်၍ရှိငြားအံ့။ ကထံ၊ အဘယ်သို့။ နေဝသညာတိ၊ ဟူ၍။ ဝတ္တုံ၊ ဆိုခြင်းငှါ။ ဝဋ္ဋတိ၊ သင့်နိုင်အံ့နည်း။ ယဒိ နတ္ထိ၊ အကယ်၍ သညာမရှိငြားအံ့။ ကထံ၊ သို့။ နာသညာတိ၊ ဟူ၍။ ဝတ္တုံ၊ ငှါ။ ဝဋ္ဋတိ၊ သင့်နိုင်အံ့နည်း။ ဣတိ ဣမံ အနုယောဂံ၊ ဤသို့တဖန်မေးစိစစ်ခြင်းကို။

---

၁။ ဤ၌ အဝိပ္ဖါရိက, အမၤါပဲ ဝိပ္ဖါရိက, ဒန္တဇသနှင့် သဝိပ္ဖါရိက ဟူ၍ ပါဌ်အထွေထွေရှိကြရာတွင် အဝဂ်ဒန္တဇ သနှင့် သဝိပ္ဖါရိကတာဘာဝံဟုရှိသော ပါဌ်သာ အသင့်ဟု မှတ်လေ။

သန္တာယ၊ ၌။ ဣမမတ္ထံ၊ ဤအနက်ကို။ ဥပမာဟိ၊ တို့ဖြင့်။ သာဓေတုံ၊ ပြီးစေခြင်းငှါ။ **ပတ္တမက္ခနဇေ လေနာတိအာဒိ**၊ ကို။ ဝုတ္တံ၊ ပြီ။ တတ္ထ ဝစနေ၊ ၌။ **ပတ္တမက္ခနတေလေနာတိ**၊ **ကား**။ အန္တောဝုတ္တတာယ၊ အန္တောဝုတ္တ**၏** အဖြစ်ကြောင့်၊ ဝါ၊ သုတ်လိမ်း၍ထားအပ်သော အနည်းငယ်သောဆီ သပိတ်အတွင်း၌ တည်ရှိနေသည်၏အဖြစ်ကြောင့်။ ယာဂုယာ၊ ယာဂုနှင့်။ သဒ္ဓိံ၊ တကွ။ အကပ္ပိယဋ္ဌေန၊ သုံးဆောင်ခြင်းငှါ မသင့်လျော် မလျောက်ပတ်သော အနက်သဘောဖြင့် (အဋ္ဌသာလိနီယောဇနာနှင့်အညီအနက်တည်း)။ တေလံ၊ ဆီသည်။ အတ္ထိ၊ ရှိ၏။ ဣတိ စ၊ သို့လည်းကောင်း။ နာဠိပူရာဒီနံ၊ ကျည်တောက်ပြည့်လောက်အောင်သော ဆီစသည်တို့၏။ ဝသေန၊ အားဖြင့်။ နတ္ထိ၊ ဆီမရှိ။ ဣတိ စ၊ သို့လည်းကောင်း။ ဝတ္တဗ္ဗေန၊ ဆိုသင့်ဆိုထိုက်သော။ ပတ္တေ၊ သပိတ်၌။ မက္ခိတတေလေန၊ လိမ်းကျံအပ်သော ဆီဥပမာဖြင့်လည်းကောင်း။ **မဂ္ဂသ္မိံ ဥဒကေန စာတိ**၊ **ကား**။ ဥပါဟနာတေမနမတ္တဋ္ဌေန၊ ဖိနပ်စိုစွတ်ရုံမျှလောက်သော အနက်သဘောအားဖြင့်။ ဥဒကံ၊ ရေသည်။ အတ္ထိ၊ ၏။ ဣတိ စ၊ သို့လည်းကောင်း။ နဟာနဝသေန၊ ရေချိုးခြင်း၏၊ ဝါ၊ ချိုးလောက်**အောင်သောရေ၏ အစွမ်းအားဖြင့်**။ နတ္ထိ၊ ရေမရှိ။ ဣတိ စ၊ သို့လည်းကောင်း။ ဝတ္တဗ္ဗေန၊ သော။ မဂ္ဂသ္မိံ၊ လမ်းခရီး၌။ ဥဒကေန စ၊ ရေဥပမာဖြင့်လည်းကောင်း(သာဓေတဗ္ဗော-မှာစပ်)။

၁၀၃၅-၇။ **အယံ အတ္ထော** တိ၊ **ကား**။ ကိစ္စ ဝိသေသံ၊ တစုံတခုသောအထူးကို။ ဥပါဒါယ၊ ထောက်၍ စွဲ၍။ သဘာဝတော၊ သဘာအားဖြင့်။ အတ္ထီတိ၊ ရှိ၏ဟူ၍။ ဝတ္တဗ္ဗသော၀၊ ဆိုအပ်ဆိုသင့် ဆိုထိုက်သည်သာလျှင်ဖြစ်သော။ ဓမ္မဿ၊ ၏။ ကိစ္စ ဝိသေသံ၊ ကို။ ဥပါဒါယ၊ ၍။ နတ္ထီတိ၊ မရှိဟူ၍။ ဝတ္တဗ္ဗတာသင်္ခါတော၊ ဆိုအပ်ဆိုသင့်ဆိုထိုက်သည်၏ အဖြစ်ဟုဆိုအပ်သော။အယံ အတ္ထော၊ ဤအနက်ကို (သာဓေတဗ္ဗော-မှာစပ်)။ ဟိ သစ္စံ၊ ၏။ ပဋုသညာကိစ္စံ၊ ထင်ရှားသောသညာ၏ ကိစ္စကို။ ကာတုံ၊ ပြုခြင်းငှါ။ အသမတ္ထတာယ၊ မစွမ်းနိုင်သည်၏ အဖြစ်ကြောင့်။ နေဝသညာတာ စ၊ နေဝသညာ၏ အဖြစ်သည် လည်းကောင်း။ သင်္ခါရာဝသေသ သုခုမဘာဝေန၊ သင်္ခါရကြွင်း၏၊ ဝါ၊ ကြွင်းသောသင်္ခါရ၏ သိမ်မွေ့သည်၏ အဖြစ်ကြောင့်။ နာသညာတာ စ၊ နာသညာ၏ အဖြစ်သည် လည်းကောင်း။ ဟောတိ၊ ၏။ တေန၊ ကြောင့်။ ပဋုသညာယ ကိစ္စဃာတိအာဒိ၊ ကို။ အာဟ၊ ပြီ။ အာရမ္မဏသဉ္ဇာနနဥ္စေဝ၊ အာရုံကိုအသိအမှတ်ပြု၍ သိခြင်းသည်လည်းကောင်း။ ဝိပဿနာယ၊ ဝိပဿနာ၏။ ဝိသယဘာဝံ၊ အာရုံ၏အဖြစ်သို့။ ဥပဂန္တွာ၊ ကပ်ရောက်၍။ နိဗ္ဗိဒါဇနနဥ္စ၊ ငြီးငွေ့ခြင်းကို ဖြစ်စေခြင်းသည်လည်းကောင်း။ ပဋုသညာကိစ္စံ၊ထင်ရှားသောသညာ၏ ကိစ္စမည်၏။ ကထံ၊အဘယ်ကြောင့်။အယံ၊ ဤနေဝသညာယတနစျာန်၌ရှိသော သညာသည်။

သညာဝ၊ သညာသည်သာလျှင်။ သမာနာ။ ဖြစ်လျက်။ သညာကိစ္စံ၊ သညာ၏ ကိစ္စကို။ ကာတုံ၊ ပြုခြင်းငှါ။ န သက္ကောတိ၊ မစွမ်းနိုင်သနည်း။ ဣတိ စောဒိ-တဗ္ဗတော၊ ကြောင့်။ ယထာ ဒဟနကိစ္စန္တိအာဒိ၊ ကို၊ အာဟ၊ ပြီ။ သိန္နာတု-ကာမဿ၊ ရေချိုးခြင်းငှါ အလိုရှိသောပုဂ္ဂိုလ်အား။ ဥဏှသီတိဘာဝံ၊ ပူသည်၏ အဖြစ် အေးသည်၏အဖြစ်ကို။ အကတွာ၊ မပြုပဲ။ သုခဇနနတာယ၊ အတွေ့ချမ်း သာခြင်းကို ဖြစ်စေတတ်သည်၏ အဖြစ်ကြောင့်။ သုခေါဒကံ၊ မည်၏။ တသ္မိံ၊ ထိုမပူမအေး ကြက်သိမ်းနွေးရေ၌။ တေဇောဓာတု၊ တေဇောဓာတ်သည်။ ဒဟနကိစ္စံ၊ ပူလောင်ခြင်းကိစ္စကို။ ကာတုံ၊ ငှါ။ န သက္ကောတိ ယထာ၊ မစွမ်း နိုင်သကဲ့သို့။ ဧဝံ တထာ၊ တူ။ သော၊ ဤနေဝ။ပ။ ၌ရှိသောသညာသည်။ အတိ-သန္တာရမ္မဏော၊ အလွန်ငြိမ်သက်သော အာရုံ၌။ ပဝတ္တတ္တာ၊ ဖြစ်သည်၏အဖြစ် ကြောင့်။ အာရမ္မဏသဉ္ဇာနနံ၊ အာရုံကိုအမှတ်ပြု၍ သိခြင်းကိစ္စကို။ ကာတုံ၊ ငှါ။ န သက္ကောတိ၊ မစွမ်းနိုင်။ ဣတိ၊ သို့။ ပရမသုခုမတ္တံ၊ အလွန်သိမ်မွေ့ သည်၏ အဖြစ်သို့။ ဂတာဝ၊ ရောက်သည်သာလျှင်တည်း။ တေနေဝ ဟိ၊ ကြောင့်သာ လျှင်။ သော၊ ဤနေဝ။ပ။ ရှိသော သညာကို (သုခဂယှာ·မှာစပ်)။ အက-တာဘိနိဝေသဿ၊ ဝိပဿနာ၌ မပြုအပ်သော နှလုံးသွင်းခြင်းရှိသော ယောဂီ ပုဂ္ဂိုလ်အား၊ ဝါ၊၏။ ဝိပဿနာဉာဏေန၊ ဖြင့်။ သုခဂယှာ၊ ယူလွယ်သည်၊ န ဟောတိ၊ မဖြစ်။ ဣတိ၊ ကြောင့်။ သေသသမာပတ္တိသု၊ ကြွင်းသော သမာ ပတ်တို့၌။ သညာ ဝိယ၊ သညာကဲ့သို့။ ဝိပဿနာယ၊ ၏။ ဝိသယဘာဝံ၊ သို့။ ဥပဂန္တွာ၊ ၍။ နိဗ္ဗိဒါဇနနမ္ပိ၊ ငြီးငွေ့ခြင်းကိုဖြစ်စေခြင်း ကိစ္စကိုလည်း။ ကာတုံ၊ ငှါ။ န သက္ကောတိ၊ မစွမ်းနိုင်။ အညေသု ခန္ဓေသု၊ တပါးသော ခန္ဓာတို့၌။ အကတဝိပဿနာဘိနိဝေသော၊ မပြုအပ်သော ဝိပဿနာ၌ နှလုံးသွင်းခြင်း ရှိသော။ ဘိက္ခု၊ ယောဂီရဟန်းသည်။ နေဝသညာနာသညာယတနက္ခန္ဓေ၊ ကို။ သမ္မသိတွာ၊ သုံးသပ်၍၊ နိဗ္ဗိဒံ၊ ငြီးငွေ့ခြင်းသို့၊ ဝါ၊ ဝိပဿနာသို့။ ပတ္တုံ၊ ရောက်ခြင်းငှါ။ သမတ္ထော နာမ၊ စွမ်းနိုင်သော ပုဂ္ဂိုလ်မည်သည်။ နတ္ထိ၊ မရှိ။ အပိ စ၊ စင်စစ်သော်ကား။ အာယသ္မာ သာရိပုတ္တော၊ အရှင်မဟာသာရိပုတြာ မထေရ်သည်။ သက္ကုဏေယျ၊ စွမ်းနိုင်ရာ၏ (ရှေ့သို့ လှမ်း၍စပ်)။ ပကတိ-ဝိပဿကော၊ ပကတိဝိပဿနာရှုသော (ဤနေရာ၌ အဋ္ဌသာလိနီ, ဝိသုဒ္ဓိမဂ် များ၌ "မဟာပညော" ဟူသော ပုဒ်ရှိသေး၏။) သာရိပုတ္တသဒိသော၊ အရှင် မဟာသာရိပုတြာနှင့် တူသော၊ ဘိက္ခု ပန၊ သည်ကား။ ခန္ဓာဒိမုခေန၊ ခန္ဓာ စသည်ကို အဦးမူသဖြင့်။ ဝိပဿနံ၊ ကို။ အဘိနိဝိသိတွာ၊ နှလုံးသွင်း၍။ ဒွါရာလမ္ဗဏေဟိ၊ ဒွါရအာရုံတို့နှင့်။ သဒ္ဓိံ၊ တကွ။ ဒွါရပဝတ္တဓမ္မာနံ၊ ဒွါရ၌ ဖြစ်သော တရားတို့ကို။ ဝိပဿနံ၊ ဝိပဿနာရှုခြင်းကို။ အာရဘိတွာ၊ အာ·ထုတ် ၍။ ဌိတော၊ တည်သည်ဖြစ်၍။ သက္ကုဏေယျ၊ စွမ်းနိုင်ရာ၏။ တဗ္ဗိသယံ၊ ထို-နေဝသညာနာသညာယတနခန္ဓာလျှင် အာရုံရှိသော။ဥဒယဗ္ဗယဉာဏံ၊ဥဒယဗ္ဗယ

ညာဏ်ကို။ ဥပ္ပါဒေယျ၊ ဖြစ်နိုင်ရာ၏။ သောပိ၊ ထိုရဟန်းသည်လည်း။ ကလာပ-
သမ္မသနဝသေနေဝ၊ အပေါင်းအစည်းအားဖြင့် သုံးသပ်ခြင်း၏ အစွမ်းအား
ဖြင့်သာလျှင်။ ဥပ္ပါဒေယျ၊ ဖြစ်နိုင်ရာ၏။ အနုပဒဓမ္မဝိပဿနာဝသေန၊ ပုဒ်စဉ်
အတိုင်းဖြစ်သောတရားကို ဝိပဿနာရှုခြင်း၏ အစွမ်းအားဖြင့်။နော ဥပ္ပါဒေယျ၊
မဖြစ်စေနိုင်ရာ။ ဟိ သစ္စံ၊၏။ သာရိပုတ္တသဒိသော၊သော။ ဘိက္ခု၊သည်။ စတုတ္ထာ-
ရုပ္ပပရိယာပန္နေသု၊ စတုတ္ထာရုပ္ပဈာန်၌ တွက်ကျုံးဝင်ကုန်သော။ ဖဿာဒိဓ-
မ္မေသု၊ ဖဿစသော တရားတို့၌။ ဝိနိဗ္ဘုဇိတွာ၊ သီးခြားငေဖန်၍။ ဝိသုံ ဝိသုံ၊
အသီးအသီး။ သရူပတော၊ သရုပ်အားဖြင့်။ ဂဟေတွာ၊ ယူ၍။ အနိစ္စာဒိ-
ဝသေန၊ အနိစ္စစသည်တို့၏ အစွမ်းအားဖြင့်။ သမ္မသိတုံ၊ သုံးသပ်ခြင်းငှါ။ န၊
သက္ကောတိ၊ မစွမ်းနိုင်။ ကေဝလံ ပန၊ သက်သက်ကား။ အဝိနိဗ္ဘုဇ္ဇ၊ သီးခြား
ဝေဖန်ခြင်းကို မပြုမူ၍။ ကေတော၊ တပေါင်းတည်း။ ဂဟေတွာ၊ ၍။ ကလာ-
ပတော သမူဟတောယေဝ၊ အပေါင်းအစုအားဖြင့်သာလျှင်။ သမ္မသိတုံ၊ ငှါ။
သမတ္ထော၊ စွမ်းနိုင်သည်။ ဟောတိ၊ ၏။ ဧဝံ သုခုမတ္တေန၊ ဤကဲ့သို့၊ ဝါ၊ ဤမျှ
လောက်သိမ်မွေ့သည်၏ အဖြစ်ဖြင့်။ သော၊ ဤသညာသည်။ ဝိဇ္ဇတိ၊ ရှိ၏။

၁၀၃၇-၄၀။ ရူပန္တိ၊ ကား။ ကသိဏရူပသင်္ခါတံ၊ သော။ ပဋိဘာဂနိမိတ္တံ၊
ကို (အတိက္ကမိတွာ-မှာစပ်၊ နောက်၌လည်း ဤအတူပင်စပ်)။ အာကာသန္တိ၊
ကား။ ကသိဏုဂ္ဃါဋိမာကာသံ၊ ကသိဏုဂ္ဃါဋိမအာကာသပညတ်အာရုံကို။ ဝိညာ-
ဏန္တိ၊ ကား။ အာကာသေ၊ အာကာသပညတ်အာရုံ၌။ပဝတ္တဝိညာဏံ၊ ဖြစ်သော
ပဌမာရုပ္ပဝိညာဉ်ကို။ တဒဘာဝကန္တိ၊ ကား။ အာကာသေ၊ ၌။ တဿ ပဝတ္တ-
ဝိညာဏဿ၊ ထိုသို့ဖြစ်သော ပဌမာရုပ္ပဝိညာဉ်၏။ အဘာဝကံ၊ မရှိခြင်းနတ္ထိ
ဘောပညတ်ကို (စပ်မြဲ)။ ကမတောတိ၊ ကား။ ပဌမာရုပ္ပံ၊ ကို။ သမတိက္ကမိ-
တွာ၊ ၍။ ဟောတိ၊ ၏။ ဣတိအာဒိနာ၊ ဖြင့်။ အနုက္ကမတော၊ အစဉ်အားဖြင့်။
(စတဿော ဟောန္တိ-မှာစပ်)။ အတ္တနာ၊ မိမိသည်။ ဝုတ္တမတ္ထံ၊ ဆိုအပ်ပြီး
သောအနက်ကို။ အဋ္ဌကထာဝစနံ၊ မဟာအဋ္ဌကထာစကားကို။ အာဟရိတွာ၊
ထုတ်ဆောင်၍။ သာဓေန္တော၊ ပြီးစေလိုသော အရှင်ဗုဒ္ဓဒတ္တဆရာသည်။
အာဟ စာတိအာဒိံ၊ ကို။ အာဟ၊ ပြီ။ ဣမာတိ၊ ကား။ စတူသု၊ ကုန်သော။
ဣမာသု အရူပသမာပတ္တီသု၊ ဤအရူပသမာပတ်တို့တွင်။ ပစ္ဆိမာ ပစ္ဆိမာ၊
နောက်နောက်၌ဖြစ်ကုန်သော။ သမာပတ္တိယော၊ သမာပတ်တို့သည်။ ပုရိမ-
ပုရိမာဟိ၊ ရှေးရှေး၌ဖြစ်ကုန်သော။ သမာပတ္တီဟိ၊ တို့ထက်။ သုပ္ပဏီတတရာ၊
သုဋ္ဌုပဏီတတရာ၊ အထူးသဖြင့် အလွန်မွန်မြတ်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဝါ၊
ကား။ သုန္ဒရပဏီတတရာ၊ ကောင်းစွာ အထူးသဖြင့် မွန်မြတ်
ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဣတိ အယံ၊ ကား။ အတ္တော၊ တည်း။ ပါသာဒ-
တလသာဋိကာတိ၊ ကား။ စတုဘူမကပါသာဒဿ၊ ဘုံလေးဆင့် လေးထပ်
ရှိသော ပြာသာဒ်၏။ ဟေဋ္ဌိမဟေဋ္ဌိမတော၊ အောက်အောက်၌ဖြစ်သော အဆင့်

အထပ်ထက်။ ဥပရူပရိ၊ အထက်အထက်၌ဖြစ်သော အဆင့်အထပ်၌။ သဝိ-သေသာ၊ အထူးနှင့်တကွဖြစ်ကုန်သော။ ပဋ္ဌ ကာမဂုဏာ၊ ကာမဂုဏ်ငါးပါး ရှိကုန်သော။ စတ္တာရော၊ လေးဆင့်လေးထပ်ကုန်သော။ ပါသာဒတလာ စ၊ ပြာသာဒ်အပြင်တို့ကိုလည်းကောင်း။ ထူလ သဏှ သဏှတရ သဏှတမသုတ္တေဟိ၊ ကြမ်းတမ်းသောချည်, သိမ်မွေ့နူးညံ့သောချည်, အထူးသဖြင့်သိမ်မွေ့နူးညံ့သော ချည်, အထူးသဖြင့်အလွန်သိမ်မွေ့နူးညံ့သောချည်တို့ဖြင့်။ ဝီတာ[၁]၊ ရက်အပ်ကုန် သော။ အာယာမဝိတ္ထာရတော၊ အလျား အနံအားဖြင့်။ သမပ္ပမာဏာ၊ တူညီ မျှသော ပမာဏရှိကုန်သော။ သာဋိကာ စ၊ပုဆိုးလေးထည်တို့ကိုလည်းကောင်း။ (ဥပမာ၊ ဥပမာတို့ဟူ၍။ ဝိညေယျာ၊ သိအပ်ကုန်၏။) [ ငင်း ၂-ပုဒ် စာကိုယ်မှ ဆောင်၍ထည့် ]

၁၀၄၂။ ရူပါရူပဘာဝံ၊ ရူပဘဝ အရူပဘဝကို။ အဘိဘုယျ၊ လွှမ်းမိုး၍။နိဗ္ဗာနံ၊ သို့။ ယာတိ၊ ရောက်နိုင်သွားနိုင်၏။ အထ ဝါ၊ ကား။ နီဝရဏေ၊ နီဝရဏတရား တို့ကို။ အဘိဘုယျ၊ ၍။ ရူပါရူပဘာဝံ၊ သို့။ ယာတိ၊ ၏။ ဣတိ အယံ၊ ကား။ အတ္ထော၊ တည်း။

ဣတိ ဣမိနာ အနုက္ကမေန၊ ဖြင့်။အဘိဓမ္မတ္ထဝိဘာဝိနိယာ နာမ၊ သော။
အဘိဓမ္မာဝတာရသံဝဏ္ဏနာယ၊ ၌၊ ဝါ၊ ၏။ ပန္နရသမပရိ-
စ္ဆေဒဝဏ္ဏနာ[၂]၊ ပန္နရသမပရိစ္ဆေဒအဖွင့်သည်။ နိဋ္ဌိတာ၊
ပြီးပြီ။

---

၁။ အများအားဖြင့် စာများမှာ ပြုစီရင်ခြင်းအနက်ဟော "ဝိဟိတာ" ဟူသောပုဒ်နှင့် ပါ၍ပျက်တတ်သည်။ သတိရှိစေ။

၂။ (အရူပါဝစရသမာဓိဘာဝနာနိဒ္ဒေသဝဏ္ဏနာ-ဆဋ္ဌမူ)

# ၁၆-သောဠသမပရိစ္ဆေဒ

## အဘိညာနိဒ္ဒေသအဖွင့်

၁၀၄၃-၇။ **ပရန္တိ**၊ ကား။ ဝိသိဋ္ဌ၊ ထူးသည်ကို။ ကတွာ၊ ပြု၍။ ဝိသေသတော၊ အထူးအားဖြင့်။ ဠတိ အယံ၊ ကား။ အတ္တော၊ တည်း။ **စတုတ္ထဇ္ဈာနမတ္တေပိတိ**၊ ကား။ ရူပါဝစရစတုတ္ထဇ္ဈာန မတ္တေပိ၊ ၌သော်လည်း။ **အဝသံ**၊ မချွတ်။ အရူပဇ္ဈာနေပိ၊ ၌လည်း။ န၊ ကောင်းစွာလေ့ကျက်အပ်ပြီးသော ဝသီဘော် ရှိသည် မဟုတ်[၁]။ ဠတိ အယံ၊ ကား။ အဓိပ္ပါယော၊ တည်း။ ဟိ သစ္စံ၊ ၏။ အရူပါဝစရဇ္ဈာနံ၊ ကို။ အပ္ပဋိလဒ္ဓါပိ[၂]၊ မရမူ၍လည်း၊ ဝါ၊ မရသော်လည်း။ ကတာဓိကာရော၊ ပြုအပ်ပြီးသော ကောင်းမှုရှိသော။ ဘိက္ခု၊ယောဂီရဟန်းသည်။ အဘိညာ၊ အဘိညာဉ်တို့ကို။ သမ္မာဒေတုံ၊ ပြည့်စုံခြင်းငှါ။ သမတ္ထော၊ စွမ်းနိုင်သည်။ ဟောတိ၊ ၏။ စ၊ ဆက်၍ဆိုဦးအံ့။ ထွေ၊ ဤအရာ၌။ စတုတ္ထဇ္ဈာနဂ္ဂဟဏေနေဝ၊ စတုတ္ထဈာနသဒ္ဒါဖြင့်၊ ဝါ၊ စတုတ္ထဈာန်ကိုယူခြင်းဆိုခြင်းဖြင့်သာလျှင်။ ဟေဋ္ဌာ၊ အောက်၌။ တီဏိ ဈာနာနိ၊ သုံးပါးသောဈာန်တို့ကို။ဂဟိတာနိ၊ ယူအပ်ကုန်၏။ ဟိ သစ္စံ၊ ၏။ တေသု၊ ထိုအောက်ဈာန်သုံးပါးတို့၌။ အစိဏ္ဏဝသီ၊ မလေ့ကျက်အပ်သေးသော ဝသီဘော်ရှိသော ယောဂီပုဂ္ဂိုလ်သည်။ စတုတ္ထဇ္ဈာနံ၊ ကို။ ဥပ္ပါဒေတုမ္ပိ၊ ဖြစ်စေခြင်းငှါလည်း။ န သက္ကောတိ၊ မစွမ်းနိုင်။ အဘိညာသု၊ တို့၌။ အနုယောဂံ၊ အားထုတ်ခြင်းကို။ ကာတုံ၊ ငှါ။ ဝဋ္ဋတိ၊ သင့်၏။ ဠတိ၊ သို့။ ဝတွာ၊ ၍။ တတ္ထ၊ ထိုအဘိညာဉ်၌၊ ဝါ၊ ထိုအဘိညာဉ်ကို အားထုတ်ခြင်း၌။ ပယောဇနံ၊ အကျိုးကို။ ဒဿေတုံ၊ ငှါ။ **အဘိညာ နာမာတိအာဒိ**၊ ကို။ ဝုတ္တံ၊ ပြီ။ **နိဋ္ဌင်္ဂတာတိ**၊ ကား။ အဓိဂတာနိသံသတာယ စေဝ၊ ရအပ်သိအပ်ပြီးသော အကျိုးအာနိသင်ရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း။ ဘာဝနာသုခတာယ စ၊ ဘာဝနာ၌ချမ်းသာသည်၏ အဖြစ်ကြောင့်လည်းကောင်း။ နိဋ္ဌံ နိပ္ဖတ္တိံ၊

---

၁။ ဤ၌ "ဝိနာ အဝသံ အရူပဇ္ဈာနေဟိ" ဟူ၍လည်းကောင်း "န စာယံ အရူပဇ္ဈာနေတိ" ဟူ၍ လည်းကောင်း။ ပါဠ်အထွေထွေပျက်စီးလျက် ရှိတတ်ကြ၏။ ဤ ဋီကာနောက်စကားကိုထောက်၍ "နာဝသံ အရူပဇ္ဈာနပိ"ဟု သာ ပါဌ်မှန်ရှိစေရမည်။ အချို့ဋီကာပါဌ်များ၌ ဤအတိုင်းပင်ပါဌ်ရှိ၏။

၂။ ၎င်းသဒ္ဒါပုဒ်ကား လဒ္ဒါ ပေါသော ယဒိစ္ဆတိ-စသည်မှာကဲ့သို့ တွာပစ္စယန္တပဋိရူပက အာကာရန္တနိပါဌ်ပုဒ်တည်း။ အလုံးစုံဤဋီကာပါဠ်များ၌ ဩကာရန္တနှင့် ချည်းသာ ပါဌ်ရှိကြ၏။ သို့ရှိမူ "မရသည်လည်းဖြစ်သော"ဟု အနက်ယောဇနာ လေ၊ ၎င်းပုဒ်ကား ဤအရာ၌ ကတ္တုဝါစကပုဒ်တည်း။

ပြီးဆုံးခြင်းသို့။ ဂတာ၊ ရောက်၏။ ဟိ သစ္စံ၊ ၏။ သမာဓိဘာဝနာယ၊ ဖြင့်။ လောကိယာဘိညာ၊ တို့သည်။ ဥဒယဖလဘာဝေန၊ ဖြစ်ခြင်း၏အကျိုး၏အဖြစ်ဖြင့်။ ပါကဋ္ဌာ၊ ထင်ရှားကုန်၏။ အဘိညာယ စ၊ နှင့်လည်းကောင်း။ သမာဓိနာ စ၊ နှင့်လည်းကောင်း။ သမန္နာဂတော၊ ပြည့်စုံသော ယောဂီပုဂ္ဂိုလ်သည်။ သုခေနေဝ၊ အလွယ်အကူအားဖြင့်သာလျှင်။ ပညာဘာဝနံ၊ ပညာကို ပွါးများခြင်းကို။ သမ္ပာဒေဿတိ၊ ပြည့်စုံစေနိုင်လတ္တံ့။

၁၀၄၈-၉။ **ဒိဗ္ဗာနီတိအာဒိ**၊ ဒိဗ္ဗာနိ ဤသို့အစရှိသော စကားသည်။ **လောကိယာဘိညာနံ**၊ တို့ကို၊ ဝါ၊ တို့၏။ သရူပတော၊ သရုပ်**အားဖြင့်**။ ဥဒ္ဒိသနံ၊ ညွှန်းပြသောစကား**တည်း**။ **ဒိဗ္ဗာနိ စက္ခုသောတာနီတိ** ဣမိနာ၊ဟူသော ဤပါဌ်ဖြင့်။ ဒိဗ္ဗစက္ခုဉာဏံ စ၊ ဒိဗ္ဗစက္ခုဉာဏ်ကို လည်းကောင်း။ ဒိဗ္ဗသောတဉာဏဉ္စ[1]၊ ကို လည်းကောင်း။ ဒဿေတိ၊ ပြ၏။ **ဣဒ္ဓီတိ**၊ ကား။ ဣဒ္ဓိဝိဓဉာဏံ၊ တည်း။ ပန၊ ဆက်၍ဆိုဦးအံ့။ ဣမာ အဘိ**ညာ**ယော၊ ဤငါးပါးသော အဘိညာဉ်တို့သို့၊ ဝါ၊ တို့ကို။ ပတ္တုကာမေန၊ ရောက်လိုရလိုသော။ **အာဒိကမ္မိကေန**၊ **အာဒိကမ္မိက** ဖြစ်သော။ ယောဂိနာ၊ သည်(ဒမေတဗ္ဗံ-မှာ စပ်)။ ယသ္မာ၊ ကြောင့်။ဩဒါတကသိဏပရိယန္တေသု၊ ဩဒါတကသိုဏ်းလျှင်အဆုံးရှိကုန်သော။ အဋ္ဌသု၊ ရှစ်ပါးကုန်သော။ ကသိဏေသု၊ တို့၌။ စတုတ္ထဇ္ဈာနံ စ၊ ကိုလည်းကောင်း။ တဗ္ဗသေန၊ ထိုကသိုဏ်း၏အစွမ်းအားဖြင့်။ အရူပသမာပတ္တိယော စ၊ **တို့ကိုလည်းကောင်း**။ နိဗ္ဗတ္တေတွာ[2]၊ ဖြစ်စေ၍။ ကသိဏာနုလောမတာဒီဟိ၊ ကသိဏာနုလောမတာအစရှိကုန်သော။ စုဒ္ဒသဟိ၊ ၁၄-ပါးကုန်သော။ အာကာရေဟိ၊ အခြင်းအရာတို့ဖြင့်။ စိတ္တံ၊ ကို။ ဒမေတဗ္ဗံ၊ ဆုံးမအပ်၏။ ဟိ သစ္စံ၊ ၏။ ဝေံ၊ ဤကဲ့သို့။ **အဒမေတွာ**၊ စိတ်ကို မဆုံးမမူ၍။ ပုဗ္ဗေ၊ ရှေး၌။ **အဘာဝိတဘာဝနော**၊ မပွါးများအပ်သေးသော ဘာဝနာရှိသော။ **အာဒိကမ္မိကော**၊ သော။ ယောဂါဝစရော၊ သည်။ ပဉ္စ အဘိညာယော၊ ငါးပါးသော **အဘိညာဉ်**တို့ကို။ န သမ္ပာဒေဿတိ၊ မပြည့်စုံစေနိုင်လတ္တံ့။ ဣတိ တသ္မာ၊ ကြောင့်။ တံ စိတ္တပရိဒမနံ၊ ထိုစိတ်ကို ဆုံးမခြင်းကို။ အဝဿံ၊ မချွတ်။ ကာတဗ္ဗံ၊ ပြုအပ်၏။ ဣတိ၊ သို့။ ဒဿေတုံ၊ ငှါ။ **ကသိဏာနုလောမတာဒီဟီတိအာဒိ**၊ ကို။ ဝုတ္တံ၊ ပြီ။ **ကသိဏာနုလောမတာဒီဟီတိ**၊ ကား။

---

၁။ ဤ၌ အချို့ ဋီကာပါဌ်များမှာ "ဒိဗ္ဗသောတဉာဏဉ္စာတိ ဒဿေတိ"ဟု ဣတိသဒ္ဒါနှင့်တကွပါဌ်ပျက်လျက် ရှိတတ်ကြ၏။ဣတိသဒ္ဒါမပါပဲ "ဒိဗ္ဗသောတဉာဏဉ္စ ဒဿေတိ" ဟုသာ ပါဌ်မှန်ရှိစေရမည်။

၂။ ဤ၌ အချို့ဋီကာပါဌ်များမှာ၊ "ဝါ န ဝါ"ဟု ပါဌ်ရှိကြ၏။ ဝိသုဒ္ဓိမဂ်ကိုထောက်၍ ရင်း ဝါ နဝါပုဒ်များရှိသင့်သည်ဟု မထင်၊ ဆင်ခြင်ကြလေ။

ကသိဏာနုလောမတာ[၁]၊ ကသိဏာနုလောမတာ လည်းကောင်း။ ကသိဏပဋိလောမတာ၊ ကသိဏပဋိလောမတာလည်းကောင်း။ ကသိဏာနုလောမပဋိလောမတာ၊ လည်းကောင်း။ ဈာနာနုလောမတာ၊ လည်းကောင်း။ ဈာနပဋိလောမတာ၊ လည်းကောင်း။ ဈာနာနုလောမပဋိလောမတာ၊ လည်းကောင်း။ ဈာနုက္ကန္တိကတာ၊ လည်းကောင်း။ ကသိဏုက္ကန္တိကတာ၊ လည်းကောင်း။ ဈာနကသိနုက္ကန္တိကတာ၊ လည်းကောင်း။ အင်္ဂသင်္ကန္တိကတာ၊ လည်းကောင်း။ အာရမ္မဏသင်္ကန္တိကတာ၊ လည်းကောင်း။ အင်္ဂါရမ္မဏသင်္ကန္တိကတာ၊ လည်းကောင်း။ အင်္ဂဝဝတ္ထာပနတာ၊ လည်းကောင်း။ အာရမ္မဏဝဝတ္ထာပနတာ၊ အာရမ္မဏဝဝတ္ထာပနတာ လည်းကောင်း။ ဣတိ၊ သို့။ စုဒ္ဒသဟိ၊ ကုန်သော။ ဣမေဟိ အာကာရေဟိ၊ တို့ဖြင့်။ (ဒမေတဗ္ဗံ-မှာစပ်။)

တတ္ထ၊ ထို ၁၄-ပါးသောအခြင်းအရာတို့တွင် (ကသိဏာနုလောမတာဒယော စပ်) အဋ္ဌသု၊ ရှစ်ပါးကုန်သော။ ကသိဏေသု၊ တို့၌။ ပဋိပါဋိယာ စ၊ အစဉ်အားဖြင့် လည်းကောင်း။ သတက္ခတ္တုမ္ပိ၊ အကြိမ်တရာ လည်းကောင်း။ သဟဿက္ခတ္တုမ္ပိ၊ အကြိမ်တထောင်လည်းကောင်း။ သမာပဇ္ဇနံ၊ ဝင်စားခြင်း လည်းကောင်း။ တထေဝ၊ ထိုအတူသာလျှင်။ ဥပ္ပဋိပါဋိယာ စ၊ ကျိုတကျူ အားဖြင့်၊ ဝါ၊ အစဉ်ချွတ်သဖြင့်လည်းကောင်း။ သမာပဇ္ဇနံ၊ ဝင်စားခြင်း လည်းကောင်း။ ပဋိပါဋိဥပ္ပဋိပါဋိဝသေန စ၊ ပဋိပါဋိ ဥပ္ပဋိပါဋိနှစ်ပါး၏၊ ဝါ၊ အစဉ်ချွတ်ခြင်း၏ အစွမ်းအားဖြင့် လည်းကောင်း။ သမာပဇ္ဇနံ၊ ဝင်စားခြင်းလည်းကောင်း။ ဣတိ၊ သို့။ တံ ဏ္ဌံ၊ ကုန်သော။ ဣမေသံ အာကာရာနံ၊ ဤပဋိပါဋိ, ဥပ္ပဋိပါဋိ, ပဋိပါဋိဥပ္ပဋိပါဋိ အခြင်းအရာတို့၏။ ဝသေန၊ အားဖြင့်။ ကသိဏာနုလောမတာဒယော၊ စသော သုံးပါးတို့ကို။ ဝုတ္တာ၊ ဆိုအပ်ကုန်၏။

ပဌမဇ္ဈာနတော၊ မှ။ ပဋ္ဌာယ၊ ၍။ ပဋိပါဋိယာ၊ အစဉ်အားဖြင့်(ထည့်၊ ဝိသုဒ္ဓိမဂ်၌ကား ငင်းပုဒ်တိုက်ရိုက်ပင် ပါရှိ၏)။ ယာဝ နေဝသညာနာသညာယတနံ၊ နေဝ။ပ။နဈာန်တိုင်အောင်ဝင်စားခြင်းသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤသို့ ပဌမဈာန်မှစ၍ နေဝသညာနာသညာယတန တိုင်အောင် အစဉ်အတိုင်းဝင်စားခြင်းသည်။ ဈာနာနုလောမတာနာမ၊ ဈာနာနုလောမတာမည်၏။ တေသံ၊ ထိုဈာန်တို့၏၊ ဝါ၊ တို့ကို။ ပဋိလောမတော၊ ပဋိလုံအားဖြင့်။ ဝါ၊ အပြန်ဝင်စားခြင်းအားဖြင့်။ ဈာနပဋိလောမတာ နာမ၊ ဈာန ပဋိလောမတာမည်၏။ အနု-

---

၁။ ဤ၌ ဤစာကိုယ်နှင့် ဤဋီကာနောက်ပါဌ်နေများကို ထောက်ထား၍ ကသိဏာနုလောမတာ အစ-ဈာနာနုလောမပဋိလောမတာ အဆုံး ငင်း(၆)ဌာန၌လည်း တာ-ပစ္စည်းနှင့်ချည်းသာ ပါဌ်မှန်ရှိစေရမည်။ စာများ၌ကား တော-ပစ္စည်းနှင့်ချည်းသာ ပါဌ်ရှိကြ၏။ မသင့်သည်သာ။

လောမပဋိလောမတော၊ အနုလုံပဋိလုံအားဖြင့်။ **ဈာနာနုလောမပဋိလောမတာ** နာမ၊ ဈာနာနုလောမပဋိလောမတာမည်၏။

ပဌဝီကသိဏေ၊ ၌။ ပဌမဇ္ဈာနံ၊ ကို။ သမာပဇ္ဇိတွာ၊ ဝင်စား၍။ **တဒတ္ထ**၊ ထိုပထဝီကသိုဏ်း၌ပင်လျှင်။ တတိယံ၊ တတိယဈာန်ကို။ သမာပဇ္ဇတိ၊ ဝင်စား ၏။ တတော၊ ထိုနောင်မှ၊ တဒေဝ၊ ထိုကသိုဏ်းကိုပင်လျှင်။ ဥဂ္ဃါဋေတွာ၊ ခွာ လှစ်၍။ အာကာသာနဉ္စာယတနံ၊အာ ။ပ။ ဈာန်ကို။ တတော၊ မှ။ အာကိဉ္စညာ- ယတနံ၊အာ ။ပ။ ဈာန်ကို။ **သမာပဇ္ဇတိ**၊ ၏။ ဣတိ ဧဝံ၊ သို့။ ကသိဏံ၊ကို။ **အနုက္က-** မိတွာ၊ မကျော်လွှန်မူ၍။ ဈာနဿေဝ၊ ကိုသာလျှင်။ **ဧကန္တရိကဘာဝေန**၊ တခု ခြား၏ အဖြစ်ဖြင့်။ ဥက္ကမနံ၊ ကျော်လွှန်ခြင်းသည်။ **ဈာနုက္ကန္တိကတာ** နာမ၊ မည်၏။ ဧဝံ ဤအတူ။ အာပေါကသိဏာဒိမူလိကာပိ၊ အာပေါကသိုဏ်းစသည် လျှင်မူလရှိသည်လည်း ဖြစ်သော။ ယောဇနာ၊ယှဉ်ခြင်းကို။ ကာတဗ္ဗာ၊ ပြုအပ် ၏။ ပဌဝီကသိဏေ၌။ ပဌမဇ္ဈာနံ၊ ကို။ သမာပဇ္ဇိတွာ၊ ၍။ ပုန၊ တဖန်။ တဒေဝ၊ ထိုပဌမဈာန်ကိုပင်လျှင်။ **တေဇောကသိဏေ**၊ ၌။ တတော၊ မှ။ နီလကသိဏေ၊ ၌။ တတော၊ မှ။ **လောဟိတကသိဏေ**၊ ၌။ ဣတိ၊ သို့။ ဈာနံ၊ ကို။ အနုက္ကမိတွာ၊ မကျော်လွှန်မူ၍။ ကသိဏဿေဝ၊ ကိုသာလျှင်။ **ဧကန္တရိကဘာဝေန**၊ အဖြစ်ဖြင့်။ ဥက္ကမနံ၊ သည်။ **ကသိဏုက္ကန္တိကတာ** နာမ၊ မည်၏။ ပဌဝီကသိဏေ၊ ၌။ ပဌမ ဇ္ဈာနံ၊ ကို။ သမာပဇ္ဇိတွာ၊ ၍။ တေဇောကသိဏေ၊ ၌။ တတိယံ၊ ကို။ နီလကသိ- ဏံ၊ကို။ ဥဂ္ဃါဋေတွာ၊ ၍။ အာကာသာနဉ္စာယတနံ၊ ကို။ လောဟိတကသိဏ- တော၊မှ။ အာကိဉ္စညာယတနံ၊ ကို။ ဣတိ ဣမိနာ နယေန၊ ဤသို့သောနည်း ဖြင့်။ ဈာနဿ စေဝ၊ကိုလည်းကောင်း၊ ကသိဏဿစ၊ ကိုလည်းကောင်း။ဥက္က- မနံ၊သည်။ **ဈာနကသိဏုက္ကန္တိကတာ** နာမ၊မည်၏။

ပဌဝီကသိဏေ၌။ ပဌမဇ္ဈာနံ ကို။ သမာပဇ္ဇိတွာ၊ ၍။ တတ္ထေဝ၊ ထိုပထဝီ ကသိုဏ်း၌ပင်လျှင်။ ဣတရေသမ္ပိ၊ ဤမှတပါးသောဈာန်တို့ကိုလည်း။ သမာဇ္ဇနံ၊ ဝင်စားခြင်းသည်။ **အင်္ဂသင်္ကန္တိ** နာမ၊ ဈာန် အင်္ဂါကိုပြောင်းရွှေ့ ကျော်လွှန် ခြင်းမည်၏။ သဗ္ဗကသိဏေသု၊ တို့၌။ ဧကေကဿေဝ၊ တပါးတပါးသောဈာန်ကို သာလျှင်။ သမာပဇ္ဇနံ၊ **သည်။ အာရမ္မဏသင်္ကန္တိ** နာမ၊ အာရုံကိုပြောင်းရွှေ့ ကျော်လွှန်ခြင်းမည်၏။ ပဌဝီကသိဏေ၌။ ပဌမဇ္ဈာနံ၊ ကို။ သမာပဇ္ဇိတွာ၊၍။ အာပေါကသိဏေ၊ ၌။ ဒုတိယံ၊ကို။ တေဇောကသိဏေ၊ ၌။ တတိယံ၊ကို။ ဝါယော- ကသိဏေ၌။ စတုတ္ထံ၊ ကို။ နီလကသိဏံ၊ ကို။ ဥဂ္ဃါဋေတွာ၊၍။ အာကာသာနဉ္စာ- ယတနံ၊ကို။ ပီတကသိဏတော၊ မှ။ ဝိညာဏဉ္စာယတနံ၊ ကို။ လောဟိတကသိ- ဏတော၊ မှ။ အာကိဉ္စညာယတနံ၊ ကို။ ဩဒါတကသိဏတော၊ မှ။ နေဝသညာနာသညာယတနံ၊ ကို။ **သမာပဇ္ဇတိ**၊ ၏။ ဣတိ ဧဝံ၊ သို့။ ဧကန္တရိ- ကဝသေန၊ ဈာန်အင်္ဂါနှင့် အာရုံတို့၏ တပြိုင်နက် တပေါင်းတည်း။ တခြား

တမျိုးရှိသော ဝင်စားခြင်း၏ အစွမ်းအားဖြင့် (ဝိသုဒ္ဓိမဂ် မဟာဋီကာနှင့် အညီ အနက်တည်း။ ဤပုဒ်ကား အများအားဖြင့် စာများမှာ ကျပျောက် လျက်ချည်းသာရှိကြ၏။ ဝိသုဒ္ဓိမဂ်စာကိုယ် ဋီကာများနှင့်အညီ ဤနေရာ၌ ဤပုဒ် မချွတ်ပါရှိရမည်)။အင်္ဂါနံ စ၊ စျာန်အင်္ဂါတို့ကိုလည်းကောင်း။ အာရမ္မဏာ- နဥ္စ၊ တို့ကိုလည်းကောင်း။ သမတိက္ကမနံ၊ ကျော်လွန်ခြင်းသည်။ အင်္ဂါရမ္မဏ သင်္ကန္တိ နာမ၊ အင်္ဂါအာရုံ နှစ်ပါးစုံကို ပြောင်းရွှေ့ကျော်လွန်ခြင်းမည်၏။

ပဥ္စမဇ္ဈာနံ နာမ၊မည်သည်။ ပဉ္စင်္ဂိကံ၊ အင်္ဂါ ၅-ပါးရှိ၏။ ဣတိ၊ သို့။ ဝဝတ္ထ- ပေတွာ၊ သီးသန့်ပိုင်းခြားမှတ်သား၍။ ဒုတိယံ၊ဒုတိယစျာန်မည်သည်။စတုရင်္ဂိ- ကံ၊ အင်္ဂါလေးပါးရှိ၏။ တတိယံ၊မည်သည်။တိဝင်္ဂိကံ၊ အင်္ဂါသုံးပါးရှိ၏။ စတုတ္ထံ၊ မည်သည်။ ဒုဝင်္ဂိကံ၊အင်္ဂါနှစ်ပါးရှိ၏။ အာကာသာနဉ္စာယတနံ၊သည်။တထာ၊ ထိုအတူအင်္ဂါနှစ်ပါးရှိ၏ ။ပ။ နေဝသညာနာသညာယတနံ၊ သည်။ တထာ၊ ထို အတူ အင်္ဂါနှစ်ပါးရှိ၏။ (လိုက်)။ဣတိ ဧဝံ၊သို့။စျာနင်္ဂမတ္တသော၊ စျာန်အင်္ဂါမျှ ကိုသာလျှင်။ဝဝတ္ထာပနံ၊သီးသန့်ပိုင်းခြား မှတ်သားခြင်းသည်။ အင်္ဂဝဝတ္ထာပနံ- နာမ၊ မည်၏။ တထာ၊ ထိုမှတပါး။ ဣဒံ၊ ဤအာရုံသည်။ ပထဝီကသိဏံ၊ ပထဝီ ကသိုဏ်းတည်း။ ဣဒံ၊သည်။ အာပေါကသိဏံ၊ တည်း။ ဣတိအာဒိနာ၊ ဤသို့ အစရှိသည်ဖြင့်။ အာရမ္မဏမတ္တသော၊ ကိုသာလျှင်။ ဝဝတ္ထာပနံ၊ သည်။ အာရမ္မဏဝဝတ္ထာပနံ နာမ၊ မည်၏။ ကေ၊ အချို့သော ဆရာတို့သည်။ အင်္ဂါရမ္မ ဏဝဝတ္ထာပနမ္ပိ၊ အင်္ဂါအာရုံနှစ်ပါးစုံကို သီးသန့်ပိုင်းခြား မှတ်သားခြင်းကို လည်း။ ဣစ္ဆန္တိ၊ အလိုရှိကြကုန်၏။ ပန၊ ယင်းသို့ပင် အလိုရှိကြကုန်သော်လည်း။ အဋ္ဌကထာသု၊ အဋ္ဌကထာတို့၌။ အနာဂတတ္တာ၊ မလာသည်၏အဖြစ်ကြောင့်။ အဒ္ဓါ၊ မချွတ်။ တံ၊ ထိုအင်္ဂါရမ္မဏဝဝတ္ထာပနသည်။ ဘာဝနာမုခံ[၂]၊ ဘာဝနာ၏ အဦးအစ၊ ဝါ၊ အကြောင်းသည်။ န ဟောတိ၊ မဖြစ်။ ပန၊ ဆက်....အံ့။ စုဒ္ဒသဟိ၊ ကုန်သော။ ဣမေဟိ အာကာရေဟိ၊ တို့ဖြင့်။ စိတ္တပရိဒမနံ၊ စိတ်ကိုဆုံးမခြင်းကို။ ကာတုံ၊ ငှါ။ (သက္ကောတိမှာစပ်)။ အဋ္ဌသမာပတ္တိလာဘိနံ၊ သမာပတ်ရှစ်ပါးကို ရကုန်သော ပုဂ္ဂိုလ်တို့၏။ သစေသု ဝါ၊ အရာတို့တွင်လည်းကောင်း။ သဟ- သောသု ဝါ၊ အထောင်တို့တွင်လည်းကောင်း။ ကောစိ၊ တဦးတယောက်သော ပုဂ္ဂိုလ်မျှသည်သာလျှင်။ သက္ကောတိ၊စွမ်းနိုင်၏။

---

၁။ ဤဋီကာ အချို့စာများ၌ ဤပုဒ်ကျပျောက်လျက်ရှိကြ၏။ ဤတထာသဒ္ဒါနှင့် တကွ တထာ အာကာသာနဉ္စာယတနံ စသည်ဖြင့် ပါဌ်မှန်ရှိစေရမည်။

၂။ ဤ၌ ဝိသုဒ္ဓိမဂ်နှင့်အညီ ပဝင် ပဥ္စမကစ္စာ (မ) နှင့်မုခံ့ဟု ပါဌ်မှန်ရှိစေရမည်။ အဝင်ဒန္တဇ(သ)အက္ခရာနှင့် သုခံ ဟု အချို့ ဤဋီကာပါဌ်များ၌ ပျက်လျက် ရှိတတ်ကြသည်။

၁၀၅၀–၁။ ဖန္ဒေတိ၊ကား။ စုဒ္ဒသဟိ၊ ကုန်သော။ အာကာရေဟိ၊ တို့ဖြင့်။ ဒဠှ၊ဆုံးမအပ်ပြီးသည်ရှိသော်။ သမာဟိတေတိ၊ကား။စတုတ္ထဇ္ဈာနသမာဓိနာ၊ သမာဓိဖြင့်။ သမာဟိတော၊တည်ကြည်သည်ရှိသော်။ သုဒ္ဓေတိ၊ကား။ နီဝရဏဒူရီဘာဝေန ဝါ၊ နီဝရဏမှ ဝေးသည်၏ အဖြစ်ကြောင့်လည်းကောင်း။ ပစ္စနိက သမနေပိ၊ ဆန့်ကျင်ဘက်တရားတို့ကို ငြိမ်းစေခြင်းဖြင့်လည်း။ အဗျာဝတာယ၊ အားမထုတ်သော။ တတြမဇ္ဈတ္တုပေက္ခာယ၊ တတြမဇ္ဈတ္တုပေက္ခာသည်။ သမ္မာ-ဒိတသတိပါရိသုဒ္ဓိယာ၊ ပြည့်စုံစေအပ်ပြီးသော သတိ၏စင်ကြယ်ခြင်း၏။ သမ္ဘ-ဝေန ဝါ၊ ဖြစ်ခြင်းကြောင့်လည်းကောင်း။ သုပရိသုဒ္ဓေ၊ လွန်စွာ ထက်ဝန်းကျင်မှ စင်ကြယ်သည်ရှိသော်။ ပရိယောဒါတေတိ၊ကား။ သုဓန္တသုဝဏ္ဏသ၊ကောင်းစွာ မှုတ်ကျီအပ်ပြီးသော ရွှေကို။ နိဃံသနေန၊ပွတ်တိုက်ခြင်းဖြင့်။ ပရိသုဇ္ဈနံ ဝိယ၊ စင်ကြယ်ခြင်းကဲ့သို့(ထည့်)။ ပရိသုဒ္ဓတ္တာယေဝ၊ စင်ကြယ်သည်၏အဖြစ်ကြောင့် သာလျှင်။ ပရိယောဒါတော၊ပြိုးပြိုးပြက် အရောင်ထွက်သည်ရှိသော်။ပဘဿရေ၊ ပြိုးပြိုးပြက် အရောင်ထွက်သည်ရှိသော်။ဣတိ၊သို့။ဝုတ္တံ ဝုတ္တော၊ သည်။ ဟောတိ၊ ၏။ အသ ဝါ၊ကား။ ဝိတက္ကဝိစာရက္ခောဘဝိရဟာဝသေန၊ ဝိတက်ဝိစာရတို့၏၊ဝါ၊ ဝိတက်ဝိစာရတည်းဟူသော လှုပ်ချောက်ချားခြင်းမှ ကင်းသည်၏ အစွမ်းအားဖြင့်။ ပရိယောဒါတေ၊ ဖြူစင်သည်ရှိသော်။ ဣတိ၊ သို့။ ဝုတ္တံ ဝုတ္တော၊ သည်။ ဟောတိ၊ ၏။ အနင်္ဂဏေတိ၊ ကား။ မာဒိသဿ၊ ငါကဲ့သို့သဘောရှိသော၊ သမာဓိသမ္ပန္နဿ၊ သမာဓိနှင့်ပြည့်စုံသောပုဂ္ဂိုလ်အား။ ဤဒိသေန၊ ဤသို့ သဘောရှိသည်။ ဘဝိတဗ္ဗံ၊ဖြစ်ရာ၏။ ဣတိ ဧဝံ၊သို့။ ဈာနပ္ပဋိလာဘပစ္စယာနံ၊ ဈာန်ရခြင်းလျှင် အကြောင်းရှိကုန်သော(ဣစ္ဆာဝစရာနံမှာစပ်)။ သတ္ထာ၊ မြတ်စွာဘုရားသခင်သည်။ မမေဝ၊ ငါ့ကိုသာလျှင်။ ပဋိပုစ္ဆိတွာ ပဋိပုစ္ဆိတွာ၊ တိုင်ပင်မေးမြန်းတော်မူ၍ တိုင်ပင်မေးမြန်းတော်မူ၍။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ဓမ္မံ၊ တရားကို။ ဒေသေယျ၊ ဟောတော်မူပါမူကား။ အဟော ဝတ၊ ဩော် ကောင်းလေစွ။ ဣတိ အာဒိနယပဝတ္တာနံ၊ ဤသို့ အစရှိသောနည်းဖြင့် ဖြစ်ကုန်သော။ ပါပကာနံ၊ ယုတ်မာကုန်သော။ ဣစ္ဆာဝစရာနံ၊ အလိုဆိုးဖြစ်ခြင်းတို့၏။ အဘာဝေန၊ မရှိခြင်းကြောင့်။ အနင်္ဂဏော၊ ကိလေသာမှ ကင်းသည်ရှိသော် (အင်္ဂဏသဒ္ဒါ၊ကိလေသတ္ထ)။ နုပက္ကိလေသေတိ[၁]၊ကား။ ဥပဂန္တွာ၊ကပ်၍။ ကိလိဿ-နဋ္ဌေန၊ ညှဉ်းဆဲနှိပ်စက်တတ်သော အနက်သဘောကြောင့်။ ဥပက္ကိလေသသင်္ခါ-တာနံ၊ ဥပက္ကိလေသဟု ဆိုအပ်ကုန်သော။ ရာဂါဒီနံ၊ ရာဂစသည်တို့၏။ ဝါ၊ ကား။ အဘိဇ္ဈာ၊ အဘိဇ္ဈာသည်။ စိတ္တဿ၊ ၏။ ဥပက္ကိလေသော၊ ဥပက္ကိလေသ မည်၏။ ဗျာပါဒေါ၊ ဗျာပါဒသည်။ ဥပက္ကိလေသော၊ မည်၏။ ကောဓော၊ ကောဓသည်။ ဥပက္ကိလေသော၊ မည်၏။ ဣတိ အာဒိနာ၊ ဖြင့်။ အာဂတာနံ၊

---

၁။ နု ဥပက္ကိလေသေ-ဟု ပဒစ္ဆေဒပြု၊ အ-မပါစေလင့်၊ စာကိုယ်ကြည့်။

လာကုန်သော။ စိတ္တုပက္ကိလေသာနံ၊ စိတ္တုပက္ကိလေသ တို့၏။ ဝိဂတတ္တာ၊ ကင်းပြီးသည်၏ အဖြစ်ကြောင့်။ ဝိဂတူပက္ကိလေသေ၊ ကင်းပြီးသောစိတ် ညစ်ညူးကြောင်း ဥပက္ကိလေသရှိသည် ရှိသော်။ မုဒုဘူတေတိ၊ ကား။ ပဂုဏဘာဝါပါဒနေန၊ လေ့ကျက်အပ်သည်၏အဖြစ်သို့ရောက်စေခြင်းဖြင့်။ သုဘာဝိတတ္တာ၊ ကောင်းစွာပွါးစေအပ်ပြီးသည်၏ အဖြစ်ကြောင့်။ မုဒုဘူတေ၊ နူးညံ့သည်ဖြစ်၍ ဖြစ်သည်ရှိသော်။ ဝသိဘာဝပ္ပတ္တေ၊ ဝသီဘော်သို့ ရောက်သည်ရှိသော်။ ဣတိ၊ သို့။ ဝုတ္တံ ဝုတ္တော၊ သည်။ ဟောတိ၊ ၏။ ဟိ သစ္စံ၊ ၏။ ဝသိဘာဝပ္ပတ္တံ၊ သော။ စိတ္တံ၊ စိတ်ကို။ သုပရိမဒ္ဒိတံ၊ ကောင်းစွာနင်းနယ်အပ်ပြီးသော။ စမ္မံ ဝိယ စ၊ သားရေကဲ့သို့လည်းကောင်း။ သုပရိကမ္မကတာ၊ ကောင်းစွာ အပြေအပြစ်ပြုပြီးသော။ လာခါဝိယ စ၊ ချိပ်ကဲ့သို့လည်းကောင်း။ မုဒုန္တိ၊ မုဒုဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ကမ္မနိယေတိ၊ ကား။ မုဒုတ္တာယေဝ၊ နူးညံ့သည်၏ အဖြစ်ကြောင့်သာလျှင်။ ကမ္မက္ခမေ၊ ကမ္မဒိပါဒဘာဝူပဂမနေန၊ တန်ခိုးကမ္မဒိပါဒ်၏အဖြစ်သို့ ကပ်ရောက်ခြင်းဖြင့်။ ကမ္မက္ခမေ၊ အမှု၌ခံ့သည်ရှိသော်။ဝိကုဗ္ဗဏာဒိ ကမ္မဒိကမ္မယောဂ္ဂေ[၁]၊ဝိကုဗ္ဗဏစသော တန်ခိုးဖန်ဆင်းခြင်းအမှုအား လျော်ကပ်သည်ရှိသော်။ ဣတိ၊ သို့။ ဝုတ္တံ ဝုတ္တော၊ သည်။ ဟောတိ၊ ၏။ ဟိ သစ္စံ၊ ၏။ မုဒုဇာတံ၊ နူးညံ့စွာဖြစ်သော။ စိတ္တံ၊ သည်။ ကမ္မက္ခမံ၊ အမှု၌ခံ့ သည်။ ဟောတိ၊ ၏။ ကိမိဝ၊ ဥပမာအဘယ်ကဲ့သို့နည်း ဟူမူကား။ သုဓန္တံ၊ ကောင်းစွာမှုတ်ကျိုအပ်ပြီးသော။ သုဝဏ္ဏံ ဣဝ၊ ရွှေကဲ့သို့တည်း။ စ၊ ဆက်၍ဆိုဦးအံ့။ တေ ဥဘယမ္ပိ၊ ဤမုဒုဘူတ, ကမ္မနိယနှစ်ပါးစုံသည်လည်း။ သုဘာဝိတတ္တာ ယေဝ၊ ကောင်းစွာ ပွါးစေအပ်ပြီးသည်၏ အဖြစ်ကြောင့်သာလျှင်။ ဟောတိ၏။ ယထာဟ ကိံ အာဟ၊ ဘုရားအဘယ်ကဲ့သို့ ဟောတော်မူသနည်း ဟူမူကား။ "ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝံ၊ ဤသို့။ ဘာဝိတံ၊ ပွါးစေအပ်ပြီးသော။ ဗဟုလီကတံ၊အကြိမ်များစွာပြုအပ်သော။ ယံ စိတ္တံ၊ အကြင်စိတ်သည်။ မုဒု စ၊ နူးညံ့သည်လည်းကောင်း။ ကမ္မနိယဉ္စ၊ အမှု၌ခံ့သည်လည်းကောင်း။ ဟောတိ၊ ၏။ အညံ၊ စိတ်မှတပါးသော။ ဧကဓမ္မမ္ပိ၊ ထိုတခုသော တရားကိုသော်လည်း။ အဟံ၊ ငါဘုရားသည်။ န သမနုပဿာမိ၊ မမြင်တော်မမူ။ ယထာ၊ အဘယ်ကဲ့သို့နည်း ဟူမူကား။ ဘိက္ခဝေ၊ တို့။ ဣဒံ စိတ္တံ ယထာ၊ ဤစိတ်ကဲ့သို့တည်း" ဣတိ၊ သို့။ အာဟ၊ ဟောတော်မူပြီ။ ဌိတေ တိ၊ ကား။ ဧတေသု ပရိသုဒ္ဓဘာဝါဒီသု၊ ဤထက်ဝန်းကျင်မှ စင်ကြယ်သည် ၏ အဖြစ်စသည်တို့၌။ နိစ္စလံ၊ မတုန်မလှုပ်။ အဝဋ္ဌိတေ၊ တည်သည်ရှိသော်။ ဝါ၊ ကား။ ဘာဝနာ ပါရိပူရိယာ၊ဘာဝနာ၏ပြည့်စုံခြင်းဖြင့်။ ပဏီတဘာဝံ၊ မွန်မြတ်သည်၏ အဖြစ်ကို။ သမ္ပာဒေတွာ၊ ပြည့်စုံစေ၍။ ဌိတေ၊ တည်သည်ရှိသော်။ အစလေတိ၊ ကား။ ဌိတတ္တာယေဝ၊ တည်သည်၏ အဖြစ်ကြောင့်သာလျှင်။ အကမ္ပေ၊

၁။ (ဝိကုဗ္ဗန.... ဆဋ္ဌမူ၊ ဝေမုပရိပဒေသုပိ။)

၁။ သက္ကတော်သည် ဥရှေ့ရှိ၍ ဥဿက္ကတိ စသည်ဖြစ်မူ အာရောဟနတ္ထ ဝဍ္ဍနတ္ထကို ဟော၏။ အဝ(သို့မဟုတ်) ဩရှေ့ရှိ၍ ဩသက္ကတိ စသည်ဖြစ်မူ အဝရောဟနတ္ထ ဩသီဒနတ္ထဟာယနတ္ထများကို ဟော၏။ဤ၌ ဥရှေ့ရှိ၍ အာရောဟနတ္ထ ဟုမှတ်လေ။ထိုကြောင့် ဤဋီကာပါဌ်များ၌ အာရုဟိတွာဟု မုဒ္ဒဇ ရနှင့်သာ ပါဌ်မှန်ရှိစေရမည်၊ ဤအရာ ဝိသုဒ္ဓိမဂ်မဟာဋီကာ ခန္ဓနိဒ္ဒေသအဖွင့်ပါဌ်မှာ တာလုဇ ယ-နှင့် အာယူဟိတွာဟူသော ပါဌ်ပျက်ကိုမြင်၍ ၎င်းအတိုင်း ဤဋီကာပါဌ်မှာ အပြင် မမှားမိကြစေလင့်၊ သတိရှိစေ။

**ဘောဂါရဟံ၊ အမြဲသုံးဆောင်ရန်, ရံခါသုံးဆောင်ရန်ထိုက်သော။ ရတနသမ္မတံ၊** ရတနာဟု သမုတ်အပ်သော ဥစ္စာဝတ္ထုတည်း။ ဣတိ၊ သို့။ န ဇာနာတိ၊ မသိ။ ဂါမိကပုရိသော၊ သည်။ တဒုဘယံ၊ ထိုဆိုအပ်ခဲ့ပြီးသော နှစ်ပါးစုံကို။ ဇာနာ-တိ၊ ၏။ အယံ၊ ဤအသပြာကား။ ဆေကော၊ မှန်ကန်သောအသပြာတည်း။ မဟာသာရော၊ ရွှေစစ်ငွေစစ်တည်းဟူသော များသော အနှစ်သာရရှိသော အသပြာတည်း။ အယံ၊ ကား။ ကုဋော၊ စဉ်းလဲသော၊ ဝါ၊ မမှန်ကန်သော **အသပြာတည်း။** အယံ၊ ကား။ အဍ္ဎသာရော၊ **ရွှေစစ်**ငွေစစ်တည်းဟူသော ထက်ဝက်သာ အနှစ်သာရရှိသောအသပြာတည်း။ အယံ၊ ကား။ ပါဒသာရော၊ **ရွှေစစ်**ငွေစစ်တည်းဟူသော တသပြာ၏ လေးဖို့တဖို့သာ အနှစ်သာရရှိသော အသပြာတည်း။ ဣတိအာဒိကံ၊ ဤသို့အစရှိသော။ ဝိဘာဂံ ပန၊ သီးခြား၊ ဝါ၊ **အထူးဝေဖန်ခြင်းကိုကား။** န ဇာနာတိ၊ မသိ။ ဟေရညိကော၊ သည်။ သဗ္ဗေပိ၊ ကုန်သော။ **တေ ပကာရေ၊** ထိုဆိုအပ်ခဲ့ပြီးသော **အပြားတို့ကို။** ဇာနာတိ၊၏။ **ဇာနန္တော စ၊ သိသည်ရှိသော်လည်း။** ဩလောကေတွာပိ၊ ကြည့်ရှု၍လည်း။ **ဇာနာတိ၊ ၏။** အာကောဋိတသဒ္ဒံ၊ **တီးခေါက်အပ်သောအသံကို။** သုတွာပိ၊ ကြား၍လည်း။ ဇာနာတိ၊ ၏။ ဂန္ဓံ၊ အနံ့ကို။ ဃာယိတွာပိ၊ နမ်း၍လည်း။ **ရသံ၊** အရသာကို။ **သာယိတွာပိ၊** လျက်၍လည်း။ ဟတ္ထေန၊ လက်ဖြင့်။ **ဓာရ-ယိတွာပိ၊** ချိန်ဆ၍လည်း။ ဇာနာတိ၊ ၏။ **အသုကသ္မိံ** နာမ၊ ဤ**အမည်**ရှိ**သော။** ဂါမေ ဝါ၊ ရွာ၌လည်း**ကောင်း။** နိဂမေ ဝါ[၁]၊ **နိဂုံး၌လည်းကောင်း။** နဂရေ ဝါ၊ မြို့၌လည်းကောင်း။ ပဗ္ဗတေ ဝါ၊ **တောင်၌လည်း**ကောင်း။ နဒီတီ-ရေ ဝါ၊ မြစ်ကမ်းနား၌လည်း**ကောင်း။** ကတော၊ ပြုအပ်သောအသပြာ**တည်း။** ဣတိပိ၊ သို့လည်းကောင်း။ အသုကာစရိယေန၊ ဤမည်သော ဆရာသည်။ **ကတော၊ တည်း။** ဣတိပိ၊ သို့လည်း**ကောင်း။** ဇာနာတိ၊ သိ၏။

တတ္ထ၊ ထိုဥပမာ၌။ သညာ၊ သညာသည်။ အသဉ္ဇာတဝေါဟာရဗုဒ္ဓိနော၊ ကောင်းစွာမဖြစ်သေးသော ဝေါဟာရ၌ အသိဉာဏ်ရှိသော။ ဗာလဒါရကဿ၊ သူငယ်ကလေး၏။ကဟာပဏဒဿနံ ဝိယ၊ အသပြာကိုကြည့်ရှုခြင်းကဲ့သို့။ ဝိဘာ-ဂံ၊ သီးခြား၊ ဝါ၊ အထူးဝေဖန်ခြင်းကို။ အကတွာ၊ မပြုမူ၍။ ပိဏ္ဍဝသေနေဝ၊ အပေါင်းအစု၏ အစွမ်းအားဖြင့်သာလျှင်။ **အာရမ္မဏံ၊** ကို။ ဂဏှာတိ၊ ယူ၏။ **ကသ္မာ၊** မူကား။ နီလာဒိဝသေန၊ အညိုစသည်တို့၏ အစွမ်းအားဖြင့်။ အာရမ္မ-ဏဿ၊ ၏၊ ဝါ၊ ကို။ ဥပဋ္ဌာနာကာရဂ္ဂဟဏတော၊ ထင်**သော**အခြင်းအရာအား ဖြင့်ယူခြင်းကြောင့်တည်း။ ဝိညာဏံ၊ ကို(ဒဋ္ဌဗ္ဗံ-မှာစပ်)။ **ကေစ္စဝိသေသဂ္ဂဟဏ-**

---

၁။ ဝိသုဒ္ဓိမဂ်များနှင့်အညီ ဤ၌ ရင်းနိဂမေဝါပုဒ် မုချပါရှိစေရမည်။ ဤဋီကာပါဌ်၌ • များ၌ကား ရင်းပုဒ်ကျပျောက်လျက်ရှိတတ်ကြ၏၊ **သတိရှိစေ။**

သမတ္တတာယ၊ အချို့အဝက်သောအထူးကို ယူခြင်းငှါစွမ်းနိုင်သည်၏ အဖြစ်ကြောင့်။ ဂါမိကပုရိသာသ၊ ၏။ ကဟာပဏာဒဿနမိဝ၊ အသပြာကိုကြည့်ရှုခြင်းနှင့်တူ၏ဟူ၍။ ဒဋ္ဌဗ္ဗံ၊ ၏ (ရွှေသို့လှမ်းရှုလိင်ပြင်စပ်)။ ပညာ၊ ပညာကို။ အနဝသေသဂ္ဂဟဏသမတ္တတာယ၊ အကြွင်းမဲ့ အလုံးစုံကို ယူခြင်းငှါစွမ်းနိုင်သည်၏ အဖြစ်ကြောင့်။ ဟေရညိကဿ၊၏။ ကဟာပနဒဿနမိဝ၊ တူ၏ဟူ၍။ ဒဋ္ဌဗ္ဗာ၊ ၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။

(ဤဥပမာသည် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ, ခန္ဓဝဂ္ဂသံယုတ်အဋ္ဌကထာ များမှာ လာ၏။ ၎င်းဟေရညိကပုဒ်ကို "ရွှေပန်းထိမ်သည်"ဟု မြန်မာလူမျိုးတို့ပြန်ဆိုကြသော အနက်ကား အလွန်မှားယွင်းသော အနက်သာဖြစ်ကြောင်းကို ငါတို့ရေးသားအပ်သော အဘိဓာန်နိဿယ၌ ဆုံးဖြတ်ရေးသားခဲ့ပြီ။)

၁၁၇၈-၈၀။ သဘာဝပဋိဝေဓနန္တိ ဧတ္ထ၊ ဟူသော ဤပုဒ်၌။ ဝစနတ္ထော၊ ကို။ ဧဝံ၊ သို့။ ဝေဒိတဗ္ဗော၊ ၏။ သကော၊ မိမိဥစ္စာဖြစ်သော။ ဘာဝေါ၊ ဝိသေသသဘောတည်း။ ဝါ၊ ကား။ သမာနော၊ တူသော၊ ဝါ၊ ဆက်ဆံသော။ ဘာဝေါ၊ သာမညသဘောတည်း။ သဘာဝေါ၊ မိမိဥစ္စာဖြစ်သော၊ ဝါ၊ မဆက်ဆံသော ဝိသေသသဘော၊ ဝါ၊ တူသော၊ ဝါ၊ ဆက်ဆံသော သာမညသဘော။ ဓဿ၊ ထိုဝိသေသသဘော, သာမညသဘောကို။ ပဋိဝေဓနံ၊ ထိုးထွင်း၍သိခြင်းတည်း။ ဉာတပရိညာတီရဏပရိညာဝသေန၊ ဉာတပရိညာ၌, တီရဏပရိညာ၌ တို့၏ အစွမ်းအားဖြင့်။ သဘာဝသာမညလက္ခဏပဋိဝေဓနံ၊ ဝိသေသသဘောလက္ခဏာ, သာမညသဘောလက္ခဏာကို ထိုးထွင်း၍သိခြင်းတည်း။ ဃဋ္ဋမဇ္ဈာဒိပဋိစ္ဆာဒကဿ၊ အိုး ပုဆိုးစသော ဝတ္ထုကို ဖုံးလွှမ်းတတ်သော။ ဗာဟိရန္ဓကာရဿ၊ အပအမိုက်တိုက်ကို။ ဝိဒ္ဓံသကော၊ ဖျက်ဆီးပယ်ဖျောက်တတ်သော (ထည့်)။ ဒီပါလောကော ဝိယ၊ ဆီမီးအရောင်အလင်းကဲ့သို့။ ယထာဝုတ္တဓမ္မသဘာဝပဋိစ္ဆာဒကဿ၊ အကြင်အကြင် ဆိုအပ်ခဲ့ပြီးသော တရားသဘောကို ဖုံးလွှမ်းတတ်သောမောဟကို။ ဝိဒ္ဓံသနရသာ၊ ပယ်ဖျောက်ဖျက်ဆီးခြင်းကိစ္စရှိ၏။ ဟိ သစ္စံ၊ ၏။ ဥပ္ပဇ္ဇမာနာယေဝ၊ ဖြစ်ဆဲဖြစ်၍သာလျှင်။ ဉာဏာလောကော၊ ဉာဏ်ပညာအလင်းရောင်သည်။ ဟဒယန္ဓကာရံ၊ စိတ်နှလုံး၌တည်သော မောဟတည်းဟူသော အမိုက်တိုက်ကို။ ဝိဓမေန္တော၊ ပယ်ဖျောက်ဖျက်ဆီးလျက်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဣတိ၊ ကြောင့်။ သမ္မောဟန္ဓကာရဿ ဝိဒ္ဓံသနရသာ မတာတိ၊ ဟူ၍။ အာဟ၊ ပြီ။ တတောယေဝ။ ထိုကြောင့်သာလျှင်။ သဗ္ဗဓမ္မေသု၊ အလုံးစုံသောတရားတို့၌။ အသမ္မုယှနာကာရေန၊ မတွေဝေသော အခြင်းအရာအားဖြင့်။ ပစ္စုပတိဋ္ဌာတိ၊ ပညာသည် ရှေးရှုထင်တတ်၏။ ဝါ၊ ကား။

ကာရဏဘူတာ^၁၊ အကြောင်းဖြစ်၍ဖြစ်သော။ သယံ၊ မိမိဟုဆိုအပ်သောပညာသည်။ ဖလဘူတံ၊ အကျိုးဖြစ်၍ဖြစ်သော။ အသမ္မောဟံ၊ မတွေဝေခြင်းကို။ ပစ္စုပတိဋ္ဌာပေတိ၊ ရှေးရှုထင်စေတတ်၏။ ဣတိ၊ ကြောင့်။အသမ္မောဟပစ္စုပဋ္ဌာနာတိ၊ ဟူ၍။ အာဟ၊ ပြီ။ ဝိပဿနာပညာယ၊ ကို။ ဣဓ၊ ဤအရာ၌။ အဓိပ္ပေတတ္တာ၊ အလိုရှိအပ်သည်၏ အဖြစ်ကြောင့်။ သမာဓိ၊ သည်။ တဿာ၊ ထိုပညာ၏။ ပဒဋ္ဌာနံ၊ နီးစွာသောအကြောင်းဖြစ်၏။ တထာဟိ တတော ဝေ၊ ကြောင့်သာလျှင်။ သမာဟိတော ယထာဘူတံ ပဇာနာတီတိ၊ ဟူသော။ သုတ္တပဒံ၊ သုတ်ပုဒ်သည်။ နိဗန္ဓနဘာဝေန၊ သမာဓိ၏ ယထာဘူတဉာဏ်၏ အကြောင်းအဖြစ်ဖြင့်။ အာဂတံ၊ လာ၏။ ဣတိ၊ ကြောင့်။ သမာဓာသန္နကာရဏာတိ၊ ဟူ၍။ အာဟ၊ ပြီ။

(ဤ၌ အလုံးစုံဤဋီကာပါဠိများမှာ "နိဗန္ဓနဘာဝေန အာဂတံ" ဟူသော ပုဒ်များ ကျပျောက်လျက်ချည်းသာ ရှိကြ၏။ ဝိသုဒ္ဓိမဂ် မဟာဋီကာနှင့်အညီ ၎င်းပုဒ်များနှင့်တကွ "သုတ္တပဒံ နိဗန္ဓနဘာဝေန အာဂတန္တိ" ဟူ၍သော ပါဠိမှန်ရှိစေရမည်။) (သမာဟိတော၊ တည်ကြည်သောပုဂ္ဂိုလ်သည်။ ယထာဘူတံ၊မဖောက်မပြန် ဟုတ်မှန်သည့်အတိုင်း။ ပဇာနာတိ၊ သိ၏။)

၁၁၇၁-၂။ ဓမ္မသဘာဝပဋိဝေဓော နာမ၊ တရား သဘောကို ထိုးထွင်း၍ သိခြင်းမည်သည်။ ပညာယ၊ ၏။ အာဝေဏိကော၊ သီးခြားဖြစ်သော၊ ဝါ၊ တရားတို့နှင့် မဆက်ဆံသော။ သဘာဝေါ၊ အခြားတပါးသော သဘောတည်း။ တေန၊ ကြောင့်။ အဿ၊ ထိုပညာ၏။ ကောစိ၊ တစုံတခုသော။ ဝိဘာဂေါ၊ သီးခြား ဝါ၊ အထူးဝေဖန်ခြင်းကို။ န လဗ္ဘတိ၊ မရအပ်။ ဣတိ၊ ကြောင့်။ လက္ခဏာဒိနေကဝိဓာ ဧတ္တာတိ၊ ဟူ၍။ အာဟ၊ ပြီ။ လုဇ္ဇနပလုဇ္ဇနဋ္ဌေန၊ ပျက်စီးတတ်၊ အလွန်ပျက်စီးတတ်သော အနက်သဘောကြောင့် (ပ-ကား ပကဋ္ဌတ္ထ)။ ဝဋ္ဋံ၊ ဝဋ်တရားကို။ လောကော၊ လောကဟူ၍။ ဝုစ္စတိ။ ဆိုအပ်၏။ တပ္ပရိယာပန္နတာယ၊ ထိုလောက၌ တွက်ကျုံးဝင်သည်၏ အဖြစ်ကြောင့်။ လောကေ၊ ၌။ နိယုတ္တာ၊ ယှဉ်သည်တည်း။ ဝါ၊ ကား။ တတ္ထ၊ ထိုလောက၌။ ဝိဒိတာ၊ ထင်ရှားသည်တည်း။ ဣတိ၊ ကြောင့်။ လောကိကာ၊ လောကီကာမည်၏။ တတ္ထ၊ ထိုလောက၌။ အပရိယာပန္နတ္တာ၊ တွက်ကျုံးမဝင်

---

၁။ ဤ၌ အလုံးစုံ ဤဋီကာပါဠိများမှာ ကာရဏဘူတံ-ဟု နိဂ္ဂဟိတန္တနှင့်ချည်းသာ ပါဠိပျက်လျက်ရှိကြ၏။ ပညာဟူသော ဝိသေသျပုဒ်ကိုငဲ့၍ ဣတ္ထိလိင်အာကာရန္တနှင့် ကာရဏဘူတာ ဟူ၍သာ ပါဠိမှန်ရှိစေရမည်။ နောက် သယံပုဒ်ကား ဤ၌ ပဌမန္တအတ္တဝါစကနိပါတ်ပုဒ်သာတည်း။ ဝိသုဒ္ဓိမဂ် မဟာဋီကာနှင့်လည်း တိုက်ဆိုင်ကြည့်ရှုလေ။

သည်၏ အဖြစ်ကြောင့်။ အလောကိကာ၊ မည်၏။ ပန၊ စောဒနာဦးအံ့။ တ္တေ၊ ဤအရာ၌၊ ဝါ၊ ဤပညာတို့တွင်။ လောကိယာ၊ လောကီပညာကား။ ကတမာ၊ အဘယ်နည်း။ လောကုတ္တရာ စ၊ လောကုတ္တရာပညာသည်လည်း။ ကတမာ၊ နည်း။ ဣတိ စောဒိတဗ္ဗတော၊ ကြောင့်။ လောကိယေနာတိအာဒိ၊ ကို။ အာဟ၊ ပြီ။ လောကိယကုသလစိတ္တုပ္ပါဒေသု၊ လောကီစိတ္တုပ္ပါဒ်တို့၌။ မဂ္ဂသမ္ပယုတ္တာ၊ မဂ်နှင့်ယှဉ်သောပညာသည်။ လောကိယေန၊ လောကီဖြစ်သော။ မဂ္ဂေန၊ မဂ်နှင့်။ ယုတ္တာ၊ ယှဉ်သောပညာမည်၏။ ဝိသေသတော ပန၊ အထူးအားဖြင့်ကား။ ဒိဋ္ဌိဝိသုဒ္ဓိအာဒိ ဝိသုဒ္ဓိစတုက္ကသင်္ဂဟိတ မဂ္ဂသမ္ပယုတ္တာ၊ ဒိဋ္ဌိဝိသုဒ္ဓိစသော ဝိသုဒ္ဓိလေးပါးအပေါင်းဖြင့် သိမ်းသွင်းရေတွက်အပ်သော မဂ်နှင့်ယှဉ်သော ပညာတည်း။ သမုဒါယေသု၊ အပေါင်းဖြစ်သောအနက်တို့၌။ ပဝတ္တာ၊ ဖြစ်သော။ သမညာ၊ အမည်သည်။ တဒေကဒေသေသုပိ၊ ထိုအပေါင်း၏ အစိတ်ဖြစ်သောအနက်တို့၌လည်း။ ပဝတ္တတိ၊ ဖြစ်၏။ ဣတိ၊ ကြောင့်။ မဂ္ဂ-ဂ္ဂဟဏံ၊ မဂ္ဂသဒ္ဒါကို။ ကတံ၊ ပြုအပ်၏။ ဝါ၊ ကား။ ပစ္စေကမ္ပိ၊ အသီးအသီးလည်း။ သမ္မာဒိဋ္ဌိအာဒီနံ၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပစသည်တို့၏။ မဂ္ဂသမညာ၊ မဂ်ဟူသော အမည်သည်။ ဟောတိ၊ ၏။ ဣတိ ကတွာ ဣတိ တသ္မာ၊ ကြောင့်။ မဂ္ဂ-ဂ္ဂဟဏံ၊ ကို။ ကတံ၊ ၏(ပြန်လှည့်)။

လောကတော၊ မှ။ ဥတ္တရာ ဥတ္တိဏ္ဏာ၊ လွန်မြောက်သည်တည်း။ ဣတိ၊ ကြောင့်။ လောကုတ္တရာ၊ လောကုတ္တရာပညာမည်၏။ ဟိ သစ္စံ၊ ၏။ မဂ္ဂသမ္ပယုတ္တာ၊ သော။ လောကုတ္တရာပိ၊ လောကုတ္တရာပညာကိုလည်း။ ဘာဝေတဗ္ဗာ၊ ပွါးစေအပ်၏။ တဿာ၊ ထိုပညာအား၊ ဝါ၊ ၏။ သိယာ၊ ရံခါ၊ ဝါ၊ အချို့။ ဝိပဿနာပရိယာယေပိ[1]၊ ဝိပဿနာပရိယာယ်ကိုလည်း။ လဗ္ဘတေဝ၊ ရအပ်သည်သာလျှင်တည်း။ ဣတိ၊ ကြောင့်။ လောကုတ္တရ-ဂ္ဂဟဏံ၊ လောကုတ္တရသဒ္ဒါသည်။ န ဝိရုဇ္ဈတိ၊ မဆန့်ကျင်။ တေန၊ ကြောင့်။ လောကုတ္တရေနာတိအာဒိ၊ ကို။ အာဟ၊ ပြီ။ သုတမယာဒီတောတိ တ္တေ၊ ဟူသောဤပုဒ်၌။ အာဒိ-ဂ္ဂဟဏေန၊ အာဒိသဒ္ဒါဖြင့်။ ဘာဝနာမယံ၊ ဘာဝနာမယပညာကို။ သင်္ဂဏှာတိ၊ သိမ်းသွင်းရေတွက်၏။

၁၁၇၃-၅။ အတ္တနော၀ စိန္တာယာတိ၊ ကား။ အနုဝဇ္ဇာသ၊ အပြစ်မရှိသော။ တဿ တဿ အတ္ထဿ၊ ထိုထိုအကျိုးစီးပွားအနက်ကို။ သာဓနေ၊ ပြီးစေခြင်း၌။ ပရောပဒေသေန၊ သူတပါးတို့၏ နည်းညွှန်းဥပဒေသနှင့်။ ဝိနာ၊ ကင်း၍။ အတ္တ-

---

၁။ ဤ၌ အများအားဖြင့်ဤဋီကာပါဌ်များမှာ "ဝိပဿနာပရိယာယောသာနေ လဗ္ဘတေဝါတိ" ဟု ပါဌ်ပျက်လျက်ရှိကြ၏။ အချို့ဤဋီကာပါဌ်, ဝိသုဒ္ဓိမဂ်မဟာဋီကာပါဌ်များနှင့်အညီ "ဝိပဿနာပရိယာယေပိ တဿာ သိယာ လဗ္ဘတေဝါတိ" ဟူ၍သာ ပါဌ်ရှိစေရမည်။

နော၊ ၏။ ဥပါယစိန္တာဝသေနေဝ၊ အကြောင်းဥပါယ်ကို ကြံစည်ခြင်း၏ အစွမ်းအားဖြင့်သာလျှင်(နိဗ္ဗန္တတ္တာ-မှာ စပ်)။ **ဘူရိပညေနာတိ၊ ကား။** မဟာပညေန၊ ကြီးကျယ်, များ, မြတ်, ပူဇော်အပ်သော ပညာရှိတော်မူသော မြတ်စွာဘုရား **သခင်သည်။** ဝါ၊ **ကား။** ပတ္ထဋတာယ၊ ကြီးပြန့်တော်မူသည်၏ အဖြစ်ကြောင့်။ ပဌဝီသမာနပညေန၊ မဟာပထဝီမြေကြီးနှင့်တူသော ပညာရှိတော်မူသော မြတ်စွာဘုရားသခင်သည်(ဒေသိတာ-မှာစပ်)။ ဣတိ အယံ၊ **ကား။** အတ္ထော၊ ဘူရိပညေနဟူသောပုဒ်၏ **အနက်တည်း။ ပရတော ပန သုတွာနာတိ၊ ကား။** ပရတော၊ သူတပါးတို့၏၊ ဝါ၊ **တို့၏** အထံမှ။ ဥပဒေသံ၊ နည်းညွှန်းဥပဒေသကို။ သုတွာ၊ ကြားနာရ၍(လဒ္ဓါ-မှာ စပ်)။ **သုတေနေဝ စ နိဗ္ဗန္ဒာတိ ဣဒံ၊** ဟူသော ဤပုဒ်သည်။ **အန္တောဂတဟေတွတ္ထံ၊** အတွင်း၌ဖြစ်သော ဟိတ်အနက်ရှိသော၊ ဝါ၊ ဟိတ်အနက်အတွင်းဝင်သော။ **ဝိသေသနံ၊ ဝိသေသနပုဒ်တည်း။** သုတေနေဝ၊ ကြားခြင်းဖြင့်သာလျှင်။ နိဗ္ဗန္တတ္တာ၊ **ပြီးသည်၏**အဖြစ်ကြောင့်။ ဣတိ အယံ၊ **ကား။** အတ္ထော၊ သုတေနေဝ စ နိဗ္ဗန္ဒာဟူသောပုဒ်၏ အနက်**တည်း။** ဝါ၊**ကား။** နိဗ္ဗန္တတ္တာ သုတေန ဝါတိ၊ ဟူ၍။ ပါဌော၊ ပါဌ်ရှိ၏။ **ယထာ ဝါပိ တထာ ဝါတိ၊ ကား။** ပရတော၊ သူတပါးတို့၏၊ ဝါ၊ တို့၏**အထံမှ**။ ဥပဒေသံ[၁]၊ **နည်းညွှန်း** ဥပဒေသကို။ သုတွာ ဝါ၊ ကြားနာရ၍**လည်းကောင်း**။ အသုတွာ ဝါ၊ မကြားနာရပဲလည်း**ကောင်း** (နိဗ္ဗန္ဒာ-မှာ **စပ်**)။ **အပ္ပနာပတ္တာတိ ဣဒံ၊** ဟူသော ဤစကား**ကို**။ သိခါပ္ပတ္တံ၊ **အထွတ်အထိပ်**သို့ ရောက်သော။ ဘာဝနာမယံ၊ ဘာဝနာမယပညာကို။ ဒဿေတုံ၊ ပြခြင်းငှါ။ ဝုတ္တံ၊ ဆိုအပ်၏။ အပ္ပနာပတ္တာဝ၊ အပ္ပနာသို့ရောက်သောပညာသည်သာလျှင်။ ဘာဝနာမယာ၊ ဘာဝနာမယပညာမည်၏။ ဣတိ၊ သို့။ ဒဿေတုံ၊ ငှါ။ န ပန ဝုတ္တံ၊ မဆိုအပ်။

ပန၊ **ဆက်၍ဆိုဦးအံ့။** တိဿောပိ၊ စိန္တာမယ, သုတမယ, ဘာဝနာမယ**အား**ဖြင့် သုံးပါးလည်းဖြစ်ကုန်သော။ ဧတာ ပညာ၊ ဤပညာတို့ကို။ ပါဠိဝသေန၊ ဉာဏဝိဘင်းပါဠိတော်၏ အစွမ်းအားဖြင့်။ ဧဝံ၊ ဤဆိုလတ္တံ့သောနည်းဖြင့်။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏—

တတ္ထ၊ ထိုသုံးပါးသောပညာတို့တွင်။ စိန္တာမယာ ပညာ၊ စိန္တာမယပညာသည်။ ကတမာ၊ အဘယ်နည်း။ ယောဂဝိဟိတေသု၊ ဉာဏ်ပညာဖြင့် ပြုစုစီရင်အပ်ကုန်သော၊ ဝါ၊ ဉာဏ်ပညာဖြင့်ညွှတ်စေအပ် ပြီးစေအပ်ကုန်သော(ယောဂသဒ္ဒါ ပညာပရိယာယ်၊ နောက်၌လည်း ဤအတူ

---

၁။ ဤ၌ ဝိသုဒ္ဓိမဂ်မဟာဋီကာပါဌ်အတိုင်း ၎င်းဥပဒေသံ, ပုဒ်နှင့်တကွ ပါဌ်မှန်ရှိစေရမည်။ အယုံးစုံ ဤဋီကာပါဌ်များ၌ ၎င်းပုဒ်မပါကျပျောက်လျက်ချည်းသာ ပါဌ်ရှိကြ၏။ သတိရှိ စေ။

ယောဇနာလေ)။ ကမ္မာယတနေသု ဝါ၊ ဆရာ့အထံ၌ မသင်ပဲပြုလုပ်နိုင်သော လက်မှုအလုပ်ကြမ်းတို့၌လည်းကောင်း (အာယတနသဒ္ဒါ ပဒပူရဏတ္ထ)ဝါ၊ အသက်မွေးခြင်း၏ အကြောင်းဖြစ်သော လက်မှုအလုပ်ကြမ်းတို့၌လည်းကောင်း(အာယတနသဒ္ဒါ ကာရဏတ္ထ)။ယောဂ-ဝိဟိတေသု၊ ကုန်သော၊ ပါ၊ ကုန်သော။ သိပ္ပါယတနေသု ဝါ၊ ဆရာ့အထံ၌သင်မှုပြုလုပ်နိုင်သော နူးညံ့သော လက်မှုအတတ်ပညာတို့၌လည်းကောင်း၊ ပါ၊ အသက်မွေးခြင်း၏ အကြောင်းဖြစ်သော နူးညံ့သော လက်မှုအတတ်ပညာတို့၌လည်းကောင်း။ ယောဂဝိဟိတေသု၊ကုန်သော၊ ပါ၊ ကုန်သော။ ဝိဇ္ဇာဋ္ဌာနေသု ဝါ၊ အနဝဇ္ဇမမ္မိကဖြစ်သော မြွေစည်းချသော ဂါထာမန္တရားအရံအတားပရိတ်, ဖုံ့ဟူသော ခံတွင်းလေကိုမှုတ်၍ ပင့်ကူဆိပ်ကင်းဆိပ်သည်ကို ပယ်ဖျောက်နိုင်သောနူတ်မှုအတတ်ပညာတို့၌လည်းကောင်း၊ ဝါ၊အသက်မွေးခြင်း၏အကြောင်းဖြစ်သော အနဝ-ဇ္ဇ။ပ။နိုင်သောနူတ်မှုအတတ်ပညာတို့၌လည်းကောင်း(ဉာဏဝိဘင်းအဋ္ဌကထာ၊ရင်းမူလဋီကာ၊ဝိသုဒ္ဓိမဂ်မဟာဋီကာတို့နှင့်အညီ အနက်တည်း)။ ကမ္မဿကတံ ဝါ၊ ကံသာလျှင်မိမိဥစ္စာရှိသည်ဖြစ်၏ အဖြစ်ကိုသိတတ်သော ဉာဏ်ပညာကိုလည်းကောင်း(ဤ၌ ဉာဏဝိဘင်းပါဠိတော်, ရင်းအဋ္ဌကထာစသည်တို့နှင့်အညီ ဝါ သဒ္ဒါနှင့်တကွ ကမ္မဿကတံ ဝါ-ဟုသာ ပါဠ်မှန်ရှိစေရမည်။ အလုံးစုံ ဤဋီကာပါဠ်များ၌ကား ဝါ-သဒ္ဒါမပါပဲ ကျပျောက်လျက်ချည်းသာ ပါဠ်ရှိကြ၏။ သတိရှိစေ)။ သစ္စာနုလော-မိကံ ဝါ၊ သစ္စာအားလျော်သော ဝိပဿနာဉာဏ်ကို လည်းကောင်း (ပဋိလာဘတိ-မှာစပ်)။ ရူပံ၊ ရူပက္ခန္ဓာသည်။ အနိစ္စံ၊ အမြဲမရှိ။ ဣတိ ဝါ၊ ဤသို့လည်းကောင်း။ ဝေဒနာ၊ ဝေဒနာက္ခန္ဓာသည်။ အနိစ္စာ၊ အမြဲမရှိ။ သညာ၊ သညာက္ခန္ဓာသည်။ အနိစ္စာ၊ အမြဲမရှိ။ သင်္ခါရာ၊ သင်္ခါရ-က္ခန္ဓာတို့သည်။ အနိစ္စာ၊ အမြဲမရှိကုန်။ ဝိညာဏံ၊ ဝိညာဏက္ခန္ဓာသည်။ အနိစ္စံ၊ အမြဲမရှိ။ ဣတိ ဝါ၊ သို့လည်းကောင်း။ ဝေရူပိံ၊ ဤသို့သဘောရှိသော။ အနုလောမိကံ၊ လျော်စေသော။ ယံ ခန္တိံ၊ အကြင်ရှုခြင်းငှါစွမ်းနိုင်သော ပညာကိုလည်းကောင်း။ ယံ ဒိဋ္ဌိံ၊ အကြင်ရှုတတ်သော ပညာကိုလည်းကောင်း။ ယံ ရုစိံ၊ အကြင်နှစ်သက်တတ်သော ပညာကို လည်းကောင်း။ယံ မုတိံ[၁]၊အကြင်သိတတ်သောပညာကိုလည်းကောင်း။

---

၁။ ဤ၌ ဒန္တဇတတိယက္ခရာနှင့် မုဒိံ-ဟူ၍ လည်းကောင်း၊ တာလုဇပဉ္စမက္ခရာနှင့် မုဓိံ-ဟူ၍ လည်းကောင်း၊ ဉာဏဝိဘင်းပါဠိ အဋ္ဌကထာ တို့၌ ပါဠ်အထွေထွေ ပျက်လျက်ရှိကြ၏။ ဤဋီကာ အလုံးစုံပါဠ် မြန်မာ သီဟိုဠ် ယိုးဒယား အက္ခရာ သုံးမျိုးဖြင့်ပုံနှိပ်သော ဝိသုဒ္ဓိမဂ်စာကိုယ် ပါဠ်သုံးမျိုး ဤနှင့်သဘောတူ အခြားအရာ

ယံ ပေက္ခံ၊ အကြောင်းရှုဆင်ခြင်တတ်သော ပညာကိုလည်းကောင်း။ ယံ ဓမ္မနိဇ္ဈာနက္ခန္တိံ၊ အကြောင်းတရားတို့ကို ရှုခြင်းငှါ ခံ့သောပညာကိုလည်း ကောင်း(ငှင်းခန္တိ အစ ဓမ္မနိဇ္ဈာနက္ခန္တိ အဆုံးတိုင်အောင်သော ပုဒ် တို့ကား ပညာ၏ ပရိယာယ်ဝေဝုစ်ပုဒ်တို့တည်းဟု ဉာဏဝိဘင်း အဋ္ဌ- ကထာ၌ အဆိုရှိသည်)။ ပရတော၊ သူတပါးအထံမှ။ အသုတ္ဘာ၊ မကြားနာရပဲ။ ပဋိလဘတိ၊ ရ၏။ အယံ၊ ဤပညာကို။ စိန္တာမယာ ပညာ၊ စိန္တာမယပညာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

သုတမယာ ပညာ၊ သည်။ ကတမာ၊ နည်း။ ပ။ သုတွာ၊ ကြား နာရ၍။ ပဋိလဘတိ၊ ၏။ အယံ၊ ကို။ သုတမယာ ပညာ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ သမာပန္နဿ၊ သမာပတ်ဝင်စားသော၊ ငါ၊ သမာပတ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်၏။ သဗ္ဗာပိ၊ အလုံးစုံလည်းဖြစ်သော။ ပညာ၊ ပညာသည်။ ဘာဝနာမယာ ပညာ၊ ဘာဝနာမယပညာ မည်၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏ (ပြန်လည့်)။

စ၊ ဆက်....အံ့။ တွေ၊ ဤပါဠိ၌။ ကမ္မာယတနာဒိဝသေန၊ ကမ္မာယတန စသည်တို့၏ အစွမ်းအားဖြင့်။ စိန္တာမယာသုတမယပညာ စ၊ တို့ကိုလည်း ကောင်း။ မဟဂ္ဂတလောကုတ္တရဝသေန၊ အားဖြင့်။ ဘာဝနာမယပညာ စ၊ ကိုလည်းကောင်း။ ကိဉ္စာပိ ဝုတ္တာ၊ အကယ်၍ကား ဟောတော်မူအပ်ကုန်၏ ရှင့်။ ပန တထာပိ၊ ကုန်သော်လည်း။ ဣဓ၊ ဤအရာ၌။ အန္တိမဘဝိကာနံ၊ ပစ္ဆိမဘဝိကဖြစ်ကုန်သော။ ဒွိန္နံ၊ နှစ်ပါးကုန်သော။ဗောဓိသတ္တာနမေဝ၊ဘုရား အလောင်း၊ ပစ္စေကဗုဒ္ဓါအလောင်းတို့အား သာလျှင်၊ ဝါ၊ တို့သည်သာလျှင်။ လဗ္ဘမာနာ၊ ရအပ်ရသင့်သော။ စိန္တာမယာ ဘူတာ၊ သော။ သစ္စာနုလောမိကာ ပညာ၊ သစ္စာနုလောမိကဝိပဿနာပညာကို။ အဓိပ္ပေတာ၊ အလိုရှိအပ်၏ (ရှေ့ သို့လှမ်း) ပူရိတပါရမီနံ၊ ဖြည့်ကျင့်အပ်ပြီးသော ပါရမီရှိကုန်သော။ မဟာ-

ကျမ်းဂန်များ၌ကား ဒန္တဇ ပဌမအက္ခရာနှင့် မုတိ ဟူ၍ချည်းသာ ပါဌ်ရှိကြ၏။ ဝိသုဒ္ဓိမဂ်မဟာဋီကာမှာလည်း ဤပုဒ်ကို မုနာတီတိ မုတိ-ဟု ဝစနတ္ထပြုလျက်ရှိ၏။ ဇာနနတ္ထ-မုဓာတ် ကတ္တုသာဓ် တိပစ္စည်းဖြင့်ပြီးသော ပုဒ်တည်း။ မုနာတိကို ယော မုနာတိ ဥဘော လောကေ စသည်မှာကဲ့သို့ "သိတတ်၏"ဟု အနက်ပေးလေ။ ဤ၌ မုတိသဒ္ဒါကို မုတိမာတိ ဗုဒ္ဓိမာ-ဟူသော ဓမ္မိကသုတ်အဖွင့် သုတ္တနိပါတ် အဋ္ဌကထာမှာကဲ့သို့ ပညာပရိယာယ် သို့မဟုတ် ဗုဒ္ဓိပရိယာယ်ဟု မှတ်၊ အဘိဓာန် မှာလည်း မုတိသဒ္ဒါ ပညာပရိယာယ်အဖြစ်ဖြင့် တိုက်ရိုက်လာရှိသည်ပင်၊ဤအရာ၌ မုစိ ကထနေတိ ဟိ ဓာတု-ဟူသောသမ္မောဟဝိနောဒနီဆရာ၏ စကားကို ဆင်ခြင် အပ်၏။

ပညာနံ[၁]၊ ကြီးသော ပညာရှိပုဂ္ဂိုလ်တို့အား၊ ဝါ၊ တို့သည်။ **လဒ္ဓမာနာ၊ သော**။ အဝသေသပညာ၊ပစ္စိမဘဝိကဖြစ်သောဘုရားအလောင်း၊ ပစ္စေကဗုဒ္ဓါအလောင်းတို့အားသာရအပ်သော စိန္တာမယ သစ္စာနုလောမိကပညာမှကြွင်းသော ပညာဖြစ်သော (ဝိသုဒ္ဓိမဂ်မဟာဋီကာနှင့် အညီ)။ သုတမယာ၊ သုတမယဖြစ်သော။ သစ္စာနုလောမိကာ ပညာ စ၊ သစ္စာနုလောမိကဖြစ်သော ပညာကိုလည်းကောင်း။ လောကုတ္တရပ္ပတ္တာ၊ လောကုတ္တရာအပ္ပဏာသို့။ ပတ္တာပိ၊ ရောက်သည်လည်းဖြစ်သော။အပ္ပတ္တာပိ[၂]၊ မရောက်သည်လည်းဖြစ်သော။ဘာဝနာမယပညာ စ၊ ကိုလည်းကောင်း။ **အဓိပ္ပေတာ**၊ ၏။

၁၁၇၆။ **ပဋိသမ္ဘိဒါစတုက္ကဿာ**တိ၊ ကား။ အတ္ထဓမ္မနိရုတ္တိပဋိဘာနသင်္ခါတဿ၊အတ္ထ,ဓမ္မ,နိရုတ္တိ,ပဋိဘာနဟုဆိုအပ်သော။ပဋိသမ္ဘိဒါစတုက္ကဿ၊ပဋိသမ္ဘိဒါလေးပါး အပေါင်း၏။ ဝသေန၊ အားဖြင့်(စတုဝေ-မှာစပ်)။ စ စောဒေမိ၊ အံ့။ ဧတ္ထ၊ဤအရာ၌။ဝိပဿနာပညာ၊ ကို။ အဓိပ္ပေတာ နနု၊ အလိုရှိအပ်သည် မဟုတ်တုံလော။ ကသ္မာ၊ ကြောင့်။ ပဋိသမ္ဘိဒါ၊ ပဋိသမ္ဘိဒါ ပညာကို။ အာဟဋ္ဌာ၊ ထုတ်ဆောင်အပ်သနည်း။ ဣတိ အယံ၊ ကား။ **စောဒနာ၊ တည်း**။ ဝိပဿကာနံ၊ ဝိပဿနာရှုကုန်သော ယောဂီပုဂ္ဂိုလ်တို့၏။ ဉာဏပါဋ္ဌဝတ္တံ၊ ဉာဏ်ပညာထက်မြက်စေခြင်းအကျိုးငှါ။ ပညာပဘေဒေ၊ ပညာအပြားကို။ နိဒ္ဒိသိယမာနေ၊ ညွှန်းပြအပ်သည်ရှိသော်။ ပဋိသမ္ဘိဒါပညာပိ၊ ကိုလည်း။ ဝတ္တုကာမတာယ၊ ဆိုလိုသည်၏ အဖြစ်ဖြင့်။ အာဟဋ္ဌာ၊ ထုတ်ဆောင်အပ်၏။ ဝါ၊ ကား။ ပဋိသမ္ဘိဒါပညာယ၊ ၏။ ဝိပဿနာ ဖလဘူတတ္တာ၊ ဝိပဿနာ၏ အကျိုး၏အဖြစ်ကြောင့်။ အာဟဋ္ဌာ၊ ၏။ ဝါ၊ ကား။ လောကိယလောကုတ္တရပညာဓိကာရေ၊ လောကီလောကုတ္တရာပညာအရာ၌။ လောကုတ္တရပညာယ၊ နှင့်။ သဟ၊ တကွ။ ပါပုဏိတဗ္ဗံ၊ ရောက်အပ်ရအပ်သော။ ပဋိသမ္ဘိဒါပညမ္ပိ၊ ကိုလည်း။ ဝတ္တုကာမတာယ၊ ဆိုလိုသည်၏ အဖြစ်ဖြင့်၊ ဝါ၊ ကြောင့်။ ဣဓေဝ၊ ဤဝိပဿနာပညာ အရာ၌သာလျှင်။ ဝုတ္တာ၊ ဆိုအပ်၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။

**အတ္ထဓမ္မနိရုတ္တီသု ဉာဏန္တိ**၊ ကား။ အတ္ထေ၊ အကျိုးအနက်၌။ ဉာဏံ၊ သိသော ဉာဏ်သည်။ အတ္ထပဋိသမ္ဘိဒါ၊ အတ္ထပဋိသမ္ဘိဒါဉာဏ်မည်၏။ ဓမ္မေ၊ အကြောင်းပါဠိ၌။ ဉာဏံ၊ သည်။ **ဓမ္မပဋိသမ္ဘိဒါ**၊ မည်၏။ အတ္ထဓမ္မနိရုတ္တာ-

၁။ ဤ၌ ဉာဏဝိဘင်း အဋ္ဌကထာနှင့်အညီ ပ-မှာတချောင်းငင်မပါစေပဲ မဟာပညာနံ ဟုသာ ပါဌ်မှန်ရှိစေရမည်။ ဝိသုဒ္ဓိမဂ်မဟာဋီကာ, အချို့ ဤဋီကာပါဌ်များမှာ တချောင်းငင်နှင့် ပုညာနံ ဟု ပါဌ်ပျက်လျက်ရှိကြ၏။

၂။ ဤ၌ အောက် အပ္ပဏာပတ္တာတိ ဣဒံ စသည်ဖြင့် ဆိုခဲ့သည်နှင့်အညီ "လောကုတ္တရပ္ပဏံ ပတ္တာ အပတ္တာပိ"ဟု ပါဌ်မှန်ရှိစေရမည်။ ဤဋီကာပါဌ် အပတ္တာပိ ပုဒ်မပါပဲကျပျောက်တတ်သည်။

ဘိလာပေ၊ အတ္တမေ့တို့ကို ထုတ်၍ ဟောဆိုကြောင်းဖြစ်သော သဒ္ဒါ၌။ ဉာဏံ၊ သည်။ နိရုတ္တိပဋိသမ္ဘိဒါ၊ မည်၏။ ဣတိ ဧဝံ၊ သို့။ အာဂတံ၊ လာသော။ အတ္တာဒီသု၊ အတ္ထအစရှိကုန်သော။ တီသု၊ သုံးပါးသော ဉာဏ်တို့၌။ ပဘေဒ-ဂတံ၊ အပြားအားဖြင့် ဖြစ်သော။ ဉာဏတ္တယံ၊ ဉာဏ်သုံးပါး အပေါင်းတည်း။ တီသုပိတိ၊ ကား။ ယထာဝုတ္တေသု၊ အကြင်အကြင်ဆိုအပ်ကုန်ပြီးသော။ တီ-သုပိ၊ သုံးပါးလည်းဖြစ်ကုန်သော။ ပဋိသမ္ဘိဒါဉာဏေသု၊ တို့၌။ ဂေါစရကိစ္စ-လက္ခဏရသပစ္စုပဋ္ဌာနပဒဋ္ဌာနဘူမိအာဒိဝသေန၊ အာရုံ,ကိစ္စ,လက္ခဏာ,ရသ, ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်, ဘုံစသည်တို့၏ အစွမ်း အားဖြင့်။ တေ၊ ထိုသုံးပါးသော ဉာဏ်တို့ကို။ အာရမ္မဏံ ကတွာ၊ အာရုံပြု၍။ ပစ္စဝေက္ခန္တဿ၊ ဆင်ခြင်သော ယောဂီပုဂ္ဂိုလ်အား၊ ဝါ၊ ၏။ ဉာဏာနိ ဉာဏာနိ၊ တို့သည်။ ဉာဒမတ္တဇောတကာနိ၊ ဤအနက်ကို ထွန်းပြတတ်ကုန်၏။ ဣတိ ဧဝံ၊ သို့။ ပဘေဒဂတံ၊ အပြားအား ဖြင့် ဖြစ်သော။ ဉာဏံ၊ တည်း။ ဝါ၊ ကား။ ပရိတ္တမဟဂ္ဂတအပ္ပမာဏဝသေန၊ ကာမ, မဟဂ္ဂုတ်, အပ္ပမာဏတို့၏ အစွမ်းအားဖြင့်။ တီသု ဉာဏေသု၊ တို့၌။ ဉာဏံ၊ တည်း။ ဟိ သစ္စံ၊ ၏။ အပဋိသမ္ဘိဒါရမ္မဏာပိ၁၊ ပဋိသမ္ဘိဒါဉာဏ်လျှင် အာရုံမရှိ သည်လည်းဖြစ်သော။ ပဋိဘာနပဋိသမ္ဘိဒါ၊ သည်။ ဟောတိ။ ရှိ၏။ တေနဝ စ၊ ကြောင့်သာလျှင်သည်း။ သုတ္တန္တဘာဇနီယပါဠိယံ၊ သုတ္တန္တဘာဇနီယပါဠိတော် ၌။ ဉာဏေသု ဉာဏန္တိ၊ ဟူ၍လည်းကောင်း။ အဋ္ဌကထာယံ စ၊ ၌လည်း။ သဗ္ဗတ္ထ၊ အလုံးစုံသော အရာတို့၌။ ဉာဏံ၊ ဉာဏ်ကို။ အာရမ္မဏံ ကတွာ၊ ၍။ ပစ္စဝေက္ခန္တဿ၊ ၏။ ဉာဏာရမ္မဏံ၊ ဉာဏ်လျှင် အာရုံရှိသော။ ဉာဏံ၊ တည်း။ ဣတိ၊ သို့လည်းကောင်း။ အဝိသေသေန၊ ပဋိသမ္ဘိဒါဉာဏ်ဟု အထူးမပြုပဲ ဉာဏ် သာမညအားဖြင့်။ ဝုတ္တံ၊ ဟောတော်မူအပ်၏၊ ဝါ၊ မိန့်ဆိုတော်မူအပ်၏။ ဧဝဥ္စ ကတွာ၊ ကြောင့်။မဟဂ္ဂတပဋိသမ္ဘိဒါဉာဏဿ၊မဟဂ္ဂုတ်တရားလျှင် အာရုံရှိသော ပဋိသမ္ဘိဒါဉာဏ်၏။ အဘာဝေပိ၊ မရှိသော်လည်း။ နိရုတ္တိပဋိသမ္ဘိဒါ၊ သည်။ ပရိတ္တာရမ္မဏာ၊ ကာမလျှင် အာရုံရှိ၏။ တိဿော ပဋိသမ္ဘိဒါ၊ နိရုတ္တိပဋိသမ္ဘိ-ဒါဉာဏ်မှ တပါး သုံးပါးသော ပဋိသမ္ဘိဒါဉာဏ်တို့သည်။ သိယာ၊ ရံခါ။ ပရိတ္တာရ-မ္မဏာ၊ ကုန်၏။ သိယာ၊ ရံခါ။ မဟဂ္ဂတာရမ္မဏာ၊ ကုန်၏။ သိယာ၊ ရံခါ။ အပ္ပမာ-ဏာရမ္မဏာ၊ ကုန်၏။ ဣတိ၊ သို့။ ပဋိဘာနပဋိသမ္ဘိဒါယ၊ ဉာဏ်၏။ မဟဂ္ဂတာရ-မ္မဏတာပိ၊ ကိုလည်း။ ပဉ္စပုစ္ဆကပါဠိယံ၊ ပဉ္စပုစ္ဆကပါဠိတော်၌။ ဝုတ္တာ၊ ဟောတော်မူအပ်၏။

အဘိဓမ္မဘာဇနီယေ ပန၊ အဘိဓမ္မဘာဇနီယနည်း၌ကား—

ယသ္မိံ သမယေ၊ အကြင်အခါ၌။ ကာမဝစရံ ကုသလံ၊ ကာမာ-ဝစရ ကုသိုလ် ဖြစ်သော။ သောမနဿသဟဂတံ၊ သော။ ဉာဏသမ္ပ-

၁။ (ပဋိသမ္ဘိဒါရမ္မဏမ္ပိ-ဆဋ္ဌမူ)

ယုတ္တံ၊ သော။ စိတ္တံ၊ သည်။ ရူပါရမ္မဏံ ဝါ၊ ရူပါရုံကိုလည်းကောင်း။ ။ပ။ ဓမ္မာရမ္မဏံ ဝါ၊ ဓမ္မာရုံကို လည်းကောင်း။ ယံ ယံ ဝါ ပန၊ အကြင်အကြင် အာရုံကိုလည်းကောင်း။ အာရဗ္ဘ၊ အာရုံပြု၍။ ဥပ္ပန္နံ၊ ခဏတ္တယသို့ ရောက်သည်။ဟောတိ၊ ၏။ တသ္မိံ သမယေ၊ ထိုအခါ၌။ ဖဿော၊ ဖဿသည်။ ဟောတိ၊ ၏။ ။ပ။ အဝိက္ခေပေါ၊ သမာဓိသည်။ ဟောတိ၊ ၏။ တသ္မိံ သမယေ၊ ၌။ အညေပိ၊ တပါးလည်း ဖြစ်ကုန်သော။ ပဋိစ္စသမုပ္ပန္နာ၊ အကြောင်းကိုစွဲ၍ ဖြစ်ကုန်သော။ အရူပိနော၊ နာမ်ဖြစ်ကုန်သော။ ယေ ဝါ ပန ဓမ္မာ၊ အကြင်တရားတို့သည်။ အတ္ထိ၊ ရှိကုန်၏။ ဣမေ ဓမ္မာ၊ တို့သည်။ ကုသလာ၊ ကုသိုလ်မည်ကုန်၏။ တေသု ဓမ္မေသု၊ ထိုကုသိုလ်တရားတို့၌။ ဉာဏံ၊ သိသောဉာဏ်သည်။ ဓမ္မပဋိသမ္ဘိဒါ၊ မည်၏။ တေသံ၊ ထိုကုသိုလ်တရားတို့၏။ ဝိပါကေ၊ အကျိုးဝိပါက်၌။ ဉာဏံ၊ သည်။ အတ္ထပဋိသမ္ဘိဒါ၊ မည်၏။ ယာယ နိရုတ္တိယာ၊ အကြင်မူလဘာသာဖြစ်သော မာဂဓဘာသာဖြင့်။ တေသံ ဓမ္မာနံ၊ တို့ကို။ ပညတ္တိ၊ ပညတ်ခြင်းသည်၊ ဝါ၊ အပြားအားဖြင့် သိစေခြင်းသည်။ ဟောတိ၊ ၏။ တတ္ထ ဓမ္မနိရုတ္တာဘိလာပေ၊ ထိုတရားတို့ကိုထုတ်၍ ဟောဆိုကြောင်းဖြစ်သော သဒ္ဒါ၌။ ဉာဏံ၊ သည်။ နိရုတ္တိပဋိသမ္ဘိဒါ၊ မည်၏။ ယေန ဉာဏေန၊ ဖြင့်။ တာနိ ဉာဏာနိ၊ တို့ကို။ ဇာနာတိ၊ ၏။ ဣမာနိ ဉာဏာနိ၊ တို့သည်။ ဣဒမတ္ထဇောတကာနိ၊ ကုန်၏၊ ဣတိ၊ သို့။ တေသု ဉာဏေသု၊ တို့၌။ ဉာဏံ၊ သည်။ ပဋိဘာနပဋိသမ္ဘိဒါ၊ မည်၏။

ဣတိ၊ သို့။ စိတ္တုပ္ပါဒက္ကမေန၊ စိတ္တုပ္ပါဒ် အစဉ်အားဖြင့်။ ဒေသနာယ၊ ဒေသနာတော်၏။ပဝတ္တတ္တာ၊ဖြစ်သည်၏ အဖြစ်ကြောင့်။ သာဝသေသာ၊ အကြွင်းရှိသော။ ပါဠိယော၊ပါဠိတို့ကို။ ကတော၊ ပြုတော်မူအပ်၏။ ဟိ သစ္စံ ၏။ စိတ္တုပ္ပါဒသင်္ဂဟိတော၊ စိတ္တုပ္ပါဒ်ဖြင့် သိမ်းသွင်းရေတွက်အပ်ကုန်သော။ အတ္ထေ၊ အနက်တို့ကို။ အသေသေတွာ၊ မကြွင်းကျန်စေမူ၍။ ဒေသနာ၊ သည်။ အဘိဓမ္မဘာဇနီယေ၊ ၌။ ပဝတ္တာ၊ ဖြစ်၏။ သဗ္ဗေ ဉေယျေ၊ အလုံးစုံသော ဉေယျတရားတို့ကို။အသေသေတွာ၊ မူ၍။ န ပဝတ္တာ၊ မဖြစ်။ ဣတိ၊ ကြောင့်။ ယထာဒဿိတဝီသယဝသေန၊ အကြင်အကြင်ပြအပ်ခဲ့ပြီးသော အရာ၏ အစွမ်းအားဖြင့်။ ယေန ဉာဏေန တာနိ ဉာဏာနိ ဇာနာတီတိ၊ ဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ တံ၊ ထိုသို့ ဟောတော်မူအပ်သော စကားသည်။ အညာရမ္မဏတံ၊ တပါးသော တရားလျှင် အာရုံရှိသည်၏ အဖြစ်ကို။ န ပဋိသေဓေတိ၊ တားမြစ်တော်မမူ။ ကသ္မာ၊ မူကား။ ဒေသနာယ၊ ၏။ အတပ္ပရဘာဝတော၊ ထိုသို့တားမြစ်ခြင်း၌ အားထုတ်ခြင်း မရှိသည်၏၊ ဝါ၊ မပြဋ္ဌာန်းသည်၏ အဖြစ်ကြောင့်တည်း။ဝေဠု ကတ္ဗာ၊ကြောင့်။

တတ္ထ၊ ထိုအတ္တပဋိသမ္ဘိဒါ ဉာဏ်အရာ၌။ နိဗ္ဗာနေ၊ သည်။ အနာဂတေပိ၊ သရုပ်တိုက်ရိုက်အားဖြင့် မလာသော်လည်း။ အတ္ထပဋိသမ္ဘိဒါ၊ ကို။ သိယာ၊ ရခါ။ အတီတာရမ္မဏာတိပိ၊ အတိတ်လျှင် အာရုံရှိ၏ဟူ၍ လည်းကောင်း။ အနာဂတာရမ္မဏာတိပိ၊ ဟူ၍လည်းကောင်း။ ပစ္စုပ္ပန္နာရမ္မဏာတိပိ၊ ဟူ၍လည်းကောင်း။ န ဝတ္တဗ္ဗာ၊ မဆိုအပ်။ ဣတိ၊ သို့။ အတ္ထပဋိသမ္ဘိဒါယ၊ ၏။ နိဗ္ဗာနာရမ္မဏတာ၊ ကို။ ဝုတ္တာ ဧဝ၊ ဆိုအပ်သည်သာလျှင်တည်း။

စ၊ ဆက်....အံ့။ တွေ၊ ဤအတ္ထစသည်တို့တွင်။ အတ္ထောတိ တော၊ အတ္ထဟူသော ဤအမည်သည်။ သင်္ခေပတော၊ အကျဉ်းအားဖြင့်။ ဟေတုဖလဿ၊ အကြောင်း၏ အကျိုး၏။ အဓိဝစနံ၊ အမည်တည်း။ ဟိ သစ္စံ၊ ၏။ ဟေတုဖလံ၊ အကြောင်း၏ အကျိုးကို။ ယသ္မာ၊ ကြောင့်။ ဟေတုအနုသာရေန၊ အကြောင်းသို့အစဉ် လျှောက်သဖြင့်။ အရိယတိ အဓိဂမိယတိ၊ သိအပ်ရအပ်၏။ သမ္ပာပုဏိယတိ၊ ကောင်းစွာရောက်အပ်၏။ တသ္မာ၊ ကြောင့်။ အတ္ထောတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ ဓမ္မောတိပိ တော၊ သည်လည်း။ သင်္ခေပတော၊ အားဖြင့်။ ပစ္စယဿ၊ အကြောင်း၏။ အဓိဝစနံ၊ တည်း။ ဟိ သစ္စံ၊ ၏။ သော၊ ထိုအကြောင်းကို။ ဝါ၊ သည်။ ယသ္မာ၊ ကြောင့်။ တံ တံ၊ ထိုထိုအကျိုးကို။ ဒဟတိ၊ ပြုစီရင်တတ်၏။ ဝါ၊ ကား။ ပဝတ္တေတိ၊ ဖြစ်စေတတ်၏။ သမ္ပာပုဏိတုံ၊ ကောင်းစွာရောက်ခြင်းငှါ။ ဓာရေတိ၊ ဆောင်တတ်၏။ တသ္မာ၊ ကြောင့်။ ဓမ္မော တိ၊ ဟူ၍၊ ဝုစ္စတိ၊ ၏။ နိရုတ္တိတိ၊ ကား။ သတ္တာနံ၊ သတ္တဝါတို့၏။ မူလဘာသာဘူတာ၊ အရင်းမူလဘာသာ ဖြစ်၍ဖြစ်သော။ မာဂဓိကဘာသာ၊ မဂဓဘာသာတည်း။ ယာယ၊ အကြင် အရင်းမူလ ဘာသာဖြစ်သော မဂဓဘာသာဖြင့်။ ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏။ ဒေသနာ၊ ဒေသနာတော်သည်။ ဟောတိ၊ ၏။ ပဋိဘာနန္တိ၊ ကား။ ဟေဋ္ဌာ၊ အောက်၌။ 'ဝုတ္တဉာဏတ္တယမေဝ၊ ဆိုအပ်ခဲ့ပြီးသော ဉာဏ် သုံးပါးအပေါင်းသာလျှင်တည်း။ ဟိ သစ္စံ၊ ၏။ အဘိဓမ္မေ၊ အဘိဓမ္မာပါဠိတော် ၌။ "ဒုက္ခေ၊ ဒုက္ခ၌။ ဉာဏံ၊ သည်။ ။ပ။ တဿ၊ ထိုကုသိုလ်၏။ ဝိပါကေ၊ ၌။ ဉာဏံ၊ သည်။ အတ္ထပဋိသမ္ဘိဒါ၊ မည်၏" ဣတိအာဒိ၊ ဤသို့အစရှိသော။ တော၊ ဤစကားကို။ ဝုတ္တံ၊ ဟောတော်မူအပ်ပြီ။

၁၁၈၇။ စ၊ ဆက်....အံ့။ ယသ္မာ ပန၊ ကြောင့်ကား။ ပဘေဒဝသေန၊ အကျယ် အပြား၏ အစွမ်းအားဖြင့်။ ဝုစ္စမာနေ၊ ဆိုအပ်သော။ အယံ သင်္ခေပတ္ထော၊ ဤအကျဉ်းဖြစ်သော အနက်သည်။ ပါကဋော၊ ထင်ရှားသည်။ ဟောတိ၊ ၏။ တသ္မာ၊ ကြောင့်။ တံ၊ ထိုအကျဉ်းကို။ အဂ္ဂဟေတွာ[၁]၊ မယူမူ၍။ ပဘေဒတော၊

---

၁။ ဤ၌ အချို့ ဤဋီကာပါဌ်များမှာ သင်္ဂဟေတွာ၊ ဟုပါဌ်ပျက်တတ်သည်။ ပဋိသေမ (အ) နှင့်တကွ "အဂ္ဂဟေတွာ"ဟုသာ ပါဌ်မှန်ရှိစေရမည်။ စာကိုယ် အသွားနှင့် ညှိ၍ ဆင်ခြင်လေ။

အကျယ်အပြားအားဖြင့်။ အတ္တာဒိကေ၊ အတ္တစသည်တို့ကို။ ဒဿေတုံ၊ ငှါ။ ယံကိဉ္စိ ပစ္စယုပ္ပန္နန္တိအာဒိ၊ကို။အာရဒ္ဓံ၊ အားထုတ်တော်မူအပ်ပြီ။ယံ ကိဉ္စိ ပစ္စယုပ္ပ-န္နန္တိ၊ ကား။ ဟေတာဒိပစ္စယတော၊ ဟေတုစသော ပစ္စည်းကြောင့်။ သမုပ္ပန္နံ၊ ကောင်းစွာဖြစ်သော။ ယံ ကိဉ္စိ၊ အလုံးစုံသော ပစ္စယုပ္ပန် အကျိုးတရားတည်း။ ဣဒံ၊ ဤအကျိုးသည်။ ဣတော၊ ဤအကြောင်းကြောင့်။ နိဗ္ဗတ္တံ၊ ဖြစ်၏။ ဣဒံ၊ သည်။ ဣတော၊ ကြောင့်။ နိဗ္ဗတ္တံ၊ ၏။ ဣတိ ဧဝံ၊ သို့။ ဟေတုအနုသာရေန၊ အကြောင်းသို့ အစဉ်လျှောက်သဖြင့်။ ဝိညာယမာနမေဝ၊ သိအပ်သည်သာလျှင် ဖြစ်သော။ တံ ပန၊ ထိုအကျိုးပစ္စယုပ္ပန် တရားကိုကား။ ဣဓ၊ ဤအရာ၌။ အဓိ-ပ္ပေတံ၊ အလိုရှိအပ်၏။ တထာ၊ တူ။ အဗျာပါရသန္တိဝသေန၊ ဗျာပါရကင်းသည် ဖြစ်၍ ငြိမ်းခြင်း၏ အစွမ်းအားဖြင့်။ ဝိညာယမာနာ၊ သိအပ်ကုန်သော။ ကုသ-လာကုသလဖလဘူတာ၊ ကုသိုလ် အကုသိုလ်တို့၏ အကျိုးဖြစ်၍ ဖြစ်ကုန်သော။ ဝိပါကာ၊ အကျိုးဝိပါက်တို့ကို။ အဓိပ္ပေတာ၊ အလိုရှိအပ်ကုန်၏ (ဝုစ်ပြင်လိုက်)။ အဝိပါကသန္တိဝသေန၊ အကျိုးမပေးခြင်းဖြင့် ငြိမ်းသည်၏ အစွမ်းအားဖြင့်။ ဝိညာယမာနာ၊ ကုန်သော (လိုက်)။ သေသာ၊ ကုသိုလ် အကုသိုလ်တို့၏ အကျိုးဖြစ်သော ဝိပါက်တို့မှ ကြွင်းကုန်သော။ အဗျာပါရဘူတာ၊ ဗျာပါရ ကင်းသည်ဖြစ်၍ ဖြစ်ကုန်သော။ ကိရိယာ ဓမ္မာ၊ ကြိယာတရားတို့ကို။ အဓိပ္ပေ-တာ၊ ကုန်၏ (လိုက်မြဲ)။ နိဗ္ဗုတိသန္တိဝသေန၊ ဒုက္ခမှငြိမ်းခြင်းဟူသော သန္တိ၏ အစွမ်းအားဖြင့်။ ဝိညာယမာနော၊ သော။ အသင်္ခတနိဿရဏဘူတော၊ အသင်္ခ-တ, နိဿရဏဖြစ်၍ ဖြစ်သော။ နိရောဓော၊ နိဗ္ဗာန်ကို။ အဓိပ္ပေတော၊ ၏။ ဣမာယ၊ ဤပါဠိဖြင့်၊ ဝါ၊ သည်။ အယံ၊ ဤအနက်ကို။ ဒီပိတော၊ ပြအပ်၏။ ဣတိ ဧဝံ၊ သို့။ ပါဠိအနုသာရေန၊ ပါဠိသို့ အစဉ်လျှောက်သဖြင့်။ ဝိညာယမာ-နောဝ၊ သိအပ်သည်သာလျှင် ဖြစ်သော။ ဗုဒ္ဓဝစနတ္ထဘူတော၊ ဘုရားသခင် ပါဠိတော်၏ အနက်ဖြစ်၍ဖြစ်သော။ ခန္ဓာဒိပရမတ္ထဓမ္မော၊ ခန္ဓာစသောပရမတ္ထ ဓမ္မသည်။ အတ္ထသမညံ၊ အတ္ထဟူသောအမည်ကို။ လဘတိ၊ ရ၏။ ဣတိ၊ ကြောင့်။ ယံ ကိဉ္စိ ပစ္စယုပ္ပန္နန္တိအာဒိ၊ ကို။ အာဟ၊ ပြီ။

တတ္ထ၊ ထိုငါးပါးသော အတ္ထတို့တွင်၊ ဝါ၊ တတ္ထ ဝစနေ၊ ၌။ ဟေတုဖလံ စ၊ ပစ္စယုပ္ပန်ဖြစ်သောအကြောင်း၏ အကျိုးကိုလည်းကောင်း (ဝိညာယတိ-မှာစပ်)၊ ဝါ၊ သည်လည်းကောင်း (အတ္ထောနာမ-မှာစပ်၊ နောက်၌လည်း ဤအတူပင်)။ ဘာသိတတ္ထော စ၊ ဟောတော်မူအပ်သော ပါဠိဓမ္မ၏ အနက်ကိုလည်းကောင်း၊ ဝါ၊သည်လည်းကောင်း။ သကသက ဟေတုပစ္စယေဟိ စ၊ မိမိမိမိတို့၏ဥစ္စာဖြစ်သော အကြောင်းနှင့်စပ်သော ဟေတုဖလကို လည်းကောင်း၊ ဝါ၊ လည်းကောင်း။ ဘာ-သိတပစ္စယေဟိ စ၊ ဟောတော်မူအပ်သော ပါဠိဓမ္မနှင့်စပ်သော ဘာသိတတ္ထကို လည်းကောင်း၊ ဝါ၊ သည်လည်းကောင်း။ ဝိညာယတိ၊ သိအပ်၏။ ဣတိ၊

ကြောင့်။ ပရိယာယတော၊ ပရိယာယ်အားဖြင့်။ အတ္ထော နာမ၊ အတ္ထမည်၏ (ရှေ့သို့လှမ်း)။ သေသံ၊ ပစ္စယုပ္ပန္နဖြစ်သော ဟေတုဖလနှင့် ဘာသိတတ္ထမှကြွင်းသော ဝိပါက်, ကြိယာ, နိဗ္ဗာန်ဟူသော အတ္ထသုံးပါးကို၊ ဝါ၊ သည်။သကသက ဘာဝ ဝသေနေဝ၊ မိမိ မိမိတို့၏ ဉစ္စာဖြစ်သောသဘော၏ အစွမ်းအားဖြင့်သာလျှင်။ ဝိညာယတိ၊ ၏။ ဣတိ၊ ကြောင့်။ နိပ္ပရိယာယတော စ၊ မုချအားဖြင့်သာလျှင်။ အတ္ထော နာမ၊ မည်၏။ တတ္ထ၊ ထိုပရိယာယတ္ထ, နိပ္ပရိယာယတ္ထနှစ်ပါးတို့တွင်။ ပရိယာယတ္ထော၊ ပရိယာယတ္ထကို။ သုတ္တန္တဘာဇနီယဝသေန၊ သုတ္တန္တဘာဇနီယနည်း၏ အစွမ်းအားဖြင့်။ ဝုတ္တော၊ ပဋိသမ္ဘိဒါဝိဘင်းပါဠိတော်၌ ဟောတော်မူအပ်၏။ နိပ္ပရိယာယတ္ထော၊ နိပ္ပရိယာယတ္ထကို။ အဘိဓမ္မဘာဇနီယဝသေန၊ အဘိဓမ္မဘာဇနီယနည်း၏အစွမ်းအားဖြင့်။ ဝုတ္တော၊ ၏။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ဘာသိတန္တိ ဣမိနာ၊ ဘာသိတံဟူသောဤပါဠ်ဖြင့်။ ပါဠိဓမ္မံ၊ ပါဠိဓမ္မကို။ အာဟ၊ ဆို၏။ သေသံ၊ ပါဠိဓမ္မဘာသိတမှကြွင်းသော ဟေတု, အရိယမဂ္ဂ, ကုသလ, အကုသလဟူသော ဓမ္မလေးပါးကို။ အတ္ထပဋ္ဌကေသု၊ အတ္ထပဋ္ဌကတို့၌။ ဝုတ္တနယေန၊ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ ယထာရဟံ၊ ထိုက်သည်အားလျော်စွာ။ ယောဇေတွာ၊ ယှဉ်၍။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

စ၊ ဆက်....အံ့။ ဧတ္ထ၊ ဤအတ္ထ, ဓမ္မတို့တွင်။ နိဗ္ဗာနံ၊နိဗ္ဗာန်သည်။ပတ္တဗ္ဗော၊ ရောက်အပ်သော။ အတ္ထော၊ အတ္ထမည်၏။ ဘာသိတတ္ထော၊ ဟောတော်မူအပ်သော ပါဠိဓမ္မ၏ အနက်သည်။ ဉာပေတဗ္ဗော၊ သိစေအပ်သော။ အတ္ထော၊ မည်၏။ ဉာတရာနိ[1]၊ ဤနိဗ္ဗာန်နှင့် ဘာသိတတ္ထမှတပါးသော ပစ္စယုပ္ပန္န, ဝိပါက်, ကြိယာဟူသော အတ္ထသုံးပါးတို့သည်။ နိဗ္ဗတ္တေတဗ္ဗော၊ ဖြစ်စေအပ်သော။ အတ္ထော၊ မည်၏။ ဣတိ၊ သို့။ အတ္ထော၊ အတ္ထသည်။ တိဝိဓော၊ သုံးပါးအပြားရှိသည်။ ဟောတိ၊ ၏။ မဂ္ဂေါ၊ မဂ်သည်။ သမ္ပာပကော၊ရောက်စေတတ်သော။ ဟေတု၊ ဟိတ်မည်၏၊ ဝါ၊ ဓမ္မမည်၏။ ဘာသိတံ၊ ဟောတော်မူအပ်သောပါဠိဓမ္မသည်။ ဉာပကော၊ သိစေတတ်သော။ ဟေတု၊ မည်၏၊ ဝါ၊ မည်၏။ ဣတရံ၊ ဤအရိယာမဂ်နှင့် ပါဠိဓမ္မဘာသိတမှတပါးသော ဟေတု, ကုသလ, အကုသလဟူသော ဓမ္မသုံးပါးသည်။ နိဗ္ဗတ္တကော၊ ဖြစ်စေတတ်သော။ ဟေတု[2]၊ မည်၏၊ ဝါ၊ မည်၏။ ဣတိ ဧဝံ၊ သို့။ ဟေတု၊ ဟိတ်သည်၊ ဝါ၊ ဓမ္မသည်။ တိဝိဓော၊ သုံးပါးအပြားရှိသည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ ၏။

---

၁။ ဤ၌ အချို့ဤဋီကာပါဌ်, ဝိသုဒ္ဓိမဂ်မဟာဋီကာပါဌ်များမှာ ဉာတရာဟုပါဌ်ရှိကြ၏။ အဓိပ္ပါယ်မှာ မထူးပြီ။

၂။ ဤ၌ ဝိသုဒ္ဓိမဂ်မဟာဋီကာပါဌ်မှာဟေတုသဒ္ဒါမပါ၊ မဂ္ဂေါ သမ္ပာပကော ဘာသိတံ ဉာပကော-စသည်ဖြင့် ပါဌ်ရှိ၏။ ဤဋီကာ အလုံးစုံပါဌ်များ၌ကား ဟေတုသဒ္ဒါနှင့် တကွချည်းသာ ပါဌ်ရှိကြ၏။

စ၊ ဆက်....အံ့။ ဧတ္ထ၊ ဤအရာ၌။ ကိရိယာဓမ္မာနံ၊ ကြိယာတရားတို့၏။ အဝိပါကတာယ၊ အကျိုးပေးခြင်းသဘောမရှိသည်၏အဖြစ်ကြောင့်။ ဓမ္မဘာဝေါ၊ ဓမ္မ၏အဖြစ်ကို။ န ဝုတ္တော၊ မဆိုအပ်၊ ယဒိ ဧဝံ၊ သော်။ ဝိပါကာ၊အကျိုးဝိပါက်တို့သည်။ န ဟောန္တိ။ မဖြစ်နိုင်ကုန်။ ဣတိ၊ ကြောင့်။ အတ္ထဘာဝေါပိ၊ အတ္ထ၏အဖြစ်ကိုလည်း။ န ဝတ္တဗ္ဗော၊ မဆိုသင့်မဆိုထိုက်။ န၊ မဆိုသင့်မဆိုထိုက်သည်မဟုတ်။ ကသ္မာ၊ မူကား။ ပစ္စယုပ္ပန္နဘာဝတော၊ အကြောင်းကြောင့်ဖြစ်သော အကျိုးပစ္စယုပ္ပန်၏ အဖြစ်ကြောင့်လည်း။ ဧဝံ သတိ၊ သော်။ ကုသလာကုသလာနမ္ပိ၊ တို့၏လည်း။ ပစ္စယုပ္ပန္နတ္တာ၊ ပစ္စယုပ္ပန်၏အဖြစ်ကြောင့်။အတ္ထဘာဝေါ၊ သည်။ အာပဇ္ဇတိ၊ ဖြစ်ခဲ့ရာ၏။ ဣတိစေ[၁]၊ ဤသို့ဆိုငြားအံ့။ အယံ၊ ဤသို့ဆိုခြင်းသည်။ န ဒေါသော၊ အပြစ်မရှိ။ ကသ္မာ၊ မူကား။ အပ္ပဋိသိဒ္ဓတ္တာ၊ တားမြစ်တော်မမူအပ်သည်၏အဖြစ်ကြောင့်တည်း။ပန၊ ယင်းသို့မတားမြစ်သော်လည်း။ ဝိပါကဿ၊ အကျိုးဝိပါက်၏။ ပဓာနဟေတုတာယ၊ ပြဓာန်းသောအကြောင်း၏ အဖြစ်ဖြင့်။ ပါကဋဘာဝတော၊ ထင်ရှားသည်၏အဖြစ်ကြောင့်။ တေသံ၊ ထိုကုသိုလ်အကုသိုလ်တို့၏။ ဓမ္မဘာဝေါ ဧဝ၊ ဓမ္မ၏အဖြစ်ကိုသာလျှင်။ ဝုတ္တော၊ဆိုအပ်၏။ ကိရိယာနံ၊ ကြိယာတို့၏။ပစ္စယဘာဝေါ၊အကြောင်း၏အဖြစ်ကြောင့်။ဓမ္မဘာဝေါ၊ သည်။ အာပဇ္ဇတိ၊ ဖြစ်ခဲ့ရ၏။ဣတိ စေ၊ ဤသို့ဆိုငြားအံ့။ အယံ၊ ဤသို့ဆိုခြင်းသည်။ န ဒေါသော၊ အပြစ်မရှိ။ ကသ္မာ၊ မူကား။အပ္ပဋိသိဒ္ဓတ္တာ၊တားမြစ်တော်မမူအပ်သည်၏အဖြစ်ကြောင့်တည်း။ ပန၊ယင်းသို့မတားမြစ်သော်လည်း။ ကမ္မဖလသမ္ဗန္ဓဿ၊ ကံအကျိုးနှင့်စပ်သောတရား၏။ ဟေတုဘာဝါဘာဝတော၊ အကြောင်း၏အဖြစ် မရှိခြင်းကြောင့်။ ဓမ္မဘာဝေါ၊ ကြိယာတို့၏ဓမ္မ၏အဖြစ်ကို။ န ဝုတ္တော၊ မဆိုအပ်။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။

အပိ စ၊ တနည်းသော်ကား။ အယံ၊ ဤအကြောင်းသည်။ ဣမဿ၊ ဤအကျိုး၏။ ပစ္စယော၊ အကြောင်းသည်။ ဟောတိ၊ ၏။ အယံ၊ ဤအကျိုးသည်။ ပစ္စယုပ္ပန္နော၊ အကြောင်းပစ္စည်းကြောင့်ဖြစ်၏။ ဣတိ ဧဝံ၊ သို့။ ဘေဒံ၊ အထူးအပြားကို။ အကတွာ၊ မပြုမူ၍။ ကေဝလံ၊ သက်သက်။ကုသလာကုသလေ စ၊ တို့ကိုလည်းကောင်း။ ဝိပါကကိရိယာဓမ္မေ စ၊ဝိပါက်ကြိယာတရားတို့ကိုလည်းကောင်း။ ပစ္စဝေက္ခန္တဿ၊ ဆင်ခြင်သော ယောဂီပုဂ္ဂိုလ်အား။ ဓမ္မတ္ထပဋိသမ္ဘိဒါ၊ ဓမ္မပဋိသမ္ဘိဒါဉာဏ်၊ အတ္ထပဋိသမ္ဘိဒါဉာဏ်တို့သည် (ကုသိုလ်အကုသိုလ်တို့ကို ဆင်ခြင်သူနှင့် ဓမ္မပဋိသမ္ဘိဒါဉာဏ် ဝိပါက်ကြိယာတို့ကို ဆင်ခြင်သူနှင့် အတ္ထပဋိသမ္ဘိဒါဉာဏ် အစဉ်အတိုင်းဟတ်၍ယူ)။ န ဟောန္တိ၊ မဖြစ်ကုန်

၁။ ဤ၌ အလုံးစုံဋီကာပါဌ်များမှာ "အာပဇ္ဇတိ"ဟူ၍သာ "ဣတိစေ" မပါပဲ ပါဌ်ရှိကြ၏။ဝိသုဒ္ဓိမဂ်မဟာဋီကာ ဤဋီကာနောက်ဝါကျများနှင့် အညီ "အာပဇ္ဇတိတိစေ"ဟု ဣတိစေနှင့်တကွ ပါဌ်မှန်ရှိစေရမည်။

(ဝိသုဒ္ဓိမဂ်မဟာဋီကာမှာ ပဋ္ဌိသေမ (နှ) ကျလျက်ရှိ၏။ သတိရှိစေ)။ ဣတိ၊ ကြောင့်။ တေသံ၊ ထိုကုသိုလ် အကုသိုလ်, ဝိပါက်, ကြိယာတို့၏။ အတ္တမမ္မတာ၊ အတ္တအဖြစ်, မမ္မအဖြစ်ကို (ကုသိုလ်အကုသိုလ်နှင့် အတ္တဝိပါက်ကြိယာနှင့်မမ္မ အစဉ်အတိုင်းဟတ်၍ယူလေ)။ န ဝုတ္တာ၊ မဆိုအပ်။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ ၏။

၁၁၇၉။ **သဘာဝနိရုတ္တီတိ**၊ ကား။ အဝိပရီတနိရုတ္တိ၊ မဖောက်မပြန်မှန်ကန်**သော သဘောဖြစ်သော** သဒ္ဒါတည်း၊ ဝါ၊ မဂဓဘာသာတည်း။ တဿ တဿ အတ္ထဿ၊ ထိုထိုအနက်ကို။ ဗောဓနေ၊ ထိုးထွင်း၍သိခြင်း၌။ သဗ္ဗကာလံ၊ အခါခပ်သိမ်း။ ပဋ္ဌိနိယတသမ္ဗန္ဓာ၊မြဲသောစပ်ခြင်းရှိသော။အဗျာဘိစာရိဝေါဟာရော၊ ကေန္တိကဖြစ်သော ဝေါဟာရတည်း။ မာဂဓိဘာသာ၊ မဂဓဘာသာတည်း။ ဣတိ၊ သို့။ ဝုတ္တံ ဝုတ္တော၊ ဆိုလိုသည်။ ဟောတိ၊ ၏။ ဟိ သစ္စံ၊ ၏။ သာ၊ ထို မဂဓဘာသာသည်။ သဗ္ဗကာလံ၊ အခါခပ်သိမ်း။ ပဋ္ဌိနိယတသမ္ဗန္ဓာ၊ မြဲသော **စပ်ခြင်းရှိ၏**။ ဣတရာ ဘာသာ ပန၊ ဤမဂဓဘာသာမှတပါးသော ဘာသာတို့သည်ကား။ ကာလန္တရေန၊ ကာလတပါး၌။ ပရိဝတ္တန္တိ၊ ဖောက်ပြန်ပြောင်းလဲတတ်ကုန်၏။ **သော**၊ ဤနိရုတ္တိသည်။ အတ္ထတော ပန၊ သဘောအားဖြင့်ကား။ နာမပညတ္တိ၊ **နာမပညတ်**တည်း။ ဣတိ၊ သို့။ အာစရိယာ၊ ဆရာတို့သည်။ဝဒန္တိ၊ **ကုန်၏**။ ယထာဟု ကိံ အာဟု၊ ရှေးဆရာတို့ အဘယ်သို့ မိန့်ဆို**တော်မူ**ကြကုန်သနည်း ဟူမူ**ကား**။ **နိရုတ္တိ** မာဂဓိ ဘာသာ၊ အတ္ထတော နာမသမ္မုတီတိ၊ဟူ၍။ အာဟု၊ ကုန်ပြီ။

(မာဂဓီ ဘာသာ၊ မဂဓဘာ**သာ**သည်။ နိရုတ္တိ၊ နိရုတ္တိမည်၏။ အတ္ထတော၊ အနက်**သဘောအား**ဖြင့်။ နာမသမ္မုတိ၊ နာမပညတ်တည်း)။

အပရေ ပန၊ တို့သည်ကား(ဝဒန္တိမှာစပ်)။ သာ သဘာဝနိရုတ္တိ၊ ထိုသဘာဝ**နိရုတ္တိ**သည်။ ပညတ္တိသဘာဝါ၊ ပညတ်သဘောရှိသည်။ ယဒိ ဟောတိ၊ အကယ်၍ ဖြစ်ငြားအံ့။ဝေံ သတိ၊ဤသို့နိရုတ္တိ၏ပညတ်အဖြစ် ဖြစ်ခဲ့သည်ရှိသော်။ပညတ္တိ၊ ကို။ **အဘိလပိတဗ္ဗာ**[၁]၊ ရွတ်ဆိုအပ်၏။ ဝစနံ၊ သဒ္ဒါကို။ န အဘိလပိတဗ္ဗံ၊မရွတ်ဆိုအပ်။ ဣတိ၊ ဤသို့သောအနက်သဘောသည်။ အာပဇ္ဇတိ၊ ဖြစ်ခဲ့ရာ၏။ ဝေဠ သတိ၊ သော်။အတ္ထဓမ္မနိရုတ္တာဘိလာပေ ဉာဏံ နိရုတ္တိပဋိသမ္ဘိဒါတိ ဣဒံ၊ဟူသော ဤစကားကို။ ဝတ္တုံ၊ ဟောတော်မူခြင်းငှါ။ န သက္ကာ၊ မတတ်ကောင်း။အဘိလပိတဗ္ဗော၊ ရွတ်ဆိုအပ်၏။ ဣတိ၊ ကြောင့်။ အဘိလာပေါ၊ မည်၏။ ဝစနတော၊ သဒ္ဒါမှ။ အညံ၊ တပါးသော။ အဘိလပိတဗ္ဗံ ဥစ္စာရေတဗ္ဗံ၊ရွတ်ဆိုအပ်သောအရာသည်။ န ဟိ အတ္ထိ၊ မရှိသည်သာသျှင်တည်း။ ဖဿာဒိဝစနေဟိ၊ ဖဿစသော

[၁]။ ဤ၌ အများအားဖြင့် ဤဋီကာပါဌ်များမှာ "ဝေံသတိ ပညတ္တိ အဘိလပိတဗ္ဗာ" ဟူသော ဝါကျမပါ၊ ကျပျောက်လျက်ရှိတတ်ကြ၏။ ဝိသုဒ္ဓိမဂ်မဟာဋီကာ,ပဋိသမ္ဘိဒါ ဝိဘင်းအဖွင့် မူလဋီကာများနှင့်အညီ ၎င်းဝါကျမချတ်ပါရှိစေရမည်။

သဒ္ဒါတို့သည်၊ ဝါ၊ တို့ဖြင့်။ ဗောဓေတဗ္ဗံ၊သိစေအပ်သောအနက်ကို။ အထ အဘိ-လပိတဗ္ဗံ၊ အကယ်၍ရွတ်ဆိုအပ်သည်ဖြစ်အံ့။ ဧဝဥ္စ သတိ၊ သော်။ အတ္ထဓမ္မာနမ္ပိ၊ အတ္ထဓမ္မတို့ကိုလည်း၊ ဝါ၊ တို့၏လည်း။ ဗောဓေတဗ္ဗတ္တာ၊ သိစေအပ်သည်၏အဖြစ်ကြောင့်။တေသမ္ပိ၊ထိုအတ္ထဓမ္မတို့၏လည်း။နိရုတ္တိဘာဝေါ၊သည်။အာပဇ္ဇတိ၊ရာ၏။ အပိ စ၊ သော်ကား။ အဋ္ဌကထာယံ၊ ၌။ ဖဿောတိ စ၊ ဖဿောဟူသော ပုလ္လိင်သဒ္ဒါသည်ကား။ သဘာဝနိရုတ္တိ၊ မဖောက်မပြန် မှန်ကန်သော သဒ္ဒါမည်၏။ ဖဿာ ဖဿန္တိ၊ ဖဿာဟူသော ဣတ္ထိလိင်, ဖဿံဟူသော နပုံးလိင်သဒ္ဒါသည်။ န သဘာဝနိရုတ္တိ၊ သဘာဝနိရုတ္တိမဟုတ်။ ဣတိ ဝစနတော၊ ဤသို့ဆိုခြင်းကြောင့်။ ဝိညတ္တိဝိကာရသဟိတော၊ ဝိညတ်၏ ဖောက်ပြန်ခြင်းနှင့်တကွဖြစ်သော။ သဒ္ဒေါ၊ သဒ္ဒါရုံသည်။ နိရုတ္တိ၊ မည်၏။ ဣတိ တေ၊ ဤသို့သောအနက်သဘောကို။ ဒဿိ-တံ၊ ပြအပ်၏။ တံ သဘာဝနိရုတ္တိသဒ္ဒံ၊ ထိုသဘာဝနိရုတ္တိသဒ္ဒါရုံကို။ အာရမ္မဏံ ကတွာ၊ ၍။ ပစ္စဝေက္ခန္တဿ၊ အား။ တသ္မိံ သဘာဝနိရုတ္တာဘိလာပေ၊ ထို သဘာဝနိရုတ္တိဖြစ်သော သဒ္ဒါ၌။ ပဘေဒဂတံ၊ အပြားအားဖြင့်ဖြစ်သော။ဉာဏံ၊ ဉာဏ်သည်။ နိရုတ္တိပဋိသမ္ဘိဒါ၊ မည်၏။ ဧဝံ၊ သို့။ အယံ နိရုတ္တိပဋိသမ္ဘိဒါ၊သည်။ သဒ္ဒါရမ္မဏာ နာမ၊ သဒ္ဒါရုံလျှင် အာရုံရှိသည်မည်သည်။ ဇာတာ၊ ဖြစ်၏။ပညတ္တိ-အာရမ္မဏာ၊ ပညတ်လျှင်အာရုံရှိသည်။ န ဇာတာ၊ မဖြစ်။ ဣတိ စ၊ သို့လည်း။ အဋ္ဌကထာယံ၊ ၌။ ဝုတ္တတ္တာ၊ မိန့်ဆို....ကြောင့်။ နိရုတ္တိသဒ္ဒါရမ္မဏာယ၊ နိရုတ္တိသဒ္ဒါရုံလျှင် အာရုံရှိသော။ သောတဝိညာဏဝီထိယာ၊ ၏။ ပရတော၊ နောက်၌။ မနောဒွါရေ၊ အခြားမဲ့ဖြစ်သော မနောဒွါရ၌။ နိရုတ္တိပဋိသမ္ဘိဒါ၊ သည်။ ပဝတ္တ-တိ၊ ၏။ ဧဝဥ္စ ကတွာ၊ ကြောင့်။ နိရုတ္တိပဋိသမ္ဘိဒါ၊ သည်။ ပရိတ္တာရမ္မဏာ၊ ရှိ၏။ ဣတိ ဝစနံ၊ ဤသို့သောစကားသည်။ ဥပပန္နံ၊ ပြည့်စုံလုံလောက်သည်၊ ဝါ၊ သင့်လျော်သည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ဝဒန္တိ၊ ကုန်၏။

အာစရိယဇောတိပါလတ္ထေရာဒယော ပန၊ တို့သည်ကား။ နိရုတ္တိပဋိသမ္ဘိဒါ ပစ္စုပ္ပန္နာရမ္မဏာတိ ဝစနံ၊ ဟူသောစကားကို။ ပစ္စုပ္ပန္နံ၊ သော။ သဒ္ဒံ၊ သဒ္ဒါရုံကို။ ဂဟေတွာ၊ ယူ၍။ ပစ္ဆာ၊ နောက်၌။ ဇာနနံ၊ နာမနိရုတ္တိကို သိခြင်းကို။ သန္ဓာယ၊ ၍။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ဣတိ[1]၊ သို့။ ဒဋ္ဌဗ္ဗံ၊ ၏။ ပန၊အကျိုးကိုဆိုဦးအံ့။ ဧဝံ၊ ဤသို့ သဒ္ဒါရုံကိုယူပြီးသည်မှ နောက်၌ နာမနိရုတ္တိကို အာရုံပြု၍ဖြစ်သော ဉာဏ်သည် နိရုတ္တိပဋိသမ္ဘိဒါဉာဏ်မည်၏ဟူသော အနက်ကို ယူအပ်ဆိုအပ်သည်ရှိသော် (အာပဇ္ဇတိမှာစပ်။ ၎င်းအနက်ကား အနုဋီကာဖွင့်နှင့်

---

၁။ ဤ၌ အလုံးစုံဋီကာပါဌ်များမှာ "သန္ဓာယ ဝုတ္တံ၊ ဧဝဥ္စ သတိ" ဟု ပါဌ်ပျက်လျက်ရှိကြ၏။ ပဋိသမ္ဘိဒါ ဝိဘင်းမူလဋီကာ ဝိသုဒ္ဓိမဂ် မဟာဋီကာများနှင့် အညီ ဝုတ္တံနောင်ဣတိနှင့်တကွ "ဝုတ္တန္တိ။ ဧဝံနောင် စ သတိ မပါစေပဲ ပနသဒ္ဒါနှင့်တကွ ဧဝံ ပန" ဟူ၍သာ ပါဌ်မှန်ရှိစေရမည်။

အညီတည်း)။ အညသ္မိံ၊ သော။ ပစ္စုပ္ပန္နာရမ္မဏေ၊ ပစ္စုပ္ပန်အာရုံ၌။ အညံ၊ သော။ ပစ္စုပ္ပန္နာရမ္မဏံ၊ ပစ္စုပ္ပန်လျှင် အာရုံရှိသောဉာဏ်သည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ဣတိ၊ ဤသို့သောအနက်သဘောသည်။ အာပဇ္ဇတိ၊ ဖြစ်၏။ ပန၊ ထိုစကားကို ပမာအားဖြင့်ထင်ရှားပြဦးအံ့။ ဒိဗ္ဗသောတဉာဏံ၊ သည်။ မနုဿာ မနုဿာဒိသဒ္ဒဘေဒနိစ္ဆယဿ[၁]၊ လူ ဘီလူးစသည်တို့၏ အသံအထူးအပြားကို ဆုံးဖြတ်နိုင်ခြင်း၏။ ပစ္စယဘူတံ၊အကြောင်းဖြစ်၍ဖြစ်သော။ တံတံသဒ္ဒဝိဘာဝကံ၊ ထိုထိုအသံကို ထင်စွာပြတတ်သည်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ ဧဝံ တထာ၊ ထို့။ သဘာဝါသဘာဝနိရုတ္တိနိစ္ဆယဿ၊ သဘာဝနိရုတ္တိ, အသဘာဝနိရုတ္တိကို ဆုံးဖြတ်နိုင်ခြင်း၏။ ပစ္စယဘူတံ၊ သော။ ပစ္စုပ္ပန္နသဘာဝနိရုတ္တိသဒ္ဒါရမ္မဏံ၊ ပစ္စုပ္ပန်ဖြစ်သော သဘာဝနိရုတ္တိသဒ္ဒါရုံလျှင် အာရုံရှိသော။ တံဝိဘာဝကံ၊ ထိုပစ္စုပ္ပန်သဘာဝနိရုတ္တိသဒ္ဒါရုံကို ထင်စွာပြတတ်သော။ ဉာဏံ၊ သည်။ နိရုတ္တိပဋိသမ္ဘိဒါ၊ မည်၏။ ဣတိ၊ သို့။ ဝုစ္စမာနေ၊ဆိုအပ်သည်ရှိသော်။ ကောစိ၊ တစုံတခုသော။ ပါဠိဝိရောဓော၊ ပါဠိနှင့်ဆန့်ကျင်ခြင်းသည်။ န ဟောတိ၊ မဖြစ်။ တံသဘာဝနိရုတ္တိသဒ္ဒံ၊ ရုံကို။ အာရမ္မဏံ ကတွာ၊ ၍။ ပစ္စဝေက္ခန္တဿ၊ အား။ ဣတိ စ၊ ဤသို့လည်းကောင်း။ ပစ္စုပ္ပန္နသဒ္ဒါရမ္မဏပစ္စဝေက္ခနံ၊ ပစ္စုပ္ပန်သဒ္ဒါရုံလျှင် အာရုံရှိသော ပစ္စဝေက္ခဏာဉာဏ်ကို။ ပဝတ္တေန္တဿ၊ ဖြစ်စေသောယောဂီပုဂ္ဂိုလ်အား။ ဣတိ စ၊ သို့လည်းကောင်း။ ဝုတ္တံ၊ ၄ါ။ န န ယုတ္တံ၊ မတတ်ကောင်းသည် မဟုတ်။ ဟိ သစ္စံ၊ ၏။ တံ ဉာဏံ၊ ထိုနိရုတ္တိပဋိသမ္ဘိဒါဉာဏ်သည်။ သဘာဝနိရုတ္တိံ၊ ကို။ ဝိဘာဝေန္တမေဝ၊ ထင်စွာပြသည် ဖြစ်၍သာလျှင်။ တံတံသဒ္ဒပစ္စဝေက္ခနာနန္တရံ၊ ထိုထိုသဒ္ဒါရုံကို ဆင်ခြင်ခြင်း၏ အခြားမဲ့၌။ တံတံပဘေဒနိစ္ဆယဿ၊ ထိုထိုသဒ္ဒါရုံဒ၏အထူးအပြားကို ဆုံးဖြတ်ခြင်း၏။ ဟေတုဘာဝတော၊ အကြောင်း၏အဖြစ်ကြောင့်။ နိရုတ္တိံ၊ သဘာဝနိရုတ္တိကို။ ဘိန္ဒန္တံ၊ ခွဲခြားဝေဖန်လျက်။ ပဋိဝိဇ္ဈန္တမေဝ၊ ထိုးထိုးထွင်းထွင်း သိသည်သာလျှင်ဖြစ်၍။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဣတိ စ၊ သို့လည်း။ ပဘေဒဂတာ၊ အပြားအားဖြင့် ဖောက်ခွဲထိုးထွင်း၍သိတတ်သည်လည်း၊ ဝါ၊ သိခြင်းသို့ရောက်သည်လည်း။ ဟောတိ၊ ၏။ ဣတိ၊ သို့။ အာဟ၊ မိန့်ဆိုတော်မူကြကုန်ပြီ (နောက်သို့ပြန်လှည့်)။

၁၁၉၀။ **တိဝိမန္တိ** ဣဒံ၊ ဟူသောစကားသည်။ ဟေဋ္ဌာ၊ ၌။ ဝိဘာဝိတနယမေဝ၊ထင်စွာပြအပ်ခဲ့ပြီးသောနည်း ရှိသည်သာလျှင်တည်း။ပစ္စဝေက္ခဏာတော၊

---

၁။ ဤ၌ အလုံးစုံဋီကာပါဌ်များမှာ အမနုဿပုဒ်မပါပဲ ကျပျောက်လျက်ချည်းသာ ရှိကြ၏။ ပဋိသမ္ဘိဒါဝိဘင်းမူလဋီကာ, ဝိသုဒ္ဓိမဂ်မဟာဋီကာပါဌ်များနှင့်အညီ ၎င်းပုဒ်နှင့်တကွ "မနုဿာမနုဿာဒိ"စသည်ဖြင့်သာ ပါဌ်မှန်ရှိစေရမည်။

ကား။ ဉ္စမာနိ ဉာဏာနိ၊ တို့သည်။ ဉ္စဒမတ္တဇောတကာနိ၊ ကုန်၏။ ဉ္စတိ၊ သို့။ အသမ္မောဟဝသေန၊ တွေဝေခြင်းမရှိသည်၏ အစွမ်းအားဖြင့်။ ပစ္စဝေက္ခန္တဿ၊ ဆင်ခြင်သောယောဂီပုဂ္ဂိုလ်အား၊ ဝါ၊ ၏(ယံ ဉာဏံ အတ္ထိမှာ စပ်)။စ စောဒေမိ၊ အံ့။ တီဏိ ဉာဏာနိ၊ တို့သည်။ အတ္ထဓမ္မသဘာဝံ၊ အတ္ထဓမ္မသဘောကို။ နာတိ-ဝတ္တန္တိ၊ မလွန်နိုင်ကုန်။ ဉ္စတိ၊ ကြောင့်။ ဉာဏေသု၊ တို့၌။ ဉာဏံ၊ သိသောဉာဏ်သည်။ အတ္ထပဋိသမ္ဘိဒါ စ၊ မည်သည်လည်းကောင်း။ ဓမ္မပဋိသမ္ဘိဒါ စ၊ မည်သည်လည်းကောင်း။ ဟောတိ နနု၊ ဖြစ်သည်မဟုတ်တုံလော။ ကသ္မာ ပန၊ အဘယ်ကြောင့်ကား။ တေသု။ပ။ မတန္တိ၊ ဟူ၍၊ ဝါ၊ ဟူသောပါဌ်ဖြင့်။ ဝိသုံ၊ အသီးအခြား။ ဝုတ္တံ၊ ပဋိဘာနပဋိသမ္ဘိဒါဉာဏ်ကို မိန့်ဆိုအပ်သနည်း။ ဉ္စတိ အယံ၊ ကား။ စောဒနာ၊ တည်း ။ သာရမ္မဏေသု၊ အာရုံနှင့်တကွဖြစ်ကုန်သော။ တီသု ဉာဏေသု၊ တို့၌။ ပဝတ္တဉာဏဿ၊ ကို။ အဓိပ္ပေတတ္တာ၊ ပဋိဘာနပဋိသမ္ဘိဒါ ဉာဏ်၏အဖြစ်ဖြင့် အလိုရှိအပ်သည်၏ အဖြစ်ကြောင့်။ဝိသုံ၊ အသီးအခြား။ဝုတ္တံ၊ ၏။ ဟိ၊ ထိုစကားကိုအကျယ်ချဲ့၍ ဆိုဦးအံ့။ ဉာဏာရမ္မဏံ၊ ရှိသော။ ယံ ဉာဏံ၊ သည်။ အတ္ထိ၊ ၏။ တဿ၊ ထိုအာရမ္မဏိကဖြစ်သော ဉာဏ်၏။ အာရမ္မဏဘူတံ၊ အာရုံဖြစ်သောဉာဏ်သည်လည်း။ အသမ္မောဟဝသေန၊ အားဖြင့်။ ပဋိဝိဇ္ဈန္တ-မေဝ၊ ထိုးထိုးထွင်းထွင်းသိသည် ဖြစ်၍သာလျှင်။ ပဝတ္တတိ၊ ၏။ တံ၊ ထို အာ-ရမ္မဏိကဖြစ်သောဉာဏ်နှင့် အာရမ္မဏဖြစ်သောဉာဏ်နှစ်ပါးကို သိတတ်သော ဉာဏ်သည်။ ဉ္စမ၊ ဤအရာ၌။ ပဋိဘာနပဋိသမ္ဘိဒါ နာမ၊ မည်၏။ ဝေဠုကတ္တာ၊ ကြောင့်။ ဉ္စမာနိ ဉာဏာနိ ဉ္စဒမတ္တဇောတကာနီတိ၊ ဟူ၍။ ဝုတ္တံ၊ ပြီ။

ပန၊ အထူးကိုဆိုဦးအံ့။ ဉာဏမတ္တာရမ္မဏံ၊ ဉာဏ်မျှသာလျှင်အာရုံရှိသော။ ဉာဏံ၊ သည်။ အတ္ထပဋိသမ္ဘိဒါယေဝ၊ ဉာဏ်သာလျှင်မည်၏ (ဧဝဖြင့် ပဋိဘာန ပဋိသမ္ဘိဒါကို ကန့်)။ စ၊ ဆက်၍ဆိုဦးအံ့။ ဧတ္ထ၊ ဤအရာ၌။ အယံ ပဋိသမ္ဘိဒါ၊ ဤပဋိဘာနပဋိသမ္ဘိဒါဉာဏ်သည်။သာရမ္မဏေသု၊ ကုန်သော။ ဉာဏေသု၊ တို့၌။ ကိစ္စာပိ ပဝတ္တတိ၊ အကယ်၍ကားဖြစ်၏ရှင့်။ ပန တထာပိ၊ သော်လည်း။ အာ-ရမ္မဏာနံ၊ တို့၏၊ ဝါ၊ တို့ကို။ ပဘေဒံ၊ အပြားကို၊ ဝါ၊ အပြားအားဖြင့် ဖောက်ခွဲ ထိုးထွင်း၍သိခြင်းကို။ ဟေဋ္ဌာ၊ ၌။ ဉာဏတ္တယမေဝ၊ အတ္ထ, ဓမ္မ, နိရုတ္တိဟူသော ပဋိသမ္ဘိဒါဉာဏ် သုံးပါးအပေါင်းသည်သာလျှင်။ ဝိဘာဝေတိ၊ ထင်စွာပြတတ် ၏။ ယထာ ကိံ၊ ဥပမာအဘယ်ကဲ့သို့နည်း ဟူမူကား။ ဓမ္မဒေသနာယ၊ တရား ဟောခြင်း၌၊ ဝါ၊ ၌။ အသမတ္ထော၊ မစွမ်းနိုင်သော။ ဗဟုဿုတော၊ များသော အကြားအမြင်ရှိသော ပုဂ္ဂိုလ်သည်။ ဓမ္မကထိကေန၊ တရားဟောဓမ္မကထိက ပုဂ္ဂိုလ်သည်။ ကထေတဗ္ဗံ၊ ဟောသင့်ဟောအပ်သော။ ဓမ္မံ၊ ကို။ကိဉ္စာပိ ပဇာ-နာတိ၊ အကယ်၍ကား အပြားအားဖြင့်သိ၏ရှင့်။ ပန တထာပိ၊ သော်လည်း။ ဒေသနာ၊ တရားဟောခြင်းသည်။ ဓမ္မကထိကဿေဝ၊ ၏သာလျှင်။ ဝိသ-

ယော၊ အရာသည်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ ဧတိ ဧဝံ၊ သို့။ ဧဒံ သမ္ပဒံ၊ ဤဥပမာနှင့်ပြည့်စုံခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

ပန၊ ဆက်....အံ့။ ဧမာသု၊ ဤလေးပါးသော ပဋိသမ္ဘိဒါတို့တွင်။ ပစ္ဆိမာနံ၊ နောက်၌ဖြစ်ကုန်သော။ တိဿန္နံ၊ သုံးပါးသောပဋိသမ္ဘိဒါတို့ကို။ သေက္ခာ-သေက္ခမဂ္ဂက္ခဏေ၊ သေက္ခမဂ်, အသေက္ခမဂ်ခဏ၌။ အသမ္မောဟဝသေန၊ အားဖြင့်။ ပဋိဝေဓော၊ ထိုးထွင်း၍သိခြင်းသည်။ ဟောတိ၊ ၏။ အတ္ထပဋိသမ္ဘိ-ဒါယ၊ ကို။ အာရမ္မဏကရဏဝသေနပိ၊ အားဖြင့်လည်း။ ပဋိဝေဓော၊ သည်။ ဟောတိ၊ ၏။ တထာ ဟိ တတော ဧဝ၊ ကြောင့်သာလျှင်။ သာ၊ ထိုအတ္ထပဋိ-သမ္ဘိဒါသည်။ မဂ္ဂဖလသဘာဝါပိ၊ နိဗ္ဗာန်လျှင် အာရုံရှိသော မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့၏အစွမ်းအားဖြင့် မဂ်, ဖိုလ် သဘောရှိသည်လည်း (ဤ၌ အကျယ်ကို ပဋိ-သမ္ဘိဒါ ဝိဘင်းအဋ္ဌကထာကို ကြည့်၍သိလေ)။ ဟောတိ၊ ၏။ ဧဝဥ္စ ကတွာ၊ ကြောင့်။ သာ၊ ထိုအတ္ထပဋိသမ္ဘိဒါသည်။ လောကိယလောကုတ္တရာမိဿကာ[၁]၊ လောကီလောကုတ္တရာနှစ်ပါးရောသည်။ဟောတိ၊၏။ သေသာ၊ အတ္ထ ပဋိသမ္ဘိဒါမှ ကြွင်းကုန်သော။ တိဿော၊ သုံးပါးကုန်သော ဓမ္မပဋိသမ္ဘိဒါ,နိရုတ္တိ-ပဋိသမ္ဘိဒါ, ပဋိဘာနပဋိသမ္ဘိဒါတို့သည်။ လောကိယာဝ၊ လောကိယတို့သည်သာလျှင်။ ဟောန္တိ၊ ကုန်၏။ တေန၊ ကြောင့်။ ပေါရာဏာ၊ ရှေးဆရာတို့သည်—

လာဘော တာသမသမ္မောဟာ၊ သေခါသေခပထက္ခဏေ။
အတ္ထပညာ ယထာလမ္ဗာ၊ သာ ဒွိဓာ'ညာ တု သာသဝါတိ—

ဟူ၍။ အာဟု၊ ကုန်ပြီ။

(တာသံ၊ ထိုနောက်ဖြစ်သော သုံးပါးသောပဋိသမ္ဘိဒါတို့ကို။ အသမ္မောဟာ၊ တွေဝေခြင်း မရှိသောအားဖြင့်။ သေခါသေခပထက္ခဏေ၊ သေက္ခမဂ်, အသေက္ခမဂ်ခဏ၌။ လာဘော၊ ရခြင်း ထိုးထွင်း၍ သိခြင်းသည်။ ဟောတိ၊ ၏။ ယထာလမ္ဗာ၊ အာရုံအားလျော်စွာဖြစ်သော။ သာ အတ္ထပညာ၊ ထိုအတ္ထပဋိသမ္ဘိဒါသည်။ ဒွိဓာ၊ လောကီလောကုတ္တရာအားဖြင့် နှစ်ပါးအပြားရှိ၏။ အညာ တု၊ တပါးသော ပဋိသမ္ဘိဒါတို့သည်ကား။ သာသဝါ၊ လောကိယတို့သည် သာလျှင်။ ဟောန္တိ၊ ကုန်၏)။

၁၃၉၁၊ ပန၊ ဆက်....အံ့။ စတဿော၊ လေးပါးကုန်သော။ ဧမာပဋိသမ္ဘိဒါ၊ တို့သည်။ ပဉ္စဟိ၊ ငါးပါးကုန်သော။ အာကာရေဟိ၊ အကြောင်းအခြင်းအရာတို့ဖြင့်။ဝိသဒဘာဝံ၊စင်ကြယ်သန့်ရှင်းသည်၏ အဖြစ်သို့။ဂစ္ဆန္တိ၊ရောက်ကုန်၏။ဧတိ၊

၁။ ဤ၌ ပဋိသမ္ဘိဒါ ဝိဘင်း အဋ္ဌကထာနှင့်အညီ မိဿကပုဒ်နှင့်တကွပါဌ်ရှိစေရမည်။ ဤဋီကာပါဌ်များ၌ ၎င်းပုဒ်မပါပဲ ပါဌ်ပျက်လျက်ချည်းသာရှိကြ၏။

သို့။ ဒဿေတုံ၊ ငှါ။ ပရိယတ္တိတိအာဒိ၊ ကို။ အာရဒ္ဓံ၊ အားထုတ်တော်မူအပ်ပြီ။ တတ္ထ၊ ထိုပရိယတ္တိစသော ငါးပါးသောအကြောင်းတို့တွင်။ ပရိယတ္တိနာမ၊ ပရိယတ္တိမည်သည်ကား။ ဗုဒ္ဓဝစနဿ၊ ဘုရားသခင်၏ပါဠိတော်ကို။ ပရိယာပုဏနံ၊ သင်ခြင်း ရွတ်အံ သရဇ္ဈာယ်ခြင်းတည်း။ ပါဠိအဋ္ဌကထာသု၊ တို့၌။ ဂဏ္ဌိပဒအတ္ထပဒဝိနိစ္ဆယကထာ၊ သိနိုင်ခဲက်သော အနက်ရှိသော ဂဏ္ဌိပုဒ်, သိနိုင်ခဲက်သော အင်္ပြေါယ်ရှိသော အတ္ထပုဒ်တို့ကို အကျယ်ဆုံးဖြတ်သော စကားသည် (ဝိသုဒ္ဓိမဂ်မဟာဋီကာနှင့်အညီအနက်)။ ပရိတော သဠတော၊ ထက်ဝန်းကျင်မှ။ ဉာတုံ၊၊ သိခြင်းငှါ။ ဂုဏ္ဏာ[၁]၊ အလိုတည်း၊ ဣတိ ကတွာ ဣမိနာဝစနတ္ထေန၊ ဤသို့သော ဝစနတ္ထဖြင့်၊ ဝါ၊ ကြောင့်။ ပရိပုစ္ဆာ၊ ပရိပုစ္ဆာမည်၏။ သက္ကစ္စံ၊ ရိုရိုသေသေ။ အဋ္ဌံ ကတွာ၊ အလိုရှိသည်ကိုပြု၍။ သောတဝိညာဏဝသေန၊ သောတဝိညာဉ်၏ အစွမ်းအားဖြင့်။ဂဟဏံ၊ အနက်ကိုသင်ယူခြင်းသည်။သဝဏံ၊ သဝနမည်၏။ မဂ္ဂပ္ပတ္တိ၊ မဂ်သို့ရောက်ခြင်းသည်။ အဓိဂမော၊ မည်၏။

အဋ္ဌကထာယံ ပန၊ ပဋိသမ္ဘိဒါဝိဘင်းအဋ္ဌကထာ၌ကား။ အဓိဂမော နာမ၊ မည်သည်ကား။ အရဟတ္တပ္ပတ္တိ[၂]၊ အရဟတ္တဖိုလ်သို့ရောက်ခြင်းတည်း။ ဣတိ၊ သို့။ ဝုတ္တံ၊ ၏။ တံ၊ ထိုစကားကို။ သေက္ခဘူမိယံ၊ သေက္ခဘုံ၌။ ပဘေဒဂမနံ၊အပြားအားဖြင့်ဖြစ်ခြင်းသည်။ အပ္ပဝိသယံ၊ နည်းသောအရာရှိ၏။ အသေက္ခဘူမိယံ၊ အသေက္ခဘုံ၌၊ ပဘေဒဂမနံ၊ သည်။ ဗဟုဝိသယံ၊ များသောအရာရှိ၏။ ဣတိ ကတွာ၊ ဤသို့နှလုံးပိုက်တော်မူ၍။ ဝုတ္တံ၊ ဆိုအပ်၏။ ဝါ၊ တနည်းကား။ သာတိသယံ၊ အလွန်အကဲနှင့်တကွသော။ အဓိဂမံ၊ အဓိဂမကို။ သန္ဓာယ[၃]၊ ၍။

၁။ ဤ၌ အလုံးစုံဤဋီကာပါဌ်များ၌ မေးမြန်းအနက်ဟော 'ပုစ္ဆာ'နှင့်ပါဌ်ရှိ၏။ ဝိသုဒ္ဓိမဂ် မဟာဋီကာပါဌ်၌ကား 'ပုစ္ဆိဉာသာသာယံဉာတုမိစ္ဆာယံ'ဟူသော သက္ကတဓာတုပါဌ်များနှင့်အညီ ဂုစ္ဆာဟုပါဌ်ရှိ၏။ ၎င်းဝိသုဒ္ဓိမဂ် မဟာဋီကာပါဌ်သာ အသင့်ဟု မှတ်။

၂။ ဤ၌ အလုံးစုံဤဋီကာပါဌ်များ၌ မဂ္ဂပုဒ် ဥပ္ပတ္တိပုဒ်နှင့်တကွ 'အရဟတ္တမဂ္ဂုပ္ပတ္တိ'ပဋိသ မ္ဘိဒါဝိဘင်းအဋ္ဌကထာ၌ ၎င်းပုဒ်များမပါပဲ'အရဟတ္တံ' မြန်မာသီဟိုဠ်အက္ခရာ ဝိသုဒ္ဓိမဂ်ပါဌ်နှစ်မျိုး၌ မဂ္ဂပုဒ်မပါ၊ဥပ္ပတ္တိပုဒ်နှင့်တကွ 'အရဟတ္တုပ္ပတ္တိ' ယိုးဒယားအက္ခရာ ဝိသုဒ္ဓိမဂ်ပါဌ်၌မဂ္ဂပုဒ် ဥပ္ပတ္တိပုဒ် ပုဒ်များမပါ ရောက်ခြင်းအနက်ဟော ပတ္တိပုဒ်နှင့်တကွ'အရဟတ္တပ္ပတ္တိ'ဟူ၍ ပါဌ်အထွေထွေရှိကြ၏။ထိုတွင်ဝိသုဒ္ဓိမဂ်မဟာဋီကာပါဌ်နေနှင့် ဤဋီကာ 'သေက္ခေန ပတ္တာနမ္ပိ ဟိ' စသော နောက်စကားများကို ထောက်ရှုဆင်ခြင်လျှင် ယိုးဒယားအက္ခရာ ဝိသုဒ္ဓိမဂ်ပါဌ်နေသာ အသင့်ဟု ငါတို့ မှတ်ထင်မိ၏၊ ဆင်ခြင်၍ယူလေ။

၃။ ဤ၌ အလုံးစုံဤဋီကာပါဌ်များမှာ'သန္ဓာယေဝ'ဟူ၍ချည်းသာ ဝ ထက်၌ သေးသေးတင်မပါပဲ ပါဌ်ပျက်လျက်ရှိကြ၏။ ဝိသုဒ္ဓိမဂ် မဟာဋီကာပါဌ်နှင့်အညီ 'သန္ဓာယ ဧဝ'ဟုသာ ဝထက်၌သေးသေးတင်နှင့်တကွ ပါဌ်မှန်ရှိစေရမည်။

ဝေ၊ ဤသို့။ ဝုတ္တံ၊ ၏။ ဟိ သစ္စံ၊ ၏၊ ဝါ၊ ထိုစကားကို ခွဲဦးအံ့။ သေက္ခေန၊ သေက္ခပုဂ္ဂိုလ်သည်။ ပတ္တာနမ္ပိ၊ ရောက်အပ်သိအပ်သည်လည်း ဖြစ်ကုန်သော။ ဣမာသံ၊ ဤပဋိသမ္ဘိဒါတို့၏။ အရဟတ္တပ္ပတ္တိယာ၊ အရဟတ္တဖိုလ်သို့ ရောက်ခြင်းဖြင့်၊ ဝါ၊ ကြောင့်။ ဝိသဒဘာဝါဓိဂမော၊ သန့်ရှင်းစင်ကြယ်သော အဖြစ်ကို ရခြင်းတည်း၊ ဝါ၊ သန့်ရှင်းစင်ကြယ်သည်၏ အဖြစ်ဖြင့် အဓိဂမသည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။ ပန၊ ဆက်....အံ့။ ပုဗ္ဗ ယောဂေါ ဝိယ၊ ပုဗ္ဗ-ယောဂကဲ့သို့။ အရဟတ္တပ္ပတ္တိ၊ သည်။ အရဟတောပိ၊ ရဟန္တာပုဂ္ဂိုလ်၏လည်း။ ပဋိသမ္ဘိဒါဝိသဒတာယ၊ ပဋိသမ္ဘိဒါ သန့်ရှင်းစင်ကြယ်သည်၏ အဖြစ်၏။ ပစ္စယော၊ အကြောင်းသည်။ န န ဟောတိ၊ မဖြစ်သည်မဟုတ်။ ဣတိ၊ ကြောင့်။ ပဉ္စန္နမ္ပိ၊ ပရိယတ္တိ ပရိပုစ္ဆာ စသော ငါးပါးသောအကြောင်းတို့၏လည်း။ ယထာ-ယောဂံ၊ ယှဉ်သင့်သည်အားလျော်စွာ။ သေက္ခာသေက္ခပဋိသမ္ဘိဒါဝိသဒတာယ၊ သေက္ခပဋိသမ္ဘိဒါ အသေက္ခပဋိသမ္ဘိဒါ သန့်ရှင်းစင်ကြယ်သောအဖြစ်၏။ ကာရ-ဏတာ၊ အကြောင်း၏အဖြစ်ကို။ ယောဇေတဗ္ဗာ၊ ယှဉ်အပ်၏။

ပုဗ္ဗယောဂေါ နာမ၊ ပုဗ္ဗယောဂမည်သည်ကား။ ပုဗ္ဗဗုဒ္ဓါနံ၊ ရှေး၌ဖြစ်သော ဘုရားတို့၏။ သာသနေ၊ သာသနာတော်၌။ ဂတပစ္စာဂတိကဘာဝေန၊ ဘာဝနာကို အားထုတ်ခြင်းနှင့်တကွဖြစ်သော ကျောင်းမှ ဆွမ်းခံရွာသို့သွားခြင်း, ဆွမ်းခံရွာမှကျောင်းသို့ ပြန်လာခြင်းရှိသော၊ ဝါ၊ ကျောင်းမှ ဆွမ်းခံရွာ တိုင်အောင် ဆွမ်းခံရွာမှကျောင်းတိုင်အောင် ကမ္မဋ္ဌာန်းအားထုတ်သော ယောဂီရဟန်း၏အဖြစ်ဖြင့်(ဝိသုဒ္ဓိမဂ်မဟာဋီကာနှင့်အညီ အနက်တည်း)။ ယာဝ အနုလောမ ဂေါတြဘုသမီပံ၊ အနုလုံဂေါတြဘူအနီးတိုင်အောင်သော သင်္ခါရုပေက္ခာ ဉာဏ်သည်။ အတ္ထိ၊ ရှိ၏။ တာဝ၊ ထိုရွေ့လောက် သင်္ခါရုပေက္ခာဉာဏ် တိုင်အောင်။ ဝိပဿနာဘိယောဂေါ၊ ဝိပဿနာကိုအားထုတ်ခြင်းတည်း။ စ၊ ဆက်....အံ့။ ဧတ္ထ၊ ဤငါးပါးသော အကြောင်းတို့တွင်။ အဓိဂမပုဗ္ဗယောဂါ၊ အဓိဂမ,ပုဗ္ဗယောဂတို့သည်။ အနုပ္ပန္နံ၊ မဖြစ်သေးသောပဋိသမ္ဘိဒါဉာဏ်ကို။ ဥပ္ပါဒေန္တိ၊ ဖြစ်စေတတ်ကုန်၏။ ဥပ္ပန္နဥ္စ၊ ဖြစ်ပြီးသောပဋိသမ္ဘိဒါဉာဏ်ကိုလည်း။ ဝိသဒံ၊ သန့်ရှင်းစင်ကြယ်အောင်။ ကရောန္တိ၊ ပြုတတ်ကုန်၏။ သေသာနိ ပန၊ အဓိဂမ, ပုဗ္ဗယောဂနှစ်ပါးမှ ကြွင်းကုန်သော ပရိယတ္တိ, ပရိပုစ္ဆာ, သဝနာဟူသော အကြောင်းသုံးပါးတို့သည်ကား။ သုဝိသဒဘာဝသေဝ၊ ပဋိသမ္ဘိဒါဉာဏ်ကောင်းစွာသန့်ရှင်းစင်ကြယ်သောအဖြစ်၏သာလျှင်။ ပစ္စယာ၊ အကြောင်းအထောက်အပံ့တို့သည်။ ဟောန္တိ၊ ကုန်၏။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ ၏။

၁၁၉၂-၄။ ဝေ၊ သို့။ ကေဝိဓာဒိဝသေန၊ ကေဝိဓစသည်တို့၏ အစွမ်းအားဖြင့်။ ပညာယ၊ ၏။ ပဘေဒံ၊ အပြားကို။ ဒဿေတွာ၊ ၍။ ဣဒါနိ၊ ၌။ ဘာဝနာဝိဓာနံ၊ ပွါးများပုံအစီအရင်ကို။ ဝိဘာဝေတုံ၊ ထင်စွာပြခြင်းငှါ။ ကထံ ဘာဝေတဗ္ဗာတိ

အာဒိ၊ ကို။ အာရဒ္ဓံ၊ ပြီ။ တတ္ထ ဝစနေ၊ ၌။ ယသ္မာ၊ ကြောင့်။ ဣမာယ ပညာ-
ယ၊ ဤဝိပဿနာပညာ၏။ ခန္ဓာဒယော၊ ခန္ဓာအစရှိကုန်သော။ ဓမ္မာ၊ တို့သည်။
ဘူမိ၊ ဘုံမည်၏၊ သီလဝိသုဒ္ဓိ စေဝ၊ သီလဝိသုဒ္ဓိလည်းကောင်း။ စိတ္တဝိသုဒ္ဓိ စ၊
လည်းကောင်း။ ဣတိ၊ သို့။ ဒွေ၊ နှစ်ပါးကုန်သော။ ဣမာပိ ဝိသုဒ္ဓိယော၊ ဤ
ဝိသုဒ္ဓိတို့သည်လည်း။ မူလံ၊ အခြေခံမည်၏။ ဒိဋ္ဌိဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ လည်းကောင်း။
ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ လည်းကောင်း။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ လည်းကောင်း။
ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၊ လည်းကောင်း။ ဉာဏဒဿနဝိသုဒ္ဓိ၊ လည်းကောင်း။
ဣတိ၊ သို့။ ပဉ္စ၊ ကုန်သော။ ဣမာ ဝိသုဒ္ဓိယော၊ တို့သည်။ သရီရံ၊ ကိုယ်ကာယ
မည်၏။ တသ္မာ၊ ကြောင့်။ ဘူမိဘူတေသု၊ ဘုံဖြစ်၍ဖြစ်ကုန်သော။ တေသု ဓမ္မေသု၊
တို့၌။ ဥဂ္ဂဟပရိပုစ္ဆာဝသေန၊ ပါဠိသင်ခြင်း, အဋ္ဌကထာသင်ခြင်းတို့၏ အစွမ်း
အားဖြင့်။ ဉာဏပရိစယံ၊ ဉာဏ်အလေ့အကျက်ကို။ ကတွာ၊ ပြု၍။ မူလဘူတာ၊
အခြေခံဖြစ်၍ ဖြစ်ကုန်သော။ ဒွေ၊ ကုန်သော။ ဝိသုဒ္ဓိယော၊ သီလဝိသုဒ္ဓိ, စိတ္တ
ဝိသုဒ္ဓိတို့ကို။ သမ္ပာဒေတွာ၊ ပြီးပြည့်စုံစေ၍။ သရီရဘူတာ၊ ကိုယ်ကာယဖြစ်၍ဖြစ်
ကုန်သော။ ပဉ္စ၊ ကုန်သော။ ဝိသုဒ္ဓိယော၊ ဒိဋ္ဌိဝိသုဒ္ဓိစသည်တို့ကို။ သမ္ပာဒေ-
န္တေန၊ ပြီးပြည့်စုံစေသော ယောဂီပုဂ္ဂိုလ်သည်။ ဘာဝေတဗ္ဗာ၊ ပညာကို ပွါး
စေအပ်၏။ ဣတိ၊ သို့။ ဒဿေတုံ၊ ငှါ။ ခန္ဓာဒီသုတိအာဒိ၊ ကို။ အာရဒ္ဓံ၊ ပြီ။

ခန္ဓာဒီသူတိ၊ ကား။ ခန္ဓာယတနဓာတု ဣန္ဒြိယသစ္စပဋိစ္စ သမုပ္ပါဒါဒိဘေဒေသု၊
ခန္ဓာ, အာယတန, ဓာတ်, ဣန္ဒြေ, သစ္စာ, ပဋိစ္စသမုပ္ပါဒ်စသည်အပြားရှိကုန်သော။ဘူ-
မိဘူတေသု၊ဘုံဖြစ်၍ဖြစ်ကုန်သော။ စ၊ဆက်၍ ဆိုဦးအံ့။ဘူမိဘူတေသူတိ၊ကား။
သလက္ခဏာဒိဂ္ဂဟဏဝသေန၊ မိမိ၏သဘောလက္ခဏာစသည်ကို ယူခြင်း၏အစွမ်း
အားဖြင့်။ ဉာဏဿ၊ ဝိပဿနာဉာဏ်၏။ ပဝတ္တိဋ္ဌာနဘူတေသု၊ ဖြစ်ရာအရပ်ဖြစ်၍
ဖြစ်ကုန်သော (တေသု ဓမ္မေသုမှာစပ်)။ သီလစိတ္တဝိသုဒ္ဓိန္တိ၊ ကား။ မူလဘူတံ၊
အခြေခံဖြစ်၍ဖြစ်သော။သီလဝိသုဒ္ဓိံ စ၊ သီလဝိသုဒ္ဓိကိုလည်းကောင်း။စိတ္တဝိသုဒ္ဓိံ
စ၊ ကိုလည်းကောင်း (သမ္ပာဒေတွာမှာစပ်)။ ဟိ သစ္စံ၊ ၏။ သီလဝိသုဒ္ဓိယံ စ၊
သည်လည်းကောင်း။ စိတ္တဝိသုဒ္ဓိယဉ္စ၊ သည်လည်းကောင်း။ သတိ၊ ရှိသော်။
အယံ ပညာ၊ ဤပညာသည်။ မူလဇာတာ နာမ၊ ဖြစ်သောအခြေခံမူလရှိသည်
မည်သည်။ ဟောတိ၊ ၏။ အသတိ၊ မရှိခဲ့သော်။ န၊ မဖြစ်။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊
၏။ ဒိဋ္ဌိဝိသုဒ္ဓါဒယော ပဉ္စာတိ၊ ကား။ ဥပဗြူဟေတဗ္ဗတ္တာ၊ ပွါးစေအပ်သည်၏
အဖြစ်ကြောင့်။ သရီရဘူတာ၊ ကိုယ်ကာယဖြစ်၍ဖြစ်ကုန်သော။ ဒိဋ္ဌိဝိသုဒ္ဓါ-
ဒယော၊ ဒိဋ္ဌိဝိသုဒ္ဓိအစရှိသော။ ပဉ္စ၊ ကုန်သော (သုဒ္ဓိယောမှာစပ်)။ ဟိ သစ္စံ၊ ၏။
ဣမိဿာ ပညာယ၊ ဤပညာသည်၊ သန္တာနဝသေန၊ အစဉ်၏အစွမ်းအားဖြင့်။
ပဝတ္တမာနာယ၊ ဖြစ်သည်ရှိသော်။ ပါဒပါဏိသီသဋ္ဌာနိယာ၊ ခြေ, လက်, ဦးခေါင်း
အရာ၌တည်ကုန်သော။ ဒိဋ္ဌိဝိသုဒ္ဓိအာဒယော၊ ကုန်သော။ ပဉ္စ၊ ကုန်သော။ ဣမာ

ဝိသုဒ္ဓိယော၊ တို့ကို။ အဝယဝေန၊ အစိတ်ဖြင့်။ သမုဒါယူပလက္ခဏနယေန၊ **အပေါင်း**ကိုမှတ်သောနည်းဖြင့်။ သရီရန္တိ၊ ဟူ၍။ **ဝေဒိတဗ္ဗာ**၊ ကုန်၏။ **တာယ ပညာယာ**တိ၊ ကား။ ဥဂ္ဂဟပရိပုစ္ဆာဒိဝသေန၊ ပါဠိသင်ခြင်း, အဋ္ဌကထာသင် ခြင်းစသည်တို့၏အစွမ်းအားဖြင့်။ ခန္ဓာဒီသု၊ ကုန်သော။ ဓမ္မေသု၊ တို့၌။ ပဝတ္တ- ပညာယ၊ ဖြစ်သောပညာနှင့်၊ ဝါ၊ ၌ (ယုတ္တေနမှာ စပ်)။ **ဇနနာဒိတော**တိ၊ **ကား**။ ဇာတိဇရာမရဏာဒိဟိ၊ ပဋိသန္ဓေနေခြင်း, အိုခြင်း, သေခြင်းစသည်တို့မှ (ဘီတေနမှာ စပ်)။

၁၁၉၅-၆။ ဘာဝေတဗ္ဗာတိ၊ ဟူ၍။ ဝတွာ၊ ဆိုပြီး၍။ ဣဒါနိ၊ ၌။ ယသ္မာ၊ ကြောင့်။ ခန္ဓာဒိဘူမိသု၊ ခန္ဓာစသောဘုံတို့၌။ သီလဝိသုဒ္ဓိစိတ္တဝိသုဒ္ဓိသင်္ခါတေဟိ၊ ဟုဆိုအပ်ကုန်သော။ မူလေဟိ၊ အခြေခံမူလတို့ဖြင့်။ သုပတိဋ္ဌိတေန၊ ကောင်းစွာ တည်သောယောဂီပုဂ္ဂိုလ်သည်။ ပဉ္စဝိသုဒ္ဓိသင်္ခါတသရီရဿ၊ ငါးပါးသောဝိသုဒ္ဓိ ဟုဆိုအပ်သောကိုယ်ကာယကို။ ဝဍ္ဎနေနေဝ၊ ပွါးစေခြင်းဖြင့်သာလျှင်။ ပညာ- ဝဍ္ဎနာ နာမ၊ ပညာကိုပွါးစေခြင်းမည်သည်။ ဟောတိ၊ ၏။ တသ္မာ၊ ကြောင့်။ ဝိပဿနာပညာယ၊ ၏။ ဘူမိဘူတေသု၊ ဘုံဖြစ်၍ ဖြစ်ကုန်သော။ ခန္ဓာဒီသု၊ တို့၌၊ ဝါ၊ တို့တွင်။ ကေဒေသဒဿနတ္ထံ၊ တစိတ်တဒေသကိုပြခြင်းအကျိုးငှါ။ ရူပဥ္စာတိ အာဒိ၊ ကို။ ဝုတ္တံ၊ ပြီ။

**တတ္ထာ**တိ၊ ကား။ ပဉ္စသု၊ ကုန်သော။ တေသု ခန္ဓေသု၊ ထိုခန္ဓာတို့တွင်။ ယံ **ကိဉ္စိ**တိ ဧတံ၊ ဟူသောဤပုဒ်သည်။အနဝသေသပရိယာဒါနံ၊ အကြွင်းမဲ့ဖြစ်သော အနက်ကိုသိမ်းယူကြောင်းဖြစ်သောပုဒ်တည်း။ အတီတာနာဂတာဒိကန္တိ အာဒိနာ ပန၊ ဤသို့အစရှိသောပါဠိဖြင့်ကား။ **တဒေဝ**၊ ထိုအနဝသေသတ္ထကိုပင်လျှင်။ **ကောဒ္ဓသသု**၊ တဆယ့်တပါးကုန်သော။ ဩကာသေသု၊ အတီတအနာဂတစသော အရာတို့၌။ ပက္ခိပိတ္ဝာ၊ ထည့်သွင်း၍။ ဒဿေတိ၊ ပြ၏။ အာဒိဂ္ဂဟဏေန၊ အာဒိ- သဒ္ဒါဖြင့်။ ပစ္စုပ္ပန္နဿ၊ ပစ္စုပ္ပန်ဖြစ်သောရုပ်ကို။ ဂဟဏံ၊ ယူခြင်းသည်။ **ဟောတိ**၊ ၏။

၁၁၉၇-၁၂၀၀။ ဟီနန္တိ အာဒီသု၊ ဟီနံဤသို့အစရှိသောပါဠိရုပ်တို့၌(အတ္ထော ဝေဒိတဗ္ဗောမှာစပ်)။ အကုသလကမ္မသမုဋ္ဌာနတာယ၊ အကုသိုလ်ကံလျှင်ဖြစ် ကြောင်းရှိသည်၏အဖြစ်ကြောင့်။ ဟီနံ၊ ယုတ်ညံ့သောဟီနရုပ်မည်၏။ ကုသလ- ကမ္မသမုဋ္ဌာနတာယ၊ ကုသိုလ်ကံလျှင်ဖြစ်ကြောင်း ရှိသည်၏အဖြစ်ကြောင့်။ **ပဏီတံ**၊ မွန်မြတ်သောပဏီတရုပ်မည်၏။ ဝါ၊ ကား။ အကုသလဝိပါကပ္ပစ္စယ- ဘူတတာယ၊ အကုသလဝိပါက်ဖြစ်ခြင်း၏ အကြောင်းဖြစ်၍ ဖြစ်သည်၏အဖြစ် ကြောင့်။ ဟီနံ၊ မည်၏။ ဝိပရိယာယေန၊ ထိုမှပြန်သောအားဖြင့်ကုသလဝိပါက် ဖြစ်ခြင်း၏ အကြောင်းဖြစ်၍ဖြစ်သည်၏အဖြစ်ကြောင့်။ ပဏီတံ၊ မည်၏။ ဒူပ္ပ-

ရိဂ္ဂဟာဘူတသုခုမရူပါဒိဝသေနေ၊ သိမ်းဆည်းခြင်းငှါ ခဲယဉ်းသည်ဖြစ်၍ဖြစ်သော သုခုမရုပ်စသည်တို့၏ အစွမ်းအားဖြင့်။ ဒူရံ၊ အဝေး၌ဖြစ်သောဒူရရုပ်မည်၏။ ဣတရဝသေန၊ဤမှတပါးသော သိမ်းဆည်းခြင်းငှါ လွယ်ကူသည်ဖြစ်၍ဖြစ်သော ဩဠာရိကရုပ်စသည်တို့၏အစွမ်းအားဖြင့်။ သန္တိကံ၊ အနီး၌ဖြစ်သောသန္တိကရုပ် မည်၏။ ဣတိအာဒိနာ၊ ဤသို့အစရှိသည်ဖြင့်။ အတ္ထော၊ ကို။ ဝေဒိတဗ္ဗော၊ ၏။ သဗ္ဗံ တံ ဧကတော ကတွာတိ၊ ကား။ အတီတာဒိဝိဘာဂဘိန္နံ၊ အတိတ်စသည်ကို ဝေဖန်ခြင်းဖြင့်ပြားသော။ သဗ္ဗံ၊ အလုံးစုံသော။ တံ ရူပံ၊ ထိုရုပ်ကို။ ရာသိ ဝသေန၊ အပေါင်းအစု၏အစွမ်းအားဖြင့်။ ဗုဒ္ဓိယာ၊ အသိဉာဏ်ဖြင့်။ ဧကတ္ထ၊ တပေါင်းတည်း။ ဂဟေတွာ၊ ယူ၍။ "မဟာဥဒကက္ခန္ဓော၊ များစွာသောရေအစု" ဣတိအာဒီသု ဝိယ၊ ဤသို့အစရှိသောပါဠိရပ်တို့၌ကဲ့သို့။ ရာသဋ္ဌေန၊ခန္ဓသဒ္ဒါ၏ အပေါင်းအစုဟူသောအနက်သဘောဖြင့်။ ရူပက္ခန္ဓောတိ၊ ရူပက္ခန္ဓာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဟိ သစ္စံ၊ ၏။ သုတ္တေပိ၊ ပါဠိတော်၌လည်း။ "တံ၊ ထိုရုပ်ကို။ ဧကဇ္ဈံ၊ တပေါင်းတည်း။ အဘိသံယူဟိတွာ၊ ပေါင်း၍။ အဘိသံခိပိတွာ၊ ချုံး၍" ဣတိ၊ သို့။ ဝုတ္တံ၊ ဟောတော်မူအပ်ပြီ။ ဝေဒနာက္ခန္ဓောတိ အာဒီသုပိ၊ ဝေဒနာက္ခန္ဓော ဤသို့အစရှိသည်တို့၌လည်း။ ဧသေဝ နယော၊ ဤနည်းကိုသာလျှင်။ဒဋ္ဌဗ္ဗော၊ ၏။

ပန၊ ဆက်....အံ့။ဧကေကသု၊ တပါးတပါးကုန်သော။ ဝေဒနာဒီသု၊ ဝေဒနာ စသည်တို့၌။ "သမုဒ္ဒေါ၊ မဟာသမုဒ္ဒရာကို။ မယာ၊ ငါသည်။ ဒိဋ္ဌော၊ ရှုမြင်အပ်၏" ဣတိအာဒီသု ဝိယ၊ ဤသို့အစရှိသောပါဠိရပ်တို့၌ကဲ့သို့။ သမုဒါယဝေါဟာရဿ၊ အပေါင်း၌ဖြစ်သောဝေါဟာရကို။ အဝယဝေပိ၊ အစိတ်၌လည်း။ ဒဿနတော၊ မြင်ရခြင်းကြောင့်။ ခန္ဓသဒ္ဒေါ၊ ခန္ဓသဒ္ဒါသည်။ ရူဠ္ဟိဝသေန၊ ရူဠှီ၏အစွမ်းအား ဖြင့်။ ပဝတ္တတိ၊ ရာသဋ္ဌ၌ဖြစ်၏။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ဝေဒယိတ-လက္ခဏံ၊ ခံစားခြင်းလက္ခဏာရှိသော။ ယံ တံ ကိဉ္စိ၊ အကြင်အလုံးစုံသော ဝေဒနာသည်။ အတ္ထိ၊ ရှိ၏(ထည့်)။ ဣတိ အယံ၊ ကား။ သမ္ဗန္ဓော၊ တည်း။ ဝေဒနာက္ခန္ဓောယေဝ၊ ဝေဒနာက္ခန္ဓာသည်ပင်လျှင်။ ဝေဒနာက္ခန္ဓတာ၊ ဝေဒနာ-က္ခန္ဓတာမည်၏။ ဝေဒနာယ၊ ၏။ အတီတာဒိဝိဘာဂေ၊ အတိတ်စသည်ကိုဝေဖန် ခြင်း၌။ ဝိတ္ထာရကထာ၊ အကျယ်ဖြစ်သောစကားကို။ ဝိသုဒ္ဓိမဂ္ဂတော၊ ဝိသုဒ္ဓိမဂ်မှ။ ဂဟေတဗ္ဗာ၊ ယူအပ်၏။

အဘိသင်္ခရဏလက္ခဏန္တိ ဣဒံ၊ ဟူသောဤစကားကို။ သင်္ခါရက္ခန္ဓဿ၊ ၏။ စေတနာပဓာနတာယ၊ စေတနာပြဓာန်းသည်၏အဖြစ်ကြောင့်။ ဝေံ၊ သို့။ ဝုတ္တံ၊ ၏။ သမ္ပယုတ္တဓမ္မေ၊ တို့ကို။ အာရမ္မဏေ၊ ၌။ ရာသိကရဏလက္ခဏံ၊ အစုပုံခြင်း သဘောလက္ခဏာရှိ၏။သမ္ပိဏ္ဍနလက္ခဏံ၊ ပေါင်းခြင်းသဘောလက္ခဏာရှိ၏။ဣတိ၊ သို့။ ဝုတ္တံ ဝုတ္တော၊ သည်။ ဟောတိ၊ ၏။ အထ ဝါ၊ ကား။ သင်္ခတံ၊ ပြုပြင်စီရင် အပ်သောတရားကို။ အဘိသင်္ခရောန္တိ၊ ပြုပြင်စီရင်တတ်ကုန်၏။ ဣတိ၊ သို့။

ဝုတ္တတ္တာ၊ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၌ ဘုရားဟောတော်မူအပ်သည်၏ အဖြစ်ကြောင့်။ ယထာ၊ အကြင်သို့သောအခြင်းအရာအားဖြင့်။ သခ်တံ၊ ပြုပြင်စီရင်အပ်သည်ရှိသော်။ အတ္တနော၊ မိမိ၏။ ဖလံ[၁]၊ အကျိုးသည်။(တနည်း)အတ္တနော၊ ၏။ ဖလံ၊ သည်။ သခ်တံ၊ ပြုပြင်စီရင်အပ်သည်ဖြစ်၍။ သမ္ဘဒေဝ၊ ကောင်းစွာသာလျှင်။ နိပ္ဖန္နံ၊ ပြီးသည်။ ဟောတိ၊ ၏။ ဧဝံ တထာ၊ ထိုသို့သောအခြင်းအရာအားဖြင့်။ အဘိသခ်ရဏသဘာဝံ၊ ပြုပြင်စီရင်ခြင်းသဘောရှိ၏။ ဣတိ အယံ၊ ကား။ အတ္ထော၊ တည်း။ အယံ ပန၊ ဤအနက်သည်ကား။ ကုသလာကုသလစေတနာယ၊ ၏။ ဝသေန၊ အားဖြင့်။ ဝဋ္ဋတိ၊ သင့်၏။

(ဤဝါကျကား ခဲစွာ့၊ ပညာရှင်တို့ အဖန်ဖန် ဆင်ခြင်ကြလေ၊ ပါဌ်နေများစွာ ရှုတ်ထွေးလျက်ရှိသည်။ ဤအရာ၌ ဋီကာကျော်မှာ "အတ္ထသာ-ဓိကာ ပန သတ္တမဇဝနစေတနာ သန္နိဋ္ဌာပက စေတနာဘူတာ ပဋိလဒ္ဓဝိ-သေသာ အနန္တရတ္တဘာဝေ ဝိပါကဒါယိနီ ဥပပဇ္ဇဝေဒနီယံ နာမ"ဟု ပါဌ်ရှိ၏။ ဝိသုဒ္ဓိမဂ်မဟာဋီကာနှင့် အင်္ဂုတ္တိုရ် တိကနိပါတ် ဋီကာများ၌ကား၊ "သာ ဟိ သန္နိဋ္ဌာပကစေတနာ ဝုတ္တနယေန ပဋိလဒ္ဓဝိသေသာ ပုရိမဇဝနစေတနာဟိ လဒ္ဓါသေဝနာ စ သမာနာ အနန္တရတ္တဘာဝေ ဝိပါကဒါယိနီ ဥပပဇ္ဇဝေဒနီယံ ကမ္မံ နာမ"ဟု ပါဌ်ရှိ၏။)

စ၊ ဆက်... အံ့။ ဇွေထ၊ ဤအရာ၌။ ယေဘုယျဝုတ္တိယာ၊ ယေဘုယျဝုတ္တိ နည်းအားဖြင့်။ သတ္တမဇဝနစေတနာတိ၊ သတ္တမဇဝန စေတနာဟူ၍။ ဝုတ္တံ၊ မိန့်ဆိုအပ်၏။ ပန၊ ယင်းသို့ပင် ဆိုအပ်သော်လည်း။ ပစ္စဝေက္ခနဝသိတာဒိပဝတ္တိယံ၊ ပစ္စဝေကျွဏဝသီဘော် စသည်၏ ဖြစ်ခြင်း၌။ ပဉ္စမာဒိကာပိ၊ ပဉ္စမဇော စေတနာစသည်လည်း။ ဟောတိ၊ ဥပပဇ္ဇဝေဒနီယကံဖြစ်၏။ ဝိပါကံဒေတီ တိ၊ ကား။ ပဋိသန္ဓိံ၊ ပဋိသန္ဓေအကျိုးကို။ ဒတွာ၊ ပေး၍။ ပဝတ္တိဝိပါကံ၊ ပဝတ္တိအကျိုးကို။ ဒေတိ၊ပေး၏။ အဒိန္နပဋိသန္ဓိကံ ပန၊မပေးအပ်သော ပဋိသန္ဓေအကျိုးရှိသော ဥပပဇ္ဇဝေဒနီယကံသည်ကား။ ပဝတ္တိဝိပါကံ၊ ကို။ ဒေတိ၊ ၏။ ဣတိ၊ ဤသို့သောအကြောင်းသည်။ နတ္ထိ၊ မရှိ။ ဟိ သစ္စံ၊ ၏။ စုတိအနန္တရံ၊ စုတိ၏အခြားမဲ့ကာလသည်။ ဥပပဇ္ဇဝေဒနီယဿ၊ ၏။ ဩကာသော၊ အကျိုးပေးရာကာလမည်၏။ ဣတိ၊ သို့။ အာစရိယာ၊ ဆရာတို့သည်။ ဝဒန္တိ၊ ကုန်၏။ ပန၊ ဆက်....အံ့။ ပဋိသန္ဓိယာ၊ ပဋိသန္ဓေအကျိုးကို။ ဒိန္နာယ၊ ပေးအပ်သည့်ရှိသော်။ ဇာတိသတေပိ၊ ဘဝအရာ၌သော်လည်း။ ပဝတ္တိဝိပါကံ၊ ကို။ ဒေတိ၊

၏။ တေန၊ ကြောင့်။ ဘဂဝါ၊ မြတ်စွာဘုရားသခင်သည်။ "တိရစ္ဆာနဂတာယ၊ တိရစ္ဆာန်အား။ ဒါနံ၊ အလှူကို။ ဒတွာ၊ ပေးလှူ၍။ သတဂုဏာ၊ အဆ အရာ သော။ ဒက္ခိဏာ၊ အလှူ၏အကျိုးအာနိသင်ကို။ ပါဋိကင်္ခိတဗ္ဗာ၊ အလိုရှိအပ်၏" ဣတိ၊ သို့။ အာဟ၊ ဟောတော်မူပြီ။ ဥဘိန္နံ ။ပ။ ဒေတီတိ၊ ကား။ ယထာဝုတ္တ-ကာရဏဝိရဟတော၊ အကြင်အကြင်ဆိုအပ်ခဲ့ပြီးသောအကြောင်းမှ ကင်းခြင်း ကြောင့်။ ဒိဋ္ဌဓမ္မပုပဇ္ဇဝေဒနီယဘာဝံ၊ ဒိဋ္ဌဓမ္မဝေဒနီယကံ, ဥပပဇ္ဇဝေဒနီယကံ၏ အဖြစ်သို့။ အသမ္ပတ္တာ၊မရောက်သော။ ပဌမစေတနာ, အလယ်ဇောစေတနာ ငါး ချက်သည်။ ဝိပါကဒါနသဘာဝဿ၊ အကျိုးပေးခြင်းသဘော၏။ အနုပစ္ဆိန္နတ္တာ၊ မပြတ်သေးသည်၏အဖြစ်ကြောင့်။ ယဒါ၊ အကြင်အခါ၌။ ဩကာသံ၊ အကျိုး ပေးခွင့်ကို။ လဘတိ၊ ရ၏။ တဒါ၊ ထိုအခါ၌။ ပဋိသန္ဓိဝိပါကံ ဝါ၊ ပဋိသန္ဓေ အကျိုးကိုလည်းကောင်း။ ပဝတ္တိဝိပါကံ ဝါ၊ ကိုလည်းကောင်း။ ဒေတိ၊ပေး၏။ သတိ သံသာရပ္ပဝတ္တိယန္တိ ဣမိနာ၊ ဟူသော ဤပါဌ်ဖြင့်။ သံသာရပ္ပဝတ္တိယံ၊ သံသရာ၏ ဖြစ်ခြင်းသည်။ အသတိ၊ မရှိခဲ့သော်။ အဟောသိကမ္မပက္ခေ၊ အဟောသိကံအဖို့၌။ တိဋ္ဌတိ၊ တည်၏။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ ဝိပစ္စနောကာသဿ၊ အကျိုးပေးရာအရပ် ဝါ၊ အခွင့်၏။ အဘာဝတော၊ မရှိခြင်းကြောင့်တည်း။ ဣတိ၊ သို့။ ဒီပေတိ၊ ပြ၏။

၁၂၄၄။ ဝေ၊ သို့။ တာဝ၊ ရှေးဦးစွာ။ ဝိပါကဒါနကာလဝသေန၊ အကျိုး ပေးရာကာလ၏အစွမ်းအားဖြင့်။ စတုဗ္ဗိဓတော၊ ကံတို့၏ လေးပါးအပြားရှိသည်၏ အဖြစ်ကို။ ဒဿေတွာ၊ ၍။ ဣဒါနိ၊ ၌။ ဝိပါကဒါနပရိယာယတော စ၊ အကျိုး ပေးသော အစဉ်အားဖြင့်လည်းကောင်း။ ကိစ္စတော စ၊ ကိစ္စအားဖြင့်လည်း ကောင်း။ စတုဗ္ဗိဓတော၊ ကို။ ဒဿေတုံ၊ ငှါ။ ဂရုကန္တိအာဒိ၊ ကို။ ဝုတ္တံ၊ ပြီ။ တတ္ထ ဝစနေ၊ ၌။ ဂရုကန္တိ၊ ကား။ မဟာသာဝဇ္ဇံ စ၊ ကြီးသော အပြစ်ရှိသည် လည်းဖြစ်သော။ မဟာနုဘာဝဉ္စ၊ ကြီးသော တန်ခိုးအာနုဘော်လည်းရှိသော။ အညေန ကမ္မေန၊ တပါးသော ကံသည်။ ပဋိဗာဟိတုံ၊ တားမြစ်ခြင်းငှါ။ အသက္ကုဏေယျကမ္မံ၊မစွမ်းနိုင်သော ကံတည်း။ ဗဟုလန္တိ၊ ကား။ အဘိဏှသော၊ မပြတ်မလတ်အားဖြင့်။ ကတံ စ၊ ပြုအပ်သည်လည်းဖြစ်သော။ ဧကဝါရံ၊ တကြိမ်။ ကတွာပိ၊ ပြု၍လည်း။ အဘိဏှံ၊ မပြတ်မလတ်။ အာသေဝိတဉ္စ၊ မှီဝဲ အပ်သည်လည်းဖြစ်သော။ ကမ္မံ၊ ကံတည်း။ အာသန္နန္တိ၊ ကား။ မရဏာသန္န-ကာလေ၊ သေခါနီးသောအခါ၌။ အနုဿရိတံ စ၊ အောက်မေ့အပ်သည်လည်း ဖြစ်သော။ တဒါ၊ ထိုသေခါနီးအခါ၌။ ကတဉ္စ၊ ပြုအပ်သည်လည်းဖြစ်သော။ ကမ္မံ၊ကံတည်း။ကဋတ္တာကမ္မန္တိ၊ကား။ဂရုကာဒိဘာဝံ၊ဂရုကကံစသည်၏ အဖြစ်သို့။ အသမ္ပတ္တံ၊ မရောက်သော။ ကတမတ္တတောယေဝ၊ ပြုအပ်ကာမျှ၏ အဖြစ် ကြောင့်သာလျှင်။ ကမ္မန္တိ၊ ကံဟူ၍။ ဝတ္တဗ္ဗကမ္မံ၊ ဆိုအပ်သောကံတည်း။ တတ္ထ၊

ထိုလေးပါးသော[illegible]တို့တွင်။ ကုသလံ ဝါ၊ ကုသိုလ်ကံသည်မူလည်း။ ဟောတု၊ ဖြစ်စေ။ အကု[illegible] ဝါ၊ အကုသိုလ်ကံသည်မူလည်း။ ဟောတု၊ ဖြစ်စေ။ ဂရုကာဂရုကေသု၊ ဂရုကကံ, အဂရုကကံတို့တွင်၊ ဝါ၊ ကြီးလေးသော ကံ သေးငယ်ပေါ့ပါးသော ကံတို့တွင်။ ဂရုကံ၊ ကြီးလေးသော။ ယံ မာတုဃာတကာဒိကမ္မံ ဝါ၊ အကြင်မာတုဃာတက စသော ကံသည်လည်းကောင်း။ ယံ မဟဂ္ဂတကမ္မံ ဝါ၊ အကြင်မဟဂ္ဂုတ်ကံသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ တဒေဝ၊ ထိုမာတုဃာတကစသောကံ, မဟဂ္ဂုတ်ကံသည်သာလျှင်။ ပဌမံ၊ ရှေးဦးစွာ။ ဝိပစ္စတိ၊ အကျိုးပေး၏။ တထာ၊ ထိုအတူ။ ဗဟုလာဗဟုလေသု၊ ဗဟုလကံ, အဗဟုလကံတို့တွင်၊ ဝါ၊ အကြိမ်များစွာ ပြုအပ်သောကံ တခါတရံပြုအပ်သောကံတို့တွင်။ ဗဟုလံ၊ အကြိမ်များစွာ ပြုအပ်သော။ ယံ သုသီလျံ ဝါ၊ အကြင်သုသီလျစေတနာကံသည်လည်းကောင်း။ ယံ ဒုဿီလျံ ဝါ၊ အကြင်ဒုဿီလျစေတနာကံသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ တဒေဝ၊ ထိုသုသီလျကံ ဒုဿီလျကံသည်သာလျှင်။ ပဌမံ၊ စွာ။ ဝိပစ္စတိ၊ အကျိုးပေး၏။ ဒူရာသန္နေသု၊ ဒူရကံ, အာသန္နကံတို့တွင်၊ ဝါ၊သေရာကာလမှ အဝေး၌ပြုအပ်သောကံ,အနီး၌ပြုအပ်သော ကံတို့တွင်။ မရဏကာလေ၊ သေခါနီးသောအခါ၌။ အနုဿရိတံ၊ အောက်မေ့အပ်သော။ ယံ အာသန္နံ၊ အကြင် အာသန္နကံသည်။ အတ္ထိ၊ ရှိ၏။ တဒေဝ၊ ထိုသေခါနီးကာလ၌ အောက်မေ့အပ်သော ကံဖြင့်သာလျှင်။ဥပပဇ္ဇတိ၊ဒုတိယဘဝ၌ ကပ်၍ဖြစ်တတ်၏၊ ဝါ၊ပဋိသန္ဓေနေတတ်၏။ အာသန္နကာလေ၊သေခါနီးကာလ၌။ ကတေ စ၊ပြုအပ်သောကံ၌ကား။ ဝတ္တဗ္ဗမေဝ၊ဆိုဖွယ်သည်ပင်လျှင်။ နတ္ထိ၊ မရှိ။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။ ကဋတ္တာ ပန ကမ္မံ၊ ကဋတ္တာကံသည်ကား။ ပုနပ္ပုနံ၊ အဖန်ဖန်အထပ်ထပ်။ လဒ္ဓါသေဝနံ၊ ရအပ်သောအာသေဝနပစ္စည်းရှိသည်ဖြစ်၍။ ပုရိမာနံ၊ ရှေး၌ဖြစ်သော ဂရုကံ, အာစိဏ္ဏကံ, အာသန္နကံ သုံးပါးတို့၏။ အဘာဝေ၊ မရှိခြင်းကြောင့်။ ပဋိသန္ဓိံ၊ ပဋိသန္ဓေကို။ အာကဍ္ဎတိ၊ ငင်၏။ ဣတိ၊ ဤသို့ဆိုအပ်ပြီးသောနည်းဖြင့်။ ဂရုကံ၊ ဂရုကကံသည်။ သဗ္ဗပဌမံ၊ အလုံးစုံသော ကံတို့၏ ရှေးဦးစွာ။ ဝိပစ္စတိ၊ အကျိုးပေး၏။ တထာ ဟိ တတော ဝေ၊ ကြောင့်သာလျှင်။ တံ၊ ထိုကံကို။ ဂရုကန္တိ၊ ဂရုကကံဟူ၍။ ဝုတ္တံ၊ဆိုအပ်၏။ ဂရုကေ၊ ဂရုကကံသည်။ အသတိ၊ မရှိခဲ့သော်။ ဗဟုလီကတံ၊ အကြိမ်များစွာ ပြုအပ်သောကံသည်။ ဝိပစ္စတိ၊ ၏။ တသ္မိံပိ၊ ထိုဗဟုလကံသည်လည်း။ အသတိ၊ သော်။ အာသန္နံ၊ အာသန္နကံသည်။ ဝိပစ္စတိ၊ ၏။ တသ္မိံပိ၊ ထို အာသန္နကံသည်လည်း။ အသတိ၊ သော်။ ကဋတ္တာ ဝါ ပနာတိ၊ ဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်သော။ ပုရိမဇာတီသု၊ ရှေးအတိတ်ဘဝတို့၌။ ကတကမ္မံ၊ ပြုအပ်သောကံသည်။ ဝိပစ္စတိ၊ အကျိုးပေး၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ ၏။

(ဤ၌ ကဋတ္တာကမ္မန္တိ-ဟု ဤဋီကာပါဌ်များ၌ ပါဌ်ပျက်လျက်ရှိကြ၏။ဝိသုဒ္ဓိမဂ် မဟာဋီကာ, အင်္ဂုတ္တိုရ် တိကနိပါတ်ဋီကာများနှင့် ညှိ၍ကြည့်ကြလေ)။

၁၂၄၅။ ပဋိသန္ဓိဒါနာဒိဝသေန၊ ပဋိသန္ဓေအကျိုးပေးခြင်း စသည်တို့၏ အစွမ်းအားဖြင့်။ ဝိပါကသန္တာနဿ၊ ဝိပါက်အစဉ်ကို။ နိဗ္ဗတ္တကံ၊ ဖြစ်စေတတ်သောကံသည်။ ဇနကံ၊ ဇနကကံမည်၏။ သုခဒုက္ခသန္တာနဿ ဝါ၊ ချမ်းသာဆင်းရဲအစဉ်၏လည်းကောင်း။ နာမရူပပဗန္ဓဿ ဝါ၊ နာမ်ရုပ်အစဉ်၏လည်းကောင်း။ စိရတရပဝတ္တိဟေတုဘူတံ၊ အထူးသဖြင့် ကြာမြင့်ရှည်စွာဖြစ်ခြင်း၏ အကြောင်းဖြစ်၍ ဖြစ်သောကံသည်။ ဥပတ္ထမ္ဘကံ၊ ဥပတ္ထမ္ဘကကံမည်၏။ တေန၊ ကြောင့်။ သုခဒုက္ခံ ဥပတ္ထမ္ဘေတိ အဒ္ဓါနံ ပဝတ္တေတိတိ၊ ဟူ၍။ ဒ၊ာဟ၊ ပြီ။ သုခဒုက္ခေ၊ ချမ်းသာဆင်းရဲသည်။ ပဝတ္တမာနေ၊ ဖြစ်သည်ရှိသော်။ ဗဟ္ဝာဗာဓတာဒိပစ္စယူပနိပါတနေန၊ များသော အနာရှိသည်၏ အဖြစ် စသော အကြောင်းကို ကပ်၍ကျစေခြင်း ဖြစ်စေခြင်းဖြင့်။ သဏိကံ သဏိကံ၊ ဖြည်းဖြည်းဖြည်းဖြည်း။ တဿ၊ ထိုသုခဒုက္ခကို။ ဝိဗာဓကံ၊ တားမြစ်တတ်သော ကံသည်။ ဥပပီဠကံ၊ ဥပပီဠကကံမည်၏။ တေန၊ ကြောင့်။ သုခဒုက္ခံ ပီဠေတိ ဗာဓေတိ အဒ္ဓါနံ ပဝတ္တိတုံ န ဒေတီတိ၊ ဟူ၍။ အာဟ၊ ပြီ။ တထာ၊ ထိုမှတပါး။ ပဋိပက္ခကမ္မဝိပါကဿ၊ ဆန့်ကျင်ဘက်ဖြစ်သောကံ၏ အကျိုးဝိပါက်၏။ အပ္ပဝတ္တိကရဏဝသေန၊ မဖြစ်ခြင်းကို ပြုခြင်း၏အစွမ်းအားဖြင့်။ ဥပစ္ဆေဒကံ ပဋိဗာဟကံ၊ တားမြစ်တတ်သောကံသည်။ ဥပဃာတကံ၊ ဥပဃာတကကံမည်၏။ တေန၊ ကြောင့်။ တဿ ဝိပါကံ ပဋိဗာဟိတွာတိ၊ ဟူ၍ အာဟ၊ ပြီ။

ရူပါရူပဝိပါကက္ခန္ဓေတိ၊ ကား။ ရူပဥ္စ၊ ကမ္မဇရုပ်ကိုလည်းကောင်း။ အရူပဝိပါကက္ခန္ဓေ စ၊ နာမ်ဝိပါက် ခန္ဓာတို့ကို လည်းကောင်း။ ဝါ၊ တနည်းကား။ ကမ္မဇရူပဿာပိ၊ ကမ္မဇရုပ်၏လည်း။ ဝိပါကပရိယာယော၊ ဝိပါကပရိယာယ်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ကြောင့်။ ရူပါရူပဝိပါကက္ခန္ဓေတိ၊ ဟူ၍။ ဝုတ္တံ၊ ပြီ။

(ဤ၌ ရူပါ ။ပ။ က္ခန္ဓေတိ-ဟူသောပါဌ်ကား။ ဝစနတ္ထပါဌ်မဟုတ်၊ စာကိုယ်က ဥလ္လင်္ဃပါဌ်သာ။ ၎င်းကို နှစ်ဝိကပ်ဖွင့်ရာ ပဌမဝိကပ် အဓိပ္ပါယ်မှာ ရူပပုဒ်ကို နောက် ဝိပါကက္ခန္ဓေ ဟူသော ပုဒ်နှင့် မစပ်ပဲ ရူပနှင့် အရူပဝိပါကက္ခန္ဓ ဒွန်သမာသ် ဖွင့်ပြသည်။ နောက်ဝိကပ် အဓိပ္ပါယ်မှာ ဝိပါကာနံ ခန္ဓော ဝိပါကက္ခန္ဓော၊ ဝိပါကာ ဧဝ ဝါ ခန္ဓာ ဝိပါကက္ခန္ဓာ၊ ယင်းသို့ နောက် ဝိပါကက္ခန္ဓာပုဒ်ကို ဝစနတ္ထပြု၍ ရူပဥ္စ အရူပဥ္စ ရူပါ ရူပါနိ၊ တေသံ ဝိပါကက္ခန္ဓာ ဟူသော အနက်ကို သော်လည်းကောင်း။ သို့မဟုတ် ရူပဥ္စ အရူပဥ္စ တထာ၊ တေသံ ဝိပါကာ ရူပါရူပဝိပါကာ၊ တေသံ ခန္ဓာ တေ ဧဝ ဝါ ခန္ဓာတိ ရူပါရူပဝိပါကက္ခန္ဓာ ဟူသော

အနက်ကို သော်လည်းကောင်း ပြသည်ဟု မှတ်ရမည်။ စာများ၌ကား ကျမ်းဂန်သွားရိုးမကျအောင် ပါဠိနေရှုတ်ထွေးပျက်စီးလျက်ရှိချေသည်၊ ပညာရှင်တို့ဉာဏ်ဖြင့် သက်ဝင်၍အဖန်ဖန် ဆင်ခြင်ကြပါလေ။)

**အညေန ကမ္မေနာတိ၊** ကား။ ကုသလေန ဝါ၊ ကုသိုလ်လည်းဖြစ်သော အကုသလေန ဝါ၊ အကုသိုလ်လည်းဖြစ်သော။ ကတ္တုဘူတေန၊ ကတ္တားဖြစ်၍ ဖြစ်သော။ အညေန ကမ္မေန၊ တပါးသောကံသည်။ ဒိန္နာယ၊ ပေးအပ်သော။ ပဋိသန္ဓိယာ၊ ၌။ ဝိပါကေ၊ ကို။ ဇနိတေ၊ ဖြစ်စေအပ်သည်ရှိသော်။ တေန၊ ကြောင့်။ ဇနိတေ ဝိပါကေတိ၊ ဟူ၍။ အာဟ၊ ပြီ။ ပဝတ္တိဝိပါကံ၊ ပဝတ္တိအကျိုး ဝိပါက်ကို။ သန္ဓာယ၊ ၍။ ဇနိတေ ဝိပါကေတိဣဒံ၊ ဟူသောဤစကားကို။ ဝုတ္တံ၊ မိန့်ဆိုအပ်၏။ ဣတိပိ၊ သို့လည်း။ ဝဒန္တိ၊ ကုန်၏။ **ဥပစ္ဆေဒကကမ္မုနာ ဥပတ္ထမ္ဘေတီတိ၊** ကား။ ဥပတ္ထမ္ဘကကမ္မံ၊ ဥပတ္ထမ္ဘကကံသည်။ ကုသလံ၊ ကုသိုလ်သည်။ **သမာနံ၊** ဖြစ်သည်ရှိသော်၊ ဝါ၊ ဖြစ်လျက်။ **အညေနပိ၊ တပါးလည်းဖြစ်သော။** ကုသလကမ္မေန၊ ကုသိုလ်ကံဖြင့်၊ ဝါ၊ ကြောင့်။ ဥပစ္ဆေဒမာနကံ၊ ဖြစ်လတ္တံ့သော။ သုခံ၊ ချမ်းသာကို။ တဿ၊ ထိုကံ၏၊ ဝါ၊ ထိုသူ၏။ ပဋိပက္ခဝိဗာဓနေဝ- သေန၊ ဆန့်ကျင်ဘက်ကို တားမြစ်ခြင်း၏ အစွမ်းအားဖြင့်။ ဥပတ္ထမ္ဘေတိ၊ ထောက်ပံ့၏။ အကုသလံ၊ အကုသိုလ်သည်။ **သမာနံ၊** ဖြစ်သည်ရှိသော်၊ ဝါ၊ ဖြစ်လျက် (လိုက်)။ အညေန၊ သော။ အကုသလကမ္မေန၊ အကုသိုလ်ကံဖြင့်။ ဝါ၊ ကြောင့်။ ဥပစ္ဆေဒမာနကံ၊ ဖြစ်လတ္တံ့သော၊ ဒုက္ခံ၊ ဆင်းရဲကို။ တထေဝ၊ ထိုအတူပင်လျှင်။ ဥပတ္ထမ္ဘေတိ၊ ထောက်ပံ့၏။ ဧဝဉ္စ၊ ဤသို့လျှင်။ ဥပတ္ထမ္ဘေန္တံ၊ ထောက်ပံ့တတ်သောကံသည်။ တံ၊ ထိုသုခ ဒုက္ခကို။ ဒီဃကာလံ၊ ရှည်မြင့်စွာသောကာလပတ်လုံး။ ပဝတ္တေတိ နာမ၊ ဖြစ်စေသည်မည်၏။ ဣတိ၊ ကြောင့်။ အဒ္ဓါနံ ပဝတ္တေတီတိ၊ ဟူ၍။ အာဟ၊ ပြီ။

**ဥပစ္ဆေဒကကမ္မံ ပီဠေတီတိ၊** ကား၊ (ဤင်းကား ဝိဂ္ဂဟ်ပြုလုပ်သောပါဠိ မဟုတ်၊ စာကိုယ်က ဥလ္လင်္ဃပါဠိသာ၊ဥပတ္ထမ္ဘကကံ၌ ဆိုခဲ့ပြီးသော **နောက်စကား** နှင့်ညှိ၍သိလေ၊ ကြံလေ)။ ဥပပီဠကကမ္မံ၊ ဥပပီဠကကံသည် (ဤင်းကို ဥပစ္ဆိန္ဒန္တိ ပီဠေတိ၊ ဝိစ္ဆိန္ဒန္တိ ပီဠေတိ တို့မှာစပ်လေ)။ အကုသလံ၊ သည်။ **သမာနံ၊ သော်၊** ဝါ၊ လျက်။ သုခိတဿ၊ ချမ်းသာသော၊ ဝါ၊ ချမ်းသာခြင်းသို့ရောက်သော၊ ဝါ၊ ဖြစ်သောချမ်းသာခြင်းရှိသော ပုဂ္ဂိုလ်၏။ ရောဂါဒိအန္တရာယ ကာရဏ သမ္ဘာဒက ဘာဝေန၊ ရောဂါစသောအန္တရာယ်၏အကြောင်းကို ပြည့်စုံစေတတ်သည်၏အဖြစ်ဖြင့်။ သုခသန္တာနံ၊ သုခအစဉ်ကို။ ဥပစ္ဆိန္ဒန္တံ၊ ကပ်၍ဖြတ်တတ်သည်ဖြစ်၍။ ပီဠေတိ၊ နှိပ်စက်တတ်၏။ ကုသလဉ္စ၊ သည်လည်း။ သမာနံ၊ သော၊ ဝါ၊ လျက်။ ရောဂါဒိနာ၊ ရောဂါစသည်ဖြင့်။ ဒုက္ခိတဿ၊ ဆင်းရဲသော၊ ဝါ၊ ဆင်းရဲခြင်းသို့ ရောက်

သော၊ဝါ၊ ဖြစ်သော ဆင်းရဲခြင်းရှိသော ပုဂ္ဂိုလ်၏။ ဘေသဇ္ဇာဒိ သုခါဒိကာရဏာ သမ္ပာဒက ဘာဝေန၊ ဆေးစသောသုခစသည်၏ အကြောင်းကို ပြည့်စုံစေတတ်သည်၏ အဖြစ်ဖြင့်။ ဒုက္ခသန္တာနံ၊ ဒုက္ခအစဉ်ကို။ ဝိစ္ဆိန္ဒန္တံ၊ ဖြတ်တတ်သည်ဖြစ်၍။ ပိဋ္ဌေတိ၊ နှိပ်စက်တတ်၏။ ကေစိ ပန၊ အချို့သောဆရာတို့သည်ကား။ သုခဒုက္ခဿ၊ သုခဒုက္ခ၏။ ကာရဏံ၊ အကြောင်းကို၊ အသမ္ပာဒေန္တမ္ပိ၊ မပြည့်စုံစေတတ်သော်လည်း။ ပဋိသန္ဓိဒါယက ကမ္မဿ၊ ပဋိသန္ဓေအကျိုးကိုပေးတတ်သောကံ၏။ ပဝတ္တိဝိပါကံ၊ ပဝတ္တိအကျိုးကို။ ပဋိဗာဟိတွာ၊ တားမြစ်၍။ သယံ၊ မိမိကိုယ်တိုင်။ ဝိပါကဒါယကမ္ပိ၊ အကျိုးဝိပါက်ကိုပေးတတ်သော ကံသည်လည်း။ ဥပပီဠကကမ္မံ၊ မည်၏။ ဣတိ၊ သို့။ ဝဒန္တိ၊ ကုန်၏။ ဧဝံသန္တေ ပန၊ ဤသို့ဖြစ်သည်ရှိသော်ကား။ ပဋိသန္ဓိဒါယကမေဝ၊ ပဋိသန္ဓေကို ပေးတတ်သောကံသည်ပင်လျှင်။ ဇနကကမ္မံ၊ ဇနကကံမည်၏။ ဣတိ၊ သို့။ ဝုတ္တံ၊ ဆိုအပ်သည်။ သိယာ၊ ဖြစ်ရာ၏။

အပိ စ၊ တနည်းသော်ကား။ ဥပဃာတကေန၊ ဥပဃာတကကံနှင့်။ သဟ၊ တကွ။ ဣမဿ၊ ဤဥပပီဠကကံ၏။ ဝိသေသာဘာဝေါ၊ အထူးမရှိခြင်းသည်။ အာပဇ္ဇတိ၊ ဖြစ်ခဲ့ရာ၏။ တံ၊ထိုဥပပီဠကကံသည်။ ပဋိသန္ဓိဝိပါကဿ၊ ပဋိသန္ဓေ အကျိုးကို။ ပဋိဗာဟကံ၊ တားမြစ်တတ်၏။ ဣတိ စေ၊ ဤသို့ဆိုခဲ့ငြားအံ့။ တံ၊ ထိုသို့ဆိုသော စောဒကဆရာ၏ စကားကိုလည်း။ န၊ထိုသို့ဆိုတိုင်း မမှတ်အပ်။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ အဝိသေသေန၊ ပဋိသန္ဓေကျိုးပဝတ္တိကျိုးဟုအထူးမပြုပဲ သာမညအားဖြင့်။ ဝုတ္တတ္တာ၊ တဿ ဝိပါကံ ပဋိဗာဟိတွာဟု ဆိုအပ်သည်၏ အဖြစ်ကြောင့်တည်း။ ဣတိ၊ သို့။ ဝေတဗ္ဗံ၊ ၏။ ဒုဗ္ဗလကမ္မဿာဝေတွာ တိ၊ ဟူ၍။ ဝုတ္တော၊ ဆိုအပ်သည်ရှိသော် (အာပန္နံမှာစပ်)။ တဿ၊ ထို အားနည်းသောကံ၏။ ပုဗ္ဗေယေဝ၊ ရှေး၌ပင်လျှင်၊ သိဒ္ဓတ္တာ စ၊ ပြီးပြီးသည်၏အဖြစ်ကြောင့် လည်းကောင်း။ နိရုဒ္ဓတ္တာ စ၊ ချုပ်ပြီးသည်၏ အဖြစ်ကြောင့် လည်းကောင်း။ ကထံ၊ အဘယ်သို့လျှင်။ ဣဒံ၊ ဤ ဥပဃာတကကံသည်။ တဒုပဃာတကံ၊ ထိုအားနည်းသောကံကို ကပ်၍ ညှဉ်းဆဲတတ်သည်။ ဟောတိ-နနု၊ ဖြစ်သနည်း။ ဣတိ၊ သို့။ အာပန္နံ၊ အနက်အားဖြင့်ရောက်သော။ စောဒနံ၊ စောဒနာ ခြင်းကို။ သန္ဓာယ၊ ၍။ ကမ္မဿ၊ ကံကို။ ဃာတနံ နာမ၊ ညှဉ်းဆဲခြင်း မည်သည်။ တဿ၊ ထိုကံ၏။ ဝိပါက ပဋိဗာဟနမေဝ၊ အကျိုးဝိပါက်ကို တားမြစ်ခြင်းပင်လျှင်တည်း။ ဣတိ၊ သို့။ ဒဿေန္တော၊ ပြတော်မူလိုသော အရှင်ဗုဒ္ဓဒတ္တဆရာသည်။ တဿ ဝိပါကံ ပဋိဗာဟိတွာတိ၊ ဟူ၍။ အာဟ၊ ပြီ။ တပ္ပဋိဗာဟနဉ္စ၊ ထိုကံ၏ အကျိုးဝိပါက်ကို တားမြစ်ခြင်းဟူသည်လည်း၊ အတ္တနော၊ မိမိ၏။ဝိပါ-ကုပ္ပတ္တိယာ၊ အကျိုးဝိပါက်ဖြစ်ခြင်းငှါ၊ ဝါ၏။ ဩကာသကရဏံ၊ အခွင့်ပြုခြင်းတည်း။ ဣတိ၊ ကြောင့်။ အတ္တနော ဝိပါကဿ ဩကာသံ ကရောတီတိ၊ ဟူ၍။ ဝုတ္တံ၊ ပြီ။ ဝိပစ္စနာယ၊ အကျိုးပေးခြင်းငှါ။ ကတောကာသံ၊ ပြုအပ်သောအခွင့်

ရှိသော။ ကမ္မံ၊ သည်။ ဝိပက္ကမေဝ နာမ၊ ရင့်ကျက်သည်သာလျှင်မည်သည်၊ ဝါ၊ အကျိုးပေးသည်သာလျှင်မည်သည်၊ ဝါ၊ အကျိုးကိုဖြစ်စေသည်သာလျှင် မည်သည်။ ဟောတိ၊ ၏။ ဣတိ၊ ကြောင့်။ ဧဝံ ။ပ။ ဥပ္ပန္နံ နာမ ဟောတီတိ၊ ဟူ၍။ အာဟ၊ ပြီ။

ဥပပီဠကံ၊ သည်။ အညဿ၊ တပါးသောကံ၏။ ဝိပါကံ၊ကို။ ဥပစ္ဆိန္ဒတိ၊ကပ်၍ ဖြတ်တတ်၏။ သယံ၊ မိမိကိုယ်တိုင်။ အတ္တနော၊ မိမိ၏။ ဝိပါကံ၊ ကို။ န ဒေတိ၊ မပေး၊ ဝါ၊ မဖြစ်စေ။ ဥပဃာတကံ ပန၊ သည်ကား။ ဒုဗ္ဗလကမ္မံ၊ အားနည်းသောကံကို။ ဥပစ္ဆိန္ဒိတွာ၊ ဖြတ်၍။ အတ္တနော၊ ၏။ ဝိပါကံ၊ ကို။ ဥပ္ပါဒေတိ၊ ဖြစ်စေတတ်၏။ ဣတိ အယမေဝ၊ ဤမျှလောက်သာလျှင်။ တေသံ၊ ထိုဥပပီဠကကံ, ဥပဃာတက ကံတို့၏။ ဝိသေသော၊ အထူးတည်း။

ကေစိ ပန အာစရိယာ၊ အချို့သော အရှင်ဓမ္မပါလဆရာတို့သည်ကား။ အပရေနာပိ နယေန၊ တပါးသောနည်းဖြင့်လည်း။ ဇနကာဒိကမ္မံ၊ ဇနကစသောကံကို။ ဣစ္ဆန္တိ၊ အလိုရှိကြကုန်၏။ ကထံ ဣစ္ဆန္တိ၊ အဘယ်သို့ အလိုရှိကုန်သနည်း ဟူမူကား။ ယသ္မိံ ကမ္မေ၊ အကြင်ကံကို။ ကတေ၊ ပြုအပ်သည်ရှိသော်။ ပဋိသန္ဓိယံ စ၊ ပဋိသန္ဓေအခါ၌လည်းကောင်း။ ပဝတ္တေ စ၊ ပဝတ္တိအခါ၌လည်းကောင်း။ ဝိပါကကဋတ္တာရူပါနံ၊ဝိပါက်ကဋတ္တာရုပ်တို့၏။ဥပ္ပတ္တိ၊ဖြစ်ခြင်းသည်။ဟောတိ၊၏။ တံ၊ ထိုကံသည်။ဇနကံ၊ ဇနကကံမည်၏။ယသ္မိံ၊ အကြင်ကံကို။ကတေ ပန၊ပြုအပ်သည်ရှိသော်ကား။အညေန၊တပါးသောကံသည်။ ဇနိတဿ၊ ဖြစ်စေအပ်သော။ ဣဋ္ဌဿ ဝါ၊ ဣဋ္ဌလည်းဖြစ်သော။ အနိဋ္ဌဿ ဝါ၊ သော။ ဖလဿ၊ အကျိုးကို။ ဝိဗာဓကဝိစ္ဆေဒက ပစ္စယာနုပ္ပတ္တိယာ စ၊ တားမြစ်တတ်, ဖြတ်တတ်သော အကြောင်းတို့၏ မဖြစ်ခြင်းဖြင့်၊ ဝါ၊ အားဖြင့်လည်းကောင်း။ ဥပဗြူဟကပစ္စယုပ္ပတ္တိယာ စ၊ ပွါးစေတတ်သောအကြောင်း၏ ဖြစ်ခြင်းဖြင့်၊ ဝါ၊ အားဖြင့်လည်းကောင်း။ ဇနကာနုဘာဝါနုရူပံ၊ ဇနကကံ၏ အာနုဘော်အားလျော်စွာ။ ပရိပေါသစိရတရပ္ပဗန္ဓာ[၁]၊ ပွါးစေအပ်ကုန်သည်ဖြစ်၍ အထူးသဖြင့် ရှည်ကြာမြင့်စွာ ကာလပတ်လုံးဖြစ်သော ဝိပါက်အစဉ်တို့သည်။ ဟောန္တိ၊ ကုန်၏။ တံ၊ ထိုကံသည်။ ဥပတ္ထမ္ဘကံ၊ မည်၏။ ဇနကေန၊ ဇနကကံသည်။ နိဗ္ဗတ္တိတံ၊ ဖြစ်စေအပ်သော။ ကုသလဖလံ ဝါ၊ ကုသိုလ်၏ အကျိုးကိုလည်းကောင်း။ အကုသလဖလံ ဝါ၊ အကုသိုလ်၏ အကျိုးကိုလည်းကောင်။ ပစ္စနီကဘူတေန၊ ဆန့်ကျင်ဘက်

---

၁။ ဤ၌ အလုံးစုံဤဋီကာပါဌ်များမှာ“ပရိပေါသကစိရတရဟု” ကတ္တုဝါစကပုဒ်အဖြစ်ဖြင့်သာ ပါဌ်ရှိကြ၏၊ မသင့်၊ ဝိသုဒ္ဓိမဂ်မဟာဋီကာပါဌ်နှင့်အညီ က မပါစေပဲ ကမ္မဝါစက ပုဒ်အဖြစ်ဖြင့်“ပရိပေါသစိရတရ”စသည်ဖြင့်သာ ပါဌ်မှန် ရှိစေရမည်။

ဖြစ်၍ဖြစ်သော။ ယေန၊ အကြင်ကံသည်။ ရောဂဓာတုသမတာဒိနိမိတ္တတာယ[၁]၊ အနာရောဂါ, ဓာတ်ညီညွတ်သည်၏အဖြစ်စသော အကြောင်း၏ အဖြစ်ဖြင့်၊ ဝါ၊ အားဖြင့်။ ဗာဓိယတိ၊ တားမြစ်အပ်၏။ တံ၊ ထိုကံသည်။ ဥပပီဠကံ၊ မည်၏။ ယေန ပန ကမ္မုနာ၊ သည်ကား(ဥပဟညတိ ဝိစ္ဆိဇ္ဇတိတို့မှာစပ်လေ)။ဇနကသာမတ္ထိယဝသေန၊ ဇနကကံ၏သတ္တိ၏အစွမ်းအားဖြင့်။ စိရတရပ္ပဗန္ဓာရဟံ၊ အထူးသဖြင့်ကြာမြင့်ရှည်စွာ ကာလပတ်လုံး အစဉ်ဖြစ်ခြင်းငှါထိုက်သည်။ သမာနမ္ပိ၊ ဖြစ်သည်လည်း ဖြစ်သော။ ဖလံ[၂]၊ အကျိုးကို။ ဝိစ္ဆေဒကပ္ပစ္စယုပ္ပတ္တိယာ၊ ဖြတ်တတ်သော အကြောင်း၏ ဖြစ်ခြင်းဖြင့်၊ ဝါ၊ အားဖြင့်။ ဥပဟညတိ၊ ကပ်၍ ညှဉ်းဆဲအပ်၏။ ဝိစ္ဆိဇ္ဇတိ၊ ဖြတ်အပ်၏။ တံ၊ ထိုကံသည်။ ဥပဃာတကံ၊ မည်၏။ ဣတိ၊ သို့။ ဣစ္ဆန္တိ၊ အလိုရှိကြလို၏ (ပြန်လှည့်)။

စ၊ ဆက်....အံ့။ တ္တေ၊ ဤဇနကစသော ကံအရာ၌။ ကေစိ၊ အချို့သော မဇ္ဈိမနိကာယ်ဆောင်ပုဂ္ဂိုလ်တို့သည် (ဝဏ္ဏေန္တိ မှာစပ်)။ အပ္ပါဗာဓဒီဃာယုကတာသံဝတ္တနဝသေန၊ နည်းသော အနာရှိသည်၏အဖြစ်, ရှည်သော အသက်ရှိသည်၏ အဖြစ်ကို ဖြစ်စေခြင်း၏ အစွမ်းအားဖြင့်။ ဒုတိယဿ၊ နှစ်ခုမြောက်သော ဥပတ္ထမ္ဘကကံ၏။ ကုသလဘာဝံ စ၊ ကုသိုလ်ကံ၏ အဖြစ်ကို လည်းကောင်း။ ဗဟွာဗာဓအပ္ပါယုကတာ သံဝတ္တနဝသေန၊ များသောအနာရှိသည်၏ အဖြစ်, နည်းသော တိုသော အသက်ရှိသည်၏ အဖြစ်ကို ဖြစ်စေခြင်း၏ အစွမ်းအားဖြင့်။ ပစ္ဆိမာနံ၊ နောက်၌ဖြစ်ကုန်သော။ ဒွိန္နံ၊ နှစ်ပါးသော ဥပပီဠကကံ, ဥပဃာတက ကံတို့၏။ အကုသလဘာဝံ စ၊ အကုသိုလ်ကံ၏ အဖြစ်ကိုလည်းကောင်း။ ဝဏ္ဏေန္တိ၊ ဖွင့်ဆိုကြကုန်၏ (၎င်းအကြောင်းကို ဥပရိပဏ္ဏာသသုဘာသုတ်(သို့မဟုတ်) စူဠကမ္မဝိဘင်္ဂသုတ် အဖွင့် အဋ္ဌကထာမှာ အဆိုရှိသည်)။ပန၊ ယင်းသို့ပင်ဖွင့်ဆိုကြကုန်သော်လည်း။ ဘူရိဒတ္တာဒီနံ[၃]၊ ဘူရိဒတ်အစရှိကုန်သော။ နာဂါဒီနံ စ၊ နဂါးစသည်တို့အား လည်းကောင်း။ ဣတော၊ ဤလူ့ပြည်မှ၊ အနုပ္ပဒိန္နယာပနကပေတာနဉ္စ၊ ဆွေမျိုးတို့သည် ပေးဝေအပ်သော ကုသိုလ်

---

၁။ ဤ၌ အလုံးစုံဋီကာပါဌ်များမှာ ဝိနှင့်တကွ ဝိသမတာဒိ စသည်ဖြင့်သာ ပါဌ်ရှိကြ၏၊ မသင့်သည်သာ၊ ဝိသုဒ္ဓိမဂ် မဟာဋီကာပါဌ်နှင့်အညီ ဝိမပါစေပဲ ဓာတုသမတာဒိ စသည်ဖြင့်သာ ပါဌ်မှန်ရှိ စေရမည်။

၂။ ဤ၌ အများအားဖြင့် ဤဋီကာပါဌ်များမှာ လ, ထက်၌ သေးသေးတင်မပါပဲ ဖလဝိစ္ဆေဒက စသည်ဖြင့် ပါဌ်ပျက်လျက်ရှိကြ၏။ ဝိသုဒ္ဓိမဂ် မဟာဋီကာပါဌ်နှင့် အချို့ဤဋီကာပါဌ်များနှင့်အညီ လ, ထက်၌ သေးသေးတင်နှင့်တကွ သမာနံဖလံ ဝိစ္ဆေဒကစသည်ဖြင့်သာ ပါဌ်မှန်ရှိစေရမည်။ ၎င်းကား ဝုတ္တကံပုဒ်တည်း။

၃။ ဤအရာမှာ ဝိသုဒ္ဓိမဂ်မဟာဋီကာပါဌ်၌ ဒေဝဒတ္တာဒီနံဟု ပါဌ်ပျက်လျက်ရှိသည်၊ သတိရှိစေ။

အဖိုဘာဂဖြင့် မျှတကုန်သော ပြိတ္တာတို့အား လည်းကောင်း။ အပါယေသု၊ အပါယ်ဘုံတို့၌။ အကုသလဝိပါကဿ၊ အကုသိုလ်၏ အကျိုးဝိပါက်ကို။ ဥပတ္ထမ္ဘ-နုပပီဠနု ပဃာတကာနိ၊ ထောက်ပံ့ကပ်၍ ညှဉ်းဆဲကပ်၍ သတ်ဖြတ်တတ်ကုန်သော။ အကုသလ ကုသလကမ္မာနိ၊ အကုသိုလ်ကံ ကုသိုလ်ကံတို့သည်။ န န သန္တိ၊ မရှိကုန်သည် မဟုတ်ကုန်။ ဣတိ၊ ကြောင့်။ စတုန္နမ္ပိ၊ လေးပါးသော ကံတို့၏လည်း။ အကုသလ ကုသလဘာဝေ၊ အကုသိုလ်ကံ၏အဖြစ်ကုသိုလ်ကံ၏ အဖြစ်သည်။န ဝိရုဇ္ဈတိ[၁]၊ မဆန့်ကျင်။ ကမ္မာနံ၊ ကံတို့၏။ ကမ္မန္တ-ရဥ္စေဝ၊ ကံအထူးသည် လည်းကောင်း။ ဝိပါကန္တရဥ္စ၊ ဝိပါက်အထူးသည်လည်းကောင်း။ ဗုဒ္ဓါနံ၊ဘုရားရှင်တို့၏။ ကမ္မဝိပါက ဉာဏဿေဝ၊ ကမ္မဝိပါကဉာဏ်တော်အားသာလျှင်။ ယထာဝသရသတော၊ မဖောက်မပြန်ဟုတ်မှန်သော မိမိ၏သဘောအားဖြင့်။ ပါကဋံ၊ ထင်ရှားသည်။ ကိဥ္စာပိ ဟောတိ၊ အကယ်ကား ဖြစ်၏ရှင့်။ ဟိ သစ္စံ၊ ၏။ ဧတံ၊ ဤကမ္မဝိပါက ဉာဏ်တော်သည်။ သာဝကေဟိ၊ တပည့်သာဝကတို့နှင့်။ အသာဓာရဏံ၊ မဆက်ဆံသော။ ဗုဒ္ဓါဝေဏိကံ၊ ဘုရားသခင်တို့အားသာ သီးခြားဖြစ်သော ဉာဏ်တော်တည်း၊ ဝါ၊ သီးခြားဖြစ်သော။ သာဝကေဟိ၊ တို့နှင့်။ အသာဓာရဏံ၊ မဆက်ဆံသော ဉာဏ်တော်တည်း။ ပန တထာပိ၊ ထိုသို့ပင်ဖြစ်သော်လည်း။ ဝိပဿကေန၊ ဝိပဿနာရှုသောယောဂီပုဂ္ဂိုလ်သည်။ ဧကဒေသတော၊ တစိတ်တဒေသအားဖြင့်၊ ဝါ၊ အချို့ အဝက်အားဖြင့်။ ဇာနိတဗ္ဗံ၊ ကံအထူးဝိပါက်အထူးကို သိသင့်သိထိုက်၏ (ဝိသုဒ္ဓိမဂ်၌ကား ဝိပဿကေနပုဒ်နောင် ကမ္မန္တရဥ္စ ဝိပါကန္တရဥ္စပုဒ် တိုက်ရိုက်ပါရှိသည်)။ ဟိ သစ္စံ၊ ၏။ သဗ္ဗေန သဗ္ဗံ၊ အချင်းခပ်သိမ်း။ အဇာနန္တဿ၊ ကံအထူးဝိပါက်အထူးကို မသိသော ယောဂီပုဂ္ဂိုလ်အား၊ ဝါ၊ ၏။ ပစ္စယ ပရိဂ္ဂဟော၊ အကြောင်းကို သိမ်းဆည်းခြင်းသည်။ န ပရိပူရတိ၊ မပြည့်စုံမလုံလောက်။ ဣတိ တသ္မာ၊ ကြောင့်။ အဿ၊ထိုယောဂီပုဂ္ဂိုလ်၏။ တာဒိသံ၊ ထိုသို့ အပြည့်အစုံ အလုံ အလောက်သဘောရှိသော။ ပစ္စယပရိဂ္ဂဟံ၊ အကြောင်း သိမ်းဆည်းခြင်းကို။သန္ဓာယ၊ ၍။ ဣတိ ဣမသ္မိံ အာဒိ၊ ဣတိ ဣမံ ဤသို့ အစရှိသည်ကို။ ဝုတ္တံ၊ ပြီ။

---

၁။ ဤ၌ ဤဋီကာပါဌ်များမှာ ဥပတ္ထမ္ဘနု ။ပ။ ကာနိ ကုသလကမ္မာနိ သန္တိတိ စတုန္နမ္ပိ ကုသလာ-ကုသလဘာဝေါ နဝိရုဇ္ဈတိ-ဟု အကုသလဟူသောပုဒ် ပဋိသေဓ န-နှစ်လုံး မပါ ကျပျောက် စတုန္နမ္ပိနောင်လည်း ကုသလနှင့် အကုသလ ၂-ပုဒ် ရှေ့နောက် အစဉ်ချွတ်ပျက်ကာ ပါဌ်ရှိကြ၏။ ဝိသုဒ္ဓိမဂ်မဟာဋီကာပါဌ်နှင့်အညီ ယခုငါတို့ ယောဇနာခဲ့သော "ဥပတ္ထမ္ဘနု။ လ။ ကာနိ အကုသလ ကုသလကမ္မာနိ နနသန္တိတိ စတုန္နမ္ပိ အကုသလ ကုသလဘာဝေါ န ဝိရုဇ္ဈတိ" ဟူသော ပါဌ်သာ အသင့်ဟု သန္နိဋ္ဌာန် ကျမှတ်ယူကြလေ။

ယာဒိသေဟေဝ၊ အကြင်သို့သဘောရှိသည်သာလျှင် ဖြစ်ကုန်သော။ ပစ္စယေဟိ၊ အကြောင်းတို့ဖြင့်။ ပစ္စုပ္ပန္နေ၊ သော။ အဒ္ဓါနေ၊ အစွန့်ကာလ၌။ နာမရူပဿ၊ ၏။ ပဝတ္တိ၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ၏။ တာဒိသေဟေဝ၊ ထိုသို့သဘောရှိသော အကြောင်းတို့ဖြင့်သာလျှင်။ ဣတရသ္မိံပိ၊ ဤမှတပါးလည်းဖြစ်သော။ အဒ္ဓါဒ္ဝယေ၊ အတိတ်အနာဂတ်ဟူသော အစွန့်ကာလ နှစ်ပါးအပေါင်း၌။ နာမရူပဿ၊ ၏။ ပဝတ္တိ၊ သည်။ ဟောတိ၊ ၏(ပြန်လှည့်)။ဣတိ ဧဝံ၊ သို့။ယထာ၊ အကြင်သို့သော အခြင်းအရာအားဖြင့်။ အတီတာနာဂတေ၊ အတိတ်အနာဂတ်ကာလ၌။ နယံ၊ နည်းကို။ နေတိ၊ ဆောင်၏။ တံ၊ ထိုအခြင်းအရာကို။ဒဿေတုံ၊ ငှါ။ ယထာ ဣဒန္တိအာဒိ၊ ကို၊ ဝုတ္တံ၊ ပြီ။ ယသ္မာ၊ မူကား။ စေတနာယ၊ စေတနာခြင်း၏။ အဒ္ဓါတ္တယေပိ၊ အစွန့်ကာလသုံးပါးအပေါင်း၌လည်း။ ကိရိယာကိရိယာ ဖလမတ္တတာဒဿနပရတ္တာ၊ ပြုခြင်း အကျိုး, မပြုခြင်းအကျိုးမျှ၏အဖြစ်ကို ပြခြင်းလျှင် ပြဋ္ဌာန်းခြင်းရှိသည်၏ အဖြစ်ကြောင့်တည်း။

ဣတိ ကမ္မဋ္ဌေဝါတိအာဒိ၊ ဣတိ ကမ္မဋ္ဌေဝ ဤသို့အစရှိသော ဧကားကို။ ပုတ္တဿေဝ၊ ဆိုအပ်ပြီးသည်သာလျှင်ဖြစ်သော။ အတ္ထဿ၊ အနက်၏၊ ဝါ၊ ကို။ နိဂမနဝသေန၊ နိဂုံး၏၊ ဝါ၊ နိဂုံးအုပ်ခြင်း၏ အစွမ်းအားဖြင့်။ ဝုတ္တံ၊ မိန့်ဆိုအပ်၏။ တဿေဝံ ။ပ။ ပဟိယျတီတိ၊ ကား။ ဧဝံ၊ သို့။ သမနုပဿတော၊ ရှုသော။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်အား၊ ဝါ၊ ၏။ ပုဗ္ဗန္တာဒယော၊ ရှေးအတိတ်ခန္ဓာအာယတနဓာတ်စသည်တို့ကို။ အာရဗ္ဘ၊ အာရုံပြု၍။ အဟောသိံ နုခေါ ဒ္ဟန္တိအာဒိနာ၊ ္သော။ နယေန၊ ဖြင့်။ ပဝတ္တာ၊ သော။ ယာ သာ ဝိစိကိစ္ဆာ၊ အကြင်ယုံမှားခြင်းသည်။ အတ္ထိ၊ ၏။ သဗ္ဗာ၊ သော။ ဝိစိကိစ္ဆာ၊ ကို။ ပဟိယျတိ၊ ပယ်အပ်၏။

၁၂၄၆-ဂ။ ပန၊ ဆက်အံ့။ တာယ၊ ထိုယုံမှားခြင်းကို။ ပဟီနာယ၊ ပယ်အပ်ပြီးသည်ရှိသော်။ သဗ္ဗဘဝယောနိဂတိဋ္ဌိတိသတ္တဝါသေသု၊ အလုံးစုံသော ဘဝသုံးပါး, ယောနိလေးပါး, ဂတိငါးပါး, ဝိညာဏဋ္ဌိတိခုနစ်ပါး, သတ္တာဝါသကိုးပါးတို့၌။ ဟေတုဖလသမ္ဗန္ဓဝသေနေဝ၊ အကြောင်းနှင့် အကျိုးစပ်ခြင်း၏ အစွမ်းအားဖြင့်သာလျှင်။ ပဝတ္တမာနံ၊ သော။ နာမရူပမတ္တမေဝ၊ နာမ်ရုပ်မျှသည်သာလျှင်။ ခါယတိ၊ ထင်၏။ တေနေဝ၊ ကြောင့်သာလျှင်။ ဟေတုဖလသမ္ဗန္ဓဝသေနေဝါတိအာဒိ၊ ကို။ အာဟ၊ ပြီ။ ကာရဏသာမဂ္ဂိယံ၊ အကြောင်း၏ ညီညွတ်ခြင်းသည်။ သတိ၊ ရှိသော်။ ဒါနာဒီဟိ၊ ဒါနစသည်တို့ဖြင့်၊ ဝါ၊ တို့သည်။ သာဓိတကိရိယာယ၊ ပြီးစေအပ်သော အမူအရာသည်။ ပဝတ္တမာနာယ၊ သော်။

အဘိဓမ္မာဝတာရ(ဒု)၄၁—ပ-မ-သ-စ

ကရဏမတ္တေ[၁]၊ ပြုခြင်းကြီယာမျှ၌။ ကတ္တုဝေါဟာရော၊ ပြုတတ်၏ ဟူသော ကတ္တားဝေါဟာရသည်။ ဟောတိ၊ ၏။ ဣတိ၊ ကြောင့်။ ကရဏတော ဥဒ္ဓံ ကာရကံ န စ ပဿတီတိ၊ ဟူ၍။ အာဟ၊ ပြီ။ ပါက ။ပ။ ပဋိဝေဒကံ၊ အကျိုးကိုခံစားတတ်သော၊ ဝါ၊ ရတတ်သော ပုဂ္ဂိုလ်ကို။ န ပဿတိ၊ မမြင်။ ဣတိ အယံ၊ ကား။ သမ္ဗန္ဓော၊ တည်း။ ပါကပဋိဝေဒကန္တိ၊ ကား။ ဝိပါကဿ၊ ကို။ ဝိန္ဒကံ၊ ခံစားဘတ်၊ ဝါ၊ ရတတ်သောပုဂ္ဂိုလ်ကို(န ပဿတိ-မှာစပ်)။ ပန၊ ဆက်အံ့။ ဧဝံ၊ သို့။ အပဿန္တော၊ ပဋိဝေဒကပုဂ္ဂိုလ်ကို မမြင်ကုန်ပဲလျက်၊ ဝါ၊ ကုန်သော (ပဏ္ဍိတာ ဝေါဟရန္တိ-မှာစပ်)ကရဏော၊ ပြုခြင်းသည်။သတိ၊ သော်။ ကာရကော၊ ပြုတတ်သော ပုဂ္ဂိုလ်သည်။ အတ္ထိ၊ ၏။ ဝိပါကပ္ပဝတ္တိယာ၊ သည်။ သတိ၊သော်။ ပဋိသံဝေဒကော၊ အကျိုးခံစားတတ်သော ပုဂ္ဂိုလ်သည်။ အတ္ထိ၊ ၏။ ဣတိ၊ သို့။ သမညာမတ္တေနဝ၊ အမည်ဝေါဟာရ မျှဖြင့်သာလျှင်။ ပဏ္ဍိတာ၊ ပညာရှိပုဂ္ဂိုလ်တို့သည်။ ဝေါဟရန္တိ၊ ခေါ်ဝေါ်ကြကုန်၏။ ဣစ္စေဝံ ဣတိ ဧဝံသို့။ သမ္မပ္ပညာယ၊ မဖောက်မပြန်ဟုတ်မှန်သော အသိဉာဏ်ပညာဖြင့်။ ပဿတိ၊ ၏။ သုဒ္ဓဓမ္မာတိ၊ ကား။ ကေနစိ၊ တစုံတယောက်သော။ သတ္တေန ဝါ၊ သတ္တပါနှင့် လည်းကောင်း။ ပုဂ္ဂလေန ဝါ၊ နှင့်လည်းကောင်း။ အမိဿဓမ္မာ၊ မရောမယှက်သော တရားတို့သည် (ပဝတ္တန္တိ-မှာစပ်)။ ဧဝေတန္တိ၊ ကား။ ဧဝံ ဝိဓံ၊ ဤသို့ သဘောရှိသော။ ဧတံ ဒဿနံ၊ ဤသို့ရှုမြင်ခြင်းသည်။သမ္မဒဿနံ၊မဖောက်မပြန် ဟုတ်မှန်သည့်အတိုင်းရှုမြင်ခြင်းတည်း။ အဝိပရီတဒဿနံ၊မဖောက်မပြန်ဟုတ်မှန် သည့်အတိုင်းရှုမြင်ခြင်းတည်း။ ဣတိ အယံ၊ ကား။ အတ္ထော၊ တည်း။

၁၂၄၉။ ဗီဇရုက္ခာဒိကာနံ ဝါတိ၊ ကား။ ဗီဇတော၊ မျိုးစေ့မှ၊ ဝါ၊ကြောင့်။ ရုက္ခော၊ သစ်ပင်သည်။ နိဗ္ဗတ္တတိ၊ ဖြစ်၏။ ရုက္ခတော၊ မှ၊ ဝါ၊ ကြောင့်။ ဗီဇံ၊ သည်။ နိဗ္ဗတ္တတိ၊ ၏။ ဣတိ ဧဝံ၊ သို့။ ကာရဏပရမ္ပရာဝသေန၊ အကြောင်း အဆက်ဆက်ကို ရှာမှီးခြင်း၌။အနာဒိကာလိကတ္တာ၊ အစမထင်သော ကာလရှိ သည်၏အဖြစ်ကြောင့်။ ဗီဇရုက္ခသန္တာနဿ၊ မျိုးစေ့အစဉ်, သစ်ပင်အစဉ်၏။ ပုဗ္ဗာ၊ ရှေး၌ဖြစ်သော။ ကောဋိ၊ အစွန်းသည်။ နတ္ထိ ယထာ၊ မရှိသကဲ့သို့။ ဧဝံ တထာ၊ တူ။ ကမ္မပစ္စယာ၊ ကံဟူသောအကြောင်းမှ၊ ဝါ၊ ကြောင့်။ ဝိပါကော၊ အကျိုးဝိပါက်သည်။ နိဗ္ဗတ္တတိ၊ ၏။ ဝိပါကပစ္စယာ၊ အကျိုးဝိပါက်ဟူသော အကြောင်းမှ၊ ဝါ၊ ကြောင့်။ ကမ္မံ၊ သည်။ နိဗ္ဗတ္တတိ၊ ၏။ ဣတိ၊ သို့။ ပရိယေ-သနေ၊ ရှာမှီးခြင်း၌။ အနာဒိကာလိကတ္တာ၊ ကြောင့်။ ကမ္မဝိပါကသန္တာနဿ၊ ကံအစဉ်, အကျိုးဝိပါက်အစဉ်၏။ ပုဗ္ဗာ၊ သော။ ကောဋိ၊ သည်၊ ဝါ၊ ကို။ န

၁။ ဤ၌ အချို့ ဤစာကိုယ်ဋီကာ, ဝိသုဒ္ဓိမဂ်စာကိုယ်ဋီကာများမှာ အကြောင်းဟော ကာရဏပုဒ်နှင့် ပါဌ်ရှိကြ၏။ သင့်အံ့မထင် ဆင်ခြင်ကြလေ။ နောက်နောက်ပုဒ် များ၌လည်း ဤအတူပင်။

ပညာယတိ၊ မထင်၊ ဝါ၊ မသိအပ်။ အာဒိ-သဒ္ဒေန၊ ဖြင့်။ ကုက္ကုဋ္ဋိယာ၊ကြက်မမှ၊ ဝါ၊ ကြောင့်။ အဏ္ဍံ၊ အဥသည်။ နိဗ္ဗတ္တတိ၊ ၏။ အဏ္ဍတော၊ မှ၊ ဝါ၊ ကြောင့်။ ကုက္ကုဋ္ဋိ၊ သည်။ နိဗ္ဗတ္တတိ၊ ၏။ ပုနပိ၊ တဖန်လည်း။ ကုက္ကုဋ္ဋိယာ၊မှ၊ဝါ၊ကြောင့်။ အဏ္ဍံ၊ သည်။ နိဗ္ဗတ္တတိ၊ ၏။ ဣတိ ဧဝမာဒိံ၊ ဤသို့အစရှိသည်ကို။ သင်္ဂဏှာ-တိ၊ သိမ်းသွင်းရေတွက်၏။

၁၂၅၀-၃။ အနာဂတေပိ သံသာရေတိ၊ ကား။အတီတေ ယထာ၊ အတိတ်အခွန့်ကာလ၌ကဲ့သို့။ ဧဝံ တထာ၊ တူ။ အနာဂတေပိ အဒ္ဓါနေ၊ အနာဂတ်အခွန့်ကာလ၌လည်း။ ခန္ဓာနဥ္စ ပဋိပါဋိတိအာဒိနာ၊ ဤသို့အစရှိသည်ဖြင့်။ ဝုတ္တော၊ ဆိုအပ်သော။ သံသာရေ၊ သံသရာသည်။ သတိ၊ သော်။ အပ္ပဝတ္တိ န ဒိဿတီတိ၊ ကား။ ကမ္မတော၊ မှ၊ ဝါ၊ ကြောင့်။ ဝိပါကော၊ သည်။ ဘဝိဿတိ၊ဖြစ်လတ္တံ့ ။ ဝိပါကတော၊ မှ၊ ဝါ၊ ကြောင့်။ ကမ္မံ၊ သည်။ ဘဝိဿတိ၊ တ္တံ့ ။ ဣတိ၊ သို့။ အနာဂတေ၊ ၌။ ကာရိယပရမ္ပရာယ၊ အကျိုးအဆက်ဆက်ကို။ ဂဝေသိယမာနာ-ယ၊ ရှာမှီးအပ်သည်ရှိသော်။ အပရိက္ခီဏသံယောဇနဿ၊ မကုန်သေးသော သံယောဇဉ်ရှိသောပုဂ္ဂိုလ်အား၊ ဝါ၊ ၏။ ကမ္မဝိပါကာနံ၊ ကံနှင့်ဝိပါက်တို့၏။ အပ္ပဝတ္တိ၊ မဖြစ်ခြင်းသည်၊ ဝါ၊ ကို။ န ဒိဿတိ၊ မထင်၊ ဝါ၊ မရှုမြင်အပ်။ ပဝတ္တန္တိ ဧဝ၊ ဖြစ်ကုန်သည်သာလျှင်တည်း။ ဣတိ အယံ၊ကား။ အတ္ထော၊ တည်း။ ဟောတုဖလသမ္ဗန္ဓဝသေန၊ ဖြင့်။ ပဝတ္တမာနေ၊ သော။ သံသာရေ၊ ၌။ ပုဗ္ဗာ၊ သော။ ကောဋိ၊ သည်၊ ဝါ၊ ကို။ န ပညာယတိ၊ မထင်၊ ဝါ၊ မသိအပ်။ ဣတိ ဝစနေန၊ ဤသို့ဆိုခြင်းဖြင့်၊ ဝါ၊ ဤသို့သောစကားဖြင့်။ ကာရဏော၊အကြောင်း၌။ အာဒိဿ၊ အစ၏။ အဘာဝေါ၊ မရှိခြင်းကို။ ဝုတ္တော၊ မိန့်ဆိုအပ်၏။ အပ္ပ-ဝတ္တိ န ဒိဿတီတိ ဝစနေန၊ ဟူသောစကားဖြင့်။ ဖလဿ၊ အကျိုး၏။ အဝ-သာနာဘာဝေါ၊ အဆုံး၏မရှိခြင်းကို။ ဝုတ္တော၊ ၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။ တေမတ္တန္တိ၊ ကား။ ကမ္မဿ၊ ကို။ ကာရကော၊ ပြုတတ်သောပုဂ္ဂိုလ်သည်။ နတ္ထိ၊ မရှိ။ ဣတိအာဒိနာ၊ ဖြင့်။ ဝုတ္တမတ္တံ၊ ဆိုအပ်သောအနက်ကို၊ ဝါ၊ အကြောင်းကို (အနညာယ-မှာစပ်)။ အသယံဝသီတိ၊ ကား။ န သယံဝသိနော၊ မိမိအလိုမရှိကုန်သော၊ ဝါ၊ မိမိအလိုသို့ မလိုက်ကုန်သော။ မိစ္ဆာဘိနိဝေသပရဝသာ၊ မှား သောအားဖြင့် နှလုံးသွင်းခြင်းတည်းဟူသော သူတပါးအလိုသို့ လိုက်ကုန်သော (တိတ္ထိယာ-မှာစပ်)။ ဣတိ အယံ၊ ကား။ အတ္ထော၊ တည်း။ အညမညဝိရောဓိ-နောတိ၊ ကား။ ဣတရီတရဝိရုဒ္ဓါ၊ အချင်းချင်းအယူတခုသည် အယူတခုနှင့်၊ဝါ၊ တယောက်သည် တယောက်နှင့် ဆန့်ကျင်ကုန်သော။ ဒိဋ္ဌိယော ဝါ၊ မိစ္ဆာအယူတို့သည်လည်းကောင်း။ တိတ္ထိယာ ဝါ၊ မိစ္ဆာအယူရှိကုန်သော တိတ္ထိတို့သည်လည်းကောင်း။ အညမညေန၊ အယူတခုသည် အယူတခုနှင့်၊ဝါ၊တယောက်သည် တယောက်နှင့်။ သဟ၊ တကွ။ ဝိရောဓိနော၊ ဆန့်ကျင်ခြင်းရှိကုန်၏။ဂမ္ဘိရဉာဏ-

ဂေါစရတာယ၊ နက်နဲသောဉာဏ်ပညာ၏၊ ဝါ၊ နက်နဲသော ဉာဏ်ပညာရှိသော ပုဂ္ဂိုလ်တို့၏ ကျက်စားရာအာရုံ၏အဖြစ်ကြောင့်။ ဂမ္ဘီရံ၊ နက်နဲသော။ တထာ၊ ထိုအတူ သိမ်မွေ့သောဉာဏ်ပညာ၏၊ ဝါ၊ သိမ်မွေ့သော ဉာဏ်ပညာရှိသော ပုဂ္ဂိုလ်တို့၏ ကျက်စားရာအာရုံ၏အဖြစ်ကြောင့်။ နိပုဏံ၊ သိမ်မွေ့သော။သတ္တာ-သုညတာယ စ၊ သတ္တဝါမှဆိတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း။ အညမည သဘာဝသုညတာယ စ၊ အချင်းချင်းသဘောမှ ဆိတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း။ သုညံ၊ ဆိတ်သော (ငှင်းသုံးပုဒ်ကို ပစ္စယံ-မှာစပ်)။ ပစ္စယန္တိ၊ ကား။ နာမရူပဿ၊ ၏။ ပစ္စယံ၊ အကြောင်းကို။ တပ္ပစ္စယဿ၊ ထိုနာမ်ရုပ်၏ အကြောင်းကို။ ပဋိဝေဓေနေဝ စ၊ ထိုးထွင်း၍သိခြင်းဖြင့်သာလျှင်လည်း။ သဗ္ဗံ၊ အလုံးစုံသောနာမ်ရုပ်ကို။ ပဋိဝိဒ္ဓံ၊ ထိုးထွင်း၍သိအပ်သည်။ ဟောတိ ။၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။

၁၂၅၄-၆။ ကမ္မံ နတ္ထိ ဝိပါကမှိတိ၊ကား။ ကုဋ္ဌဒီသု[၁]၊ နံရံစသည်တို့၌။ ရဇာဒိဝိယ၊ မြူစသည်ကဲ့သို့။ ဝိပါကေ၊ ၌။ သန္တိဋ္ဌမာနံ၊ ကောင်းစွာတည်သော။ ကမ္မံ၊ သည်။ နတ္ထိ၊ မရှိ။ပါကော ကမ္မေ န ဝိဇ္ဇတိတိ၊ ကား။ တထာ၊ တူ။ ကမ္မေ၊ ၌။ သန္တိဋ္ဌမာနော၊ သော။ ဝိပါကော၊ သည်။ နတ္ထိ၊ မရှိ။ ပစ္စယသုညံ ဖလန္တိ၊ဟူ၍။ ယထာဝုတ္တမေဝ၊ အကြင်အကြင်ဆိုအပ်ပြီးသည်သာလျှင်ဖြစ်သော။ အတ္ထံ၊ အနက်ကို။ ဥပမာယ၊ ဥပမာဖြင့်။ ဝိဘာဝေတုံ၊ ထင်စွာပြခြင်းငှါ။ ယထာ န သုရိယေတိအာဒိ၊ ကို။ ဝုတ္တံ၊ ပြီ။ မဏိမှိတိ၊ ကား။ သုရိယကန္တမဏိမှိ၊ သုရိယကန်ကျောက်၌၊ ဝါ၊ မီးခတ်ကျောက်၌။ န တေသံ ဗဟိ သော အတ္ထီတိ၊ကား။ တေ၊ထိုနေပူ, မီးခတ်ကျောက်, နွားချေးခြောက်တို့ကို။ မုဥ္စိတွာ၊ လွှတ်ထား၍။ တေဟိ၊ ထိုနေပူ, မီးခတ်ကျောက်, နွားချေးခြောက်တို့မှ။ ဗဟိ၊ အပ၌။ သော အဂ္ဂိ၊ ထိုမီးသည်။ နတ္ထိ၊ မရှိ။ သမ္ဘာရေဟီတိ၊ ကား။ သမဂ္ဂီဘူတေဟိ၊ ပြည့်စုံသည်ဖြစ်၍ဖြစ်ကုန်သော။ အာတပါဒီဟိ၊ နေပူအစရှိကုန်သော။ တီဟိ ကာရဏေဟိ၊ သုံးပါးသောအကြောင်းတို့ဖြင့်၊ ဝါ၊ တို့ကြောင့် (ဇာယတိ-မှာစပ်)။ န အန္တော ကမ္မဿတိအာဒိ၊ ဤသို့အစရှိသော စကားကို။ အတ္ထတော၊ အနက်အားဖြင့်။ ဟေဋ္ဌာ၊ ၌။ ဝုတ္တမ္ပိ၊ ဆိုအပ်ပြီးပင်ဖြစ်သော်လည်း။ ဥပမာနိဂမနတ္ထံ၊ ဥပမာကို နိဂုံးအုပ်ခြင်းအကျိုးငှါ။ ပုနပိ၊ တဖန်လည်း။ ဝုတ္တံ၊ ဆိုအပ်ပြန်၏။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ ၏။

၁၂၅၇-ဂ။ ဟေတုဋ္ဌ၊ အကြောင်းသည်လည်းကောင်း။ ဖလဋ္ဌ၊အကျိုးသည်လည်းကောင်း။ အညမညရဟိတံ၊ အချင်းချင်းမှကင်းသည်။ ယဒိ ဟောတိ၊အံ့။

---

[၁] (ကုဋ္ဋ....ဆဋ္ဌမူ)

ကထံ၊ အဘယ်သို့။ ဟေတုတော၊ အကြောင်းမှ၊ ဝါ၊ ကြောင့်။ ဖလံ၊ အကျိုး
သည်။ နိဗ္ဗတ္တတိ၊ ဖြစ်သနည်း။ ဣတိ စောဒိတဗ္ဗတော၊ ဤသို့စောဒနာဖွယ်ရှိ
သောကြောင့်။ ကမ္မဥ္စ ခေါ ဥပါဒါယာတိ·ဟူ၍။ အာဟ၊ပြီ။ကေငလံ၊သက်သက်။
ကမ္မဖလမေဝ၊ ကံအကျိုးသည်သာလျှင်။ သုညံ၊ ဆိတ်သည်။ ကတ္တုရဟိတံ၊ ပြု
တတ်သူ ကတ္တားမှကင်းသည်။ န၊ မဟုတ်သေး။ သဗ္ဗမ္ပိ၊အလုံးစုံလည်းဖြစ်သော။
ဓမ္မဇာတံ၊ တရားအပေါင်းသည်။ ကာရကရဟိတံ၊ ပြုတတ်သူပုဂ္ဂိုလ်ကတ္တားမှ
ကင်း၏။ ဣတိ၊ သို့။ ဒဿေတုံ။ ၎ါ။ န ဟေတ္ထ ဒေဝေါ န ဗြဟ္မာတိအာဒိဂါထာ၊
ကို။ဝုတ္တာ၊ မိန့်ဆိုအပ်ပြီ။ ဟေတုသမ္ဘာရပစ္စယာတိ၊ ကား။ ဧကေန ဟေတုနာ၊
တခုသောအကြောင်းဖြင့်၊ ဝါ၊ ကြောင့်။ ဧကဿ ဝါ၊ တခုလည်းဖြစ်သော။
အနေကဿ ဝါ၊ အများလည်းဖြစ်သော။ ဖလဿ၊ ၏။ အနိဗ္ဗတ္တိတော၊ မဖြစ်
ခြင်းကြောင့်။ ဟေတုသမ္ဘူဟနိမိတ္တံ၊ အကြောင်းအပေါင်းဟူသော အကြောင်း
ကြောင့်။ ဝါ၊ ကား။ သမ္ဘာရောတိ ဇတံ၊ သမ္ဘာရဟူသော ဤအမည်သည်။ ပစ္စ-
ယာဓိဝစနံ၊ ပစ္စည်း၏ အမည်တည်း။ ဣတိ၊ ကြောင့်။ ဟေတုပစ္စယနိမိတ္တံ၊ ဟိတ်
နှင့် ပစ္စည်းဟူသော အကြောင်းကြောင့်။ ဣတိ အယံ အတ္ထော၊ ကို။ ဒဋ္ဌဗ္ဗော၊၏။

၁၂၅၉။ အဒ္ဓါသု တရိတွာ ကင်္ခန္တိ၊ ကား။ တီသု၊ သုံးပါးကုန်သော။ အဒ္ဓါသု၊
အခွန့်ကာလတို့၌။ သောဠသဝိဓံ၊ ၁၆-ပါး အပြားရှိသော။ ကင်္ခံ၊ ယုံမှားခြင်းကို။
ဝိတရိတွာ၊ လွန်မြောက်၍။ ဇတံ၊ ဤကင်္ခါဝိတရဏဝိသုဒ္ဓိဉာဏ်သည်။ ကေဝလံ၊
သက်သက်။ သောဠသဝိဓံ၊သော။ ကင်္ခံ ဧဝ၊ကိုသာလျှင်။ ဝိတရတိ၊လွန်မြောက်
သည်ကား။ န၊ မဟုတ်သေး။ အထ ခေါ၊ စင်စစ်သော်ကား "သတ္ထရိ၊ မြတ်စွာ
ဘုရားသခင်၌။ ကင်္ခတိ၊ ယုံမှား၏" ဣတိအာဒိနယပ္ပဝတ္တံ၊ ဤသို့ အစရှိသော
နည်းဖြင့် ဖြစ်သော။ အဋ္ဌဝိဓံ၊ ရှစ်ပါးအပြားရှိသော။ ကင်္ခမ္ပိ၊ကိုလည်း။ ပဇဟတိ၊
ပယ်စွန့်၏။ တထာ ဟိ တတော ဧဝ၊ ကြောင့်သာလျှင်။ ဧတ္ထ၊ ဤကင်္ခါဝိတရဏ-
ဝိသုဒ္ဓိဉာဏ်အရာ၌။ ဗုဒ္ဓေ ဓမ္မေ သံဃေ သိက္ခာတိ ဣမေဟိ၊ ဟူသော
ဤပုဒ်တို့ဖြင့်။ ကင်္ခါယ၊ ၏။ ဂေါစရဘူတာ၊ အာရုံဖြစ်၍ ဖြစ်ကုန်သော။ လော-
ကိယာ ဓမ္မာ၊ လောကီတရားတို့ကို။ အဓိပ္ပေတာ၊ အလိုရှိအပ်ကုန်၏။ ဟိ သစ္စံ၊
၏။ လောကုတ္တရဓမ္မေ၊ တို့ကို။ အာရဗ္ဘ၊ ၍။ ကိလေသာ၊ တို့သည်။ ပဝတ္တိတုံ၊
ဖြစ်ခြင်းငှါ။ န သက္ကောန္တိ၊ မစွမ်းနိုင်ကုန်။ ပုဗ္ဗန္တေ့တိ၊ ကား။ အတီတာ၊
အတိတ်ဖြစ်ကုန်သော။ခန္ဓာယတနဓာတုယော၊ ခန္ဓာ အာယတန ဓာတ်တို့တည်း။
အပရန္တေ့တိ၊ ကား။ အနာဂတာ၊ အနာဂတ်ဖြစ်ကုန်သော ခန္ဓာ အာယတန
ဓာတ်တို့တည်း။ ပုဗ္ဗန္တာပရန္တေ့တိ၊ ကား။ တဒုဘယံ၊ ထိုအတိတ် အနာဂတ်
နှစ်ပါးစုံတည်း။ ဝါ၊ ကား။ တဒုဘယဘာဂယုတ္တတ္တာ၊ ထိုအတိတ်အနာဂတ် နှစ်ပါးစုံ
အဖို့နှင့် ယှဉ်သည်၏ အဖြစ်ကြောင့်။ အဒ္ဓါပစ္စုပ္ပန္နံ၊ အဒ္ဓါပစ္စုပ္ပန်တည်း။ ပဋိစ္စ-

သမုပ္ပန္နဓမ္မ-ဂ္ဂဟဏေန[၁]၊ ပဋိစ္စသမုပ္ပန္နဓမ္မသဒ္ဒါဖြင့်။ ဂဟိတော၊ ယူအပ်သော။ အဌမော၊ ရှစ်ခုမြောက်ဖြစ်သော။ ကာလိဝိသယော၊ယုံမှားခြင်း၏ အရာသည်။ နာမရူပမတ္တံ၊ နာမ်ရုပ်မျှသာတည်း။ ဣဒပ္ပစ္စယတာ-ဂ္ဂဟဏေန ပန၊ ဣဒပ္ပစ္စယ-တာသဒ္ဒါဖြင့်ကား။ တဿ၊ ထိုနာမ်ရုပ်၏။ ပစ္စယော၊ အကြောင်းကို။ ယသ္မာ၊ ကြောင့်။ ဂဟိတော၊ ယူအပ်၏။ တသ္မာ၊ ကြောင့်။ သောဠသဝတ္ထုကာယ၊ ၁၆-ပါးသော တည်ရာအကြောင်းဝတ္ထုရှိသော ယုံမှားခြင်းကို။ ပဟိနာယ၊ ပယ်အပ်သည်ရှိသော်။ အဌဝတ္ထုကာ၊ ရှစ်ပါးသော တည်ရာအကြောင်းဝတ္ထု ရှိသော။ ကာ၊ ယုံမှားခြင်းသည်။ အပ္ပတိဋ္ဌာဝ၊ ထောက်ရာတည်ရာ မရှိသည်သာ လျှင်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။

(၎င်းအဌဝတ္ထုကကာခါအရကို "သတ္ထရိ ကင်္ခတိ၊ ဓမ္မေ, သံဃေ, သိက္ခာယ, ပုဗ္ဗန္တေ, အပရန္တေ, ပုဗ္ဗန္တာပရန္တေ, ဣဒပ္ပစ္စယတာပဋိစ္စသမုပ္ပ-န္နေသု ဓမ္မေသု ကင်္ခတိ" ဟူသော ရှစ်ပါးကို ယူလေ။)

စ၊ ဆက်ဦး။ တောဿ၊ ထို ၁၆-ပါး, ရှစ်ပါးအပြားရှိသော ယုံမှားခြင်းတို့ကို။ မဟာနေန၊ ပယ်ခြင်းဖြင့်။ ဒွါသဋ္ဌိဒိဋ္ဌိဂတာနိပိ၊ ၆၂-ပါးသော မိစ္ဆာအယူတို့ သည်လည်း။ ဝိက္ခမ္ဘန္တိ၊ ကင်းကွာကုန်၏။ ကသ္မာ၊ မူကား။ ဝိစိကိစ္ဆာယ၊ ယုံမှားခြင်း၏။ ဒိဋ္ဌေကဋ္ဌတ္တာ၊ ဒိဋ္ဌိနှင့် တူသော တည်ရာရှိသည်၏ အဖြစ်ကြောင့် တည်း။ ဟိ၊ ထိုစကားကို ထင်ရှားပြဦးအံ့။ ဒိဋ္ဌိ၊ ကို။ သမုစ္ဆိဇ္ဇမာနာ၊ ဖြတ်အပ် သည်ရှိသော်။ ဝိစိကိစ္ဆာယ၊ ဝိစိကိစ္ဆာနှင့်။ သဒ္ဓိံယေဝ၊ အတူတကွသာလျှင်။ သမုစ္ဆိဇ္ဇတိ ယထာ၊ ဖြတ်အပ်သကဲ့သို့။ ဧဝံ တထာ၊ တူ။ ဝိစိကိစ္ဆာ၊ ကို။ ဝိက္ခ-မ္ဘိယမာနာ၊ခွါအပ်သည်ရှိသော်။ ဒိဋ္ဌိယာ၊နှင့်။ သဒ္ဓိံယေဝ၊ အတူတကွသာလျှင်။ ဝိက္ခမ္ဘိယတိ၊ ခွါအပ်၏။ ဟိ သစ္စံ၊ ၏။ အတ္တာဘိနိဝေသူပနိဿယာ၊ အတ္တဟု မှားသောအားဖြင့် နှစ်လုံးသွင်းခြင်းလျှင် အားကြီးသော မှီရာအကြောင်း ရှိသော။ အဟောသိ နုခေါ အဟန္တိ အာဒိနယပ္ပဝတ္တာ၊ ဤသို့ အစရှိသော နည်းဖြင့်ဖြစ်သော။ သောဠသဝတ္ထုကာ၊ ၁၆-ပါးသော တည်ရာအကြောင်း ဝတ္ထုရှိသော။ ယာ ကင်္ခါ၊ အကြင်ယုံမှားခြင်းသည်။ အတ္ထိ၊ ရှိ၏။ သာ ဧဝ စ၊ ထိုယုံမှားခြင်းကိုသာလျှင်လည်း။ ပုဗ္ဗန္တာဒိဝတ္ထုတာဝေန၊ အတိတ်ဖြစ်သော ခန္ဓာအာယတနဓာတ်စသည်လျှင်တည်ရာအကြောင်းရှိသည်၏အဖြစ်ဖြင့်။ဝုတ္တာ၊ ဟောတော်မူအပ်၏။ အတ္တာဘိနိဝေသဝတ္ထုကာနိ၊အတ္တဟု မှားသောအားဖြင့်။

---

၁။ ဤအရာ၌ ဝိသုဒ္ဓိမဂ်မဟာဋီကာမှာ ပဋိစ္စသမုပ္ပန္နဓမ္မဂဟဏေန-ပုဒ်ရှေ့က "ဝေ ဗုဒ္ဓါဒိဂ္ဂဟဏေန" ဟူသော ပုဒ်ပါရှိသေး၏။ ၎င်းအဓိပ္ပါယ်မှာ ဗုဒ္ဓအစ ပုဗ္ဗန္တာ-ပရန္တအဆုံးရှိသော ခုနစ်ပုဒ်တို့ဖြင့် ပြအပ်သော သတ္တကင်္ခါဝိသယသည်လည်း နာမ်ရုပ်မျှပင်ဟု ဆိုလိုသည်။

နလုံးသွင်းခြင်းလျှင် **တည်ရာအကြောင်းရှိကုန်သော**။ ဒွါသဋ္ဌိဒိဋ္ဌိဂတာနိ **စ၊** ၆၂-ပါးသော မိစ္ဆာအယူတို့သည်လည်းကောင်း။ ဗုဒ္ဓါဒိဝတ္ထုကာ၊ ဘုရားစသည်လျှင် တည်ရာအကြောင်း ရှိကုန်သော။ ကင်္ခါ စ[^1]၊ ရှစ်ပါးသော ယုံမှားခြင်းတို့သည်လည်းကောင်း။ တဒေကဋ္ဌာ၊ ထိုသောဋ္ဌသဝတ္ထုက ယုံမှားခြင်းတို့နှင့် တူသော တည်ရာရှိကုန်၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗာ၊ ၏။ ဥဋ္ဌိတန္တိ၊ **ကား**။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်၍။ ဌိတံ၊ တည်သော (တံ ဉာဏံ-မှာစပ်)။

၁၂၆၀-၂။ **ကင်္ခါဝိတရဏံ နာမာတိ၊ ကား**။ ယထာဝုတ္တကင်္ခါဝိတရဏတော၊ အကြင်အကြင်ဆိုအပ်ခဲ့ပြီးသောယုံမှားခြင်းကိုလွန်မြောက်ခြင်းကြောင့်။ကင်္ခါဝိ**တရဏံ** နာမ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိဉာဏ်မည်၏ဟူ၍ (သမုဒီရိတံ-မှာစပ်)။ ကေဝလံ၊ သက်သက်။ ကင်္ခါဝိတရဏံ နာမ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိဉာဏ်သာလျှင် မည်သည်။ န၊ မဟုတ်သေး။ ဣဒံ၊ ဤကင်္ခါဝိတရဏဝိသုဒ္ဓိဉာဏ်ကို။ ဓမ္မဋ္ဌိတိဉာဏန္တိ၊ ဓမ္မဋ္ဌိတိဉာဏ် မည်၏ ဟူ၍လည်းကောင်း။ ယထာဘူတဉာဏန္တိပိ၊ မည်၏ ဟူ၍လည်းကောင်း။ သမ္မာဒဿနန္တိပိ၊ မည်၏ ဟူ၍လည်းကောင်း။ သမုဒီရိတံ၊ ကောင်းစွာ ဆိုအပ်၏။ စ၊ ဆက်အံ့။ ဧတ္ထ၊ ဤဓမ္မဋ္ဌိတိဉာဏ စသည်တို့၌။ ဝစနတ္ထော၊ ကို။ ဧဝံ၊ သို့။ **ဒဋ္ဌဗ္ဗော၊ ၏။ အတ္တ**နော၊ မိမိ၏။ ပစ္စယေဟိ၊ အကြောင်းတို့သည်။ ဓရိယန္တိ၊ ဆောင်အပ်ကုန်၏။ ဣတိ၊ ကြောင့်။ ဓမ္မာ၊ ဓမ္မမည်ကုန်၏။ ဧတ္ထ၊ ဤအကြောင်း၌။ ဖလံ၊ အကျိုးသည်။ တဒါယတ္တဝုတ္တိတာယ၊ ထိုအကြောင်းနှင့် စပ်၍ ဖြစ်ခြင်းရှိသည်၏ အဖြစ်ကြောင့်။ တိဋ္ဌတိ၊ တည်တတ်၏။ ဣတိ၊ ကြောင့်။ ဌိတိ၊ ဌိတိမည်၏။ ဓမ္မာနံ၊ အကျိုးတရားတို့၏။ ဌိတိ၊ တည်ရာအကြောင်းတရား တည်း။ ဓမ္မဋ္ဌိတိ၊ အကျိုးတရားတို့၏ တည်ရာအကြောင်းတရား။ ပစ္စယဓမ္မော၊ အကြောင်းတရားကို။ လဗ္ဘတိ၊ ရအပ်၏။ အထ ဝါ၊ ကား။ ဓမ္မောတိ၊ ဓမ္မဟူသည်ကား။ ကာရဏံ၊ အကြောင်းတည်း။ ကေသုစိယ၊ အဘယ်ပါဠိရပ်တို့၌ ကဲ့သို့နည်း ဟူမူကား။ ဓမ္မပဋိသမ္ဘိဒါတိအာဒီသု ဝိယ၊ ဓမ္မပဋိသမ္ဘိဒါ ဤသို့အစရှိသော ပါဠိရပ်တို့၌ ကဲ့သို့တည်း။ ဓမ္မဿ၊ အကြောင်းတရား၏။ ဌိတိသဘာဝေါ၊ တည်ခြင်းသဘောတည်း။ စ၊ ဆက်အံ့။ ဓမ္မတော၊ အကြောင်းတရားမှ။ အညော၊ အခြားတပါးသော။ သဘာဝေါ၊ သဘောမည်သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ကြောင့်။ ပစ္စယဓမ္မာနံ၊ အကြောင်းတရားတို့၏။ ပစ္စယဘာဝေါ၊ အကြောင်း၏အဖြစ်ကို။ လဗ္ဘတိ၊ ရအပ်၏။ ဓမ္မဋ္ဌိတိယံ၊ အကျိုးတရားတို့၏ တည်ရာအကြောင်းတရား၌၊ ဝါ၊ အကြောင်းတရား၏ တည်ခြင်းသဘော၌။ ဉာဏံ၊ သိသောဉာဏ်သည်။

[^1]: ၁။ ဤ၌ အလုံးစုံ ဤဋီကာပါဌ်များမှာ အတ္တာ ။ပ။ ကာနိနောင် စ-သဒ္ဒါ၊ ဗုဒ္ဓါဒိဝတ္ထုကာနောင် ကင်္ခါ-ဟူသော ပုဒ်တို့မပါ ကျပျောက်လျက်ချည်းသာပါဌ်ရှိကြ၏။ ဝိသုဒ္ဓိမဂ်မဟာဋီကာနှင့် အညီ ၎င်းတို့နောင် ၎င်းသဒ္ဒါများ မုချပါရှိစေရမည်။ စသဒ္ဒါလည်း အဋ္ဌာနပယုဂ် ဒိဋ္ဌိဂတာနိ-နောင် ထိုင်ရမည်။

**ဓမ္မဋ္ဌိတိဉာဏံ၊** ဓမ္မဋ္ဌိတိဉာဏ်မည်၏။ သင်္ခါရာနံ၊ သင်္ခါရတရားတို့၏။ **ယံ ယံ ဘူတံ၊** အကြင်အကြင်ဖြစ်သော။ အနိစ္စတာဒိ[၁]၊ အနိစ္စအဖြစ်စသည်သည်။ ယထာ-ဘူတံ၊ မည်၏။ တတ္ထ၊ ထိုသင်္ခါရတရားတို့၏ မဖောက်မပြန်ဟုတ်မှန်သော အနိစ္စအဖြစ်စသည်၌။ ဉာဏံ၊ သိသောဉာဏ်တည်း။ ဣတိ၊ ကြောင့်။**ယထာဘူတဉာဏံ၊** မည်၏။ သမ္မာ၊ မဖောက်မပြန်။ ပဿတိ၊ ရှုမြင်တတ်၏။ ဣတိ၊ ကြောင့်။ **သမ္မာဒဿနံ၊** သမ္မာဒဿနဉာဏ်မည်၏။ **လဒ္ဓပတိဋ္ဌောတိဝေ္တ၊** ဟူသော ဤပုဒ်၌ ( ဝုတ္တော-မှာ ဧပ်၊ ဝါ၊ ပတိဋ္ဌာ-မှာစပ် )။ သာသနေ၊ သာသနာတော်၌။ ပတိဋ္ဌာနာမ၊ ထောက်တည်ရာ မည်သည်ကား။ အရိယမဂ္ဂေါ၊ အရိယာမဂ်တည်း။ အယံ ပန၊ ဤယောဂီပုဂ္ဂိုလ် သည်ကား။ တံ၊ ထိုအရိယာမဂ်ကို။ အနမိဂတောပိ၊ မရသေး မသိသေးသော်လည်း။ တဒဓိဂမုပါယပဋိပတ္တိယံ၊ ထိုအရိယာမဂ်ကို ရခြင်း သိခြင်း၏ အကြောင်းဖြစ်သော အကျင့်ပဋိပတ်၌။ ဌိတတ္တာ၊ တည်သည်၏ အဖြစ်ကြောင့်။ လဒ္ဓပတိဋ္ဌော ဝိယ၊ ရအပ်ပြီးသော ထောက်တည်ရာရှိသကဲ့သို့။ ဟောတိ၊ ၏။ ဣတိ၊ ကြောင့်။ လဒ္ဓပတိဋ္ဌောတိ၊ ဟူ၍။ ဝုတ္တော၊ မိန့်ဆိုအပ်ပြီ။ တတောယေဝ၊ ကြောင့်သာလျှင်။ စူဠသောတာပန္နော၊ အငယ်ဖြစ်သော။ သောတာပန္နော၊ သောတာပန်ပုဂ္ဂိုလ်သည်။ ဟောတိ၊ ၏။ လောကိယာဟိ၊ လောကီဖြစ်ကုန်သော။သီလ သမာဓိ ပညာဟိ၊ သီလ,သမာဓိ, ပညာတို့နှင့်။ သမန္နာဂတတ္တာ၊ ပြည့်စုံသည်၏ အဖြစ်ကြောင့်။ ဥတ္တရိံ၊ အထက်ဖြစ်သော မဂ်ကို။ အပ္ပဋိဝိဇ္ဈန္တော၊ ထိုးထွင်း၍ မသိသေးသော ယောဂီပုဂ္ဂိုလ်သည်။ သောတာပန္နော ဝိယ၊ သောတာပန် ပုဂ္ဂိုလ်ကဲ့သို့။ နိယတော၊ မြဲသော သုဂတိဘဝ ရှိသည်ဖြစ်၍။ သုဂတိပရာယနော ဝ၊ သုဂတိဘဝလျှင် လည်းလျောင်းရာရှိသော ပုဂ္ဂိုလ်သည်သာလျှင်။ ဟောတိ၊ ၏။ ဣတိ၊ ကြောင့်။ စူဠသောတာပန္နော၊ ငယ်သော သောတာပန်ပုဂ္ဂိုလ်သည်။ ဟောတိ၊ ၏။ ဟိ သစ္စံ၊ ၏။ သောတာပန္နော၊ သည်။ ခိဏာပါယဒုဂ္ဂတိဝိနိ-ပါတော၊ ကုန်ပြီးသောအပါယ်၊ ဝါ၊ ချမ်းသာကင်းသော ဒုဂ္ဂတိဘဝသို့ ကျခြင်း ရှိသည်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ ၏။ အထ ဝါ၊ ကား။ ကင်္ခါဝိတရဏဝိသုဒ္ဓိသမဓိဂမေန၊ ကင်္ခါဝိတရဏဝိသုဒ္ဓိဉာဏ်ကို ရခြင်း သိခြင်းဖြင့်။ လဒ္ဓပတိဋ္ဌော၊ ရအပ်ပြီးသော သဒ္ဓါတရားတည်းဟူသော ထောက်တည်ရာ ရှိသည်။ ဟောတိ၊ ၏။ ဟိ သစ္စံ၊ ၏။ သပ္ပစ္စယနာမရူပဒဿနေန၊ အကြောင်း နှင့်တကွ ဖြစ်သော နာမ်ရုပ်ကို ရှုမြင်ခြင်းဖြင့်။ သံမဒ္ဒိတဒိဋ္ဌိကင်္ခါကော၊

---

၁။ ဤ၌ အလုံးစုံ ဋီကာပါဌ်များမှာ "ယထာဘူတံ အနိစ္စတာဒိ"ဟူ၍ ချည်းသာ ပါဌ်ရှိကြ၏။ ဝိသုဒ္ဓိမဂ်မဟာဋီကာနှင့် လည်း မညီ။ စာသွားရှိုးလည်းမကျသည် ဖြစ်သောကြောင့် မသင့်သည်သာ။ ယံ ယံ ဘူတံ အနိစ္စတာဒိ-ဟုရှိသော ယခု ငါတို့ယောဇနာခဲ့သော ပါဌ်အနက်အတိုင်းသာ အသင့်ဟု မှတ်ယူရမည်။

ကောင်းစွာ နှိမ်နင်းအပ်ပြီးသော မိစ္ဆာအယူတည်းဟူသော ဆူးငြောင့်ရှိသည်ဖြစ်၍လည်းကောင်း။ ဝိနိဒ္ဓုတအဟေတုကဝိသမဟေတုဝါဒေါ၊ အထူးသဖြင့် ခါတွက်ဖျက်ဆီးအပ်ပြီးသော နာမ်ရုပ်သည် အကြောင်းကင်း၍ ဖြစ်၏ဟု ယူသော အဟေတုကဝါဒ နာမ်ရုပ်သည် ဣဿရ စသည် ဖန်ဆင်း၍ ဖြစ်၏ဟု ယူသော မညီမညွတ်သော အကြောင်းရှိသော ဝိသမဟေတုဝါဒ ရှိသည်ဖြစ်၍လည်းကောင်း။ ယထာသကံပစ္စယေဟေဝ၊ အကြင်အကြင် မိမိဥစ္စာဖြစ်သော အကြောင်းတို့ဖြင့်သာလျှင်။ ဓမ္မပဝတ္တိံ၊ နာမ်ရုပ်တရားတို့၏ ဖြစ်ခြင်းကို။ ဥတွာ၊ သိ၍။ သာသနေ၊ သာသနာတော်၌။ ပတိဋ္ဌိတသဒ္ဓေါ၊ တည်ပြီးသော သဒ္ဓါတရား ရှိသည်ဖြစ်၍လည်းကောင်း။ လဒ္ဓပတိဋ္ဌော နာမ၊ ရအပ်ပြီးသော ထောက်တည်ရာရှိသည်မည်သည်။ ဟောတိ၊ ၏။ ဣတိ[၁]၊ ဤသို့။ ဝေဒိတဗ္ဗံ၊ ၏။ နာမရူပပဝတ္တာနေန၊ နာမ်ရုပ်ကို သီးသန့်ပိုင်းခြား မှတ်သားခြင်းဖြင့်။ ဒုက္ခသစ္စံ စ၊ ဒုက္ခသစ္စာကို လည်းကောင်း။ (အဘိညာယ-မှာ စပ်) ဓမ္မဋ္ဌိတိဉာဏေန၊ဖြင့်။ သမုဒယသစ္စံ စ၊ သမုဒယသစ္စာကို လည်းကောင်း။ တဿေဝ၊ ထိုနာမ်ရုပ်ကိုသာလျှင်။ အပရဘာဂေ၊ နောက်အဖို့၌။ အနိစ္စတော၊ အနိစ္စအားဖြင့်။ မနသိကာရာဒိဝိဓိနာ၊ နှလုံးသွင်းခြင်းစသော အစီအရင်ဖြင့်။ မဂ္ဂသစ္စဉ္စ၊ မဂ္ဂသစ္စာကိုလည်းကောင်း။ အဘိညာယ၊ ထိုးထိုးထွင်းထွင်းသိ၍။ ပဝတ္တိယာ၊ နာမ်ရုပ်ဖြစ်ခြင်း၏၊ ဝါ၊ ၌။ ဒုက္ခဘာဝံ၊ ဒုက္ခ၏ အဖြစ်ကို။ ဒိသွာ၊ ရှုကြည့်၍။ တဿ၊ ထိုနာမ်ရုပ်၏။ အပ္ပဝတ္တေ၊ မဖြစ်ရာဖြစ်သော။ နိရောဓေ၊ နိရောဓသစ္စာ၌။ ဧကံသေနေဝ၊ စင်စစ်အားဖြင့် သာလျှင်။ နိန္နဇ္ဈာသယတာယ၊ ညွတ်ကိုင်းရှိုင်းသော အလိုအဇ္ဈာသယရှိသည်၏ အဖြစ်ဖြင့်၊ ဝါ၊ ကြောင့်။ လောကိယေနေဝ ဉာဏေန၊ လောကီဉာဏ်ဖြင့်သာ လျှင်။ စတုန္နံ၊ လေးပါးကုန်သော။ အရိယသစ္စာနံ၊ အရိယသစ္စာ တို့ကို။ အဓိဂတတ္တာ၊ ထိုးထွင်း၍ သိအပ် ရအပ်ပြီးသည်၏ အဖြစ်ကြောင့်။ အပါယေသု၊ အပါယ်ဘုံ တို့၌။ အဘဗ္ဗုပ္ပတ္တိကော စ၊ မထိုက်သော ဖြစ်ခြင်း ရှိသည်လည်းကောင်း

---

၁။ ဤ၌ ဟောတီတိ နာမရူပ-စသည်ဖြင့် နောက်နာမရူပ-စသောဝါကျနှင့် စပ်ဆက်လျက် ချည်းသာ ဤဋီကာပါဠ်အလုံးစုံ၌ ပါဠ်ရှိကြ၏။ ဝိသုဒ္ဓိမဂ်မဟာဋီကာပါဠ်၌ကား ဣတိ သဒ္ဒါလည်းမပါ၊နောက်ဝါကျနှင့်လည်း မစပ် မဆက်ပဲပါဠ်ရှိ၏။ဤ၌ ဣတိသဒ္ဒါနှင့်တကွ ပင် ပါဠ်ရှိသော်လည်း နာမရူပစသော နောက်ဝါကျနှင့်ကား မစပ်မဆက်စေရ၊ အပိုဒ် အကန့် ရှိစေရမည်။

**သောတာပန္နဘူမိယံ**၊ သောတာပန်ဘုံ၌။ ဘဗ္ဗုပတ္တိကော စ၊ **ထိုက်သော** ဖြစ်ခြင်း ရှိသည် လည်းကောင်း။ ဟောတိ၊ ၏။ ဣတိ၊ ကြောင့်။ စူဠ- သောတာပန္နော နာမ၊ သောတာပန်ငယ် မည်၏။ ဣတိ၊ ကြောင့်။ **သောတာပန္နော ဟိ စူဠကောတိ**၊ ဟူ၍။ **ဝုတ္တံ**၊ ပြီ။ **တသ္မာတိ**၊ **ကား**။ ယသ္မာ၊ ကြောင့်။ **ဧဝံ** ဤသို့ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။ **တော်** ဉာဏ်၊ ဤကင်္ခါဝိတရဏဝိသုဒ္ဓိဉာဏ်သည်။ မဟာနိသံသံ၊ **ကြီးကျယ်များမြတ်သော** အကျိုးအာနိသင်ရှိ၏။ တသ္မာ၊ ကြောင့်။ **သပညော**၊ ပညာရှိသော။ **အတ္တနော**၊ မိမိ၏။ ဟိတာနုပေက္ခနပညာယ၊ အကျိုးစီးပွားကို ရှုဆင်ခြင်တတ်သော ဉာဏ် ပညာနှင့်။ **သမန္နာဂတော**။ ပြည့်စုံသော (ယော မိရော-မှာ စပ်)။ **တေန**၊ ထိုကြောင့်။ **အတ္ထကာမောတိ**၊ ဟူ၍။ **အာဟ**၊ ပြီ။

ဣတိ ဣမိနာ အနုက္ကမေန၊ ဖြင့်။ အဘိဓမ္မတ္ထဝိကာသိနိယာ နာမ၊ သော။ အဘိဓမ္မာဝတာရသံဝဏ္ဏနာယ၊ ၏၊ ဝါ၊ ၌။
ကင်္ခါဝိတရဏဝိသုဒ္ဓိနိဒ္ဒေသဝဏ္ဏနာ[၁]၊ သည်။
နိဋ္ဌိတာ၊ ပြီးပြီ။

---

၁။ (ကင်္ခါဝိတရဏဝိသုဒ္ဓိနိဒ္ဒေသဝဏ္ဏနာ-ဆင့်မူ)

## ၂၀—ဝိသုဒ္ဓိမဂ္ဂနိဿယ

### မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိနိဒ္ဒေသအဖွင့်

၁၂၆၃။ ဣဒါနိ၊ ယခုအခါ၌။ ကင်္ခါဝိတရဏဝိသုဒ္ဓိယာ၊ ၏။ ·အနန္တရံ၊ အခြားမဲ့၌။ ဥဒ္ဒိဋ္ဌာယ၊ ညွှန်းပြအပ်သော။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိယာ၊ ၏။ နိဒ္ဒေသက္ကမော၊ နိဒ္ဒေသအစဉ်သည်။ အနုပ္ပတ္တော၊ အစဉ်အားဖြင့် ရောက်လတ်ပြီ။ ပန၊ ဆက်အံ့။ သာ၊ ထိုမဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိသည်။ ယသ္မာ၊ ကြောင့်။ သြဘာသာဒိဥပက္ကိလေသသမ္ဘဝေ၊ သြဘာသစသော ဥပက္ကိလေသ၏ ဖြစ်ခြင်းသည်။ သတိ၊ ရှိသော်။ ဟောတိ၊ ၏။ သြဘာသာဒယော စ၊ သြဘာသစသော ဥပက္ကိလေသတို့သည်လည်း။ ဥဒယဗ္ဗယဉာဏေ၊ ဥဒယဗ္ဗယဉာဏ်သည်။ သတိ၊ ရှိသော်။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။ ဥဒယဗ္ဗယဉာဏဥ္စ၊ သည်လည်းကောင်း။ တိလက္ခဏဝိပဿနာယ၊ လက္ခဏာရေးသုံးပါးကို ရှုသော ဝိပဿနာဉာဏ်သည်။ သတိ၊ သော်။ ဥပ္ပဇ္ဇတိ၊ ၏။ တဿ စ၊ ထိုဥဒယဗ္ဗယဉာဏ်၏လည်း။ **ကလာပသမ္မသနံ၊** ကလာပသမ္မသနဟု **ဆိုအပ်သော** နယဝိပဿနာသည်။ အာဒိ၊ အစမည်၏။ ဟိ သစ္စံ၊ ၏။ တံ၊ ထိုကလာပသမ္မသနဟု ဆိုအပ်သော နယဝိပဿနာသည်။ အတီတာဒိဘေဒဘိန္နာနံ၊ အတိတ်စသော အပြားအားဖြင့် ပြားကုန်သော။ ဓမ္မာနံ၊ တရားတို့ကို။ သင်္ခိပိတွာ၊ ချုံး၍။ ဝဝတ္ထာနဝသေန၊ သီးသန့် ပိုင်းခြား မှတ်သားခြင်း၏ အစွမ်းအားဖြင့်။ ပဝတ္တနတော၊ ဖြစ်ခြင်းကြောင့်။ အာဒိကမ္မိကဿ၊ အာဒိကမ္မိကဖြစ်သော ယောဂီပုဂ္ဂိုလ်အား။ သုကရသမ္မာသနံ၊ လွယ်ကူသော သမ္မသနမည်၏။ တသ္မာ၊ ကြောင့်။ ပဌမံ၊ ရှေးဦးစွာ။ တတ္တေဝ၊ ထိုကလာပသမ္မသန၌သာလျှင်။ အဘိယောဂံ၊ အားထုတ်ခြင်းကို။ ကရောန္တေန၊ ပြုသော ယောဂီပုဂ္ဂိုလ်သည်။ ကမတော၊ အစဉ်အားဖြင့်။ တံ၊ ထိုကလာပသမ္မသနကို။ သမ္မာဒေတဗ္ဗံ၊ ပြည့်စုံစေအပ်၏။ ဣတိ၊ သို့။ ဒဿေတုံ၊ ငှါ။ **ကလာပသမ္မသနေနေဝါတိအာဒိ၊** ကို။ **အာရဒ္ဓံ၊** ပြီ။

အထ ဝါ၊ ကား။ ဒိဋ္ဌိနံ၊ ကုန်သော။ ဝိသုဒ္ဓိနံ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ, မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိတို့၏။ အန္တရေ၊ အလယ်ကြား၌။ ကလာပသမ္မသနံ၊ သည်။ ဟောတိ၊ ၏။ တဉ္စ ခေါ၊ ထိုကလာပသမ္မသနကိုလည်း။ ဒွိသု၊ နှစ်ပါးသော ဝိသုဒ္ဓိတို့တွင်။ ကတရာယ၊ တပါးသော။ ဝိသုဒ္ဓိယာ၊ ဖြင့်၊ ဝါ၊ ၌။ သင်္ဂဟေတဗ္ဗံ၊ သိမ်းသွင်းရေတွက်အပ်၏။မဂ္ဂါမဂ္ဂဉာဏဿ စ၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၏လည်း။ **အာဒိဘူတတ္တာ၊** ကလာပသမ္မသန၏ **အစဖြစ်၍** ဖြစ်သည်၏ **အဖြစ်ကြောင့်။**

တဇ္ဇတ္တဝ၊ ထိုမဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၌သာလျှင်။အဿ၊ ထိုကလာပသမ္မသနကို။ သင်္ဂဟော၊ သိမ်းသွင်းရေတွက်ခြင်းသည်။ ယုတ္တော၊ သင့်၏။ ဣတိ၊ ကြောင့်။ စေတ္တဝ၊ ဤမဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ၌ပင်လျှင်။ နံ၊ ထိုကလာပသမ္မသနကို။ သင်္ဂဟိတုကာမတာယ၊ သိမ်းသွင်းရေတွက်ခြင်းငှါ အလိုရှိသည်၏အဖြစ်ဖြင့်၊ ပါ၊ ကြောင့်။ ကလာပသမ္မသနေနေဝါတိအာဒိ၊ ကို။ ဝုတ္တံ၊ ပြီ။

ကေစိ ပန၊ တို့သည်ကား။ကလာပသမ္မသနံ နာမ၊မည်သည်။ ကေဝိသုဒ္ဓိယမ္ပိ၊ မျှ၌လည်း။ န အန္တောဂဓံ၊ အတွင်းမဝင်။ ဣတိ၊ ကြောင့်။ တံ၊ ထိုကလာပ-သမ္မသနကို။ အနာမသိတွာဝ၊ မသုံးသပ်မူ၍သာလျှင်။ဝိပဿနာစာရံ ဝိပဿနာ အာစာရံ၊ ဝိပဿနာအစဉ်ကို (အာစာရသဒ္ဒါ ရီတိပရိယာယ်)။ ဝဏ္ဏေန္တိ၊ ဖွင့်ဆိုကြကုန်၏။

ကလာပသမ္မသနေ့နေဝါတိ၊ ကား။ အတီတာဒိဘေဒဘိန္နာနံ၊ ကုန်သော။ ဓမ္မာနံ၊ တို့ကို။ သင်္ခိပိတွာ၊ ၍။ ဝဝတ္ထာနဝသေန၊ အားဖြင့်။ ကလာပတော၊ နာမ်ရုပ်တရားတို့ကို အပေါင်းအစည်းအားဖြင့်။ဝါ၊ ကား။ ကလာပါနံ၊အပေါင်း အစည်းဖြစ်သော နာမ်ရုပ်တရားတို့ကို။ သမ္မသနေန၊ သုံးသပ်ခြင်းဖြင့်။ မဂ္ဂါမဂ္ဂ-ဉာဏဒဿနဝိပဿနာယံ[၁]၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိပဿနာ၌။ ယောဂေါ၊ အားထုတ်ခြင်းကို။ ကရဏီယော၊ ပြုအပ်၏။ အထ ဝါ၊ ကား။ ဘူမတ္တော၊ သတ္တမီဝိဘတ် အနက်၌။ ကရဏနိဒ္ဒေသ ဝသေန၊ တတိယာဝိဘတ်ကို ညွှန်းပြခြင်း၏ အစွမ်းအားဖြင့်။ ကလာပသမ္မသနေ၊ ၌။ ယောဂေါ၊ ကို။ ကရဏီယော၊ ၏။ ဣတိ အယံ၊ ကား။ အတ္ထော၊ တည်း။ ကလာပသမ္မသနေနေဝ၊ ဖြင့်သာလျှင်၊ ဝါ၊ ၌သာလျှင်။ ယောဂေါ၊ ကို။ ကရဏီယော၊ ၏။ ဣတိ၊ သို့ ။ ဝတွာပိ၊ ဆိုပြီး၍ လည်း။ တံ ပန၊ ထိုကလာပသမ္မသနကိုကား။ ဝိသုဒ္ဓိမဂ္ဂတော၊ ဝိသုဒ္ဓိမဂ်မှ။ ဂဟေတဗ္ဗံ၊ ယူအပ်၏။ ဣတိ၊ သို့။ ဂန္ထဝိတ္ထာရပရိဟာရတ္ထံ၊ ကျမ်းကျယ်အံ့သည်မှ ရှောင်လွှဲရန်အကျိုးငှါ။ ဣဓ၊ ဤအဘိဓမ္မာဝတာရကျမ်း၌။ န ဒဿိတံ၊ မပြအပ်။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။

၁၂၆၄။ ပစ္စုပ္ပန္နဿ ဓမ္မဿာတိ၊ ကား။ သန္တတိပစ္စုပ္ပန္နဿ ဝါ၊ သန္တတိ ပစ္စုပ္ပန်ဖြစ်သော တရား၏လည်းကောင်း။ ခဏပစ္စုပ္ပန္နဿ ဝါ၊ ခဏပစ္စုပ္ပန် ဖြစ်သောတရား၏လည်းကောင်း (နိဗ္ဗတ္တိ-မှာစပ်)။ ပန၊ ဆက်အံ့။ အာဒိတော၊ အစ၌။ ခဏပစ္စုပ္ပန္နဿ၊ တရား၏။ ဥဒယဝယံ၊ ဖြစ်ခြင်းပျက်ခြင်းကို။ ယသ္မာ၊ ကြောင့်။ ဒုပ္ပရိဂ္ဂဟံ၊ သိမ်းဆည်းနိုင်ခဲ၏။ တသ္မာ၊ ကြောင့်။ သန္တတိပစ္စုပ္ပန္န-ဝသေန၊ အားဖြင့်။ ပဌမံ၊ စွာ။ ဥဒယဗ္ဗယာနုပဿနာ၊ ဖြစ်ခြင်းပျက်ခြင်းကို

---

၁။ ဤ၌ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိယံ-ဟု ပါဌ်ရှိသင့်သည်ထင်၏။ ဆင်ခြင်၍ ပါဌန္တရ-များကို ရှာကြံကြလေ။

ရှုခြင်းကို။ ကာတဗ္ဗာ၊ ပြုအပ်၏။ **နိဗ္ဗတ္တီတိ၊ ကား။** ဒိန္နံ၊ ကုန်သော။ ပစ္စုပ္ပန္နာနံ၊ ပစ္စုပ္ပန်တို့၏။ ဝသေန၊ အားဖြင့်။ ပဌမာဘိနိဗ္ဗတ္တိ စ၊ ရှေးဦးစွာဖြစ်ခြင်းကိုလည်းကောင်း။ ခဏနိဗ္ဗတ္တိ စ၊ ခဏအားဖြင့်ဖြစ်ခြင်းကိုလည်းကောင်း (ဥဒယော-မတော-မှာစပ်)။ **ဝိပရိဏာမောတိ၊ကား။** ဝိနာသော၊ ပျက်စီးခြင်းကို (ဝယောတိ သမုဒီရိတောမှာစပ်)။

၁၂၆၅။ **အနုပဿနာပိ ဉာဏန္တိ၊ ကား။** ဥဒယဿ စ၊ ဖြစ်ခြင်းကိုလည်းကောင်း။ ဝယဿ စ၊ ပျက်ခြင်းကိုလည်းကောင်း။ ယာ အနုပဿနာ၊ အကြင်အဖန်တလဲလဲရှုခြင်းသည်။ အတ္ထိ၊ ၏။ သာ၊ ထိုဖြစ်ခြင်းပျက်ခြင်းတို့ကို အဖန်တလဲလဲရှုခြင်းကို။ ဉာဏန္တိ စ၊ ဉာဏ်ဟူ၍လည်း။ ဝရဉာဏေန၊ မြတ်သောသဗ္ဗညုတဉာဏ်ရှိတော်မူသော။ သမ္မာသမ္ဗုဒ္ဓေန၊ သည်။ ဒေသိတံ၊ ဟောတော်မူအပ်၏။

တတြ၊ ထိုသို့အဖန်တလဲလဲရှုခြင်းကို ဉာဏ်ဟုဆိုရာ၌။ အယံ၊ ဤဆိုလတ္တံ့သည်ကား။ ပါဠိ၊ ပဋိသမ္ဘိဒါမဂ် ပါဠိသည်။ ဟောတိ၊ ၏။ကထံဟောတိ၊ အဘယ်သို့ဖြစ်သနည်းဟူမူကား—

(ပစ္စုပ္ပန္နာနံ၊ ကုန်သော။ ဓမ္မာနံ၊ တို့၏။ ဝိပရိဏာမာနုပဿနေ၊ ဖောက်ပြန်ပျက်စီးခြင်းကို အဖန်တလဲလဲရှုခြင်း၌။ ပညာ၊ ပညာသည်။ ဥဒယဗ္ဗယာနုပဿနေ၊ ဖြစ်ခြင်းပျက်ခြင်းတို့ကို အဖန်တလဲလဲရှုခြင်း၌။ ဉာဏံ၊ဉာဏ်မည်၏။ ဇာတံ၊ဖြစ်ဆဲဖြစ်သော ။ ရူပံ၊သည်။ ပစ္စုပ္ပန္နံ၊ မည်၏။ တဿ၊ ထိုပစ္စုပ္ပန်ဖြစ်သော ရုပ်၏။ နိဗ္ဗတ္တိလက္ခဏံ၊ ဖြစ်ခြင်းသဘောလက္ခဏာသည်။ ဥဒယော၊ ဥဒယမည်၏။ဝိပရိဏာမလက္ခဏံ၊ ဖောက်ပြန်ပျက်စီးခြင်းသဘောလက္ခဏာသည်။ ဝယော၊ မည်၏။ အနုပဿနာ၊ အဖန်တလဲလဲရှုခြင်းသည်။ ဉာဏံ၊ မည်၏။ ဇာတာ၊ ဖြစ်ဆဲဖြစ်သော။ ဝေဒနာ၊ ဝေဒနာသည်။ပ။ သညာ၊ သည်။ သင်္ခါရာ၊ တို့သည်။ ဝိညာဏံ၊ သည်။ ဇာတံ၊သော။ စက္ခုံ၊ သည်။ပ။ ဇာတော၊ သော။ ဘဝေါ၊ သည်။ ပစ္စုပ္ပန္နော၊ မည်၏။ တဿ၊ ထိုပစ္စုပ္ပန်ဖြစ်သော ဘဝ၏။ နိဗ္ဗတ္တိ-လက္ခဏံ၊ သည်။ ဥဒယော၊ မည်၏။ ဝိပရိဏာမလက္ခဏံ၊ သည်။ဝယော၊ မည်၏။ အနုပဿနာ၊ သည်။ ဉာဏံ၊ မည်၏။)

ဣတိ အယံ၊ ကား။ ပါဠိ၊တည်း။ပန၊ ဆက် .. အံ့။ ဧတ္ထ၊ ဤအရာ၌။ ဥဒယ-ဒဿနံ၊ ဖြစ်ခြင်းကိုရှုခြင်းသည်။ ယာဝဒေဝ၊ လွန်စွာသာလျှင်။ ခယဒဿနတ္ထံ၊ ကုန်ခန်းပျက်စီးခြင်းကို ရှုခြင်းအကျိုးငှါ။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ဝယဒဿ-နဿ၊ ပျက်ခြင်းကိုရှုခြင်း၏။ ပဓာနတံ၊ ပြဌာန်းသည်၏အဖြစ်ကို။ ဒဿေတုံ၊ငှါ။ **ဝိပရိဏာမာနုပဿနေ ပညာတိ၊ ဟူ၍။** ဝတွာ၊ ဆို၍။ **တံ** ပန ဝယဒဿနံ၊ ထို

ပျက်ခြင်းကိုရှုခြင်းသည်ကား။ ဥဒယဒဿနပုဗ္ဗကံ၊ ဖြစ်ခြင်းကိုရှုခြင်းလျှင် ပြဋ္ဌာန်းခြင်းရှိ၏။ ဣတိ၊ ကြောင့်။ ဥဒယဗ္ဗယာနုပဿနေ ဉာဏန္တိ၊ ဟူ၍။ ဝုတ္တံ၊ ပြီ။

၁၂၆၆-ဂ။ **ပုရေ ဥပ္ပတ္တိတောတိ၊ ကား**။ ဇနနတော၊ ဖြစ်ခြင်းမှ။ ပုဗ္ဗေ၊ ရှေး၌။ အနုပ္ပန္နဿ၊ မဖြစ်သေးသောတရား၏။ ဣတိ၊ သို့။ ဝုတ္တံ ဝုတ္တော၊သည်။ ဟောတိ၊၏။ ယတော၊ အကြင်အပေါင်းအစုမှ။ အာဂစ္ဆေယျ၊ လာရာ၏။သော နိစယော ဝါ၊ တူး၍ မြေ၌မြှုပ်နှံထားအပ်သော ထိုအပေါင်းသည်လည်းကောင်း (ပဋိသမ္ဘိဒါမဂ်ဂဏ္ဌိပုဒ်အဖွင့်နှင့်အညီ အနက်တည်း)။ သော ရာသိ ဝါ၊ ထိုအစုသည်လည်းကောင်း။ နတ္ထိ၊ မရှိ။ ကသ္မာ၊ မူကား။ ဥပ္ပဇ္ဇမာနာနံ၊ ဖြစ်ဆဲဖြစ်ကုန်သောတရားတို့၏။ အလဒ္ဓတ္တဘာဝဿ၊ မရအပ် မဆိုအပ်သော သဘောရှိသော အဖြစ်၏။ သဗ္ဗေန သဗ္ဗံ၊ အချင်းခပ်သိမ်း။ အဝိဇ္ဇမာနတ္တာ၊ ထင်ရှားမရှိသည်၏ အဖြစ်ကြောင့်တည်း။ တေန၊ ကြောင့်။ တထာ ဥပ္ပဇ္ဇတောတိအာဒိ၊ ကို။ အာဟ၊ ပြီ။ အနာဂတေ၊ သော။ **အဒ္ဓါနေ**၊ အစွန့်ကာလ၌။ ဣမေ ဓမ္မာ၊ ဤတရားတို့သည်။ သဗ္ဗေန သဗ္ဗံ၊ အချင်းခပ်သိမ်း။ နတ္ထိ ယထာ၊ မရှိကုန်သကဲ့သို့။ ဧဝံ တထာ၊ တူ။ အတီတေပိ အဒ္ဓါနေ၊ ၌လည်း။ နတ္ထိ၊ မရှိကုန်။ ဣတိ၊ သို့။ ဒဿေန္တော၊ ပြတော်မူလိုသော အရှင်ဗုဒ္ဓဒတ္တဆရာသည်။ **တထာ နိရုဇ္ဈမာန-ဿာတိအာဒိ**၊ ကို။ ဝတွာ၊ ဆို၍။ အဝိဇ္ဇမာနာနံယေဝ၊ ထင်ရှားမရှိသည်သာလျှင်ဖြစ်ကုန်**သော**။ ရူပါ ရူပဓမ္မာနံ၊ ရုပ်နာမ်တရားတို့၏။ ဟေတုပစ္စယသမဝါ-ယေ၊ ဟေတုပစ္စည်းတို့၏ ပေါင်းဆုံညီညွတ်ခြင်းသည်။ သတိ၊ ရှိသော်။ ဥပ္ပါဒေါ စ၊ ဖြစ်ခြင်းသည်လည်းကောင်း။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်ပြီး၍။ သဗ္ဗတော၊ အချင်းခပ်သိမ်း။ အဘာဝူပဂမော စ၊ **ထင်ရှားမရှိခြင်းသို့**၊ ဝါ၊ ပျက်စီးခြင်းသို့ ကပ်ရောက်ခြင်းသည်လည်း**ကောင်း**။ ဟောတိ၊ ၏။ ဣတိ၊ **သို့**။ **သမုဒါယဂတံ**၊ အပေါင်းအားဖြင့်ဖြစ်သော။ ဣမံ အတ္ထံ၊ ဤအနက်ကို။ တဒေကဒေသဘူတာ-ယ၊ ထိုအပေါင်း၏ **အစိတ်ဖြစ်၍ဖြစ်သော**။ **ဥပမာယ**၊ ဖြင့်။ ဝိဘာဝေတုံ၊ ငှါ။ ဣမဿ္မိံ ဌာနေ၊ ဤအရာ၌။ အင်္ဂကထာယ၊ မဟာအင်္ဂကထာ၌။ ဝီဏူပမာ၊ စောင်းတယောဥပမာသည်။ အာဂတာ၊ လာ၏။ သာ၊ ထိုဝီဏူပမာကို။ဣဓာပိ၊ ဤအဘိဓမ္မာဝတာရကျမ်း၌လည်း။ အာဟရိတွာ၊ ထုတ်ဆောင်၍။ ဝတ္တဗ္ဗာ၊ ဆိုအပ်ဆိုသင့်၏။ ဣတိ အဓိပ္ပါယေန၊ ဤသို့သော အလိုအဓိပ္ပါယ်ဖြင့်။ **တေ ဝီဏူပမာတိအာဒိ**၊ ကို။ အာဟ၊ ပြီ။

**တေသတ္တဿာတိ၊ ကား**။ အဝိဇ္ဇမာနာနံယေဝ၊ ထင်ရှားမရှိသောတရားတို့၏ သာလျှင်။ ဥပ္ပါဒေါ စ၊ ဖြစ်ခြင်းသည်လည်းကောင်း။ဥပ္ပန္နာနံ၊ ဖြစ်ကုန်ပြီး**သော** တရားတို့၏။ ပရတော၊ နောက်၌။ အဘာဝေါ စ၊ ထင်ရှားမရှိခြင်း ပျက်စီးခြင်း **သည်လည်းကောင်း**။ ဟောတိ၊၏။ ဣတိ ဣမဿ အတ္ထဿ၊ ဤအကြောင်းအနက်

